
တက္ကသိုလ်ဘုန်းနိုင်
လွမ်းတေးမဆုံးစေနှင့်တေးသခင်

## ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ✻ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ✻ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဖြစ်ပေါ်လာရေး။
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✻ ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ✻ မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
- ✻

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၁၄၃၆ / ၂၀၀၄ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၆၆၀၅၀၄
❒
ပုံနှိပ်ခြင်း
ပထမအကြိမ် - ၁၉၆၅ ခုနှစ်
ဒုတိယအကြိမ် - ၁၉၆၇ ခုနှစ်
တတိယအကြိမ် - ၁၉၆၉ ခုနှစ်
စတုတ္ထအကြိမ် - ၁၉၇၁ ခုနှစ်
ပဥ္စမအကြိမ် - ၁၉၇၅ ခုနှစ်
ဆဋ္ဌမအကြိမ် - ၁၉၉၃ ခုနှစ်
သတ္တမကြိမ် - ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ
အုပ်ရေ - (၅၀၀)
❒
မျက်နှာဖုံးပုံနှိပ်သူ
ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်၊
၆၉/ခ၊ (၁၁)လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။
❒
အတွင်းပုံနှိပ်သူ
သင်းလဲ့ဝင်းပုံနှိပ်တိုက်
အမှတ် (၁)၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
❒
ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလမြို့ (၃)
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။
❒
မျက်နှာဖုံးပန်းချီ
မြင့်မောင်ကျော်
❒

**စကားသစ္စာ**
**မှန်သောခါဝယ်**
**ဩဇာလေးနက်**
**ပေါ်ဆီတက်၍**
**နွယ်မြက်သစ်ပင်**
**ဆေးဖက်ဝင်၏။**
**ရှင်မဟာသီလဝံသ**

## သစ္စာ

ငါ့စာဖတ်၍၊ မမြတ်တိုင်စေ၊
မရှုံးစေသား၊ ပျင်းပြေနှစ်ခြိုက်၊
တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်တစ်လေ၊
တွေ့ကြားပေးမှု၊ စာပေကျေးကျွန်၊
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်
ငါအတတ်ဟု၊ စာဖတ်သူပေါ်၊
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ၊
မလုပ်ပါတည်း။ ။
တက္ကသိုလ်ဘုန်းနိုင်

# စာရေးသူ၏အမှာစာ

ကျွန်တော်သည် ၁၉၅၈ ခုနှစ် မတ်လတွင် မြဝတီမဂ္ဂဇင်းကြီး၌ ပါခဲ့သော ““မုန်းရစ်လေဦး””မှ အစပြု၍ လူမှုရေး၊ နိုင်ငံရေး၊ တွေးခေါ်မြော်မြင်မှု သဘောတရားတို့နှင့် တစ်နည်းမဟုတ် တစ်နည်း ဆက်စပ်သော ဝတ္ထုများကိုသာ ရေးခဲ့သည်။

စာဖတ်ပရိသတ် တော်တော်များများက ““နှင်းရက်ကြွေစော””နှင့်““လွမ်း”” တို့ကဲ့သို့သော မေတ္တာဘွဲ့သက်သက် ရေးပေးပါဦးဟု တိုက်တွန်းလာကြသည်။

ကျွန်တော်၏ တပည့်ရင်းဖြစ်သူ မန္တလေး ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ သဘာဝတ္ထုဗေဒဌာန ဆရာဦးအေးကိုက … ““ဆရာရေ လေးနက်တဲ့ တွေးခေါ်မြော်မြင်မှုတွေနဲ့ ခက်ထရော်တဲ့ ဘဝပိုင်းတွေကိုချည်း ရေးတော့မလို့လား၊ ရေးတဲ့အခါလည်း ရေးတာပေါ့၊ ဒါပေမယ့် နှလုံးသားရဲ့ သမုဒယသစ္စာအကြောင်းတွေလည်း ကျွန်တော်တို့ ဖတ်ချင်နေကြပါတယ်”” ဟု စာရေးတိုက်တွန်းသည်။

ကျွန်တော်၏ ကျေးဇူးရှင်ဆရာတစ်ဦးဖြစ်သူ ဆရာဇော်ဂျီကမူ ပညာအရည်အချင်း၊ အသက်အရွယ်၊ ရာထူးအဆင့်အတန်းရောက်သင့်သမျှ ရောက်နေပြီဖြစ်သောကြောင့် အနုအလှ သမုဒယတွေနှင့်ချည်း အချိန်မကုန်စေဘဲ ကမ္ဘာ့အမွေ ဂန္ထဝင်စာကြီးပေကြီးတို့အား မြန်မာပြည်သူတို့ လက်အရောက် ပို့ပေးရေးကို အာရုံပြုရန် သတိပေးဆုံးမ၏။ ဆရာ့ဆုံးမစကားသည် ကျွန်တော့်နား၌ ဝင်သည်။ အသက်အရွယ်၊ အတွေ့အကြုံ၊ အလုပ်ဝတ္တရားတို့ကလည်း ဆရာ့ဘက်မှကူ၍ ကျွန်တော့်ကို ပြောပေးနေကြ၏။

ဤကြားထဲက "လွမ်းတေးမဆုံးစေနှင့် စောသခင်"ကို ရေးဖြစ်အောင် ရေးမိသည်။

အမှန်မှာ ၃၅ နှစ်ဟူသော အသက်အရွယ်သည် လူငယ်ပိုင်းမှ လူကြီးပိုင်းသို့ ကူးဝင်သောအရွယ်ဖြစ်၏။ တစ်နည်းအားဖြင့် ဆောင်းနှင့်နွေအကူးတည်း။

"ကမ္ဘာကုန် ကျယ်သရွေ့ဝယ်" သီချင်းတွင် ကျွန်တော် ရေးစပ်ခဲ့မိသည့်အတိုင်း။ "တစ်ပိုင်းပြည်လွင့် နွေအဖွင့်သို့"ဟု ညည်းရမည်ရှိနေ၏။ ဂိမာန်ခါတွင်းဖြစ်သော်လည်း ဆောင်းရိပ်သို့ ကြွင်းနေဆဲပင် တကား။

နွေဝယ်ဆောင်းပမာ မြူနှင်းလေးတွေ ဝေဝေစီသာ ရှမ်းပြည်နယ်ကို နောက်ခံထား၍ ဤ "လွမ်းတေးမဆုံးစေနှင့် စောသခင်"ဝတ္ထုကြီးကို ရေးလိုက်မိပေပြီ။

တောင့်တကြသော ဆောင်းအလှပမာ သမုဒယဘွဲ့ တေးတစ်လွှာဖြစ်ပါ၏။

သို့ရာတွင် ဂိမာန်အခါ ဖြစ်သဖြင့် ရော်ရွက်ကြွေသံစည်းနရီ ဖြစ်နေခဲ့ပါသော်၊ နွေကန္တာဦး၌လည်း သူ့အပွင့်၊ သူ့အဖူးကြောင့် သူ့နည်းနှင့်သူ ကြည်နူးဖွယ် ရှိလေသည်ဟု ခံစားသိနိုင်ကြပါစေသတည်း။

မေတ္တာရည်၍
တက္ကသိုလ်ဘုန်းနိုင်

# အပိုင်း တစ်

## ဤလူ့ဘုံ အဏ္ဏဝါဝဲတွင်

၁။ သွေးသစ္စာနှင့် ချစ်မေတ္တာ
၂။ ဘုံမာယာဇာချဲ့
၃။ ကြမ္မာဒဿသည်
၄။ စောသခင်
၅။ တညတာ–အိပ်မက်
၆။ လွမ်းမကုန်ရုံသာ

## ၁။ သွေးသစ္စာနှင့် ချစ်မေတ္တာ

၁၉၃၁ ခုနှစ် ဆောင်းကုန်နွေကူးစ တပေါင်းလအခါ ဖြစ်သည်။

သာယာဝတီနယ်မှ စတင် ပေါက်ကွဲခဲ့သော မျိုးချစ် လယ်သမားသူပုန်ကြီးသည် မြန်မာပြည် အရပ်ရပ်သို့ ကူးစက်ပွားနံ့လျက် ကိုလိုနီနယ်ချဲ့ တော်လှန်ရေး သမိုင်း ကဏ္ဍသစ်တစ်ရပ်ကို သွေးနှင့်ဓားတို့ဖြင့် မော်ကွန်းတင် ဖွင့်လှစ်ဆဲတည်း။

နိုင်ငံ၏ ခေါ်သံကြောင့် ဇာတိမာန် ရှိသူတိုင်း ဓား အဖွေးဖွေး ရဲသွေး အညီညီနှင့် ကိုယ်စီထကြရာ၌ ပြည်မသားတို့တွင်မက ၁၈၈၅ ခု ပါတော်မူ အရေးတော်ပုံမှစလျက် ဗြိတိသျှဆန့်ကျင်ရေး သမိုင်းအစဉ်အလာရှိခဲ့သော ရှမ်းပြည်နယ် မြေမြင့်သား နောင်ညီဖွားတို့လည်း ပါကြသည်။

သို့ရာတွင် ဇာတိမာန်နှင့်ဓားသာ အားကိုးရာရှိသော ပြည်မသား လယ်သမားကြီးတို့ ဗြိတိသျှကြေးစား စစ်သားတို့၏ စစ်သေနတ်ကျည်ဆန်ဖျား၌ တဖွားဖွား ကျဆုံးလျက် ပပ်ကြားအက်သော လယ်မြေပြင်ဝယ် မျက်ရည်နှင့် သွေးတို့ ဖုံးလွှမ်းကျန်ရစ်သည့်နည်းတူ ရှမ်းမြေမြင့်ဝယ် မျိုးချစ်အများတို့ သစ်ယာ မိုးမခယော်ရွက်တို့နှင့် တစ်ပြိုက်နက် မြေဝယ် ဖွဲဖွဲကြွေသက် ကျဆုံးနေလေသည်တကား။

ဤသို့လျှင် ကြုံးဝါးသံ၊ ငိုညည်းသံ၊ သေနတ်သံတို့နှင့် ပွက်ပွက်လျှံချိန်ဝယ်၊ မြောက်ပိုင်းသိန္နီနယ်၏ တောင်တို့လျှင် မှိုင်းလျက် တောတိုင်းလျှင် ရွက်ဝါကြွေလေသော ပတ်ဝန်းကျင်၌ မထင်ရှားလေသော တောရပ် တဲအိမ်ငယ်သည် ဆိတ်ငြိမ်စွာ ရပ်တည်နေသည်။

ညဖြစ်သဖြင့် လရောင်သည် မှုန်ရီမှုန်ပျ အေးချမ်းစွာ ကျရောက်နေသည်။ မြူရိပ်ဆင်၍ နွေညမှာ ပို၍ ဝေဝေဝါးဝါးနိုင်၏။

“ရွက်ဝါကြွေ … နွေမူး … မူး… ရာသီခါမှီလာသာခေါင်၊
မြလွှာမှောင်တိမ် ခိုးမြူး၊ ရွှေဖီဦး … ပေါ်ရော့မည်လေ … လေ့၊
မေ့ရက်ကယ် … နေနိုင်တယ်”

တဲအိမ်တွင်းမှ စောင်းသံနှင့်အတူ ဆွေးဆွေးမြည့်မြည့် မတိုးမကျယ် သီဆိုလေသော မိန်းမသံ တစ်သံသည် သာယာစွာ ထွက်ပေါ်နေ၏။

တဲအိမ်အတွင်း ဝါးကြမ်းခင်း အဆင့်မြင့်ထက် ချောမောမွန်ရည်သမျှ ခံ့ညား တည်ကြည်လေသော အသက်သုံးဆယ်ခန့် မိန်းမသားတစ်ဦးသည် မှန်စီရွှေချ စောင်းတစ်လက်ကို အသာအယာတီးခတ်ရင်း တေးကို ခပ်ညည်းညည်း ဆိုနေ၏။ မလှမ်းမကမ်းတွင် အသက်အစိတ်ခန့် နှုတ်ခမ်းမွေးရေးရေးနှင့် ရှမ်းယောကျ်ားတစ်ဦးသည် အခါလည်သားခန့် ကလေးငယ်တစ်ဦးအား ရင်ဝယ် ပိုက်ရင်း တေးနှင့်ဂီတကို နားစိုက်ထောင်နေ၏။ မိန်းမရွယ်သည် ယောကျ်ား နှင့် ကလေးငယ်အား တစ်ချက်လှမ်းကြည့်ပြီး စောင်းတီးကို ရပ်လျက် မေးသည်။

“သားတော်မောင် စက်ပျော်ပြီလား၊ ခွန်မှိုင်းငယ်”

ခွန်မှိုင်းဆိုသူက ဤအခါကျမှ…

“ရင်သွေးတော် အိပ်ပျော်တာ အတန်ကြာပါပြီ၊ သခင်မ တေးသံမှာ ကျွန်တော်မျိုး မိန်းမောမိလို့ သတိမပေးမိပါ”ဟု ရိုသေစွာ စကားပြန်သည်။

မိန်းမရွယ်သည် ဘာမျှ ဆက်မပြောတော့ဘဲ စောင်းကိုချလျက် မလှမ်း မကမ်းရှိ ပုခက်ဆီထသွားကာ ကလေးအိပ်ရန် နေရာပြင်ဆင်သည်။ မိန်းမရွယ်ထံမှ အချက်ပြသည်ကိုမြင်ရမှ ခွန်မှိုင်းသည် ကလေးအား ပွေ့ယူလာ၍ ညင်သာစွာဖြင့် ပုခက်တွင်း၌ ချသိပ်သည်။

ခွန်မှိုင်းသည် ပုခက်ကို အရှိန်ရအောင် လွှဲယမ်းနေခိုက် မိန်းမရွယ်သည် တဲအိမ်ပြတင်းဝ၌ မှီရပ်လျက် အပြင်ဘက်သို့ ငေးကြည့်နေ၏။

အပြင်ဘက်တောင်တန်းတို့၌ ရွက်ဝါကြွေနေလေသည်ကို လရောင်၌ ဝါးဝါးမြင်နိုင်၏။ တောင်တန်းများမှာ မြူလွှမ်း၍ ပြာရီမှောင်နေ၏။

မိန်းမရွယ်၏ ချောမောသော မျက်နှာဝယ် စိတ်မချမ်းမြေ့မှုမှာ ပေါ်လွင် နေသည်။ သို့ရာတွင် အားငယ်ညှိုးနွမ်းသော အသွင်မူ မဟုတ်။ မနှစ်သက်လှသော ဖြစ်လာသမျှအား တည်ငြိမ်စွာ ခံယူထားသည့် ဣန္ဒြေရှင်တစ်ဦး၏ မရွှင်ပျမှု သာတည်း။

www.foreverspace.com.mm

ခွန်မှိုင်းသည် အိပ်ပျော်နေသော ကလေးငယ်၏ ဖြူစင်သန့်ရှင်းသော မျက်နှာကို တစ်ချက်၊ သူ့သခင်မဆီတစ်ချက် ကြည့်လိုက်ပြီး သက်ပြင်းတစ်ချက်ကို မသိမသာ ချသည်။ ထို့နောက် သူ့သခင်မနှင့် မလှမ်းမကမ်း၌ လာ၍ ရပ်၏။ မိန်းမရွယ်ကသာ မိမိကိုယ်ကို ပြောသကဲ့သို့ တိုးတိုးညည်းသည်။

"တစ်လကျော်သွားပြီ"

ခွန်မှိုင်းသည် မည်သို့မျှမဖြေ။ မျက်နှာ၌လည်း မည်သည့် လှုပ်ရှားမှုကိုမျှ မပြ။ သူ့အနေနှင့်သခင်မ ဘာဆိုလိုသည်ကို နားလည်၏။ ဘာမျှ ပြန်ဖြေစရာ မရှိသည်ကိုလည်း သိ၏။ သူ့ရင်၌ ခံစားမှုတို့သည် ရှိသည်။ သို့ရာတွင် သူသည် ခံစားမှုကို ပြရမည့်သူမဟုတ်၊ ပြတတ်သူလည်း မဟုတ်ခဲ့။ ထို့ကြောင့် သူသည် မည်သို့မျှ လှုပ်ရှားမှုမရှိသော မျက်နှာနှင့် တည်ငြိမ်စွာသာ ရပ်နေ၏။

တဲအိမ်တွင်း၌ လက်ဆွဲ ရေနံဆီ မီးအိမ်တစ်လုံးသာ ရှိသဖြင့် မလင်းလှသော်လည်း အပြင်မှ လရောင်ကြောင့် မမှောင်လွန်းလှ။

ခွန်မှိုင်း ငြိမ်နေခိုက် မိန်းမရွယ်က ခွန်မှိုင်းဘက်သို့ လှည့်၍မေးသည်။

"တစ်လကျော်သွားပြီ ခွန်မှိုင်းရယ် မင်း ဘာသတင်းမှ မရဘူးလား"

ခွန်မှိုင်း၏ နှုတ်ခမ်းများသည် မသိမသာ လှုပ်ရှားသွားသည်။ သို့သော် မည်သည့်စကားမှ ပေါ်ထွက်မလာ။ ကိုယ်ရော မျက်နှာမှာ ကျောက်ရုပ်ကဲ့သို့ ဆက်ငြိမ်နေ၏။

မိန်းမရွယ်က သက်ပြင်းတစ်ချက်နှင့်အတူ မဲ့ပြုံးလေးပြုံး၍ ခွန်မှိုင်းနားသို့ ကပ်လာသည်။

"မင်းမှာ ပြောစရာတွေရှိပါတယ် ခွန်မှိုင်းရယ်၊ မင်းနှုတ် ဘယ်လောက် ပိတ်ထား ပိတ်ထား၊ မင်းရင်ထဲမှာ ဘာတွေရှိတယ်ဆိုတာ သခင်မ သိတယ်"

ခွန်မှိုင်းသည် ယခုအချိန်အထိ မလှုပ်လာသေး၊ မိန်းမရွယ်ကသာ ခွန်မှိုင်းအား စေ့စေ့တစ်ချက် ကြည့်လိုက်ပြီးနောက် အသာအယာ လက်ခုပ်သုံးချက် တီးလိုက်၏။ မရှေးမနှောင်းပင် မီးဖိုချောင်ဘက်မှ အသက် ၂၀ ခန့် ရှမ်းမိန်းမပျိုတစ်ဦး ကိုယ်ကို ယို့လျက် ဝင်လာသည်။

မိန်းမရွယ်ကသာ ဆက်ပြော၏။

"မင်း မပြောပေမဲ့ နန်းသီတာက မီးဖိုဘေး နေရာက နားတွေ မျက်စိတွေရှိတယ် ခွန်မှိုင်းရယ် သိရဲ့လား။ ကဲ နန်းသီတာ"

မိန်းမရွယ်က နန်းသီတာခေါ် ရှမ်းမလေးအားကြည့်၍ အဓိပ္ပာယ်ပါပါနှင့်

ပြောလိုက်သဖြင့် နန်းသီတာသည် သခင်မအား တစ်ချက်လှမ်းကြည့်ပြီး ခွန်မှိုင်းအားလည်း မျက်လွှာပင့်၍ ကြည့်ပြန်သည်။

ဤအခါမှ ခွန်မှိုင်းသည် လှုပ်ရှားလာသည်။ သူ့အသွင်၌ နန်းသီတာ အပေါ် မကျေနပ်သည့်ဟန်လည်း ပေါ်နေ၏။ မထူးတော့ဟု ဆုံးဖြတ်ဟန်နှင့် စကားစပြောသည်။

"ကျွန်တော်မျိုးမှာ လျှောက်တင်စရာတွေ ရှိပါတယ်၊ ဒါပေမယ့် သခင်မ စိတ်မချမ်းသာမည်ကို စိုးရွံ့သူ ငယ်ကျွန်ဖြစ်ပါတယ်"

"ဒီ့ထက် ထူးပြီးများ စိတ်မချမ်းသာစရာ လိုသေးလား ခွန်မှိုင်းငယ်"

ခွန်မှိုင်းက မဖြေ။

"ကဲ…ဆိုစမ်းပါဦး"

"နှစ်ပတ်ကျော်က သိန္နီအလွန်မှာ တိုက်ပွဲ ဖြစ်ပါတယ်။ သခင်စောမွန် ဖဘက်က ကုလားမြင်းတပ်တွေပါ ရောက်လာကူတိုက်လို့ တော်ကြီးဖုရား ကစဉ့်ကလျား ဆုတ်ရကြောင်းပါ၊ ဒါပေမဲ့" ခွန်မှိုင်း၏စကားမှာပြတ်သွားသည်။

"ဒါပေမယ့် ဘာဖြစ်သလဲ ခွန်မှိုင်း"

"ဒါပေမယ့် တော်ကြီးဖုရားရဲ့ တပ်တော်တွေ လက်ချက်နဲ့ ကျည်သင့်ပြီး သခင်စောမွန်ဖ ကျဆုံး"

ခွန်မှိုင်းမှာ စကားမဆုံးလိုက်ရ မိန်းမရွယ်သည်…

"အို…မတ်တော်မောင်ကျဆုံးပြီ"ဟု လွှတ်ခနဲအော်လိုက်တာ စကားကို မကြားဝံ့သကဲ့သို့ လက်နှစ်ဖက်ဖြင့် နားများကို ပိတ်ထားသည်။ နားကို ပိတ်ထားလိုက်သော်လည်း မကြားလိုသော စကားမှာ အသိဉာဏ်၌ မှတ်ထင်ပြီး ဖြစ်သဖြင့် ရင်နှလုံးမှာ မချမ်းသာတော့၊ မိန်းမရွယ်သည် ဘာမျှဆက်မမေးသေးဘဲ စိတ်ကို ထိန်းချုပ်လိုဟန်ဖြင့် ပြတင်းပေါက်ဆီ ပြန်ကပ်သွားကာ အဝေးသို့ ငေးမျှော်ကြည့်နေသည်။

ခွန်မှိုင်းက နန်းသီတာနားသို့ ကပ်သွားကာ လေသံအုပ်၍-

"သီတာ နင် မဟာဒေဝီသခင်မကို ဘာတွေလျှောက်တင်ထားသလဲ"ဟု ကြိမ်းဟန်မေးသည်။ နန်းသီတာက ပြူးကျယ်သောမျက်လုံးများကိုပင့်၍ ခွန်မှိုင်း အား စိုးရွံ့စွာမော့ကြည့်၏။ မည်သို့မျှမဖြေ။ မျက်လွှာကိုပြန်ချကာ အရှိန်သေနေ ပြီဖြစ်သော ကလေးပုခက်အားသာ ဆက်လွှဲနေ၏။

ခွန်မှိုင်းသည် မဟာဒေဝီ၏အပါးသို့ ချဉ်းကပ်သွားသည်။ ထို့နောက်

လေသံနှိမ့်၍ တောင်းပန်စကား ဆိုသည်။

"သခင်မ ခုလိုစိတ်မချမ်းမသာ ဖြစ်မှာစိုးလို့ ကျွန်တော်မျိုး ထိမ်ဝှက်ခဲ့ရပါတယ်၊ ခွင့်လွှတ်တော်မူပါ"

မဟာဒေဝီသည် သစ္စာရှိ ကျွန်ယုံတော်ဘက်သို့ ပြန်လှည့်လိုက်၏။ မျက်နှာမှာပြန်လည် တည်ငြိမ်နေရုံမက နာကြည်းမှုပြုံးရိပ်သည် ပေါ်လွင်နေ၏။

"မင်း တော်တယ် ခွန်မှိုင်းငယ်၊ သခင်မ ခွင့်လွှတ်တယ်၊ ဒါပေမယ့် ဆက်ပြောစရာရှိတာ ပြောပေဦး မထူးတော့ပြီ…"

ခွန်မှိုင်းမှာ တစ်ကြိမ် ဆတ်ဆိုင်းသွားပြန်၏။ နောက်မှ စိတ်တုံးတုံးချပြီး တုန်လှုပ်မှု မရှိသော လေသံနှင့် စကားဆက်ပြောသည်။

"တော်ကြီးဖုရားဟာ အချိန်မရွေး ဒီနေရာ ပြန်ရောက်လာပြီး တရုတ်ပြည်တွင်းကို တိမ်းရှောင်ခိုလှုံဖို့ အစီအစဉ်ရှိပါတယ်။ ဒါကြောင့်လဲ နန်းသီတာကို ပြင်ဆင် သိမ်းဆည်းသင့်သည်ကို ပြင်ဆင် သိမ်းဆည်းရအောင် အရိပ်အမြွက် ကျွန်တော်မျိုး ပြောပြခဲ့ရပါတယ်"

"မောင်တော် ဒီကို အချိန်မရွေး ပြန်ကြွလာမယ်၊ ဒါကို စောစောက ဘာလို့ မတင်သလဲ ခွန်မှိုင်းရယ်"

ခွန်မှိုင်းမှာ ငိုင်သွားပြန်သည်။ ခဏကြာမှ မျက်လွှာအောက်ချလျက် ဖြေသည်။

"တော်ကြီးဖုရား ကြွလာမယ်ဆိုပြီးမှ မပေါ်လာရင် သခင်မ သို့လော သို့လော တွေးပြီး စိုးရိမ် ကြောင့်ကြမှာစိုးလို့ ဖြစ်ပါတယ်"

မဟာဒေဝီမှာ ခေတ္တငြိမ်ကျသွား၏။ ခွန်မှိုင်း၏စေတနာမှာ သဘာဝကျသည်။ စစ်ထွက်ယောကျ်ားမည်သည် အစိုးမရသော ဘဝရှိမှန်း မဟာဒေဝီ သိသည်။ သေမင်းသည် တောင်ရိပ်တိုင်း၊ တောစွယ်တိုင်း၊ လျှိုကြွေ့တိုင်း စောင့်မျှော်နေချိန်တွင် ပြန်လမ်းထက် မပြန်လမ်းသည် ပို၍ နီးစပ်လှလေသည် တကား။

မဟာဒေဝီသည် သက်ပြင်းကိုရှိုက်လိုက်၏။ သို့ရာတွင် စကားပြန်ပြောချိန်မရလိုက်၊ အကြောင်းမှ အဝေးရပ်မှ ကဆုန်စိုင်း မောင်းနှင်လာသော မြင်းခွာသံများသည် ရွက်ဝါကြွေသံများကို လွှမ်း၍ ထွက်ပေါ်လာသောကြောင့် တည်း။

မဟာဒေဝီသည် တဲအိမ်ရှေ့သို့ အပြေးအလွှားထွက်လာခဲ့သည်။ ခွန်မှိုင်း

မှာလည်း အိမ်တစ်ထောင့်မှ သေနတ်တစ်လက်ကို ဆွဲယူကာ သူ့သခင်မနောက်သို့ ပြေးလိုက်ခဲ့သည်။

မြင်းစီးသမားတစ်သိုက်က အိမ်ဆီဦးတည်ကာ ဒလကြမ်း စိုင်းနှင်လာသည်။

တပ်ဦးမှပုဂ္ဂိုလ်ကို မြင်သည်နှင့် တစ်ပြိုင်နက် မဟာဒေဝီသည် ခြံဝင်းဝဆီ ကလေးငယ်ပမာ ပြေးထွက်လာသည်။ နောက်ပါးမှမကွာ ပါလာသော ခွန်မှိုင်းသည် မလှမ်းမကမ်းမှ ဒူးထောက် အရိုအသေပေးရင်း ချန်ရစ်သည်။

မြင်းထက်မှပုဂ္ဂိုလ်သည် မြေထက်သို့ လွှားခနဲ ခုန်ဆင်းလိုက်သည်။ မျက်နှာသွင်ပြင်မှာ ခံ့ညားသမျှ ခါးမှတွဲကျနေသော ဓားရှည်ကြီးမှာလည်း ဝင့်ဝါလှ၏။

သူသည် ငယ်သားများကိုပင် အမှတ်မရတော့ဘဲ မဟာဒေဝီ၏ကိုယ်လေးအား ခံမင်ယုယစွာ ဆွဲယူပွေ့ငင်သည်။ ခဏကြာမှ ကြွေနွဲဆည်ကာ···

“သားတော်မောင်ကော”ဟု မေးသည်။

“သားတော် စက်ပျော်နေပါတယ် မောင်တော်”

သူသည် ဘာမျှမပြောတော့ဘဲ မဟာဒေဝီ၏ခါးလေးကိုဖက်ကာ အိမ်တွင်းသို့ ဝင်လာခဲ့သည်။ ဆယ်ဦးခန့်သော မြင်းစီးသူရဲတို့က ဝင်မလိုက်ဘဲ အပြင်ဘက်တွင်သာ နေရာအဆင်သင့်ယူရင်း စောင့်ဆိုင်းကျန်ရစ်၏။

စော်ဘွားကြီးသည် ပုခက်တွင်း အိပ်ပျော်နေသော ကလေးငယ်အား အငမ်းမရ နမ်းရှိုက်လိုက်သည်။ ဘာမျှနားလည်ပုံ မရသော ရင်သွေးငယ်မှာ အနည်းငယ် လူးလွန့်ပြီး ဆက်လက်အိပ်မောကျနေသည်။

သားနှင့်ဖခင်အား ဘေးမှကြည်နူးကြေကွဲကြည့်နေသော မဟာဒေဝီ၏ မျက်လုံးများသည် မောင်တော်၏ ဘယ်လက်မောင်းဆီ ရောက်သွားသည်။ လက်မောင်း၌ ပတ်တီးစည်းလျက် သွေးစသွေးနများကို မြင်ရသည်။

“အလို···မောင်ဖုရားလက် ဒဏ်ရာကြီးနဲ့”

စော်ဘွားသည် အားပေးပြုံးပြုံးလျက် မဟာဒေဝီ၏ လက်ကိုဆွဲကာ ကွပ်ပျစ်တစ်ခုဆီ ထွက်လာသည်။ ထို့နောက် အသံကိုမြှင့်၍ “ခွန်မှိုင်း”ဟု ခေါ်သည်။ ထူးသံနှင့်အတူ ခွန်မှိုင်းမှာ ပေါ်လာခဲ့၏။

“သွား···ခွန်မှိုင်း၊ နမတော် အတွက်ကော သားတော်အတွက်ကော၊ ပြီးတော့ မင်းနဲ့သီတာ့အတွက်ပါ မြင်းတွေ၊ လားတွေပြင်၊ လှည်းမဆင်နဲ့တော့၊

www.foreverspace.com.mm

အချိန်မရဘူး၊ တစ်နာရီအတွင်း ဒီက ထွက်ရမယ်"

ဒွန်မှိုင်းမှာ မဆိုင်းမတွ စကားဆုံးသည်နှင့်တစ်ပြိုင်နက် အိမ်နောက်ဘက်သို့ သွက်လက်စွာ ထွက်ခွာသွားသည်။

စော်ဘွားကြီးသည် သူ၏ ဒဏ်ရာရနေသော လက်မောင်းများကို တယုတယပွတ်ပေးနေသည့် မဟာဒေဝီ၏လက်ကလေးများကို အသာအယာ ဆွဲယူလိုက်သည်။ သူရဲကောင်း ရင့်မကြီးဖြစ်၍ တင်းဆည်ဖွတ်ပြုံးနေသော်လည်း သူ့မျက်လုံးများမှာ ယူကျုံးမရ ဖြစ်မှုသည် မဖုံးကွယ်သာအောင် ပေါ်နေသည်။

"နှမတော်စောမြတ်မွန်၊ မောင်တော်တို့ အရေးတော် ရှုံးခဲ့ပြီ"

တည်ငြိမ်စွာ ပြောနေသော်လည်း စကား၏ အနက်အဓိပ္ပာယ်တွင် စိတ်ထိခိုက်မှုအပြည့် ပါနေ၏။

"အရေးတော်လည်း ရှုံးပြီ၊ ညီတော်လည်း ကျခဲ့ရပြီ"

ဤအကြိမ်တွင်မူ စောမြတ်မွန်သည် မောင်တော်၏ ပေါင်ထက်မျက်နှာအပ်ကာ တရှုပ်ရှုပ် ရှိုက်ငိုကြွေးတော့၏။

"လူဆိုတာ သေမျိုးပဲလေ၊ ယောကျ်ားဆိုတာဟာလဲ စစ်မြေမှာ သေရတာ အမြတ်ဆုံးပဲ၊ ဒါပေမယ့် ဒင်း သေရတာဟာ ပြည့်အတွက် မဟုတ်ဘဲ ဒင်းရဲ့ သခင် ခွေးကုလားဖြူတွေအတွက်မို့ ငါ့လက်နဲ့ သတ်လိုက်ရတာတောင် ငါ မကျေအောင် အသည်းနာလှတယ်၊ တောက်"

စောမြတ်မွန်သည် မျက်ရည်လည်ရွဲနှင့် သူ့မောင်တော်အား ဆတ်ခနဲ မော့ကြည့်သည်။ ကြေကွဲသော မဟာဒေဝီ၏မျက်နှာ၌ မခံချင်မှုလည်း ရောယှက်နေသည်.

"ဒီလိုတော့ မမိန့်ပါနဲ့ မောင်တော်၊ မတ်တော်မောင်ဟာ မောင်တော့်ဟော်နန်းကို မသိမ်းပိုက်လိုဘဲ သိမ်းပိုက်ထားရသလို ဒီကုလားဖြူတွေကိုလဲ မချစ်သော်လည်း အောင့်ကာနမ်းနေရသူပါ"

ငြိမ်နေသော စော်ဘွားကြီးသည် မာန်ဖီသော ကျား၏အလား လှုပ်ရှားလာသည်။ သူ၏မျက်နှာမှာ ရုတ်ခြည်းတင်းမာသွားလျက် လူမှာလည်း မတ်တတ်ရပ်ပြီး ဖြစ်နေသည်။ တုန်ယင်သော နှုတ်ခမ်း၊ ကြိတ်လျက်ရှိသော အံနှင့်ဓားရိုးပေါ် လက်တင်ရင်း မဟာဒေဝီ၏မျက်နှာအား စူးစိုက်ကြည့်လျက်ရှိသော သူ့သဏ္ဌာန်မှ ဒေါသကို အနိုင်နိုင်ချုပ်တည်းထားရဟန် ပေါ်နေ၏။ ခဏချင်းမှာပင် မျက်နှာကို လွှဲလိုက်၍ အခန်းတွင်း၌ လူးလာခေါက်တင်

www.foreverspace.com.mm

လမ်းလျှောက်နေသည်။ ထို့နောက် ရယ်သည်။ သရော်ခြင်းလော…နာကျည်းခြင်းလော ခွဲမရနိုင်ဖွယ် ခြောက်ကပ်စွာ ရယ်သည်။

"စောမွန်ဖ၊ ဟင်း…ဟင်း…ဒင်းက ဆိုတယ်၊ အားမတန်တုန်းမို့ မာန်လျှော့ရသတဲ့၊ ဟုတ်စ၊ အခွင့်မသာခိုက်မို့ ရာဇပရိယာယ် သုံးရသတဲ့၊ ဟင်း…ဟင်း…ကျားကြီးသနားလာတဲ့အထိ၊ ဒါမှမဟုတ် အားကုန်လာတဲ့အထိ သမင်လို အမြီးကုပ်ပြီး စောင့်ရမတဲ့၊ ဟား ဟား"

စောမြတ်မွန်သည် ဒူးတုပ်လျက်မှ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း မာန်ဖီနေသော မောင်တော်အား ဆွေးမြေ့စွာ လှမ်းကြည့်နေ၏။

"ဒီမှာ…ကျားကိုနိုင်ချင်ရင် ခြင်္သေ့လို ကျင့်ရသတဲ့ကွ သိလား၊ ဒါဟာ နော်မောင့်ဝါဒ၊ ငါ့ဝါဒ"

စောနော်မောင်ကသာ ဆက်ကြိမ်းနေသည်။

"ငါ့ကို မိုက်ရူးရဲလို့ ဒင်းက ခေါ်တယ်၊ အေး ခေါ်ချင်သလိုခေါ်၊ သူ့ကျွန်မခံချင်ရင် မိုက်ရူးမရဲလို့ မဖြစ်ဘူး၊ ငါ့ပြည်အတွက်၊ ငါ့အမျိုးအတွက်၊ ငါ့ဘာသာအတွက် ငါမိုက်တယ် ရူးတယ်၊ ရဲတယ်"

နောက်ဆုံးစကားကိုမူ စောနော်မောင်သည် ကျားဟိန်းသကဲ့သို့ အော်ပြောရာ ပုခက်တွင်းမှ ကလေးငယ်သည် အဲ့ခနဲမြည်၍ လူးလွန့်လာသည်။

စောနော်မောင်မှာ ရပ်သွားသည်။ ခေတ္တ တွေကြည့်နေပြီးနောက် ပုခက်နားတွင် ဒူးထောက်ထိုင်ချလိုက်၏။ ကလေးငယ်သည် အိပ်ရာမှ မနိုးသေးဘဲလျက် မျက်လွှာလေးလှန်ကာ ကြည့်သည်။ မျက်လုံးလေးများက ပြန်မှိတ်သွားသော်လည်း သာယာသော အိပ်မက်ကလေးများကို ဆက်မက်နေသည့်ဟန် မျက်နှာလေးမှာ ပါးခွက်ကလေးများ ပေါ်သည့်အထိ ပြုံးနေ၏။

ကလေး၏နဖူးပြင်အား လက်နှင့် အသာပွတ်သပ်နေစဉ် စောနော်မောင်၏ တင်းမာသော မျက်နှာသည် တဖြည်းဖြည်း လျော့ကျလာ၏။

သူသည် နေရာမှထကာ မဟာဒေဝီအနီးတွင် ရပ်လိုက်လျက် ပိတုန်းရောင် မှောင်သောဆံကေများကို အသာပွတ်နေသည်။ ထွက်လာသော စကားသံမှာလည်း ပြန်လည် ပျော့ပျောင်းနေ၏။

"ကဲ…နှမတော်၊ ရတနာပစ္စည်းတွေ ထုပ်ပြီး အဆင်သင့် လုပ်ပေတော့၊ မောင်တော်တို့ အချိန်မရဘူး"

စောမြတ်မွန်သည် မည်သို့မျှ ပြန်မပြောတော့ဘဲ မောင်တော်အား

www.foreverspace.com.mm

ကိုယ်ယို့ အရိပ်အသေပေးလျက် အတွင်းခန်းဆီ ထွက်သွား၏။

ပျော့ပျောင်းနေပြီဖြစ်သော စောနော်မောင်၏ မျက်နှာတွင် လေးနက်သော အတွေးရိပ် ဆင်လာ၏။ အသာလျှောက်ရင်း ပြတင်းပေါက်ဆီ ကပ်လာခဲ့သည့် စောနော်မောင်၏ မျက်လုံးများမှာ စောစောကချထားသော စောင်းဆီ ရောက်သွားသည်။ သူသည် အမှတ်မထင်ဟန် စောင်းအနီးတွင်ရပ်မိလျက် လက်မှလည်း စောင်းကြိုးများကို ရည်ရွယ်ချက်မဲ့ တို့ခတ်မိရာ ကြိုးစဉ်အလိုက် သံစုံများ သာယာစွာ မြည်လာ၏။

စောနော်မောင်သည် သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်၍ ကိုယ်တစ်ခြမ်း ပေါ်သော ပြတင်းဝ၌ ငြိမ်သက်ငေးမှိုင်ရပ်နေမိသည်။

လရောင်မှာ ပိုမိုထွန်းလက်လာသမျှ တပေါင်း၏ မြူနှင်းတို့လည်း ပိုမို သိပ်သည်းခဲ့သဖြင့် ညသည် မှုန်ပြာ ရီဝေနေသည်။ သစ်ရွက်ကြွေသံတို့နှင့် အတူ ဥသြသံ သာယာသည် ထွက်ပေါ် လွင့်ပါးနေ၏။

အမှတ်မပြုမိသည်မှာ ကြာပြီဖြစ်သော သာယာအေးချမ်းသည့် သဘာဝ ညအလှကို မမျှော်လင့်ဘဲ ယခု သတိမူမိသည်။ ခဏတာမျှပင်ဖြစ်စေ၊ ဤသာ ယာသောညဝယ် အိမ်သူသက်ထား ဇနီးမယားနှင့် ကိုယ်ပွားဆကြင် သားရွှေစင် တို့ကို မြင်တွေ့ယုယနီးစပ်ရသည့်ဘဝ ရသကိုလည်း ရင်၌ ချမ်းမြမြ ခံစား ရသည်။ နိုင်ငံအတွက် နေ့စဉ်ရက်ဆက် ကျစက်ရသည့် ဤသွေးလှူပွဲတွင် လင်နှင့်မယား သားနှင့်ဖအေတို့ မည်မျှမရေတွက်နိုင်အောင် ကွဲခဲ့ကြရပြီးနည်း။

ချစ်ခြင်းကို စုံမက်သမျှ ချစ်ခြင်း၏ဆုလာဘ်လည်းဖြစ်၍ အနက် အဓိပ္ပာယ်လည်းမည်သော နီးစပ်ပေါင်းစည်းမှုကို ခံမင်လိုလားလေသည့် လူသား တို့အတွက် ကွေကွင်းဆင်းရဲမှုများသာ အကြွင်းထင်သော ဤစစ်ပွဲ၏အနှစ် သာရ အနက်သဘောသည် အဘယ်ပါနည်း။

မိမိ၏ ပုဂ္ဂလိကသံယောဇဉ် နှောင်ရာကြိုးကြောင့် ရဟန်းရှင်လူ ပြည်သူ အများကို တုပ်ချည်ရစ်ပတ် နှိပ်နယ်အပ်သော တစ်ပါးမင်း၏ မတရားကွန်ရက် ကို ကိုယ်ကျိုးမဖက် တိုက်ဖျက်ပစ်ရန် ဝန်လေးနေပြန်သော်၊ ယောက်ျားစာဂ ဒုလ္လဘာသည် ဘဇာလျှင် ရှိလိမ့်အံ့တော့နည်း။

စောနော်မောင်သည် ဤသို့လျှင် လေးနက်သော အတွေး၊ ခက်ခဲသော နာမ်၏ပုစ္ဆာတို့ကြောင့် ပြင်ပလောကကို ခေတ္တမေ့လျော့ကာ ငေးငိုင်နေမိသည်။ ဤသည်ပင်လျှင် သူ၏အမှား ဖြစ်သည်။

စစ်၌ ကျင်လည်သူ အာဇာနည်တို့၌ ရှိမြဲဖြစ်သော ဗီဇဉာဏ် လှုံ့ဆော်မှု တစ်ရပ်က သူ့အား ရုတ်တရက် လှုပ်နှိုးလိုက်သည်။ မမြင်သာသော ဘေးရန်ကို ကြိုတင်သိသည့် ကြောင်၏ လျင်မြန်မှုဖြင့် သူသည် တိမ်းရှောင်လိုက်ပါသေး၏။ သို့ရာတွင် နောက်ကျခဲ့လေပြီတကား။

တိတ်ဆိတ်သောညကို ခွင်းပေါ်လာသည့် သေနတ်သံနှင့်အတူ လေကို အဟုန်ဖြင့် ဖြတ်လျက် လျှပ်တပြက် ထိုးပျံလာသော ကျည်ဆန်တစ်တောင့် သည် ရှမ်းသူရဲကောင်းကြီး၏ လည်မျိုကို ထုတ်ချင်းဖောက် စူးဝင်မွေသွား လေသည် တကား။

သေနတ်သံကြောင့် အပြေးအလွှားဝင်လာသော စောမြတ်မွန်မှာ အသက် ကုန်လျက်ရှိသည့် မောင်တော်အား တွေ့ရသည်။

မဟာဒေဝီသည် ရုတ်တရက်ထကာ ပြတင်းမှ မျှော်ကြည့်မိသည်။ ဤခဏတွင်ပင် သေနတ်သံတစ်ချက် ပေါ်လာပြီး စောမြတ်မွန်သည် ရင်အုံအား ဖိကာ မောင်တော်၏ကိုယ်ပေါ်သို့ ကန့်လန့်ဖြတ် လဲကျသွား၏။

သတိကောင်းသမျှ ဖျတ်လတ်သော ခွန်မှိုင်းသည် သေနတ်တစ်လက် ဆွဲရင်း ပေါ်လာသည်။ ဖြစ်သမျှမှာ စက္ကန့်ပိုင်းသာရှိ၍ မဟာဒေဝီ လဲကျသည် ကို ခွန်မှိုင်း ကောင်းစွာမြင်ရသည်။

ခွန်မှိုင်းသည် ကိုယ်ကို ယို့လျက် ပြတင်းပေါက်နား ကပ်ခဲ့သည်။ ရှင်သော သူ့မျက်လုံးများသည် ကိုက် ၅၀ ခန့်ရှိ သစ်ပင်တစ်ပင်ထက်မှ အကိုင်းအခက်များ လှုပ်ရှားဟန်၊ မီးပွင့်သွားဟန်တို့ကို မြင်သကဲ့သို့ တတိယ ကျည်ဆန်တစ်ခု ဖြတ်လာသည်ကိုလည်း သတိမူမိသည်။ ခွန်မှိုင်းသည် သူ့ သေနတ်အား ပြတင်းပေါင်ပေါ် မေးတင်၍ ခလုတ်ဖြုတ်ချလိုက်သည်နှင့် မရှေး မနှောင်းပင် သစ်ပင်ဆီမှ မချိမဆံ့အော်သံနှင့်အတူ လေးပင်သော ခန္ဓာကိုယ်တစ်ခု မြေသို့ကျသံပါ ပေါ်ထွက်လာသည်။

နောက်ဖေးဘက်မှ နန်းသီတာသည် ဆွဲမိဆွဲရာ ဓားမတစ်ချောင်းကို ကိုင်လျက် ပေါ်ထွက်လာသည်။ ခွန်မှိုင်းမှာ စကားပင် မဆိုအား၊ ပခက်တွင်းမှ ကလေးကို လက်ညှိုးညွှန်လျက် အိမ်ရှေ့သို့ ပြေးထွက်လာခဲ့သတည်း။

အိမ်ရှေ့ရှိ မြင်းသည်တော်တို့မှာ မြေဝယ်ဝပ်၍ နေရာယူပြီးချေပြီ။ ဘေးတစ်ဝိုက်မှ သေနတ်သံများမှာ ဆူညံစွာထွက်ပေါ်လာခိုက် အဝေးမှမြင်းခွာသံ များကို ကြားရသည်။

www.foreverspace.com.mm

အကျင့်အမှုးဖြစ်ဟန်တူသူ ဗိုလ်တစ်ဦးကခွန်မှိုင်းထံ ဝပ်တွား ကပ်လာသည်။

"တော်ကြီးဖုရားကော"

"သွေးသောက် အိမ်ထဲခဏလိုက်ခဲ့၊ ခံနေသူတွေ နေရာမရွေ့စေနဲ့"ဟု ခွန်မှိုင်းက လေသံနှင့်ဆိုသည်။

ဗိုလ်သည် သူ့လူများအား အော်ဟစ်အမိန့်ပေးပြီး ခွန်မှိုင်းနှင့်အတူ အိမ်တွင်းသို့ ပြေးဝင်လိုက်ခဲ့သည်။

အိမ်တွင်း၌ နန်းသီတာသည် သူ့သခင်မအား ပွေ့လျက်ရှိနေသည်။ အသက်ကုန်နေသော စောနော်မောင်မှာမူ သွေးအိုင်ကြားဝယ် မလှုပ်တော့။

ခွန်မှိုင်းသည် မဟာဒေဝီ၏ရင်ကို စမ်းမိသည်။ ရင်မှာခုန်နေသေး၏။

ခွန်မှိုင်းက ဗိုလ်၏ဘက်သို့ လှည့်လိုက်သည်။

"ကဲ သွေးသောက်၊ သခင်မနဲ့ ရင်သွေးတော်လွတ်အောင် အကျွန်ုပ်တာဝန်ထား၊ သွေးသောက်နဲ့ ရဲဘော်တို့က ရန်သူကို ထမင်းအိုးတစ်တည်ခန့်ခံထားပါ၊ လွန်ရင် သွေးသောက် သဘောအတိုင်း ရှိပါစေ"

ဗိုလ်သည် အိမ်ရှေ့သို့ ပြေးပြန်သွားခိုက် ခွန်မှိုင်းသည် သတိမေ့နေသော စောမြတ်မွန်အား ဇွေ့ခနဲပွေ့ယူလိုက်သည်။ စကားနည်းသော်လည်း အကင်းပါးသော နန်းသီတာသည် အိမ်တွင်းသို့ဝင်ကာ အထုပ်တစ်ထုပ်ကို ဆွဲယူခဲ့သည်။ ထိုနောက် ပုခက်တွင်းမှ ကလေးကို ပွေ့ချီသည်။

ခွန်မှိုင်းသည် သွေးအိုင်တွင်းမှ သူ့သခင်အား တစ်ချက်လည်ပြန်ကြည့်သည်။ ထိုနောက် အချက်ပြကာ နန်းသီတာနှင့်အတူ အိမ်တွင်းမှထွက်ခွာခဲ့သည်။

မကြာမီ သေနတ်သံများ ဆူညံနေသော အိမ်ကလေးကို ကျောခိုင်းလျက် မြင်းနှစ်စီး လားတစ်ကောင်နှင့်အတူ ခွန်မှိုင်းတို့သည် လျှိုကွေ့ မှောင်ရိပ်တောစပ်တို့ကို ခိုကာ ထွက်ခဲ့ကြ၏။

မြင်းတစ်စီးထက်တွင် သခင်မအား ပွေ့ထမ်းလျက် ခွန်မှိုင်းသည် ရှေ့ဆုံးမှလည်းကောင်း၊ အခြားမြင်းတစ်စီးထက်တွင် ကလေးအား ပွေ့ထိန်းလျက် နန်းသီတာသည် အလယ်မှလည်းကောင်း၊ နန်းသီတာ၏ မြင်းကုန်း၌ ပါးချပ်ကြိုးချည်လျက် လိမ္မာဟန်ရှိသော လားငယ်တစ်ကောင်သည် အထုပ်အပိုး ဝန်စည်တို့နှင့် နောက်ဆုံးမှလည်းကောင်း တိရစ္ဆာန်သုံးစီးနှင့် လူလေးဦးတို့သည် တောနက်တွင်းသို့ ခရီးပြင်း နှင်ခဲ့သည်။

www.foreverspace.com.mm

သေနတ်ကျည်ဆန်အချို့မှာ ပြေးသူတို့အနက် လိုက်လာသေးသည်။ ရှုပ်ထွေးသော မြင်းခွာသံများ ကြားရပြီးနောက် ကျည်ဆန်များသည်လည်းကောင်း၊ လူများသည်လည်းကောင်း မိမိတို့နောက်သို့ ထပ်လိုက်မလာသဖြင့် ရန်သူများကို မိမိတို့လူများ ဟန့်တားထားနိုင်ကြောင်း ခွန်မှိုင်း သဘောပေါက်သည်။

ဒလကြမ်းသာ စိုင်းထွက်ခဲ့ရသော်လည်း ဘယ်ဆီဟူ၍ ခွန်မှိုင်း၌ ရည်ရွယ်ချက် မရှိ၊ အခြေအနေအရ ရည်ရွယ်ချက်မရှိ လျှောက်ပြေးနေ၍ မဖြစ်သည်ကိုလည်း သူ သိ၏။

ပြေးရင်းလွှားရင်း ဦးနှောက်ကို အလုပ်ပေးနေသော ခွန်မှိုင်း၌ အသိဉာဏ်တစ်ရပ် ထင်လာသည်။

အဓိက သူပုန်ခေါင်းဆောင်ဖြစ်သူ မိမိ၏သခင်ကို အသေရမိပြီးသည်နောက် ကျန်ရစ်သူ မိန်းမသားနှင့်ရင်သွေး လူမမယ်တို့မှ ရန်သူတို့သည် မရမနေဖမ်းရန် အထူးကြိုးပမ်းကြတော့မည် မဟုတ်။ ဤသို့ဆိုလျှင် ရန်သူတပ်သည် မိမိတို့အား ခက်ခက်ခဲခဲ တောနင်းရှာဖွေလိမ့်မည် မဟုတ်။ လောလောဆယ် စိတ်ချလုံခြုံရသောတစ်နေရာတွေ့လျှင် ခေတ္တခိုအောင်းပုန်းလျှိုက လုံလောက်ပြီဟု ခွန်မှိုင်း ဆုံးဖြတ်လိုက်၏။

နာရီဝက်ခန့် ခရီးပေါက်ခဲ့သော် ခွန်မှိုင်းစိတ်တိုင်းကျ တစ်နေရာတွေ့သည်။ လွယ်မွေတောင်တန်းကြီး၏ အစပေတည်း။

သူတို့သည် မြင်းထက်မှ ဆင်းကာ လူတစ်သန့် တိရစ္ဆာန်တစ်သန့် ခွဲ၍ ချုံနွယ်ပိတ်ပေါင်းထူသော လျှိုတစ်ခုကြားသို့ ခက်ခက်ခဲခဲ ဝင်ခဲ့ကြသည်။ လျှိုတစ်လျှောက် အတန်လိုက်မိသောအခါ တောင်နံရံ၌ သဘာဝအလျောက် ပေါက်နေသော လိုဏ်ဂူတစ်ခုကို တွေ့သည်။ ခွန်မှိုင်းသည် ဤနေရာတွင်ပင် စတည်းချရန် ဆုံးဖြတ်လိုက်၏။

စေ့စပ်သေချာသော နန်းသီတာ၏ကျေးဇူးကြောင့် လား၏ဝန်စည်တွင် လက်ဆွဲမီးအိမ်တစ်လုံးပါလာသည်ကို ခွန်မှိုင်းတွေ့ရသည်။ သူက မီးအိမ်တစ်ဖက် သေနတ်တစ်ဖက်ဖြင့် ဂူ၏ အခြေအနေကို စစ်ဆေးသည်။ စိတ်ကျေနပ်သော် ပြန်အိပ်ပျော်နေသော ကလေးကို ဂူကြမ်းပြင်၌ စောင်ခွေ၍ သိပ်ထားသည်။ ဒဏ်ရာနှင့်မြောမေ့နေသော သခင်မအား မလှမ်းမကမ်း၌ ချထားသည်။

ထို့နောက် သစ်ရွက်မြက်ခြောက်တို့ကို စုကာ ကျောက်ခဲသုံးလုံးဆိုင်၍ မီးဖိုသည်။

www.foreverspace.com.mm

ယခုမှပင် သူသည် သခင်မ၏ ဒဏ်ရာကို စစ်ဆေးကြည့်ရှုနိုင်သည်။ ကြည့်ရှုမိသည် ခဏ၌ပင် ခွန်မှိုင်း၏ မျှော်လင့်ချက်တို့ ပြယ်လွင့်ကုန်၏။

ဒဏ်ရာမှာ လက်ယာဘက် ရင်အုံမှ ကျည်ဆန်သည် လျှပ်စုးဝင်၍ ပခုံးရိုးအောက်မှ ဖြတ်ကာ ကျောကိုဖောက်ထားသည်။ သွေးထွက်လွန်ခဲ့သဖြင့် လူနာ၏မျက်နှာမှာ ဖြူရော်နေသည်။ ဤခရီးပြင်း၌ လမ်းတွင် အသက်မပျောက်ဘဲ ယခုတိုင် နှလုံးခုန်နေခြင်းအား ခွန်မှိုင်းသည် အံ့သြမိ၏။

နန်းသီတာ အကူအညီဖြင့်ဖြင့် ခွန်မှိုင်းသည် ကံအားလျော်စွာ ပါလာသော ဘရန်ဒီပြင်းပြင်းကို စောမြတ်မွန်၏ ပါးစပ်တွင်းသို့ လောင်းထည့်ပေးသည်။ ထိုနောက် ဂူပြင်ထွက်ကာ အရန်သင့်တွေ့သော စမ်းချောင်းမှ ခွက်ငယ်တစ်ဖြင့် ရေခပ်ယူသည်။ မီးဖိုထက် ရေနွေးကြိုထားစဉ် နန်းသီတာနှင့် သူက လူနာ၏ ကိုယ်ကို နှိပ်နယ်ပေးသည်။

ရေနွေးဆူသော် ဒဏ်ရာကို ဆေးပေးသည်။ လူနာမှာ မိန်းမောဆဲတည်း။ နန်းသီတာသည် လားဝန်ဆည်မှ ဆေးဝါးအချို့ကို ရှာဖွေယူလာသည်။ ခွန်မှိုင်းက ဝမ်းသာအားရနှင့် ဆေးများကို ဒဏ်ရာ၌ထည့်ပေးသည်။

ထိုအခိုက်တွင်ပင် လူနာသည် အနည်းငယ် လူးလွန့်၍ ညည်းသံသဲ့သဲ့ ပြုသည်။ ခွန်မှိုင်းနှင့်နန်းသီတာသည် တစ်ဦးမျက်နှာတစ်ဦး အားတက်စွာ ကြည့်လိုက်ကြပြီး ခွန်မှိုင်းက လူနာ၏ပါးစပ်တွင်းသို့ ဘရန်ဒီအနည်းငယ် ထပ်လောင်း ထည့်ပေးသည်။

လူနာသည် ပိုလှုပ်ရှားလာ၍ ညည်းသံမှာလည်း ပိုကျယ်လာ၏။ အသက်ရှူသံမှာလည်း ပိုပြင်းလာ၏။

ခွန်မှိုင်းနှင့် နန်းသီတာမှာ တုန်တုန်ယင်ယင်နှင့် သူတို့၏သခင်မမျက်နှာအား ငုံ့ကြည့်ကြသည်။ မကြာမီ လူနာ၏မျက်လုံးများက ခေတ္တပွင့်လာသည်။ ကျွန်ယုံနှစ်ယောက်မှာ မြူးသွားစဉ် မျက်လုံးများမှာ ပြန်ပိတ်သွားသည်။ နန်းသီတာသည် စတင်ရှိုက်ငိုခိုက် ခွန်မှိုင်းသည် ခေါင်းကို တွင်တွင်ခါသည်။ သို့သော် လူနာ၏ မျက်လုံးများမှာ ပြန်ပွင့်လာ၍ ပါးစပ်မှာလည်း ဟလာသည်။

"သခင်မ၊ သခင်မ"

ခွန်မှိုင်းသည် အရူးသဖွယ် အော်သည်။

ပြန်ပိတ်လုမျက်လုံးများက ပွင့်လာသည်။ အားတက်လာသော ခွန်မှိုင်းက လူနာကို ရင်ခွင်တွင်း ပွေ့ထူကာ မေးတစ်ဖက်တစ်ချက်ကို ခတ်ဆတ်ဆတ်

www.foreverspace.com.mm

ရိုက်ပေးသည်။

လူနာ၏ မျက်လုံးများသည် ခွန်မိုင်း၏ မျက်နှာထက် စူးစိုက်ရပ်နေသည်။

"အမတော်…သခင်မ…သတိရပြီလား၊ ခွန်မိုင်းပါလေ၊ ခွန်မိုင်းပါ"

လူနာသည် လူးလွန့်လာ၍ မျက်နှာမှာလည်း မချိမဆံ့ဝေဒနာကို ခံစားရဟန် ရှုံ့မဲ့လာ၏။

နန်းသီတာက လူနာ၏ပါးစပ်တွင်းသို့ စမ်းရေအေးကို အစက်ချလောင်းပေးသည်။ စကားနည်းသော ဤရှမ်းမပျိုသည် နှုတ်မှ မည်သည့်အသံမှမပြု။ မျက်ရည်ပေါက်များသာ အဆက်မပြတ် ကျနေသည်။

လူနာ၏လက်များက ခွန်မိုင်း၏ ကျောနှင့်ပခုံးတို့အားရမ်းသန်း ပွတ်စမ်းလာသည်။ အသံမှာလည်း ယဲ့ယဲ့ထွက်လာ၏။

"ခွန်…မိုင်း"

ခွန်မိုင်းသည် ထူးရန်ကြိုးစားသည်။ သို့ရာတွင် ဆို့နင့်နေသော သူ့လည်ချောင်းမှ အသံသည် ရုတ်တရက် ထွက်မလာ၊ အတန်ကြာမှ သူသည် တင်းဆည်၍ တည်ငြိမ်စွာ ဖြေသည်။

"ခွန်မိုင်း အနားမှာ ရှိပါတယ် သခင်မ၊ နန်းသီတာလဲ ခစားလျက်ပါ"

စောမြတ်မွန်၏ လက်တစ်ဖက်သည် လှုပ်ရှားလာသည်။ နန်းသီတာက ထိုလက်ကို မိမိ၏လက်ကလေးများဖြင့် ပွေ့ယူ ဆီးကြိုသည်။

ကောင်းစွာ သတိလည်လာဟန်တူသူ မဟာဒေဝီက လေးပင်စွာမေးသည်။

"တို့…ဘယ်မှာလဲ…ခွန်မိုင်းရယ်"

ခွန်မိုင်းသည် ယောကျ်ားတန်မဲ့ တင်းဆည်မရသော မျက်ရည်များကို သုတ်ရင်း–

"ကျွန်တော်မျိုးတို့ လုံခြုံတဲ့နေရာမှာပါ သခင်မ" ဟု လျှောက်သည်။

"မောင်တော် မောင်တော်ကော ဟင်"

ခွန်မိုင်းသည်မဖြေ။ အံကြိတ်ထားသဖြင့် မေးကြောကြီးများမှာ ထောင်လာ၏။

"မောင်တော်…မရှိတော့ပါဘူး၊ ဟုတ်လား…ခွန်မိုင်းရယ်"

ခွန်မိုင်းက သူ့သခင်မ လက်ကိုသာ တင်းကျပ်စွာ ဆုပ်ညှစ်မိသည်။ မျက်ရည်တစ်ပေါက်သည်လည်း လူနာ၏ လက်ဖမိုးထက် ကျလာသည်။

"မင်း ငိုနေသလား…ခွန်မိုင်း၊ နန်းသီတာကော…ဟင်၊ မငိုကြနဲ့လေ၊

www.foreverspace.com.mm

သားတော်…သားတော်…”

စောမြတ်မွန်မှာ သတိကောင်းစွာ ရနေပြီ ထင်ရ၏။ သို့ရာတွင် အသက်ရှူများ ပြင်းလာကာ အမောဖောက်စ ပြုသည်။

နန်းသီတာက အလိုက်သိစွာ ကလေးကိုချီ၍ မိခင်၏ မျက်နှာနား ကပ်ပေးသည်။ ဘာမျှ မသိသော ကလေးငယ်မှာ အိပ်ရာမှ နိုးနေလျက် ခြေလေး လက်လေးများက ရုန်းကန် ဆော့နေသမျှ နှုတ်မှလည်း သာယာသော အသံလေးများကို ပြုနေသည်။

မဟာဒေဝီ၏ လက်များက ကလေး၏ လက်မောင်းများကို အသာအယာ ပွတ်နေခိုက် မျက်လုံးများတွင် မျက်ရည်များ လျှံနေသည်။

“ခွန်မှိုင်း … နန်းသီတာ … သခင်မ … ကြာကြာမနေရဘူး၊ နားထောင်စမ်း”

ခွန်မှိုင်းက ဆို့နင့်စွာ ဖြေသည်။

“ကျွန်တော်မျိုးများ…နားထောင်နေပါတယ် သခင်မ”

“ငါ့သားကို မင်းတို့ မွေးကြ…ကြားတယ်နော်”

ခွန်မှိုင်းနှင့် နန်းသီတာက နှစ်ဦးပြိုင်–

“ဒီအတွက်ကို မကြောင့်ကြပါနဲ့ သခင်မ” ဟု ဖြေကြသည်။

“ဒါကို သခင်မ ယုံတယ်၊ ဒါပေမယ့်”

စောမြတ်မွန်သည် တစ်စုံတစ်ခုကို လေးလေးနက်နက်တွေးဟန် စကားကို ဖြတ်ထားသည်။ ထိုနောက်မှ–

“ခွန်မှိုင်း မင်း ကတိတစ်ခု ပေးပါကွယ်” ဟု မေးသည်။

“သခင်မရဲ့ သစ္စာကို…အစဉ်စောင့်ခဲ့သူ ဖြစ်ပါတယ် သခင်မ”

“နန်းသီတာကကော”

“အရှင်မအတွက် ကတိကို…နန်းသီတာ အသက်နဲ့ စောင့်ထိန်းပါ့မယ်”

“ကောင်းပြီ…နားထောင်ကြစမ်း၊ ဒီရန်ငြိုးကို ဖျောက်ပစ်ကြ၊ ဒီအမျိုးကိုလည်း ဖုံးပစ်ကြ၊ ကြားလား…”

အဖြေများ ပေါ်မလာ။

“ဘယ့်နှယ့် မဖြေကြတော့ဘူးလား”

ခွန်မှိုင်းနှင့် နန်းသီတာက တစ်ဦးမျက်နှာတစ်ဦး ကြည့်မိကြသည်။

“ခွန်မှိုင်း”

www.foreverspace.com.mm

"သခင်မ"

"ငါ ဘယ်သူလဲ ခွန်မှိုင်းရယ်"

ခွန်မှိုင်းက မဖြေ။

"ဖြေပါ…ခွန်မှိုင်း၊ မင်း သခင်ရဲ့ မဟာဒေဝီဆိုတာ မေ့လိုက်စမ်း ငါဘယ်သူလဲ…"

ခွန်မှိုင်းသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်မိသည်။ ဘာကြောင့် သခင်မသည် ဤမေးခွန်းကိုမှ မေးရပါသနည်း။

"သခင်မဟာ အင်းဝမျိုးရိုး၊ မြဝတီသခင်မင်းကြီးရဲ့ မြစ်တော်ပါ"

"ငါ့မောင်တော်လို မှတ်ယူတဲ့ မင်းကကော"

ဤအကြိမ်တွင် ခွန်မှိုင်းသည် မထိန်းချုပ်နိုင်ဘဲ ရှိုက်ဖို ငိုကြွေးသည်။

"ဖြေစမ်းပါ ငါ့မောင်"

"ကျွန်တော်ဟာ‥ကျွန်တော်ဟာ…ရှမ်းစာဆိုကြီး စောနော်ခမ်းရဲ့ အဆက်အနွယ်ပါ"

"အဲဒီ ဘေးတော်တို့ နာမည်…ပျောက်ကဲ့လား ခွန်မှိုင်း"

ခွန်မှိုင်းက မဖြေ။

မဟာဒေဝီကသာ နောက်ဆုံးမှာခြင်းကို ပြုသည်။

"အဲဒီအနွယ်သာကျန်ပါစေ ခွန်မှိုင်း…၊ ဟော်နန်း ထီးပလ္လင်နဲ့… သွေးစွန်းတဲ့ ရာဇဝင်ကို…ငါ့သားတော် မေ့ပါစေ၊ ရန်ငြိုးတွေလဲ ပြေပါစေ"

အစဉ်ပင် တည်ငြိမ်သော မဟာဒေဝီသည် ဘဝဇာတ်သိမ်းချိန်ကျမှ ပို၍ ခံညားနေ၏။

"ထီးနန်းစည်းစိမ်မှာ…ငါ ဘယ်ခါမှ မပျော်ခဲ့ပါဘူး ခွန်မှိုင်းရယ်… ရေပွက်ပမာတွေပါ၊ ဒီတော့ သွေးမာန်နဲ့ ဓားလှံကို ငါ့သားတော် မသိပါစေနဲ့၊ အကြောင်းခြင်းရာ မည်သို့ပင်ရှိစေ…သွေးနဲ့လက်နက်မှ…သွေးနဲ့ လက်နက်သာ ကြွင်းလိမ့်မယ်။ ငါ့သားတော်ကို မေတ္တာနဲ့ တေးဂီတသာ သိပါစေ…"

ခွန်မှိုင်းမှာ မတင်းဆည်နိုင်တော့။ တစ်သက်တာဝယ် အမိသဖွယ်၊ အမသဖွယ်၊ သခင်သို့တစ်သွယ် ကြည်ညိုချစ်ခင် အားကိုးခဲ့ရသော မဟာဒေဝီ၏ လက်နုစ်ဖက်ကို ကိုင်ဆုပ်ကာ ငိုကြွေးရင်း ကတိပြုရတော့သည်။

"ကျွန်တော့်ရင်မှာ မည်မျှ နာကျည်းသည်ဖြစ်စေ သခင်မအမိန့်ကို ဗျာဒိတ်ပမာ ကျွန်တော် ဦးထိပ်ပန်ဆင်ပါ့မယ်"

www.foreverspace.com.mm

မဟာဒေဝီ မျက်နှာ၌ ပြုံးရိပ်သည် ထင်လာသည်။

“နန်း…သီ…တာ”

“သခင်မ လိုသမျှ ကျွန်တော်မ ကတိပြုပါတယ်”

“သာဓုကွယ်…မှတ်ထားကြနော်…တရားကိုစောင့်ရင် တရားက ပြန်စောင့်လိမ့်မယ်၊ တရားကိုသတ်ရင် တရားက ပြန်သတ်လိမ့်မယ်၊ တရား သဘောမှာ ပညတ်အတွက် ခြွင်းချက်မရှိ”

မဟာဒေဝီမှာ တင်းဆည်ထားသမျှ အားတို့ကို လျှော့ချလိုက်ဟန်တူသည်။ ခေတ္တနား၍ စကားပြန်ဆိုချိန်တွင် လေသံမှာ ပျော့သမျှ စကားသည် ကျဲခဲ့လေပြီတကား။

“ငါ့ကို…ထူပါ၊ သားတော်ကို…သားတော်ကို…”

ခွန်မှိုင်းက မဟာဒေဝီ၏ ကိုယ်ကို မထူလိုက်သည်။ နန်းသီတာက ရင်သွေးတော်အား မိခင်၏ရင်ခွင်တွင် ထည့်ပေးသည်။

စောမြတ်မွန်သည် သားတော်အား နမ်းရှုပ်သည်။ ခွန်မှိုင်းနှင့် နန်းသီတာက ငုံ့သွားသော သခင်မ၏ဦးခေါင်းကို တွေကြည့်နေသည်။ ဦးခေါင်းမှာ ပြန်မမော့လာတော့။ ခွန်မှိုင်းသည် မဟာဒေဝီ၏ မျက်နှာကို မေးမှ ပင့်လျက် ကြည့်မိသည်။ တည်ငြိမ်သော သခင်မ၏ မျက်နှာမှာ ထာဝစဉ် လှုပ်ရှားလေတော့မည် မဟုတ်သည်တကား…။

နန်းသီတာက ကလေးကိုပိုက်၍ ဂူပြင်ထွက်ကာ တရှုပ်ရှုပ် ငိုကြွေးသည်။ ခွန်မှိုင်းက သခင်မ၏ အသက်မရှိတော့သော ကိုယ်ကို ဂူမြေပြင်၌ လှဲချလိုက်၏။ လက်မှာလည်း အနီးရှိ သေနတ်ကို ကိုင်မိလျက် ဖြစ်နေသည်။

ထိုစဉ် အပြင်း မောင်းနှင်လာသော မြင်းခွာသံများကို ကြားရ၏။ ခွန်မှိုင်းက သေနတ်ကို ဆွဲကာ ဂူပြင်သို့ ပြေးထွက်ခဲ့သည်။

“စု…ဘာလုပ်မလို့လဲ”

နန်းသီတာ၏ အမေးကို မဖြေဘဲ ခွန်မှိုင်းသည် တောင်ထိပ်သို့ တက်ခဲ့သည်။ နန်းသီတာကလည်း ကလေးကိုပိုက်လျက် ခွန်မှိုင်း၏နောက်မှ ကပ်လိုက်တက်ခဲ့သည်။

တောင်ဘက်မှ မျှော်ကြည့်လျှင် တောင်ခြေမြေပြန့်တစ်လျှောက် အပြေး စိုင်းနှင်လာသော မြင်းသည်နှစ်အုပ်ကို တွေ့ရသည်။ ရှေ့မှအုပ်တွင် လူငါးဦးခန့်သာ ရှိတော့၍ သေပြေးပြေးနေရဟန်တူသည်။ နောက်အုပ်မှာ လူနှစ်ဆယ်ခန့်ရှိကာ

လျှင်သော ခွန်မှိုင်း၏မျက်စိ၌ ကုလားစစ်ဗာရီများ၏ သဏ္ဍာန်ကို ခွဲခြားမြင်ရ၏။

ခွန်မှိုင်းက သေနတ်ကိုမြှောက်၍ နောက်မှ လိုက်လာသော မြင်းအုပ်တွင်းသို့ ချိန်သည်။ သို့ရာတွင် နူးညံ့သော နန်းသီတာ၏ လက်ကလေးများက သူ့လက်မောင်းပေါ်သို့ ကျလာသည်။

ခွန်မှိုင်းက လှည့်ကြည့်လိုက်ရာ မျက်ရည်လွှမ်းသော နန်းသီတာ၏ လှပချောမွေ့သော မျက်နှာလေးကို လရောင်၌ မြင်ရသည်။ ရှမ်းမပျို၏ ရင်ခွင်၌ ကလေးငယ်မှာ နိုးကြားယက်ကန်လျက် ရှိသည်တကား။

ခွန်မှိုင်းက သက်ပြင်းကို ရှိုက်၊ အံကြိတ်ရင်း သေနတ်ကို မြေပြင်သို့ လေးပင်စွာ ချလိုက်သည်။ ထို့နောက် နန်းသီတာ၏ ခါးလေးကို ပွေ့ဖက်၍ တောင်အောက်သို့ ဆင်းခဲ့လေသတည်း။

❑ ❑ ❑

www.foreverspace.com.mm

www.foreverspace.com.mm

## ၂။ ဘုံမာယာ ဇာချဲ့

အထက်ပါ အဖြစ်အပျက်များ ပေါ်ပေါက်ခဲ့ပြီးနောက် နှစ်ပေါင်း ၂၆ နှစ် လွန်ခဲ့သော ၁၉၅၇ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စု နယူးယောက်မြို့ကြီး၏ အနောက် ၅၀ လမ်းရှိ ဟတ်ဆွန်မြစ် ကွန်းနဒ် သင်္ဘောကုမ္ပဏီ ဆိပ်ကမ်း နံပါတ် ၉၀ ဆိပ်ခံမဟာမဏ္ဍပ်တွင်း၌ လူရွယ်သုံးဦးသည် ခပ်သွက်သွက် လျှောက်လာနေကြသည်။

နှစ်ဦးမှာ မွန်ရည်ထောင်မောင်းသော အမေရိကန် အမျိုးသားများဖြစ်ကြ၍ တစ်ဦးမှာ အမေရိကန်မိတ်ဆွေများနည်းတူ ရှည်သွယ် ပျောင်းမြင့်သော်လည်း အသွင်အားဖြင့် ထင်ရှားလှသော အာရှတိုက်သားဖြစ်သည်။

သုံးဦးသားသည် လက်ယာဘက်ရေပြင်၌ ဆိုက်ကပ်ထားသည့် အံ့မခန်းသော "ဘုရင်မ မေရီ" (Queen Mary) သင်္ဘောကြီးကို ချီးမွမ်း လှမ်းကြည့်လိုက်ကြသည်။

ဆိပ်ခံမဏ္ဍပ်တွင်း၌ လူသူများရှင်းစပြုကာ နာရီကြီးမှာလည်း နံနက် ၁၁ နာရီ ၁၅ မိနစ်ကို ပြနေသည်။

သင်္ဘောကြီး၏ အချိန်စာရင်းအရ ခရီးသည်များမှာ ၁၁ နာရီခွဲနောက်ဆုံး သင်္ဘောပေါ် ရောက်ရမည်။ လိုက်ပို့သော ဧည့်သည်များအတွက် ခေတ္တသင်္ဘောပေါ်တက်ခွင့်လက်မှတ်မှာ ၁၁ နာရီကပင် ပိတ်လိုက်ပြီဖြစ်သည်။

သူငယ်ချင်းသုံးဦးသည် ကေဘင်ကလပ်(စ်) (Cabin Class) ခေါ် ဒုတိယတန်း ဂိတ်၌ ရပ်လိုက်ကြသည်။ အာရှတိုက်သား လူရွယ်သည် လူဝင်လူထွက် စစ်ဆေးရေး အရာရှိတို့ ရှေ့မှောက်၌ သင်္ဘောလက်မှတ်နှင့်အနီခံတွင် ရွှေတံဆိပ်ဝင်းသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နိုင်ငံကူးလက်မှတ်ကို တင်ပြသည်။ လူဝင်လူထွက် အရာရှိက စာရွက်စာတမ်းများကို စစ်ဆေးပြီး တံဆိပ်ရိုက်ပေးသည်။

www.foreverspace.com.mm

မြန်မာလူရွယ်က စာရွက်စာတမ်းများကို ပြန်ယူလျက် လူဝင်လူထွက်ကြီးကြပ်ရေးအရာရှိကို ကျေးဇူးတင်စကား ပြောပြီးနောက် သူ၏အမေရိကန်သူငယ်ချင်း နှစ်ဦးဘက် လှည့်လိုက်သည်။ မျက်လုံးပြာပြာ ဆံပင်ဝါဝါနှင့် ဂျာမန်သွေးစပ်သော အမေရိကန်လူရွယ်၏ မျက်လုံးများမှ မျက်ရည်တို့စီးကျနေ၏။ ဘေးမှ အရပ်ခြောက်ပေခန့်နှင့် ရင်အုပ်သုံးပေခန့်ကျယ်သော ဆံပင်နက်နှင့် အခြားအမေရိကန်လူရွယ်မှာ တံတွေးကို မျိုချရင်း လည်ချောင်းမှ တဟင်းဟင်း အသံပြုနေ၏။

မြန်မာလူရွယ်က ဆံပင်ရွှေဝါရောင်နှင့် အမေရိကန်လူရွယ်၏ လက်နှစ်ဖက်အား မိမိ၏လက်များဖြင့် ဆုပ်ခါရင်း နှုတ်ဆက်သည်။

"ငါ…သွားမယ် တွမ်၊ ဒါပေမယ့် မင်းရဲ့ ဂီတသံတွေဟာ ငါ့ရင်မှာ အမြဲရှိနေမယ်"

"သွားတော့…စောနိုင်၊ တို့…အစဉ် ဆုံတွေ့ဖို့ ခေတ္တခွဲကြရအောင် မင်းရဲ့စကား…လေ…"

စောနိုင်ခေါ် မြန်မာလူရွယ်က ဆံပင်နက်နှင့် လူထွားကြီး၏ လက်များကို ဆုပ်ယမ်း နှုတ်ဆက်ပြန်သည်။

"သွားမယ်…အာသာ မင်းရဲ့ဇာတိ အင်္ဂလန်ရောက်ရင် သောမတ်စ်ဟာဒီရဲ့ လှပသော ဝက်ဆက်စ် ပြည်နယ်ကို ငါဝင်ဖြစ်အောင် ဝင်ခဲ့ပါ့မယ်၊ ပြီးတော့ မင်းရဲ့ ပြည့်ကြွယ်အောင်မြင်တဲ့ တေးသံကို ငါ့နားမှာ အစဉ်ကြားယောင်နေမယ်"

ဤအကြိမ်တွင် ဆံပင်နက်နှင့် လူထွားကြီးမှာ ရုတ်တရက် စကားမပြန်နိုင်၊ သူ၏ကြီးမားသော လည်ပင်းတွင်း၌ ဝမ်းနည်းမှုက ဆို့နင့်ပိတ်ဆီးနေ၏။ အတန်ကြာမှ စကားဆိုသည်။

"သွားတော့လို့ ငါမဆိုဘူး စောနိုင်၊ အလုပ်စ,ကြစို့လို့ ဟုတ်လား၊ မှန်းတီးနေတဲ့ ကမ္ဘာမှာ ချစ်ခြင်းဂီတတွေ ထွန်းဝေကြရအောင်"

မြန်မာလူရွယ် ကိုစောနိုင်က ပြုံး၍သာ ဖြေသည်။ သူ့မျက်လုံးတို့၌လည်း မျက်ရည်များ ပြည့်လျှမ်းနေ၏။ တွမ်နှင့်အာသာက ကိုယ်များကို ချာခနဲလှည့်လိုက်ကာ ကိုစောနိုင်ကို ကျောခိုင်းလျက် ထွက်ခွာသွားကြသည်။

ကိုစောနိုင် ငိုင်နေခိုက် ကွန်းနဒ်သင်္ဘောကုမ္ပဏီ၏ အဆောင်အယောင်အဝတ်အစားနှင့် မျက်နှာဖြူလူငယ်တစ်ဦးက သူ၏ပစ္စည်းများကို လာသယ်သည်။

www.foreverspace.com.mm

"မစ္စတာ ခင်ဗျားသိပ်နောက်ကျတယ်၊ အလုပ်သမားတောင် မရှိတော့ဘူး၊ ဒါပေမယ့် ခင်ဗျားပစ္စည်းနဲ့သားပဲ၊ ကျွန်တော် ယူခဲ့ပါ့မယ်"

ကိုစောနိုင်က တာဝန်ကျေသော သင်္ဘောသားလုလင်အား ပြုံးကြည့်၍ ခဲဖြသည်။

"ကျေးဇူးပဲကွယ်၊ ကျန်တာတွေ မင်းသယ်ပါ။ ဟို...သားရေအိတ်အနက်ကိုတော့ ငါကိုယ်တိုင်ပဲ သယ်ပါ့မယ်"

"အဲဒါ ဘာလဲ"

"စောင်း"

"စောင်း"

"အေး ဟုတ်၊ ဘားမီးစ်ဟုတ် မြန်မာစောင်း၊ ကဲ သွားကြမယ်"

ကိုစောနိုင်နှင့် သင်္ဘောလုလင်သည် ဘုရင်မ မေရီရေနန်းယာဉ်သာကြီးပေါ်သို့တက်ခဲ့ကြသည်။ သင်္ဘောကြီး၏ဗဟိုထပ်(Main deck)ရှိ ဓာတ်လှေကားတံခါးဝသို့ အရောက်တွင်...

"မစ္စတာ ဘယ်အခန်းသို့ ပို့ရမှာလဲခင်ဗျာ"ဟု သင်္ဘောလုလင်က ရိုသေစွာ မေးသဖြင့် ကိုစောနိုင်က "အခန်းနံပါတ် စီ ၂၈၇" ဟုဖြေသည်။

ဓာတ်လှေကားမှူးက နှုတ်ခမ်းမွေး ကျင်စွယ်များ ကော့ထောင်အောင် ပြုံး၍-

"ခရီးဦးကြိုပြုပါတယ် လူကြီးမင်း ခင်ဗျား"

ဟု ဆိုရင်း ဓာတ်လှေကား ခလုတ်ကို နှိပ်သည်။

စီအထပ်သို့ရောက်သော် ထုံးစံအတိုင်း ဓာတ်လှေကား မောင်းသူအား ကျေးဇူးတင်စကား ပြောလိုက်ပြီး ကိုစောနိုင်သည် သင်္ဘောလုလင်နောက်မှနေ၍ မိမိအခန်းရှိရာ လျှောက်ခဲ့သည်။ အခန်းဝတွင် အဆင်သင့်စောင့်နေဟန်တူသော အသက်သုံးဆယ်ကျော်ခန့်ရှိ အခန်းစောင့်လုလင် (Cabin boy) က ဆီးကြိုနှုတ်ခွန်းဆက်ပြန်သည်။

အခန်းတွင်း၌ ပစ္စည်းများချပြီးလျှင် ပြီးခြင်း ကိုစောနိုင်က သင်္ဘောလုလင်အား တစ်ဒေါ်လာတန်နှစ်ရွက်ပေးလိုက်ရာ လုလင်သည် ကျေးဇူးတင်စကားဆို၍ ဆလံပေးပြီး ထွက်ခွာသွားသည်။

ခင်ဗျား သိပ်နောက်ကျတယ်၊ စတီးဝပ်နဲ့ ကျွန်တော်က ခင်ဗျားလာမှ လာပါတော့မလားလို့တောင် ပူနေမိသေးတယ်"

www.foreverspace.com.mm

အခန့်သင့်စောင့် လုလင်က ပစ္စည်းများကို ကိုစောနိုင် အလိုရှိသည့်အတိုင်း နေရာချပေးရင်း မှတ်ချက်ပြု၏။

"ဟုတ်တယ်ကွယ် အဆင်မသင့် ဖြစ်သွားလို့၊ ငါ့မိတ်ဆွေတွေတောင် အချိန်လွန်တာမို့ သင်္ဘောပေါ်အထိ လိုက်မပို့နိုင်တော့ဘူး၊ ဒါထက် မင်းနာမည် ဘယ်လိုခေါ်လဲ"

"ဂွယ်လင်"

"ဂွယ်လင်၊ မင်း ဝေလ လူမျိုးပဲ"

"ဟာ ခင်ဗျား သိပ်တော်တာပဲ၊ ကျွန်တော် ဝေလလူမျိုးပဲ မှန်တယ်"

"တွေ့ရတာ ဝမ်းသာတာကွယ်၊ ငါကတော့ အရှေ့တိုင်း အိုင်းရစ်တွေ အခေါ်ခံရတဲ့ မြန်မာလူမျိုးတစ်ယောက်ပဲ၊ တစ်ကြိမ်က အင်္ဂလိပ်တွေကိုမုန်းရာမှာ မင်းတို့ဝေလတွေ အိုင်းရစ်တွေနဲ့ တို့ အတော်တူတယ်"

"ခုတော့ကော"

"ခုတော့ တို့ဝါဒက လူမျိုးတိုင်းနဲ့ ချစ်ကြည်ရေးပဲ"

"အား ဟုတ်တယ်၊ မင်းတို့က ကြားနေရေးသမားတွေပဲ၊ အင်မတန် ကောင်းပါတယ်၊ ဒါထက် မစ္စတာ"

"မစ္စတာနိုင်လို့ ခေါ်နိုင်တယ်"

"မစ္စတာနိုင်း"

"နိုး မစ္စတာနိုင်"

ဂွယ်လင်သည် မနည်းကြိုးစားပြီးမှ "နိုင်" ဟူသော အသံကိုခေါ်နိုင်သည်။

"အား မစ္စတာနိုင်း ခင်ဗျားရဲ့ ဝတ်စုံတွေကို မီးပူနှိပ်ပေးဖို့ လိုပါသေးသလား"

"ကျေးဇူးပါပဲ၊ မလိုပါဘူးကွယ်၊ သားရေအိတ်ထဲက ထုတ်ပြီး ဗီရိုထဲမှာသာ ဆွဲချိတ်ထားခဲ့ပါ၊ ဘေးအိတ်ထဲက အင်္ကျီဟောင်းတွေကိုတော့ လျှော်ပြီး မီးပူတိုက်ပေးပါ"

"ကောင်းပါပြီခင်ဗျာ...၊ ဖိနပ်တိုက်စရာကော ရှိသေးလား"

"မင်း သတိပေးတာ၊ ကျေးဇူးတင်ပါတယ်ကွယ်...၊ ဟိုဘူးထဲက ကပ္ပဲ ဖိနပ်ကို တိုက်ထားစမ်းပါ"

"စိတ်ချပါ ခင်ဗျာ"

ဂွယ်လင်သည် ပစ္စည်းများနေရာချပြီးသောအခါ အခြားပြသ မှာကြားစရာ

www.foreverspace.com.mm

ရှိသည်တို့အား တာဝန်ကျေစွာ ပြသမှာကြားပြီး ထွက်ခွာသွား၏။

ကိုစောနိုင်က အခန်းအား သေသေချာချာ အကဲခတ်ကြည့်ရှုသည်။ အနံ့ရှစ်ပေ၊ အလျားဆယ်ပေခန့် အိပ်ရာ၊ အဝတ်ဗီရို၊ အံဆွဲတပ် စာရေးစားပွဲ၊ ကိုယ်လုံးပေါ်မှန်၊ ဧည့်သည်အတွက် ကုလားထိုင်နှစ်လုံး၊ သီးသန့်အိမ်သာခန်းနှင့် အစစအဆင်ပြေပေသည်။

ကိုစောနိုင်သည် အားလုံးကို စိတ်ကျေနပ်မှ တံခါးကိုစေ့ပစ်ခဲ့ကာ အပြင်သို့ထွက်လာခဲ့၏။ ဤတစ်ကြိမ်တွင် ဓာတ်လှေကားကို အသုံးမပြုတော့ဘဲ ကျယ်ဝန်းခံ့ညားသမျှ ပြောင်လက်တောက်ပသော သစ်သားတို့ဖြင့် တန်ဆာဆင်အပ်သော ရိုးရိုးလှေကားမှပင် တက်လာခဲ့သည်။ ထိုစဉ် သင်္ဘောကြီးက ကမ်းမှခွာရန် အချက်ပေးဥသြ မှုတ်သည်။

ကိုစောနိုင်သည် (Promenade deck) ခေါ် "စင်္ကြံရှိပ်သာ" အထပ်သို့ ရောက်လာ၏။ ဤအထပ်မှာ အညောင်းအညာပြေ လမ်းလျှောက်၍လည်း ရသည်။ အခပေးငှားရသော ပက်လက်ကုလားထိုင်များ၌ ဇိမ်ခံမှိန်း၍ အိပ်နားနေရန်လည်း ရ၏။ ပင်လယ်လေညင်းခံရင်း စီးကရက်ကို အဖော်ပြုလျက် တိတ်တိတ်ဆိတ်ဆိတ် စိတ်ကူးယဉ် နယ်ချဲ့ရန်လည်း ကောင်းသည်။

ကိုစောနိုင်က မှန်တံခါးကို တွန်းဖွင့်၍ သင်္ဘောပဲ့ပိုင်းသို့ လျှောက်လာခဲ့၏။

ကြီးမားလှသော သင်္ဘောမဟာ၏ ပဲ့ပိုင်းတို့မှာ အထပ်ထပ်ရှိသည်။ ဤအထပ်တို့၌ပင် ကစားကွင်းကလေးများရှိသည်။

ကိုစောနိုင်သည် တတိယထပ်၌ ရပ်လိုက်၏။

ဧပြီလလယ်ဖြစ်သော်လည်း နယူးယောက် ဆိပ်ကမ်းမှာ ချမ်းအေးနေသည်။ မိုးနှင့် နှင်းတို့လည်း ရောလျက် ကျဆင်းနေ၏။

ပဲ့ပိုင်းမှနေ၍ ခရီးသည်များက ဆိပ်ခံမဏ္ဍပ်မဟာကြီးပေါ်ရှိ လိုက်လံပို့ကြသော မိတ်ဆွေများဆီ စက္ကူရောင်စုံကြိုးပြားများ၏ တစ်ဖက်စအား ပစ်ပေးကြသည်။ သင်္ဘောကြီးနှင့် ဆိပ်ခံမဏ္ဍပ်ကြီးမှာ ရောင်မျိုးစုံသော စက္ကူကြိုးပြားအလှများနှင့် ချည်နှောင်ဆက်သွယ်လျက် ရှိ၏။

သင်္ဘောဦးမှ သင်္ဘောတူရိယာအဖွဲ့၏ လွမ်းဆွတ်ဖွယ် ခွဲခွာခြင်းတေးသံမှာ ပေါ်ထွက်နေ၏။

တော့ပ်ကုတ်ဟု အမေရိကန်တို့ခေါ်သော အပေါ်ဝတ် အင်္ကျီရှည်မပါဘဲ

www.foreverspace.com.mm

သက္ကလတ်ညှိစင်း ဝတ်စုံကိုသာ ဝတ်ထားမိသောကြောင့် ကိုစောနိုင်မှာ အနည်းငယ် ချမ်းနေသည်။

သို့သော် သူသည် အချမ်းကို အထူး အရေးမပြုမိဘဲ ပတ်ဝန်းကျင်ကိုသာ ငေးမျှော်ရှုနေမိသည်။

အနောက်ဘက်ကမ်းရှိ ဂျာစီမြို့မှာ မိုးပေါက်နှင်းမြူများကြား၌ ဝေဝေဝါးဝါးရှိနေ၏။ မြောက်ဘက်၌ ဟဒ်ဆွန်မြစ်ကို ဖြတ်ကူးထားသည့် ကမ္ဘာကျော် ဂျော့ဝါရှင်တန် တံတားကြီးကို ရေးရေးသာ မြင်ရ၏။

အရှေ့မြောက် နယူးယောက်ဘက်ရှိ (River side Church) ခေါ် ဘုရားရှိခိုးကျောင်းကြီး၏ မိုးထိမျှော်စင်ကြီးကို မြင်သော် သူ့ရင်မှာ အနည်းငယ် ဆို့သွားသည်။

သူ နှစ်ပေါင်း ငါးနှစ်ကျော်နေခဲ့ရသော အနောက် ၁၁၃ လမ်းမှ ယောက်ရှိုင်းယား ဟိုတယ်ကြီးမှာ ဤတစ်ဝိုက်၌ရှိသည်။ ဤအချိန်ဆိုလျှင် အခန်း ပြန်ရောက်ပြီဖြစ်သော သူငယ်ချင်း တွမ်သည် လွမ်းလွမ်းဆွေးဆွေးနှင့် ပီယာနိုကို မျက်စိမှိတ်ရင်း စိတ်ကို ဖြေနေလိမ့်မည်။ အာသာနှင့်ချစ်သူ ဂျက်နက်တို့ကလည်း မိမိအကြောင်းကို ပြောရင်း (The Road to Mandalay) မန္တလေးမြို့ဆီ တေးကို ညည်းနေကြပေမည်။

သံယောဇဉ်ဆိုသည်မှာ လူမျိုးမရွေးပါတကား။ မေတ္တာဆိုသည်ကိုလည်း ကမ္ဘာမြေနယ်နိမိတ် အပိုင်းအခြားတို့သည် မဆီးတားနိုင်ပါတကား...။

ကိုစောနိုင်၏အတွေးကို ရှေ့ရှိ မြင်ကွင်းတစ်ခုက ရပ်စေလိုက်သည်။

ကိုစောနိုင်က အရှေ့ဘက်ရှိ အာစီအေ အဆောက်အဦးကြီးကို ငေးမိခိုက် သင်္ဘောကြီး၏ ပထမတန်းခရီးသည်များ အနားယူ စကြံလျှောက်ရန်အတွက်သာ သီးသန့်ထားသော အပေါ်ဆုံး ပွဲ့စင်ဆီသို့လည်း မြင်မိ၏။

ပွဲ့စင်ထက်၌ မိန်းမပျိုတစ်ဦးက သူ့ကို ဘေးတိုက်ပေးလျက် ရပ်နေ၏။ သိုးမွေးအပေါ်ဝတ် အင်္ကျီအောက်၌ သိသာထင်ရှားစွာ စွန်းပေါ်နေသော ထဘီက ကိုစောနိုင်၏အာရုံကို တုန့်ဖမ်းလိုက်ခြင်းဖြစ်သည်။

ဤနိုင်ငံ၌ အမျိုး၏ဝတ်စုံကို မစွန့်သူ မိန်းမသားဟူ၍ အိန္ဒိယတိုင်းသူနှင့် မြန်မာပြည်ထောင်စု အမျိုးသမီးများသာရှိ၏။

ထဘီကြောင့်သာ မဟုတ်၊ ရှည်လျားနက်မှောင်သော ပိတုန်းရောင် ဆံပင်များကြောင့်လည်း ချောမောသော မိန်းမပျိုကို မြန်မာအမျိုးသမီးတစ်ဦး

www.foreverspace.com.mm

စင်စစ်ဖြစ်မှန်း ကိုစောနိုင် သေချာမိ၏။

အဟန်လည်း လှမ်း၍ အမြင့်မှလည်း ဖြစ်ပြန်သောကြောင့် ဘေးတိုက်မြင်ရသော မျက်နှာလေးမှာ မသဲကွဲသော်လည်း ဖြူစင်လဲ့ဝင်းသည့် အသားအရေရှိမှန်း ကိုစောနိုင် သတိပြုမိသည်။

ကိုစောနိုင်သည် မိန်းမပျိုကို ငေးကြည့်နေမိခိုက် တစ်စုံတစ်ယောက်က ပြေးရင်းလွှားရင်း မိမိအား ဝင်တိုက်သွားခြင်းကို ခံရသည်။ ကိုစောနိုင်၏ကိုယ်မှာ ယိမ်းယိုင်သွားခိုက် နောက်တစ်ယောက်က ဝင်တိုက်ပြန်သည်။ ကိုစောနိုင် ကြမ်းပေါ်သို့ လဲကျသွား၏။

ကြမ်းပြင်၌လက်ထောက်ထိုင်ရင်း ကိုစောနိုင်သည် ဒေါသဖြင့် မိမိအား ဝင်တိုက်သူများကို လှမ်းကြည့်၏။ ထိုခဏ၌ပင် ဒေါသတို့ပြေရသည်။

ဆံပင်ရွှေဝါရောင် မျက်ဆန်ပြာပြာ၊ ရှမီးဇ်ဟန် (Chemise Style) ခေါ် လွတ်လပ်ပေါ့ပါးသည့် မိုးပြာရောင် သိုးမွေး ဂျာစီစွပ်ကျယ် ခါးကျော်အင်္ကျီ၊ ပလိဒ်စကတ် (Plaid Skirt) ခေါ် စိမ်းပြာဖျော့ဖျော့ထက် အနီရောင်ကွက်ကျဲ တွီသိုးမွေး ဂါဝန်ဝတ်စုံနှင့် နုနယ်ငယ်ရွယ်သူ အမေရိကန်မလေး တစ်ဦးက မိမိအား မျက်လုံးလေးပြူးရင်း အံ့အားသင့် ရပ်ကြည့်နေသည်။ အမေရိကန်မလေးအနီး ယှဉ်ရပ်လျက် အမေရိကန်မလေး နည်းတူပင် မျက်လုံးအပြူးသားနှင့် မိမိအား ပါးစပ်ပြဲလျက် ကြည့်နေသူကား ပျိုမျစ်လန်းဆန်းသော အရှေ့တိုင်းသား လူငယ်တစ်ဦးတည်း။

လူငယ်၏ ကိုယ်တွင် ဝတ်ဆင်ထားသည့် မီးခိုးရောင်သက္ကလပ် ဝတ်စုံမှာ မြင်ရုံနှင့်သိသာသည့် ကိုယ်နှင့်တိုင်း၍ အထူးချုပ်ထားသော (Tailor Maae) အကောင်းစားဝတ်စုံဖြစ်သည်။

ထိုလူသည် သတိရလာဟန်လှုပ်ရှား၍ ကိုစောနိုင်အား လက်တစ်ဖက်ကမ်းပေးပြီး ထထိုင်နိုင်ရန် ကူညီသည်။ ကူညီရင်းလည်း တောင်းပန်သည်။

"ကျွန်တော်အများကြီး ဝမ်းနည်းပါတယ်ဗျာ၊ ခွင့်လွှတ်ပါ၊ ကျွန်တော်တို့ မဆင်မခြင် ပြေးလွှားမိလို့ ဒီလို ဖြစ်ရတာပါ၊ တောင်းပန်ပါတယ်"

လူငယ်က ပီသရည်မွန်သော အင်္ဂလိပ်စကားဖြင့် တောင်းပန်နေ၍ ကိုစောနိုင်ကလည်း အင်္ဂလိပ်စကားဖြင့်ပင် ပြန်ဖြေသည်။

"ကိစ္စမရှိပါဘူးကွယ်၊ ငါကလည်း မင်းတို့ ပြေးလာတာကို မမြင်မိအောင် ငေးနေမိတာကိုး"

ကိုစောနိုင်က လူငယ်၏ ရည်မွန်မှုကြောင့် ကျေနပ်စွာဖြင့် ပြုံးရင်းပြောရာ လူငယ်မှာ စိတ်သက်သွားဟန် တုံ့ပြန်ပြုံးပြီး မေး၏။

"ဒါထက် ခင်ဗျား အာရှတိုက်သား တစ်ယောက်ပဲနော်"

"ဟုတ်ပါတယ်၊ ငါ ပြည်ထောင်စု မြန်မာနိုင်ငံကပါ"

လူငယ်မှာ မမျှော်လင့်သည်ကို ကြားလိုက်ရဟန် မျက်လုံးပြူး ပါးစပ်ပြဲသွားပြီးနောက် ရုတ်တရက် ပြုံးရွှင်သွားလျက် ကိုစောနိုင်၏ လက်ကို အားရပါးရ လှုပ်ယမ်းကာ မြန်မာစကားနှင့်ဆိုသည်။

"ဟာ…မြန်မာပြည်က၊ ကျွန်တော်လဲ မြန်မာပြည်ကပဲ၊ တွေ့ရသော ဝမ်းသာလိုက်တာ"

အင်္ဂလိပ်စကားပြောစဉ်က မသိသာသော်လည်း မြန်မာစကားပြောသော အခါ လူငယ်၏အသံမှာအတော်ဝဲမှန်း ကိုစောနိုင် သတိထားမိသည်။ မည်သို့ ဖြစ်စေ ထူးထူးဆန်းဆန်း တစ်နိုင်ငံတည်းသားချင်း တွေ့ရသဖြင့် ကိုစောနိုင်လည်း ဝမ်းသာမိသည်မှာ အမှန်ဖြစ်၏။

"အို မြန်မာပြည်ကပဲ၊ ဝမ်းသာစရာပဲ၊ ကိုကြီးနာမည်က စောနိုင်လို့ ခေါ်တယ်၊ ဒုတိယတန်း ခရီးသည်တစ်ဦးပါ"

"အား ကျွန်တော့်နာမည်က အဲ…စပ်ခိုင်ဖ ပါ၊ လွယ်လွယ်ကူကူ ဟင်နရီလို့ ခေါ်ပါလေ"

ဤသို့ပြောပြီး လူငယ်သည် သူ့ဘေးမှ အမေရိကန်မလေးကို လှည့်၍ ရှင်းပြသည်။

"မမျှော်လင့်ဘဲ တို့တစ်နိုင်ငံထဲသားချင်း လာတွေ့နေတယ်ကွ၊ သူ့နာမည် ဦးစောနိုင်၊ ဦးစောနိုင် ဒါက ဘာဘရာ"

ကိုစောနိုင်နှင့် ဘာဘရာသည် လက်ဆွဲနှုတ်ဆက်ကြသည်။ လက်ဆွဲနှုတ်ဆက်အပြီး၌ ဘာဘရာသည် အံ့ဩစိတ် ပြေပျောက်မတူသေးဘဲ ကိုစောနိုင်နှင့် စပ်ခိုင်ဖတို့၏ မျက်နှာများကို သူ့မျက်လုံးပြာများနှင့် ကူးကာလှယ်ကာ အပြန်ပြန်ကြည့်ပြီး မှတ်ချက်ချသည်။

"မင်းတို့နိုင်ငံသားတွေဟာ တစ်ယောက်နဲ့တစ်ယောက် ဒီလိုပဲ ရုပ်ချင်း သိပ်တူကြတာပဲလား"

ဘာဘရာ၏ မှတ်ချက်ကြောင့် ကိုစောနိုင်သည် စောစောက သတိမပြုမိသည်ကို ထိတ်လန့်တကြား မြင်ရ၏။

www.foreverspace.com.mm

www.foreverspace.com.mm

မှန်သည် အသက်အရွယ် ခြားနားခြင်းကြောင့် နှုတ်ဆိုခြင်းအရာမှတစ်ပါး မိမိနှင့် စောခိုင်ဖမှာ ရုပ်ချင်းဆင်လွန်းလှသည်။

စောခိုင်ဖကလည်း ကိုစောနိုင်ကို စေ့စေ့ပြန်ကြည့်မိရာမှ ထိတ်လန့်တကြားအော်၏။

"ဟာ…ဟုတ်တယ်၊ ကျွန်တော်တို့နှစ်ယောက် သိပ်တူတာပဲ၊ ကျွန်တော်နဲ့ တူတာထက် ကျွန်တော့်ခမည်းတော်ဓာတ်ပုံနဲ့ ပိုတူတယ်၊ ဦးစောနိုင် ရှမ်းစပ် သလား"

"မဟုတ်ပါဘူး ကိုကြီးက မြန်မာအစစ်ပါ"

ထိုစဉ် တွန်းဆွဲ သင်္ဘောလေးများ၏အားကြောင့် သင်္ဘောမဟာကြီးမှာ ဆိပ်ခံမဏ္ဍပ်ကြီးမှ ခွာစပြုသည်။

"ဟော…ဟင်နရီ သင်္ဘောကြီး ခွာနေပြီ"

ဘာဘရာက သတိပေးသဖြင့် စောခိုင်ဖသည် လှုပ်ရှားသွားပြီး နှုတ်ဆက်၏။

"နောက်တော့ တွေ့ကြသေးတာပေါ့၊ ကျွန်တော်က ပထမတန်းခရီးသည်ပါ၊ ဒါထက် ဦးစောနိုင် အခန်းနံပါတ် ဘယ်လောက်လဲ"

"စီ ၂၈၇ ပါ၊ လာလည်ပေါ့ ဟင်နရီ"

ဟင်နရီစောခိုင်ဖသည် ပြုံးနှုတ်ဆက်ပြီး ဘာဘရာနှင့်အတူ ရွှင်ရွှင်မြူးမြူး ပြေးထွက်သွားကြသည်။

ကိုစောနိုင်သည် သူတို့အား အတန်ကြာ စိုက်ကြည့်နေမိ၏။ ထို့နောက်မှ သတိရကာ အပေါ်ထပ်ကို လှမ်းကြည့်သည်။ စောစောက မိန်းမပျိုကို မတွေ့ရတော့။

ဘာဘရာနှင့် စောခိုင်ဖမှာမူ ဆွဲသင်္ဘောများကို ကြည့်လိုက်၊ ဤမှာဘက်ကူးကာ ဆိပ်ခံမဏ္ဍပ်ကြီးဆီ ပြန်ကြည့်လိုက်၊ အပေါ်ထပ်တက်ကာ ပြေးလိုက်နှင့် လူငယ်တို့ဘာဝ အငြိမ်မနေ လှုပ်ရှားကာ ရှိနေ၏။

မိန်းမပျို ပျောက်သွားသဖြင့် ကိုစောနိုင်၏ ရင်တွင်း၌ အနည်းငယ်မကျေမနပ်ဖြစ်သော်လည်း တွေးတောစရာများက အစီအရီ ပေါ်လာသည်။

စောခိုင်ဖ ကြံကြံဖန်ဖန် လာတွေ့ရသည်။ စောဆိုသည်ကို စပ်ဟုမှန်မှန်ကန်ကန် အသံထွက်သွား၏။ ခမည်းတော်ဟူသော အသုံးအနှုန်းကိုလည်း သုံးနှုန်းသွားသည်။ စော်ဘွား အဆက်အနွယ်ထဲက ဖြစ်သည်မှာမူ ထင်ရှားသည်။

www.foreverspace.com.mm

စော်ဘွားဇါ် သားသမီးများ နိုင်ငံခြားသို့လာ၍ ပညာသင်လေ့ရှိမှန်းကို ကိုစောနိုင် သိသည်။ သို့ရာတွင် စောခိုင်ဖမှာ ယခုကဲ့သို့ ပင်လယ်ကူးသင်္ဘောကြီးပေါ်၌ တစ်ဦးချင်းခရီးသွားရန် ငယ်ရွယ်လွန်းသေးသည်။ လူကြီးအဖော်မပါဘူးလော။ ဤဘာဘာရာဆိုသော အမေရိကန်မလေးနှင့် မည်သို့သက်ဆိုင်သနည်း။ သမီးရည်းစားလော၊ သူငယ်ချင်းလော။ ခက်သည်မှာ သူတို့ပြည် ယဉ်ကျေးမှုအရ သမီးရည်းစားနှင့် သူငယ်ချင်းမှာလည်း ခွဲခြားရ ခက်လှ၏။

ကိုစောနိုင်ကို စိတ်အဝင်စားစေဆုံးမှာ စောခိုင်ဖ၏ ရုပ်ရည်ပင်ဖြစ်သည်။ ထူးထူးဆန်းဆန်း မိမိနှင့်တူလွန်းနေသည်။ မိမိကို ရှမ်းသွေးပါသည်လောဟုပင် မေးသွားသည်။ မိမိမှာ ရှမ်းသွေးပါရန် ဝေး၍ ရှမ်းပြည်ကိုပင် တစ်ခေါက်မျှ မရောက်ဘူး၊ မိမိမှာ မြန်မာသွေးစစ်ရုံမက ထင်ရှားသော မြန်မာသွေးဖြစ်သည်။

ကိုစောနိုင် တွေးကောင်းနေဆဲ ဘုရင်မ မေရီသည် ဟဒ်ဆွန်မြစ်လယ်သို့ပ ကောင်းစွာရောက်ခဲ့သဖြင့် ဆွဲသင်္ဘောကလေးများ ခွာသွားကြသည်။ သင်္ဘောကြီး၏ စက်သံနှင့်အတူ နယူးယောက်ဆိပ်ကမ်းကို နှုတ်ဆက်သော ဥသြသံ ပေါ်လာ၏။

ကိုစောနိုင်သည် အတွေးဖြတ်၍ နောက်တွင် တရိပ်ရိပ်ကျန်ရစ်သော ဂျာဆီနှင့် နယူးယောက် ဆိပ်ကမ်းများကို ငေးကြည့်ပါလာမိ၏။

မင်ဟတ်တန်ကျွန်းအစွန် ရောက်သော် အရှေ့ဘက်၌ ပြည့်ကျပ်ပွတ်သိပ်သမျှ မြင့်မားလှသော ဝေါလ်စတြိ အပါအဝင် နယူးယောက် မြို့စွန်ရပ်ကွက် မိုးထိတိုက်များကိုလည်းကောင်း၊ အနောက်ဘက်တွင် လွတ်လပ်ရေးရုပ်တုကြီးနှင့် စတက်ဟင်ကျွန်းများကိုလည်းကောင်း၊ ဧပြီလ မိုးမြူသင်တိုင်းကို ခွင်းလျက် လွမ်းဆွတ်ဖွယ် တွေ့မြင်ရသည်။

တစ်နေရာမှခွာသော် လွမ်းဆွတ်တတ်သည်မှာ လူ့ဓမ္မတာဖြစ်သည်။ လွမ်းဆွတ်ခံစားရမှုကို သတိပြုဆင်ခြင်မိခြင်းကား အနုပညာသမားတို့၏ ဉာဉ်ဖြစ်၏။

နယူးယောက်တစ်ဝိုက်သည် မိုးမြူများနောက်၌ ပျောက်စပြုမှ ကိုစောနိုင်သည် သက်ပြင်းကို မသိမသာရှိုက်၍ မိမိအခန်းဆီ ပြန်လာသည်။

သင်္ဘောမှ ညွှန်ကြားချက်အတိုင်း အရေးပေါ် အခြေအနေအတွက် ကြိုတင်ပြင်ဆင်မှုသင်ခန်းစာ လေ့ကျင့်ခြင်းပြုရန် စတင်ရသည်။

အခန်းစောင့် လုလင် ဝွယ်လင်က ကိုစောနိုင် အသက်ကယ် တန်ဆာပလာ

www.foreverspace.com.mm

ဝတ်သည်ကို လာရောက် ကူညီပေးသည်။

"သိုင်းခယူ…ဂွယ်လင်"

ကိုစောနိုင်သည် သတ်မှတ်ထားသော အထပ်ဆီ ပြန်လာခဲ့သည်။ အထပ်တစ်ခုလုံး၌ မိမိကဲ့သို့ပင် အသက်ကယ် တန်ဆာပလာ ကိုယ်စီဖြင့် တစ်ဦးကိုတစ်ဦး ဝေဖန်နောက်ပြောင်ကာ စုဝေးနေကြသော ခရီးသည်များကို တွေ့ရသည်။

အသက်ဆယ့်နှစ်နှစ်ခန့် မျက်နှာဖြူကလေးတစ်ဦးနှင့် ဆယ့်ခြောက်နှစ်ခန့် ကလေးမတစ်ဦးမှာ မိမိတို့ဆင်ထားသော အသက်ကယ်တန်ဆာများကို စစ်ဆေးကြည့်နေကြရာမှ အငြင်းပွားနေကြသည်။ သူတို့၏ မျက်လုံးများသည် စနစ်တကျ သပ်သပ်ရပ်ရပ်ဆင်ထားသည့် ကိုစောနိုင်ဆီ ရောက်လာ၏။

ယောက်ျားလေးက သူ့ဖခင်ဖြစ်သူထံ လှမ်းအော်၏။

"ဒက်ဒီ…ခင်ဗျားကြီး မှားတယ်"

မိန်းကလေးက ထောက်ခံသည်။

"ဟုတ်တယ်…ဒက်ဒီ မှားတယ်၊ ဟောဒီလူကြီးလူကောင်းကို ကြည့်စမ်း"

သူတို့လေး နှစ်ဦးက ကိုစောနိုင်ကို ညွှန်ပြကြ၏။

သူတို့လေးများ၏ ဖခင်ဖြစ်သူမှာ ဗိုက်ရွှဲရွှဲနှင့် ဧရာမလူကြီးဖြစ်သည်။ သူသည် အနီးရှိ မိတ်ဆွေများနှင့် တစ်စုံတစ်ခုကို ပွဲကျရယ်မောနေရာမှ ကလေးများကို လှည့်ကြည့်သည်။

အမှန်မှာ တန်ချိန် ရှစ်သောင်းတစ်ထောင်ကျော်ရှိ၍ နောက်ဆုံးပေါ် ရေကြောင်းပညာ ကရိယာများ တပ်ဆင်ထားလျက် လက်ရွေးစင် မာလိန်မှူး အုပ်ချုပ်သော ဤသင်္ဘောမဟာကြီး ဘေးအန္တရာယ် တစ်စုံတစ်ရာ တွေ့ရန်မှာ ခဲယဉ်းပါဘိခြင်း။ သို့ရာတွင် ဝတ္တရားအဖြစ် မိုးမပြို ပြိုခဲ့သော်ဟူ၍ ဤသို့ အရေးပေါ်ပြင်ဆင်မှု လက်တွေ့ သင်ခန်းစာကို ပေးရရိုးဖြစ်သည်။

လူကြီးများက အကြောင်းသိသဖြင့် ပေါ့ပေါ့ပင် လုပ်ကြသော်လည်း ကလေးများမှာ အရာရာ စိတ်ဝင်စား၍ အစစစနစ်တကျ လုပ်ချင်ကြသည်။ ထို့ကြောင့်လည်း နည်းမမှန် လမ်းမမှန် ဆင်ထားရသော မိမိတို့၏ တန်ဆာပလာများကို မြင်သည်နှင့် တစ်ပြိုင်နက် ကလေးနှစ်ဦးက ကန့်ကွက်ခြင်းဖြစ်သည်။

အဘိုးကြီးက မျက်စိတစ်ဖက်မှိတ်ပြရင်း အရေးမကြီးဟန် ဆိုသည်။

"ဂရုစိုက်မနေပါနဲ့ ကလေးရာ၊ ဒါတွေက လုပ်ရိုးလုပ်စဉ်ပါ"

ကလေးနှင့် ကလေးမသည် မကျေနပ်။ သူတို့က ကိုစောနိုင်ကို လှမ်းကြည့်ကြသည်။

ကိုစောနိုင်သည် အလိုက်သိစွာဖြင့် ကလေးများထံ ကပ်သွားသည်။

"မင်းတို့... ငါ့လို စနစ်တကျ ဝတ်ချင်လား..."

သူတို့လေးများက ပြုံးပြုံးရွှင်ရွှင်ဖြင့် ခေါင်းညိတ်ကြသည်။

ကိုစောနိုင်သည် သူတို့၏ တန်ဆာပလာများကို စနစ်တကျ ပြန်ဝတ်ဆင်ပေးသည်။

ထိုအခါကျမှ နှစ်ဦးသား စိတ်ကျေနပ်သွားကာ သံပြိုင်ဆိုသည်။

"သိုင်းခရု၊ အခုမှ စမတ်ကျသွားတယ်။ ဟေး... ဒက်ဒီ ဒီမှာကြည့်စမ်း..."

ဖခင်လုပ်သူသည် စကားပြောမပျက်။ သူ့ကြည့်ရသည်မှာ စကားပြောရယ်မောနေရလျှင် လောကကို မေ့နေတတ်သူ ဖြစ်ဟန်ပေါ်သည်။ မျက်နှာဖြူမကြီး တစ်ဦးကသာ လှည့်၍ အသိအမှတ်ပြုသည်။

"ကောင်းတယ်၊ ကောင်းတယ်...၊ မင်းတို့ ကြည့်ကောင်းသွားပြီ"

ကလေးနှစ်ဦးက ကိုစောနိုင်ဘက် လှည့်၍ ပြုံးပြကြသည်။ မိန်းကလေးက စ စကားပြော၏။

"ရှင်... သိပ်ကြင်နာတတ်တာပဲ။ ကျေးဇူးတင်ပါတယ်"

ချာတိတ်ငနဲလေးကလည်း ပြော၏။

"ဟုတ်တယ်။ ခင်ဗျား သိပ်ကြင်နာတတ်တာပဲ...။ ဒါထက် ခင်ဗျား အရှေ့ကလား"

"ဟုတ်ပါတယ်ကွယ်"

"ခင်ဗျား တရုတ်လား..."

"မဟုတ်ပါဘူး၊ ငါမြန်မာပါကွယ်"

"မြန်မာ...မြန်မာပြည် ဘယ်နားမှာရှိလဲ..."

"မြန်မာပြည်ဆိုတာ အိန္ဒိယနဲ့ ယိုးဒယားပြည် ကြားမှာကွယ့်"

ကလေးနှစ်ဦးက ခေါင်းညိတ်သည်။ အမှန်တော့ မြန်မာပြည် ဘယ်နားရှိမှန်း သိပုံမရ။

ထိုအခိုက်တွင်ပင် မမျှော်လင့်သူတစ်ဦးက သူတို့ရှေ့ လာရပ်သည်။ ဘာဘရာတည်း။

www.foreverspace.com.mm

"မစ္စတာနိုင်း၊ ကျွန်မခေါ်တာ မှန်တယ်နော်"

"အြော်...မှန်ပါတယ် ဘာဘာရာ"

"ကျွန်မဝတ်ထားတာကော မှန်ရဲ့လား"

"စနစ်တကျပါပဲ ဘာဘာရာ"

ဖြေရင်းတွင် ကိုစောနိုင်သည် မိမိကိုယ်ကို ပုစ္ဆာထုတ်နေမိ၏။ ဘာဘာရာနှင့် စောခိုင်ဖသည် အတူတွဲလျက် ရှိခဲ့သည်။ စောခိုင်ဖက သူသည် ပထမတန်း ခရီးသည်ဟု ပြောခဲ့၏။ ယခု ဘာဘာရာကို ဒုတိယတန်း၌ တွေ့နေရသည်။

"ဒါထက်...ဟင်နရီကော ဘာဘာရာ"

ဘာဘာရာ၏ ပါးမို့များထက် မသိမသာ ရှက်သွေးရဲသွားသည်။

"ဟင်နရီက ပထမတန်းမှာပါ၊ ဘာဘာရာက ဒီကပါ"

ဘာပြန်ပြောရမည်မသိသော ကိုစောနိုင် ငြိမ်နေခိုက် သင်္ဘောအရာရှိတစ်ဦး ပေါ်လာကာ အရေးတစ်စုံတစ်ရာပေါ်က စနစ်တကျ မည်သို့ပြုကြရမည်ကို ရှင်းပြညွှန်ကြားသည်။

ညွှန်ကြားချက်အဆုံး၌ ဘာဘာရာသည် ကိုစောနိုင်အား နှုတ်ဆက် ထွက်ခွာသွား၏။

ချာတိတ်နှစ်ဦးကလည်း နှုတ်ဆက်ရင်း မိတ်ဖွဲ့သည်။

"ကျွန်မနာမည် ရိုစ် မာရီယူဒေါလ်ပါ"

"ကျွန်တော့်နာမည် ဒင်းနစ်စ် ယူဒေါလ်ပါ"

"အေး...အေး...ဝမ်းသာပါတယ်ကွယ်၊ ငါ့နာမည်က စောနိုင် မင်းတို့ မစ္စတာနိုင်လို့ခေါ်ပေါ့"

ဤသို့ ကိုစောနိုင်နှင့် ကလေးများ ရင်းနှီးစွာ ပြောနေခိုက် မိဘများ ကပ်လာသည်။ ကလေးများမှတစ်ဆင့် သူတို့နှင့် ကိုစောနိုင် သိကျွမ်းရသည်။ မစ္စတာနှင့် မစ္စစ်ယူဒေါလ် ဟူသတည်း။ မစ္စစ်ယူဒေါလ်မှာ အင်္ဂလိပ်မဖြစ်၍ မစ္စတာယူဒေါလ်မှာ အမေရိကန်ဖြစ်သည်။ မစ္စတာယူဒေါလ်က လန်ဒန်ရှိ အမေရိကန် ကုမ္ပဏီကြီးတစ်ခုမှ လက်ထောက်မန်နေဂျာ ဖြစ်သည်။

ကိုစောနိုင်သည် အသစ်တွေ့ရသော မိတ်ဆွေများကို နှုတ်ဆက်၍ အခန်းသို့ ပြန်လာခဲ့သည်။

အဝတ်အစားမလဲဘဲ ဖိနပ်သာချွတ်၍ ခုတင်ပေါ် ခေတ္တလှဲနေမိသည်။ အနီးရှိ စားပွဲပေါ်၌ ယနေ့တစ်နေ့တာ အစီအစဉ်စာအုပ်ကလေးကို တွေ့သဖြင့်

ကောက်ဖတ်ကြည့်မိသည်။ တစ်နေ့တာအတွက်သာမက ညနက်သည်အထိ ပျော်ပွဲရွှင်ပွဲစသည်တို့ မပြတ်အောင် ပြည့်နှက်နေသည်။

ကိုစောနိုင်သည် အခန်း၌ နေရာချစရာများကို ချကာ ခေတ္တနားနေသည်။ နေ့တစ်နာရီထိုးမှ နေ့လယ်စာစားရန် ထမင်းစားခန်းသို့ တက်ခဲ့၏။

ဘုရင်မ မေရီ၏ ထမင်းစားခန်းကြီးမှာ ဒုတိယတန်း ထမင်းစားခန်း ဖြစ်လင့်ကစား ခမ်းနားကြီးကျယ်လှသည်။ ဤမှာဘက် စားပွဲမှ ဟိုမှာဘက် စားပွဲအထိ သဲသဲကွဲကွဲ လှမ်းမမြင်နိုင်လောက်အောင်ပင် ကျယ်ဝန်းသည်။ ဒုတိယတန်းခရီးသည် နှစ်ရာငါးဆယ်ခန့်ကို ချောင်ချောင်လေး ကျွေးမွေးနိုင်သည်။

ကိုစောနိုင်သည် မိမိ၏စားပွဲဆီ ရောက်လာသောအခါ မိမိအရင်ရောက်နှင့်သော လူနှစ်ဦးကို တွေ့ရသည်။ စားပွဲတစ်လုံးလျှင် လူလေးယောက် ထိုင်နိုင်သော်လည်း မိမိပါနှင့်သုံးယောက်သာရှိ၏။ ထုံးစံအတိုင်း ထိုင်မိလျှင် အချင်းချင်း မိတ်ဖွဲ့ရ၏။ ကိုစောနိုင်၏စားပွဲဝိုင်း တွဲဖက်များမှာ ယူဂိုဆလပ်များ ဖြစ်ကြ၏။ တစ်ဦးမှာ ချိုင်းထောက်ကြီးနှင့်ဖြစ်၍ အမေရိကန်ပြည်နေစဉ် မော်တော်ကား မှောက်လျက် ဒဏ်ရာရခဲ့သူမှန်း သိရသည်။ သူက နှုတ်နည်းသည်။ အင်္ဂလိပ်စကား လည်း မတတ်လှ။

အခြားတစ်ဦးမှာမူ မာရှယ်တီတိုးကဲ့သို့ပင် တုတ်တုတ်ခိုင်ခိုင်ဖြစ်၍ အင်္ဂလိပ်စကား အတန်အသင့်ပြောနိုင်ပြီး ဖော်ရွေပွင့်လင်းသူဖြစ်သည်။ သူ့နာမည်ကား မီယိုးဒရက်မာလက်ခေါ်သည်။ သူ့ကို မာလက်ဟု ခေါ်ရန် ပြော၏။

ကိုစောနိုင်နှင့် မာလက်တို့၏ စားပွဲထိုးသည် ရောက်လာသည်။ သူ့နာမည် က လွယ်သည်။ ရစ်ကီဟု ခေါ်နိုင်၏။

ရစ်ကီသည်ရနိုင်သော ဟင်းလျာစာရင်းကိုပြသည်။ စာရင်းကိုကြည့်မိသော ကိုစောနိုင်မှာ ကွန်းနဒ်လိုင်းနှင့် ဘုရင်မသင်္ဘောတို့၏ ကျော်ကြားသော ဂုဏ်သတင်းကို ယခုမှ နားလည်မိသည်။ စာရင်းတွင် ကမ္ဘာ့အကောင်းဆုံး ဟိုတယ်ကြီးများ၌သာ ရနိုင်သော စားသောက်ဖွယ် အမည်တို့ကို တွေ့ရသော ကြောင့်ပေတည်း။

ကိုစောနိုင်သည် စကင်ဒီနေဗီးယင်း ခေါ် ဥရောပအနောက်မြောက်ပိုင်းမှ အစာတို့နှင့် ပြင်သစ်ဟင်းလျာတို့ကို ညွှန်ကြားမှာလိုက်၏။

ရစ်ကီသည် မာလက်တို့ထံ မီနူးစာရင်းကို ပြသည်။ မာလက်သည်

www.foreverspace.com.mm

ကိုးကွယ်ရာ မရဟန် ကိုစောနိုင်ကို လှမ်းကြည့်သည်။ ထို့နောက်…

"မစ္စတာနိုင်း မှာတဲ့အတိုင်းပဲ" ဟုဆိုသည်။

ရစ်ကီ ထွက်သွားသောအခါ မာလက်သည် ကိုစောနိုင်ဘက်လှည့်၍ ရိုးသားစွာဝန်ခံသည်။

"ငါ…အဲဒါတွေ ဘာတွေမှန်းမသိဘူး။ မင်း မှာတာတွေပဲ မှာလိုက်တာပဲ"

ကိုစောနိုင်သည် ယူဂိုဆလပ်များ၏ ရိုးသားဖြူစင်မှုကို ယခင်က ကြားဖူးသည်။ ယခုလက်တွေ့ တွေ့ပြီတည်း။ ကိုစောနိုင်သည် မာလက်ကို ချစ်သွား၏။

"ငါလဲ အတော်အတန်ပဲသိတယ် မာလက်၊ ဒါပေမယ့်…ငါမှာတာတွေ ကောင်းမှာပါပဲ"

"အေး…ကောင်းမှာပါပဲ"

"ဒါပေမယ့်…ငါ ဝိုင်အကြောင်းတော့ သိပ်နားမလည်ဘူး"

မာလက်သည် အောင်မြင်စွာ ပြုံးသည်။

"ဝိုင်နဲ့ ပတ်သက်လာရင်…ငါ့ကို အားကိုး၊ ညနေ ဒင်နာကျရင် ငါ အကောင်းဆုံးဝိုင် မှာပေးမယ်"

ဤသို့ဖြင့် နေ့လယ်စာကို မြိန်ရည်ယှက်ရည် စကားပြောရင်း စားကြရသည်။ အထစ်အငေါ့ တစ်ခုမှာ စွပ်ပြုတ်အပြီး မှာသောအစာသည် ငါးဖြစ်၏။ ကိုစောနိုင်က ငါးစားဓားဖြင့် စနစ်တကျ လှီးစားသည်ကို သတိမပြုမိသော မာလက်တို့သည် သားလှီးဓားဖြင့် လှီးစားကြသည်။ ဓား ခက်ရှင်း စသည်ကို တစ်ပွဲပြီးတစ်ပွဲသိမ်းရိုးရှိသည်။ နောက်တစ်ပွဲ၌ အသားလာသောအခါ မာလက်တို့၌ သက်ဆိုင်ရာ ဓားမရှိ၊ ငါးလှီးဓားဖြင့် အသားကို ခက်ခဲစွာ ဖြတ်နေသည်။ မပြတ်။ ကိုစောနိုင်သည် မနေသာတော့ဘဲ မာလက်ကို အကြံပေးရ၏။

"မာလက်…မင်းမှားနေပြီ၊ သားလှီးဓား ထပ်မှာပေါ့၊ သူတို့ကို အားနာစရာ မရှိပါဘူး"

ထိုအခါမှ မာလက်သည် ရစ်ကီအား သားလှီးဓား ထပ်မှာသည်။ ရစ်ကီကလည်း မဆိုင်းမတွ သွားယူပေးသည်။

ထမင်းစားပြီးကြသောအခါတွင် ကိုစောနိုင်နှင့်မာလက်တို့မှာ ရင်းနှီး ခင်မင်သော မိတ်ဆွေများ ဖြစ်သွားကြ၏။ တစ်ဦး၏ အခန်းနံပါတ် တစ်ဦးအား ပြောပြ၍ ခွဲခွာခဲ့ကြသည်။

❒ ❒ ❒

www.foreverspace.com.mm

# ၃။ ကြမ္မာစေ့်သည်

ကိုစောနိုင်သည် အခန်းသို့ ခေတ္တပြန်၍နားသည်။ တစ်နေ့တာ အစီအစဉ်ကို ဖတ်ကြည့်မိရာ မိမိနှစ်သက်သည်ကို တွေ့ရသဖြင့် ဝမ်းသာသွား၏။ နေ့လယ် နှစ်ချက်ခွဲ၌ ကမ္ဘာ့ဂီတသီချင်းကြီး သီချင်းခန့်ဓာတ်ပြားဖြင့် ဖျော်ဖြေမှု အစီအစဉ်ရှိသည်။ ထို့ကြောင့် ကိုစောနိုင်သည် တစ်ရေးတစ်မောအိပ်မည်ဟု စိတ်ကူးထားခြင်းကို ဖျက်လိုက်၍ ဗဟိုဧည့်ခန်းမသို့ တက်ခဲ့သည်။

ထိုနေ့ နားဆင်ရသော ဂီတမှာ ကိုစောနိုင် အနှစ်သက်ဆုံးဖြစ်သည့် ဂီတဘုရင်ကြီး (ဘေးတိုးဗင်)၏ အေ-မေဂျာဖြင့် သီဖွဲ့ထားသော ဆင်ဖိုနီနံပါတ် (၇)အိုးပ့်စ် ၉၂ ဖြစ်သည်။

ဂီတချင်ခြင်းကို အာဟာရပြည့်ဝအောင် ဖြည့်ဆည်းခဲ့ရပြီးသည့်နောက် ကျေနပ်သွားသော ကိုစောနိုင်သည် ညနေပိုင်း လက်ဖက်ရည်သောက်ခြင်းကို မပြုတော့ဘဲအခန်းသို့ပြန်၍ တစ်ရေးတစ်မော အိပ်သည်။ ညနေ ၅ နာရီ၌ မိမိအား နှိုးရန် အခန်းစောင့်လုလင် ဂွယ်လင်အား မှာကြားသည်။

ဂွယ်လင်နှိုးသဖြင့် ညနေ ၅ နာရီ၌နိုးသောအခါ ကိုစောနိုင်မှာအားပြည့် လန်းဆန်းနေသည်။ ထို့ကြောင့် ဂွယ်လင်အား မိမိရေချိုးရန် ရေချိုးခန်းကို ပြင်ဆင်ခိုင်း၏။ အားလုံးအဆင်သင့် ဖြစ်သောအခါ ကိုစောနိုင်သည် ရေချိုးကန် အတွင်း၌ ရေနွေးနှင့်ရေအေးစပ်ကာ နာရီဝက်ခန့် ဇိမ်ခံ၍ ကိုယ်ကို ရေစိမ်သည်။

ရေမိုးချိုးပြီး အဝတ်အစားလဲ၍ ကုန်းပတ်ထက်၌ အညောင်းပြေ လမ်းလျှောက်သည်။

ကျယ်ပြောသော သမုဒ္ဒရာ၏အနောက်ဘက် မိုးကုပ်စက်ဝိုင်းဆီ၌ နေသည် ဝင်စပြုနေ၏။ "ဘုရင်မ မေရီ" သင်္ဘောကြီးမှာ ကျယ်ပြောသော သမုဒ္ဒရာကို ပမာပြုဟန်မရှိ။ ခံ့ညား တည်ငြိမ်စွာ ခုတ်မောင်းနေ၏။

www.foreverspace.com.mm

ကိုစောနိုင်သည် သဘော်ကြီး ပဲ့ပိုင်းမှ မြင်ရသော လှိုင်းဂယက်များအား ငေးမျှော်ကြည့်ရင်း နယူးယောက်မြို့အား လွမ်းမိသည်။ ယခုအချိန်ဆိုလျှင် တွမ်တစ်ယောက် ဘာလုပ်နေမည်နည်း။ အာသာနှင့် ဂျက်နက်ရော ဘာလုပ်နေကြမည်နည်း။

ခါတိုင်းညနေတိုင်းဆိုလျှင် ညစာအတွက် သူတို့ကြိုက်သော ကြက်သား ဆီပြန်ဟင်းကို ကိုစောနိုင် စီစဉ်ချက်ပေးရိုးရှိသည်။ ဂျက်နက်က မျက်ရည် တစမ်းစမ်းနှင့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီး၊ ချင်း စသည်တို့ကို ပျဉ်ပြားပေါ်တင်၍ အာသာက ဘီယာပုလင်းနှင့် ကြိတ်ပေးရိုးဖြစ်သည်။ ထိုအခါ မျိုးဝယ် တွမ်က ဘီယာလေးကျိုက်ကာ ကျိုက်ကာနှင့် ထမင်းရေခန်းကို မတူး စေရန် သတိထားရင်း နှပ်နေသည်။

ခွဲခွာခဲ့သော မိတ်ဆွေများအား လွမ်း၍ မှိုင်နေခိုက် ကိုစောနိုင်အား တစ်စုံတစ်ယောက်က လာရောက်နှုတ်ဆက်သည်။

"ဟိုင်း...မစ္စတာနိုင်း"

ကိုစောနိုင် လှည့်အကြည့်သောအခါ ဘာဘရာကို တွေ့ရသည်။

"ဟိုင်း...ဘာဘရာ"

ဘာဘရာသည် ညနေခင်းအတွက်ဖြစ်သော သစ်လွင်လှပသည့် အဝတ် အစားတန်ဆာဖြင့် တောက်ပတင့်တယ်နေ၏။

"မစ္စတာနိုင်း နယူးယောက်မှာ လွမ်းစရာ ကျန်ခဲ့တယ် ထင်တယ်"

"အမှန်ပဲဘာဘရာ၊ နယူးယောက်မှာ ငါလွမ်းစရာတွေ ကျန်ရစ်ခဲ့တယ်"

ဘာဘရာသည် ပြာမြမြမျက်လုံး၊ မပြုံးတစ်ဝက် ပြုံးတစ်ဝက်မျက်နှာ ထားဖြင့် ကိုစောနိုင်အား ကြည့်သည်။

"ရှင်တောင် ဒီလောက်လွမ်းရင် သူမလဲ သိပ်ကြေကွဲနေမှာပဲနော်"

"ဟော... မင်းစိတ်ကူးယဉ်လွန်းအားကြီးသွားပြီ၊ ငါ လွမ်းတာက 'သူမ'တွေမဟုတ်ဘူး၊ 'သူ' တွေပါ..."

ဘာဘရာသည် အားနာဟန် တောင်းပန်၏။

"ကျွန်မ မှားသွားပါတယ်၊ လွမ်းတယ်ဆိုတော့ ဆန့်ကျင်ဘက် လိင် ကိုသာလွမ်းရိုးထုံးစံရှိတယ်လို့ ကျွန်မက နားလည်ထားတယ်၊ ထားပါတော့လေ၊ ကျွန်မရဲ့ ကလေးဆန်သောမပြည့်ဝမှုပဲ ဖြစ်ပါလိမ့်မယ်၊ ဒါပေမဲ့ မစ္စတာနိုင်း ဘုရင်မ မေရီပေါ်မှာလဲ တပ်မက်လွမ်းဆွတ်ဖွယ်ရာလေးတွေကို ရှင်ကံကောင်းရင်

www.foreverspace.com.mm

တွေ့နိုင်ပါလိမ့်မယ်''

ကိုစောနိုင်သည် ယဉ်ကျေးမှုအရ-

''အေး… ငါကံကောင်းလိမ့်မယ် ထင်ပါတယ်ကွယ်'' ဟု ပြောရင်း နံနက်က အဖြစ်ကို သွားသတိရသည်။

''ဒါထက် ဟင်နရီနဲ့ မင်း ထပ်တွေ့သေးလား''

ဘာဘရာသည် ထူးဆန်းသော အပြုံးကလေးကို ပြုံးလိုက်သည်။

''ဟင်နရီက ပထမတန်း ခရီးသည်ပါ၊ကျွန်မက ရှင့်လိုပဲ ဒုတိယတန်း ခရီးသည်၊ တွေ့ဖို့ဘယ်လွယ်မလဲ၊ ဒါပေမဲ့…သူလာမယ်လို့တော့ ပြောတာပဲ''

မှန်သည်။ ဒုတိယတန်း ခရီးသည်များအနေနှင့် ပထမတန်းသို့ သွားခွင့်မရှိ။ သွားခွင့်မရှိ ဆိုသည်မှာ စည်းကမ်းအရ ဖြစ်သည်။ ဒုတိယတန်းနှင့် ပထမတန်းကြားတွင် မကျော်သွားနိုင်အောင် တားဆီးထားသော အရံအတား များမှာမရှိ။ တားဆီးခြင်းစင်စစ်မှာ မိမိဂုဏ်သိက္ခာ မိမိရှိသေမှုသာလျှင် ဖြစ်၏။ ပထမတန်းခရီးသည်များမှာမူ ဒုတိယတန်းသို့လာချင်က လာနိုင်၏။

ဘာဘရာတောက်ပစွာ ဝတ်ထားခြင်းကိုထောက်၍ ဟင်နရီစောခိုင်ဖအား မျှော်လင့်နေကြောင်းထင်ရှား၏။

ထိုအခါကျမှ ကိုစောနိုင်သည် နံနက်က မိမိရှုမောငေးမိခဲ့ရသော မိန်းမပျိုကို သတိရသည်။ ပထမတန်းခရီးသည် ဖြစ်သဖြင့် ထိုမိန်းမပျိုသည် မိမိအတွက် မလှမ်းနိုင်သော မဓိပန်းဖြစ်နေပါ၏။

ကိုစောနိုင် ငိုင်နေစဉ် ဘာဘရာက မေးသည်။

''မစ္စတာနိုင်း အမေရိကန်ပြည်ထောင်စုမှာ ဘာပညာသင်ပါသလဲ''

''ဂီတ…''

ဘာဘရာမျက်လုံးပြူးသွား၏။

''ရှင်…ဂီတ…၊ ရှင်ဘယ်ကျောင်းတက်ခဲ့လဲ''

''ဂျူးလိယက်''

''ရှင်…ဒီဂရီရခဲ့လား…''

''ငါ…မဟာဝိဇ္ဇာဘွဲ့ ရခဲ့ပါတယ်ကွယ်''

ဘာဘရာသည် မျက်လုံးပြူးသွား၏။ မယုံကြည်နိုင်ဟန်ဖြင့် ကိုစောနိုင်ကို စိုက်ကြည့်နေသည်။

''မင်း…သိပ်အံ့သြသွားသလား…ဘာဘရာ''

www.foreverspace.com.mm

"ဟုတ်တယ်…ကျွန်မသိပ်အံ့သြသွားတယ်၊ရှင် ဘယ်ဘက်မှာ ဂုဏ်ထူး ယူခဲ့သလဲ"

"ငါယူခဲ့တာက ကွန်ပို့ဇင်း…(တေးပြုဝိဇ္ဇာ) အတတ်ပါပဲကွာ"

ဤအကြိမ်တွင် ဘာဘရာ၏ မျက်လုံးများမှာ ပိုမိုပြူးကျယ်သွားသည်။ ဤမျက်လုံးများက အံ့သြခြင်းသာမက အထင်ကြီးလေးစားမှုကိုပါ ဖော်ပြနေသည်။

"ဘာဘရာ၊ မင်း ငါ့ကို မျက်လုံးပြူးပြူးကြည့်တာ နှစ်ခါရှိသွားပြီ၊ မင်းအတွက် ငါဟာ ဘယ်လိုထူးဆန်းတဲ့ သတ္တဝါတစ်မျိုး ဖြစ်နေလို့လဲ…"

ထိုအခါကျမှ ဘာဘရာသည် အသံလေးထွက်အောင် ရယ်မောလိုက်ပြီး ယဉ်ကျေးဖွယ်ရာဆိုသည်။

"ထူးဆန်းသော သတ္တဝါတစ်ဦးအဖြစ် မဟုတ်ပါဘူး၊ ချီးကျူးလေးစားဖွယ် လူတစ်ယောက်အဖြစ်နဲ့ ကြည့်မိတာပါ။ ဂျူးလိယက်ဂီတတက္ကသိုလ်ရဲ့ ဂုဏ်သတင်းဟာ သိပ်ကြီးတယ်၊ အဲ့ဒီက ဘွဲ့ရဖို့ဟာ အင်မတန်ခက်တယ်လို့ ကြားဖူးတယ်၊ တေးပြုဝိဇ္ဇာအတတ်ကတော့ အခက်ဆုံးလို့ ဆိုကြတယ်၊ ဒါကြောင့် ရှင့်ကို ဘာဘရာ အံ့သြမိတာပဲ မစ္စတာနိုင်း ပြီးတော့"

ဘာဘရာသည် တစ်စုံတစ်ခုကို အပြောရခက်ဟန် စကားကို တစ်ပိုင်း တစ်လက်စဖြင့် ရပ်လိုက်သည်

"ပြီးတော့ ဘာဖြစ်သလဲ…ဘာဘရာ"

ဘာဘရာသည် တစ်ချက်ပြုံးလိုက်၍ အခက်အခဲကလေးဖြင့် စကား ပြန်သည်။

"ကျွန်မ ဘယ်လိုပြောရမှန်းမသိဘူး၊ ဟိုဒင်းလေ…အဲ…အရှေ့တိုင်း သား တစ်ဦးက အနောက်တိုင်းဂီတကို ဘယ်လိုလုပ် အရသာ ခံစားတတ်သလဲ၊ ပြီးတော့ ခံစားနိုင်ရုံတင်မကဘူး၊ ဂီတပညာဘွဲ့ကို ဘယ်လိုလုပ်ရအောင် ယူနိုင် ခဲ့သလဲ၊ ဘာဘရာ့မေးခွန်းဟာ ရှင့်ကို စော်ကားသလိုများ ဖြစ်သွားမယ် မထင် ပါဘူးနော်"

ကိုစောနိုင်က ကျေနပ်စွာပြုံးလိုက်ပြီး ဖြေသည်။

"မဖြစ်ပါဘူး ဘာဘရာ၊ မင်း…အံ့သြမယ်ဆိုလဲ အံ့သြထိုက်ပါတယ်၊ ဒါပေမဲ့ မင်း အံ့သြမှုပြေအောင်တော့ ငါ ရှင်းပြပါ့မယ်၊ ဂီတဆိုတာဟာ လူတစ်ဦးနဲ့တစ်ဦး ဆက်သွယ်ပေးယူတဲ့ ဘာသာစကားတစ်မျိုး ဖြစ်တယ်၊

www.foreverspace.com.mm

နှလုံးသားလဲရှိပြီး လေ့လဲလေ့ကျင့်တယ်ဆိုရင် လူသားတစ်ရပ်ရဲ့ ဂီတကို တခြားလူသား တစ်ရပ်က နားလည်ခံစား တတ်ကျွမ်းနိုင်ပါတယ်ဘာဘရာ"

သူတို့နှစ်ဦး စကားကောင်းနေခိုက် နောက်မှ အသံကြားရသည်။

"ဟိုင်း…ဘာဘရာ၊ ကိုယ်နောက်ကျသွားတယ်၊ မင်း တော်တော် စောင့်နေရသလား"

မြူးရွှင်သောအသံ၊ သွက်လက်သောဟန်ဖြင့် ဟင်နရီ စောခိုင်ဖသည် သူတို့နှစ်ဦးဆီသို့ ရောက်လာခဲ့၏

စောခိုင်ဖသည် တန်ဖိုးကြီးသော ကပ္ပဲဝတ် ဝတ်စုံကို သပ်ရပ်စွာ ဝတ်ဆင်ထားသည်။ ကိုယ်နှင့်ခေါင်းမှလည်း ကြိုင်မွှေးသောရနံ့များ ထွက်လာနေ၏။

ကိုစောနိုင်က အထက်တန်းကျသော စောဖခိုင်၏ ဝတ်စားဆင်ယင်ထားပုံကို ချီးမွမ်းသောအကြည့်ဖြင့် ပြုံးကြည့်နေခိုက် ဘာဘရာက ရှင်းပြသည်။

"သိပ်မစောင့်ရပါဘူး ဟင်နရီ၊ ပြီးတော့လဲ ဟောဒီက မစ္စတာနိုင်းက စိတ်ဝင်စားစရာ ကောင်းတာတွေ ပြောပြနေတယ်လေ"

"ဟုတ်လား…ဦးစောနိုင်က ဘာတွေများ စိတ်ဝင်စားစရာတွေ ပြောပြနေတာလဲ…"

"ဂီတအကြောင်းတွေပေါ့ဟင်နရီ၊ပြီးတော့လဲ မစ္စတာနိုင်းဟာဂျူးလိယက် တက္ကသိုလ်ကနေ တေးပြုဝိဇ္ဇာဘွဲ့ ရခဲ့တာတဲ့၊ သိရဲ့လား"

စောခိုင်ဖသည် ပါးစပ်အဟောင်းသားနှင့် ကိုစောနိုင်ကိုကြည့်သည်။ ထိုနောက် ပြုံးရွှင်လိုက်လှဲစွာဆိုသည်။

"ဟာ…ဒီလိုဆို သိပ်ဟုတ်တာပဲ၊ ဒါထက် ဦးစောနိုင် မြန်မာ့ဂီတလဲ တတ်မှာပေါ့၊ ကျွန်တော်တော့ နားမလည်ပါဘူးလေ၊ဒါပေမယ့် အစ်မတော်ဘုရား ကတော့ သိပ်ဝါသနာပါတယ်၊ ဦးစောနိုင်ကိုတွေ့ရင် သူ သိပ်ဝမ်းသာမှာပဲ"

စောဖခိုင်၏စကားကြောင့် ကိုစောနိုင်မှာ အထူးစိတ်ဝင်စားသွားမိ၏။ နံနက်က တွေ့ခဲ့ရသော မိန်းမပျို၏သဏ္ဌာန်ကို မျက်လုံးထဲ၌ ပြန်မြင်ယောင်လာသည်။

"အစ်မတော်ဘုရား ဟုတ်လား၊ သူလဲ အခုသဘင်္ောနဲ့ ပါလာတာပဲလား…"

စောခိုင်ဖသည် ပခုံးကို တွန့်လိုက်၍ မလျောင်တလျောင်အသံဖြင့်

www.foreverspace.com.mm

ဖြေသည်။

"အစစ်ပေါ့၊ ကျွန်တော်ကို ကလေးလေးများ ထင်သလား မသိဘူး၊ အမေရိကန်ပြည်နဲ့ မြန်မာပြည် ပြန်တာများ ဘာစိုးရိမ်စရာ ရှိလို့လဲ၊ အဲ့ဒါကို ဦးရီးတော်က ကျွန်တော်ကို စောင့်ရှောက်ခဲ့ဖို့ဆိုပြီး အစ်မတော်ဖုရားကို ထည့်လိုက်တာ၊ ဘာပဲဖြစ်ဖြစ်လေ၊ သူ့ကို ဦးစောနိုင်နဲ့ မိတ်ဆက်ပေးမယ်၊ ဒီညတော့ မဟုတ်ဘူး၊ သဘော်မူးလို့လား မသိဘူး၊ အစ်မတော်က ဒီနေ့ အခန်းကနေ အပြင်မထွက်ဘူး"

"ဟင်နရီရဲ့ အစ်မတော်ဖုရားရဲ့ နာမည်က ဘယ်လိုခေါ်သလဲ"

စောခိုင်ဖသည် ဘာကြောင့်မသိ ပြုံးစိစိဖြင့် ကိုစောနိုင်ကို ကြည့်သည်။ ထို့နောက် အားရပါးရ ရယ်သည်။

"ဟား…ဟား…ဦးစောနိုင်ကြီး ကျွန်တော့်အစ်မတော်ဖုရားကို သိပ်စိတ်ဝင်စားသွားပလား၊ ဟုတ်လား၊ သိပ်စိတ်မဝင်စားနဲ့နော်၊ ကျွန်တော့် အစ်မတော်ဖုရားအပေါ် စိတ်ဝင်စားတဲ့သူဟာ ကံဆိုးတတ်တယ်"

ဤအကြိမ် မျက်လုံးပြူး၍ အံ့သြရသူမှာ ကိုစောနိုင် ဖြစ်၏။

"ဘယ်လို…ဘယ်လို…ဟင်နရီရဲ့ အစ်မတော်ဖုရားအပေါ်စိတ်ဝင်စားတဲ့လူဟာ ကံဆိုးတတ်တယ်၊ ဟုတ်လား…ဟင်နရီ"

စောခိုင်ဖသည် သူ့စကားကို သူ သဘောကျလေဟန် ရယ်နေပြီးမှ ကိုစောနိုင်၏အမေးကို ဖြေသည်။

"ဟုတ်တယ်၊ သိပ်ကံဆိုးတတ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အစ်မတော်ဖုရားဟာ သိပ်လှတယ်၊ နာမည်ကတော့ စောစန္ဒာနွယ်တဲ့"

ကိုယ်စောနိုင်သည် အေးချမ်းစွာ ပြုံးရင်းဆိုသည်။

"သိပ်လှတဲ့ မိန်းမပျိုတစ်ဦးအပေါ် စိတ်ဝင်စားမိရင် ကံဆိုးတတ်တယ်လို့ ကိုကြီးတော့ မထင်ဘူး၊ တကယ်လို့ ကံဆိုးတတ်တယ်ဆိုရင်လဲ နှစ်နှစ်ခြိုက်ခြိုက် လက်ခံချင်စရာကောင်းတဲ့ ကံဆိုးစရာတစ်ခုပဲ ဖြစ်ပါလိမ့်မယ်"

ကိုစောနိုင်၏စကားကြောင့် စောခိုင်ဖသည် အလွန်သဘောကျဟန် ရယ်မောသည်။

သူတို့နှစ်ဦးက မြန်မာလိုပြောနေကြခြင်း ဖြစ်သဖြင့် နားမလည်ရှာသူ ဘာဘရာက ဝင်မေးသည်။

"ဘာတွေ သဘောကျနေကြတာလဲ၊ ရယ်စရာ ကောင်းတာလေးတွေ

www.foreverspace.com.mm

ရှိရင် ဘာဘရာ့ကိုလဲ တစ်ဝက် ဝေပေးပါလား”

စောခိုင်ဖသည် သတိရဟန် အင်္ဂလိပ်ဘာသာနှင့် တောင်းပန်သည်။

“ဆောရီး ဘာဘရာ၊ ကိုယ့်တိုင်းရင်းသားဘာသာစကားကို မပြောရတာ ကြာတော့ ကိုယ့်တိုင်းရင်းသားချင်း ပြန်တွေ့ရင် ကိုယ့်ဘာသာစကားနဲ့ ကိုယ် ပြောရတာ သိပ်အရသာရှိလို့ မေ့သွားမိတယ်၊ အခု ကိုယ်တို့ပြောနေတာက ကိုယ့်အစ်မအကြောင်းလေ၊ ဦးစောနိုင်ကို ကိုယ်က ကိုယ့်အစ်မနဲ့ မိတ်ဖွဲ့ပေးမလို့၊ ဒါပေမဲ့ ကြိုတင်မှာထားရတယ်၊ ကိုယ့်အစ်မက သိပ်လှတယ်၊ သိပ်လှတဲ့ မိန်းကလေးတစ်ဦးကို စိတ်ဝင်စားရင် ကံဆိုးတတ်တယ်လို့ သတိပေးနေရတယ်”

ဘာဘရာက အသာပြုံးရယ်ရင်း မှတ်ချက်ချ၏။

“ဒီလိုဆိုရင် ငါ ရုပ်မလှတာဟာ မင်းအတွက် ကံကောင်းတာပေါ့နော် ဟင်နရီ”

စောခိုင်ဖ၏ မျက်နှာသည် တည်ကြည်သွားပြီး ဘာဘရာ၏ မျက်နှာလေး ကို စူးစိုက်ကြည့်လျက် နူးညံ့စွာပြောသည်။

“မင်းဟာ သိပ်လှပါတယ် ဘာဘရာ၊ သိပ်ကိုလှပါတယ်၊ ဒါပေမယ့် မင်းနဲ့တွေ့ရလို့ ကိုယ့်ကိုကိုယ် ကံဆိုးတယ်လို့ မထင်မိပါဘူး၊ တကယ်လို့ ကံဆိုးမယ်ဆိုရင် ခုနင်က ဦးစောနိုင်ပြောသလိုပဲ ဒီကံဆိုးခြင်းဟာ နှစ်နှစ်ခြိုက်ခြိုက် လက်ခံစေချင်စရာကောင်းတဲ့ ကံဆိုးခြင်းတစ်ခု ဖြစ်မှာပါပဲ”

စောခိုင်ဖ၏အသံမှာ နူးညံ့သကဲ့သို့ မျက်နှာအမူအရာ မျက်လုံးအကြည့် တို့ကလည်း နူးညံ့သိမ်မွေ့နေ၏။ သူ့အား ပြန်ကြည့်လေသော ဘာဘရာ၏ မျက်နှာလေးကလည်း ရင်မှ စိတ်ကူးယဉ် ချစ်ရသူ၏ လှိုင်းပုတ်ခတ်မှုကို ဖော်ပြနေသည်။

ပြာသော အတ္တလန်တိတ် သမုဒ္ဒရာ၏ ရေပြင်၌လည်း လှိုင်းငြိမ့်ငြိမ့်တို့ ခုန်နေ၏။ နေအဝင်လအထွက် ကြယ်ရောင်တို့ လက်နေစဉ် ပင်လယ်လေညှင်း ကလည်း ညင်ညင်သာသာ တိုက်ခတ်နေ၏။

စိတ်ကူးယဉ်လွယ်သော ငယ်ရွယ်သူတို့အတွက် ရင်ခုံသံသီချင်း ရိုက်ခတ် ဖလှယ်လွယ်စေသော အချိန်ကာလနှင့် ပတ်ဝန်းကျင်ပေတည်း။

ကိုစောနိုင်သည် ငယ်ရွယ်သူနှစ်ဦးအား ကိုယ်ချင်းစာ နားလည်စွာ ကြည့်လိုက်ပြီး နှုတ်ဆက်၏။

“ကဲ…ငါလဲ လမ်းလျှောက်လိုက်ဦးမယ်၊ ညမှာ ကပွဲရှိရင် ကပွဲခန်းမှာ

www.foreverspace.com.mm

တွေ့ကြတာပေါ့"

သူတို့ နှစ်ဦးက ကိုစောနိုင်အား ကျေးဇူးတင်စွာ ကြည့်လိုက်ကြသည်။

စောခိုင်ဖက ဘာမျှမပြောသော်လည်း ဘာဘရာက ဆို၏။

"ကပွဲခန်းမှာ မတွေ့ခင် ကျွန်မတို့ ထမင်းစားခန်းမှာ တွေ့နိုင်ပါသေးတယ်"

ကိုစောနိုင်သည် သူတို့နှစ်ဦး၏အပါးမှ ထွက်ခွာခဲ့သည်။

ပင်လယ်ပြင်၏ လှိုင်းများသည် တစ်စတစ်စနှင့် မသိမသာကြီး မြင့်လာနေကြောင်းကို ကိုစောနိုင် သတိပြုမိ၏။ ကောင်းကင်နှင့် သင်္ဘောပတ်ဝန်းကျင်မှာ နှင်းမြူတို့ သိပ်သည်းနေရကား စောစောက တွေ့ခဲ့သော လရောင်နှင့် ကြယ်ရောင်များ ကွယ်ပျောက်နေပေပြီ။

စကြီးရိပ်သာအထပ်တစ်လျှောက် လာခဲ့စဉ် ကိုစောနိုင်၏ ရင်မှာ မသိမသာ ခုန်နေ၏။

စောစန္ဒာနွယ်…။

ဤအမည်က သူ့စိတ်အာရုံတွင် သဲသဲသိမ့်သိမ့် ပွဲတင်ထပ်နေ၏။ နက်မှောင်သော ပိတုန်းရောင်ဆံပင်များနှင့် လိုက်ဖက်အက်စပ်လှသော ဖြူစင်လှဲ့ဝင်းသည့် မျက်နှာကလေးက သူ့မျက်လုံးများတွင် မသဲမကွဲ ထင်ထင်လာနေ၏။

"ဟုတ်တယ်…၊ သိပ်ကံဆိုးတတ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အစ်မတော်ဖုရားက သိပ်လှလို့ပဲ"

စောခိုင်ဖ၏ ဤစကားရပ်များက သူ့နားဌပြန်ပေါ်လာသည်။

စောခိုင်ဖသည် မည်သို့သော ရည်ရွယ်ချက်နှင့် ဤစကားကို ဆိုခဲ့ပါသနည်း။

တစ်ချက် သေချာသည်မှာကား စောခိုင်ဖသည် ကလေးစိတ် မကုန့်တကုန်နှင့် လွတ်လပ်ပွင့်လင်းသော သဘောရှိကြောင်းပင် ဖြစ်သည်။

မိမိကို ဤကလေးသည် ရိုးသားစွာ ကျီစားနောက်ပြောင် သွားသည်လည်း ဖြစ်နိုင်၏။

တစ်နည်းအားဖြင့်လည်း သူစိတ်ဝင်စားနေသော ဘာဘရာ့အပေါ် မိမိစိတ်မဝင်စားအောင် အာရုံလွှဲပြောင်းပေးလိုက်ခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်၏။

ကိုစောနိုင်သည် သဘောကျစွာ ပြုံးမိ၏။

ဘာသရော့ အပေါ်၌ အထူးတလည် မိမိ စိတ်မဝင်စားမိကြောင်းကို မိမိသာလျှင် သိသည်။ မိမိ အမေရိကန်ပြည်၌ နေခဲ့သော ရှည်လျားသည့် နှစ်များအတွင်း စိတ်ဝင်စားမည်ဆိုပါက စိတ်ဝင်စားဖွယ် ကောင်းလှသော မိန်းမပျို အများကို တွေ့ခဲ့ဖူးသည်။ သို့ရာတွင် မိမိ တကယ်စိတ်ဝင်စားခဲ့သည်မှာ မိမိချစ်မြတ်နိုးလှသော ဂီတပညာသာလျှင်ဖြစ်၏။ ပြီးတော့ ငတ်ဖော် ငတ်ဖက်၊ စွန့်ဖော်၊ စွန့်ဖက် ဂီတမိတ်ဆွေများဖြစ်ကြသော တွမ်နှင့် အာသာတို့ဖြစ်ကြ၏။ မိန်းမသားဟူသည် မိမိအတွက် မေ့လျော့ပစ်ပယ်ထားသော သတ္တဝါ အမျိုးအစား တစ်မျိုးသာ ဖြစ်၏။

သို့ရာတွင်...စောစန္ဒာနွယ်...။

ဤနာမည်ကမူ ဘာကြောင့် နားနှင့်ရင်တွင် ပွဲတင်ထပ်နေပါသနည်း။

ဂီတသမားဖြစ်သော မိမိကိုယ်ကို မိမိနည်းနှင့် မိမိအလွန်စိတ်ကူးယဉ် တတ်မှန်းကိုမူ ကိုစောနိုင် ဝန်ခံသည်။ ယခု မိမိသည် စိတ်ကူးယဉ်နေပါသလော။

ဤသင်္ဘော...ဤခရီး...ဤပတ်ဝန်းကျင်သည် စိတ်ကူးယဉ်ဖွယ်ပင် ဖြစ်၏။

သမုဒ်အဏ္ဏဝါဝယ် ဘုရင်မ မေရီခေါ် ရေနန်းယာဉ်သာကြီးဖြင့် ခရီးသွား နေရခြင်းကပင် စိတ်ကူးယဉ်ဖွယ်ရာ ကောင်းလှ၏။

ကိုစောနိုင်သည် မိမိကိုယ်မိမိ စိတ်ကူးယဉ်နေပြီ ဖြစ်ကြောင်းကို မလှည့် စားလို။ သို့ရာတွင် ဤစိတ်ကူးယဉ်မှု သဘော၌ လွမ်းငွေ့သည် ဘာကြောင့် ဝေ့ဝေ့ဆိုင်းဆင်နေပါသနည်း။

စောခိုင်ဖက သူ့အစ်မအပေါ် စိတ်ဝင်စားလျှင် ကံဆိုးတတ်သည်ဟု ဆိုခဲ့သည်။ အမှန်မှာ မိမိသည် ကံဆိုးပြီး ဖြစ်နေပါ၏။

အမှတ်မထင် တွေ့မြင် ငေးမောခဲ့မိရာမှ စောခိုင်ဖ၏ စကားကြောင့် ပိုမို စိတ်ဝင်စားဖွယ်ရာ ဖြစ်ခဲ့လေသော ကမ္ဘောဇ၏ စောသခင်သည် ဤသင်္ဘောပေါ်၌ပင် မမီပန်း ဖြစ်နေပါ၏။

ကိုယ်က ဒုတိယတန်းခရီးသည်တစ်ဦး...၊ သူက ပထမတန်း ခရီးသည် တစ်ဦး...။ ဤသို့ပင်လျှင် နှစ်ဦးသောဘဝ၏ သရုပ်သဏ္ဍာန် ထင်၏။

မိမိမှာ အနာဂတ်အတွက် မရေရာသေးသော ဂီတပညာသည် မြန်မာ တစ်ဦး။ သူကမူ...တော်နန်းထိုက် ပဒေသရာဇ် ပန်းမကိုင်ရှု ကမ္ဘောဇနွယ်ဝင် စောသခင် ထိပ်ထားတစ်ဦး ဖြစ်၏။

www.foreverspace.com.mm

ထို့ကြောင့်ပင် ကိုစောနိုင်သည် ပြုံးမိခြင်းဖြစ်၏။ စောခိုင်ဖ၏ စကားကိုလည်း ပြုံးမိသည်။ စိတ်ကူးယဉ်လွန်းသော မိမိကိုယ်ကိုလည်း ပြုံးမိသည်။

အပြုံးရပ်မိသောအခါ၌ ကိုစောနိုင်ရင်၏ ရင်မှာ ဟာနေသည်။

ကိုစောနိုင်သည် ရင်ကိုကော့…ခေါင်းကို မတ်ကာ ခပ်သွက်သွက် လမ်းလျှောက်ခဲ့သည်။

ညစာ ထမင်းစားချိန်မှာ အတန်လိုသေးသည်။

ပထမသော် ကိုစောနိုင်သည် ဤသင်္ဘောထက်၌ မိမိတစ်ဦးတည်းသော မိတ်ဆွေကြီးတစ်ဦးဖြစ်သည့် မာလက်၏အခန်းသို့ သွားမည်ကြံသည်။ သို့ရာတွင် မာလက်လည်း ဤအချိန်၌ အခန်းတွင် ရှိလိမ့်မည် မထင်။

အမှတ်မထင် လျှောက်လာခဲ့သော ကိုစောနိုင်သည် အချိန်ဖြုန်းဖွယ်ရာ နေရာတစ်ခုကို တွေ့၏။

ရေသူမ ဘား (Mermaid bar) ။

ရေသူမ ဘား၏တံခါးကို တွန်းဖွင့်လိုက်မိသည့် တစ်ခဏ၌ ဘားအတွင်း၌ ပျော်ရွှင်ဆူညံပြောဆိုနေကြသော အသံများကို ကြားရ၏။

ထိုအသံများသည် ဘားအတွင်း ကုလားထိုင်များ ဝိုင်းရံအပ်သော စားပွဲတစ်လုံးဆီမှ လာနေ၏။ ၄င်းတို့အနက် အကျယ်ဆုံး အသံကို ပြုနေသူမှာ လူဝကြီး မစ္စတာယူဒေါလ်ဖြစ်၏။

မစ္စတာယူဒေါလ်က ကိုစောနိုင်ကို လက်တစ်ဖက်မြှောက်ပြ၍ အသိအမှတ်ပြု နှုတ်ဆက်သည်။

ကိုစောနိုင်က သူတို့ဝိုင်းကို ဝင်မည်ပြုပြီးမှ ဘားကောင်တာဆီသို့ မျက်လုံးရောက်သွားသည်။ ကောင်တာ တစ်ထောင့်စွန်း၌ သူ့ မိတ်ဆွေကြီး မာလက်သည် တစ်ဦးတည်းထိုင်လျက် ယစ်ရွှေရည် စုပ်နေသည်။ ကိုစောနိုင်သည် မာလက်အနီးသို့ ကပ်သွားသောအခါ မာလက်က သူတတ်သရွေ့ မှတ်သရွေ့ အင်္ဂလိပ်စကားဖြင့် ဆီးကြိုနှုတ်ဆက်သည်။

"မစ္စတာနိုင်း ငါ…ဟို…အဲပျင်းလို့ မင်းကို လိုက်ရှာသေးတယ်၊ ငါ မင်းကို တွေ့တော့တွေ့တယ်၊ အမေရိကန် ကောင်မလေးတစ်ယောက်နဲ့ ရပ် စကားပြောနေတယ်၊ နောက်တော့ မင်းလိုပဲ အာရှတိုက်သားတစ်ယောက် ရောက်လာပြီး မင်းတို့သုံးယောက် စကားပြောနေကြတယ်၊ ငါက…အဲ ဟိုဒင်း…မနှောက်ယှက်ချင်တာနဲ့ လှည့်ထွက်သွားတာ"

www.foreverspace.com.mm

"မာလက်ရယ် လာခဲ့ရောပေါ့၊ မင်းတို့နိုင်ငံနဲ့ ငါတို့နိုင်ငံဟာ မိတ်ဆွေနိုင်ငံတွေပဲ၊ မင်းနဲ့ ငါနဲ့ဟာလဲ သူငယ်ချင်းပဲ မဟုတ်လား"

မာလက်သည် သူ၏ကျယ်ဝန်းသော ပခုံးကြီးနှင့် ညီမျှသော ကျယ်ဝန်းသော အပြုံးကြီးဖြင့် ပြုံးသည်။

"ဟေ…ဒီလိုလား၊ ဒီလိုမှန်းသိ ငါ လာခဲ့မှာပေါ့၊ ခက်တာက ငါက အင်္ဂလိပ်စကား ကောင်းကောင်း မပြောတတ်ဘူး"

"အင်္ဂလိပ်စကား ကောင်းကောင်း မပြောတတ်လို့ ဂရုစိုက်စရာ မရှိပါဘူး"

"အေးပါ…ငါလဲဂရုမစိုက်ပါဘူး၊ ဒါပေမဲ့ ငါက လာပြီး အနှောက်အယှက်ဖြစ်နေမှာစိုးတယ်…"

ကိုစောနိုင်သည် သဘောကျစွာ ရယ်၍ မာလက်၏ ပခုံးကို ပုတ်သည်။ မာလက်က ဆို၏။

"ငါ ပျင်းတာနဲ့ ဝီစကီသောက်နေတယ်။မင်းကော ဘာသောက်မလဲ…"

"မင်းက ဒီညစာမှာ ဝိုင်ကောင်းကောင်း မှာတိုက်မယ်ဆို၊ ဒီတော့ ငါမူးအောင် မသောက်ချင်ဘူး၊ အပျင်းပြေပဲ ငါ သောက်ချင်တယ်၊ ငါ့ဘာသာ ငါ မှာပါမယ်"

ကိုစောနိုင်သည် ဘားထိုင်ဆရာအား လှမ်း၍ပြောသည်။

"ဟေ့… ငါ့ကို ဒရိုင်းမာတီးနီ ပေးပါ"

ဒရိုင်းမာတီနီ ရောက်လာ၍ ကိုစောနိုင်က တစ်စုပ်နှစ်စုပ် စုပ်မိစဉ် လူဝကြီး ယူဒေါလ်က သူ့အနား ကပ်လာသည်။

"မစ္စတာနိုင်း ခင်ဗျားရော ခင်ဗျား မိတ်ဆွေရော ကျုပ်တို့ ဝိုင်းကို လာပါ။ ကျွန်တော်တို့ အခု အင်မတန် ပျော်စရာကောင်းတဲ့ စီမံကိန်းတစ်ခုကို ချနေကြတယ်"

ကိုစောနိုင်သည် မစ္စတာယူဒေါလ်၏ ဖိတ်ခေါ်ချက်ကို လက်ခံ၍ မာလက်ကို ဆွဲခေါ်ပြီး မစ္စတာယူဒေါလ်တို့၏ ဝိုင်းကို ဝင်ထိုင်ကြသည်။

မစ္စတာယူဒေါလ်က ကိုစောနိုင်အား သူ့မိတ်ဆွေများနှင့် မိတ်ဖွဲ့ပေး၏။ ကိုစောနိုင်က တစ်ဖန်ပြန်၍ မာလက်ကို သူတို့ အားလုံးနှင့် မိတ်ဖွဲ့ပေး၏။

လူမျိုးပေါင်း စုံနေ၏။ မစ္စတာကိုဘတ်နှင့် မစ္စစ်ကိုဘတ်၊ မစ္စတာဂျင်ကင်းနှင့် မစ္စစ်ဂျင်ကင်း၊ မစ္စတာမီးလားနှင့် မစ္စစ်မီးလားတို့မှာ အမေရိကန်

စုံတွဲများ ဖြစ်ကြသည်။ မစ္စတာစီလဒ်ဝစ်နှင့် မစ္စစ်စီလဒ်ဝစ်၊ မစ္စတာ အေအက် ဒလားနှင့် မစ္စစ်အက်ဒလားတို့ကား ဂျာမန်စုံတွဲများ၊ မစ္စတာဟိန်းမင်း၊ မစ္စစ် ဟိန်းမင်းတို့က အစ်စရီး ရဲစုံတွဲ၊ မစ္စတာကာဗာခီနှင့် မစ္စစ်ကာဗာခီတို့က အီတာလျံစုံတွဲ။ မစ္စတာအက်ဒွပ်ဂရင်းဗီးနှင့် အစ္စစ်ဒွပ်ဂရင်းဗီး၊ မစ္စတာအက်(ဖ်)ဂျီ လောင်းမင်းနှင့် မစ္စစ်လောင်းမင်း၊ မစ္စတာမိုးနှင့် မစ္စစ်မိုးရဲတို့က အင်္ဂလိပ်စုံတွဲ။ မစ္စတာအိဗ်(စ်)ဂါဒါနှင့် မစ္စစ်အိဗ်(စ်)ဂါဒါ၊ မစ္စတာဂျေအက်(ဖ်)နှင့် မစ္စစ်ကျူရီ တို့က ပြင်သစ်စုံတွဲ။

တစ်ကိုယ်တော်များကား မြန်မာပြည်လွတ်လပ်ရေး ရစဉ်က ဘုရင်ခံ ရန့်(စ်)အား တင်ဆောင်ခေါ်ယူသွားသော စစ်သင်္ဘော၌ ဗိုလ်ကလေးဖြစ်ခဲ့ဖူးသူ ဗိုလ်မှူးရင်းနီ၊ ဂျပန်တက္ကသိုလ် ကထိက ယာမနခ။ အာရပ်ပြည်ထောင်စုသား အာမက်ဂျမာဇဒါ။ ဆွစ်ဇာလန် အမျိုးသား ရှိဘင်ဆင်။

လူဝကြီး မစ္စတာယူဒေါလ်က သူတို့အားလုံး၏ ရည်ရွယ်ချက်ကို ရှင်းပြ သည်။

ဤသင်္ဘောကြီးပေါ်၌ ပျော်ရွှင်ဖွယ် အစီစဉ်များရှိသည်။ သို့ရာတွင် မစ္စတာယူဒေါလ်တို့ အသိုက်က ထို့ထက်လွန်၍ စိတ်တူ ဝါသနာတူ ခရီးသည်များ စုပေါင်းပြီး ကိုယ်ပိုင်ပျော်ရွှင်ရေး အစီအစဉ်ကို ရေးဆွဲဆောင်ရွက်လိုကြသည်။ အထူးသဖြင့် သင်္ဘောကြီးက ရေးဆွဲပေးသော ပျော်ရွှင်ရေး အစီအစဉ်များမှာ ည ၁၂ နာရီ ၄၅ မိနစ်ဆိုလျှင် ပြီးသည်။

ထိုအချိန်မှ နံနက်မိုးလင်းအထိ ပျော်ချင်သပဆိုလျှင် ရေသူမ ဘား၌ ဖိုးပျော်ချင် သူတို့အတွက် ကမ်းကုန်အောင် ပျော်ရွှင်ကမြူးနိုင်သော (Dancing in the hideaway) ခေါ် အစီအစဉ်ရှိသည်။ အချိန်မှာ လူများစု အိပ်ချိန် ဖြစ်သဖြင့် ဤအစီအစဉ်ကို နွှဲနိုင်ရန်မှာ တက်ညီလက်ညီသော အဖွဲ့ တစ်ခု ရှိဖို့လိုသည်။ ထို့ကြောင့် မစ္စတာ ယူဒေါလ်တို့က ဖိုးပျော်ရွှင် အဖွဲ့လေးတစ်ဖွဲ့ ဖွဲ့ထားကြသည်။

မစ္စတာယူဒေါလ်က ကိုစောနိုင်ဘက်လှည့်၍ ဖိတ်ခေါ်သည်။

"ကျွန်တော်တို့အဖွဲ့မှာ ခင်ဗျားနဲ့ ခင်ဗျားမိတ်ဆွေကိုလဲ ပါစေချင်တယ်၊ ဘယ့်နှယ့်လဲ"

အထူး ဝန်လေးသော ကိစ္စတစ်ရပ် မဟုတ်သဖြင့် ကိုစောနိုင်က ခေါင်းညိတ်သော်လည်း မာလက်က ပျာပျာသလဲ ကန့်ကွက်၏။

"ခက်တာက … ခက်တာက… ငါ မကတတ်ဘူး"

လူပုကြီး ယူဒေါလ်က မာလက်ကို သဘောကျ၍ အော်ရယ်သည်။

"ကြိုက်ပြီဟေ့၊ အဲ့ဒီလိုလူမျိုးပါမှ ပိုပျော်ဖို့ကောင်းတာ။ ဒီမှာ မစ္စတာ မာလက်၊ ကျုပ်လည်း အစက မကတတ်ပါဘူး၊ မရုက်မကြောက် ရိုးသားစွာ ဝန်ခံရရင် ကျုပ်မိန်းမကို ကြောက်လို့ က တတ် လာရတာပဲ"

ယူဒေါလ်၏စကားကြောင့် အားလုံး ဝိုင်းရယ်ကြသည်။ လင့်နည်းအတူ ပျော်ရွှင်တတ်ဟန်တူသော မစ္စယူဒေါလ်က ဝင်၍ မှတ်ချက်ချသည်

"ဟုတ်တယ်၊ တစ်သက်နဲ့တစ်ကိုယ် ကျွန်မယောက်ျားဟာ ဒီတစ်ကြိမ် မှန်သောစကားကို ဆိုတာပဲ"

ပရိသတ်မှာ ပွဲကျသွားပြန်၏။

မစ္စတာကူးဘတ်က ပွဲတောင်းသည်။

"လုပ်စမ်းပါဦး မစ္စတာယူဒေါလ်။ ခင်ဗျား မိန်းမကို ခင်ဗျား ဘယ်လို ကြောက်လို့ ခင်ဗျား ဘယ်လို က တတ်လာတယ်ဆိုတာ"

မစ္စတာယူဒေါလ်သည် တမင် ဟန်လုပ်၍ မျက်နှာကြီးကို တည်ကြည်ပစ် လိုက်ပြီး အလွန်လေးနက်သည့် ဟန်ဖြင့် ပြော၏။

"ဒီအကြောင်းကို ပြောရမယ်ဆိုရင်တော့ ကမ္ဘာ့နိယာမ သင်ခန်းစာတစ်ရပ် ကို တင်ပြနေခြင်း ဖြစ်တယ်ဆိုတာ ဒီက မိတ်ဆွေများ မကြာခင် သဘောပေါက် ကြမှာပါပဲ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ရခဲ့တဲ့ သင်ခန်းစာကို ကျွန်တော့် မိတ်ဆွေ ယောက်ျားတိုင်းရဖူးပြီးသား ဖြစ်နေမှာပါပဲ။ အဲ…မိန်းမမိတ်ဆွေအပေါင်းက လည်း သင်ပြပေးဖူးပြီးဖြစ်နေကြမှာပဲ။ အကြောင်းကတော့ ယဉ်ကျေးမြင့်မြတ်သော ယောက်ျားမှန်သမျှဟာ မိန်းမကြောက်တတ်လို့ပဲ ဖြစ်ပါသည် ခင်ဗျား"

ရယ်မောသံများနှင့်အတူ ယောက်ျားများ၏ မဟုတ်ဘူးဟု အော်သံ မိန်းမများက ဟုတ်သည်ဟု ထောက်ခံသံတို့ ဆူညံသွား၏။

ရယ်မောသံများ စဲသွားသောအခါ ကိုစောနိုင်က ဝင်၍ တိုက်တွန်းသည်။

"ဆက်ပါဦး မစ္စတာယူဒေါလ်၊ ခင်ဗျား မိန်းမကို ခင်ဗျား ဘယ်လိုကြောက် တယ်ဆိုတာ၊ ကျွန်တော်တို့ကတော့ လူပျိုဆိုတော့… မိန်းမဆိုတာ ဘယ်လို ကြောက်စရာကောင်းမှန်း မသိသေးဘူး၊ တစ်နည်းအားဖြင့် မစ္စတာယူဒေါလ် စကား အတိုင်းဆိုရင် ကျွန်တော်တို့ ယဉ်ကျေးမြင့်မြတ်သော ယောက်ျားတွေ မဟုတ်သေးပါဘူး ခင်ဗျား"

www.foreverspace.com.mm

ကျန် ပရိသတ်အပေါင်းက ရယ်မောနေခိုက် ဗိုလ်မှူးချုပ် ရင်းနီ၊ ကထိက ယာမနခ၊ အာမက်ဂျမာဇဒါ စသော လူပျိုကြီးများက “ဟီးယား ဟီးယား” ဟု ဩဘာပေးကြသည်။

လူဝကြီး မစ္စတာယူဒေါလ်သည် သူ့ဝမ်းဗိုက် ပူပူကြီးများ ဖောင်းပွ လှုပ်ရှားအောင် ရယ်လိုက်ပြီး စကားဆက်သည်။

“အဲ…ခုနကပြောသလို…ကျွန်တော်က မကတတ်ဘူး၊ ကျွန့်တော့် မိန်းမက ကတတ်တယ်”

မစ္စတာယူဒေါလ်၏စကားကို မစ္စတာရိုဘင်က ဝင်ဖြတ်၍ မေး၏။

“ဒါနဲ့တောင် ခင်ဗျားတို့ ဘယ်လိုလုပ် ညားခဲ့ကြရတာလဲ”

“အဲ့ဒါကို ပြောပြမလို့ပေါ့ဗျ၊ ကျုပ်မိန်းမက ကျုပ်ကို အကသင်ပေးရင်းနဲ့ ညားသွားကြတာ… ဟား…ဟား”

ကျန်လူများက မာလက်၏ပခုံးကိုပုတ်ကာ ဝိုင်းအားပေးကြသည်။

“အားမငယ်နဲ့ မစ္စတာမာလက်၊ ခင်ဗျားတော့ ကံကောင်းတော့မှာပဲ၊ ဒီသင်္ဘောပေါ်မှာ ခင်ဗျားကို အက သင်ပေးမဲ့မိန်းမတွေ အများကြီးရှိတယ်၊ ဒါထက်…ခင်ဗျားမှာ မိန်းမ ရှိသလား…”

“ဟင့်အင်း…မရှိဘူး”

“ဒါဖြင့် ခင်ဗျား လူပျိုပေါ့”

မာလက်က ခေါင်းခါပြန်၏။

“အား…လူပျိုတော့ မဟုတ်ဘူး၊ကျွန်တော်မှာ မိန်းမ မရှိဘူးဆိုတာက ဒီသင်္ဘောပေါ်မှာ မရှိတာ ပြောတာ၊ ယူဂိုစလားဗီးယားမှာတော့ ရှိတာပေါ့ဗျ”

မမျော်လင့်သော မာလက်၏ပျက်လုံးကြောင့် အားလုံးမှာ ဝုန်းခနဲ ဝိုင်းရယ်ကြသည်။ ကိုစောနိုင်မှာလည်း မိမိမိတ်ဆွေကြီး မာလက်သည် ဟာသဉာဏ်၌ မညံ့သကဲ့သို့ ပေါင်းသင်းဆက်ဆံရေး၌လည်း မခေကြောင်း ပထမဦးစွာ သတိပြုမိ၏။

ညစာစားချိန် နီးလာပြီဖြစ်သဖြင့် မစ္စတာယူဒေါလ်က သူ့အရက်ခွက်ကို မော့ချလိုက်ပြီး နိဂုံးချုပ်၏။

“ဒီညနေမှာ မမျှော်လင့်ဘဲ လှိုင်းနည်းနည်းကြီးလာတာမို့ အထူးကပွဲ အစီအစဉ်ကို ဖျက်ပစ်လိုက်ပြီတဲ့၊ ဒါပေမယ့် ကျုပ်တို့အဖွဲ့သားများကတော့ ဟောဒီမှာ စောစောစီးစီး တွေ့ကြရအောင်“

အသီးသီးသည် မိမိတို့၏ ဖန်ခွက်များကို ရှင်းလင်းလိုက်ကြပြီး လူစုခွဲလိုက်ကြ၏။

မာလက်နှင့် ကိုစောနိုင်ကသာ ထမင်းစားခန်းမကြီးသို့ အတူတက်လာခဲ့ကြသည်။ မိမိတို့၏စားပွဲကိုရောက်သောအခါ၌ မာလက်၏အဖော် ချိုင်းထောက်ကြီးနှင့် အခြားယူဂိုလ်စလပ် တစ်ဦးမှာ ရောက်နှင့်နေပြီ ဖြစ်သည်။

ကိုစောနိုင်က လူနှစ်ဖက်ခန့်ရှိ တိုင်လုံးကြီးများနှင့် ကျယ်ဝန်းလှစွာသော ထမင်းစားခန်းမကြီး တစ်ဝိုက်ကို မျက်လုံးလှည့်လည်ကြည့်သည်။ အတော်လှမ်းလှမ်းစားပွဲတစ်ခု၌ ဘာဘရာအား တွေ့ရသည်။ ဘာဘရာနှင့်အတူ ထိုင်နေသူများအကြား၌ ယောကျ်ားဟူ၍ မတွေ့ရ။ မိန်းမများသာတည်း။ အသက် ၄၀ ကျော် အရွယ် မိန်းမကြီးများသာတည်း။

ဘာဘရာသည် ကိုစောနိုင်အား မြင်ဟန်မတူ။

ကိုစောနိုင်က ဘာဘရာအား ငေးကြည့်နေခိုက် ဝိုင်ရောင်းသောသဘော်အမှုထမ်းတစ်ဦးက စားပွဲသို့ကပ်လာသည်။ သူ့ဝတ်စားဆင်ယင်မှုမှာ အခြားသော စားပွဲထိုးများ ဝတ်စားဆင်ယင်ပုံထက် ထူးခြားသည်။ အထူးခြားဆုံးကား လည်ပင်းမှ ဆွဲချိတ်ထားသော ငွေရောင်လက်နေသည့် ချိန်းကြိုးကြီးတစ်ခုဖြစ်၏။ ချိန်းကြိုး၏ အဆုံး၌ ခန့်ညားသော ဒိုင်းငယ်တစ်ခုကို ဆွဲချိတ်ထား၏။

သူ့ကတိအတိုင်း မာလက်က ဝိုင်ကောင်းကောင်းတစ်ပုလင်း မှာပေးသည်။ ရောက်လာသော ဝိုင်အညိုသည် အလွန်ပင် အရသာရှိသော ဝိုင်တစ်မျိုးပင်ဖြစ်ကြောင်းကို ကိုစောနိုင် ဝန်ခံရ၏။

မာလက်မှာသော ဝိုင်မှာလည်း ကောင်းလှသည်။ လိပ်သားစွပ်ပြုတ်အစချီ၍ ကိုစောနိုင်မှာသော အစားအသောက်များကလည်း အရသာရှိလှ၏။

ညစာအပြီး၌ မာလက်က ချိုင်းထောက်နှင့် သူ့အဖော်ကို သူ့အခန်းပြန်ပို့သည်။ ကိုစောနိုင်က ဗိုက်အလေးကို ဖြေရန် စင်္ကြန်ရိပ်သာ အထပ်သို့ ထွက်လာခဲ့သည်။

ညက မှောင်မိုက်နေ၏။ ဆောင်းရက်နှောင်းနှင့် နွေ၏အဦးသို့ ကူးစဖြစ်သဖြင့် ရာသီဥတုက မူမမှန်ချေ။ သင်္ဘောကြီးမှ ပျံ့လွင့်ထွက်လာနေသော မီးရောင်ကြောင့် တွေ့မြင်ရသော ပင်လယ်ပြင်၌ လှိုင်းလုံးတို့သည် အိမ်ငယ်တစ်ခုမျှ ကြီးမြင့်နေ၏။ သာမာန် သင်္ဘောသားဆိုလျှင် လူးလိမ့်နေပေမည်။

www.foreverspace.com.mm

ဘုရင်မ မေရီကား ပခက်တစ်ခု ယိမ်းနွဲ့သကဲ့သို့ ညင်သာသော လှုပ်ရှားခြင်းကို ငြိမ့်ငြိမ့်ပြုနေသည်။

သင်္ဘောကြီး၏ စက်သံနှင့် လှိုင်းတို့၏ရန်စသံတို့သည် ဘက်ပြိုင်ပေါ်ထွက်နေ၏။ ဤအရိုင်းသံတို့မှ ထူးခြားသော ဂီတစည်းနရီသံကို ကိုစောနိုင်သည် ထိုးထွင်းသိမြင် ခံစားနေရ၏။

လူ့စိတ်သည် ထူးဆန်းသည်။ ထို့ထက် အနုပညာရှင်တို့၏ စိတ်သည် ပိုမိုထူးဆန်းသည်။ ဘုရင်မမေရီ၏ စက်သံနှင့် အတ္တလန္တိတ် သမုဒ္ဒရာလှိုင်းတို့၏ ရန်းကန်သံကို နာခံရင်း ကိုစောနိုင်၏အာရုံ၌ ချစ်မက်မော၍ သူဦးတည် ပြန်ခဲ့လေပြီဖြစ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ မြစ်မင်းအသွယ်သွယ်တို့၏ လှိုင်းသံတို့က ပေါ်လာသည်။ စည်းနရီ တစ်မျိုးသည် ထင်ရှားလာသကဲ့သို့ တေးသွား အသံစဉ်တို့ကလည်း စီကာဆက်ကာ ဖွဲ့စည်းလာနေ၏။

သူ့စိတ်အာရုံ၌ ပေါ်ပေါက်လာခဲ့သော ဂီတကွန်ယက်အတွင်း၌ ကိုစောနိုင်သည် အဘယ်မျှ ငြိတွယ် ငြိမ်မိနေသည်မသိ။ ရှေ့မှ ရှခင်း တစ်ရပ်ကြောင့် သတိရ လှုပ်ရှားလာမိ၏။

ညက မှောင်မိုက်နေ၏။ ပင်လယ်ပြင်က ကြမ်းတမ်းနေ၏။ အအေးဓာတ်လည်း ကဲနေ၏။

ထို့ကြောင့် စင်္ကြံတစ်လျှောက် လူသူ ကင်းမဲ့နေလေ၏။

ဤလူသူကင်းမဲ့နေသော ပတ်ဝန်းကျင်၌ ကိုယ်ချင်းပူး ရင်ချင်းအပ်ကာ နှုတ်ခမ်းချင်း ချစ်ခြင်းကို ဖလှယ်နေကြသည့် လုလင်ပျိုနှင့် လုံမတစ်ဦးတည်း။

ဤလုလင်ပျိုနှင့် လုံမပျိုတို့မှာ စောခိုင်ဖနှင့် ဘာဘရာတို့ဖြစ်ကြမှာကိုလည်း ကိုစောနိုင် သတိပြုလိုက်မိ၏။

ပင်လယ်ပြင်၏ တေးဂီတသည် ရိုင်းရိုင်းနှင့်ယဉ်၏။ ပင်လယ်ပြင်နှင့် လှိုင်းတို့ကဲ့သို့ သတ္တဗေဒ သဘာဝမှန်တိုင်းမိသော လုလင်ပျို လုံမပျိုတို့၏ အတိုင်းမသိ ပြန့်ပြောသော သမုဒယလှိုင်းတို့ကလည်း ရိုင်းရိုင်းနှင့် ယဉ်လေပါသည်။ ရိုင်းရိုင်းနှင့်ယဉ်လေပါသည်။

ကိုစောနိုင်၏ ခံစားချက်ကို ပြည့်အက်အက် အသံတစ်ခုက ဖျက်ဆီးလိုက်သည်။

"ဘာဘရာ… မင်းဘယ်မှာလဲ၊ ဘာလုပ်နေတာလဲ"

ဤအသံနှင့်အတူ မျောက်ဝံကြီးတစ်ဦးပမာ ပုကွကွနိုင်၍ ဝက်ဝံကြီး

www.foreverspace.com.mm

တစ်ကောင်ပမာ ဝဖြိုးသော မျက်နှာဖြူမကြီး တစ်ဦးက ပေါ်လာသည်။

ဘာဘာရာသည် စောခိုင်ဖရင်ခွင်မှ အလန့်တကြား ခွာထွက်လိုက်သည်။ ထို့နောက် ဗီဇဥာဉ်ကြောက်ရွံ့မှုကို တုန့်ပြန်သော သမင်မငယ်တစ်ဦးပမာ ပြေးထွက်ပျောက်ကွယ်သွားသည်။

မျက်နှာဖြူမကြီးသည် စောခိုင်ဖအား တစ်ချက် စူးစူးစိုက်စိုက်ကြည့်နေပြီး ဘာဘာရာ့နောက်သို့ အိပဲ့အိပဲ့ လှုပ်တုပ်တုပ်နှင့် လိုက်ပါထွက်သွား၏။

စောခိုင်ဖသည် ခေါင်းငိုက်စိုက်ကျ၍ ကျန်ရစ်ခဲ့သည်။

နောက်တစ်ခဏ၌မူ သူသည် လေးတွဲစွာ လှမ်း၍ နေရာမှ ခွာသွား၏။ ကိုစောနိုင်သည် သူ့ကို လှမ်းခေါ်မည်ပြု၏။ သို့ရာတွင် လူကြီးလူကောင်းတို့မည်သည် တစ်ဖက်သား၏ ကိုယ်ရေးကိုယ်တာကိစ္စတို့အား သိလင့်ကစား လျှို့ဝှက်ထားရသော လူ့ စည်းကမ်းကို သတိပြုမိသဖြင့် နှုတ်ကို ထိန်းလိုက်၏။

စောခိုင်ဖ ပျောက်သွားမှ ကိုစောနိုင်သည် အဘိဓမ္မာဆန်သောအတွေးတို့ကို တွေးရင်း သူ့အခန်းဆီသို့ သူဖြည်းညှင်း ညင်သာစွာ လျှောက်ပြန်ခဲ့၏။

အခန်းဝ၌ အခန်းစောင့်လုလင် ဂွယ်လင်အား တွေ့ရ၏။ ဂွယ်လင်က နှိမ့်ချရိုကျိုးစွာ ခရီးဦးကြိုစကား ဆိုသည်။

"ဒီည ရာသီဥတု သိပ်မကောင်းဘူးမစ္စတာနိုင်း၊ ဒါပေမဲ့ မနက်ဖြန်ကျရင် တော့အစစအရာရာ ကောင်းသွားမှာပါ"

ကိုစောနိုင်သည် ဂွယ်လင်အားပြုံးကြည့်ရင်း စကားပြန်၏။

"အေး···မနက်ဖြန်ကျရင်တော့ အစစအရာရာကောင်းသွားလိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်ကွယ်၊ လူ့ဘဝဆိုတာဟာလဲ မနက်ဖြန်၏ ကောင်းခြင်းကို မျှော်လင့်ရခြင်းပါပဲ၊ ဂွတ်နိုက်ဂွယ်လင်"

"ဂွတ်နိုက်မစ္စတာနိုင်း၊ ကျွန်တော်တံခါးကို အပြင်က စေ့ပိတ်ခဲ့ပါမယ်"

ဂွယ်လင်သည် အပြင်သို့ထွက်သွားပြီး၊ တံခါးကို စေ့ပိတ်လိုက်သည်။

ဤသင်္ဘောကြီးမျိုးတို့၌ အစောင့်အရှောက် ကောင်းရကား အတွင်းမှ ချက်ပိတ်ရန် မလို။

ကိုစောနိုင်သည် စားပွဲပေါ်ရှိသော နောက်တနေ့အစီအစဉ်ကတ်ပြားကို ဖတ်ရှု၍ ဂွယ်လင် အသင့်ပြင်ထားသော အိပ်ရာထက် လှဲအိပ်လိုက်သည်။

လှိုင်းတို့သည် ပိုမိုကြီးမားလာဟန်ရှိသည်။ သင်္ဘောကြီးမှာလည်း သိသိသာသာ လူးလိမ့်လာ၏။ နူးညံ့နွေးထွေးသော အိပ်ရာထက်၌ လဲလျောင်းမိသော

www.foreverspace.com.mm

ကိုစောနိုင်မှာ ပုခက်စီးရသကဲ့သို့ ခံစားရသည်။ မကြာမီ နှစ်ခြိုက်စွာ အိပ်မောကျသွား၏။

မည်သို့ အိပ်မောကျသွားရသည်မသိ၊ အခန်းတံခါးကို ခပ်ပြင်းပြင်းခေါက်သံ ကြားရသည်။ ကိုစောနိုင်က အိပ်မှုံစုံဝါးနှင့် အော်၏။

"ဘယ်သူလဲ"

"ငါပါကွ၊ သူငယ်ချင်း၊ မာလက်ပါ"

ကိုစောနိုင်သည် အိပ်ရာမှ လူးလဲထသည်။

"မာလက်လား၊ ဝင်ခဲ့လေ"

အခန်းတံခါး ပွင့်သွား၏။ ထွားကျိုင်း ပြည့်ဝသော မာလက်က ရှေ့မှ ဝင်လာသည်။ သူ့နောက်မှ ဂွယ်လင်သည် ဝတ္တရား ကျေပွန်စွာ လိုက်ပါလာ၏။ ထိုအခါကျမှ ကိုစောနိုင်က လှမ်းပြောသည်။

"သြော်...ဂွယ်လင်ရေ၊ မစ္စတာမာလက်ဟာ ငါ့သူငယ်ချင်းပါ၊ မင်း ထွက်သွားနိုင်ပါပြီ။"

ဂွယ်လင် ထွက်သွား၏။

မာလက်သည် အသက်ကို ပြင်းစွာရှူနေ၏။ ကိုစောနိုင်၏ ကုတင်ဘေး၌ ရပ်နေစဉ် သူ့အသွင်မှာ တစ်စုံတစ်ရာ အရေးတကြီး ပြောလိုဟန် ပေါ်နေ၏။

"ပြောလေ မာလက်...မင်း ဘာကိစ္စနဲ့ လာသလဲ"

အရေးထဲတွင် မာလက်က သူတတ်သမျှ အင်္ဂလိပ်စကားကို ရှာဖွေလေဟန် စကားပြောရန် နှေးနေ၏။ အတန်ကြာမှ ခက်ခက်ခဲခဲဆိုသည်။

"ငါ့ကို စိတ်မဆိုးပါဘူးနော်...နိုင်း"

"စိတ်မဆိုးပါဘူး မာလက်ရာ...ဒီသင်္ဘောပေါ်မှာ မင်းနဲ့ ငါဟာ... အရင်းနှီးဆုံး သူငယ်ချင်းတွေပဲ မဟုတ်လား"

ထိုအခါမှ မာလက် ရယ်ပြုံး၍ ဆိုသည်။

"စောခိုင်ဖ လာတယ်ကွ နိုင်း"

"ဟေ... စောခိုင်ဖ...သူ ဘယ်ကိုလာသလဲ"

"မားမိတ် ဘားကိုပေါ့၊ ငါက သူ့ကို မှတ်မိနေတော့ သူက မင်းနဲ့ တစ်နိုင်ငံထဲသားမှန်း သိတာပေါ့၊ သိတော့ သူငယ်ချင်း ဖြစ်သွားတာပေါ့"

"အဲဒီတော့"

"အဲ့ဒီတော့ သူ သိပ်မူးနေတယ်၊ အဲ့ဒါ ငါ ဘာလုပ်ရမှန်း မသိလို့

www.foreverspace.com.mm

မင်းကို လာခေါ်ရတာ''

ကိုစောနိုင်သည် ကြီးထွား ရိုးသားလှသော ဤယူဂိုစလပ်ကြီး၏ စေတနာကို နားလည်သွားသည်။ ကျေးဇူးလည်း တင်မိ၏။

ကိုစောနိုင်သည် ညဝတ်ဝတ်စုံကို ချွတ်၍ သင့်တင့်လျောက်ပတ်သော အဝတ်အစားကို ဝတ်ဆင်ရသည်။ ထို့နောက် မာလက်နှင့်အတူ မားမိတ်ဘားသို့ ထွက်လာခဲ့ကြသည်။

မားမိတ်ဘားအတွင်း၌ မစ္စယူဒေါလ် ဦးစီးသော ဖိုးပျော်ရွှင်အဖွဲ့သည် သဘော်ာလူးလိုမ့်ခြင်းကို မမှုဘဲပျော်ပျော်ရွှင်ရွှင်ကြီး ကပွဲဆင်နေကြ၏။

တီးဝိုင်းအဖွဲ့နှင့် မနီးမဝေးရှိ စားပွဲတစ်လုံးပေါ်၌ စောခိုင်ဖသည် မျက်နှာ မှောက်လျက် ခေါင်းငိုက်စိုက်ကျနေ၏။

ကိုစောနိုင် ဝင်လာသည်ကို မြင်သောအခါ လူဝကြီး မစ္စတာယူဒေါလ် သည် ကနေရာမှ ထွက်ခွာလာခဲ့၏။

''မစ္စတာနိုင်း ဒီသူငယ်ဟာ မစ္စတာနိုင်းတို့ရဲ့ တိုင်းပြည်ကလို့ မာလက် ပြောလို့ သိရတယ်၊ ဒါပေမယ့် သူဟာ ပထမတန်း ခရီးသည် တစ်ဦးပဲ''

''ဟုတ်ပါတယ် မစ္စတာယူဒေါလ်၊ သူဟာ ကျွန်တော်တို့ နိုင်ငံသားပဲ၊ သူ ဘာများ လွန်လွန်ကျူးကျူး လုပ်ခဲ့ပါသလဲ''

မစ္စတာ ယူဒေါလ်က လက်ဝါးကာ၍ ဆိုသည်။

''အို…အို…သူ ဘာမှ မလွန်ကျူးပါဘူး၊ နောက်ဆုံးပေါ် လက်တင် အမေရိကန် သီချင်းတွေကိုပဲ ဆိုပြသွားတယ်။ ဟေး…ဒီမှာ မစ္စတာနိုင်း သူက ရှေ့အင်ရိုးကိုတောင်မှ တို့ကို သင်ပြသွားသေးတယ်၊ အင်မတန် အံသြ စရာကောင်းတဲ့ သူငယ်တစ်ဦးပဲ၊ ဒါပေမဲ့…သူ အခု သတိလစ်အောင်မူးသွားပြီ သူ့ ပထမတန်းရောက်အောင် ဘယ်သူ လိုက်ပို့မလဲ''

''ကိစ္စမရှိပါဘူး မစ္စတာယူဒေါလ်၊ သူ့ကို ကျွန်တော် ပြန်ပို့ပေးပါမယ်''

ကိုစောနိုင်သည် စောခိုင်ဖ၏ ပုခုံးများကို လှုပ်ကာနှိုးသည်။ သူက ခက်ခဲပင်ပန်းစွာ ခေါင်းထူပြီးနောက် ကိုစောနိုင်အား ကြည့်သည်။

''ဟာ…ကိုကြီးစောနိုင် ကိုကြီးစောနိုင် ဘယ်ကရောက်လာသလဲ''

စောခိုင်ဖသည် ကိုစောနိုင်အား ဦးစောနိုင်ဟု အမြဲခေါ်ခဲ့သည်။ ယခု ကိုကြီးဟု ခေါ်လေပြီ။ ဤခေါ်သံသည် ကိုစောနိုင်၏ ရင်ကို လှုပ်ရှားသွားစေသည်။ မိမိရပ်ရည်နှင့် တူလှသော စောခိုင်ဖ၏ မျက်နှာလေးကို ငေးကြည့်နေမိစဉ်

www.foreverspace.com.mm

ကိုစောနိုင်၏ နှလုံးသားသည် ကိုစောနိုင် နားမလည်သော လျှို့ဝှက်စကားကို ဆိုနေ၏။

"ဟင်နရီ…ကိုကြီးစောနိုင် မင်းကို လာခေါ်တယ်ကွယ်၊ ကိုကြီးနဲ့ လိုက်ခဲ့ ဟုတ်လား…"

ထူးဆန်းစွာပင် စောခိုင်ဖသည် ကိုစောနိုင်၏စကားကို နားထောင်၍ နေရာမှထသည်။

ဒယီးဒယိုင်ဖြစ်နေသော သူ့ကို ကိုစောနိုင်နှင့် မာလက်တို့က တွဲ၍ ခေါ်ထုတ်လာခဲ့၏။

ဘုရင်မ မေရီသင်္ဘောကြီးမှာ မြို့ငယ်တစ်မြို့မျှ ကြီးသည်။ သင်္ဘော တစ်ဖက်စွန်းမှ တစ်ဖက်စွန်းသို့ လျှောက်ရသည်မှာလည်း တစ်ရပ်ကွက်မှ တစ်ရပ်ကွက်သို့ လျှောက်ရသကဲ့သို့ ရှိ၏။

ဒုတိယတန်းမှာ သင်္ဘော၏ပဲ့ပိုင်း၌ရှိ၏။ ပထမတန်းကား ဦးပိုင်း၌ ရှိသည်။ ၁၅ မိနစ်ခန့် ခပ်ဖြည်းဖြည်း လျှောက်လာခဲ့မိရသောအခါ ပထမတန်းနှင့် ဒုတိယတန်းတို့၏ နယ်နမိတ်သို့ ရောက်ခဲ့ကြသည်။ ထိုနေရာရောက်လျှင် ထူးဆန်းစွာ သတိဝင်ဟန် စောခိုင်ဖသည် ရပ်လိုက်၏။

"ကိုကြီးစောနိုင်တို့ ဒီနေရာက လှည့်ပြန်ကြတော့"

ကိုစောနိုင်သည် စောခိုင်ဖအား အံ့သြခြင်းနှင့် ကြင်နာခြင်းရောသော အကြည့်မျိုးဖြင့် ကြည့်လျက် ပြန်မေး၏။

"ဘာဖြစ်လို့လဲ ငါ့ညီရယ်…"

မူးသောသူများ ပြုံးလျှင် အဓိပ္ပာယ်ကင်းမဲ့တတ်သည်။ စောခိုင်ဖကလည်း ပြုံးသည်။ သို့ရာတွင် သူ့အပြုံး၌ အဓိပ္ပာယ်တစ်မျိုး ဆောင်နေ၏။

စောခိုင်ဖသည် ခေါင်းကို တွင်တွင်ခါ၏။ လျှာလေးအာလေးနှင့်လည်း ဆို၏။

"ကိုကြီးစောနိုင် ဒီနေရာကဆက်ပြီးမလိုက်ပါနဲ့၊ ဆက်လိုက်ရင်သိပ်ကံဆိုးသွားလိမ့်မယ်။ ဘုရားစူးရစေရဲ့…သိပ်ကံဆိုးသွားလိမ့်မယ်…၊အစ်မတော်ဖုရားနဲ့…ကိုကြီးစောနိုင် မတွေ့ပါနဲ့၊ ကိုကြီးစောနိုင် သိပ်ကံဆိုးသွားလိမ့်မယ်…"

ကိုစောနိုင်သည် စောခိုင်ဖ၏ ပြန်လည် အလေးအနက်ပြု ပြောလာသော စကားလေးကို နှစ်မြို့က်မိသဖြင့် အသာအယာပြုံးရင်း အေးချမ်းစွာဆိုသည်။

"ကံဆိုးခြင်း…ကံကောင်းခြင်းတွေကို…ကိုကြီးစောနိုင် ဂရုမစိုက်ပါ

www.foreverspace.com.mm

ဘူး…ဟင်နရီ ဒါပေမဲ့ဘာပဲဖြစ်ဖြစ်…ဟင်နရီကိုတော့ အခန်းရောက်အောင် ကိုကြီးစောနိုင်လိုက်ပို့ပေးရမည်။

စောခိုင်ဖသည် ရုတ်တရက်…ကိုစောနိုင်နှင့် မာလက်တို့၏ လက်တွင်းမှ ရုန်းထွက်လိုက်သည်။ ထို့နောက် သဘော်နံရံကို ကျောကပ်ကာ ငြိမ်းဆန်နေသည်။

"ကိုကြီးစောနိုင်က ကျွန်တော်ပြောတာကိုသဘောမပေါက်ဘူး၊သိပ်လှတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ရရင် သိပ်ကံဆိုးတတ်တယ်…။ဒီညနေမှာ ကျွန်တော်လက်တွေ့ခံစားရပြီးပြီ၊ ဒီတော့ ကိုကြီးစောနိုင် ဆက်မလိုက်ပါနဲ့"

ရုတ်တရက်သော် ကိုစောနိုင်မှာ ဘာပြန်ပြောရမှန်း မသိ၊ ထိုအခိုက်တွင်ပင် သဘော်အရာရှိတစ်ဦးသည် ပထမတန်းဆီသို့ လျှောက်လာနေ၏။ ထိုအခါမှပင် ကိုစောနိုင်သည် ဒုတိယတန်း ခရီးသည်တစ်ဦးအနေဖြင့် မလာထိုက်သောနေရာအား မိမိရောက်ရှိနေမိမှန်းကို သတိပြုမိသည်။

ကိုစောနိုင်သည် သဘော်အရာရှိအား လက်ယက်ပြ လှမ်းခေါ်သည် သဘော်အရာရှိ အနီးသို့ ရောက်လာလျှင် ရှင်းပြ၏။

"မိတ်ဆွေရေ၊ ဟောဒီကလေးက ငါနဲ့ တစ်နိုင်ငံထဲသားပဲ၊ အခု သူ တို့ဆီ လာလည်ရင်း တော်တော်လေးမူးနေတယ်ကွာ၊ သူ့အခန်းသူပြန်ရောက် အောင် မင်းပဲလိုက်ပို့လိုက်ပါတော့"

သဘော်အရာရှိသည် ဖော်ရွေယဉ်ကျေးစွာဖြင့် ကိုစောနိုင်၏ မေတ္တာရပ်ခံ ချက်ကို လက်ခံပြီး စောခိုင်ဖအားတွဲခေါ်ယူသွား၏။

ဒုတိယတန်းဆီသို့ ပြန်လည်လျှောက်လာစဉ် မာလက်က မေးသည်။

"မင်းနဲ့ ဒီသူငယ်ဟာ သိပ်ရုပ်ချင်း ဆင်တာပဲ၊ မင်းတို့အမျိုးတွေလား"

ကိုစောနိုင်က အသာအယာပြုံးရင်း–

"အမျိုးဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို ဘယ်အဖြစ်နဲ့ မင်းပြောလိုက် လေမှန်း ငါမသိဘူး၊ မာလက်ရယ်၊ တို့နိုင်ငံဟာ ပြည်ထောင်စု နိုင်ငံတစ်ခုပဲ၊ ဒီတော့ ပြည်ထောင်စုနိုင်ငံတစ်ခုရဲ့ တိုင်းရင်းသား လူမျိုးစုချင်းဟာ ဆွေမျိုး ညီအစ်ကို မောင်နှမတွေချည်းပေါ့"

မာလက်သည် နားမလည်ဟန်နှင့် ကိုစောနိုင်အား ပြန်ကြည့်သည်။

"မင်းတို့အားလုံး ဆွေမျိုးကြီးပဲပေါ့…၊ ဒါပေမဲ့ မင်းက ဒုတိယတန်းက လိုက်ပြီး သူတို့က ဘာလို့ပထမတန်းက လိုက်လာကြရသလဲ…"

ကိုစောနိုင်သည် လမ်းလျှောက်ခြင်းကို ရပ်လိုက်၏။ မာလက်၏ ပုခုံးပေါ်

www.foreverspace.com.mm

သို့ သူ့လက်ကိုတင်ရင်း တစ်လုံးချင်း ပြောချလိုက်သည်။

"ဖက်ဆစ်တွေ ကြီးစိုးနေစဉ်အတွင်း မင်းတို့ရဲ့ ခေါင်းဆောင်ကြီး မာရှယ်တီးတိုးဟာ ပြောင်မြောက်တဲ့ တော်လှန်ရေးကို ဆင်နွှဲနိုင်ခဲ့တယ်၊ ပြီးတော့ ဆိုရှယ်လစ်နိုင်ငံသစ်ကိုလဲ တည်ဆောက်နိုင်ခဲ့တယ်။ တို့ပြည်ဟာ ဟောဒီ ၁၉၅၇ ခုနှစ်အထိ ဆိုရှယ်လစ်နိုင်ငံ စင်စစ် မဖြစ်လာနိုင်သေးဘူး၊ ဆိုရှယ်လစ်နိုင်ငံဖြစ်ဖို့ဝေးရော၊ တို့ပြည်မှာ ဟောင်းနွမ်းဆွေးမြေ့နေတဲ့ ပဒေသရာဇ် စနစ်တောင် မကုန်သေးဘူး"

မာလက်သည် ကိုစောနိုင်အား နားမလည်နိုင်ဟန် မော့ကြည့်သည်။

"မင်း ဘာတွေ ပြောပြနေတာလဲ နိုင်း…"

"ငါအမှန်တွေကို ပြောပြနေတာ၊ အခုန မင်းတွေ့ခဲ့ရတဲ့ စောခိုင်ဖတို့ဟာ ပဒေသရာဇ် အနွယ်ဝင်တွေပဲ မာလက်၊ ငါကတော့ သာမန် ဂီတဆရာတစ်ဦးပါ၊ ဒါကြောင့် ငါက ဒုတိယတန်းက လိုက်ခဲ့ရပြီး သူတို့ကတော့…ပထမတန်းက ပါလာကြတာ"

မာလက်သည် ခေတ္တငြိမ်တွေးပြီးနောက် ရုတ်တရက် မေးသည်။

"မင်း ဒါဖြင့် သူတို့တွေကို မုန်းလား…"

ကိုစောနိုင်က လေးပင်စွာ ပြုံးလိုက်၏။

"ဘာကြောင့် ဒီမေးခွန်းကို မေးရတာလဲ၊ သူငယ်ချင်းမာလက်၊ မင်းဟာ ရင့်ကျက်တဲ့ ဆိုရှယ်လစ်နိုင်ငံသားတစ်ဦးပဲ၊ တို့ဆိုရှယ်လစ်တွေဟာ နယ်ချဲ့စနစ်နဲ့ ဓနရှင်စနစ်ဆိုတဲ့ စနစ်တွေကိုသာ မုန်းတာ၊ လူလူချင်း မမုန်းဘူး၊ လူမှန်သမျှဟာ စနစ်တစ်ခုရဲ့ သားကောင်တွေသာ ဖြစ်မယ်၊ အမုန်းပေါ် မူတည်ပြီးတော့လည်း သာယာသော လူ့ဘောင်ကို ဘယ်တော့မှ တည်ဆောက်လို့ မရဘူး"

မာလက်သည် အားရပါးရ ပြုံးပြီး ဖြေ၏။

"မင်း ပြောတာမှန်တယ် နိုင်း…အမုန်းပေါ် မူတည်ပြီး သာယာတဲ့ လူ့ဘောင်ကို တည်ဆောက်လို့မရဘူး၊ ဒါကြောင့်လဲ မင်းသိသားပဲ…တို့ခေါင်းဆောင်ကြီး တီးတိုးဟာ မင်းတို့ အာရှ အာဖရိက ခေါင်းဆောင်တွေနဲ့ လက်တွဲပြီး… ကမ္ဘာ့သူ ကမ္ဘာ့သား အချင်းချင်းတစ်ဦးအပေါ်တစ်ဦး နားလည်မှုရအောင် ကြိုးစားနေတယ်၊ နှစ်ဆယ်ရာစုခေတ်မှာ တတိယကမ္ဘာ့စစ်မဖြစ်အောင် ကြိုးစားနေတယ်"

သူတို့နှစ်ဦးက ဆက်လျှောက်လာကြသည်။ ရေသူမ ဘားအနီးရောက်

www.foreverspace.com.mm

သော် မာလက်က မေးသည်။

“မင်း ဒီမှာလိုက်ပြီး ဆက်နွဲ့ဦးမလား”

“တော်ပါပြီမာလက်၊ ငါ့စိတ်တွေ ထွေပြားနေတာမို့ အခန်းပြန်အိပ်လိုက်ဦးမယ်…ဂွတ်နိုက် သူငယ်ချင်း”

“အေး…အေး…ဂွတ်နိုက်”

❐ ❐ ❐

www.foreverspace.com.mm

## ၄။ စောသခင်

နောက်တစ်နေ့နံနက် ၇ နာရီကျော်မှ နိုးလာခဲ့သော ကိုစောနိုင်သည် အောက်ထပ်ရှိ အားကစားရုံ၌ ၁၅ မိနစ်ခန့် ကိုယ်လက်လှုပ်ရှားကစားသည်။ ရေကူးကန်၌ ဆက်လက်၍ (၁၅) မိနစ်ခန့် ရေကူးပြီးနောက် အခန်းပြန်၍ အဝတ်အစားလဲကာ နံနက်စာစားရန် ထမင်းစားခန်းမဆီသို့ ထွက်ခဲ့၏။

သင်္ဘောကြီးမှာ အထူးတည်ငြိမ်နေရကား ပင်လယ်ပြင်တွင် လှိုင်းလေကင်းစင်နေဟန်ရှိ၏။

ကစားလှုပ်ရှား ရေကူးထားသဖြင့် ဆာလောင်နေသောကြောင့် ကိုစောနိုင်သည် အပြင်သို့ ထွက်မကြည့်တော့ဘဲ ထမင်းစားခန်းဆီသို့သာ တိုက်ရိုက်ဝင်ခဲ့၏။

စားပွဲ၌ မာလက်တို့ကို မတွေ့။ အခန်းပတ်လည်သို့ ဟိုဟိုသည်သည် ကြည့်မိရာ မာလက်နည်းတူပင် ဖိုးပျော်ရှင် အဖွဲ့သူအဖွဲ့သားများကို မတွေ့ရ။ ညက ဘယ်အချိန်အထိ အမြူးလွန်ကြသည်မသိ၊ အားလုံးမှာ အိပ်ရာမှ နိုးကြဟန်မတူ။

စားသောက်ပြီးနောက် ကိုစောနိုင်သည် စကြီရိပ်သာမှ တစ်ဆင့် အမိုးမဲ့သော ပွဲပိုင်း အထပ်တစ်ထပ်ဆီသို့ ဆင်းလာခဲ့။

ကောင်းကင်မှာ အတန်အသင့် ပြာလဲ့၍ နေရောင်ခြည်သည် ကြည်လင်တောက်ပစွာ ကျဆင်းနေ၏။ လေညှင်းသာသာ တိုက်နေသဖြင့် ပင်လယ်ပြင်၏ မျက်နှာမှာ တည်ငြိမ်နေသည်။ ရာသီမှာ အေးမြနေသေးသော်လည်း နေရောင်၌ ထွက်ရပ်လိုက်သောအခါ နွေးနွေးထွေးထွေး လန်းလန်းဆန်းဆန်း ရှိသည်။

ပွဲစင်အထပ်များနှင့် နေရောင်ကျရာများတွင် ပက်လက်ကုလားထိုင်နှင့် တစ်မျိုး၊ မတ်တတ်ရပ်လျက်တစ်ဖုံ၊ စုံတွဲလိုက်လည်းကောင်း၊ အဖွဲ့လိုက်လည်း

ကောင်း၊ တစ်ဦးချင်းလည်းကောင်း၊ နေပူစာလှုံနေသူများကို တွေ့ရသည်။

သပ်ယာကြည်လင်သော ပတ်ဝန်းကျင်ကို ငေးကြည့်နေမိစဉ် ကိုစောနိုင်၏ ရင်မှ ညက မသိမသာ ကြွင်းကျန်ရစ်သော စိတ်၏ထွေပြားလှုပ်ရှားခြင်းတို့ လွင့်စင်ကုန်သည်။

"မစ္စတာနိုင်း"

စူးရှသာယာသော ခေါ်သံကြောင့် လှည့်ကြည့်လိုက်သောအခါ ဒင်းနစ်ယူ ဒေါလ်သည် ရွှင်ပြုံးသော မျက်နှာလေးနှင့် မိမိထံသို့ ခပ်သွက်သွက် လျှောက်လာနေကြောင်းတွေ့ရ၏။ မလှမ်းမကမ်းတွင်မူ ရို့စ်မာရီယူဒေါလ်သည် ပြုံးပြုံးလေး ရပ်ကြည့်နေသည်။

"ဂွတ်မောနင်း…ဒင်းနစ်"

"ဂွတ်မောနင်း…မစ္စတာနိုင်း၊ ခင်ဗျား ပျင်းနေသလား"

"ကျေးဇူးပါပဲ ဒင်းနစ်၊ ငါ မပျင်းပါဘူး"

ဒင်းနစ်ယူဒေါလ်သည် လက်တစ်ဖက်၌ ပင်ပေါင်ရိုက်သော ဘတ်တံလေး တစ်ခုကို ကိုင်ထား၏။ သူငယ်သည် တောက်ပသော မျက်လုံးကလေးများနှင့် သူ့ဘတ်တံကလေးကို ကြည့်လိုက်၊ ကိုစောနိုင်၏မျက်နှာလေးကို ကြည့်လိုက်နှင့် လုပ်နေ၏။

"ဒါထက်…မင်းဖေဖေနဲ့ မေမေရော၊ မနိုးကြသေးဘူးလား"

ဒင်းနစ်သည် တစ်စုံတစ်ခုကို မကျေနပ်ဟန် နှာခေါင်းလေးရှုံ့၍ဖြေသည်။

"ဖေဖေလား…ဘယ်နိုးလိမ့်မလဲ၊ ခင်ဗျား ကျွန်တော်ဖေဖေအိပ်တာ သိလား၊ ဘွိုင်လာအိုးကြီး တုံးတုံးလဲကျနေသလိုပဲ၊ သူတို့ညက ဘယ်အချိန်မှ အိပ်ကြသလဲ မသိဘူး၊ကျွန်တော်တို့ကိုတော့ စောစောအိပ်ခိုင်းတယ်၊ ဒီသင်္ဘော ကြီးပေါ်မှာ ကျွန်တော်တို့လဲ ဘယ် စောစော အိပ်ချင်ပါ့မလဲ၊ လူကြီးတွေက သိပ်မတရားတာဗျ သိလား၊"

ကိုစောနိုင်သည် ဒင်းနစ်၏ အပြောလေးကြောင့် သဘောကျမိသည်။

"ဒါဖြင့်…မင်းမေမေလဲ မနိုးသေးဘူးပေါ့"

"မေမေကတော့ ကျွန်တော်တို့နိုးတာနဲ့ ကျွန်တော်တို့ကို မနက်စာ လိုက်ကျွေးပြီး အခန်းပြန်သွားတယ်၊ ပြန်အိပ်နေသလား၊ အလှပြင်နေသလား မသိဘူး။ မေမေတစ်ခါ အလှပြင်ရင် တစ်နာရီလောက် ကြာတယ်၊ သိလားဗျ မစ္စတာနိုင်း"

www.foreverspace.com.mm

ကိုစောနိုင်သည် ဘာမျှမှတ်ချက်မချဘဲ ရယ်မောနေသောအခါ ဒင်းနစ်သည် သူ့လက်တွင်းမှ ဘက်တံလေးကိုကြည့်လိုက်၊ ကိုစောနိုင်၏ မျက်နှာကိုကြည့်လိုက်နှင့် လုပ်နေပြန်၏။

အလိုက်သိသော ကိုစောနိုင်က မေးသည်။

"ဘာလဲ…ဒင်းနစ်၊ မင်း ပင်ပေါင်ရိုက်ဖို့ ပါတနာ လိုနေသလား…"

ထိုအခါကျမှ ဒင်းနစ်သည် ပြုံးပြုံးကလေး ခေါင်းညိတ်ပြီး၊ ဝန်ခံသည်။

"ဟုတ်တယ်၊ ရို့စ်မာရီနဲ့ ကစားတာ၊ သူက ကောင်းကောင်း မကစားတတ်တော့ သိပ်အရသာမရှိဘူး၊ မစ္စတာနိုင်း ကျေးဇူးပြုပြီး ကျွန်တော်နဲ့ ပင်ပေါင် တစ်ပွဲလောက် ကစားပါလား ခင်ဗျာ…"

ယဉ်ကျေးသွက်လက်သော ဤကလေးငယ်၏ ဖိတ်ကြားချက်ကို ကိုစောနိုင်သည် မငြင်းဆန်နိုင်။ ဖိတ်ခေါ်ချက်ကို လက်ခံပြီး ဒင်းနစ်နောက်သို့ လိုက်ခဲ့သည်။

ပွဲစင်၏ အတွင်းဘက်၌ ပင်ပေါင်ရိုက်သော အခန်းရှိသည်။ အခန်းဝ၌ ရို့စ်မာရီယူဒေါလ်ကလည်း ဘတ်တံကလေးကိုင်၍ စောင့်နေ၏။ ကလေးမမှာလည်း ကစားချင်ပုံ ရနေ၏။

"ဒီလိုလုပ်ပါလား ဒင်းနစ်၊ မင်းနဲ့ ရို့စ်မာရီက တစ်ဖက်ကနေ၊ ငါက တစ်ဖက်၊ နှစ်ယောက်တစ်ယောက် ကစားကြမယ်"

ဒင်းနစ်က သဘောတူသဖြင့် ဤအတိုင်း ကစားကြသည်။ ပထမတစ်ပွဲကို ကိုစောနိုင်က အနိုင်ရိုက်လိုက်သည်။ ကလေးတို့ဘာဝ အနိုင်ရမှ ကျေနပ်ချင်သော ဒင်းနစ်က ဒုတိယပွဲတွင် အထူးကြိုးစားသည်။

ကောင်းစွာ မကစားတတ်သော ရို့စ်မာရီက ဒင်းနစ်ကို အနည်းငယ်သာ ကူညီနိုင်၏။

ဒုတိယပွဲ၌ ကိုစောနိုင်က အရှုံးပေး ကစားလိုက်သောအခါ ဒင်းနစ်မှာ အလွန်သဘောကျသွား၏။ တတိယပွဲတွင် ကိုစောနိုင်က အကြိတ်အနယ် ကစားပေးသည်။ ပြီးခါနီးမှ တစ်မှတ်နှင့်ကပ်၍ အရှုံးပေးလိုက်၏။

ဒင်းနစ်သည် အလွန်အားရကျေနပ်စွာဖြင့် ကိုစောနိုင်အား ဆိုသည်။

"ခင်ဗျားဟာ တကယ့် လူကြီးလူကောင်းတစ်ဦးပဲ၊ ကျွန်တော်တို့ကို နိုင်နိုင်လျက်နဲ့ လျှော့ကစားပေးတာ ကျွန်တော်သိတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့နဲ့ ကစားပေးတဲ့အတွက် သိပ်ကျေးဇူးတင်ပါတယ်။ လာ…

www.foreverspace.com.mm

ကျွန်တော်တို့ နေပူစာ သွားလှုံရအောင်"

ကိုစောနိုင်သည် ကလေးနှစ်ဦးနှင့်အတူ နေရောင်ကျရာသို့ ထွက်လာခဲ့သည်။

ပဲ့စင်ရှိ သင်္ဘောလက်ရန်းကိုမှီရင်း နေပူစာလှုံခိုက် ဒင်းနစ်က ပြော၏။

"မစ္စတာနိုင်း…ဒီသင်္ဘောပေါ်မှာ အဖော်မပါဘူးလား၊ အဖော်ဆိုတာ ဟိုဒင်းလေ…မိန်းကလေးသူငယ်ချင်း"

"မပါ ပါဘူးကွယ်"

"ဟာ… ဒီလိုဆိုရင် ခင်ဗျား သိပ်ပျင်းနေမှာပဲ၊ ကျွန်တော်အစ်မရိုစ်မာရီကလည်း အပျိုမဖြစ်သေးဘူး၊ သူသာ အပျိုဆိုရင် ခင်ဗျားနဲ့ အဖော်ရမှာပဲ၊ သူလည်း အခု ပျင်းနေတာပဲ၊ မဟုတ်လား ရိုစ်မာရီ"

ရိုစ်မာရီက ပြုံးပြုံးကလေးနှင့် ကိုစောနိုင်အား လှမ်းကြည့်သည်။ ထို့နောက် ဖြည်းညှင်းစွာဆိုသည်။

"ဒါပေမဲ့ ဒီညကစပြီး ဒက်ဒီက ငါ့ကို ကပွဲမှာ ကခွင့်ပြုမယ်တဲ့"

ဒင်းနစ်က ရို့စ်မာရီ၏ စကားကို အားရပါးရ ရယ်သည်။

"အေးပါလေ၊ ကခွင့်တော့ ရတာပေါ့၊ ဒါပေမဲ့ နင် ဘယ်သူနဲ့ ကမလဲ၊ ဒီသင်္ဘောပေါ်မှာ အဘိုးကြီးနဲ့ အဘွားကြီးတွေချည်းပဲ၊ ပထမ က,ကခြင်း အဘိုးကြီးတွေနဲ့ တွဲကရရင် နင် ကံဆိုးတာပေါ့"

ရိုစ်မာရီသည် ရှိးသားသော အပြုံးကလေးနှင့်ကိုစောနိုင်အား လှမ်းကြည့်ပြီး ဆိုသည်။

"မစ္စတာနိုင်းကတော့ အဘိုးကြီး မဟုတ်သေးပါဘူး၊ ဒင်းနစ်ရယ်"

ထိုအခါမှ သတိရလာဟန် ဒင်းနစ်သည် တောင်းပန်၏။

"ဆောရီး မစ္စတာနိုင်း၊ ကျွန်တော် သတိလစ်သွားတယ်၊ ဟုတ်တယ်၊ ခင်ဗျား အဘိုးကြီး မဟုတ်သေးပါဘူး၊ ဒါထက် ခင်ဗျားလူပျိုလား၊ မိန်းမနဲ့လား"

ဒင်းနစ်၏ မေးခွန်းကြောင့် ကိုစောနိုင်သည် ရယ်မောရင်း ဖြေရသည်။

"လူပျိုပါ ဒင်းနစ်ရယ်"

ဒင်းနစ်သည် အလွန် ဝမ်းသာစွာ အော်၏။

"ရိုက်(တ်)…ဟန်ကျတာပဲ ရို့စ်မာရီ၊ တို့ မာမီကို ပြောပြကြရအောင် မစ္စတာနိုင်းဟာ တို့မိတ်ဆွေလို့၊ ပြီးတော့ သူဟာ အဘိုးကြီးမဟုတ်ဘူး လူပျိုလို့"

www.foreverspace.com.mm

ဤသို့ စကားကောင်းနေစဉ်အတွင်း စကြံ့န်ရိပ်သာ အပေါ်၌ မစ္စစ်ယူဒေါ် ပေါ်လာပြီး ဒင်းနစ်တို့အား လှမ်းခေါ်သည်။

"ဟော…မာမီ ခေါ်နေပြီ၊ ဒယ်ဒီ နိုးနေပြီနဲ့တူတယ်၊ ဒယ်ဒီက သူနိုးရင် ကျွန်တော်တို့နဲ့ ရေကူးမယ်လို့ ကတိပေးထားတယ်၊ ကျွန်တော်တို့ သွားမယ်၊ ခုနက ပြောတာ မာမီကို ဆက်ဆက်ပြောလိုက်မယ်။ ဟုတ်လား မစ္စတာနိုင်း"

ကလေးနှစ်ဦးတို့သည် သူတို့၏ မိခင်ရှိရာသို့ တက်သွားကြသည်။

ဒင်းနစ်က လက်ဟန်ခြေဟန်ဖြင့် သူ့မိခင်နှင့် အတန်ကြာ စကားပြောနေသေးသည်။ ထို့နောက်မှ မောင်နှမနှစ်ဦး ထွက်သွားကြသည်။

မစ္စစ်ယူဒေါလ်သည် ကိုစောနိုင်ထံ ဆင်းလျှောက်လာ၏။ အပြန်အလှန် နှုတ်ဆက်ကြပြီး… ကိုစောနိုင်က မေးသည်။

"ဒါထက် မစ္စတာယူဒေါလ်ရော နိုးပြီလား"

"နိုးပြီလေ…ညက အိပ်ရာဝင်တာလဲ နောက်ကျ၊ အရက်ကလဲများသွားတော့ ရေကူးကန်ထဲမှာ သွားရေစိမ်နေမလို့တဲ့…ကျွန်မ ယောကျ်ားက အင်မတန် ပျော်ရွှင်တတ်တယ် မစ္စတာနိုင်း"

ကိုစောနိုင်သည် မှုန်နံ့သာခြယ်ထားသဖြင့် ချောမောရွှင်ပြုံးသော မစ္စစ်ယူဒေါလ်၏ မျက်နှာကိုကြည့်လျက် သဘောတူကြောင်း ခေါင်းညိတ်ပြသည်။

"ဒါထက် ကျွန်မ ကလေးတွေက ရှင့်ကို အတော်ခင်နေပုံရတယ်၊ ဒင်းနစ်က ရှင့်ကို ဘာများ အကြံပေးသွားသေးလဲ"

မစ္စစ်ယူဒေါလ်က ရယ်မောရင်း မေးသည်ကို…ကိုစောနိုင်က မဖြေဘဲ ပြုံးရုံသာ ပြုံးနေ၏။

မစ္စစ်ယူဒေါလ်သည် မျက်နှာကို တည်ကြည်လိုက်ပြီး ရှင်းပြသည်။

"ရို့စ်မာရီဟာ အသက် ၁၆ နှစ်ပြည့်ပြီးပြီ မစ္စတာနိုင်း၊ ဒါကြောင့် ဒီညကပွဲဟာ သူ့အတွက် (Debutant Ball) ဖြစ်ရမယ်လို့ ကျွန်မဆုံးဖြတ်ထားတယ်"

သူတို့၏ယဉ်ကျေးမှုကို နားလည်သောကြောင့် ကိုစောနိုင်သည် မစ္စစ်ယူဒေါလ်၏ စကားကို လေးစားစွာဖြင့် နားထောင်နေမိသည်။

သူတို့တွင် သမီးကညာ အရွယ်ရောက်လာလျှင် ပွဲထုတ်ရရိုး ထုံးစံရှိသည်။ ကြေးရတတ်များဆိုလျှင် ငွေကုန်ကြေးကျခံ၍ နယူးယောက်မြို့ အက်စတာဟိုတယ်ကြီး၌ နှစ်စဉ်အထူးကျင်းပသော ကမ္ဘာလုံးဆိုင်ရာ အပျိုစင်ပွဲထုတ်ရေး

www.foreverspace.com.mm

ကပွဲကြီးသို့ သမီးများကို ခေါ်လာရိုး ဖြစ်ကြ၏။

မစ္စစ်ယူဒေါလ် ဆက်ပြော၏။

"အက်စတာဟိုတယ် ခေါ်သွားလောက်အောင် ကျွန်မတို့က မချမ်းသာလှဘူး၊ ရိစ်မာရီရဲ့အသက်က နည်းနည်းတော့ ငယ်သေးတယ်၊ ဒါပေမဲ့ ဘုရင်မမေရီ သင်္ဘောတော်ကြီးက အက်စတာ ဟိုတယ်ထက် ဂုဏ်မငယ်ပါဘူး…။ ဒီတော့ ကြုံတုန်း တစ်သက်တာအမှတ်တရဖြစ်အောင် ရိစ်မာရီကို ဒီညပွဲထုတ်ရမယ်လို့ စိတ်ကူးတယ်…။ အဲ့ဒါ ရှင့်ဆီက အကူအညီ လိုချင်လို့"

မစ္စစ်ယူဒေါလ်က မျှော်လင့်ချက် ကြီးစွာဖြင့် သူ့ထံမှ အကူအညီတောင်းခံ၏။

"ပြောပါလေ… ကျွန်တော် ဘာကူညီရမလဲ"

"ရှင် သိတဲ့အတိုင်းပဲ၊ စရိတ်စခက ကြီးလွန်းလို့ ဒီသင်္ဘောကြီးကို လူတိုင်း စီးနိုင်ကြတာ မဟုတ်ဘူး၊ ဒီသင်္ဘောကြီးကို စီးပြီး အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ဖို့ဆိုတာ ကျွန်မတို့အားလုံးရဲ့ အိမ်မက်တစ်ခုပဲ…၊အဲ… အိမ်မက်လဲ အကောင်အထည်ပေါ်ရော ကျွန်မတို့ဟာ အဘိုးကြီးအို အဘွားကြီးအိုတွေဖြစ်ကုန်ပြီ။ ရှင်သတိပြုမိမှာပေါ့၊ ကျွန်မတို့ အတန်းတစ်ခုလုံး အဘိုးကြီးနဲ့ အဘွားကြီးတွေသာ များနေကြတာ"

ကိုစောနိုင်သည် ဟုတ်မှန်ကြောင်း ခေါင်းညိတ်ခံသည်။

"အဲ့ဒီတော့ ကျွန်မ သမီးကို သူရဲ့ ပွဲဦးမှာ အဘိုးကြီးဖြစ်စေ၊ မယားရှိတဲ့ယောက်ျားတစ်ဦးဦးနဲ့ဖြစ်စေ မကစေလိုဘူး…၊ ဒီညကပွဲမှာ ရှင် ကျွန်မသမီးနဲ့ ကပေးနိုင်မလား၊ ကပေးမယ်ဆိုရင်တော့ ရှင့်ကို ကျွန်မ ကျေးဇူးတင်လို့ဆုံးမှာမဟုတ်ဘူး။ တစ်ညလုံး က,ရမယ်လို့ မဆိုလိုပါဘူး…၊ ပထမ တစ်ပွဲနှစ်ပွဲပါ၊ နမိတ်ကောင်း ရအောင်ပေါ့၊ ရှင်နဲ့ ကပြီးတဲ့နောက် အဘိုးကြီးတွေနဲ့ ကချင်ကပါစေ၊ ကိစ္စမရှိတော့ပါဘူး"

မစ္စစ်ယူဒေါလ်က သူတို့ဓလေ့ထုံးစံအတိုင်း မိခင်တစ်ဦး၏ဆန္ဒကို ရိုးသားစွာ တင်ပြနေသဖြင့် ကိုစောနိုင်က ကတိပေးရသည်။

"ကျွန်တော်ဟာ က,ခြင်းကို သိပ် ဝါသနာ မပါလှပါဘူး၊ ဒါပေမဲ့ ဒီသင်္ဘောပေါ်မှာ မိတ်ဆွေဖြစ်ရတဲ့ ခင်ဗျားတို့ လင်မယားနဲ့ ရိုမာရီအတွက် ကျွန်တော်က က,ပေးပါ့မယ်"

ကိုစောနိုင်၏ ကတိပေးသံ ကြားရသောအခါ မစ္စစ်ယူဒေါလ်မှာ…

www.foreverspace.com.mm

"ကျွေးဖူးတင်လိုက်တာ မစ္စတာနိုင်း…၊ ဒီည ညစာစားလို့ရှိရင် ကျွန်မတို့စားပွဲကို ဝိုင်အတူသောက်ရအောင် ခဏကြွခဲ့ပါလား၊ ဒီတစ်ခါလဲ ရှင် မငြင်းရဘူးနော်"

ကိုစောနိုင်က မငြင်းသောအခါ မစ္စစ်ယူဒေါလ်သည် ကျေနပ်ဝမ်းသာစွာ အတန်ကြာ စကားဆက်ပြောပြီးမှ နေရာမှ ထွက်ခွာသွားလေသည်။

ကိုစောနိုင်သည် သင်္ဘောဦးဘက်သို့ မျက်နှာလှည့်လိုက်သည်။ သူ့မျက်လုံးများက အပေါ်ဆုံးထပ်ပွဲစင်ရှိ ပထမတန်းခရီးသည်များ နေပူစာလှုံရာသို့ ရောက်သွားသည်။ ထိုခဏတွင်–

ထိုနေရာတွင်…ထိုအသွင်ကို

ဟိုယခင် တစ်ခါကကဲ့သို့ပင် မြင်ရပြန်သည်တကား။

အရပ်က ရှည်ရှည်သွယ်သွယ်…။ အရပ်ရှည်သွယ်သကဲ့သို့ ဖြူဝင်းဖြောင့်စင်းသော လည်တိုင်ကလည်း ရှည်သွယ်သည်။ ဖြူဝင်းဖြောင့်စင်း ရှည်သွယ်သော လည်တိုင် အထက်သို့ ပိတုန်းရောင် နက်မှောင်သော ဆံပင်တို့က နောက်ထုံးရှင်အဖြစ် ကျရောက်နေသည်။ဖြူဝင်းသော ခန္ဓာကိုယ်ထက် နီလာဖျော့ဖျော့ဖြင့် ပိုးထဘီ၊ အင်္ကျီငွေဖြူ၊ စိမ်းပြာနုရောင် သိုးမွေးဆွယ်တာတို့ကို ဆင်မြန်းထားရာ မြင်ရသူ၏ရင်၌ ရေပင်လယ်နှင့် ငွေစင်ကြယ်ပမာ အေးမြ ချမ်းသာလှသည်တကား။

ဤတစ်ကြိမ်တွင်မူ မိန်းမပျိုကလည်း သူ့ကို သတိထား မြင်တွေ့သွား၏။ မဝေးတဝေးကပင် သိသာထင်ရှားသော မျက်လုံးဝန်းဝန်းများဖြင့် သူ့ကို စိုက်ကြည့်နေ၏။ ဤသို့ စိုက်ကြည့်နေစဉ်မှာပင် အံ့သြဟန်နှင့် နီရဲသော မိန်းမပျို၏ ပါးစပ်ကလေးမှာ ဟသွား၏။ နောက်တစ်ခဏတွင်မူ မိန်းမပျိုသည် ကိုယ်ကို ချာခနဲ လှည့်လိုက်ပြီး မြင်ကွင်းမှ သွက်လက်လျင်မြန်စွာ လျှောက်သွားထွက်ခွာ ပျောက်ကွယ်သွား၏။

ဖိုလှိုက်သော ရင်ဖြင့် ကိုစောနိုင်သည် နေရာ၌ အတန်ကြာမတုန်မလှုပ်ရပ်နေမိသည်။ နှုတ်မှလည်း အမှတ်မထင် တိုးတိုးရေရွတ်မိသည်။

"စော…စန္ဒာ…နွယ်"

ကိုစောနိုင်သည် ခြေလှမ်းကို လေးပင်စွာ ဆွဲ၍ အခန်းဆီသို့ ရည်ရွယ်ချက်မရှိ ပြန်လာခဲ့၏။

လှေကားအဆင်းအတက်၌ သူ့မိတ်ဆွေကြီး မာလက်နှင့် သွားဆုံသည်။

www.foreverspace.com.mm

“ဪ...မာလက်၊ မင်း အခုမှ အိပ်ရာက ထသလား”

မာလက်သည် ဟော့ခနဲ လေချဉ်တက်ပြီး စကားပြန်၏။

“အေးကွ၊ မနက်စောစောတောင် မမီလို့ ရေသူမဘား သွားပြီး ဆင်းဒဝစ်ချ်နဲ့ ဘီယာ မျိုလာခဲ့ရသေးတယ်၊ ဒါထက် မင်း ဘယ်က ပြန်လာတာလဲ”

“နေပူစာလှုံရာကပါ”

“အေးကွ၊ တို့ဥရောပနား နီးရင် ပိုမို နွေးလာတယ်၊ ဥရောပမှာက အမေရိကားမှာထက် နွေက စောစောရောက်တာကိုး၊ ပြင်သစ် ကမ်းခြေရောက်ရင် မယုံကြည့်၊ သစ်ပင်တွေမှာ သစ်ရွက်တွေထွက်ပြီး စိမ်းနေလိမ့်မယ်”

မာလက်က လေရှည်ကြီး ပြောနေသဖြင့် ကိုစောနိုင်က စကားကို ဝင်ဖြတ်ပြောသည်။

“အေးကွာ...အဲ့ဒီရောက်တော့မှာပဲ...နွေအရောက် စောလို့ သစ်ရွက်တွေနဲ့ စိမ်းနေမယ့် မင်းတို့ရဲ့ ဥရောပကို ငါကြည့်ပါဦးမယ်၊ အခုတော့ ငါ့အခန်း ငါ ပြန်နားလိုက်ဦးမယ်”

မာလက်သည် မယုံကြည်နိုင်ဟန် မျက်လုံးပြူး၍ ကိုစောနိုင်အား ကြည့်သည်။

“ဟေ...မနက်အစောကြီး ရှိသေးတယ်၊ ပြန်နားမလို့၊ ဒီနေ့ ရုပ်ရှင်ခန်းမမှာ အမေရိကန်ပြည်မှာတောင်ရုံမတင်သေးတဲ့ ဟောလီဝုဒ်ကား ကောင်းကောင်းပြမလို့တဲ့၊ ငါက မင်းနဲ့ အတူသွားကြည့်မလို့ မှန်းထားတာ၊ မင်းက အခုပြန်နားမယ်၊ ဖြစ်မှ ဖြစ်ရလေ၊ ငါ့လူ စောစောစီးစီး ဘာတွေများ ပင်ပင်ပန်းပန်း လုပ်ထားသလဲ”

ကိုစောနိုင်သည် သူကိုယ်တိုင်ပင် အမျိုးအမည်မသိသော အပြုံးကိုပြုံး၍ ပြန်ဖြေသည်။

“ဘာတွေကြောင့် ငါ ပင်ပန်းသွားတယ်ဆိုတာ...ငါကိုယ်တိုင်လဲ မသိပါဘူး၊ မာလက်ရယ်...၊ ဒါပေမဲ့ နားနေမှ လိုတာကတော့ အမှန်ပဲ၊ ဒီတော့ ငါ့ကို ခွင့်လွှတ်ပါ သူငယ်ချင်း”

ပြောပြောဆိုဆိုနှင့် ကိုစောနိုင်က ထွက်ခွာသွားသည်။ မာလက်က ကိုစောနိုင်၏ နောက်ကျောကို ကြည့်ရင်း ပါးစပ်ကြီးဟ၍ အံ့သြကျန် ရစ်ခဲ့သည်။

အကယ်၍သာ မာလက်သည် ကိုစောနိုင်၏ နောက်သို့ လိုက်၍ကြည့်

မည် ဆိုလျှင်ပို၍ အံ့သြရပေဦးမည်။

အခန်းအတွင်းသို့ ရောက်လျှင်ရောက်ချင်း ကိုစောနိုင်သည် အခန်းတံခါးကို အတွင်းမှ ချက်ချလိုက်သည်။ ထို့နောက် သားရေအိတ်အတွင်းမှ စောင်းကို ထုတ်ယူလိုက်၍ ရင်မှာပွေ့ပြီး ခုတင်ထက်၌ ထိုင်သည်။

စောင်းကြိုးများကို ညှိပြီးနောက် အသံစဉ်တစ်ရပ် စမ်း၏။ ခဏတွင်မူ သူသည် ကေတုမတီ တောင်ငူနတ်သျှင်နောင်၏ မယ်ဘွဲ့သီချင်းခန့်ကြီးကို ဆိုဆိုတီးတီး ညည်းနေမိ၏။

"ယဉ်ရာယဉ်ဆုံး...၊ နန်းလှိုင်...ပွင့်လင်း၊ ဖြူပြာရောင်ချင်း၊ ထွေထွေပင်သာ၊ မူယာပျောင်းပျ၊ နုတယ်...နုတယ်...နုတယ်နှင့်သာ...။

မျှားထောင်ပေါင်းစု၊ သိန်းသန်းထောင်ရာ၊ ရွှေနန်းသာခေါင် ဆောင်ဆောင်ရာ ခြားနား၊ ဒေဝီစန္ဒာ သူဇာနှင့် တူရိုးမှား...တူရိုးမှား..."

ထိုည ကပွဲသည် ညစာစားပွဲအပြီး ည၁၀ နာရီ၌ စသည်။

ကိုစောနိုင်သည် ထမင်းစားခန်းမှ ပြန်လာပြီး ရေမိုးချိုး၍ ညကပွဲအတွက် သင့်တင့်လျောက်ပတ် မဝင့်ဝါလွန်းသော နက်ပြာရောင် သက္ကလပ်ဝတ်စုံကို ကြက်သွေးရင့်ရောင် လိပ်ပြာတောင်လည်စည်းနှင့် တွဲဖက်ဝတ်ဆင်သည်။

သင်္ဘောကြီး၏ ဗဟိုအထပ်ရှိ အကခန်းမဆောင်ကြီးသို့ ကိုစောနိုင် ရောက်ချိန်တွင် ပရိသတ်စုံနေပေပြီ။

သူတို့လူမျိုးတွေသည် ဘုရားရှိခိုးကျောင်း တက်ရာ၌လည်းကောင်း၊ ကပွဲခန်းမသို့သွားရာ၌လည်းကောင်း၊ အထူးတလည် အဝတ်အစားကို ဂရုတစိုက် ဝတ်ဆင်တတ်ရကား၊ ကပွဲခန်းမဆောင်အတွင်းရှိယောက်ျားမိန်းမ အသီးသီးတို့သည် ပြေပြစ် သပ်ရပ်လှသော အဝတ်အစားများဖြင့် တင့်တယ်စွာ ရှိနေကြသည်။

ကိုစောနိုင်သည် ကြိုတင်စီစဉ်ထားသည့်အတိုင်း မစ္စတာ ယူဒေါလ်တို့၏ စားပွဲ၌ သွားထိုင်သည်။

ရို့စ်မာရီသည် ငွေဇာဖောက် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထား၍ လည်တိုင်တွင် ပုလဲပုတီးတစ်ကုံး ဆွဲထား၏။

သူတို့စံချိန်အရ ကလေးမျှသာဟု ဆိုရသော်လည်း အရှေ့တိုင်းအမြင်နှင့်မူ ကိုယ်လုံးကိုယ်ပေါက် ဖွံ့ဖွံ့ထွားထွားဝယ် ငါးပေသုံးလက်မကျော်သော အရပ်နှင့် ရို့စ်မာရီသည် အပျိုကြီးကြီးဖားဖား တစ်ဦးပင် ဖြစ်နေပေသည်။

နုနယ်သော ကလေးမ၏ မျက်နှာကလေးသည် အဝတ်အစားအသစ်ကို

www.foreverspace.com.mm

ဆင်ထားရသဖြင့် တစ်ကြောင်း၊ ရှေးဦးပွဲထွက်အဖြစ် ကရမည်ဖြစ်သဖြင့် တစ်ကြောင်း၊ လှုပ်ရှားသောစိတ်ကြောင့် တက်ကြွလာသော သွေးတို့နှင့် ပါးမို့လေးများ ရဲရဲနီနေ၏။

ဘုရင်မ မေရီသော်ကာတော်၏ တီးအဝိုင်းအဖွဲ့သည် အစေသော် ပရိသတ် မြူးကြွရန် စည်းနရီသွက်သွက်ဖြင့် တေးများကို တီးနေ၏။ ခဏကြာသော် လူတိုင်းက,နိုင်သည့် စလိုးဖောက်စ် နရီနှင့် တေးကို စတော့၏။

တစ်စုံတွဲပြီး တစ်စုံတွဲ ကပွဲကြမ်းပြင်ဆီသို့ ထွက်လာကြ၏။ မစ္စစ်ယူဒေါလ် ပြောသကဲ့သို့ပင် လူကြီးစုံတွဲများသာ ဖြစ်ကြ၏။

ယဉ်ကျေးမှုအရ ကိုစောနိုင်သည် မိဘများထံ ခွင့်တောင်းပြီး ရို့စ်မာရီ၏ လက်ကလေးကိုဆွဲ၍ ကပွဲဝိုင်း အလယ်သို့ ဝင်လာသောအခါမှုကား…နုပျိုသော အတွဲကို မြင်ရသဖြင့် ရွှင်လန်းအားရသော ပရိသတ်များက လက်ခုပ်တီးပေးကြသည်။ ခေါင်မိုးပေါ်၌လည်း စပေ့လိုက် စက်ဝိုင်းမီးသည် သူတို့နှစ်ဦး ရွေ့လျားရာသို့ ကွက်ကွက်ထိုးကာ လိုက်ပေးနေလေ၏။

ကလေးမမှာ မသိမသာတုန်ယင်နေသောကြောင့် ကိုစောနိုင်က အားပေးရသည်။

"မကြောက်နဲ့နော် ရို့စ်မာရီ၊ တစ်ချီလောက် က,ပြီးရင် မင်း ရဲသွားမှာပဲ"

ရို့စ်မာရီက ပြုံးပြုံးလေး ခေါင်းညိတ်သည်။ ကိုစောနိုင် ဦးဆောင် ကရာသို့ ချောမွေ့ညင်သာစွာ လိုက်ရှာသည်။

"မင်းကကွက်တွေမှန်သားပဲ၊ ဘယ်သူ သင်ပေးထားသလဲ…ရို့စ်မာရီ"

"မာမီ…သင်ပေးထားတာပေါ့"

ကလေးမက ရိုးသားစွာဖြေသော်လည်း ကိုစောနိုင်သည် ဟိုတစ်ညက မစ္စတာယူဒေါလ် ပြောခဲ့သော စကားများကို သတိရမိသဖြင့် ပြုံးမိ၏။

ကရင်းမှ ကိုစောနိုင်သည် ရို့စ်မာရီပုခုံးကို ကျော်လျက် ထိုင်နေ ကြသော ပရိသတ်ကို ကြည့်မိသည်။

ပထမဆုံး သတိပြုမိသည်ကား အဖော်မပါ တစ်ကိုယ်တည်း ငုတ်တုတ်ကြီး ထိုင်ရင်း က,နေသော မိမိတို့အား အားကျစိတ်ဝင်စား ကြည့်နေသည့် သူ့မိတ်ဆွေကြီး မာလက်တည်း၊ မာလက်နှင့် မလှမ်းမကမ်းတွင်မူ မိန်းမကြီးကြီးများ ချည်းစုဝေးနေသော ဝိုင်းတစ်ဝိုင်းရှိ၏။ ထိုဝိုင်းအလယ်၌ ဘာဘရာ ခမျာသည် သနားဖွယ်ရာ ကုပ်ကုပ်ကလေး ထိုင်လျက်ရှိ၏။

www.foreverspace.com.mm

ကပွဲကြမ်းပြင်၌ စုံတွဲအသီးသီး ထပ်ကာထပ်ကာ တိုးလာသည်။ ထိုအထဲတွင် မစ္စတာယူဒေါလ်တို့ စုံတွဲလည်း ပါလာ၏။

ဝေ့ကာဝိုက်ကာ ကကြစဉ် အနီးကပ်လာဆဲ၌ မစ္စတာယူဒေါလ်က လှမ်းနှောက်သည်။

"ဟော့…မစ္စတာနိုင်း၊ ငါ့သမီး ကောင်းကောင်း ကတတ်ရဲ့လား"

"ကောင်းကောင်း က,တတ်ပါတယ် မစ္စတာယူဒေါလ်၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ အဲ့ဒါ သိချင်လို့၊ ကောင်းကောင်း ကတတ်မှာပေါ့၊ ငါ့မိန်းမက သင်ပေးထားတာကွ၊ ဟဲ…ဟဲ…ဟဲ"

ကပွဲသည် စည်သည်ထက် စည်၍ မြိုင်သည်ထက် မြိုင်လာသည်။

တေးသွားတစ်ခုမှတစ်ခုအပြောင်း၌ လက်ခုပ်သံများ ပေါ်လာပြန်၏။ ကိုစောနိုင်တို့ အတွဲပေါ် ထိုးထားသည့် မီးသည် တစ်နေရာသို့ ရွေ့လျားသွား၏။ လှမ်းကြည့်လိုက်သော် ကိုစောနိုင်မှာ အံ့လည်း အံ့သြသွားသည်။ ဝမ်းလည်း ဝမ်းသာသွားသည်။

အသစ်ဝင်လာသော စုံတွဲမှာ စောခိုင်ဖနှင့် ဘာဘရာတို့ပေတည်း…။

ကကြိုး တီးကွက်သည် တစ်မျိုးမှ တစ်မျိုးပြောင်းသွား၏။

ဝါ့လ်ဇ်ခေါ် အတန်လေး သွက်သမျှ ရိုးရိုးယဉ်ယဉ်နှင့်သိမ်မွေ့ နန်းဆန်သော ကကြိုးရောက်လာသောအခါ စုံတွဲ တော်တော်များများ ထွက်ထိုင်ကြသည်။

"ရို့စ်မာရီ၊ မင်း ဝါ့လ်ဇ် ကတတ်တယ်နော်"

"နည်းနည်းပါးပါးတော့ ကတတ်တယ်၊ မစ္စတာနိုင်း ထိန်းကသွားရင် ကျွန်မ လိုက်နိုင်ပါတယ်"

အတန်ကြာ က,မိသောအခါ ကပွဲကြမ်းပြင်၌ စောခိုင်ဖတို့အတွဲနှင့် မိမိတို့အတွဲသာ ကျန်တော့ကြောင်း ကိုစောနိုင် သတိပြုမိသည်။

အစက ယဉ်ကျေးမှု ဝတ္တရားအရသာ ကနေခဲ့ရသော ကိုစောနိုင်မှာ စိတ်ဝင်စားလာသဖြင့် တက်ကြွစွာ ကသည်။ စောခိုင်ဖတို့ အတွဲမှာလည်း မခေ။ ဝေ့ကာ ဝန်းကာ၊ ပူးကာ ခွဲကာနှင့် မြိုင်ဆိုင်လှ၏။

ကကြိုးတီးလုံးဆုံးသွားသောအခါ သူတို့နှစ်တွဲဖက် စပေါ့လိုက်မီးသည် တည့်တည့်ထိုးပေးထားသည်။

ပရိသတ်က လက်ခုပ်တီးပေးပြန်သဖြင့် သူတို့ နှစ်စုံတွဲသည် ဦးညွှတ် အလေးပြုလိုက်ကြသည်။

www.foreverspace.com.mm

"ဟင်နရီ ကိုကြီးတို့ စားပွဲကို ခဏ လိုက်ခဲ့ပါလား"

စောခိုင်ဖကလက်ခံသဖြင့် ကိုစောနိုင်သည် သူတို့အတွဲအား မစ္စတာ ယူဒေါလ်၏ စားပွဲဆီသို့ ခေါ်လာခဲ့သည်။

စောခိုင်ဖနှင့် ဘာဘရာအား မစ္စယူဒေါလ်တို့နှင့် မိတ်ဖွဲ့ပေးပြီးသော အခါ မစ္စစ်ယူဒေါလ်က ဝမ်းသာစွာ ဆိုသည်။

"ရှင့်ကို ကျွန်မသိပ်ကျေးဇူးတာပဲ မစ္စတာနိုင်း၊ ဒါကြောင့်မို့လို့ ကျွန်မ အထူးမှာထားတာရှိတယ်။ ဟောဒီ…ရှင့်ရဲ့မိတ်ဆွေ၊ အဲ…အခုတော့ ကျွန်မတို့ရဲ့မိတ်ဆွေ ဖြစ်လာတဲ့စုံတွဲအတွက်လဲ ပါတယ်ပေါ့"

"ဘာများ မှာထားလို့လဲ မစ္စစ်ယူဒေါလ်"

"အို…ရောက်လာရင် သိရမှာပေါ့"

မကြာမီ ဝိုင်အမှုထမ်း လုလင်တစ်ဦးက အဝတ်ဖြူပတ်လျက် မြမြအေး ထားသော ရှန်ပိန်ပုလင်းတစ်လုံးကို ယူလာခဲ့၏။ အခြားတစ်ဦးက စလင်းဖလ်သားနှင့် ပြုလုပ်ထားသော ရှန်ပိန်ခွက်များကို လာချပေးသည်။

ရှန်ပိန်တစ်ခွက်စီ သောက်ကြပြီးနောက် ကကြပြန်သည်။ ဤတစ်ကြိမ် တွင်မူ ကိုစောနိုင်နှင့် ဘာဘရာက တစ်တွဲဖြစ်၍ ရို့စ်မာရီနှင့် စောခိုင်ဖတို့က တစ်တွဲဖြစ်၏။

တစ်ချီကပြီးသောအခါ သူတို့နှစ်တွဲသည် ဘာဘရာ ဖိတ်ခေါ်ချက်အရ ဘာဘရာ၏ ဝိုင်းဆီသို့သွားသည်။ ဘာဘရာ၏ဝိုင်း၌ နောက်မှီ ကုလားထိုင် တို့ထက် ထိုင်၍ ကပွဲကို ရှုကြည့်သူများမှာ မိန်းမကြီးကြီးချည်းများသာ ဖြစ်သည်။

ဘာဘရာမိတ်ဖွဲ့ပေးသဖြင့် သိရသောအခါ၌ စောစောက ဘာဘရာသည် အဘယ်ကြောင့် ကုပ်ကုပ်ကလေး နေရသည်ကိုလည်းကောင်း၊ မနေ့ညက စောခိုင်ဖနှင့်ခွဲ၍ ဘာ့ကြောင့် ဘာဘရာ ထွက်ခွာသွားရသည်ကိုလည်းကောင်း ကိုစောနိုင်သဘောပေါက်မိသည်။

မိန်းမကြီးများသည် ကျောင်းဆရာမကြီးများ ဖြစ်ကြ၏။ ပိုဆိုးသည်မှာ အပျိုကြီးများဖြစ်ကြ၏။ ၎င်းတို့အားလုံးမှာ ဖောင်ဒေးရှင်းတစ်ခု၏ အထောက် အပံ့ဖြင့် ဥရောပတစ်ခွင်ကို လည်ပတ်ရန် လာခဲ့ခြင်းဖြစ်သည်။

အဖွဲ့ခေါင်းဆောင် ငွေရောင်ဆံပင်နှင့် မိန်းမကြီးကား မနေ့ညက ဘာဘရာ့ကို လာခေါ်သော မိန်းမကြီးဖြစ်၏။သူမကြီး၏နာမည်မှာ မစ်အမ်း

www.foreverspace.com.mm

စထရောင်းဟုခေါ်သည်။ မစ်အမ်းစထရောင်းမှာ ဟိုက်စကူးကျောင်းကြီးတစ်ခု၏ ကျောင်းအုပ်ကြီးဖြစ်သည်။ ဘာဘရာမှာ သူမကြီး၏စက္ကတေရီ စာရေးမလေး တစ်ဦးသာတည်း။

သို့ရာတွင် ကံအားလျော်စွာ မစ်အမ်းစထရောင်းမှာ ဂီတ၌ ဝါသနာပါရကား ခဏချက်ချင်းမှာပင် ကိုစောနိုင်နှင့် အဖွဲ့ကျသွား၏။

အခြေအနေကို အသုံးချတတ်သော ကိုစောနိုင်သည် မလှမ်းမကမ်းမှ မိမိတို့အရိပ်အကဲကို ကြည့်နေသော ရဲဘော်ကြီးမာလက်ကိုပါ ဝိုင်းသို့ ဖိတ်ခေါ်လိုက်သည်။

ကကြိုးတစ်ချီ စတီးသောအခါ၌ သူမကြီးမစ်အမ်း စထရောင်းအား ကရန် ဖိတ်ခေါ်သည်။ သူမကြီးက မငြင်းဘဲ ထလိုက်လာ၏။ အကင်းပါးသော စောခိုင်ဖကလည်း အခြားသောသူမကြီးတစ်ဦးအားခေါ်၍ ထွက်လိုက်လာ၏။

ရဲဘော်ကြီး မာလက်မှာလည်း မခေ၊ အဘွားကြီးတစ်ဦးကို ဆွဲထုတ်လာသည်။

စောစောက အနနယ် အငယ်ရွယ်ဆုံး မိန်းကလေးကိုယ်စီနှင့် ကခဲ့ကြရသော စောခိုင်ဖနှင့်ကိုစောနိုင်ကား သေနင်္ဂဗျူဟာအရ ယခု သူမကြီးကိုယ်စီနှင့် နှစ်ပါးသွားနေရ၏။

မည်သို့ဖြစ်စေ ဤသေနင်္ဂဗျူဟာမှာ အလုပ် လုပ်သွားသည်။

နောက်ပိုင်းအချိန်များ၌ ကိုစောနိုင်တို့က အပျိုကြီးများအား မာလက်နှင့် လွှဲကာ ကိုယ့်စခန်းကိုယ်သွားကြသည်။ မာလက်သည် သူတွင်မက ဘက်မဲ့ဖြစ်သော ဖိုးပျော်ရွှင်အဖွဲ့မှ သူ့အဖော်များကို အပျိုကြီးတစ်ဦးနှင့်လဲကာ လှယ်ကာ တွဲ၍ နွဲနေလေတော့သည်။

ကပွဲ၏ အဆုံးသတ်ပိုင်း၌ တီးဝိုင်းသည် သွက်လက်မြူးကြွလွန်း၍ အဘိုးကြီး အဘွားကြီးများ မတတ်နိုင်သော လက်တင်အမေရိကန် ကကြိုးများကို တီးပေးသည်။ ကပွဲကြမ်းပြင်၌ ကိုစောနိုင်တို့ နှစ်စုံတွဲသာ ကျန်ရစ်ပြန်သည်။

ကပွဲ ကကြိုးအဆုံး ပရိသတ်များ လက်ခုပ်တီးနေစဉ် ကိုစောနိုင်၏ မျက်လုံးများသည် ကပွဲခန်းမတံခါးဆီသို့ ရောက်သွား၏။ ထိုခဏတွင်ပင် ကိုစောနိုင်၏ မျက်လုံးမှာ ပြူးသွားရသည်။ နှုတ်မှလည်း စကားလေးလုံး အသာယာ လွတ်ထွက်သွားသည်။

"စော... စန္ဒာ... နွယ်"

ဟုမည်သည်။ စောစန္ဒာနွယ်ပေတည်း။ သို့ရာတွင် စောစန္ဒာနွယ်သည် မိမိအား ကိုစောနိုင်သတိပြုမိလိုက်မှန်း သိသည် ခဏ၌ ခန်းမအဝမှ ရုတ်ခြည်း လှည့်ထွက်ခွာ ပျောက်ကွယ်သွားသည်။

ကိုစောနိုင်သည် စောခိုင်ဖအား လှမ်းကြည့်သည်။ စောခိုင်ဖကမူ သူ့ အစ်မကို မြင်မိလိုက်ဟန်မတူ...။ ဘာဘရာ၏ ပုခုံးလေးကိုကိုင်ကာ ငုံ့၍စကား ပြောနေ၏။

ကိုစောနိုင်သည် သက်ပြင်းကို မသိမသာ ချလိုက်၏။

ကပွဲကြီး ပြီးဆုံးသွားသဖြင့် မစ္စတာယူဒေါလ်က ဖိုးပျော်ရှင်အဖွဲ့သူ အဖွဲ့သားများ ရေသူမဘားသို့ ရွှေ့ကြရန် အဆိုတင်သည်။ ရို့စ်မာရီကိုလည်း... လိုက်ပါခွင့်ပြုသည်။ ထိုညဌ်ထူးထူးခြားခြားသဘောကောင်းနေသော မစ်အမ်း စထရောင်းက ဘာဘရာကို စောခိုင်ဖနှင့်လိုက်ရန် ခွင့်ပြုသည်သာမက သူမကြီးလည်း မာလကံနှင့်တွဲ၍ ပါလာခဲ့သည်။

ရေသူမ ဘားမှ ကပွဲသည် စိတ်လွတ်ကိုယ်လွတ်ကသော ကပွဲဖြစ်သဖြင့် အနည်းငယ် ကြမ်းကြမ်းရမ်းရမ်းနိုင်သည်။ ဘာဘရာနှင့် ရို့စ်မာရီတို့ကို တာဝန်အရ အလွတ်မခံဘဲ စောခိုင်ဖနှင့် ကိုစောနိုင်တို့က စောင့်ရှောက်ထားရ၏။

မစ်အမ်းစထရောင်းမှာမူ တစ်သက်လုံး အောင့်ထားရသမျှ ပွင့်ထွက်နေ သလား မသိ၊ မာလကံနှင့်တွဲ၍ ကလိုက်၊သောက်လိုက်နှင့် အမြူးကြီးမြူးနေ သည်။

နံနက် နှစ်ချက်ထိုးခန့်တွင်ကား အပျိုကြီး မစ်အမ်းစထရောင်းမှာ အတန် မူးနေပေပြီ။

"ဟင်နရီ...မစ်အမ်းစထရောင်းကို ကိုယ် ပြန်ပို့မှ ထင်တယ်"

ဤသို့ဆို၍ ဘာဘရာသည် မစ်အမ်းစထရောင်းဆီ ထသွား၏။

မစ်အမ်းစထရောင်းသည် သီချင်းတစ်ပုဒ်ကိုပင် မတိုးမကျယ် ညည်း၍ လိုက်ပါသွားသည်။

ကိုစောနိုင်က မစ္စစ်ယူဒေါလ်ကို ခွင့်ပန်၍ ရို့စ်မာရီကို အခန်းသို့ လိုက်ပို့သည်။

ရေသူမ ဘားသို့ ကိုစောနိုင် ပြန်ရောက်လာသောအခါ၌ မာလကံရော စောခိုင်ဖပါ ပြန်ရောက်နေလေပြီ။ ဘာဘရာမှာမူ မပါလာတော့...

www.foreverspace.com.mm

သူတို့နှစ်ဦးသည် ဘား၌ ထိုင်၍ ဝီစကီ သောက်နေကြ၏။

မာလက်မှာ အမောပြေ သောက်နေဟန် တူသော်လည်း စောခိုင်ဖ၏ မျက်နှာမှာမူ သုန်သုန်မှုန်မှုန်ရှိသည်။ သူ့လက်တွင်းမှ ဝီစကီမှာလည်း အရောင်ကို ယောက်ချင့်၍ ရေခဲသာထည့်ပြီး ဆော်ဒါ မရောထားမှန်း ကိုစောနိုင် သတိပြုမိ၏။

ကိုစောနိုင်က သူသောက်နေကျ ဒရိုင်းမာတီးနီတစ်ခွက်မှာစဉ် စောခိုင်ဖက တစ်ကျိုက်ထည်းဖြင့် သူ့ခွက်ကို ပြောင်အောင်ရှင်းလိုက်သည်။ ထို့နောက် ဘားဆိုင်ထိုင်အား လှမ်း၍ "ဒါဘယ်စထရိန်"ဟု မှာသည်။

ကိုစောနိုင်မျက်လုံးပြူးသွားသည်။ ဒါဘယ်လ်ဆိုသည်မှာ တူးပက်စ်ဟု မြန်မာအသောက်သမား ခေါ်သော အတိုင်းအထွာဖြစ်သည်။ စတရိတ်ဆိုသည်မှာ ဘာမှမရောနှင့်ဟု ဆိုလိုသည်။

ကိုစောနိုင်က အံ့ဩသင့်နေစဉ်မှာပင် စောခိုင်ဖသည် အရက်ကို ရေသောက်သကဲ့သို့ မော့ချလိုက်၏။

"သောက်လှချည့်လား ဟင်နရီ၊ စောစောက သောက်ထားတာတွေ ကလည်းစုံတယ်၊ အခုလည်း ဒီနှုန်းအတိုင်းဆိုရင် မနေ့ကလိုပဲ မင်းအလွန်အကျွံ မူးဦးမယ်"

စောခိုင်ဖသည် မဲ့တဲ့တဲ့ ပြုံး၍ ဆို၏။

"မူးတော့ ဘာဖြစ်သလဲ ကိုကြီးစောနိုင်ရ၊ အရက်ဆိုတာ သောကတည်း က မူးအောင်သောက်တာပဲ၊ မမူးချင်ရင်တော့ ရေသောက်မှာပေါ့"

မမျှော်လင့်သော စောခိုင်ဖ၏စကားကြောင့် ကိုစောနိုင်သည် သူ့အား မျက်မှောင်ကြုတ်၍ ကြည့်မိသည်။

"မင်း ဘယ်လိုပြောလိုက်တာလဲ ဟင်နရီ၊ အရက်ဆိုတာ မူးယစ်တတ်တဲ့ အရောတော့မှန်တယ်။ ဒါပေမဲ့ အရက်က လူကို မနိုင်စေသင့်ဘူး၊ လူကသာ အရက်ကို နိုင်ရမယ်"

စောခိုင်ဖက ခေါင်းခါသည်။

"အရက်ကို မနိုင်ချင်ပါဘူး…၊ ဘာဖြစ်လို့လဲဆိုတော့…နိုင်မှာမှ မဟုတ်ဘဲ၊ ကျွန်တော်က ဘယ်သူ့ကိုမှ မနိုင်ခဲ့ဘူး၊ အမြဲအရှုံးပေးနေရတယ်"

"ဘာပြောတယ်…စောခိုင်ဖ"

စောခိုင်ဖသည် အရက်ကို တစ်ချက်မော့လိုက်ပြန်သည်။ ခွက်တွင်း၌

www.foreverspace.com.mm

လက်တစ်လုံးသာ ကျန်သည်ကို တွေ့မြင်ရသောကိုစောနိုင်မှာ ထိတ်လန့်သွား၏။

စောခိုင်ဖသည် လက်မကိုထောင်၍ သူ့ရင်ဘတ်ကို ထောက်ပြကာ မေး၏။

"ကျွန်တော် ဘယ်သူလဲ…ကိုကြီးစောနိုင်"

ကိုစောနိုင်က ပြုံးရင်းဖြေသည်။

"သိတယ်လေ၊ မင်းနာမည် စောခိုင်ဖ ကိုကြီးကတော့ ဟင်နရီလို့ပဲ ခေါ်တယ်"

စောခိုင်ဖကလည်း သဘောကျစွာ ပြုံးသည်။

"စောခိုင်ဖ ဟား…ဟား…ကိုကြီးတို့ မြန်မာတွေဟာ ဘာကြောင့် ပီအောင် မခေါ်ကြသလဲ၊ စော မဟုတ်ဘူး၊ စဝ်…စဝ်…သိပြီလား"

"သိပါတယ် ဟင်နရီ၊ စဝ်ဆိုတဲ့ စကားအဓိပ္ပာယ်က အရှင်သခင်လို့ မဟုတ်လား၊ မင်းဟာ စော်ဘွား အမျိုးအနွယ်တစ်ဦးဖြစ်မှန်း ကိုကြီးသိပါတယ်"

စောခိုင်ဖက ခေါင်းခါသည်။

သူတို့နှစ်ဦးမှာ မြန်မာလို ပြောနေကြခြင်း ဖြစ်သဖြင့် နားမလည်သူ မာလက်သည် ပျင်းဟန်ဖြင့် နေရာမှ ထ၍ ကပွဲကို ဝင်ဆင်နွဲ၏။

"မင်းဘာခေါင်းခါတာလဲ…ဟင်နရီ"

"ကျွန်တော်ဟာ စော်ဘွားအမျိုးအနွယ် မဟုတ်ပါဘူး၊ စော်ဘွားဗျ သိလား၊ အခုတော့ မဟုတ်သေးဘူးလေ၊ မြန်မာပြည်ကို ပြန်ရောက်ရင် စော်ဘွား ဖြစ်မှာ၊ သူတို့က ဟော်နန်းတင်ကြမလို့တဲ့လေ၊ ဟား…ဟား…ဟား"

စောခိုင်ဖ၏ စကားကို အထူးတလည် အလေးအနက် မထားလှပဲ နားထောင်နေခဲ့သူ ကိုစောနိုင်မှာ စိတ်ဝင်စားသွား၏။

"ဘယ်လို…ဟင်နရီ၊ မြန်မာပြည်ကို ပြန်ရောက်ရင် မင်းကို ဟော်နန်း တင်တော့မယ် ဟုတ်လား၊ ဒါဟာ ဝမ်းသာစရာ မဟုတ်ဘူးလားကွယ်"

စောခိုင်ဖက မဲ့ပြုံးကလေး ပြုံးပြန်သည်။

"ဘာဖြစ်လို့ဝမ်းသာရမှာလဲ၊ ကျွန်တော် ငယ်ငယ်လေးဘဝမှာ ဆွေတော် မျိုးတော်တွေ…အထူးသဖြင့် အစ်မတော်ဖုရားနဲ့ မခွဲချင်တုန်းမှာ သူတို့ပဲ အမေရိကန်ကို ဖွတ်ပို့တယ်၊ ဒီတုန်းက ကျွန်တော် ငိုလိုက်ရတာသိလား၊

www.foreverspace.com.mm

ကိုကြီးစောနိုင်၊ အခုလဲ အမေရိကန်မှာ ကျွန်တော် ပျော်နေမှ သူတို့ပဲခေါ်ပြန်ပြီ၊ ကျွန်တော်တို့ရဦးမှာပဲ၊ ဒါကြောင့် ကျွန်တော်ဟာ အမြဲ အရှုံးပေးနေရသူပါလို့ ပြောနေရတာပါ''

''ဟင်နရီရယ်…ဘာကြောင့် ငိုရမှာလဲ၊ စော်ဘွားတစ်ယောက် ဖြစ်လာရတာ နည်းတဲ့ အခွင့်အရေးမှ မဟုတ်ဘဲ၊ အဲ့ဒါကို မင်းက ဘာကြောင့် ဝမ်းနည်းနေရ တာလဲ''

စောခိုင်ဖသည် ဘားကောင်တာကို လက်ဝါးနှင့် ဖြန်းကနဲပုတ်လိုက်ပြီး အရက်ကို မော့ချလိုက်၏။ ဖန်ခွက်ကို ရှေ့တိုးပြီး ''ဒါဘယ်လ်စထရိတ်''ဟု အော်ပြန်၏။

ကိုစောနိုင်သည် ဘားဆိုင်ထိုင်အား မျက်စိမှိတ်ပြကာ စောခိုင်ဖ မမြင်အောင် လက်ညှိုးတစ်ချောင်း ထောင်ပြသည်။ ပါးနပ်သော ဘားဆိုင်ထိုင်က မသိမသာ ခေါင်းညိတ်ပြ၏။

စောခိုင်ဖ ရှေ့သို့ချလာသော အရက်ခွက်မှာ ရေခဲများသဖြင့် မျက်နှာပြင် မြင့်နေ၏။ သို့ရာတွင် ဝမ်းပက်စ်သာ ရှိမှန်းကို ကိုစောနိုင် သိ၏။ ဤသည်ကို မူးနေသော စောခိုင်ဖမှာ သတိပြုမိလိမ့်မည် မဟုတ်။

စောခိုင်ဖသည် အရက် စုပ်လိုက်ပြီး စကားဆက်သည်။

''ဘာဖြစ်လို့ ဝမ်းနည်းရသလဲ ဟုတ်လား၊ ကျွန်တော်က စော်ဘွားမှ မလုပ်ချင်ပဲ၊ သူတို့က ကျွန်တော်ကို နိုင်ငံရေးပညာတွေ ယူခိုင်းတယ်၊ ဒါပေမဲ့ ကျွန်တော် မေဂျာ (အဓိကဘာသာ) ဘာယူခဲ့သလဲ သိလား၊ ရက္ခဗေဒဗျ သိလား၊ ကျွန်တော်က ဆက်ပြီးစိုက်ပျိုးရေးပညာနဲ့ မဟာဝိဇ္ဇာဘွဲ့ လိုချင်တာ၊ အခုတော့ သူတို့က ပြန်ခေါ်ကြတယ်၊ ကျွန်တော် ပထမဘွဲ့တောင်မရသေးဘူး၊ ပြီးတော့ ဘာဘရာနဲ့လည်း ခွဲရဦးမယ်''

ကိုစောနိုင်သည် နားမလည်စွာ စောခိုင်ဖအား ကြည့်၏။

''ဘာဘရာနဲ့ခွဲရမှာကို မင်း ဝမ်းနည်းနေသလား…စောခိုင်ဖ၊ဒီကလေးမကို ဒီသင်္ဘောပေါ်ရောက်မှ တွေ့တာမဟုတ်လား…''

စောခိုင်ဖက ခေါင်းခါပြန်သည်။

''မဟုတ်ပါဘူးဗျာ၊ ဘာဘရာနဲ့ ကျွန်တော်ဟာ အင်ဒီးယားနားမှာ ဟိုက်စကူး အတူတူအောင်ခဲ့ကြတယ်၊ နောက်တော့ ကျွန်တော်က ကောလိပ် ဆက်သွားတယ်၊ သူက ပိုက်ဆံမတတ်နိုင်လို့ စက္ကထရီ ဝင်လုပ်ရတယ်၊

www.foreverspace.com.mm

အခု ဒီသင်္ဘောပေါ်မှာ မမျှော်လင့်ဘဲ ပြန်လည် တွေ့ကြတာပါ"

ကိုစောနိုင်က ကိုယ်ချင်းစာနာ နားလည်စွာ ခေါင်းညိတ်နေခိုက် စောခိုင်ဖက အရက်ကို ဆက်မော့သည်။

ကိုစောနိုင်က ဖျောင်ဖြစွာ ဆိုသည်။

"မိန်းကလေးတစ်ဦးနဲ့ ခွဲရရုံနဲ့တော့ စိတ်မညစ်ပါနဲ့ စောခိုင်ဖရယ် တို့ပြည်ထောင်စုနိုင်ငံမှာ အထူးသဖြင့် မင်းတို့ရဲ့ ကမ္ဘောဇရှမ်းဌာနီမှာ အမေရိကန်မလေးတွေထက်ပိုလှပြီး အများကြီး ပိုချစ်စရာကောင်းတဲ့ မိန်းမချောချောလေးတွေ ရှိပါတယ်၊ ပြီးတော့…မိန်းမတစ်ယောက်အတွက်ကြောင့် ကိုယ့်ပြည်ကိုယ့်မြေဆီ မပြန်ချင်ဘူးဆိုတာ မမှန်ဘူး ထင်တယ်ကွာ"

ကျိုးကျစ စောခိုင်ဖခေါင်းသည် ရုတ်တရက် ပြန်မတ်လာ၏။ သူသည် ဒေါသနှင့် အော်၏။

"မိန်းကလေးတစ်ယောက်အတွက်ကြောင့် မပြန်ချင်တာ မဟုတ်ဘူးဗျ သိရဲ့လား၊ ကိုကြီးစောနိုင် သက်သက်ကျွန်တော်ကို အထင်သေးတာ၊ ကျွန်တော် မပြန်ချင်တာက စော်ဘွား မလုပ်ချင်လို့၊ စော်ဘွားဖြစ်ရင် မပြောနဲ့၊ အခုတောင် မလွတ်လတ်တော့ဘူး၊ ဒါကို ကိုကြီးစောနိုင် မသိပါဘူး"

"ဘယ်လို…ဘယ်လို၊ အခုတောင် မလွတ်လတ်ဘူး ဟုတ်လား၊ ဘယ်လို မလွတ်လတ်တာလဲ"

"ဒါကိုလဲ မသိချင်စမ်းပါနဲ့ကိုကြီးစောနိုင်ရာ၊ ဒါကို သိရင် ကိုကြီးစောနိုင် ပါစိတ်ညစ်သွားလိမ့်မယ်၊ သိပ်ကို စိတ်ညစ်သွားလိမ့်မယ်၊ ဘုရားစူးရစေရဲ့ စိတ်ညစ်သွားလိမ့်မယ်"

စောခိုင်ဖသည် စကားအဆုံး၌ အရက်ခွက်ကို မ,ကာ ပါးစပ်သို့ ပို့၏။ သို့ရာတွင် ဖန်ခွက်သည် ပါးစပ်သို့မရောက် ကောင်တာပေါ်သို့ ပြန်ကျလာ၏။ ဖန်ခွက်နှင့်အတူ စောခိုင်ဖသည် ခေါင်းစိုက်ကျသွား၏။

ကိုစောနိုင်သည် နေရာမှထကာ ကပွဲနွှဲနေသော မာလက်ကို ဆွဲခေါ် ထုတ်လာသည်။

"ဘာဖြစ်လို့လဲ နိုင်း"

"မနေ့တုန်းက ဇာတ်လမ်းအတိုင်းပေါ့ မာလက်ရေ"

ကိုစောနိုင်နှင့် မာလက်တို့သည် စောခိုင်ဖကို တွဲ၍ ပထမတန်းဆီသို့ ခေါ်ယူလာခဲ့သည်။

ဤညြ်၌ စောခိုင်ဖသည် မနေ့ညကကဲ့သို့ စကားမပြောနိုင်။ မနေ့ညကကဲ့သို့လည်း သဘော်အရာရှိကို မတွေ့။

စောခိုင်ဖ၏ အခန်းနံပါတ်ကို သူ့ထံမှ သိပြီးဖြစ်သဖြင့် ကိုစောနိုင်သည် မာလက်နှင့်အတူ စောခိုင်ဖအား သူ့အခန်း ရောက်သည်အထိ ခေါ်ခဲ့ရသည်။ နံနက် သုံးနာရီထိုးပြီဖြစ်သဖြင့် စက်သံမှလွဲ၍ သဘော်တစ်ခုလုံး တိတ်ဆိတ်နေသည်။အိပ်ကောင်းချိန် ဖြစ်သောကြောင့် လူရိပ်လူယောင်ကိုလည်း မတွေ့ရ။

စောခိုင်ဖကို သူ့အခန်းအတွင်း သွင်းပြီး ခုတင်ပေါ်၌ လှဲအိပ်စေ၍ အအေးမမိစေရန် စောင်များ ခြုံပေးသည်။

ထိုအခိုက်တွင် အနီးအနားရှိ အခန်းတစ်ခုမှ တံခါးဖွင့်သံကို ကြားရ၏။ စေ့ထားသော စောခိုင်ဖ၏ အခန်းတံခါးမှာလည်း မရှေးမနှောင်းပင် ပွင့်လာသောအခါ -

မာလက်၏အမူအယာမှာ မထူးခြားသော်လည်း ကိုစောနိုင်မှာ တုန်လှုပ်သွားမိ၏။

သူတို့ရှေ့၌ ရပ်လာလေသောသူမှာ စောစန္ဒာနွယ်ပင် ဖြစ်သတည်း။

ကြော့ရှင်းသော ခန္ဓာကိုယ်ထက် ကြက်ဥနှစ်ရောင်ဝယ် အညိုရောင် ပန်းခက်နွယ်များ ဖော်ထားသည့်ကီမိုနို ညဝတ်အင်္ကျီကို ဝတ်ဆင်ထားသည်။ စက်အုံးသဏ္ဌာမှ လူးလဲထလာခဲ့ရသဖြင့် ကပိုကရို ကျဆင်းနေသော ဆံခွေဆံနွယ်များကြောင့် မျက်နှာအလှမှာ ပိုမို၍ ထူးခြားနေ၏။ ဒေါသမာန်လေး ဆောင်နေသောကြောင့်လည်း အလှတွင် ခံညားခြင်း ရော၍ တင့်တယ်နေပါ၏။

ကိုစောနိုင်က စကားမဆိုနိုင်ဘဲ ငေးငိုင်ကြည့်နေမိစဉ် စောစန္ဒာနွယ်ကစ၍ စကားဆိုသည်။

ပြောဟန်ကြောင့် ရန်တွေ့စကားဟု နားလည်မိသော်လည်း အဓိပ္ပာယ်ကိုမူ တစ်လုံးမျှ ကိုစောနိုင်မသိ။ အကြောင်းမှာ စောစန္ဒာနွယ်သည် ကိုစောနိုင်၏ မျက်နှာကို စေ့စေ့ကြည့်၍ ရှမ်းစကားဖြင့် ပြောနေသောကြောင့်တည်း။

စောစန္ဒာနွယ်စကားလေးဆုံးလေမှ . . . ကိုစောနိုင်က အားယူပြုံးလျက် အေးချမ်း စွာဆိုသည်။

"ဒီက ညီမက ကျွန်တော့်ကို ရန်တွေ့နေတယ် ထင်တယ်၊ ကျွန်တော်ဟာ ညီမလိုပဲ ပြည်ထောင်စု မြန်မာနိုင်ငံသားတစ်ဦး ဖြစ်ပါတယ်။ ဒါပေမယ့် ရှမ်းစကားကို နားမလည်တာမို့ညီမကို မြန်မာလိုပြောဖို့ ကျွန်တော် တောင်းပန်

www.foreverspace.com.mm

ပါတယ်''

စောစန္ဒာနွယ်သည် စက္ကန့်ပေါင်းများစွာ ကိုစောနိုင်၏မျက်နှာကိုစိုက်ကြည့်နေပြီးမှ တစ်စုံတစ်ခုကို ကျေနပ်ဟန် မြန်မာဘာသာဖြင့် တည်ငြိမ်စွာမေး၏။

''ရှင်…ဘယ်သူလဲ၊ အခု…ဒီကို ဘာလာလုပ်တာလဲ…''

အသံမှာ ငွေသံဟု နှိုင်းအပ်သည့် ကြည်လင်သောအသံဖြစ်၏။ မသိမသာလေး ဝဲနေသောကြောင့်လည်း ကိုစောနိုင်၏နားတွင် တစ်မျိုးတမည် ဂီတသံဆန်းသစ်နေ၏။

သူ့ကိုယ်ပင် သူ သတိမပြုမိဘဲ ကိုစောနိုင်က အသံရှင်ကို ငေးကြည့်နေသဖြင့် ဒေါသသံ ရောသော ငွေသံဝဲဝဲက ထပ်ပေါ်လာပြန်။

''မေးနေတာကို မဖြေဘူးလား…၊ ကျွန်မ သင်္ဘောအစောင့်တွေကို ကပ်သွားလျက် လက်တင်လိုက်သည်။

စောစန္ဒာနွယ်သည် ပြောပြောဆိုဆို အခန်းအတွင်းရှိ လျှပ်စစ်ခလုတ်ဆီသို့ ကပ်သွားလျက် လက်တင်လိုက်သည်။

စကားတို့ကို နားမလည်သော်လည်း အသံနေအသံထားနှင့် အမူအယာတို့ကြောင့် အဓိပ္ပာယ်ပေါက်သွားဟန်တူသူ မာလက်က ထိတ်လန့်သော မျက်လုံးများနှင့် သူတို့နှစ်ဦးအား ကြည့်သည်။

ကိုစောနိုင်မှာ သဘောကျလေဟန် ပြုံးလိုက်သည်။ သူသည် ဘောင်းဘီအိတ်အတွင်းမှ စီးကရက်ဘူးကို ထုတ်၍ စီးကရက်တစ်လိပ်ကိုယူကာ လက်မ၏လက်သည်းထက် အခါခါဆောင့်လိုက်ပြီး မီးညှိဖွာရှိုက်လိုက်လျက် မပြုံးတစ်ပြုံးနှင့်ဆိုလိုက်သည်။

''ညီမရဲ့ ခလုတ်ကို နှိပ်ချင်နှိပ်လိုက်ပါ။ သင်္ဘောအရာရှိတွေရောက်လာရင်တော့ အညတြဒုတိယတန်း ခရီးသည်တစ်ဦးက ညီမတို့ရဲ့ ပထမတန်းကို ကျူးကျော်လာမှုနဲ့ အရေးယူခံရကောင်း ခံရပေမပေါ့၊ ဒါပေမဲ့…ကျွန်တော်အညတြဟာ ဟောဒီက မြင့်မြတ်လှတဲ့ ညီမတို့ရဲ့ မောင်တော်ကို စောင့်ရှောက်ခေါ်လာပါတယ်လို့ဖြေရင် ညီမ ဘယ်လိုပြန်ပြောမလဲ''

စောစန္ဒာနွယ်က ခလုတ်မှ လက်ကို မချသေးဘဲ ပြန်ပြောသည်။

''အဲ့ဒီ ကျွန်မ မောင်တော်ကို ရှင်တို့က ဘာကြောင့် ဘာရည်ရွယ်ချက်နဲ့ ဒုတိယတန်းကို ခေါ်ပြီး ဖျက်ဆီးနေကြရတာလဲ…''

www.foreverspace.com.mm

ကိုစောနိုင်၏ မျက်နှာမှာ တည်ကြည်သွား၏။ ကိုယ်မှာလည်း မတ်သွားကာ ခံ့ညားတည်ငြိမ်စွာဆို၏။

"လူတစ်ဖက်သားကို ဘာကြောင့် မြင်မြင်ချင်း အထင်သေးလွယ်ရတာလဲ စောစန္ဒာနွယ်ရယ်၊ စောစန္ဒာနွယ်တို့က လူတကာ မော်ဖူးရတဲ့ အရှင်သခင်မျိုးတွေ ဆိုတာ ကျွန်တော်သိပါတယ်၊ ဒါပေမဲ့…ဒီသင်္ဘောကြီးပေါ်မှာ တွေ့ကြတုန်းတော့ တစ်လှေတည်းစီး တစ်ခရီးထဲသွားနေကြသူတွေပါ၊ တစ်နိုင်ငံသားချင်းမို့ ဟောဒီက အစောရဲ့ မောင်တော်ဟာ ကျွန်တော်တို့ဆီမှာ လွှတ်နေလို့ ကူညီပြီးလိုက်ပို့ပေးရတာပဲ၊ အဲ့ဒီအတွက် အပြစ်တင်မယ်ဆိုရင်တော့ ကျွန်တော်မျိုးကြီး ရှိသေစွာနဲ့ တောင်းပန်ခဲ့ပါတယ် စောသခင်"

ကိုစောနိုင်သည် စောစန္ဒာနွယ်ဆီမှ အဖြေကို မစောင့်တော့ဘဲ မိမိ၏ဒေါသမပေါက်ကွဲခင် အခန်းအတွင်းမှ ထွက်လာခဲ့၏။ မာလက်မှာလည်း ဘာဖြစ်၍ ဘာဖြစ်မှန်းမသိ။ အကြောင်းကြောင်းနှင့် ကိုစောနိုင်၏ နောက်မှ လိုက်ပါလာခဲ့သည်။

လမ်းတွင် မာလက်ကမေးသည်။

"မင်းတို့…ဘာတွေပြောနေမှန်းလဲ ငါ နားမလည်ဘူး၊ ငါ့ကို ပြောစမ်းပါဦး…မင်းတို့ ဘာတွေ ဖြစ်ကြတာလဲ"

ကိုစောနိုင်က မရယ်မပြုံးဘဲ ဖြေသည်။

"ဘာဖြစ်လဲဆိုတော့ ဘုကျကြတာပေါ့ကွ"

မာလက်သည် ဝမ်းနည်းပမ်းနည်းဖြင့် ခေါင်းခါသည်။

"ဒီလောက် ချောတဲ့ မိန်းကလေးတစ်ဦးနဲ့ မင်း ဘုကျတယ်ဆိုတော့ မင်းဟာ အင်မတန် ကံဆိုးတဲ့လူပဲ နိုင်း"

မာလက်၏ စကားကြောင့် ကိုစောနိုင်မှာ ခေါင်းငိုက်စိုက်ကျသွား၏။ ခေါင်းကို ပြန်ထူလိုက်သောအခါ သူ့မျက်နှာမှာ ထူးထူးခြားခြား ဝင်းပနေ၏။ သူ့အပြုံးမှာလည်း နက်ရှိုင်း၍ အဓိပ္ပာယ် လျှို့ဝှက်လှ၏။

ထိုခဏတွင် သူက ရယ်သည်။ ဟက်ဟက်ပက်ပက် ရယ်သည်။ မာလက်က သူကို အံ့သြစွာဖြင့် ကြည့်နေ၏။ သည်းမခံနိုင်သည့် အဆုံး၌ သူ့ဝါသနာအတိုင်း တဲ့တိုး မေးသည်။

"နိုင်း…မင်း ဘာဖြစ်သွားတာလဲ၊ မင်းရူးသွားပြီလား"

ကိုစောနိုင်သည် အားရပါးရ ဆက်ရယ်နေပြီးမှ ဖြေသည်။

"မရူးပါဘူး သူငယ်ချင်းရယ်…မရူးပါဘူး၊ ငါလို လူတစ်ယောက်ဟာ

www.foreverspace.com.mm

ဘယ်တော့မှ မရှုးနိုင်ပါဘူး၊ ဘာကြောင့်လဲ သိလား''

မာလက်က သူ့မိတ်ဆွေကို သူ သေချာစွာ စူးစမ်းကြည့်၏။

ကိုစောနိုင်သည် သူ့အာရုံတရားများကို သူ နိုင်နင်းစွာ ထိန်းသိမ်းထားနိုင်သူတစ်ဦးဖြစ်မှန်း ထင်ရှားနေ၏။

မာလက်က စိတ်ပျက်ဟန် ခေါင်းကို တွင်တွင်ခါလျက် ဖြေ၏။

''ဘယ်သိမလဲကွာ၊ မင်းတို့ဟာတွေ ငါဘယ်လိုလုပ် သိမလဲ''

ကိုစောနိုင်သည် မာလက်၏ပခုံးကြီးကို သူ့လက်နှင့် ဆုပ်ကိုင်လိုက်၏။

''မာလက် မင်းကို ငါ စိတ်မချမ်းသာအောင် လုပ်နေမိသလား ဒီလိုဆိုရင် ငါ တောင်းပန်ပါတယ်၊ ဒါပေမဲ့ စောစောက မင်းပြောခဲ့တဲ့ စကားရပ်က ကံဆိုးတဲ့လူဆိုတဲ့ ဝေါဟာရကို ငါ သိပ်သဘောကျမိတယ်၊ ကံဆိုးတော့ ဘာဖြစ်သလဲ၊ ငိုကြတယ်၊ ကံကောင်းတော့ ရယ်ကြပြန်တယ်၊ တခြားလူတွေအတွက်တော့ မသိဘူး တို့ ဂီတသမားတွေအတွက်တော့ ငိုခြင်း ရယ်ခြင်းဆိုတာဟာ မခြားနားတဲ့ အဖူးအပွင့်နဲ့ အသီးအနှံချည်းပဲ၊ ဆွတ်ယူအသုံးပြုစရာချည်းပဲ၊ ဒါကြောင့် ငါရယ်တာ မာလက်''

မာလက်က သူ့လက်ကို ပုတ်ချပြီးဆို၏။

''တော်ပါတော့ နိုင်းရာ၊ မင်းစကားကြောင့် မင်းမရှုးဘဲ ငါ ရှုးနေပါဦးမယ်''

ကိုစောနိုင်က မာလက်၏ စကားကြောင့် အားရပါးရ ရယ်လိုက်ပြန်သည်။

''မင်းလဲ မရှုးနိုင်ပါဘူး၊ မာလက် ငါလဲမရှုးနိုင်ပါဘူး၊ ဒါပေမဲ့ ဒီည ငါ မူးအောင် သောက်ချင်တယ်၊ လာ…ရေသူမ ဘားကို သွားကြရအောင် ''

မာလက်သည် ကြားရသည်ကို မယုံကြည်နိုင်ဟန် ကိုစောနိုင်အား မျက်လုံးပြူးကြည့်သည်။

''နိုင်း…မင်း တကယ်ပြောနေတာလား…''

''မင်းကို ငါ ဘယ်တုန်းက နောက်ခဲ့ဖူးလို့လဲ…မာလက်၊ လုပ်မယ်ဆိုရင် လုပ်တယ်၊ သွားမယ်ဆို သွားတယ်၊ ကဲ…မင်း မလိုက်ချင်နေ၊ ငါတော့ သွားပြီ''

ကိုစောနိုင်သည် မာလက်၏အဖြေကို မစောင့်တော့ဘဲ ရှေ့မှ ထွက်ခွာသွားသည်။

ဤသို့ ဆိုပြန်သော် သဘောကောင်း ကြင်နာတတ်သော မာလက်ခမျာ မတတ်သာ၊ ခေါင်းခါခါ လည်ခါခါနှင့် ညည်းရင်း ကိုစောနိုင်၏ နောက်မှ လိုက်ပါလာလေခဲ့သတည်း။

❐ ❐ ❐

www.foreverspace.com.mm

www.foreverspace.com.mm

## ၅။ တစ်ညတာ အိမ်မက်

မိုးလင်းလုမှာ မာလက်တွဲပို့သဖြင့် အခန်းပြန်ရောက်ကာ အိပ်ခဲ့ရသော စောနိုင်မှာ နောက်တစ်နေ့ နေအတော်မြင့်မှ နိုးလာသည်။ နိုးလာသည်ဆိုခြင်းမှာလည်း ကြည်ကြည်လင်လင်မဟုတ်။

ခေါင်းက ကိုက်ခဲ၍ လူမှာ အားကုန်ကာ နွမ်းလျလျက် တုန်တုန်ယင်ယင် ဖြစ်နေသည်။

ဂွယ်လင့်အား ကော်ဖီနက် ပြင်းပြင်းခါးခါးတစ်ခွက် ယူခိုင်းရသည်။ ကော်ဖီနက်ကို ဖြည်းဖြည်းသောက်ရင်းက ညကအဖြစ်အပျက်တို့ကို ပြန်သုံးသပ်မိသည်။

ဝမ်းနည်းဖွယ်လည်း ကောင်းသည်၊ မခံချင်စရာလည်း ဖြစ်၏။ ရှက်လည်း ရှက်မိသည်။

အငိုက်မိခံရသည်ဟု မိမိကိုယ်ကို အပြစ်တင်ရမည်ကဲ့သို့ရှိ၏။ အကြောင်းမှာ မိန်းမသားဟူသည်ကို အထူးစိတ်ဝင်စားဖွယ်ရာ သတ္တဝါဟု ရှေးယခင်က သဘောမထားခဲ့ဘူး။ ဤသဘော်နှင့် အဏ္ဏဝါပြင်ကို ဖြတ်ဆဲခိုက်မို့ စိတ်အလိုလိုက်ကာ နှလုံးသားကို ယဉ်ယဉ်ထားခဲ့မိသည်။ နှလုံးသား ယဉ်စဉ်ဖြစ်၍ မြင်မိလေသောဆင်းရုပ်သွင်ကို အိမ်မက်ဆန်းမှ လွမ်းစရာသခင်အဖြစ် အမှတ်ထင်ထင် တိတ်တခိုး ကြင်မိခဲ့သည်။

မာနလေးကလည်း ကိန်းနေ၍ သိက္ခာကိုလည်း ထိန်းနေရသောကြောင့် ဣန္ဒြေသုံးကာ မတိမ်းညွှတ်ဟန် ဆောင်ထားခဲ့ရလင့်ကစား အတွင်းစိတ်၏ ချောင်ကြား၌မူ သမုဒယတရားက တစ်ပါးနတ်ထံပါး ကပ်လျက် စကားစပ်မြူချီ မိတ်ဖွဲ့လိုသည့်ဆန္ဒကို ကိုယ်သာသိရုံ တမြုံမြုံတိုက်တွန်းနှိုးဆော်လျက် ရှိလေခဲ့သည်။

တွေ့ခွင့်ကြုံပြန်မှ မျှော်လင့်ချက်တို့ ကုန်ကုန်ပျက်ရလေသည်။ အငိုက်မိ ဆဲမို့ အရှိုက်ထိခံရသမျှ အသည်းက နာမိသည်။

လုပခြင်းသည် တက်မက်ဖွယ်ဖြစ်၏။ သို့ရာတွင် လုပခြင်းသည် မာနနှင့် တွဲဖက်လာလျှင်မူ ကြောက်မက်ဖွယ် အကောင်းဆုံးဖြစ်၏။ ကြောက်မက် စိတ်ပျက်ဖွယ်ရာ အကောင်းဆုံးဖြစ်၏။

လုပသော မျက်နှာတိုင်း၌ တင့်တယ်ခြင်း၏ အမြုတေအဖြစ် မေတ္တာ ဓာတ်လှုံသော နှလုံးတစ်ငုံသာ ရှိထိုက်ပေသည်။ ယခုမူ…

မိမိသည်သာ စိတ်ကူးယဉ်လွန်းသူ ဖြစ်နေချေသည်။ လူလူချင်းဆက်ဆံ ရေးသည် ဂီတသံစဉ်တို့ သီကုံးနေသကဲ့သို့ စင်းလုံးချောပြေပြစ်နေသည်မဟုတ် နိုင်ပါလေ…

စေတနာကို မတုံ့ပြန်နိုင်ခြင်းကို ခွင့်လွှတ်နိုင်ပါ၏။ စေတနာကိုဝေဒနာ ဖြစ်အောင် ကြောင်းရာဇစ်မြစ်ကို မစစ်ဆေးဘဲ လူလူချင်း အထင်သေးလွယ်လွန်းသူ စောအတွက်မူ ဝမ်းနည်းမိသည်။ မခံချင်လည်း ဖြစ်မိသည်။ ထို့ထက် ဘာမျှ အရေးမလုပ်ထိုက်သော အကြောင်းလေးတစ်ခုကြောင့် နံနက်အထခေါင်းခဲအောင် တစ်ညလုံး သောက်မိခဲ့သည့် မိမိ၏ ပေါ့ညံ့မှုကို ရှက်မိသည်။

ကော်ဖီမကုန်မီ ကိုစောနိုင်သည် ဂွယ်လင်အား ဘဲလ်နှိပ်ခေါ်၍ ရေချိုးခန်း ပြင်ခိုင်းသည်။ အဆင်သင့်ဖြစ်ကာမှ ကော်ဖီကိုမော့လိုက်လျက် အဝတ်အစားလဲပြီး ရေချိုးကန်ထဲတွင် ရေနွေးသင့်ရုံရောကာ အားရပါးရစိမ်နေလိုက်သည်။ စိတ်တိုင်း ကျလန်းဆန်းလာမှ အခန်းပြန် အဝတ်အစားလဲသည်။

နံနက်စောစောစာကို မမှီတော့၊ နေ့ခင်းစာမှာလည်း နေ့ခင်းတစ်ချက် ထိုးမှ ကျွေးမည်။ အချိန်မှာ ဆယ်နာရီခွဲခန့်သာ ရှိသေးသည်။

ကိုစောနိုင်သည် မနေ့က မာလက် လုပ်ခဲ့သည့်အတိုင်း ရေသူမဘားသို့ သွား၍ ဆင်းဒဝစ်ချ်လေးငါးခုကို ဘီယာနှင့်မျှောချ ဗိုက်ဖြည့်ရ၏။

ထို့နောက် ပွဲခန်းသို့သွား၍ ခေတ္တ နေပူစာလှုံရင်း ပင်လယ်လေညှင်း ရှူသည်။

အချိန်နှောင်းနေသဖြင့် ဒင်းနစ်တို့ မောင်နှမကို မတွေ့။ မတွေ့သည်မှာ လည်းကောင်းနေ၏။ အားကုန် နွမ်းနယ်နေသောကြောင့် ကိုစောနိုင်မှာ ကလေးတို့နှင့် ကစားနိုင်သော အခြေအနေ၌မရှိ…။

ပင်လယ်က လေညှင်းကို တစ်ဝရှူပြီးနောက် ဗဟိုခန်းမသို့ သွားကာ

www.foreverspace.com.mm

ရေဒီယိုမှ ဖွင့်နေသော ပြဇာတ်သီချင်းများကို တီးမှုတ်သံအား စီးကရက်သောက်ရင်း အပန်းဖြေလျက် နားထောင်သည်။

အချိန်မှာ ကုန်မှန်းမသိကုန်သွားရာ နေ့လယ် တစ်ချက်ထိုးမှ နေ့ခင်းစာသွားစားသည်။

စားပွဲ၌ မာလက်ကိုမတွေ့ရ။ သူ့အဖော်၏ မတတ်တတတ် အင်္ဂလိပ်ဘာသာနှင့်ပြောသော စကားအရ မာလက်ခဗျာမှာ အိပ်နေဆဲဟု သိရသည်။

ကိုစောနိုင် ကိုယ်တိုင်မှာလည်း နေ့ခင်းစာကို မြိန်ရေရှက်ရေ စားသောက်ပြီးနောက် မျက်စိလေးလာသည်။ ထို့ကြောင့် အခန်းပြန်၍ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပစ်လိုက်သည်။

အဘယ်မျှကြာအောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားမိသည် မသိ။ အခန်းကို ခပ်သွက်သွက်မာမာခေါက်သံကြောင့် နိုးလာသည်။

ကိုစောနိုင်ထံမှ ဝင်ခွင့်ပေးသံကို မစောင့်ဆိုင်းတော့ဘဲ တံခါးသည်ပွင့်လာ၍ ထွားကြိုင်းသန်မာသော မာလက်၏ ခန္ဓာကိုယ်ကြီးသည် အခန်းအတွင်းသို့ ရောက်လာခဲ့၏။

မာလက်၏မျက်နှာကြီးသည် တစ်စုံတစ်ရာကို အလွန်ကျေနပ်နေဟန်အထူးပြုံးရွှင်နေသည်။

သူသည် ခုတင်ဘေးနားတွင် ရပ်လိုက်ကာ ကိုစောနိုင်၏ ပေါင်ကို တအားပုတ်လိုက်ပြီးဆိုသည်။

"အအိပ်ကြီးလှချည်လား သူငယ်ချင်း ထတော့ကွာ…ထတော့…"

ကိုစောနိုက မာလက်ကို ပြုံးမိ"။

"ငါအအိပ်ကြီးတာ မဟုတ်ပါဘူး သူငယ်ချင်းရာ၊ မင်းကသာပါ၊ ငါ နေ့ခင်းစာ သွားစားတော့ မင်း အိပ်ရာက မထသေးဘူးလို့ မင်းအဖော်က ပြောတယ်"

မာလက်က သဘောကျဟန် အော်ရယ်သည်။

"သူ နားလည်အောင် မပြောတတ်လို့ပါ၊ ငါက မင်းကို လိုက်ပို့ပြီး ဆက်မအိပ်တော့ဘူး၊မနေ့က ဘီယာနဲ့ ဆင်းဒဝစ်ချ်မျိုခဲ့ရတာကို မှတ်သွားပြီလေ၊ ဒါကြောင့် မအိပ်ဘဲစောင့်ပြီး မနက်စောစောကို နေ့ခင်းစာအတွက်ပါ ပေါင်းပြီး တစ်ဝစားပစ်လိုက်တယ်၊ ပြီးတော့… နေ့ခင်းစာကို လွှတ်ပြီး တစ်ဝအိပ်ပစ်လိုက်တယ်"

ထိုအခါကျမှ မာလက် ဘာကြောင့် နေ့ခင်းစာ လာမစားသည်ကို ကိုစောနိုင်သဘောပေါက်သွားပြီး "အေး…မင်းအကြံမဆိုးပါဘူး"ဟု မှတ်ချက်ချလျှက် အိပ်ရာမှ ထထိုင်သည်။

မာလက်ကလည်း ကုလားထိုင်တွင် ထိုင်လိုက်ပြီး မမျှော်လင့်သော စကားကိုဆို၏။

"အခု ညနေ ငါးနာရီထိုးပြီးပြီ၊ ဒီတော့…မင်းမြန်မြန်ရေချိုး၊ ပြီးတော့ အဲ…မင်းမှာရှိတဲ့ အကောင်းဆုံး အဝတ်အစားကိုဝတ်…၊ ကြားလား… မြန်မြန်လုပ်…"

ကိုစောနိုင်သည် နားမလည်ဘဲ မာလက်ကို ပြန်မေးမိ၏။

"ဘာပြောတယ် မာလက်၊ ငါက ဘာလို့ အကောင်းဆုံး အဝတ်အစားကို ဝတ်ရမှာလဲ၊ ပြီးတော့လဲ ဘာလို့ မြန်မြန်လုပ်ရမှာလဲ"

မာလက်က ကိုစောနိုင်၏အမေးကို မဖြေဘဲ သူ့ဘာသာသူ သဘောကျဟန် တဟားဟား ရယ်နေ၏။ ရယ်၍ အားရမှ မှတ်ချက်ချ၏။

"နိုင်း မင်းဟာ အင်မတန် ကံထူးတဲ့ လူတစ်ယောက် ကိုယ့်လူ"

"ဘယ်လို မာလက်…ငါက ကံထူးနေလို့လဲ"

"ဘယ်လို ကံထူးလဲဆိုတော့…မင်းဒီညနေ ပထမတန်းကို သွားလည်ရမယ်၊ ခြောက်နာရီခွဲကျ လာခဲ့ပါတဲ့၊ မှာလိုက်တယ်"

"ဘာပြောတယ် မာလက်…မှာလိုက်တယ်…ဘယ်သူကလဲ…စောခိုင်ဖကလား"

မာလက်က မျက်နှာကိုရှုံ့ကာ ခေါင်းခါ၏။

"ဘယ်ကလာ ဟုတ်ရမှာလဲ…၊ စောခိုင်ဖသာ ဆိုရင် အထူးအဆန်း လုပ်ပြီး မင်းကို ငါ လာနိုးမလား"

"နို့…ဒါဖြင့် ဘယ်သူ ဖိတ်တာလဲ"

မာလက်သည် မျက်မှောင်ကြုတ်ဂရုစိုက်လျက် နာမည်တစ်ခုကို ပင်ပင်ပန်းပန်း ရွတ်ပြ၏။

"စော…ဆန္ဒရာ နဝီ၊ ငါ အသံထွက်တာ မှန်တယ်နော်"

"ဘာ…မာလက်၊ စောစန္ဒာနွယ်…ဟုတ်လား…"

"အေး…ဟုတ်တယ် စော…ဆန္ဒရာ…နဝယ်၊ ဟုတ်တယ်၊ ဟုတ်တယ်၊ သူက မှာလိုက်တယ်၊ ခြောက်နာရီခွဲမှာ လာခဲ့ပါတဲ့…မင်း

သွားမယ်မဟုတ်လား သူငယ်ချင်း''

ကိုစောနိုင်သည် မာလက်ကို စေ့စေ့ကြည့်သည်။ သူ့မျက်နှာ တင်းနေ၍ စကားပြောသောအခါ အသံမှာ မာနေ၏။

''မာလက်…မင်း ဘာကြောင့်ငါ့ကို နောက်ရတာလဲ၊ မင်းနောက်ပုံဟာ… ငါ့ကို စော်ကားသလို ဖြစ်နေတယ်၊ သိရဲ့လား သူငယ်ချင်း…''

မာလက်၏ ပါးစပ်ကြီးမှာ ပြဲသွားသည်။ ကိုစောနိုင်ကို ပြန်ကြည့်သော သူ့မျက်လုံးကြီးများမှာ ပြူးကျယ်ကျယ် အဓိပ္ပာယ်ကို နားမလည်ဟန် ပေါ်နေ၏။ အတန်ကြာမှ ဝမ်းနည်းပမ်းနည်း ဆိုရှာသည်။

''မင်းက ဘာလို့ စိတ်ဆိုးရတာလဲ နိုင်းရာ…၊ ငါက မင်းဝမ်းသာ မလားလို့ ပြောမိတာ၊ ငါဟာ လိမ်တတ်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး သူငယ်ချင်း တစ်ယောက်ကိုလဲ ငါ ဘာကြောင့် စော်ကားရမှာလဲ''

မာလက်၏ အသွင်၊ ပြောသောစကားတို့ကြောင့် ကိုစောနိုင်မှာ မိမိ၏ အမှားကို မိမိချက်ချင်း သတိပြုမိသည်။ ထို့ကြောင့် မာလက်၏ လက်မောင်းကို ဆုပ်ကာ တောင်းပန်ရ၏။

''ဆောရီးပါ မာလက်ရယ်၊ မင်းစကားဟာ ဘယ်လိုမှ ယုံစရာမရှိတာမို့ နောက်ပြောင်တယ်ထင်ပြီး ငါ ရုတ်တရက် စိတ်ဆိုးမိတယ်၊ ငါ့ကို ခွင့်လွှတ်ပါ။ ဒါပေမဲ့ အမှန်ကို ပြောရရင်…ငါ့ နားကို ငါ မယုံမိသေးဘူး''

မာလက်သည် ဒေါက်ကြီးမောကြီးနှင့် အင်္ကျီအိတ်အတွင်းမှ စာတစ်စောင် ကို ထုတ်ယူသည်။

''ငါ အကောင်းပြောတာ မင်း မယုံဘူး…ရော့…ဟောဒီမှာကြည့် ဘာတွေ ရေးထားမှန်း ငါ မသိဘူး၊ ဒါပေမယ့် ပြီးရင်တော့…မင်း နောက်တ ရမှာပဲ''

ကိုစောနိုင်သည် အံ့အားသင့်လျက် မာလက် ကမ်းပေးသော စာရွက် လှမ်းယူသည်။

စာမှာ မြန်မာဘာသာနှင့် ရေးထား၍ လက်ရေးကလေးမှာ ဝိုင်းစက် ညီညာ သပ်ရပ်လှ၏။

www.foreverspace.com.mm

**ဦးစောနိုင်**

အဖြစ်အပျက်မှန်ကို ဦးစောနိုင်ရဲ့ မိတ်ဆွေကြီး မစ္စတာမာလက် ထံက သိရလို့ မနေ့ညက ကျွန်မ ရိုင်းပျမိတဲ့အတွက် ကျွန်မကိုယ်ကို ကျွန်မ ခွင့်မလွှတ်နိုင်အောင် နောင်တရမိပါတယ်။

စိုးရိမ်စိတ်ရှေ့စောပြီး အလောတကြီး ရန်တွေ့မိတဲ့ ကျွန်မကို ဦးစောနိုင် ခွင့်လွှတ်စေလိုပါတယ်။ ဒီစာနဲ့ တောင်းပန်ချက်ကို လက်ခံ တယ်ဆိုရင် ဒီညနေ ခြောက်နာရီမှာ ပထမတန်း ဘားဆီ ကြွခဲ့စေ လိုပါတယ်။ ဦးစောနိုင်ကို ကျွန်မ နှုတ်နဲ့ ကိုယ်တိုင် တောင်းပန်ခွင့် ရရှိပါစေ…။

**စောစန္ဒာနွယ်**

ကိုစောနိုင်မှာ သူ့မျက်လုံးများကို မယုံနိုင်အောင် ဖြစ်မိသည်။ အိပ်ရာမှ တကယ်မနိုးသေးဘဲ အိမ်မက် ဆက်မက်နေသလောဟုပင် ထင်လိုက်မိ၏။

ကိုစောနိုင် အံ့အားသင့်နေမှန်းရိပ်မိသူ မာလက်က အားရပါးရ အော်ရယ် သည်။ ရယ်ပြီးမှ မျက်နှာကို တည်ပစ်လိုက်၍ လေးနက်သော ဟန်ပန်နှင့် ရှင်းပြ၏။

"ဒီလိုကွ နိုင်းရ…မနေ့ညကဖြစ်တာကို ငါလဲ မကျေနပ်ဘူး၊ ငါတို့က သူတစ်ဖက်သားကို စိတ်ကောင်းစေတနာကောင်းနဲ့ ကူညီခဲ့တာ မဟုတ်လား၊ မင်းတို့နှစ်ယောက် မင်းတို့ ဘာသာစကားနဲ့ ဘယ်လို ဘုကျကြတယ် ဆိုတာတော့ ငါ နားမလည်ဘူး၊ ငါ သဘောပေါက်တာက တို့ကို သူ အထင် လွဲနေတယ်ဆိုတာပဲ၊ ငါက မဟုတ်ရင် နည်းနည်းမှ သည်းမခံတတ်ဘူး၊ ညနေစောင်း အပေါ်ထပ် စင်္ကြံမှာ အဲ့ဒီ မိန်းကလေး လမ်းလျှောက်နေတာတွေ့တော့ ငါ တက်ပြီး အကုန်လုံး ရှင်းပြလိုက်တယ်၊ သူ့မောင် တို့ဆီလာလာ ကဲ တာတွေ၊ လွှတ်တာတွေ၊ မူးတာတွေ၊ စုံရောပဲ၊ ငါတို့ ဘယ်လို ကူညီ စောင့်ရှောက်ခဲ့တယ် ဆိုတာလဲ ပြောပြလိုက်တယ်၊ ငါတို့သာ တွဲတွဲပြီး မပို့ရင် ဒီကောင်လေးဟာ ရေထဲ လိမ့်ကျပြီး ငါးမန်းစာဖြစ်မှာ ပထမညကတည်းကလို့ ပြောပြလိုက်တယ်"

"ဒီတော့"

"အား…ဟေ့…နိုင်း…၊ မင့်မိန်းကလေးက မဆိုးဘူးကွ"

"ငါ့ရဲ့ မိန်းကလေး မဟုတ်သေးပါဘူး မာလက်ရာ…"

"အခု မဟုတ်သေးရင် နောက်တော့ ဟုတ်သွားမှာပေါ့၊ မင့်မိန်းကလေးက

www.foreverspace.com.mm

တော်တော်ယဉ်ကျေးတာပဲ၊ ငါ့ကို တောင်းပန်လိုက်တာ၊ ငါဖြင့် ခွင့်လွှတ်တဲ့ ဟိုဘက်အောင် အများကြီး ရောက်သွားတယ်၊ သူဖိတ်တာနဲ့ ညနေလက်ဖက်ရည်သောက် သူတို့ ပထမတန်းမှာ သူနဲ့ငါ အတူသွားသောက်သေးတယ်၊ စကားစမြည် အေးအေးဆေးဆေး ပြောပြီး ပြန်လာတော့ အဲ့ဒီစာကို ပေးလိုက်တာပ"

မာလက်၏စကားအဆုံး၌ ကိုစောနိုင်မှာ ဇာတ်ရည်လည်သွားသည်။ မာလက်ကိုလည်း ကျေးဇူးတင်မိသွား၏။

"ဒီတော့ ညနေ မင်း သူ့ဆီ သွားမလား နိုင်း"

ကိုစောနိုင်သည် မဖြေသေးဘဲ စာလေးကို တစ်ခေါက် ပြန်ဖတ်မိ၏။

ဝေခွဲမရဟန်တူသူ မာလက်က စာရွက်ကို ငုံကြည့်ပြီး မေးသည်။

"စာထဲမှာ ဘာတွေ ရေးထားလဲ ငါပြောတာနဲ့ လွဲနေသလား၊ မင်း ဖတ်တာ နှစ်ခါရှိနေပြီ"

ထိုအခါ ကျမှ ကိုစောနိုင်သည် ပြုံး၍ ဖြေသည်။

"မလွဲပါဘူး၊ မင်းပြောတဲ့အတိုင်းပဲ၊ စာထဲမှာ ယဉ်ယဉ်ကျေးကျေးပဲ ငါ့ကို တောင်းပန်ပြီး ဖိတ်ထားတယ်၊ အဲဒါ…ငါ သွားရကောင်းမလားလို့ စဉ်းစားနေတာ"

"ညံ့ပါ ငါ့လူရာ…ငါသာ ဆိုရင်တော့ သွားမှာပဲ"

"မင်းကော မလိုက်ဘူးလား"

"ငါ့ကို ဖိတ်တာမှ မဟုတ်ဘဲ၊ ပြီးတော့ ဒီညနေမှာ ဘာဘရာနဲ့ မစ်အမ်းစထရောင်းကို ငါ ဝိုင် ကောင်းကောင်း တိုက်မယ်လို့ ကတိပေးထားတာ ရှိတယ်"

ကိုစောနိုင်သည် ဘာမျှမပြောဘဲ စာရွက်ကလေးကို တစ်ခေါက်ဖတ်ပြန်၏။

စိတ်မရှည်ဟန်နှင့် မာလက်သည် နေရာမှ ထသည်။

"မင်းက ဒီလောက် အခက်အခဲ ရှိနေရအောင် မင်းတို့ ယဉ်ကျေးမှုမှာ ယောကျ်ားလေးက မိန်းကလေးကို သွားမတွေ့ရဘူးလို့ ပညတ်ချက်ပြောင်းပြန်များ ရှိနေသလား၊ ကဲ…ငါသွားတော့မယ်၊ ငါ့ ဝတ္တရား ကုန်ပြီ"

ထိုအခါမှ ကိုစောနိုင်သည် ရယ်မောကာ မာလက်အား အခန်းဝအထိ လိုက်ပို့ပြီး ဆိုသည်။

"ကျေးဇူးတင်ပါတယ် မာလကာရယ်၊ ငါ သွားတွေ့လိုက်ပါမယ်၊ အားလုံး ချောချောမောမော အဆင်ပြေ သွားလိမ့်မယ်လို့ ငါ မျှော်လင့်ပါတယ်"

မာလကာ၏ မျက်နှာကြီးမှာ ပြုံးသွားပြီး ထွက်သွားခါနီး ဆုပေးသွားသည်။

"အေး…သိပ်သိပ် အဆင်ပြေသွားပါစေလို့ ငါ ဆုတောင်းတယ်၊ ဟား…ဟား…ဟား…"

မာလကာ ထွက်ခွာသွားသောအခါ ကိုစောနိုင်သည် စာရွက်ကလေးကို ကြည့်ကာ ငိုင်နေမိ၏။ စောခိုင်ဖ ပြောခဲ့ဖူးသော စကားကလည်း နားတွင် ပေါ်လာပြန်၏။

"ကျွန်တော့် အစ်မတော်ဖုရားနဲ့ တွေ့ရသူဟာ ကံဆိုးတတ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အစ်မတော်ဖုရားက သိပ်လှလို့တဲ့"

မည်သို့ရှိစေ တွေ့သူ၌ ကံဆိုးတတ်သည်ဆိုသည့် လှပသော စောစန္ဒာနွယ်ကို ယနေ့ညနေ မိမိ တွေ့ရပေတော့မည်တကား။

❐

သဘော်ဦးပိုင်းရှိ ပထမတန်း ဘားခန်းသည် ကျယ်ဝန်းသမျှ သပ်ရပ်ခံ့ညားသွားသည်။ စိမ်းနုနုပြာရီ အရောင်အေးများနှင့် အခန်းကို ချယ်လှယ်ထားသည်။ အရောင်တောက်လွင်၍ နူးညံ့သောကော်ဇောအကောင်းစားများကိုလည်း ကြမ်း၌ ခင်းထားသည်။ ပြတင်းနှင့်တံခါးများတွင် ငွေဇာကွက်ဖော် ခန်းဆီးများ တပ်ထားသဖြင့်လည်း သဘော်၏ ဘားတစ်ခုထက် နန်းတော်တစ်ခုအတွင်းမှ သီးသန့်ယမကာဆောင် တစ်ဆောင်ပမာ ဣန္ဒြေပြည့်ဝ တင့်တယ်လှပနေ၏။

ငွေလရောင်ပမာမျှသာ အေးမြဝင်းလက်ရုံ မီးထွန်းထားသော အခန်းတွင်းဆီ တံခါးဝမှကြည့်ရင်း ကိုစောနိုင်၏ ရင်မှာ မသိမသာ ခုန်နေသည်။

သီးသန့်ခင်းထားသော စားပွဲဝိုင်း၌ ကုလားထိုင်တစ်လုံးတွင် ထိုင်နေရာမှ သူ့ကိုမြင်သော် စောစန္ဒာနွယ်သည် နေရာမှ ထလိုက်၍ အပြုံးကလေးဖြင့် ရပ်စောင့်ကြိုနေ၏။

လှမ်းတော့မည့် ကိုစောနိုင်၏ခြေလှမ်း တန့်သွားသည်။ ကိုယ်ကမလှုပ်မိသကဲ့သို့ မျက်တောင်လည်း မခတ်ဘဲ ငေးကြည့်နေမိစဉ် အသက်ရှူခြင်းကိုလည်း ရပ်ထားမိ၏။

www.foreverspace.com.mm

မြင်ရသည့် အာရုံ၌ကြယ်ပွင့်စုံသော ဆောင်းဦး ညပြာ မိုးဘုံတွင် ဂုဏ်လျှံဝင်းသည့် လမင်းသခ်ါ စန်းယုန်လွှာကို ရှုမောမိစဉ် ခံစားရသော အေးမြသာယာသည့် ဝေဒနာမျိုး ရင်ဝယ်တိုးတိုးညင်ညင် လွှမ်းရိပ်ဆင်လာမှန်းမှု ကိုစောနိုင် သတိပြုမိသည်။

ခါးဝယ်ဆင်ထားသည့် နူးညံ့စွာပြာလွင်သော ငွေမှုန်လက်သည့် ပြင်သစ်ဘရိုကိတ် ထဘီအပျော့စား၊ ရှည်သွယ်ဖြောင့်ကျဉ်သော ခါးမှသည် ဖူးငုံပြည့်စုံသော ရင်နှင့် အထက်ပိုင်းကိုမူ ပွင့်ခက်ပွင့်ရွက် စိပ်စိပ်ဖော်ထားသည့် ဆွစ်ဇလန်ရက် ပိုးဇာဖြူအင်္ကျီလက်ရှည်က လွှမ်းမိုးထား၏။ အစိမ်းဘက်လုချင်သော အပြာမရင့်တရင့် သိုးမွေးရင်ကွဲဆွယ်တာကလေးကိုမူ မဝတ်ဘဲ ပုခုံးမှ ရွရွသာသာ လွှမ်းချထားသည်။ နှုတ်ခမ်းက ပြုံးနေခိုက် ဖြူစင်သော သွားလေးများ နည်းတူ မျက်လုံးကြည်ကြည်တို့မှာ အရောင်ပြိုးပြက် ဝင်းလက်နေကြ၏။

စောစန္ဒာနွယ် အမည်ပညတ်နှင့် ရုပ်ခန္ဓာအလှဓာတ်တို့ ဟပ်စပ်လိုက်ဖက်သင့်မြတ်လှပေသည်တကား။

ငိုင်ငေးကြည့်မိရာမှ သတိပြန်ဝင်လာသောအခါ ကိုစောနိုင်သည် ရှက်အမ်းအမ်းနှင့် ခေါင်းပြန်လှမ်းပြီး အနီးသို့ ကပ်သွားရ၏။

စောစန္ဒာနွယ် ပေးကမ်းသော ဖြူဝင်းနူးညံ့သည့် လက်ကလေးကို ခပ်ဖွဖွ ဆုပ်ကိုင်လှုပ်ယမ်း နှုတ်ဆက်ပြီး ကိုစောနိုင်သည် ကြိုးစားပြုံးလိုက်ရ၏။

ကုလားထိုင်များတွင် မျက်နှာချင်းဆိုင် ထိုင်မိပြီးကြသောအခါ စောစန္ဒာနွယ်ကစ၍ စကားဆိုသည်။

"ကျွန်မဖြင့် ဦးစောနိုင် လာမှ လာပါ့မလားလို့ စိုးရိမ်နေမိသေးတယ်"

ကိုစောနိုင်သည် လှုပ်ရှားသောစိတ်ကို နိုင်နင်းလာပြီ ဖြစ်သောကြောင့် အေးချမ်းတည်ငြိမ်စွာ ဖြေ၏။

"ကိုယ်နဲ့ တစ်နိုင်ငံတည်းသားချင်းဖြစ်တဲ့ မိန်းမသားတစ်ဦးရဲ့ ဖိတ်ခေါ်ချက်ကို ရိုင်းရိုင်းပျပျ ကျွန်တော် မငြင်းနိုင်ပါဘူး၊ စောစန္ဒာနွယ်"

စောစန္ဒာနွယ်က အသာအယာ ပြုံးသည်။

"မှန်ပါတယ်၊ ဦးစောနိုင်က မရိုင်းပျပါဘူး၊ ကျွန်မကသာ ရိုင်းပျခဲ့မိတာ အဲဒီအတွက် ကျွန်မ သိပ်စိတ်မကောင်း ဖြစ်ခဲ့ရပါတယ် ဦးစောနိုင်"

"ကျွန်တော့်ကို ရင်းရင်းနှီးနှီး ကိုစောနိုင်လို့ပဲ ခေါ်ပါ စောစန္ဒာနွယ်

စောစန္ဒာနွယ်သည် ကျေနပ်စွာ ပြုံးလိုက်သည်။

www.foreverspace.com.mm

"ကျေးဇူးတင်ပါတယ်၊ ဦး အဲ ကိုစောနိုင်၊ ကျွန်မကိုလည်း စန္ဒာလို့ပဲ ရင်းရင်းနှီးနှီး ခေါ်စေလိုပါတယ်"

ကိုစောနိုင်သည် စောစန္ဒာနွယ်၏မျက်နှာကလေးကို တစ်ချက်စိုက်ကြည့်လိုက်သည်။ ထို့နောက် အရဲစွန့်၍ ပြော၏။

"စောစန္ဒာနွယ်ကို ကိုစောနိုင် ခေါ်ချင်သလို ခေါ်ခွင့် မပေးနိုင်ဘူးလား"

စောစန္ဒာနွယ်သည် နားမလည်ဟန် သူ့ကို မော့ကြည့်သည်။

"ရှင်…ဘာဆိုလိုပါသလဲ ကိုစောနိုင်…"

"ဒီလိုပါလေ၊ စောစန္ဒာနွယ်ကို အစောလို့ပဲ ကိုစောနိုင်ကို ခေါ်ခွင့် ပေးပါလား"

စောစန္ဒာနွယ်က သူ့ကို မျက်လုံးဝန်းဝန်းများဖြင့် ထူးထူးဆန်းဆန်း ကြည့်ရှာသည်။ အပြုံးကလေးကမူ မပျက်။

"ဘယ်လိုရယ်၊ အစောလို့…ဟုတ်လားရှင့်"

"ဟုတ်ပါတယ် အစော၊ မြန်မာလို စောဆိုတဲ့ စကားနဲ့ ရှမ်းလို စဝ်ဆိုတဲ့ စကားဟာ လာရင်းဇစ်မြစ်လည်း တူပါတယ်၊ အဓိပ္ပာယ်ချင်းလည်း ညီပါတယ်၊ ဒါကြောင့်မို့ အစောကို အစောလို့ပဲ ကိုစောနိုင် ခေါ်ပါရစေ"

စောစန္ဒာနွယ်သည် အသံလေးထွက်အောင် ရယ်လိုက်၏။

"စဝ်…သို့မဟုတ် စောဆိုတာဟာ အရှင်သခင်လို့ အဓိပ္ပာယ်ထွက်နေတာမို့ မခေါ်စေချင်ပါဘူး ကိုစောနိုင်"

ကိုစောနိုင်လည်း သဘောကျစွာ ရယ်လိုက်ပြီး ရှင်းပြ၏။

"ကျွန်တော်တို့ယဉ်ကျေးမှုမှာ မိန်းမသားတစ်ဦးကို မာတာဂီနီ အမိနှစ်မလားအသွင် ခင်မင်လေးစားရမယ်လို့ ဆုံးမထားတယ်၊ ဒါကြောင့်လဲ ရှေးက အမိ…မိမိ…နှမ…စသည်ဖြင့် ခေါ်ခဲ့ကြတယ်၊ အမိဆိုတာဟာ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် အရှင်သခင်မတစ်ဦးပဲ၊ မိန်းမသားတစ်ဦးကို အမိနဲ့နှိုင်းပြီးအရှင်သခင်လို့ ခေါ်ရလို့ ကိုစောနိုင်ဝန်မလေးပါဘူး၊ ဒီတော့ အစောကို…အစောလို့ ကိုစောနိုင် ခေါ်ခွင့် ရှိပါပြီလား"

စောစန္ဒာနွယ်က သူ့ကို ငေးငေးလေး တစ်ချက် စိုက်ကြည့်သည်။ ဤအကြည့်၌ ထူးဆန်းသော အဓိပ္ပာယ်ပေါင်းစုံ ပါဝင်နေမှန်း ကိုစောနိုင် သိသည်။ မည်သည့် အဓိပ္ပာယ်တွေ ဟူ၍မူ မခွဲခြား…မခန့်မှန်းနိုင်။

အတန်လေးကြာမှ သက်ပြင်း မသိမသာရှူရင်း စောစန္ဒာနွယ်ကပြုံးလျက်

ဆို၏။

"ကိုစောနိုင် နှစ်သက်တယ်ဆိုရင်တော့ ခေါ်နိုင်ပါတယ်ရှင်၊ ဒီလိုဆိုရင် ကျွန်မကိုယ် ကျွန်မလဲ အစောလို့ပဲ သုံးနှုန်းပြီး ဆက်ဆံပါမယ်၊ ကျေနပ်ပြီနော်…"

ကိုစောနိုင်က ကျေနပ်ခြင်းကို အပြုံးနှင့်သာပြ၏။ စိတ်တွင်း၌မူ ဟို တစ်ညက ခက်ထန်သမျှ ယခုတွင် ယဉ်ကျေး ပျော့ပျောင်းလိုက်လျောလှသူ စောစန္ဒာနွယ်အား အံ့သြနေမိ၏။

"ကဲ…ဒီညနေ အစောက အိမ်ရှင်ပဲ၊ အားမနာနဲ့နော်…၊ ကိုစောနိုင် ဘာ သောက်မလဲ"

"ကျွန်တော် အရက်ပြင်းပြင်းသောက်လေ့မရှိပါဘူး၊အပျော့စားထဲက ဆိုရင် ဘာပဲဖြစ်ဖြစ် နှစ်သက်ပါတယ်"

"ဒါဖြင့်ရင် အစောတို့ ရှန်ပိန်ပဲ သောက်ကြရအောင်နော်၊ ကိုစောနိုင်"

ကိုစောနိုင်က ခေါင်းညိတ်ပြသဖြင့် စောစန္ဒာနွယ်က စားပွဲထိုး လုလင်ကို ခေါ်၍ ရှန်ပိန်မှာသည်၊ မကြာမီပင် ငွေရောင်ခွက်ဝယ် ဇာနူတ်ခမ်း တပ်ထားသော လက်သုပ်ပဝါဖြူပတ်ထားလျက် ထည့်ထားသည့် ရှန်ပိန်တစ်ပုလင်း ရောက် လာသည်။ စားပွဲထိုး လုလင်သည် ရှန်ပိန်ပုလင်းကို အသံမြည်အောင် ဖောက်လိုက်၍ ဖန်ကလပ်များထဲတွင် ထည့်ပေးပြီး ထွက်ခွာသွား၏။

"ကိုစောနိုင်နဲ့ အစောတို့ မိတ်ဆွေဖြစ်မှုအတွက် သောက်ကြရအောင်…"

ဤသို့ စောစန္ဒာနွယ်က ပြောပြီး ဖန်ကလပ်ကလေးကို မြှောက်လိုက်သဖြင့် ကိုစောနိုင်ကလည်း မိမိ၏ ကလပ်ဖြင့် စောစန္ဒာနွယ်၏ ကလပ်ကို နှုတ်ခမ်းချင်း ထိရုံ တို့ခတ်လိုက်သည်။

သင်းပျံမွှေးကြိုင်၍ အေးမြချိုချဉ်သော ရှန်ပိန်၏ရှတတ အရသာကို ခံစားရင်း ကိုစောနိုင်သည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်မိသည်။

ဘားကောင်တာရှေ့ ခုံများပေါ်တွင် ထိုင်လျက် မျက်နှာဖြူ အမျိုးသမီး နှစ်ဦးတို့သည် စကားပြောရင်း ဝိုင်သောက်နေကြ၏။ မလှမ်းမကမ်းရှိ စားပွဲဝိုင်း ၌ အမျိုးသားသုံးဦးက ဝီစကီသောက်လျက် တစ်စုံတစ်ရာကို လေးနက်စွာ ဆွေးနွေးနေကြသည်။

ဥရောပ၏အထက်တန်းစား လူ့ဂုဏ်ထံများသာ စီးနိုင်သော ပထမတန်း ၏ ဘားခန်းသည် တိတ်တိတ်ဆိတ်ဆိတ်နှင့် ရှိနေ၏။ သူတို့လူမျိုး လူ့ဂုဏ်ထံ များသည် စကားကို တိုးတိုးပြော၍ ဣန္ဒြေ အထူးကြီးတတ်သည်။

''ငြိမ်လှချည်လား ကိုစောနိုင်၊ ဘာတွေ စဉ်းစားနေသလဲ''

ထိုအခါမှ ကိုစောနိုင်သည် သတိရကာ စကားဆိုသည်။

''သြော်…တိတ်ဆိတ်တဲ့ ဒီနေရာလေးကို သဘောကျမိလို့ပါ၊ ပြီးတော့လဲ…''

လွှတ်ခနဲထွက်သွားပြီးမှ ကိုစောနိုင်သည် စကားကို အဆုံးမသတ်ဘဲ ရပ်လိုက်၏။

''ပြီးတော့…ဘာဖြစ်သလဲ…ကိုစောနိုင်''

ကိုစောနိုင်သည် ပင်ပင်ပန်းပန်း ပြုံးလိုက်ပြီး ပြော၏။

''ပြီးတော့ အဲ…ကိုစောနိုင် အံ့သြနေမိတယ်''

''ဘာတွေများ အံ့သြနေပါသလဲ…ကိုစောနိုင်''

''အံ့သြစရာတွေကတော့ အများကြီးပဲပေါ့ အစောရယ်၊ အားလုံးထဲမှာတော့ အစောကို အံ့သြမိဆုံးပဲ''

''ဘယ်လိုရှင်…အစောကို အံ့သြနေတယ်…၊ အစောက ဘာများ အံ့သြစရာ ကောင်းနေလို့လဲ''

''ကိုစောနိုင် ဘယ်ကစပြောရမှန်းမသိဘူး အစော''

စောစန္ဒာနွယ်သည် လေးလေး ပြုံးလိုက်၍ အေးအေး ညင်ညင်ဆိုသည်။

''အစောကို ဘာမှမအံ့သြပါနဲ့ ကိုစောနိုင်၊ ကိုစောနိုင်ကို အခုလို ခေါ်တွေ့ဧည့်ခံတာမို့ အံ့သြတယ်ဆိုရင်တော့ အဖြေပေးနိုင်ပါတယ်…။ အစောအဖြေကြားလို့ရှိရင် ကိုစောနိုင် ထပ်အံ့သြသွားဦးမှာလား…''

''ဘယ်လို…အစော''

''ကိုစောနိုင်ကိုအစော ဖိတ်တာဟာ ဘာကြောင့်လဲဆိုတော့ ကိုစောနိုင်ကို အစော စိတ်ဝင်စားမိလို့ပါပဲ''

ကိုစောနိုင်သည် စောစန္ဒာနွယ်အား ဖျက်ခနဲမော့ကြည့်သည်။ စောစန္ဒာနွယ်က သူ့အား သူစောစောက သတိပြုမိခဲ့သည့် ထူးဆန်းသော အဓိပ္ပာယ်ပေါင်းစုံပါဝင်နေသည့် အကြည့်မျိုးနှင့် ငေးငေးလေး စိုက်ကြည့်နေပြန်၏။

ကိုစောနိုင်က တစ်ချက်ပြုံးလိုက်သည်။

''ကိုစောနိုင် အပေါ်မှာ အစော စိတ်ဝင်စားတယ်ဆိုလို့ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကိုစောနိုင် ကိုယ်ကိုတော့…ကိုစောနိုင် အထူးစိတ်ဝင်စားစရာကောင်းတဲ့ လူတစ်ယောက်ရယ်လို့ ဘယ်တုန်းကမှ မထင်မိခဲ့ဘူးအစော''

"ဟုတ်ရဲ့လား ကိုစောနိုင်"

"အစော ဘာကို ဆိုလိုတာလဲ"

စောစန္ဒာနွယ်သည် နီရဲသောနှုတ်ခမ်းကလေးများဖြင့် ရှန်ပိန်ကို တစ်ချက် ရှုပ်ယူသောက်လိုက်ပြီး ကလပ်ကို စားပွဲပေါ် ချလိုက်လျက် ဖြေသည်။

"ဥပမာဆိုပါတော့ ကိုစောနိုင်...၊ ကိုစောနိုင်ဟာ ကျွန်မရဲ့ မောင်တော် စောခိုင်ဖနဲ့ သိပ်တူနေတယ်၊ ပြီးတော့ ကိုစောနိုင် သတိပြုမိရဲ့လား... အစောနဲ့ ကိုစောနိုင်ရဲ့ ရုပ်ချင်းဟာလဲ ဆင်နေတယ်လေ"

ကိုစောနိုင်သည် စောစန္ဒာနွယ်အား ထိတ်လန့်တကြား ကြည့်မိသည်။ ထိုအခါကျမှ စောစန္ဒာနွယ်၏ စကား မှန်ကြောင်း သတိပြုမိသည်။

မိန်းမသားနှင့် ယောကျ်ားသား ဖြစ်သဖြင့် ရုပ်ရည်မှာ နေရာတကာ မတူနိုင်ပေ။ သို့ရာတွင် နဖူးကျယ်ပြန့်၊ နှာတံဆင်းပုံ၊ မျက်ခုံးမျက်ခုံး နေပုံစသော အသေးစိတ် လက္ခဏာတို့တွင် မိမိနှင့်စောစန္ဒာနွယ်တို့မှာ တူလှသည်တကား။

အံ့အားသင့်ခြင်း ပြေသောအခါ ကိုစောနိုင်သည် ရိုးသားပွင့်လင်းစွာ ပြုံးလိုက်ပြီး ဆိုသည်။

"ဟုတ်တယ်အစော၊ ကိုစောနိုင်မှာ နှမရင်းတစ်ယောက်သာ ရှိခဲ့ရင် အစောနဲ့ သိပ်တူနေမလား မသိဘူး"

"ကိုစောနိုင်မှာ နှမရင်း မရှိဘူးလား..."

"မရှိပါဘူး အစော၊ ကိုစောနိုင်တစ်ယောက်တည်းပါ၊ ကိုစောနိုင်မှာ မိဘတောင် မရှိတော့ဘူး"

"အို...မိဘနှစ်ပါးစလုံး မရှိတော့ဘူး..."

"ဟုတ်ပါတယ်အစော၊ မရှိရုံတင်မကပါဘူး၊ မိဘနှစ်ပါးစလုံးကို ကိုစောနိုင် မြင်တောင် မမြင်ဖူးခဲ့ဘူး၊ မိဘနှစ်ပါးစလုံးဟာ ကိုစောနိုင် လူမှန်း မသိခင် ကတည်းက ဆုံးသွားကြတာကိုး..."

စောစန္ဒာနွယ်သည် ကိုစောနိုင်အား ငေးငေးလေး တစ်ချိန်စိုက်ကြည့် ပြန်၏။ သို့ရာတွင် ဤအကြည့်၌မူ ဂရုဏာရိပ်၊ လွမ်းမိုးနေ၏။

"ကိုစောနိုင်အဖြစ်က အစောဘဝနဲ့တူလိုက်တာ၊ အစောမှာလည်း မိဘ နှစ်ပါးစလုံး မရှိပါဘူး၊ တစ်ခုတော့ အစောက ကိုစောနိုင်ထက် ကံကောင်းတယ် အစော မေမေကို အစော မြင်ဘူးလိုက်တယ်၊ မေမေက အစော ကြီးမှ ဆုံးသွားတာ"

www.foreverspace.com.mm

အကြည့်ချင်း ဆုံမိကြပြန်သည်။ အကြည့် နှစ်ရပ်စလုံးသည် နူးညံ့သိမ်မွေ့လှုန်းလှပါ၏။

စောစန္ဒာနွယ်က စ၍ အသာအယာ ရယ်မောသည်။

"စိတ်မကောင်းစရာ စကားတွေ အစောတို့ ရပ်ကြရအောင်၊ ဒါပေမဲ့ ကိုစောနိုင်၊ ကိုစောနိုင်မှာ အစော စိတ်ဝင်စားစရာ တစ်ခု ရှိနေသေးတယ်"

"ဘာပါလဲ အစော..."

"မစ္စတာမာလကန်နဲ့ ဟင်နရီဆီက သိရတယ်၊ ကိုစောနိုင်ဟာ ဂီတပညာနဲ့ မဟာဝိဇ္ဇာဘွဲ့ ယူခဲ့တယ်ဆို၊ အစောလည်း ဂီတကို သိပ် ဝါသနာပါတယ်"

"အစော ဂီတကို တကယ်ပဲ ဝါသနာပါသလား..."

"ဝါသနာပါတယ် ဆိုတာထက် ဂီတနဲ့ အနုပညာဗီဇဟာ အစောရဲ့ သွေးထဲသားထဲမှာ အမြစ်တွယ်နေတယ်လို့ ဆိုရလိမ့်မယ်ထင်တယ်...၊အစောဟာ စော်ဘွားမျိုးရိုး ဆိုတာတော့ ကိုစောနိုင် သိပြီးရောပေါ့၊ ဒါပေမဲ့ အဲ့ဒီမျိုးကို အစော ဂုဏ်မယူပါဘူး၊ အစော ဂုဏ်ယူတာက အစောဟာ အစော အမေဘက်ကဆိုရင် ကိုစောနိုင် ကြားဖူးသလား မသိဘူး၊ ရှမ်း စာဆိုတော်ကြီး စောနော်ခန်းရဲ့ အနွယ်တော်တစ်ဦးပဲ"

ကိုစောနိုင်သည် စောစန္ဒာနွယ်အား လေးစားစွာ ကြည့်မိသည်။

စောစန္ဒာနွယ်ကို လေးစားသောကြောင့် သာမန်အခါမျိုး၌ ဂုဏ်ဝင့်သည်ဟု အထင်လွဲခံရမည်စိုးသောကြောင့် ထုတ်ဖော်ပြောလေ့မရှိသော မိမိ၏ မျိုးရိုးကိုလည်း ဝန်ခံသည်။

"ဒီနေရာမှာလဲ အစောနဲ့ ကိုစောနိုင်တို့ တူကြပြန်ပြီ၊ ကိုစောနိုင်ဟာ မြဝတီမင်းကြီးရဲ့ မြစ်၊ သို့မဟုတ် အတိအကျ ပြောရရင်...တီတော်တစ်ဦးပဲ အစော"

ဤတစ်ကြိမ်တွင်မူ စောစန္ဒာနွယ် ပိုမို၍ အံ့သြစွာ စိုက်ကြည့်သည်။

"မြဝတီမင်းကြီးရဲ့ တီတော် ဟုတ်လား ကိုစောနိုင်၊ စကားစပ်မိလို့ ပြောရဦးမယ်၊ အစောတို့ ဟော်ရဲ့ ရာဇဝင်မှာ မြဝတီမင်းကြီးရဲ့ အနွယ်တော် တစ်ဦးရှိခဲ့ဖူးတယ်လို့ အစော အမှတ်မထင် ကြားဖူးတယ်"

"ဟုတ်လား...အဲ့ဒီ အနွယ်တော်က ဘယ်သူတဲ့လဲ ဟင်"

စောစန္ဒာနွယ်၏ မျက်နှာလေးမှာ မသိမသာ မှိုင်းသွားသည်။

"ဘယ်သူလဲရယ်တော့ မပြောချင်လှပါဘူး ကိုစောနိုင်၊ အစောလည်း

အသေးစိတ်တော့ မသိလှပါဘူး၊ အစော ငယ်ငယ်တုန်းက အထိန်းအယတွေ ဆီကသာ ကြားဖူးတာပါ၊ ကြီးလာတော့ ဦးကြီးတော်ကို မေးမိပြန်တော့လဲ…"

အခုအချိန်အထိ ချောမော သွက်လက်စွာ ပြောနေသော စောစန္ဒာနွယ်၏ စကားများသည် တစ်ဆိုင်း ရပ်တန့်သွား၏။

ကိုစောနိုင်က စိုက်ကြည့်နေစဉ် စောစန္ဒာနွယ်သည် နဖူးထက် ဝဲကျ လာသောဆံနွယ်များကို မတင်လိုက်ဟန် ခေါင်းလေးကို အပေါ်ပင့်၍ ဆက်ခနဲ လှုပ်ရှားလိုက်၏။

ဤအမူအယာမှာ စိတ်သန္တာန်တွင် မထားချင်တော့သော အာရုံတစ်ရပ်ကို ဖယ်ထုတ်လိုက်သည့် အမူအယာတစ်ရပ်ဖြစ်ကြောင်း ကိုစောနိုင် နားလည်သည်။ မိမိနှင့် ပတ်သက်နေသော ထို မြဝတီမင်းကြီး၏ အနွယ်တော်သည် စောစန္ဒာနွယ် တို့၏မျိုးရိုး ရာဇဝင်၌ တစ်စုံတစ်ရာအကြောင်းကြောင့် မနှစ်လိုဖွယ်သူဖြစ်နေ ကောင်း ဖြစ်နေလိမ့်မည်။ ထို့ကြောင့် မိမိရှေ့၌ အပြောရခက်နေဟန် တူသည်။

ဤသည်ကို ရိပ်မိသဖြင့် စောစန္ဒာနွယ် စကားထစ်ဆိုင်း ရပ်တန့်သွားသော် လည်း ဆက်ပါရန် ကိုစောနိုင် မတိုက်တွန်းမိ။

စောစန္ဒာနွယ်သည် မဆီလျော်စွာ တစ်ချက်ရယ်လိုက်ပြီး စကားကို လှီးလွှဲ၏။

"ထားပါတော့လေ…၊ အစောတို့ ပြောရင်းပြောရင်းနဲ့ စိတ်မကောင်းစရာ တွေ ဘက်ချည်းပဲ ရောက်ရောက်လာတယ်၊ တခြားစကား ဆက်ကြရအောင်"

ရှန်ပိန်အတော်ဝင်ခဲ့ပြီဖြစ်သဖြင့် ကိုစောနိုင်၏ခေါင်းမှာ သိမှတ်ခံသာရုံ ရီတီတီလေး ဖြစ်နေ၏။ ဤသို့သော ရီတီတီ အနေမျိုးသည် စိတ်ကူးယဉ်၍ အလွန်ကောင်းသည်။ စိတ်ကူးယဉ်ချိန်၌ တင့်တယ်လှပသော အကြောင်းမျိုးတို့ ကိုသာ ပြောလိုသည်။ စောစန္ဒာနွယ်၌လည်း ဤအတိုင်း ရှိပေလိမ့်မည်။

"ပြီးခဲ့တဲ့ အတိတ်နဲ့ အဟောင်းအနွမ်းတွေမှာ စိတ်မချမ်းသာစရာ တော်တော်များများဟာ ပါကြရိုးဓမ္မတာပဲ အစော၊ ဒီတော့ စိတ်မချမ်းသာစရာ ပစ္စုပ္ပန်နဲ့ အနာဂတ်အကြောင်းပဲ ပြောကြရအောင်"

စောစန္ဒာနွယ်ကလည်း နှစ်ခြိုက်စွာ အသံလေးများ ထွက်အောင် ရယ်လိုက်သည်။

"ဟုတ်တယ်၊ အစောတို့ ပစ္စုပ္ပန်နဲ့အနာဂါတ်အကြောင်းကိုပဲ ပြောကြရ

www.foreverspace.com.mm

အောင်၊ ဒီတော့ ကိုစောနိုင်ကပဲ စပြောလေ"

"ကိုစောနိုင်ပြောရမယ်ဆိုရင်တော့ အခုကြုံတွေ့နေရတဲ့ မျက်မှောက် ပစ္စုပ္ပန်ဟာ ကိုစောနိုင်ရဲ့ ဘဝမှာ အံ့သြဖွယ်အကောင်းဆုံး အသာယာဆုံး မလှပဆုံး အချိန်ရယ်လို့ မှတ်ယူရမှာပဲ အစော"

စောစန္ဒာနွယ်သည် ကိုစောနိုင်၏ မျက်လုံးများကို စူးစိုက်ကြည့်လိုက်ပြီး နူးညံ့စွာမေးသည်။

"ပြီးတော့ကော…"

"ပြီးတော့ကော ဆိုရင်ဖြင့်…မနက်ဖြန် ဆိုတာဟာ မရှိစေချင်ဘူး"

"ဘယ်လို…ကိုစောနိုင်၊ မနက်ဖြန်ဆိုတာ…မရှိစေချင်ဘူးဟုတ်လား ကိုစောနိုင်"

"ဟုတ်ပါတယ် အစော…၊ မနက်ဖြန်ဆိုတာရှိနေရင် အနာဂတ်ဟာ လည်း ရှိတော့မယ်၊ ကျေနပ်ဖွယ်မရှိတဲ့ အတိတ်ကို ပိုင်ဆိုင်နေရသူတွေ အတွက်တော့ အနာဂတ်ကို ရောက်လာစေချင်ကြမှာပဲ၊ ဒါပေမဲ့ လှပသာယာတဲ့ ပစ္စုပ္ပန်ကို ခံစားနေရတဲ့ လူတစ်ယောက်အနေနဲ့တော့ မရေရာတဲ့ အနာဂတ် ဆိုတာကို ကြောက်လန့်မိပါတယ် အစော"

စောစန္ဒာနွယ်ကလည်း တောက်ပသော အပြုံးကလေးကို ပြုံးရင်း မှတ်ချက်ချသည်။

"အနာဂတ်ကို ကြောက်လန့်တယ်ဆိုရင် ကိုစောနိုင်ဟာ ဘဝကို ရင်မဆိုင်ရဲတဲ့ လူတစ်ယောက် ဖြစ်နေမှာပေါ့"

ကိုစောနိုင်သည် မဲ့ပြုံး မမည်တမည် ပြုံး၍ ရှန်ပိန်ကို မော့ချလိုက်သည်။ ရှန်ပိန်ပုလင်းကို ယူကာ စောစန္ဒာနွယ်၏ ကလပ်အတွင်းသို့ အရင်ဖြည့်ပေးသည်။ ထို့နောက် မိမိ၏ကလပ်အတွင်းသို့ ဖြည့်လိုက်၏။

အမြှုပ်ကလေးများ ပွစိ့ပွစိ့ (ပွစ်ဆိတ်ခုန်,ခုန်နေသော) ကလပ်အတွင်းမှ ရှန်ပိန် မျက်နှာပြင်ကို ကြည့်ရင်း ကိုစောနိုင် ဖြေသည်။

"လူ့ဘဝကို ကိုစောနိုင် ရင်ဆိုင်ရဲပါတယ်။ ဒါပေမဲ့…လွမ်းစရာအိပ်မက် ကလေးတွေကိုတော့ မက်မနေချင်ဘူး၊ မက်မနေချင်ဘူးဆိုတာကို ကြောက်လန့် တာလို့ ခေါ်ချင် ခေါ်နိုင်တယ်၊ ဒါပေမဲ့ ကိုစောနိုင်အတွက်တော့ ကြောက်လန့် စရာဟာ…ရှောင်ရှားစရာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့…လွမ်းစရာ အိပ်မက် ကလေးတွေဆီက ချစ်စရာတေးတွေကို ကိုစောနိုင်ဖန်တီးယူနိုင်ပါတယ် အစော"

www.foreverspace.com.mm

ကိုစောနိုင်၏စကားမှ မည်သို့သောဟာသကို တွေ့သည်မသိ၊ စောစန္ဒာနွယ်က ပက်ပက်ပက်ပက်ကလေး ရယ်သည်။

"ရှင်ဟာ အစော ထင်တာထက် စိတ်ဝင်စားစရာ ကောင်းနေတဲ့ လူတစ်ယောက် ဖြစ်နေပြီ ကိုစောနိုင်၊ ဒီတော့ ဒီညစာ ရှင် အစောနဲ့စားမလား"

ကိုစောနိုင်သည် စောစန္ဒာနွယ်အား တစ်ချက်အကဲခတ်၍ စိုက်ကြည့်၏။ စောစန္ဒာနွယ်၏မျက်နှာမှာ ပကတိရိုးသားဖြူစင်နေ၏။ ထို့ကြောင့် ကိုစောနိုင်ကလည်း အမှန်အတိုင်း ဝန်ခံသည်။

"ကိုစောနိုင်အတွက် ဒီညနေမှာ အစောရဲ့ ဖိတ်ခေါ်ချက်မှန်သမျှကို လိုက်နာဖို့ ဆုံးဖြတ်ထားပါတယ်"

စောစန္ဒာနွယ်သည် စားပွဲထိုးလုလင်အား လှမ်းခေါ်လိုက်ပြီး ယနေ့ညစာတွင် မိမိတို့၏စားပွဲ၌ ဧည့်သည်တစ်ယောက်ကို ဖိတ်ထားကြောင်း၊ ဧည့်သည်အတွက် ညစာကို ထည့်ပေါင်းပြင်ဆင်ရန်နှင့် ကျသင့်သော ဘီလ်ကို ပေးရန်အကြောင်း မှာကြားသည်။

စားပွဲထိုးလုလင် ထွက်ခွာသွားသောအခါ စောစန္ဒာနွယ်က ကိုစောနိုင်ကို ပြုံးပြုံးလေး ကြည့်ရင်းဆို၏။

"ကိုစောနိုင်ဆီက...အစောသိချင်တာ တစ်ခုရှိတယ်၊ မေးရင် ရိုင်းတယ်လို့တော့ မထင်နဲ့နော်"

"မေးပါလေ...အစော"

"ကိုစောနိုင်က မြဝတီမင်းကြီးရဲ့ အနွယ်တော်လို့လဲဆိုတယ်၊ ပြီးတော့ အနောက်နိုင်ငံမှာလာပြီး ဂီတပညာကိုလည်း သင်တယ်၊ ကိုစောနိုင် အနောက်နိုင်ငံရဲ့ ဂီတကို အထင်ကြီးသလား"

"ကြီးတယ် အစော"

"ရှင်..."

"အနောက်နိုင်ငံရဲ့ ဂီတကို ကိုစောနိုင် အထင်ကြီးပါတယ်အစော အဲ့ဒီ အတွက် အံ့သြစရာ ရှိပါသလား"

စောစန္ဒာနွယ်သည် ကိုစောနိုင်အား နားမလည်နိုင်ဟန် ကြည့်ပြီးဖြည်းဖြည်းဆိုသည်။

"အံ့သြစရာ ရှိတာပေါ့...ကိုစောနိုင်၊ အစောလည်း မြန်မာ့ဂီတကို ကုန်းဘောင် ပရမေတို့၊ ဘုံပျံနေနန်းတို့ စတဲ့ ပတ်ပျိုးကြီးတွေကို တီးနိုင်

www.foreverspace.com.mm

ဆိုနိုင်တဲ့အထိ လေ့လာဖူးပါတယ်၊ အစော တွေ့ခဲ့ရတဲ့ မြန်မာဂီတသမားတွေကတော့ အနောက်နိုင်ငံဂီတကို သိပ်ပြီး ရှုပ်ချကြတယ်''

ကိုစောနိုင်သည် ငိုင်သွားသည်။ ငိုင်သွားခြင်းမှာ စိတ်ပျက်၍မဟုတ်၊ စောစန္ဒာနွယ်က အလွယ်တကူ မေးလိုက်သော်လည်း သူ့အတွက်မူ ဖြေဆိုရန်မှာ ခက်ခဲနက်နဲလွန်း၍ ဖြစ်သည်။

''ရှင်…မဖြေနိုင်တော့ဘူးလား ကိုစောနိုင်…''

ကိုစောနိုင်သည် မခံချင်ပြုံးကို ပြုံးသည်။

''ဖြေနိုင်ပါတယ်…အစော၊ ဒါပေမဲ့…ကျယ်ကျယ်ဝန်းဝန်း ဖြေရမှာမို့…မပျင်းမရိဘဲ အစော နားထောင်နိုင်ပါ့မလား…''

''အစောက နားထောင်ချင်သူပါရှင်''

ကိုစောနိုင်၏ အမူအရာမှာ သိပ်သည်း ကျစ်လျစ်သွား၏။ မျက်နှာမှာလည်း ခံညားတည်ငြိမ်လာသည်။

စ,တင် စကားပြောသောအခါ သူ့လေသံမှာ ပါမောက္ခတစ်ဦး၏လေသံကဲ့သို့ ပြတ်သားလေးနက်နေ၏။

''ပထမဦးဆုံးအဖြစ် ဂီတရေးရာနဲ့ တိုက်ရိုက် မပတ်သက်တဲ့ အမျိုးသားစိတ်ဓာတ်ရေးရာက စပြောရလိမ့်မယ်၊ အဲဒါကို နားလည်ဖို့လည်း ပထမလူရဲ့ အခြေခံစိတ္တဗေဒကို နားလည်ရလိမ့်မည်၊ ဒုက္ခသုက္ခတွေနဲ့ ဆုံးရှုံးမှုကို ရင်ဆိုင်ရလွန်းတဲ့ လူတစ်ယောက်ဟာ စိတ်ဓာတ်မူမမှန်ဘဲ အားငယ်နေတတ်တယ်၊ အဲ့ဒီလို စိတ်ဓာတ်မူမမှန်ဘဲ အားငယ်တဲ့သူမှာ ပတ်ဝန်းကျင် အခြေအနေအရပ်ရပ်ကို ယထာဘူတကျကျ သုံးသပ်ရမဲ့အစား စိတ္တဇသေနင်္ဗျူဟာ (Psychologicel Defence Mechanism)တွေကို မိုးကြိုးပစ် ထန်းလက်ကာ သဘောမျိုးအဖြစ်နဲ့ သုံးသပ်ကြတယ်၊ စိတ္တဇသေနင်္ဗျူဟာ အမျိုးမျိုးရှိတဲ့အနက် နှစ်မျိုးကို ပြောပြချင်တယ်၊ တစ်မျိုးက တစ်လောကလုံးကို ကြောက်ပြီး ကိုယ့်ကိုကိုယ် အထင်သေးနှိမ့်ချ မုန်းရှံ့ခြင်း သဘောမျိုးပဲ၊ တစ်မျိုးကတော့ လောကကြီးတစ်ခုလုံးကို အကြောင်းမဲ့ အထင်သေးနှိမ့်ချပြီး ကိုယ့်ကိုကိုယ် အောက်ခြေလွတ် အထင်ကြီး ဘဝင်မြင့်မှုပဲ၊ တစ်နည်းအားဖြင့် နာမ်ရဲ့ဖောင်းပွမှုနဲ့ ပိန်ရှုံ့မှုလို ခေါ်တယ်၊ အင်္ဂလိပ်လိုတော့ (Inflation And Deflation Of Self ) လို့ခေါ်တာပေါ့…၊ အစော နားလည်ပါသလား''

''ဟုတ်ကဲ့…အစော နားလည်ပါတယ်''

"ဒီလိုပဲ အမျိုးသားရေးရာမှာ ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ရတဲ့ တိုင်းသူပြည်သားမဟုတ်မှာ ဇာတိမာန်ပိန်ရှုံ့မှုနဲ့ ဇာတိမာန် ဖောင်းပွမှုတွေ ဖြစ်တတ်တယ်။ အင်္ဂလိပ်လိုတော့ Deflation Of Patriotism နဲ့ Inflation Of Patriotism လို့ခေါ်ရမယ်၊ အထူးသဖြင့် ဂီတသမားတွေနဲ့တကွ အနုပညာသမားတွေမှာ ဖြစ်တတ်တယ်၊ ဖောင်းပွခြင်း ပိန်ရှုံ့ခြင်း ဆိုတာတွေဟာ အစွန်းနှစ်ဖက်တရားတွေမို့ မလိုအပ်ဘူး၊ မှုမှန်သဘာဝ အနေသာလျှင် ကောင်းတယ်၊ ဒါကိုလဲ အစော သဘောပေါက်ပါတယ်နော်"

"အစော သဘောပေါက်ပါတယ် ကိုစောနိုင်"

"ကိုစောနိုင် မြန်မာပြည်မှာရှိစဉ်က ဂီတသမား နှစ်မျိုးနှစ်စားတွေ့ဖူးတယ်၊ တစ်မျိုးကတော့ မြန်မာ့ရိုးရာ ဂီတတွေကို အထင်သေးပစ်ပယ်ပြီး အနောက်တိုင်း ဂီတဆိုရင် ဦးထိပ်ထားကိုးကွယ်တဲ့ မိပစ်လို့ ဖရှောင်သွေတဲ့ ခွကောင်တွေလို့ ခေါ်ရမဲ့ လူစားမျိုးတွေပဲ၊ ဒီလူစားမျိုးတွေကိုတော့ ဇာတိမာန်ပိန်ရှုံ့သူတွေလို့ ခေါ်ရမယ်၊ တစ်မျိုးကတော့ မြန်မာ့ဂီတမှ မြန်မာ့ဂီတ၊ ကျန်တဲ့ ကမ္ဘာ့ဂီတတွေဟာ အလကားလို့ အခြောက်တိုက် မျက်စိမှိတ်ငြင်း၊ ဘဝမြင့်နေတဲ့ လူစားမျိုးတွေပဲ၊ အဲဒီမျက်ကန်း အယောင်ဆောင် ပညာရှိတွေကိုတော့ ဇာတိမာန် ဖောင်းပွနေသူတွေလို့ သတ်မှတ်ရမယ်၊ ရှင်းပါတယ်နော် အစော"

"သဘောပေါက်သလိုလိုပဲ၊ ဒါပေမဲ့ သိပ်မရှင်းဘူး"

"ဥပမာ··· အနော်ရထာက စကြရအောင်၊ အနော်ရထာလက်ထက် မြန်မာပြည်မှာ ကိုယ့်ယဉ်ကျေးမှု ရှသင့်သမျှတော့ ရှိနေတာပဲ၊ အနော်ရထာဟာ သထုံကို အောင်နိုင်ပြီးတဲ့ အခါမှာ တခြားယဉ်ကျေးမှုတွေကို သွားတွေ့တယ်၊ အဲဒီအခါမှာ အနော်ရထာဟာ ကောင်းတာကို ယူတယ်၊ မကောင်းတာကို ပယ်တယ်၊ ကိုယ့်လက်ရှိ ယဉ်ကျေးမှုအခြေခံမှာ တခြားက တွေ့ကြုံရရှိတဲ့ ယဉ်ကျေးမှု အကောင်းအမွန်တွေ ပေါင်းစပ်ပြီး ပိုမိုကောင်းမွန်တိုးတက်တဲ့ ယဉ်ကျေးမှုသစ်တစ်ရပ်ကို တည်ထောင်ခဲ့တယ်"

စောစန္ဒာနွယ်သည် မသိမသာလေး ပြုံးပြီး မေး၏။

"ကိုစောနိုင် အနော်ရထာကို သိပ်ကြည်ညိုတာပဲလား···"

ကိုစောနိုင်ကလည်း ခေါင်းညိတ်လျက် ပြုံးပြီး ဖြေ၏။

"အစော ဘာလို့ ဒီမေးခွန်းကို မေးတယ်ဆိုတာ ကိုစောနိုင် နားလည်

www.foreverspace.com.mm

ပါတယ်၊ တစ်နေ့ တစ်ချိန်ကျရင်တော့ အနော်ရထာ အကြောင်းကို အစေနဲ့ ကိုစောနိုင်တို့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြသေးတာပေါ့၊ အခုနေ အတိုချုပ် ဖြေရရင်တော့ အနော်ရထာကို ကိုစောနိုင် သိပ်ကြည်ညိုတယ်"

စောစန္ဒာနွယ်သည်ရယ်လိုက်ပြီး တောင်းပန်လျှက် ဆိုသည်။

"ဟုတ်ပါတယ်၊ တစ်နေ့ကျမှ အနော်ရထာအကြောင်း အစောတို့ ဆွေးနွေးကြတာပေါ့…၊ အခုတော့ အစော နှောင့်တာမို့ ကိုစောနိုင်ရဲ့ မူလ စကားမျှင်ပြတ်သွားပြီ၊ ကဲ…ဆက်စမ်းပါဦး"

"ဆက်ပါ့မယ် အစော၊ အနော်ရထာလက်ထက်ကစပြီး မြန်မာပြန်မှာ ယဉ်ကျေးမှု တစ်ဆင့်ပြီးတစ်ဆင့် တက်လာခဲ့တယ်။ ဂီတနဲ့ ပတ်သက်လာရင်တော့ မြဝတီမင်းကြီး လက်ထက်မှာ တစ်ဆင့်ခုန်ကျော်တက်လာတယ်လို့ ယူဆနိုင်တယ်၊ ကုန်ဘောင်ခေတ်မှာ မြန်မာနဲ့ယိုးဒယားဟာ အကြောင်းကြောင်းကြောင့် အမျိုးမျိုး ရင်ဆိုင်ခဲ့ရတယ်၊ မြဝတီမင်းကြီးဟာ ယိုးဒယားတွေဆီက အသစ်ထပ်မံတွေ့ရှိတဲ့ ဂီတနဲ့ ပတ်သက်တဲ့ ကောင်းနိုးရာရာတွေကို ရွေးယူ အသုံးချနိုင်ခဲ့တယ်၊ မြန်မာ့ဂီတပင်စည်ကြီးမှာ အရိုးကိုလဲ အရွက်မဖုံးစေလိုဘူး၊ အရိုးကျဲကျဲကြီးပဲလဲ မထားခဲ့ဘူး၊ အသစ်ဖြစ်တဲ့ အဖူးအငုံအသီးတွေနဲ့ ဝေဆာခဲ့တယ်"

"ဟုတ်ကဲ့၊ မြဝတီမင်းကြီးရဲ့ အရည်အချင်းနဲ့ပတ်သက်လို့တော့ အစော အများကြီး ကြားခဲ့ဖူးပါတယ်"

"ဒီတော့ အနော်ရထာတို့ မြဝတီမင်းကြီးတို့ဟာ ဘာကြောင့် အဲ့ဒီလို အောင်မြင်ခဲ့ကြတာလဲ၊ အဖြေကတော့ သူတို့ဟာ ရင်ကိုလည်းဖွင့်ထားတယ်၊ နှလုံးသားကိုလည်း ဖွင့်ထားတယ်၊ မျက်စိနဲ့နားကိုလည်း ဖွင့်ထားတယ်၊ အထူးသဖြင့် တွေးခေါ်မြော်မြင်မှုကို ဘယ်တစ်နေရာမှာမှ ကျောက်မချထားဘူး၊ အနော်ရထာနဲ့ မြဝတီမင်းကြီးတို့ဟာ အာဇာနည် စင်စစ်ကြီးတွေဖြစ်တော့ ဇာတိမာန်မပိန်လည်း မပိန်ရှုံ့ဘူး၊ မဖောင်းလဲ မဖောင်းပွဘူး၊ ကိုယ်မှာရှိတာကို လည်း သိတယ်၊ မရှိတာကိုလဲသိတယ်၊ သူ့မှာ ရှိတာကိုလည်း သိတယ်၊ သူ့မှာ မရှိတာကိုလည်း သိတယ်"

စောစန္ဒာနွယ်သည် ဘာကိုမျှဝင်ရောက်မပြောဘဲ ငြိမ်ငြိမ်လေး နားထောင် နေသည်။

"ကိုစောနိုင် ပြောသွားတာ ရှည်တာမို့ အစော ပျင်းသွားပြီ ထင်တယ်၊ အတိုချုပ်ပြောရရင်တော့ ယဉ်ကျေးမှုရေးရာနဲ့ ပတ်သက်လာရင် ကိုယ့်ယဉ်ကျေးမှု

မှကောင်းတယ်၊ သူ့ယဉ်ကျေးမှုဟာ မကောင်းဘူးလို့ ယူဆကြရင် မှားမယ်၊ တကယ့်သမိုင်းအမြင်နဲ့ ယထာဘူတအမြင်နဲ့ကြည့်ရင် သူ့ယဉ်ကျေးမှု ကိုယ့်ယဉ်ကျေးမှုဆိုတာဟာ ယေဘုယျ ခွဲခြားဆိုထားရတာတွေပဲ၊ ပရမတ်သဘောအရတော့ လူ့ယဉ်ကျေးမှုဆိုတာပဲ ရှိတယ်၊ လူ့ယဉ်ကျေးမှု သို့မဟုတ် လူသားရဲ့ ကောင်းသောအမွေမှန်သမျှကို လူမှန်သမျှဟာ လေးစားလက်ခံကြရမယ်"

"အဲ့ဒါနဲ့ စောစောက ကိုစောနိုင် ပြောတဲ့ အနောက်နိုင်ငံဂီတကို အထင်ကြီးတယ်ဆိုတဲ့ စကားဟာ ဘယ်လိုဆက်သွယ်နေသလဲ"

"ဆက်သွယ်နေပါတယ်အစော အမှန်ကတော့ အနောက်နိုင်ငံဂီတဆိုတဲ့ စကားထက် ကမ္ဘာ့ဂီတလို့ခေါ်ရင် ပိုမိုဆီလျော်ပါလိမ့်မယ်၊ ကမ္ဘာ့ဂီကိုတော့ ကိုဓာနိုင် အထင်ကြီးတယ်၊ မြန်မာ့ဂီတကိုလည်း အထင်မသေးဘူး၊ တစ်ခုတော့ ရှိတယ်၊ လက်ရှိမြန်မာ့ဂီတကို အားတော့မရမိဘူး၊ မြဝတီမင်းကြီးရဲ့ နောက်ပိုင်းမှာ မြန်မာ့ဂီတဟာ ရှေ့မတိုးဘဲ တန့်ခံနေတယ်၊ တန့်ခံနေရတဲ့ အကြောင်းကလဲ မြန်မာနိုင်ငံဟာ...သူ့ကျွန်ဖြစ်သွားတဲ့အချိန်မှာ ဇာတိမာန် ပိန်ရှုံ့မှုတွေ ဖောင်းပွမှုတွေ ပေါ်လာလို့ပဲ၊ ကိုစောနိုင် သဘောအရဆိုရင်တော့ လေးနက် ကျယ်ဝန်းတဲ့ ဂီတအပါအဝင် ယဉ်ကျေးမှု ရေးရာတွေမှာ မျက်ကန်းမျိုးချစ်ဝါဒဟာ ဝင်မရှုပ်ထိုက်ဘူးထင်တယ်"

စောစန္ဒာနွယ်သည် သူ့အား လေးလေးစားစား ကြည့်လိုက်ပြီးဆိုသည်။

"ကိုစောနိုင် ပြောတာတွေ နားထောင်ရလို့ အစောမပျင်းပါဘူး၊ အမှန်ဝန်ခံရရင် အစောအတွက် စဉ်းစားစရာအချက်အလက်တွေ အများကြီးရပါတယ်၊ ဒါပေမဲ့ ထမင်းစားချိန်နီးလာပြီ၊ ဒါလေးတွေ လက်စသပ်ကြရအောင်"

ကိုစောနိုင်နှင့် စောစန္ဒာနွယ်တို့သည် ရှန်ပိန်ကို ဆက်သောက်ကြသည်။ ရှန်ပိန်ကုန်သောအခါ စောစန္ဒာနွယ်က ရှေ့ဆောင်၍ ထမင်းစားခန်းဆီသို့ ခေါ်လာ၏။

ထမင်းစားခန်းသို့ ဝင်မိသောအခါ ကိုစောနိုင်မှာအံ့သြရပြန်၏။ ထမင်းစားပွဲ၌ စောခိုင်ဖသည် ရောက်နေနှင့်သည့်အပြင် သူ့ဘေး၌ ဘာဘရာသည် ပြုံးပြုံးလေး ထိုင်နေ၏။

ကိုစောနိုင်တို့ကို မြင်သော် စောခိုင်ဖသည် ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်သည်။

www.foreverspace.com.mm

"ယေဇ…အစ်မတော်နဲ့ ကျွန်တော်က အကြံတူနေပြီ၊ ခါတိုင်း နှစ်ယောက်တည်း ထမင်းစားရတာ ပျင်းတာနဲ့ ကျွန်တော် သူငယ်ချင်းမလေးကို ဖိတ်လာခဲ့တယ်၊ အခုတော့ အစ်မတော်ကလည်း ကိုစောနိုင်ကြီးကို ဖိတ်ထားတာကိုး၊ ဟား…ဟား…"

ပြောပြောဆိုဆိုနှင့် စောခိုင်ဖသည် ဘာဘရာအား စောစန္ဒာနွယ်နှင့် မိတ်ဖွဲ့ပေးသည်။ ထိုင်မိကြသောအခါ ကိုစောနိုင်က ဘာဘရာအား လှမ်းမေးသည်။

"ဒါထက်…မာလက်က ဘာဘရာကို ဒီညနေ ဝိုင်တိုက်မယ်လို့ ပြောထားတယ်…ဟုတ်လား"

"ဟုတ်ပါတယ် မစ္စတာနိုင်း၊ ဟင်နရီလည်း ရောက်လာတာမို့ ကျွန်မတို့ လေးယောက် ပျော်ပျော်ပါးပါး သောက်နေကြတာ၊ မစ္စတာယူဒေါလ်တို့ ပါဝင်လာကြလို့ ဝိုင်းက ပိုစည်လာတယ်၊ အခုထိ မပြီးသေးဘူး၊ ကျွန်မသာ ဟင်နရီနဲ့ လမ်းလျှောက်ထွက်လာကြရင်း သူက ထမင်းစားဖိတ်လို့ ပါလာတာ"

လေးယောက်သားညစာကို ပျော်ပျော်ရွှင်ရွှင် စားသောက်ကြသည်။ စားသောက်ပြီးသောအခါ စောစန္ဒာနွယ်နှင့်စောခိုင်ဖတို့က ဦးဆောင်၍ ကိုစောနိုင်နှင့် ဘာဘရာကို ပထမတန်း တစ်ခုလုံးအား လိုက်ပြသည်။

ဒုတိယတန်း၌ပင် သင်္ဘောကြီး၏ ခံ့ညားကြီးကျယ်ခြင်းကို အံ့သြမိသူ ကိုစောနိုင်မှာ ပထမတန်း၏အဆောင်အယောင် ပြင်ဆင်ထားမှုများကို ရင်သပ်ရှုမော တွေ့မြင်ရတော့၏။

ပထမတန်း အခန်းကြီးတစ်ခု၌ အသားပေး၍ အထူးလှပစွာ တန်ဆာဆင်ကာထားသည့် နံရံကို ခေါက်ပြရင်း စောစန္ဒာနွယ်က အသာအယာ ဆိုသည်။

"အစောတို့ကို မြန်မာပြည်ကဆိုတာ သူတို့ မသိကြဘူး၊ ဒါပေမဲ့ ဟောဒီ နံရံတွေမှာတော့ မြန်မာပြည်က အကောင်းဆုံးကျွန်းသားနဲ့ ကာထားပြီး ဘားမားတိ(ခ်)…မြန်မာပြည်ထွက် ကျွန်းသားလို့ ဂုဏ်ယူ စာကပ်ထားကြတယ်၊ ဒါတွင်မကသေးဘူး၊ စာကြည့်ခန်းမှာ အစောသွားတွေ့တယ်…၊မြန်မာပြည်ထွက် ကျွန်းသားကို အသုံးပြုထားတဲ့ အင်္ဂလိပ်သင်္ဘောတွေရဲ့ စာရင်းပြတဲ့ စာအုပ်တစ်အုပ်တောင် တွေ့မိသေးတယ်၊ သိလား…ကိုစောနိုင်"

ကိုစောနိုင်ကလည်း တွေးတွေးခေါ်ခေါ် ခေါ်ညိတ်ရင်း ပြော၏။

www.foreverspace.com.mm

“အင်း…မြန်မာပြည်ရဲ့ ကျွန်းသားကို ဒီအင်္ဂလိပ်တွေ အသားပေးတာ တော့ မပြောနဲ့တော့လေ၊ ကျွန်တော်တို့ နောက်ဆုံး ကျွန်ဖြစ်သွားရတဲ့ လက်တလော ပြဿနာက ကျွန်းပြဿနာပဲ မဟုတ်လား”

ကိုစောနိုင်နှင့် စောစန္ဒာနွယ်တို့ ပြောနေကြစဉ် ကျွန်းသားအကြောင်း စာ၌သာ တွေ့ဖူးပြီး ယခုမှ မျက်မြင်ကြုံရသူ ဘာဘရာက ကျွန်းသားနံရံကို ရွှေနံရံတစ်ခုပမာ ပွတ်သပ်စမ်းကြည့်သည်။

ကိုစောနိုင်ကသာ ဆက်ပြော၏။

ကိုစောနိုင် အမေရိကားမှာတုန်းက ရဲမင်းကြီး အဆင့်အတန်းရှိတဲ့ အဘိုးကြီးတစ်ဦးနဲ့တွေ့ဖူးတယ်၊ သူ့သားဟာ ဒုတိယကမ္ဘာစစ်တုန်းက မြန်မာ ပြည်မှာ စစ်မှုထမ်းဖူးတယ်ဆိုပဲ၊ အပြန်မှာ သူက အဖေအတွက် ရှေး ကိုလိုနီခေတ် မြန်မာပုလိပ်တွေ သုံးတဲ့နံပါတ်တုတ်တစ်ခုကို လက်ဆောင်အဖြစ် ယူသွားတယ်၊ အဘိုးကြီးက အဲဒါကို ကျွန်းသားနဲ့ လုပ်ထားတယ်ထင်ပြီး ဧည့်ခန်း မှန်ဗီရိုတစ်ခုထဲ ရှားပါးတဲ့ အလှအပ ပစ္စည်းတစ်ရပ်အနေနဲ့ အသားယူ ပြထားတယ်၊ ကိုစောနိုင်က အဲဒါ ကျွန်းသားမဟုတ်ဘူး ပိတောက်သားလို့ ပြောပြခဲ့ရတယ်၊ ဒါပေမဲ့…ပိတောက်သားဟာလဲ မြန်မာပြည်ရဲ့ အကောင်းဆုံး သစ်မာတစ်မျိုးဖြစ်တယ်ဆိုတာလဲ ဆက်လက် ရှင်းပြခဲ့ရသေးတယ်”

ကိုစောနိုင်နှင့် စောစန္ဒာနွယ်တို့သည် ရယ်မောရင်း ရှေ့မှ ဆက်လျှောက် ထွက်လာကြသောအခါ စောခိုင်ဖနှင့်ဘာဘရာတို့လည်း လိုက်ပါလာခဲ့ကြသည်။

လေးဦးသား စကြံရိပ်သာရိပ်သာ၌ ပင်လယ်လေညှင်းခံရင်း စကားတပြော ပြောနှင့် လျှောက်လာကြသည်။

ငွေလရောင်က သာနေ၏။ နှင်းမြူတို့စဲ၍ ကောင်းကင်ပြင်မှာလည်း ကြည်လင်နေပါ၏။ ပင်လယ်လှိုင်း ဂယက်တို့ကလည်း လနှင့်ကြယ်ရောင်တို့ကို ရောင်ပြန်ဟပ်လျက် ဝင်းလက်နေကြ၏။

အနုပညာဆန်ဆန် သိမ်သိမ်မွေ့မွေ့ လွမ်းမိုးဖမ်းစားလာသော ရှန်ပိန် အစွမ်းကြောင့် ကိုစောနိုင်၏စိတ်မှာ ရွှင်လန်းမြူးကြွနေ၏။ စောစန္ဒာနွယ်၌လည်း ထို့အတူရှိလိမ့်မည် ထင်၏။

ပထမတန်း ကပွဲဆောင် ခန်းမဆီမှ တေးသံတို့ တလွင်လွင် ထွက်ပေါ် နေ၏။

စောခိုင်ဖက ဆို၏။

www.foreverspace.com.mm

"ဟော…ကပွဲ စတော့မယ်၊ ကျွန်တော်နဲ့ ဘာဘရာတို့တော့ သွားက, မလို့၊ လှိုကြီးစောနိုင်နဲ့ အစ်မတော်လည်း လိုက်ခဲ့ကြပါလား…"

ကိုစောနိုသည် စောစန္ဒာနွယ်အား လှမ်းကြည့်သည်။ စောစန္ဒာနွယ်ကလည်း မျက်တောင်ကော့ကြီးများကို ပင့်လျက် သူ့အား ကြည့်နေသည်။

"အစောအပေါ်မှာ သိပ်များ အခွင့်အရေး ယူနေမိတယ်ဆိုရင် ကန့်ကွက်ပါ အစော…၊ ဒါပေမဲ့ ကိုစောနိုင် အစောနဲ့ ဒီည ကပါရစေ"

စောစန္ဒာနွယ်သည် သူ့အား ငေးငေးလေး တစ်ချက် စိုက်ကြည့်ပြန်သည်။ ဤအကြည့်၌ ထူးဆန်းသော အဓိပ္ပာယ်ပေါင်းစုံတို့ ပါဝင်နေပြန်လေမှန်း တတိယအကြိမ်အဖြစ် ကိုစောနိုင် သတိပြုမိသည်။

စောစန္ဒာနွယ်ထံမှ ခိုးရှိုက်လိုက်သော သက်ပြင်းသံ တိုးတိုးကို ကြားလိုက်ရသည်ဟု ကိုစောနိုင်ထင်သည်။ သို့ရာတွင် ခဏတွင်မူ စောစန္ဒာနွယ်က ဝင်းလဲ့စွာ ပြုံးလိုက်၏။

"အစောက ဖိတ်သူ အိမ်ရှင်ပါ၊ ကိုစောနိုင်၊ ကိုစောနိုင် အပေါ်မှာ ငြင်းပိုင်ခွင့် မရှိပါဘူး"

စကားအဆုံး၌ စောစန္ဒာနွယ်သည် ကိုယ်ဟန်ကြော့ကြော့နှင့် ခေါင်းလေးကို ငဲ့မော့ကာ လက်ကလေးတစ်ဖက်အား ကိုစောနိုင်ထံ လှမ်းပေးသည်။

ထိုည…ထိုသည်ည…

ထိုသည်ည၏ သန်းခေါင်ယံ၌ မိမိ၏အခန်းသို့ ပြန်လာစဉ် ကိုစောနိုင်သည် ကြည်ကြည်နူးနူး ပြုံးမိသည်။

လှပသော စောစန္ဒာနွယ်နှင့် ယနေ့ည တွေ့ကြုံခဲ့သမျှကို ထောက်ရှု၍ ဆိုရလျှင်မူ မိမိသည် ဘယ်နည်းနှင့်မျှ ကံဆိုးသူတစ်ဦး မဟုတ်မှန်း ကိုစောနိုင် ယုံကြည်မိသည်။

ထို့ကြောင့်လည်း ကြည်ကြည်နူးနူး ပြုံး၍ အခန်းသို့ ပြန်ရောက်လျှင် ရောက်ခြင်း၊ စောင်းကို ထုတ်ကာ ယခင်ကအဖွဲ့သာပြီး၍ အသွားကို မဆုံးဖြတ်ရသေးသော တေးတစ်ပုဒ်အား မိုးလင်းလုအထိ ပြီးပြီးမြောက်မြောက် ဖွဲ့သီလိုက်မိပါ၏။

❒ ❒ ❒

www.foreverspace.com.mm

## ၆။ လွမ်းမကုန်ရုံသာ

ညက အိပ်ရာဝင် နောက်ကျခဲ့သော်လည်း နံနက်၌ ကိုစောနိုင်သည် လန်းလန်းဆန်းကြီး နိုးလာ၏။

မျက်နှကို လျင်မြန်စွား သစ်၍ အဝတ်အစားကိုလည်း လျှင်မြန်စွာလဲ၏။ နံနက်စောစောစာကို မာလကတ်တို့ကိုပင် မစောင့်တော့ဘဲ သွက်လက်စွာ စားပြီးနောက် သဘော်ပဲ့ပိုင်းဆီသို့ လူပျိုပေါက် သူငယ်တစ်ဦး၏မြူးတူးရွှင်ပျခြင်း မျိုးဖြင့် ထွက်လာခဲ့သည်။

ပဲ့စင်မှနေ၍ အထက်တန်းခရီးသည်တို့ လေညှင်းခံရာဆီ လှမ်းကြည့်သည်။

ကိုစောနိုင် မျှော်လင့်ထားသည့်အတိုင်းပင် စောစန္ဒာနွယ်က ရောက်နှင့်နေလေပြီ။

စောစန္ဒာနွယ်က သူ့ကို အပြုံးလေးဖြင့် နှုတ်ဆက်သဖြင့် သူကလည်း လက်တစ်ဖက်မြှောက်ပြပြီး အထပ်ထပ်သို့ တက်သွားမည်ပြင်၏။ ခဏတွင်ပင် သတိဝင်၍ ခြေလှမ်း တုံ့သွားသည်။

မိမိမှာ ဒုတိယတန်းခရီးသည် တစ်ဦးသာ ဖြစ်ပေသည်တကား။

ကိုစောနိုင်သည် ပထမတန်း၏ လေညှင်းခံအထပ် အောက်ခြေရှိ လှေကားရင်း၌ ရပ်ရင်း စောစန္ဒာနွယ်အား ငေးကြည့်နေမိသည်။

ကိုစောနိုင်၏ အခက်အခဲကို ရိပ်မိသွားသောစောစန္ဒာနွယ်က အပေါ်ထပ်မှ ဆင်းလာခဲ့၏။

ကိုစောနိုင်သည် ကြည်နူးခြင်း၊ ကျေးဇူးတင်ခြင်း၊ မြတ်နိုးခြင်းတို့ ရင်ဝယ်တစ်ပြိုင်နက်တည်း ပေါ်ထွန်းလွှမ်းခြုံလာသောကြောင့် မိမိအနီးသို့ ရောက်ရှိလာသည့် စောစန္ဒာနွယ်အား စကားနှင့် နှုတ်မဆက်နိုင်၊ ငေးမြဲသာ

www.foreverspace.com.mm

ငေးလျက်ရှိသည်။

စောစန္ဒာနွယ်က ရယ်သံလေး ရောစွက် နောက်သည်။

"ဘယ်နှယ့်လဲ ကိုစောနိုင် အစောကို မမှတ်မိလို့ ငေးကြည့်နေရတာလား"

ရုတ်တရက် စကား ဘာပြန်ဆိုရမှန်း မသိသူ ကိုစောနိုင်မှာ ထစ်ငေါ့နေသေး၏။ ပါးစပ်ထဲ တွေ့ရာကို ပြောချလိုက်မိပြန်တော့လည်း ရင်တွင်း ရှိရာကို ဝန်ခံမိလျက်သား ဖြစ်နေ၏။

"ဟို…ဟိုဒင်း…အဲ…အစောက လှလွန်းလို့ပါ"

စောစန္ဒာနွယ်သည် တစ်ခဏမျှ မျက်လုံးကလေးများ ပြူး၍ သူ့ကို ကြည့်သည်။ ထို့နောက် ဟက်ဟက်ပက်ပက်ကလေး ရယ်ပြီး အသာအယာ ဆိုသည်။

"အို…အစော လှလွန်းလို့ ဟုတ်လား၊ ကိစ္စမရှိပါဘူးရှင် ၊ အစောက အစောကို လှတယ်လို့ ပြောလာရင် မယုံမရှိနဲ့နော်…၊ ကျေးဇူးတင်တတ်ပါတယ် ကိုစောနိုင်၊ ဟဲ…ဟဲ…ဟဲ…"

ကိုစောနိုင်၏ အနှောင့်အသွား မလွတ်သော စကားကို စောစန္ဒာနွယ်သည် ဤသို့ အလွယ်တကူ ဝေ့ရှောင် ပယ်ရှားလိုက်ပြီး သင်္ဘောကုန်းပတ် လက်ရန်းဆီ ကပ်သွားသောကြောင့် ကိုစောနိုင်လည်း လိုက်ပါလာခဲ့သည်။

နေမှာ ကြည်ကြည်လင်လင် သာနေ၏။ လေညှင်းက ဆော့ကစားနေသဖြင့် ကပိုကရိုသာ ထုံးဆင်ထားသော စောစန္ဒာနွယ်၏ ဆံပင်ဖျားများမှာ လှုပ်ရှား လွင့်ပုံနေ၏။ မှုန်နံ့သာ အထူးချယ်မထားလေရကား ပါးမို့နီနီ၊ ကြော့မျှင် စိမ်းစိမ်းနှင့် ရှိမ်းမြဖြူစင်သော စောစန္ဒာနွယ်၏ ပကတိ လှပတင့်တယ်ခြင်းအား ကိုစောနိုင်သည် အနီးကပ် မြင်နေရ၏။

"ရာသီက နွေးလာတယ်နော် ကိုစောနိုင်"

"ဟုတ်တယ် အစော၊ မာလက်က အမေရိကားထက် ဥရောပမှာ နွေဦးအရောက် ပိုစောတယ်လို့ ပြောတယ်"

"ဥရောပမှာ နွေဦးအရောက် ပိုစောတယ်ဟုတ်လား၊ ဒီလိုဆိုရင် ဟန်ကျတာပေါ့၊ ခါတိုင်းတော့ ကြုံသမျှ အင်္ဂလိပ်ကျွန်းရဲ့ ရာသီဟာ စိတ်ပျက်စရာ ကောင်းလွန်းလို့"

စောစန္ဒာနွယ်၏ အမှတ်မထင် ပြောစကားမှ ခါတိုင်းတော့ ဟူသည့် အသုံးကြောင့် စောစန္ဒာနွယ်သည် အနောက်နိုင်ငံများဆီ ယခု ပထမဦးစွာ

ရောက်ဖူးခြင်း မဟုတ်ကြောင်း ကိုစောနိုင် နားလည်လိုက်ရသည်။

"လန်ဒန်ရောက်ရင် အစောတို့ ဘယ်မှာ တည်းမလဲ"

"အစောတို့ မေဖဲယားမှာရမလား၊ ဆဖ္ဖိုင်းမှာရမလားမသိဘူး၊ ဆောက်သင်ပတန်မှာ လာကြိုတဲ့ လူနဲ့တွေ့မှ သေချာမှာပါဘဲ၊ ဒါထက် ကိုစောနိုင်ကော..."

ကိုစောနိုင် အဖြေရခက်သွားသည်။ စောစန္ဒာနွယ် ပြောလိုက်သော ဟိုတယ်ကြီးများမှာ မိမိအတွက် အိမ်မက်ပင်မမက်နိုင်သော နေရာများဖြစ်ကြ၏။

အတန်ကြာမှ ကိုစောနိုင်သည် လေးလေးဖြေသည်။

"ကင်ဆန်တန်ပဲလေ့(စ်)ဘူတာနားမှာပါ အစော၊ ဟိုတယ် မဟုတ်ပါဘူး သူငယ်ချင်း ပညာတော်သင်တွေစုငှားထားတဲ့ အခန်းတစ်ခန်းမှာပါ"

နှစ်ဦးသား စကားပြတ်သွားသည်။

ကိုစောနိုင်၏ မျက်လုံးများက အမှတ်မထင် နောက်ကျောဘက် ရောက်သွားသည်။

မလှမ်းမကမ်း၌ ဒင်းနစ်ယူဒေါစ်(လ်)သည် ပင်ပေါက်ရိုက် ဘတ်တံကလေး ကိုင်ရင်း ငေးကြည့်နေသည်။

ကိုစောနိုင်သည် ပြုံးပြနှုတ်ဆက်သောအခါ ဒင်းနစ်သည် "ကျွန်တော် သိပါတယ်ဗျာ" ဟူ၍ ဆိုဘိသကဲ့သို့ မျက်စိတစ်ဖက် မှိတ်ပြပြီး လှည့်ထွက် သွားသည်။

ကိုစောနိုင်ကမူ မိမိကိုယ်ကို မိမိ ယခု ဒင်းနစ်တို့နှင့် ပင်ပေါင်ရိုက် ကစားနေစဉ်များထက် ပိုပျော်၏လောဟု သံသယဖြစ်နေမိသည်။

ကိုစောနိုင် ငိုင်နေစဉ် စောစန္ဒာနွယ်က ရုတ်တရက် ဆို၏။

"ဟိုမှာ ကြည့်စမ်း ကိုစောနိုင်၊ မလှဘူးလား"

စောစန္ဒာနွယ် ညွှန်ပြလေသည်ကား သင်္ဘောကြီး၏ ပဲ့တည့်တည့်ဝယ် တစ်မိုင်မျှတန်းကာ ကျန်ရစ်သော လှိုင်းရေပွက် ဂယက်ကြောင်းကြီးပေတည်း။

ပင်လယ်ရေမှာ ပြာ၏။ သင်္ဘောကြီး၏ ဒလက်ကြီးများ ယက်ပတ်အား ကြောင့် အမြှုပ်ဖြူဖြူများ ထသည်။ ရေမြှုပ်ဖြူနှင့် ရောသောအခါ ပင်လယ်ရေ ပြာသည် ပျော့၍ ကျောက်စိမ်းဖြူရောင် ပြောင်းသွားသည်။ ကျောက်စိမ်းဖြူ အကွက်အကွက်တို့သည် ပွက်လျက် ပွားလျက် ဂယက်ကြောင်းကြီးဖြစ်ပေါ် ထင်နေ၏။

www.foreverspace.com.mm

"လူပါတယ်အစော၊ ဒါပေမဲ့ ဟောဟိုဆီဌမှူ ဂယက်ကြောင်းကြီး ရှိသေးသလား…"

မှန်သည် သင်္ဘောကြီး ဖြတ်လာခဲ့ရာ အဝေးဆီဌမှူ ဂယက်ကြောင်းကြီး မရှိတော့။ ပြန့်ချင်တိုင်းပြန့်၍ ပျော့ချင်တိုင်း ပျော့နေသော ပင်လယ်ရေပြင်ပြာသည်သာ အဆုံးအစမရှိ တည်ငြိမ်ကျန်နေ၏။

စောစန္ဒာနွယ်သည် အထိတ်တလန့် သူ့ကို မော့ကြည့်၏။

"ရှင် ဘာဆိုလိုတာလဲ… ကိုစောနိုင်"

"သြော်…ဂယက်နဲ့ ပင်လယ်ကို နှိုင်းယှဉ်ကြည့်မိလို့ပါ။ ပြီးတော့ ဘဝဆိုတဲ့ သံသရာခရီးကိုလဲ ဆင်ခြင်မိလို့ပါ၊ ဘဝခရီးမှာ လှုပသာယာခြင်းတွေကို တွေ့ရ ကြုံရ ဖြတ်ခဲ့ရမှာဟာ ဓမ္မတာပဲ၊ ခက်တာက…အဲ့ဒီ လှုပသာယာခြင်းတွေဟာလဲ ဂယက်ပမာ ခဏတာမှာ ပျောက်ကွယ်သွားရင် ဗလာအဖြစ်…ဟာကျန်ရစ်ခဲ့တဲ့ လူရင်ဟာ…ပင်လယ်ပြင် မဟုတ်တော့…ခံစားရမှာကို တွေးမိရင် ကြောက်စရာပါပဲ အစော"

စောစန္ဒာနွယ်သည် ငိုင်ကျသွားသည်။

စောစောကတွင် ရွှင်လန်း ဝင်းလဲ့နေသော မျက်နှာကလေးသည် သိသိသာသာ နွမ်းကျသွား၏။ မျက်လုံးများက ကိုစောနိုင်ကို မကြည့်ဘဲ ပင်လယ်ဆီသို့ ငေးရင်း မေးသည်။

"ရှင်ဟာ… ဘဝခရီးကို ဆက်လျှောက်ရမှာ ကြောက်နေသလား ကိုစောနိုင်"

"အစကတော့ မကြောက်ပါဘူး အစော၊ အခုတော့…မကြောက်တောင် စိုးရိမ်စိတ်က ဝင်လာတယ်"

"ရှင် ဘာကို စိုးရိမ်နေသလဲ"

"ဘာကို စိုးရိမ်တယ်ဆိုတာ ကိုစောနိုင်ကိုယ်တိုင် ကိုစောနိုင် မသိသေးပါဘူး အစော"

စောစန္ဒာနွယ်သည် ကိုစောနိုင်ဘက် လှည့်ကြည့်သည်။ မျက်နှာကလေးက ထူးထူးဆန်းဆန်း တည်ငြိမ်နေ၍ မျက်လုံးများက လေးနက်နေ၏။

"ဘာကိုစိုးရိမ်မှန်း မသိဘဲနဲ့ ဘာကြောင့် ကြိုတင်စိုးရိမ်နေရပါသလဲ ကိုစောနိုင်၊ ကြိုတင် သိနေတဲ့လူတွေ စိုးရိမ်ဖို့အတွက်လဲ ချန်ထားဦးမှပေါ့"

ဤအကြိမ်တွင် ထိတ်လန့်တကြား မော့ကြည့်ရသူမှာ ကိုစောနိုင်ဖြစ်သည်။

www.foreverspace.com.mm

"အစော ဘာပြောတာလဲ…"

စောစန္ဒာနွယ်၏ မျက်နှာကလေး၌ မချိပြုံးကလေး ပေါ်လာ၏။

"အစော ပြောတာက ရှင်းပါတယ်…၊ တချို့တွေဟာ အနာဂတ်ကို ကြိုတင်သိနေတယ်၊ အဲဒီ အနာဂတ်ကို နှစ်လဲမနှစ်သက်ဘူး၊ ဒါပေမဲ့ ရှောင်လွှဲလို့လည်း မရဘူး၊ ရှောင်လွှဲလို့လည်း မဖြစ်ဘူး ဆိုပါတော့…ကိုစောနိုင်"

ကိုစောနိုင်သည် စောစန္ဒာနွယ်၏ မျက်နှာကလေးကို စူးစိုက်ကြည့်၏။ စောစန္ဒာနွယ်ကလည်း ညိုးညိုးနွမ်းနွမ်းပြုံးရင်း ရီဝေပျော့ပျောင်းသော မျက်လုံးများဖြင့် သူ့ကို ပြန်စိုက်ကြည့်နေသည်။

စောစန္ဒာနွယ်က စ,တင်လှုပ်ရှားလာသည်။ မျက်တောင်ကော့ကြီးများ သုံးလေးချက် ဆက်ပုတ်ခတ်လိုက်ပြီး သက်ပြင်းလေးရှုက်၍ ဆို၏။

"ကိုစောနိုင်အပေါ် အထင်မှားပြီး… တစ်ညက ရိုင်းပျ စော်ကားမိခဲ့တဲ့ အစောရဲ့အပြစ်ဟာ ကျေလောက်ပြီထင်ပါတယ်၊ ဒီတော့…အစော သွားပါဦး မယ်၊ အစောကို အစစ… ခွင့်လွှတ်ပါ"

ပြောသံမှာ အေးချမ်းသည်။ အမူအရာကလည်း အေးချမ်းသည်။ ထို့နောက် အေးချမ်းစွာပင် နေရာမှ ထွက်ခွာ၏။

မှင်သက်မိ ငိုင်နေရာမှ ကိုစောနိုင်သည် စောစန္ဒာနွယ်၏ နောက်သို့ ပြေးလိုက်သည်။

"အစော…နေပါဦး"

လှေကားရင်းတွင် ရပ်၍ စောစန္ဒာနွယ်က လှည့်ကြည့်သဘည်။

"နေပါဦးအစောရယ်…အစောရဲ့စကားတွေဟာ ပဟေဠိလို ဖြစ်နေ တယ်၊ အစော…ကိုစောနိုင်အပေါ် ဘာမကျေနပ်သလဲ၊ ကိုစောနိုင် ဘာများကော စကားမှားသွားခဲ့လို့လဲ"

စောစန္ဒာနွယ်သည် ကိုစောနိုင် ကောင်းစွာ မှတ်မိသော ကရုဏာရိပ် လွှမ်းသော မျက်လုံးများဖြင့် ငေးငေးလေး စိုက်ကြည့်နေ၏။ ဘာမျှတော့ မဆို။

"ပြောပါဦး… အစောရယ်"

စောစန္ဒာနွယ်သည် ခေါင်းကလေးကို ပင့်မလိုက်သည်။ ထောင့်ကပေါ် ထင်သော မေးရိုးလေးများက တင်းခိုင်းသွားသည်။

ကိုစောနိုင် ဘာမှ မမှားပါဘူး၊ အစောကသာ အစောကို ခွင့်လွှတ်

www.foreverspace.com.mm

ပါလို့ ပြောခဲ့ပြီးပါရောလား၊ ကိုစောနိုင် နားလည်နိုင်လိမ့်မယ် ထင်ပါတယ်၊ အခု နားမလည်ရင်လည်း တစ်နေ့မှာ နားလည်လာပါလိမ့်မယ်”

ပြတ်သားလှပါပေသည် တကား၊ စိမ်းကား လှပါပေသည်တကား၊ လှည့်စားနိုင်လှပါပေသည် တကားဟုပင် ကိုစောနိုင် ယူဆရပေတော့မည်။

သူ့ကို ကျောခိုင်းကာ လှေကားမှ အပြေးကလေး တက်သွားသူ စောစန္ဒာနွယ်အား ငေးကြည့်ရင်း ကိုစောနိုင် မလှုပ်မယှက် ကျန်ရစ်၏။

မကြာမီပင် သူ့နောက်မှ နူးညံ့သော ခြေသံကလေးကို ကြားရ၏။

ကိုစောနိုင် လှည့်ကြည့်လိုက်သောအခါ ဘတ်တံကလေးကို ကိုင်၍ရပ်နေသော ဒင်းနစ်ကို တွေ့ရသည်။

ကိုစောနိုင်သည် သူ့ကိုယ်ကိုသူ အမှတ်မပြုနိုင်မီ ဟက်ဟက်ပက်ပက် ရယ်မိသွား၏။

ထို့နောက်…ဒင်းနစ်၏ လက်ကလေးကို ဆွဲယူကာ…ပင်ပေါင်ရိုက်ခန်းသို့ ထွက်ခွာလာခဲ့သည်။

❒

ထိုညှ ကိုစောနိုင်သည် ဖြစ်သမျှကို မေ့ပစ်ကာ အရက်ကို ဝီစကီကို စသောက်သည်။ မာလက် မေးသမျှကိုလည်း လှည့်ပတ်ဖြေလိုက်၏။

ညကပွဲခန်းမ၌ ထူးထူးဆန်းဆန်း စောခိုင်ဖကို မတွေ့ရ။ မတွေ့သည်ပင်လည်း တစ်နည်းအားဖြင့် ကောင်းပေသည်။

ကိုစောနိုင်သည် ရို့စ်မာရီ၊ ဘာဘရာတို့နှင့်အတူ ပျော်ပျော်ကြီး ကပစ်လိုက်သည်။ သန်းခေါင်ကျော်၌ ရေသူမ ဘားတွင် ဆက်ကရုံမက ကသူများအတွက် ပီယာနိုကိုပင် တီးခတ်ပေးသည်။

အကျိုးအကြောင်း မသိသူ မာလက်ခများလည်း ကိုစောနိုင် ပျော်သည်ကို တွေ့၍ သူပါ ခြေလွတ်လက်လွတ် ပျော်ပစ်လိုက်သည်။

မည်မျှ ပျော်ပစ်လိုက်သည် မဆိုနိုင်၊ ကိုစောနိုင်မှာ မိမိ၏အခန်းသို့ မိမိမည်သို့ ပြန်ရောက်လာခဲ့သည်ကိုပင် အမှတ်မရ။

နံနက်၌ နိုးသောအခါ ခေါင်းပေါ်တွင် ရေခဲအိတ်တင်လျက်သား ရှိနေသည်။ ဂွယ်လင် ရောက်လာကာမှ ညက သူ့အား မစ္စတာယူဒေါလ်

ကိုယ်တိုင်လိုက်ပို့ကြောင်း၊ သူ့အမိန့်အရ ဂွယ်လင်က ရေခဲအိတ် တင်ပေးထားခဲ့ရကြောင်း သိရသည်။

မစ္စတာယူဒေါလ်နှင့် ဂွယ်လင်၏ကျေးဇူးကြောင့် ခေါင်းမှ မကိုက်လှ၊ လူမှာမူ နွမ်းလျနေ၏။

ကိုစောနိုင်သည် နံနက်စာကို အခန်းသို့ မှာစားသည်။ စားသောက်ပြီးစီး၍ ရေချိုးပြီးသည်အထိ စိတ်မှာ မကြည်လင်။ ဖြစ်ပျက်ခဲ့သမျှမှာ အိမ်မက်ပမာ ထင်နေ၏။

သင်္ဘောကြီးမှာ နောက်တစ်နေ့ဆိုလျှင် အင်္ဂလန်ကျွန်းဘက်ရှိ ဆောက်သင်မတန် ဆိပ်ကမ်းမြို့ကြီး၌ ဆိုက်တော့မည် ဖြစ်သဖြင့် ခရီးသည်များ မည်သို့ အဆင်သင့်ပြင်ထားရမည်ကို ညွှန်ကြားထားသော အစီအစဉ် စာရွက်ကို စားပွဲထက် အဆင်သင့် တွေ့ရသည်။

အထူး ပြင်ဆင်ဖွယ် မရှိသောကြောင့် ကိုစောနိုင်သည် အခန်းမှ မထွက်သေးဘဲ စိတ်တည်ငြိမ်ရန် စာဖတ်မည် ကြံ၏။

နယူးယောက်မြို့မှ ထွက်လာကြစဉ်အခါက သင်္ဘောပေါ်တွင် အေးအေးဆေးဆေးဖတ်မည် ရည်ရွယ်လျက် စာအုပ်အချို့ကို လက်ဆွဲသေတ္တာလေး တစ်လုံး၌ ထည့်ယူလာမိသည်။ သို့ရာတွင် ဤသင်္ဘောကြီးပေါ်၌ အေးအေးဆေးဆေးဟု ခေါ်နိုင်သည့်အခွင့်ကို မိမိမရခဲ့။ ပတ်ဝန်းကျင်ကိုလည်း အပြစ်တင်ရမည်။ စိတ်လှုပ်ရှားလွယ်သော မိမိကိုယ်ကိုလည်း အပြစ်တင်ရမည်။

ကိုစောနိုင်သည် ခေတ်သစ် ဆင်ဖိုနီ ဂီတဖခင်ကြီးရစ်ချတ်ဒ် ဝဂ္ဂနာ၏ အနုပညာနှင့် ပထမတော်လှန်ရေး(Die Kuntund die Revolution)ခေါ် စာအုပ်ကို ယူဖတ်သည်။

ရစ်ချတ်ဒ်ဝဂ္ဂနာ၏ ဘဝသည် မုန်တိုင်းထန်၏။ သူ့ဂီတနှင့် အနုပညာရေးရာ တွေးခေါ်မြော်မြင်ချက်တို့ကလည်း တော်လှန်ရေးမာန် ပြင်းသည်။ ဤပြင်းထန်သော တော်လှန်ရေးမာန်ကြောင့်လည်း သူသည် သူ့အခေတ်က အများလက်ခံထားသော ဂီတအစဉ်အလာကို ဆန့်ကျင်တိုက်ဖျက်ကာ သူ့မူပိုင် ဂီတခေတ် တစ်ခေတ်ကို ထူထောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဝဂ္ဂနာ၏ စာအုပ်ကို အတန်ကြာဖတ်ပြီးသောအခါ ကိုစောနိုင်မှာ စိတ်တည်ငြိမ်လာသည်။ အားသစ်၊ မာန်သစ်၊ ဉာဏ်သစ်များလည်း ဝင်လာ၏။

စာအုပ်ကို ချလိုက်ပြီးနောက် ကိုစောနိုင်သည် ပြုံးမိသ၏။ မမီပန်းကို

www.foreverspace.com.mm

www.foreverspace.com.mm

လှမ်းမိရာမှ ချစ်အား…လွမ်းအား…သမုဒယအား ကုန်ကုန်ကိုသုံးကာ အဟုန်ပြင်းသော ခံစားမှုတို့ ဆန်းစုံပြည့်ကြွယ်သည့် ဂီတများကို ဖန်တီးသွားသည့် ဝဇ္ဇမာ၏ စွမ်းအင်ကို သတိရမိသောကြောင့်ဖြစ်၏။

ကိုစောနိုင်သည် စောင်းကို ထုတ်ယူလိုက်၏။ တစ်နေ့ညကပြီးခဲ့သော သူ့တေးကို မဆိုညည်းဘဲ တီးရုံသာ တီးနေမိသည်။ တီးစဉ် မျက်လုံးတို့ကို ပိတ်ထားသည်။ ပိတ်ထားသော မျက်လုံးတို့တွင်ကား စောစန္ဒာနွယ်၏ ရုပ်သွင်သည် ထင်လာနေ၏။ ချိုလွင်လွင်ဝဲသော စကားသံကလေးများကိုလည်း ကြားယောင်နေမိ၏။ ရင်ချင်းအပ်၍ က,ခဲ့ကြစဉ်က တိတ်တိတ်ခိုး ရှူရှိုက်မိခဲ့ရသည့် ကိုယ်သင်းနံ့ကလေးများက ပြန်လည် မွှေးကြိုင်လာ၏။

ပထမသော် ကိုယ်သင်းနံ့သာဖြစ်၏။ ထို့နောက် ရေမွှေးနံ့။ ရေမွှေးနံ့သည် ထူးထူးခြားခြား ထုံလှိုင်လာ၏။

ကိုစောနိုင်သည် မျက်လုံးများကို ဖွင့်ကြည့်လိုက်၏။ ထိုခဏတွင်ပင် တစ္ဆေခြောက်ခံရသည့်အလား ထိတ်လန့်သွား၍ စောင်းကို ရပ်လိုက်မိသည်။

သူ့ရှေ့၌ စောစန္ဒာနွယ်က ရပ်နေသည်။ တံခါးမှာလည်း မဟ,တဟ ပွင့်နေ၏။ အိပ်မက်လေလော တကယ်လေလောဟု ကိုစောနိုင် ငေးမောကြည့်နေခိုက် စောစန္ဒာနွယ်ထံမှ စကားသံ ပေါ်လာ၏။

"အစောကို ခွင့်လွှတ်ပါ ကိုစောနိုင်၊ တံခါးခေါက်ကြည့်သေးတယ်၊ ထူးသံ မကြားဘဲ စောင်းသံသာကြားနေလို့ တွန်းဖွင့်ဝင်ခဲ့မိတယ်"

ထိုအခါကျမှ ကိုစောနိုင်သည် လှုပ်ရှားလာပြီး စောင်းကို ချ၍ ကုလားထိုင်ကို ညွှန်ပြရင်း-

"ကိုစောနိုင် အံ့သြသွားလို့ပါ၊ ထိုင်လေ အစော"ဟု ဖိတ်ခေါ်ရသည်။

စောစန္ဒာနွယ်၏ မျက်လုံးများက စောစောက ကိုစောနိုင်ဖတ်ပြီး ချထားသော စားပွဲပေါ်မှ စာအုပ်ဆီ ရောက်သွား၏။

စောစန္ဒာနွယ်သည် မထိုင်သေးဘဲ စာအုပ်ကို ကိုင်လိုက်ပြီး ခွင့်တောင်းသည်။

"အစော ကြည့်မယ်နော်"

"ကြည့်ပါ အစော"

စောစန္ဒာနွယ်သည် စာအုပ်ကို ဟိုသည် လှန်ကြည့်ရာမှ မျက်မှောင်လေး ကြုတ်၍ ဆိုသည်။

"ဟင်…ကိုစောနိုင် စာအုပ်ကလည်း ဘာဘာသာနဲ့ ရေးထားတာလဲ၊ နေဦးရစ်ချ်ဒ်ဝဂ္ဂနာဆိုတော့ ဂျာမာန်ဘာသာထင်တယ်၊ အစော ပြင်သစ်ဘာသာတော့ နည်းနည်းပါးပါး တတ်တယ်၊ ဂျာမာန်ဘာသာတော့ မတတ်ဘူး"

"ဟုတ်ပါတယ်၊ ဂျာမန်ဘာသာနဲ့ပါ အစော၊ အစောဖတ်ချင်ရင် ဟိုထဲမှာ အင်္ဂလိပ်ဘာသာနဲ့ ရေးထားတဲ့ စာအုပ်တွေထဲ ရှိပါသေးတယ် ကြည့်လေ…

စောစန္ဒာနွယ်သည် ဖွင့်လျက်သားရှိသေးသော လက်ဆွဲသေတ္တာကလေးထဲမှ စာအုပ်များကို ကြည့်သည်။ စာအုပ်များနှင့်အတူ မှန်ဘောင်သွင်းထားသော လက်မှတ်တစ်ခုကို တွေ့ရသဖြင့် ဆွဲယူမကာ မေးသည်။

"ဒါကကော ဘာလဲ ကိုစောနိုင်"

"သြော်… ကိုစောနိုင်ရဲ့ မဟာဝိဇ္ဇာ ဘွဲ့လက်မှတ်ပါ"

စောစန္ဒာနွယ်သည် ဘွဲ့လက်မှတ်ကို သေချာစွာ စူးစိုက်စုံစမ်း ဖတ်ကြည့်၏။ ထို့နောက် တစ်စုံတစ်ရာကို ကျေနပ်ဟန်ပြုံး၍ခေါင်းညိတ်ပြီး နေရာတစ်ကျပြန်ထား၏။

ကိုစောနိုင်မှာမူ တစ်နေ့က အပြီးသတ်နှုတ်ဆက်ပြီးမှ ယခု မိန်းမသားတန်မဲ့ မိမိအခန်းသို့ ရောက်လာနေသော စောစန္ဒနွယ်ကို နားမလည်နိုင်စွာ ကြည့်နေမိ၏။

စောစန္ဒာနွယ်ကလည်း ကုလားထိုင်တွင် ဝင်ထိုင်လိုက်၍ ကိုစောနိုင်ကို ငေးငေးစိုက်ကြည့်နေသည်။ ဤအကြည့်တွင်မူ ခါတိုင်းကဲ့သို့ ထူးဆန်းသော ဟဓိပ္ပာယ်ပေါင်းစုံတို့ မပါ။ ကြည့်၍သန့်၍ နူးညံ့ပျော့ပျောင်းနေသည်။

"အစော ဘာကိစ္စရှိလို့ ကိုစောနိုင်ဆီလာတာလဲ"

စောစန္ဒာနွယ်သည် မဖြေဘဲ မျက်လွှာကို အောက်သို့ ခေတ္တချငြိမ်နေသည်။ အတန်ကြာမှ မျက်တောင်ကော့ကြီးများကို ဖြည်းလေးစွာ ဖွင့်လှန် မော့ကြည့်ရင်း မေးသည်။

"ကိုစောနိုင်…အစောကို စိတ်ဆိုးနေပါသလား"

ကိုစောနိုင်သည် အသာအယာ ပြုံးမိသည်။

"ကိုစောနိုင် အစောကို စိတ်မဆိုးပါဘူး၊ ဒါပေမဲ့ အမှန်ကို ဝန်ခံရရင် ကြောက်တယ် အစောရယ်"

"အို…ကြောက်တယ်…အစောကို ကြောက်တယ်၊ အစောက ဘာများ ကြောက်စရာကောင်းလို့ပါလဲ ရှင်ရယ်"

www.foreverspace.com.mm

ကိုစောနိုင်သည် မဖြေဘဲ ငြိမ်နေ၏။

စောစန္ဒာနွယ်က မျက်ခုံးလေးတစ်ဖက်ကို ပင့်လျက် မျက်လုံးလေး တစ်ဖက်ကိုစင်းကာ သူ့အား စူးစိုက်ကြည့်နေရာမှ ညင်သာစွာ ရယ်သည်။

"ကိုစောနိုင် မဖြေချင်လဲနေပါလေ၊ အစောရဲ့အပြစ်တွေကလဲ ရှိခဲ့တာကိုး၊ ဒီအတွက် အစော တောင်းပန်ပါတယ်၊ အခု အစောလာတာဟာ ကိုစောနိုင်ဆီက အစော အကူအညီတစ်ခု လိုချင်လို့ပါ ကိုစောနိုင်"

"ပြောပါလေ အစော၊ အစောကို ကိုစောနိုင် ဘာကူညီရမလဲ"

စောစန္ဒနွယ်သည် တစ်စုံတစ်ရာကို ချိတုံချတုံ စဉ်းစားနေဟန် ခေတ္တ တွေတွေလေးဖြစ်သွား၏။ သက်ပြင်းလေးတစ်ချက် ရှိုက်ပြီး စကား စပြောသော အခါတွင်မူ မျက်နှာကလေးသည် လေးနက်ခန့်ညားနေသကဲ့သို့ အသံ မှာလည်း လေးလေးအေးအေးနှင့် တည်ငြိမ်လျက် ရှိသည်။

"ပြောရမယ်ဆိုရင်တော့ နည်းနည်းရှည်တယ် ကိုစောနိုင်၊ ပထမဦးဆုံး ဝန်ခံချင်တာကတော့ ကိုစောနိုင်ကို တွေ့တွေ့ချင်း အစော မယုံနိုင်ခဲ့ဘူးဆိုတာ ပါပဲ"

"ဘယ်လို အစော၊ ကိုစောနိုင်ကို မယုံနိုင်ခဲ့ဘူး၊ ဘာကို မယုံနိုင်တာလဲ"

"အစစကိုပေါ့ ကိုစောနိုင်၊ ဥပမာ ကိုစောနိုင်ဟာ ရှမ်းတစ်ယောက် မဟုတ်ဘူး ဆိုတာကို မယုံနိုင်ဘူး၊ ပြီးတော့…ဂီတသမားတစ်ဦး ဆိုတာကိုလဲ မယုံကြည့်ဘူး"

"အစော မယုံနိုင်လောက်အောင် ကိုစောနိုင်မှာ ဘာတွေများ ချို့ယွင်း ခဲ့လို့လဲ၊ ပြီးတော့ အစော…အစော ယုံမှ ယုံပါစေလို့လဲ ကိုစောနိုင် ဘာတွေ ကိုမှ ဟန်ဆောင် မလုပ်ခဲ့ဖူးဘူး"

"ဟော…ဆရာကြီး စိတ်မဆိုးဘူးသာ ဆိုတယ်၊ လေသံက မာလာပြီ၊ အစော စကားခံထားခဲ့ပါတယ်၊ အစောမှာ အပြစ်တွေရှိနေခဲ့တယ်လို့၊ ကိုစောနိုင်ကို အစော မယုံခဲ့တာက ကိုစောနိုင်ဘက်က ချို့ယွင်းချက်တွေရှိနေခဲ့လို့ မဟုတ်ပါဘူး၊ အရာရာကို မသင်္ကာစိတ်နဲ့ ကြည့်နေခဲ့ရတဲ့ အစောရဲ့ အဖြစ်ကြောင့်ပါ"

ကိုစောနိုင်က ခေါင်းကို ဖြည်းညင်းစွာခါ၏။

"အစော ဘာတွေ ပြောနေတယ်ဆိုတာ ကိုစောနိုင်မသိဘူး၊ အစောနဲ့ တွေ့ကတည်းက ကိုစောနိုင်မှာ တရုတ်ပဟေဠိတွေချည်းပဲ ဖတ်နေခဲ့ရတယ်"

ကိုစောနိုင်၏စကားကြောင့် စောစန္ဒသည် အသံကလေးများ ထွက်

www.foreverspace.com.mm

အောင် ရယ်သည်။

“တရုတ်ပဟေဠိ…ဟုတ်လား ကိုစောနိုင်၊ ရှမ်းပြည်နယ်လေးကောင် ဂျင်ပိုင်းက အတိတ်စိမ်း မဟုတ်တာ တော်သေးတာပေါ့”

“အစော ဘာပြောတာလဲ”

စောစန္ဒာနွယ်သည် ဆက်လက် ရယ်မောပြီးနောက် မျက်နှာကို တည်ကာ ဆို၏။

“အစောက ရယ်စရာပြောတာပါ ကိုစောနိုင်၊ အစော အခုလာတာဟာ ခုနက ကိုစောနိုင်ပြောသလို တရုတ်ပဟေဠိကို ဖြေပေးမလို့ ဆိုပါတော့”

“ဆိုပါဦးလေ…”

“ဆို…ဆိုရင်…အစော မေးခွန်းတစ်ခု မေးမယ်၊ ကိုစောနိုင် အမှန်အတိုင်း ဖြေနော်”

ကိုစောနိုင်မှာ စိတ်အနည်းငယ်တိုသွားသည်။ စောစန္ဒနွယ်သည် ဘာ ရည်ရွယ်ချက်နှင့် မိမိအား ဘာဒုက္ခတွေများ လာပေးနေသနည်း။

“ကိုစောနိုင်ဆီက အမှန်အတိုင်း အဖြေမရဘူးလို့ ထင်ရင် အစကတည်းက အစော မေးခွန်းကို အစော မမေးဘဲထားတာ၊ ကောင်းလိမ့်မယ် ထင်တယ်”

ကိုစောနိုင်က ယဉ်ကျေးစွာ ဘုပြောသော်လည်း စောစန္ဒနွယ်သည် မူဘဲ အပြုံးမပျက် စကားဆက်သည်။

“ကဲ…ဒါဖြင့်ရင် အစော မေးပါတော့မယ်တဲ့ရှင်၊ ကျေနပ်ပြီလား၊ ကိုစောနိုင် ပဒေသရာဇ်စနစ်ကို ဘယ်လို မြင်ထားသလဲ”

မမျှော်လင့်သော မေးခွန်းကြောင့် ကိုစောနိုင် မဖြေနိုင်၊ စောစန္ဒာနွယ် အားသာ ပြန်ကြည့်မိ၏။

“ဖြေလေ ကိုစောနိုင်”

“ခက်တယ် အစောရယ်၊ အစောရဲ့မေးခွန်းက နိုင်ငံရေးဆန်နေတယ်၊ ကိုစောနိုင် နိုင်ငံရေးကို နားမလည်ဘူး၊ ဝါသနာလဲ မပါဘူး”

“ဒါပေမဲ့ ကိုစောနိုင်ဟာ ပညာတတ်တစ်ဦးပဲ၊ ပညာတတ်လူတစ်ဦး အနေနဲ့ ဘယ်လို မြင်ထားသလဲ”

ခက်ချေပြီ၊ မဖြေလိုသော မေးခွန်းကိုမှ စောစန္ဒာနွယ်က ဖွတ်မေးနေသည်။

ကိုစောနိုင်သည် သက်ပြင်းရှိုက်လိုက်ပြီး ရင်တွင်းရှိသမျှ ရိုးသားစွာ ဖြေမိတော့၏။

www.foreverspace.com.mm

“ကံကြွေးချ ပဒေသရာဇ်စနစ်ဟာ ရှစ်ရာစုနှစ်လောက်ကစပြီး သမိုင်းသဘောအရ ပေါ်ပေါက်လာခဲ့တယ်၊ အခုနှစ်ဆယ်ရာစုထဲ ရောက်လာပြီ၊ ကမ္ဘာမှာ ပဒေသရာဇ်စနစ်ဟာ ခေတ်ကုန်သွားပြီ၊ ပျက်သုဉ်းသွားခဲ့ပြီ၊ ဆက်လက်တည်ရှိနေရင်လဲ လူ့လောကကို ဘာမှအကျိုးမပြုတဲ့အပြင် လူသားရဲ့ တိုးတက်ဖွံ့ဖြိုးမှုရဲ့ အနှောက်အယှက် အဖျက်အဆီးရန်သူကြီးသာ ဖြစ်နေတယ်။ အစောမေးလို့သာဖြေရတယ်၊ အစောရှေ့မှာ ဒီစကားပြောရတာ ကိုစောနိုင် စိတ်မကောင်းပါဘူး”

စကားအဆုံး၌ ကိုစောနိုင်သည် စောစန္ဒာနွယ်အား အကဲခတ်ကြည့်မိသည်။

စောစန္ဒာနွယ်၏ မျက်နှာကလေးက မပျက်။ ကိုစောနိုင် ပြောသမျှကို ခေါင်းလေးညိတ်၍ နားထောင်နေ၏။ ပြီးမှ-

“ကိုစောနိုင် ပြောတာကို အစော သဘောတူပါတယ်၊ အမှန်ကို ပြောတဲ့ ကိုစောနိုင်ကိုလည်း အစောကျေးဇူးတင်ပါတယ်၊ ကိုစောနိုင် ယုံပါမလား မသိဘူး၊ အစောလဲ ပဒေသရာဇ်စနစ်ကို မုန်းတယ်”

ကိုစောနိုင်သည် မယုံနိုင်စွာ စောစန္ဒာနွယ်အား ကြည့်မိသည်။

စောစန္ဒာနွယ်၏ မျက်နှာကလေးမှာ ဖြူစင်ရိုးသားနေ၏။ ဤဖြူစင်ရိုးသားသော မျက်နှာကလေးသည် ဘာကြောင့်မသိ ညှိုးနွမ်းလျက်လည်း ရှိနေ၏။

စောစန္ဒာနွယ်သည် အေးချမ်းစွာ ဆက်ပြောနေသည်။

“အပြင်ပန်းကကြည့်ရင်တော့ အစောတို့ဟာ ပဒေသရာဇ်မျိုးရိုးမို့ ပဒေသရာဇ်စနစ်ကို ထိန်းသိမ်းစောင့်ရှောက်နေတဲ့ ရက္ခစိုးတွေပေါ့၊ တစ်နည်းအားဖြင့် အစောတစ်ဦးတည်းရဲ့ အတွေ့အကြုံနဲ့ ပြောရရင် အစောဟာ ပဒေသရာဇ်စနစ် ပင့်ကူအိမ်မှာ မလှုပ်သာ မယှက်သာ မိနေတဲ့ ကံအဆိုးဆုံး သတ္တဝါငယ် ကျေးကျွန်တစ်ဦးပါပဲ ကိုစောနိုင်”

စောစန္ဒာနွယ်က နောက်ဆုံး စကားကိုမူ ကိုစောနိုင်၏ မျက်လုံးများကို စေ့စေ့စိုက်ကြည့်၍ ဆို၏။

ကိုစောနိုင်သည် စောစန္ဒာနွယ်အတွက် ရင်ဝယ်ကရုဏာ ထူးထူးဆန်းဆန်း သက်မိသည်။ စောစန္ဒာနွယ် ပြောသမျှအားလုံးကို မိမိနားမလည်။ သို့ရာတွင် စောစန္ဒာနွယ်၏ ရိုးသားမှုကို သံသယမရှိ။ ပုဂ္ဂိုလ်ကို ခင်၍တရားကို မင်မိလေသည်လော ဟုမူမပြောတတ်။

www.foreverspace.com.mm

"ဒီစကားတွေကို ရပ်လိုက်ကြပါစို့ အစောရယ်၊ စောစောတုန်းက အစော ပြောခဲ့တယ်၊ အစော ကိုစောနိုင်ဆီ လာတာဟာ အကူအညီတစ်ခုတောင်း ချင်လို့ဆို၊ ကိုစောနိုင် ဘာကူညီရမလဲ..."

"ပြောပါမယ် ကိုစောနိုင်၊ အဲဒါကို ပြောချင်လို့လဲ အစော နိဒါန်းပျိုးနေ ခဲ့တာပါပဲ၊ တစ်နည်းအားဖြင့်လဲ ခုနက အစောပြောခဲ့သလို အတိတ်စိမ်း ပေးခဲ့ရတာပေါ့၊ ထားပါတော့လေ...ဒီစကားကိုလဲ ကိုစောနိုင် နားလည်ပုံ မရပါဘူး၊ အစောတည့်တည့်ပဲ ပြောပါတော့မယ်၊ အစောတို့မှာ အခု ဘေးအန္တရာယ် ကြုံနေရပြီ ကိုစောနိုင်"

ကိုစောနိုင်မှာ မိမိ၏နားကို မိမိမယုံမိ၊ ထို့ကြောင့်လည်း ပြန်မေးမိသည်။

"ဘယ်လိုအစော...အစောတို့ ဘေးအန္တရာယ်ကြုံနေတယ်၊ ဘယ်မှာလဲ ဒီသင်္ဘောပေါ်မှာလား"

စောစန္ဒာနွယ်က ခေါင်းခါသည်။

"မဟုတ်ပါဘူး ကိုစောနိုင်၊ ရေလည်အောင် အစောဘယ်လို ပြောရမှန်း မသိဘူး၊ အစောကို ခဏ စဉ်းစားခွင့်ပေးပါ"

စောစန္ဒာနွယ်မှာ မသိမသာ တုန်ယင်နေ၏။ အံလေးကို ခဲထားခိုက် ပူးထားသော လက်ဝါးနှစ်စုံမှ လက်ချောင်းလေးများသည် အချင်းချင်း ယှက်လိမ် လှုပ်ရှားနေကြသည်။ မျက်လုံးတို့၌လည်း မျက်ရည်ဝဲလျက် မျက်တောင် တို့က တဖျက်ဖျက် ခတ်နေသည်။

ကိုစောနိုင်သည် နေရမှထကာ သေတ္တာအတွင်း၌ လိုလိုမည်မည် ဆောင်ထား ခဲ့သော ဘရန်ဒီပုလင်းကို ဖွင့်၏။ ထို့နောက် စားပွဲပေါ်ရှိ ရေသောက်ဖန်ခွက် အတွင်း သို့ လက်နှစ်လုံးခန့် ငှဲ့ထည့်လိုက်ပြီး စောစန္ဒာနွယ်အား ပေးသည်။

"အစော သိပ်စိတ်လှုပ်ရှားနေတယ် ထင်တယ်၊ အဲဒါလေး သောက်လိုက် ပါ"

စောစန္ဒာနွယ်က ဘာမျှမပြော။ သူ့အားသာ သူ မမေ့နိုင်သည့် မျက်တောင်ကော့ကြီးများကို လှန်၍မော့ကြည့်ပြီး ဖန်ခွက်ကို ယူလျက် တစ်ကျိုက် စုပ်သောက်သည်။

သူကလည်း စောစန္ဒာနွယ်၏ ရှုမငြီးသော မျက်နှာလေးအား ငေးရင်း စိတ်ရှည်လက်ရှည် ထိုင်စောင့်၏။

ဘရန်ဒီလက်တစ်လုံး ကုန်သောအခါ စောစန္ဒာနွယ်သည် တည်ငြိမ်

www.foreverspace.com.mm

လာ၏။ ဖန်ခွက်ကို ချလိုက်ပြီး စကားဆိုသည်။

"သိုင်းခရ ကိုစောနိုင်၊ အစောနည်းနည်း စိတ်လှုပ်ရှားသွားတယ်"

စောစန္ဒာနွယ်၏ ပင်ကိုက နှင်းဆီသွေးဥသော ပါးလေးမှာ ပိုမိုနီရဲနေ၏။ ဘရန်ဒီကြောင့်လား၊ အခြား ဘယ်အကြောင်းကြောင့်လော ကိုစောနိုင်မသိ။

"ကဲ ပြောလေ အစော၊ အစော ဘာပြောမလို့လဲ"

စောစန္ဒာနွယ်က ပြုံးသည်။ ဤအပြုံးကား ရုတ်တရက် စိတ်လွတ်သွားရာမှ ပြန်လည် ထိန်းသိမ်းနိုင်သူ တစ်ဦး၏ အပြုံးတည်း။

"အစော ဘယ်ကစ ,ပြောရမှန်းတောင် မသိတော့ဘူး"

"ဒီက စလေ၊ အစောတို့ ဘေးအန္တရာယ် ကြုံနေတယ်၊ ဘယ်လိုဘေးအန္တရာယ်လဲ၊ အဲဒီက စပေါ့"

အဲ…ဟုတ်ပြီ၊ အစောတို့မှာ ဘေးအန္တရာယ် ကြုံနေတယ်၊ ကိုစောနိုင်ခုလောက်ဆို သိပြီးရောပေါ့၊ ဟင်နရီဟာ မြန်မာပြည်ပြန်ရောက်ရင် အစောတို့နယ်ရဲ့ ဟော်ကို သိမ်းပြီး နန်းတက်ရမဲ့ သူငယ်တစ်ဦးပဲ ကိုစောနိုင်"

"ကိုစောနိုင် ဒါကို သိပြီးပါပြီ အစော"

"ခက်တာက ဟင်နရီမှာ ဘေးမကင်းဘူး ကိုစောနိုင်၊ ငယ်ငယ်လေးကတည်းက အမေရိကားကို ပို့ထားရတာမှာ သူ့အသက်လုံခြုံမှုအတွက်ရည်ရွယ်ချက်လဲပါတယ်၊ အခုလဲ မခေါ်ချင်သေးဘူး၊ ဒါပေမဲ့ မခေါ်ရင်မဖြစ်တဲ့ အကြောင်းတစ်ရပ်ကြောင့် လာခေါ်ရတာပဲ၊ လာခေါ်တာတောင်မှတမင် လျှို့ဝှက်ပြီး ဘယ်သူမှ မရိပ်မိအောင် အစောကိုယ်တိုင် လာခဲ့ရတာပဲ၊ ဦးရီးတော်တို့လို ဟော်မှာ တာဝန်ရှိတဲ့ ယောက်ျားတစ်ဦးဦး မြန်မာပြည်ကထွက်လာတယ်ဆိုရင် စောင့်ကြည့်နေသူတွေကို အချက်ပေးသလို ဖြစ်သွားမယ်'မဟုတ်လား…"

ကိုစောနိုင် ခေါင်းညိတ်သည်။ စောစန္ဒာနွယ်၏ စကားများ၌လည်း အထူး စိတ်ဝင်စားလာသည်။

စောစန္ဒာနွယ်က ဆက်ပြော၏။

"ခေါ်သာ လာခဲ့ရတယ်၊ အစောမှာတော့ ရင်တထိတ်ထိတ်ပဲ ကိုစောနိုင်၊ တစ်ယောက်ယောက်ဟာ အစောတို့နောက်များ တကောက်ကောက် လိုက်နေမလားလို့၊ ဒါကြောင့်လဲ ရှမ်းတစ်ယောက်နဲ့တူတဲ့ ကိုစောနိုင်အပေါ် အစော

www.foreverspace.com.mm

မယုံသင်္ကာ ဖြစ်ခဲ့ရတာပဲ"

"အခုတော့ကော အစော..."

"နေပါဦးလေ...အစော ပြောပြပါ့မယ်၊ ဟိုတစ်နေ့က ကိုစောနိုင် အစော ခေါ်တွေ့တာ ကိုစောနိုင် ဘယ်လိုထင်သလဲ..."

"ကိုစောနိုင် ဘယ်လိုထင်ရမှာမို့လဲ အစော...၊ အဲ...နည်းနည်းတော့ အံ့သြမိခဲ့တယ်"

"အံ့သြရုံပဲဆိုရင် အစော ကျေးဇူးတင်ပါတယ်၊ အမှန်ကတော့ ကိုယ်နဲ့ မကျွန်းသေးတဲ့ လူတစ်ယောက်ကို ဘားမှာခေါ်ပြီး ရှန်ပိန်အတူသောက်၊ ညမှာ အတူတွဲကတာဟာ ဘယ်လောက်ပဲ ခေတ်ဆန်သူဖြစ်စေ...မြန်မာပြည်ထောင်စု အမျိုးသမီးတစ်ဦး အနေနဲ့က မလုပ်ဝံ့...မလုပ်ရဲမလုပ်အပ်တဲ့ ကိစ္စကြီးတစ်ခုပါ ကိုစောနိုင်၊ အစော ဆိုလိုတာကို ကိုစောနိုင် နားလည်ရဲ့လား"

"နားလည်ပါတယ်အစော...၊ ဒါကြောင့်လဲ...အံ့သြမိပါတယ်လို့ ကိုစောနိုင် ဝန်ခံခဲ့ပါရောလား"

စောစန္ဒာနွယ်သည် စကားဆက်ရန် ခက်ဟန် တွေနေသည်။ ခဏကြာမှ အားနာပြုံးလေးပြုံးပြီး တောင်းပန်သောလေသံနှင့် ဆိုသည်။

"ကိုစောနိုင် အပြစ်တင်ရင်လဲခံရမှာပဲ၊ အမှန်က အဲ့ဒီညနေမှာ အစောဟာ ပရိယာယ်သုံးပြီး၊ ကိုစောနိုင်ကို အကဲခတ်စုံစမ်းကြည့်ခဲ့ပါတယ်၊ ဘာပဲဖြစ်ဖြစ် အဲ့ဒီညက ကိုစောနိုင်ဟာ အစောရဲ့ စာမေးပွဲကို အောင်သွားတယ် ဆိုပါတော့"

ကိုစောနိုင်သည် "ဩော်" ဟုသာ တစ်ခွန်းတည်း ဆိုနိုင်သည်။ ပါးနပ်လိမ္မာ လွန်းသော စောစန္ဒာနွယ်ကို ချီးမွမ်းမိသည်။ စိတ်တွင်း၌ မသိမသာလည်း ခံပြင်းမိ၏။

"ဒါဖြင့်ရင် စောစောက အစော စာအုပ်တွေနဲ့ဘဲ့လက်မှတ်ကို ကြည့်တာ ဟာလဲ အစော စုံစမ်းခြင်းရဲ့ တစ်စိတ်တစ်ဒေသပေါ့...ဟုတ်လား"

စောစန္ဒာနွယ်၏ မျက်နှာကလေးသည် သိသာစွာ စိတ်ထိခိုက်ခြင်းကို ဖော်ပြ၏။

"ဒီလိုတော့ အထင်မလွဲပါနဲ့ ကိုစောနိုင် ဟိုနေ့ နံနက်က အစောပြောခဲ့တဲ့ စကားတွေကို မှတ်မိရင် အစောဟာ ကိုစောနိုင်အပေါ် အဲဒီအချိန်ကတည်းက ယုံမှား သံသယကင်းပြီး ရိုးရိုးသားသား နှုတ်ဆက်သွားတယ်ဆိုတာ ယုံလောက်ပါတယ်။ ဒီလိုနှုတ်ဆက်ပြီးမှ ဒီနေ့ ကိုစောနိုင်ဆီ အစော စွန့်လာခဲ့တာဟာ

တော်ရုံတန်ရုံ အခက်အခဲကြောင့်ဆို မလာပါဘူး၊ တော်ရုံတန်ရုံ ခင်မင်ယုံကြည်မှုနဲ့ ဆိုရင်လဲ မလာပါဘူး"

စောစန္ဒာနွယ်၏စကားကြောင့် ကိုစောနိုင် စိတ်မကောင်းဖြစ်သွားသည်။ အခက်အခဲကြောင့် အကူအညီ တောင်းခံလာသူ မိန်းမသားတစ်ဦးအပေါ် မစိမ်းကားကောင်းပါတကား။

"ရုတ်တရက် ပြောမိတဲ့ စကားကို ခွင့်လွှတ်ပါ အစော၊ ကိုစောနိုင်ကို အစောက ယုံကြည်တယ်ဆိုလို့ ကိုစောနိုင် ဂုဏ်ယူဝမ်းသာပါတယ်၊ အစော စကားကိုသာ ဆက်ပါ…"

စောစန္ဒာနွယ်၏မျက်နှာကလေးမှာ ကြည်သွားသည်။ ကိုစောနိုင်အား ကျေးဇူးတင်ဟန် မျက်လုံးများနှင့်ကြည့်ပြီး ဆက်လက်ရှင်းပြသည်။

"အစော ဆက်ပြောမယ့်စကားကိုကြားရရင်…အစောဟာ ကိုစောနိုင် အပေါ် ဘယ်လောက် ယုံကြည်တယ်ဆိုတာထင်ရှားမှာမို့ အစောကို ကိုစောနိုင် စိတ်ကွက်စရာရှိရင် ပြေပျောက်သွားမယ် ထင်ပါတယ်၊ ဖြစ်ပုံကတော့…ဒီလို ကိုစောနိုင် အစောတို့ ဘယ်လောက်ပဲလျှို့ဝှက် ဆောင်ရွက်ခဲ့ပေမဲ့…သူတို့ သိသွားပုံရတယ်၊ အစော မနေ့က နေ့လယ်မှာ လန်ဒန်က အစောတို့ လူတစ်ယောက်ဆီက တယ်လီဖုန်း အဆက်အသွယ် ရခဲ့တယ်"

ဘုရင်မမေရီသင်္ဘောကြီးမှာ ပင်လယ်ပြင်၌သွားနေသော်လည်း ရေဒီယို တယ်လီဖုန်းဖြင့် အတ္တလန္တိတ် သမုဒ္ဒရာဝဲယာကမ်းခြေရှိ မြို့ကြီးများနှင့် စကားပြော ဆက်သွယ်နိုင်သည်။ တစ်မိနစ် စကားပြောရလျှင် ခရီးအကွာအဝေး အလိုက် မြန်မာငွေ သုံးဆယ်မှ အထက် ကုန်ကျရသည်သာရှိ၏။

"တယ်လီဖုန်းနဲ့ ဘယ်လိုသတင်းများ ရပါလို့လဲအစော"

စောစန္ဒာနွယ်သည် အံလေးကြိတ်လိုက်ပြီး တုန်ရင်ခြင်းကို မထိန်းနိုင်သော အသံနှင့်ဆို၏။

"အစောတို့ အကြောက်ဆုံး လူတစ်ယောက်ဟာ လန်ဒန်ကို ရောက်နေရုံ မကဘူး၊ အစောတို့ ဒီသင်္ဘောကြီးနဲ့ ပါလာမှန်းကိုသိလို့…စောင့်ကြိုနေသတဲ့"

ကိုစောနိုင်သည် ကြင်နာခြင်းတစ်ဝက်၊ ရှုပ်ထွေးခြင်းတစ်ဝက်နှင့်စောစန္ဒာနွယ်၏ မျက်နှာလေးကို စူးစိုက်ကြည့်မိသည်။ ခါတိုင်းဆိုလျှင် တည်ကြည်ခံ့ညားရိုးရှိသော စောစန္ဒာနွယ်၏မျက်နှာလေးမှာ ယခုသိသိသာသာ ဖြူရော်နေ၏။

www.foreverspace.com.mm

“အစောရယ်…အင်္ဂလန်ကျွန်းဆိုတာဟာ ဥပဒေမဲ့နိုင်ငံတစ်ခု မဟုတ်ပါဘူး၊ ဥပဒေကို အထူးလေးစားတဲ့ လူတွေရဲ့တိုင်းပြည်ပါ၊ ပြီးတော့… ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ ပြည်သူတွေအဖြစ် ခရီးသွားနေတဲ့ အစောတို့ ကိုစောနိုင်တို့ဟာ ဘယ်နေရာ ရောက်နေနေ၊ မိခင်နိုင်ငံရဲ့ အလံတော်ဟာ စောင့်ရှောက်လျက်ပါ အစော”

စောစန္ဒာနွယ်က ခေါင်းကို လေးပင်စွာ ခါသည်။

“အစော ရင်ဆိုင်ရတဲ့ ဒုက္ခဟာ ဥပဒေကြောင်းနဲ့ ကာကွယ်လို့ မရတဲ့ ဒုက္ခမို့ပါ ကိုစောနိုင်ရယ်၊ အစောက ကြောက်စရာအကောင်းဆုံးလို့ ဆိုခဲ့တဲ့ လူဟာ တရားဥပဒေအရ အစောတို့အပေါ်မှာ စောင့်ရှောက်နိုင်ခွင့် အရှိဆုံး လူတစ်ယောက် ဖြစ်နေတယ်။ ရှင်းရှင်းပြောရရင် အစောတို့ ဟော်နဲ့ နယ်ရဲ့ရင်ခွင်ပိုက် အာဏာပိုင်(Regent) တစ်ဦးဖြစ်နေရုံမကဘူး၊ ရှမ်းပြည်နယ် အစိုးရရဲ့ အရာရှိတစ်ဦး ဖြစ်နေတယ်”

ကိုစောနိုင်မှာ ခေါင်းရှုပ်သွားပြန်သည်။ မခံချင်လဲ ဖြစ်သွားမိသည်။

“အစောရယ်၊ ဒီလို အာဏာပိုင်ရဲ့…ဒီလို ရာထူးရှိရုံနဲ့ လူသားတွေဟာ ခေါင်းငုံ့ခံနေကြရတော့မှာလား”

စောစန္ဒာနွယ်က နာကြည်းစွာပြုံးရင်း ခေါင်းခါပြန်၏။

“ကိုစောနိုင်ဟာ ရှမ်းပြည်အကြောင်း ဘာမှ သိပုံမပေါ်ဘူး၊ မသိတာလဲ ကောင်းပါတယ်၊ စိတ်ကူးယဉ် စာရေးဆရာမတွေက ရှမ်းပြည်နယ်ဆိုရင် ထင်းရှူးပင်နဲ့ ချယ်ရီပွင့်တွေ သင်းနေဝေနေတဲ့ အိပ်မက်ဘုံအဖြစ် ရေးနေကြတယ်၊ အမှန်က ရှမ်းပြည်နယ်နေရာတိုင်းမှာ ထင်းရှူးနဲ့ချယ်ရီ မပေါက်ပါဘူး၊ ဒီလိုပဲ ရှမ်းပြည်နယ်ကြီးဟာ သာယာလှပတဲ့အိပ်မက်ဘုံကြီးလဲ မဟုတ်ပါဘူး၊ ရှမ်းပြည်နယ်ကို လေ့လာရင် နှစ်ဆယ်ရာစုနှစ်ကို ခဏမေ့ထားပြီး စောစောကိုစောနိုင် ပြောခဲ့တဲ့ ရှစ်ရာစုအဖြစ် ကြည့်နိုင်ရင် ပိုပြီး ယထာဘူတကျကျ မြင်နိုင်လိမ့်မယ်ထင်တယ်”

ကိုစောနိုင်က သက်ပြင်းရှိုက်ရ၏။

“အစောက ပဟေဠိကို အဖြေပေးမယ်လို့လာတယ်ဆို၊ အခုတော့ ပဟေဠိ အသစ်တွေကို ထပ်ဝှက်နေပြန်ပြီလား”

စောစန္ဒာနွယ်က သဲ့သဲ့ ရယ်သည်။

“အစော ဘာပဟေဠိမှ မဝှက်ပါဘူး၊ ပဟေဠိပမာ ဖြစ်နေရင်လည်း

www.foreverspace.com.mm

ဘဝဆိုတာကိုက ပဟေဠိဆန်နေလို့ပဲ ဖြစ်ပါလိမ့်မယ်၊ ဘယ်နှယ့်လဲ ကိုစောနိုင်”

ကိုစောနိုင်ကလည်း ရယ်သည်။ လက်နှစ်ဖက်မြှောက်ပြရင်း ဝန်ခံ၏။

“အစောကို ကိုစောနိုင် အရှုံးပေးပြီ၊ ဘာမှ မေးခွန်း မထုတ်တော့ပါဘူး၊ အစောပြောမှာသာ ဆက်ပြောပါ”

စောစန္ဒာနွယ်သည် ကျေနပ်စွာ ပြုံးပြီး စကားဆက်ပြန်၏။

“အစောပြောခဲ့တဲ့ ကြောက်စရာအကောင်းဆုံးလူဆိုတဲ့ လူကို အစောဟာ အခုနေ ရန်သူတစ်ယောက်အဖြစ် မဆက်ဆံနိုင်သေးဘူး ကိုစောနိုင်၊ မိတ်ဆွေ တစ်ယောက်အဖြစ်လဲ မပုံရဲသေးဘူး၊ အချိန်က လိုသေးတယ် ကိုစောနိုင်ရယ်၊ အစောမှာ မြင့်မြတ်ကြီးကျယ်တဲ့ ရည်ရွယ်ချက် တစ်ရပ်ရှိတယ်၊ အဲဒါဟာ ဘာလဲဆိုတော့ ကိုစောနိုင်ကို အစော ဖွင့်မပြောပါရစေနဲ့ဦး…၊ လောလော ဆယ်တော့ သူ့ကို အစော ရင်မဆိုင်ချင်ဘူး၊ ရန်သူတစ်ဦးအဖြစ်လဲ ရင်မဆိုင် ချင်ဘူး၊ မိတ်ဆွေတစ်ဦးအဖြစ်လဲ မပေါင်းဝံ့ဘူး၊ ဒါပေမဲ့ သူက အစောတို့ကို လန်ဒန်က စောင့်နေတယ်၊ ခက်တာက ဒီအကြောင်းတွေကိုလဲ ဟင်နရီကို အကုန်မပြောရဲဘူး၊ ဟင်နရီအကြောင်းလဲ ကိုစောနိုင် သိပြီးသားပဲ၊ ဖွင့်မပြောရင် ဘာမှ မသိဘဲ ပေါ့ပေါ့ဆဆနေမယ်၊ ဖွင့်ပြောပြန်တော့လဲ ရှူးရှူးရှားရှားနဲ့ မဟုတ်တာတွေ အကုန် လုပ်မှာ”

ကိုစောနိုင်သည် တစ်ချက်သာ စဉ်းစားသည်။ ထို့နောက် ပြတ်သားသော မေးခွန်းကို မေးသည်။

“အစော သူနဲ့တွေ့ရင် အန္တရယ်ရှိတယ်လို့ ကိုစောနိုင် နားလည် ထားတယ်၊ အဲဒီ အန္တရာယ်က ဘယ်လို အန္တရာယ်လဲ”

စောစန္ဒာနွယ် ငိုင်သွား၏။ ထို့နောက် မထူးတော့ပြီ ဆုံးဖြတ်ဟန် ဖြေသည်။

“မသိတတ်တဲ့ ဟင်နရီမှာ အငိုက်မိပြီး အသက်အန္တရာယ်ရောက်နိုင် တယ်၊ ပရိယာယ်သုံးရမဲ့ အစောအတွက်တော့…ဟင်နရီကို ကယ်ချင်ရင်”

စောစန္ဒာနွယ်၏ စကားရပ်သွားသည်။ မည်မျှ ခေတ်ဆန်သူဖြစ်စေ၊ မပြေဝံ့သော စကားမှန်း ကိုစောနိုင် ရိပ်မိသည်။ ထို့ကြောင့်လည်း စကားကို မဆက်ခိုင်းဘဲ လိုရင်းကိုသာ မေးရ၏။

“ကောင်းပြီလေ…ဒီလူဟာ ဘာကို မှန်းရွယ်ထားသလဲ၊ အဲဒါကိုသာ ကိုစောနိုင်ကို သိခွင့်ပေးပါ အစော”

www.foreverspace.com.mm

စောစန္ဒာနွယ်၏ မျက်နှာကလေးမှာ ညှိုးရာမှ တင်းသွားသည်။ ခဏခွဲမှ စိတ်ကို ပိုးတုံးချလိုက်ဟန် ယတိပြတ်ဆို၏။

"သူဟာ…ဟင်နရီတက်ရမဲ့ ဟော်နန်းကို လိုချင်တယ်၊ ဒါမှမဟုတ် အစောကို လိုချင်တယ်၊ တတ်နိုင်ရင်…နှစ်ခုလုံးကို လိုချင်တယ်"

စကားအဆုံး၌ စောစန္ဒာနွယ်သည် မျက်နှာကလေးကို လက်ဖဝါးများဖြင့် အုပ်ကာ ကြိတ်၍ ရှိုက်နေ၏။

ကိုစောနိုင်သည် ခုတင်မှ ဆင်းကာ အခန်းအတွင်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း စဉ်းစားသည်၊ ခဏအကြာတွင်မူ သူ့ခေါင်း၌ အသိဉာဏ်တစ်ခု ဝင်းလက်လာသည်။

သူသည် စောစန္ဒာနွယ်၏ဘေး၌ ရက်လိုက်ပြီး ဆို၏။

"အစောရဲ့ပြဿနာက… အစောပြောတဲ့ လူကို လန်ဒန်မှာ ရင်မဆိုင် ချင်ဘူး ဟုတ်လား၊ ပြီးတော့ ကိုစောနိုင်စဉ်းစားမိတယ်၊ ဒီလူနဲ့ အစောတို့ မြန်မာပြည် ရောက်တဲ့အထိ ခရီးအတူမသွားချင်ဘူး… ဟုတ်လား"

စောစန္ဒာနွယ်သည် နှုတ်နဲ့မဖြေ၊ ခေါင်းသာညိတ်၏။

"ဒီလိုဆိုရင် လွယ်ပါတယ်၊ အစောတို့ ဆောက်သင်းပတန်အထိ ဆက် မသွားဘဲ ပြင်သစ်ကမ်းခြေမှာ ဆင်းလိုက်ရုံပေါ့"

စောစန္ဒာနွယ်က သူ့အား နားမလည်နိုင်အောင် မော့ကြည့်သည်။

"အစော အံ့သြသွားတယ်ထင်တယ်၊ အစောသတိမပြုမိတာဖြစ်လိမ့်မယ်၊ ဒီသင်္ဘောကြီးဟာ ရှားဘူးဝါး (Cherbourg) မှာ အရင်ဆိုက်မှာ"

ရှားဘူးဝါးမှာ ပြင်သစ်ပြည်၏ ဆိပ်ကမ်းမြို့ တစ်မြို့ဖြစ်သည်။ အမေရိကန် ပြည်နှင့် အများဆုံး ကူးလူးဆက်ဆံသော တိုင်းပြည်တို့အနက် အင်္ဂလန်ပြည်နှင့် ပြင်သစ်ပြည်သည် ထိပ်ဆုံးမှလိုက်သည်။ ဘုရင်မမေရီ၊ ဘုရင်မအဲလ်လစ် စဘက်၊ အမေရိကန်ပြည်ထောင်စုဟု အမည်ခံထားသော သင်္ဘောကြီးများ သည် ဤအကြောင်းကြောင့် နယူးယောက်မြို့မှ ထွက်ခွာလာပြီး အင်္ဂလန်ကျွန်းကို ကျော်ဖြတ်ကာ ရှားဘူးဝါးမြို့၌ ပထမဆိုက်သည်။ ထို့နောက်မှ မိုက်နှစ်ဆယ်သာ ရှိသော ဗြိတိသျှရေလက်ကြားကို ဖြတ်ကာ ပြန်တုံ့၍ အင်္ဂလိန်ကျွန်း တောင်ဘက် ဆုံးဆောက်သင်းပတန်ဆိပ်ကမ်းမြို့၌ ရပ်နား၏။

ကိုစောနိုင် သတိပေးမှ စောစန္ဒာနွယ်သည် လှုပ်ရှားလာ၏။

"ဟုတ်သားပဲ၊ အစော ဒါကို သတိမေ့နေတယ်။ ဒါပေမဲ့ ကိုစောနိုင်

www.foreverspace.com.mm

အစောတို့ ပစ္စည်းတွေအတွက် ဘယ့်နှယ်လုပ်မလဲ"

"ဒီအတွက်က လွယ်ပါတယ်၊ (အေ) အထပ်က ခရီးသွားကူညီရေးရုံး (Travel Bureau) မှာ သွားစီစဉ်ရုံပဲ၊ အဲ…အစောတို့မှာ ငွေအလုံအလောက် ပါရဲ့လား၊ ပြီးတော့ ပြင်သစ်ပြည်ကို ဖြတ်သန်းသွားခွင့် ဗီဆာရော ပါရဲ့လား"

"ငွေတော့ ခရီးသွားချက်လက်မှတ်နဲ့ အလုံအလောက်ပါပါတယ် ကိုစောနိုင်၊ ဗီဆာလည်း ပါပါတယ်၊ ဒါပေမဲ့…"

"ဒါပေမဲ့…ဘာဖြစ်လဲ အစော"

"ဒါပေမဲ့…သင်္ဘောဆိုက်ချန်မှာ အစောတို့ ပါမလာရင် ရှားဘူးဝါးမှာ ဆင်းနေခဲ့မှန်း သူလဲ ရိပ်မိမှာပေါ့၊ လိုက်လာဖို့ကလဲ အင်္ဂလန်နဲ့ ပြင်သစ်ကူးဘို့က ဘယ်လောက်ခက်တာမို့လို့လဲ"

"အစောက စိုးရိမ်စရာမရှိ စိုးရိမ်နေတာကိုး၊ ရှားဘူးဝါးကနေ ပါရီကို သွားပေါ့၊ ပါရီကနေ လေယာဉ်ပျံနဲ့ မြန်မာပြည် ပြန်ပေါ့"

စောစန္ဒာနွယ်က သက်ပြင်းချသည်။

"ခက်တာက…ကိုစောနိုင် အစောလန်ဒန်ကိုတော့ အကြိမ်ကြိမ် ရောက်ဖူးတယ်၊ ပါရီကိုတော့ တစ်ခါပဲ လည်ဖူးတယ်၊ ပါရီအကြောင်း အစော မသိဘူး၊ ပြင်သစ်နဲ့ ဥရောပကိုလဲ အစော မကျွမ်းကျင်ဘူး၊ ပါရီရောက်ရင် ဟင်နရီကိုလည်း အစောနိုင်မှာ မဟုတ်ဘူး"

ကိုစောနိုင်က ခေါင်းကုတ်မိသည်။ နောက်ဆုံး၌ စွန့်စား၍ စကားဆိုသည်။

"ဒီအတွက် မပူပါနဲ့အစော…၊ ကိုစောနိုင်ပဲ မြန်မာပြည်ရောက်တဲ့အထိ အစောတို့ကို စောင့်ရှောက် လိုက်ခဲ့ပါမယ်၊ အင်္ဂလန်နဲ့ဥရောပမှာ လျှောက်လည်ဖို့ ကိုစောနိုင် စုထားတဲ့ ငွေလေးရှိပါတယ်၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ အစောက ကိုစောနိုင်ကို ယုံတော့…စောင့်ရှောက် ကူညီရမယ့် ဝတ္တရားဟာ ကိုစောနိုင်အပေါ် ကျလာခဲ့ပြီ"

စောစန္ဒာနွယ်က နေရာမှထ၍ သူ့လက်မောင်းများကို ဆုပ်ကိုင်၏။

"ငွေအတွက်တော့ မပြောပါနဲ့ ကိုစောနိုင်၊ အစောတို့မှာ လုံလောက်အောင် ပါပါတယ်၊ ကိုစောနိုင် လိုက်စောင့်ရှောက်မယ်ဆိုတာကိုပဲ ကျေးဇူးတင်လှပါပြီ၊ ပါရီတင် မကဘူး အစောတို့ ဥရောပတစ်ခွင်လုံး လည်နိုင်ပါတယ်"

နောက်ဆက်လာသော မိနစ်များအတွင်း၌မူ ကိုစောနိုင်ရော စောစန္ဒာနွယ်ပါ အလုပ်ရှုပ်ကြ၏။

www.foreverspace.com.mm

သင်္ဘောကြီး၏ ခရီးသွားကူညီရေးရုံး၌ ခရီးစဉ်ပြောင်းကြောင်း အကြောင်းကြားကြသည်။

ဤသင်္ဘောကြီးပေါ်၌ ငွေတတ်နိုင်လျှင် အလုံးစုံပြီးမြောက်သည်။ ငွေရှင်သာမက သင်္ဘောလိုင်းများ အပြိုင်အဆိုင် ရှိနေသောကြောင့် ခရီးသည်တို့၏ စိတ်တိုင်းကျ ကျေနပ်ရေးကို အထူးဂရုစိုက်စီမံပေးသည်။

ကိုစောနိုင်နှင့် စောစန္ဒာနွယ်တို့သည် ကုန်းဆင်း ဝန်ခံချက် ပုံစံများ ပေး၍ ခရီးဆုံး လက်မှတ်များ လဲလှယ်ယူကြသည်။

မိမိတို့၏ ကိုယ်နှင့်မကွာ ယူလာကြသော ပစ္စည်းတို့မှအပ ကျန်ဝန်လေးသော သေတ္တာစသည်တို့ကို လစ်ဗာပူမြို့မှ ရန်ကုန်မြို့သို့သွားသော ဘစ်ဘီလိုင်း သင်္ဘောကုမ္ပဏီသို့ လွှဲပြောင်းပေးရန်လည်း ဤသင်္ဘောကြီးပေါ်တွင်ပင် စီစဉ်ပြီးမြောက်ကြသည်။

သူတို့၏ အစီအစဉ်အား စောခိုင်ဖကိုပြောပြစဉ်က…သူငယ်သည် မကန့်ကွက်ရုံမက မြူးရွှင်၍ပင် သွားသည်။ အကြောင်းမှာ ဘာဘရာတို့သည်လည်း ရှားဘူးဝါး၌ပင် ဆင်းမည်ဖြစ်သောကြောင့်တည်း။

ကိုစောနိုင်သည် ခရီးစဉ် ပြောင်းလွှဲလိုက်သည့်အကြောင်း သူ့မိတ်ဆွေ မာလက်အား ပြောပြသည်။

လန်ဒန်အထိ ဆက်သွားမည့် မာလက်သည် ရုတ်တရက် ခွဲရသည်ကို စိတ်မကောင်းဟန်ပြသော်လည်း သူငယ်ချင်းကောင်းပီသစွာ အကူအညီ ပေးရှာသည်။

အမှန်မှာ ကိုစောနိုင်သည်လည်း ပါရီ၊ ပြင်သစ်နှင့် ဥရောပကို မကျွမ်းကျင်။

မာလက်က စက္ကူတစ်ရွက်ထက် မြေပုံဆွဲပြကာ ပါရီလမ်းညွှန်ပြ၏။ ပါရီမှ ဥရောပနှင့် အရှေ့တိုင်းတစ်ခွင်သို့ သွားသော လေကြောင်းခရီးစဉ်များကိုလည်း အသေးစိတ် ရှင်းပြရှာ၏။

မာလက်သည် ကိုစောနိုင်၏ပခုံးကို သူ့လက်ကြီးဖြင့် ကိုင်ရင်း ဆို၏။

"နိုင်း… မင်းကို ငါ တစ်သက် မမေ့ဘူး၊ ငါ့ကိုလဲ မမေ့ပါနဲ့ကွာ။ မင်းဟာ အင်မတန် ကံကောင်းသူဖြစ်တော့ မေ့တတ်တယ်ကွသိလား…ဟား… ဟား…"

မာလက်သည် ရယ်သော်လည်း စိတ်ထိခိုက်ခြင်းကို မဖုံးလွှမ်းနိုင်။

www.foreverspace.com.mm

ကိုစောနိုင်သည် မာလကာ၏တုတ်ခိုင်သန်မာ ကြီးထွားလှသော လက်ကိုကိုင်၍ ဆိုသည်။

"မာလကာ သူငယ်ချင်းရယ်၊ မင်းကို ငါ တစ်သက် မမေ့ပါဘူး၊ ကံကောင်းသူဟာ မေ့တတ်တယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ ငါ့ရဲ့ ကံကောင်းခြင်းကို မင်းက ဖန်တီးပေးတာပဲ မဟုတ်လား၊ ဒီတော့ မင်းကို ငါ တစ်သက် မမေ့ပါဘူး သူငယ်ချင်း"

မာလကာက မျက်ရည်ဝိုင်းသော မျက်လုံးကြီးများနှင့် သူ့အား စိုက်ကြည့်နေသည်။ ကိုစောနိုင်ကလည်း တိုတောင်းသော ရက်အတွင်း ခင်မင်ခဲ့ရသော သူငယ်ချင်း ဖြစ်လင့်ကစား မိမိ၏ကံကြမ္မာလမ်းကြောင်း တစ်ကွေ့တွင် အရေးပါသူ တစ်ဦးအဖြစ် ဝင်ရောက်ကူညီခဲ့သူ မာလကာအား သူ့နည်းအတူ မျက်ရည်ဝိုင်းလျက် ပြန်ကြည့်နေမိသည်။

ဤသို့ ကြည့်နေမိစဉ် မာလကာ ပြောသကဲ့သို့ မိမိသည် အကယ်ပင် ကံကောင်းသူတစ်ဦး ဟုတ် မဟုတ်ကိုမူ စိတ်၌ သံသယဖြစ်နေမိပါ၏။

❑

ဘုရင်မမေရီ သင်္ဘောကြီးသည် ရှားဘူးဝါး ဆိပ်ကမ်း၌ နံနက် ၉ နာရီခန့်တွင် ဆိုက်လာ၏။

မာလကာပြောထားသကဲ့သို့ပင် နွေဦးသည် ဥရောပကမ်းခြေ၌ စောစွာ ရောက်နှင့်ပေပြီ။

နေရောင်ခြည်မှာ ကြည်လင်၍ ရာသီမှာ လန်းဆန်းနေသာရုံ အေးမြသာ ရှိ၏။

သစ်ပင်တိုင်း၌ ရွက်နုဆင်၍ ရှုခင်းအရပ်ရပ်သည် စိမ်းစိမ်းလွင်နေ၏။ စိမ်းလွင်သော သစ်ပင်များအကြားတွင် ခေါင်းမိုးနီနီနှင့် တိုက်တာအိမ်ခြေများ ပေါ်ထွက်နေပုံကလည်း ပန်းချီကားချပ် ဆန်နေ၏။

မာလကာ၊ မစ္စတာနှင့် မစ္စစ်ယူဒေါလ်စသည့် မိတ်ဆွေများက သင်္ဘောပဲ့စင်မှ လက်ပြကျန်ရစ်သည်။ ကိုစောနိုင်ကို စိတ်အထိခိုက်စေဆုံးကား...ပင်ပေါင်ဘက်တံ လေးကိုင်ရင်း ရပ်ကာ နှုတ်ဆက်နေသည့် ဒင်းနစ်၏ သဏ္ဍာန်ပင်တည်း။

စောခိုင်ဖက ဘာဘရာနှင့်တွဲကာ ရှေ့မှထွက်သွားနှင့်သည်။ သူတို့နှစ်ဦး

ကား လက်ချင်းချတ်လျက် ကိုယ်ချင်းယှဉ်လျက် ဘာကိုမျှလည်း သိပုံ ဘာကိုမျှလည်း တွေးပုံမပေါ်။

သားရေသေတ္တာကြီးများကို အလုပ်သမားများက သယ်သွားပြီ ဖြစ်သဖြင့် စောစန္ဒာနွယ်နှင့် ကိုစောနိုင်တွင် လက်ဆွဲအိတ်ငယ် တစ်ခုစီသာ ရှိကြ၏။

ကိုစောနိုင်က လက်တစ်ဖက်ဖြင့် သူ့သေတ္တာကို ဆွဲသည်။ အခြား တစ်ဖက်ဖြင့် စောစန္ဒာနွယ်၏ အိတ်ကို လှမ်းယူသည်။

"အို…နေပါစေ ကိုစောနိုင်၊ အစောဘာသာ အစောဆွဲခဲ့ပါမယ်"

"ကိစ္စမရှိပါဘူးအစော…၊ ဒီအချိန်ကစပြီး မြန်မာပြည် ပြန်ရောက်တဲ့အထိ ကိုစောနိုင်ဟာ အစောရဲ့ ဘွားလေးရှမ်းဗား( Veletde Chembre) အတွင်း တော်မှုထမ်း လူယုံတစ်ယောက်ပါ"

ကိုစောနိုင်က နောက်ပြောင်ရယ်မောဆို၍ အိတ်ကို ယူလိုက်သော်လည်း စောစန္ဒာနွယ်က သက်ပြင်းလေးရှိုက်ပြီး သူ့ကို ကရုဏာဝေသော မျက်လုံးကြီးများ နှင့် ကြည့်၏။

"အတွင်းတော်မှုထမ်း လူယုံလို့ အစော သဘောမထားနိုင်ဘူး၊ အစောနဲ့ ကိုစောနိုင်ဟာ ရပ်ချင်းဆင်တာမို့ အစောက နှမတော်… ကိုစောနိုင်က အစောရဲ့ မောင်တော်…ဟုတ်ပြီလား၊ ကဲ…လာ သွားကြစို့ မောင်တော်"

ပြောပြောဆိုဆိုနှင့် စောစန္ဒာနွယ်သည် သူ့လက်ကလေးတစ်ဖက်ဖြင့် ကိုစောနိုင်၏ လက်တစ်ဖက်ကို ချတ်လိုက်သည်။

ရင်ဝယ် အေးမြ နူးညံ့သော ဝေဒနာတစ်ရပ်ကို ခံစားမိရင်း ကိုစောနိုင်သည် စောစန္ဒာနွယ်အား တွဲလျက် ဆိပ်ကမ်းဂိတ်ဝဆီသို့ လျှောက်လာခဲ့လေသတည်း။

❒ ❒ ❒

www.foreverspace.com.mm

www.foreverspace.com.mm

## အပိုင်း (၂)

## စခန်းဝေးခဲ့သည်တွင်

(၇) မေတ္တာစေကျွန်
(၈) သစ္စာဝန်ထမ်း
(၉) မြစိမ်းပင်တိုင်နန်းသူ
(၁၀) လမ်းခွဲရသည်
(၁၁) ခရီးကြမ်းကန္တာလယ်

www.foreverspace.com.mm

## ၇။ မေတ္တာစေကျွန်

ခုနှစ်ရက်ခန့်ကျော်ခဲ့ပြီးသော တစ်နေ့၌ ရန်ကုန်မြို့ မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဖြစ်၏။

အသက် ၅၀ ကျော်ခန့် လူကြီးတစ်ဦးနှင့် အသက် ၄၀ ကျော်ခန့်မိန်းမကြီးတစ်ဦးတို့သည် အခြားသော ခရီးကြိုပရိသတ်များနှင့်အတူ လေယဉ်ကွင်းဆီသို့ စိတ်အားထက်သန်စွာ မျှော်ကြည့်နေကြသည်။

လူကြီးသည် ဇန်ကောက်လုံချည်ကွက်ကျဲ၊ သက္ကလတ်တိုက်ပုံအညိုနုတို့ကို ဝတ်ဆင်ထားသော်လည်း ခေါင်းပေါင်းမပါ။ အဖြူရောင်များနေသော ဆံပင်ကို သပ်ရပ်စွာ ဖီးထား၏။ မိန်းမကြီးကား ခရမ်းရောင် ဇင်မယ်ထဘီ၊ ကြက်ဥနှစ်ရောင် ပိုးအင်္ကျီထူထူ လက်ရှည်ပွပွတို့ကို ဝတ်ထား၍ လည်ပင်းမှ ပဝါရှည်ကို နှစ်စညီအောင် ချထားသဖြင့် ဘီးကျော်ပတ် ဆံထုံးကြီးနှင့် ဖြစ်၏။ လူကြီး၏အသွင်မှာ ခေတ်ဆန်ဟန်ပြကာ မိန်းမကြီး၏ သဏ္ဌာန်ကား ရှေးရိုးဆန်မှုန်းထင်ရှားနေသည်။ နှစ်ဦးလုံးသည် အသားအရည် စိုပြည်ဝါဝင်းလျက် ဥပမိရုပ် ကောင်းလှကြပေသည်။

လူကြီးက ရွှေရောင်ဘူးပြားလေးအတွင်းမှ စီးကရက်တစ်လိပ်ကို ထုတ်ကာ ဖွာရှိုက်လျက် အေးအေးဆေးဆေး ရှိနေသော်လည်း မိန်းမကြီးကား ခြေဖျားတထောက်ထောက် လည်တဆန့်ဆန့်နှင့် တမျှော်မျှော်ရှိနေ၏။ နောက်ဆုံး၌ စိတ်မရှည်ဟန်နှင့် မိန်းမကြီးက လူကြီးဘက် လှည့်မေးသည်။

"ကိုစိုးမောင်…ရှင့်လေယာဉ်ပျံကလည်း အခုထိ မဆိုက်သေးပါလား"

ဦးစိုးမောင်ခေါ် လူကြီးသည် တစ်ချက်သဘောကျစွာ ရယ်လိုက်ပြီးဖြေ၏။

www.foreverspace.com.mm

"ငါ့လေယာဉ်ပျံ မဟုတ်ရပါဘူး မငြိမ်းမယ်ရယ်၊ ကေအယ်လ်အင်မ် ကုမ္ပဏီကပိုင်တဲ့ လေယာဉ်ပျံပါ၊ ဒါပေမဲ့ ခုနက ကြေညာသွားပါရောလား၊ နောက် ဆယ်မိနစ်ဆိုရင် ဆိုက်ပါတော့မယ်တဲ့၊ မင်းကလည်း လောရန်ကော"

ဒေါ်ငြိမ်းမယ်သည် ခေတ္တငြိမ်သွားပြီး မကြာခင် စကားဆက်ပြန်၏။

"အစက သင်္ဘောနဲ့ အေးအေးဆေးဆေး ပြန်လာမယ်ပြောပြီး…အခုတော့ လေယာဉ်ပျံနဲ့တဲ့၊ ဒရောသောပါးကြီး"

"ဒါကတော့ လူကလေးက သူ့အခြေအနေအရ သူပြောင်းတာ ဖြစ်မှာပေါ့၊ ဘာပဲဖြစ်ဖြစ် လေယာဉ်ပျံနဲ့ ပြန်လာတော့ မင်းသားကို မင်း မြန်မြန် ပြန်တွေ့ရတာပဲ မဟုတ်ဘူးလား"

ဒေါ်ငြိမ်းမယ်သည် ပြုံးသွား၏။

"ဟုတ်တော့ ဟုတ်တာပေါ့၊ ဒါပေမယ့် ကျွန်မက လေယာဉ်နဲ့ဆိုတော့ စိတ်ပူတယ်၊ ရှင်တို့ လေယာဉ်ပျံ မစီးဝင့်ပေါင်တော်၊ လူကလေးကလည်း လေယာဉ်ပျံနဲ့မှ ပြန်လာရသတဲ့"

ဒေါ်ငြိမ်းမယ်သည် တစ်ဖျစ်တောက်တောက်ပြောပြီး လေယာဉ်ကွင်းဆီသို့ ဆက်မျှော်ကြည့်နေ၏။ ဦးစိုးမောင်ကမူ အေးအေးလူလူ စီးကရက် ဆက်ဖွာနေ၏။

လေယာဉ်ကွင်း၏ ယမကာခန်းမ စားပွဲတစ်လုံး၌ သီးခြား ထိုင်နေသူ တစ်ဦးသည် ရေခဲစိမ်ဘီယာကို သောက်ရင်း ဦးစိုးမောင်နှင့် ဒေါ်ငြိမ်းမယ်တို့အား မျက်မှောင် မသိမသာကြုတ်၍ စူးစိုက်ကြည့်နေသည်။

ထိုသူမှာလည်း အသက် ငါးဆယ်ကျော်ခန့်ပင် ရှိသည်။ ကိုယ်၌ အဖိုးတန် သက္ကလပ်အပါးစား မီးခိုးရောင် ဝတ်စုံကို ဆင်ထားပြီး လက်ဝဲဘက် လက်သူကြွယ်တွင် အရည်ကောင်းလှသော ပတ္တမြားလက်စွပ်တစ်ကွင်းကို ဝတ်ထားသည်။ ကိုယ်လုံးကိုယ်ထည်မှာ ခပ်ဖိုင့်ဖိုင့်ရှိ၍ မြင်ရုံနှင့် သိသာသော လူအရိုသေခံ တန်းစား၏ ဟန်ပန်အမူအရာရှိသည်။ နှုတ်ခမ်းမွေးရေးရေး ရှိသောမျက်နှာမှာ အထူးတည်ကြည် ဣန္ဒြေကြီးလျက် အမိန့်ပေးလေ့ရှိသူ တစ်ဦး၏ လက္ခဏာ ထင်ရှားနေသည်။

ထိုလူကြီး၏အနီး ပြတင်းကိုကျောခိုင်းလျက် ပင်နီရှမ်းဝတ်စုံကို ဝတ်ထား သူတစ်ဦး ရပ်နေသည်။ ထိုရှမ်းကား မိမိဘာသာ မိမိရပ်နေသည်ထက် လူကြီးအနီး သတိနှင့်စောင့်စားနေသော အမှုထမ်းတစ်ဦး ဖြစ်မှန်း သိသာနေ၏။

လူကြီး၏အနီး အခြားစားပွဲတစ်ခုတွင်လည်း ရှမ်းဝတ်စုံနှင့် အခြားလူ

www.foreverspace.com.mm

သုံးဦးရှိသေးသည်။ ထိုသုံးဦးမှာ ဘီယာသောက်နေကြသော်လည်း စကားကို လေသံမှုသာ တိုးတိုးပြောကြသည်။

ဦးစိုးမောင်နှင့် ဒေါ်ငြိမ်းမယ်ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေရာမှ လူကြီးသည် နေရာမှထလိုက်ရာ ရပ်နေသော ရှမ်းသည် လှုပ်ရှားသွားသည့် နည်းတူ ထိုင်နေသူ သုံးယောက်ကလည်း နေရာမှ ထလိုက်ကြ၏။ လူကြီးက သူတို့အား နေမြဲနေရန် လက်ဟန်နှင့် ပြလိုက်ပြီး အခန်းပြင်သို့ထွက်၍ ဦးစိုးမောင်တို့ရှိရာ တန်းလျှောက်သွား၏။

အမှတ်မထင် လှည့်ကြည့်လိုက်သော ဦးစိုးမောင်၏မျက်နှာမှာလည်း လူကြီးနှင့် ရင်ဆိုင်မိသည်နှင့်တစ်ပြိုင်နက် မသိမသာ လှုပ်ရှားသွား၏။

လူကြီးက ဦးစိုးမောင်၏အနီး၌ ရပ်လိုက်ပြီး ရှမ်းသံတဝဲဝဲနှင့် ဆိုသည်။

"ဒီက…ဦးကို ကြည့်နေတာကြာပြီ၊ မြင်ဖူးသလိုလို ရှိတာနဲ့ မိတ်ဟောင်း ဆွေဟောင်းထဲကများလားဆို လာနှုတ်ဆက်ကြည့်တာ"

ဦးစိုးမောင်၏ မျက်နှာသည် ပြန်လည်တည်ငြိမ်သွားရာမှ ပြုံးလာပြီး ပီသသော မြန်မာသံနှင့် စကားပြန်၏။

"သြော်…ဒီလိုကိုး လူတူမရှား ထင်ပါရဲ့၊ ကျွန်တော်ကတော့ နောင်ကြီးကို တစ်ခါမှ မမြင်ဖူးပါဘူး"

ထိုအချိန်၌ ဒေါ်ငြိမ်းမယ်သည်လည်း လူကြီးကို သတိပြုလိုက်မိပြီ ဖြစ်သည်။ လူကြီး၏မျက်နှာကို မြင်သည့်တစ်ခဏ၌ ဒေါ်ငြိမ်းမယ်၏ မျက်လုံးများသည် ပြူးသွား၍ ပါးစပ်မှာလည်း မသိမသာ ဟသွားသည်။ သို့ရာတွင် ဒေါ်ငြိမ်းမယ်သည် ချက်ချင်းပင် မျက်နှာကို လေယာဉ်ကွင်းဘက်သို့လွှဲပစ်လိုက်၏။

လူကြီးကသာ မကျေမနပ်နှင့် ဆိုသည်။

"လူတူမရှား ဖြစ်ချင်လည်း ဖြစ်နေမှာပါပဲ။ ဒါပေမဲ့ ကျုပ်ကတော့ ဦးကိုရော ဟောဒီက နှမကြီးပါ ကောင်းကောင်းမြင်ဖူးတယ် ထင်တာပဲ၊ ဘယ်မှာ မြင်ဖူးမှန်းသာ မသိတယ်၊ ဒါထက် ဦးတို့က ရှမ်းပြည်နယ်ဘက်က ပဲလား"

"မဟုတ်ပါဘူး၊ ဒီရန်ကုန်ကပါ၊ ဇာတိကတော့ မန္တလေးကပေါ့၊ အဲ… ရှမ်းပြည်နယ်ဘက်တော့ မကြာခဏ ရောက်ဖူးပါတယ်"

လူကြီးသည် ဘာမျှ ဆက်မပြောလဲ ဦးစိုးမောင်အားသာ စိုက်ကြည့်

www.foreverspace.com.mm

နေသည်။

ဦးစိုးမောင်က ယဉ်ကျေးဖွယ်ရာ ဣန္ဒြေရစွာနှင့် ရွှေစီးကရက်ဘူးလေးကို ဖွင့်ပြီး လူကြီးအား "စီးကရက်သောက်ပါဦးလား" ဟု တည်သည်။

လူကြီးက လက်ဝါးကာပြပြီး ငြင်းသည်။

"ကိစ္စမရှိပါဘူး၊ ကျုပ်က ဆေးပြင်းလိပ်သမားပါ၊ ဒါထက် အခုလို 'လာမေးတာ စိတ်မရှိနဲ့နော်"

ဦးစိုးမောင်သည် သူ့ဘာသာသူ စီးကရက်တစ်လိပ် ထုတ်ယူသောက်ရင်း ခေါင်းကိုခါလျက် ရယ်မော၍ ဆိုသည်။

"အို…အို…ကိစ္စမရှိပါဘူး၊ ဒီလိုပဲ မေးမြန်းစုံစမ်းရတာပေါ့၊ တကယ်လို့ မိတ်ဟောင်းဆွေဟောင်းတွေ ဖြစ်နေခဲ့လို့ ရှိရင်လဲ ဝမ်းသာစရာပေါ့၊ မဟုတ်ဘူးလား ဟဲ…ဟဲ…"

လူကြီးက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီးဦးစိုးမောင်အား နှုတ်ဆက်ကာ သူ့နေရာဆီ ပြန်သွား၏။ စားပွဲ၌ ထိုင်မိလျှင် ဆေးပြင်းလိပ်တစ်လိပ် ထုတ်ကာ မီးမညှိသေးဘဲ နဖူးရေများ တွန့်အောင် တစ်စုံတစ်ခုကို တွေတွေကြီး စဉ်းစားနေ၏။

အပြင်ဘက်တွင်လည်း ဒေါ်ငြိမ်းမယ်က အဓိပ္ပာယ်ပြည့်ဝင်းလှစွာသော မျက်လုံးများနှင့် ဦးစိုးမောင်အား လှည့်ကြည့်သည်။ ဦးစိုးမောင်က ဘာမျှ မဖြစ်ဟန် စီးကရက်ကို ခဲလျက် ရှေ့သို့တည့်တည့်စိုက်ကြည့်နေ၏။ သို့ရာတွင် သူ့မျက်နှာကြီးမှာ မှုန်မှိုင်းတင်းမာနေလေသည်တကား။

ထိုစဉ် အသံချဲ့စက်များမှ ရောမ၊ ဘိုင်းရုဒ်၊ ကရာချိ စသော မြို့ကြီးများကို ခရီးစခန်းသတ်မှတ်၍ အနောက်မှ အရှေ့သို့ ပျံသန်းလာသော ကေအယ်လ်အင်မ်လေယာဉ်ကြီးများသည် မိနစ်ပိုင်းအတွင်း မင်္ဂလာဒုံ လေဆိပ်၌ ဆင်းသက်တော့မည်ဖြစ်ကြောင်း ကြေညာသံ ပေါ်လာ၏။

ကြိုဆိုသူများ ပိုမို လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ စောစောက သင့်ရာလျှော်ရာ ပျော်ရာ၌ အချိန်ဖြုန်းရင်း စောင့်နေသူများလည်း လေယာဉ်ကွင်းကို ပြတ်သားစွာ မြင်ရသော ရှေ့ပိုင်းသို့ ထွက်လာကြ၏။ ထိုသူများထဲတွင် စောစောကလူကြီးနှင့် ရှမ်းဝတ်စုံကို ဝတ်ထားသော သူ၏ အခြွေအရံများလည်း ပါကြသည်။

လေယာဉ်ကြီး ဆိုက်ပြီး၍ခရီးသည်တို့ ဆင်းလာခဲ့ကြရာ နက်ပြာရောင် ဘောင်းဘီ၊ အဖြူဘက်လုသော မီးခိုးရောင်ဖျော့ဖျော့ကုတ်အင်္ကျီတို့ကို ဝတ်ဆင်

www.foreverspace.com.mm

ထားသော လူငယ်တစ်ဦးနှင့် ထဘီပြာ၊ အင်္ကျီဖြူတို့ကို ရိုးရိုးယဉ်ယဉ် ဝတ်ဆင်ထားသော်လည်းအဝေးမှ လှမ်းမြင်ရသည်နှင့်ပင် သိသာစွာ ဖြူဝင်းကြော့ရှင်းသည့် မိန်းမပျိုတစ်ဦးတို့ ပေါ်ထွက်လာသောအခါ စောစောလူကြီးနှင့် ရှမ်းတစ်သိုက်သည် လက်များဝှေ့ယမ်းကာ အော်ဟစ် နှုတ်ဆက်ကြသည်။

မိန်းမပျို၏ နောက်ပါးမှ ကပ်လျက် ရှည်သွယ် မြင့်မားသောအရပ်နှင့် လိုက်အောင် စိမ်းပြာနုရောင် ဝတ်စုံကို အချိုးကျ သေသပ်စွာ ဝတ်ထားသည့် လူရွယ်တစ်ဦးက ပါလာသည်။ သူသည် လက်တစ်ဖက်၌ အမျိုးသမီးကိုင် အိတ်တစ်ခုကိုလည်းကောင်း၊ အခြားလက်တစ်ဖက်၌ သားရေသေတ္တာငယ် တစ်ခုကိုလည်းကောင်း ဆွဲကိုင်ထားလျက် ရှိသည်။

ဒေါ်ငြိမ်းမယ်သည် လူရွယ်ကို အတန်ကြာ စူးစိုက်ကြည့်နေပြီးနောက် မိမိကိုယ်ကို မထိန်းသိမ်းနိုင်ပဲ ဦးစိုးမောင်၏လက်မောင်းကို လှမ်းဆုပ်ကိုင်လိုက်ရင်းဆိုသည်။

"ဟိုဟာ လူကလေးမဟုတ်လား ကိုစိုးမောင်၊ ကြည့်စမ်းပါဦး၊ ကျွန်မမျက်စိတွေ မသည်းကွဲပါဘူးရှင်၊ အို ဟုတ်ပါတယ်"

ဒေါ်ငြိမ်းမယ်သည် သူ့ဘာသာသူမေး၊ သူ့ဘာသာသူ ဖြေ၍ လူရွယ်ဆီသို့ လှမ်းအော်သည်။

"လူလေးရေ…သားရေ…မေမေငြိမ်းတို့ ဒီမှာ…"

အတန်ငယ်လှမ်းသည် ဖြစ်သောကြောင့်တစ်ကြောင်း၊ အော်ဟစ်ကြိုဆိုသူတို့ များနေသည်ကတစ်ကြောင်း၊ လေယာဉ်ထက်မှ ဆင်းလာသူ ခရီးသည်တို့မှာ ဆီးကြိုနှုတ်ဆက်သူများ၏အသံများကို သဲကွဲစွာ မကြားနိုင်တန်ရာ။သို့ရာတွင် မိမိတို့နှင့် ဆိုင်ရာကြိုဆိုသူတို့ကို မျက်လုံးများဖြင့်မူခွဲခြား သိရှိနိုင်ကြဟန် ရှိ၏။

လူငယ်နှင့် မိန်းမပျိုက လူကြီးနှင့် ရှမ်းတစ်သိုက်အား လက်များဝှေ့ယမ်း နှုတ်ဆက်သည့်နည်းတူလူရွယ်ကလည်း ဒေါ်ငြိမ်းမယ်နှင့် ဦးစိုးမောင်အား အိတ်ကိုင်ထားသော လက်မောင်းတစ်ဖက်ကို မြှောက်ပြ၍ အသိအမှတ်ပြုတုံ့ပြန်နှုတ်ဆက်သည်။

ခရီးသည်များသည် လေယာဉ်ကွင်း၏အဆောက်အအုံဆီသို့ လျှောက်လာ နေကြ၏။

အဆောက်အအုံကြီးအတွင်းသို့ မဝင်မီ မိန်းမပျိုက ရပ်၍ နောက်သို့

www.foreverspace.com.mm

လှည့်ကြည့်သည်။ လူရွယ်က သူ့လက်အတွင်းမှ အိတ်ကို မိန်းမပျိုအားလှမ်းပေးလိုက်သည်။

လူရွယ်နှင့် မိန်းမပျိုသည် တစ်ဦးမျက်နှာတစ်ဦးကြည့်ကာ စကားဆိုနေကြသည်။ အဝေး၌ရှိသော ကြိုဆိုနေသူများအတွက်မူ သူတို့နှစ်ဦး ဘာပြောကြသည်ကို မကြားနိုင်။ စကားအဆုံး၌ သူတို့နှစ်ဦးသည် ကျေနပ်နှစ်သိမ့်စွာ ရယ်မောလိုက်သည်ကိုမူ မြင်လိုက်ကြရသည်။

မိန်းမပျိုနှင့် လူရွယ်သည် ပုခုံးချင်း ယှဉ်တွဲကာ လေယာဉ်အဆောက်အအုံကြီးအတွင်းသို့ ဝင်သွားကြ၏။

ဦးစိုးမောင်နှင့် ဒေါ်ငြိမ်းမယ်တို့က လူကြီးနှင့် ရှမ်းတစ်သိုက်ဆီသို့ ပြိုင်တူလှမ်းကြည့်မိကြသည်။ ထိုသူတို့ကလည်း ဦးစိုးမောင်တို့ စုံတွဲအားကြည့်နေသည်နှင့် ဆုံနေ၏။

လူငယ်၊ မိန်းမပျိုနှင့် လူရွယ်တို့ကား အခြား ခရီးသည်များနည်းတူ လေဆိပ်အတွင်း ခန်းမကြီး၌ အကောက်တော်ခွန်နှင့် ယစ်မျိုးဌာန အရာရှိများ ထံမှောက်၌ ထုံးတမ်းစဉ်လာအရ အစစ်ဆေးခံယူကြသည်။ နာရီဝက်ကျော်ကျော်ကြာသောအခါ၌ သူတို့သုံးဦးလုံးသည် အခြား ခရီးသည်များနှင့်အတူ ကြိုဆိုသူများ စောင့်နေရာသို့ ထွက်လာကြသည်။

ရှမ်းတစ်သိုက်နှင့် လူကြီးသည် လူငယ်အား ဦးညွတ် အရိုအသေပေးကာ ကြိုဆိုကြသည်။ လူငယ်က မျက်မှောင်ကြုတ်၍ သူတို့အား ပြန်ကြည့်နေခိုက် မိန်းမပျိုက လူရွယ်ထံ လှမ်းကြည့်သည်။

လူရွယ်သည် သူ့ပစ္စည်းများကိုချကာ ဆန့်တန်း ကမ်းကြိုလျက်ရှိသော ဒေါ်ငြိမ်းမယ်၏လက်များကို ဆီးယူသည်။ ခဏတွင်မူ သူသည် ဒေါ်ငြိမ်းမယ်၏ ရင်ခွင်ထဲသို့ ရောက်သွား၏။

ဒေါ်ငြိမ်းမယ်သည် လူရွယ်ကိုပွေ့ပိုက်ကာ ကျောကိုပွတ်ရင်း တတွတ်တွတ် ဆိုနေ၏။

"သား…လူကလေး ပြန်လာပြီ၊ မေမေငြိမ်း လွမ်းလိုက်ရတာသားရယ်၊ ပြီးတော့ မေမေ စိတ်ပူလိုက်ရတာ၊ အခုတော့ ငါ့သားကြီး ပြန်လာပြီ"

ဤသည်တို့ကို ဘေးမှနေ၍ ဦးစိုးမောင်က ပြုံးပြုံးကြီး ကြည့်နေ၏။ သို့ရာတွင် သူ့၏မျက်လုံးများ၌လည်း မျက်ရည်တို့ ဝဲနေ၏။

လူရွယ်သည် ဒေါ်ငြိမ်းမယ်၏ ရင်ခွင်မှ ခွာကာ ဦးစိုးမောင်၏လက်နှစ်

www.foreverspace.com.mm

ဖက်ကို အားရပါးရ ဆုပ်ကိုင်လှုပ်ယမ်းသည်။ နှစ်ဦးစလုံး ဘာစကားကိုမျှ မဆိုနိုင်ကြ။

လူငယ်၊ မိန်းမပျိုနှင့် သူတို့အား ကြိုဆိုသူများကလည်း ရယ်မော ပြုံးရွှင်ကာ စကားဆိုနေကြသည်။ သူတို့ပြောကြသော စကားများကား ရှမ်း ဘာသာစကားနှင့်သာ ဖြစ်၏။

မိန်းမပျိုသည် လူရွယ်အား လှမ်းကြည့်လိုက်ပြီး ခေါင်းဆောင်လူကြီးအား ရှမ်းဘာသာဖြင့် ဘာပြောလိုက်သည်မသိ၊ လူကြီးသည် လူရွယ်ဆီသို့ တစ်ချက် လှမ်းကြည့်လိုက်သည်။ တစ်ခဏတွင်မူ လူကြီး၏ မျက်လုံးများ ပြူးသွား၏။ ထိုပြူးသွားသောမျက်လုံးများသည် တည်ငြိမ်လာပြီးသည့်တိုင်အောင် လူရွယ်၏ မျက်နှာမှ မခွာနိုင်။

မိန်းမပျိုသည် လူရွယ်အနီးသို့ ချဉ်းကပ်လာ၏။

"ကိုစောနိုင် လာပါဦး၊ အစော မိတ်ဖွဲ့ပေးပါရစေ"

လူရွယ်သည် ပြုံးရွှင်ကြည်လင်စွာနှင့် မိန်းမပျိုနှင့်အတူ လိုက်သွားသည်။

လူကြီး၏ရှေ့သို့ ရောက်သောအခါ စောစန္ဒာနွယ်က ဆိုသည်။

"ဦးရီးတော်…ဟောဒါ ဟင်နရီနဲ့ စန္ဒာကို ကူညီစောင့်ရှောက်လာခဲ့တဲ့ ကိုစောနိုင်ဆိုတာပါ၊ ကိုစောနိုင်…ဒါကတော့ အစောရဲ့ ဦးရီးတော် မြို့စားကြီး စောဆေးဟုန်ပါပဲ"

ကိုစောနိုင်နှင့် မြို့စားကြီး စောဆေးဟုန်တို့သည် လက်ဆွဲ နှုတ်ဆက် ကြ၏။

ကိုစောနိုင်က သာမန် ပြုံးရိုးပြုံးစဉ် လက်ဆွဲနှုတ်ဆက်သော်လည်း စောဆေးဟုန်၏ အမူအရာမှာ ပျက်လျက်ရှိ၏။

"တွေ့ရတာ ဝမ်းသာလှပါတယ် မြို့စားကြီးခင်ဗျား"

ဤသို့ ကိုစောနိုင်က နှုတ်ဆက်လေမှ စောဆေးဟုန်သည် ကပျာကယာ ဣန္ဒြေဆောင်လိုက်ပြီးဆို၏။

"အင်း…အဲ…တွေ့…တွေ့ရတာဝမ်းသာပါတယ်၊ ကို…အဲ ဘယ်သူ"

"ကိုစောနိုင်ပါ"

"ကိုစောနိုင် အင်း…အင်း…တွေ့ရတာ အများကြီး ဝမ်းသာပါတယ်၊ တူတော်နဲ့ တူမတော်တို့ကို စောင့်ရှောက် ခေါ်လာကြောင်း သိရလို့ပဲ သိပ်ကျေးဇူးတင်ပါတယ်"

www.foreverspace.com.mm

စောဆေးဟုန်သည် ပြန်လည် တည်ငြိမ်လာသော အသံနှင့်ဆိုပြီး ဦးစိုးမောင်အား လှမ်းကြည့်လေသည်။

ကိုစောနိုင်က စောစန္ဒာနွယ်ကိုလည်းကောင်း၊ စောခိုင်ဖကိုလည်းကောင်း စောဆေးဟုန်ကိုလည်းကောင်း၊ ဦးစိုးမောင် ဒေါ်ငြိမ်းမယ်တို့နှင့် မိတ်ဖွဲ့ ပေး၏။

စောဆေးဟုန်နှင့် ဦးစိုးမောင်တို့ လက်ဆွဲနှုတ်ဆက်သည်မှာ အတန် ကြာသည်။ လက်ချင်းဆွဲလျက်ရှိစဉ် မျက်လုံးချင်းကလည်း ပြိုင်ဆိုင် စူးစိုက်ကြည့် လျက် ရှိကြ၏။

ဦးစိုးမောင်က စ,စကား ဆိုသည်။

"အပြီးသတ်ကြတော့ ကျွန်တော်တို့တွေဟာ မိတ်ဆွေတွေ ဖြစ်လာကြ တာကိုးနော်"

စောဆေးဟုန်ကလည်း ခေါင်းကိုညိတ်ရင်း လေးနက်စွာ ဆို၏။

"ဟုတ်တယ်၊ မိတ်ဆွေတွေ လာဖြစ်ကြရတာပဲ၊ လောကကြီးဟာ သိပ်အံ့သြဖို့ကောင်းတယ်"

သူတို့နှစ်ဦးလုံး ပြောနေကြသည့် စကားများတွင် ဟာသတစ်ကွက်မျှ မပါ။ သို့ရာတွင် နှစ်ဦးစလုံးသည် စကားအဆုံး၌ တဟားဟား ရယ်လိုက်ကြ၏။

စောစန္ဒာနွယ်သည် စောဆေးဟုန်၏ အနီးသို့ ကပ်သွားပြီး ရှမ်းဘာသာနှင့် တစ်စုံတစ်ခုပြော၏။ စောဆေးဟုန်မှာ ပထမသော် မျက်လုံးပြူးသွားသည်။ ထို့နောက် ဘာမျှ စကားမပြန်ဘဲ မျက်မှောင် မသိမသာကြုတ်၍ စောစန္ဒာနွယ်အား ဂကြည့်နေသည်။ အတန်ကြာလေမှ ခေါင်းတစ်ချက် ညိတ်ပြ၏။

စောစန္ဒာနွယ်သည် ကိုစောနိုင်ဘက်သို့လှည့်လိုက်ပြီး "လာ…ကိုစောနိုင် အစောတို့ စကားတစ်လုံးနှစ်လုံး ပြောကြရအောင်" ဟု ခေါ်ငင်သည်။

ကိုစောနိုင်နှင့် စောစန္ဒာနွယ်တို့သည် လေဆိပ် ယမကာခန်းမကြီးဆီသို့ ထွက်သွားကြ၏။ ရှမ်းအမှုထမ်း နှစ်ဦးက နောက်မှ လိုက်သွားမည်လုပ်ရာ ယခုအချိန်အထိ မှုန်တေတေနှင့် စကားမပြောလှသေးဘဲ ငြိမ်နေသည့် စောခိုင်ဖက ရှမ်းဘာသာနှင့်ပင် ခက်ထန်ထန် ဟန့်တားလိုက်သောကြောင့် သူတို့နှစ်ဦးသည် ဦးညွှတ် အလေးပြုလိုက်ပြီး ရပ်ကျန်ရစ်ကြ၏။

ယမကာဆောင်၏ အတွင်းပိုင်း သီးသန့်လွတ်လပ်သော စားပွဲတစ်ခု၌ ကိုစောနိုင်နှင့် စောစန္ဒာနွယ်တို့ ထိုင်မိကြသောအခါ ဝတ်ဖြူစင်ကြယ်နှင့် စားပွဲထိုး ကုလားတစ်ဦးက အနီး၌ ရပ်လာ၏။

www.foreverspace.com.mm

စောစန္ဒာနွယ်က ကိုစောနိုင်ကို ပြုံးပြုံးလေးကြည့်ပြီး ဆိုသည်။

"ကဲ…ကိုစောနိုင်၊ အစောတို့ ခွဲခွါခါနီး အထိမ်းအမှတ်အဖြစ်နဲ့ တစ်ခုခု သောက်ကြရအောင်"

"အစော သဘောပဲလေ၊ အစော ကြိုက်တာမှာပါ"

"အစော ကြိုက်တာ မဟုတ်ပါဘူး၊ ကိုစောနိုင် ဘာကြိုက်တယ်ဆိုတာ အစော သိပြီးပြီပဲ၊ အဲဒါပဲ မှာလိုက်မယ်နော်"

စောစန္ဒာနွယ်သည် ဝန်းလည် ရည်ရွှန်းသော မျက်လုံးကြည်ကြီးများနှင့် ကိုစောနိုင်ကိုကြည့်ပြီး သိမ်မွေ့နူးညံ့စွာ ပြုံးရှာ၏။ ကိုစောနိုင်ကမူ မပြုံးမရယ်ဘဲ စောစန္ဒာနွယ်ကိုသာ ငေးငိုင် စူးစိုက်ကြည့်နေသည်။

"အစောကို ဘာလို့ ဒီလို ကြည့်နေရတာလဲ ကိုစောနိုင်"

ကိုစောနိုင်သည် သက်ပြင်းရှိုက်လိုက်ပြီး ဆိုသည်။

"သြော်…အစောရယ်…အကောင်အထည်နဲ့ မြင်တွေ့နေရသေးတဲ့ အစောကို အိပ်မက်ထဲက အရိပ်အယောင်ပမာ တွေးဆယူရတော့မဲ့ အဖြစ်ကို မယုံနိုင်လွန်းလို့ ကိုစောနိုင် ကြည့်မိရပါတယ် အစော"

ဤတစ်ကြိမ်တွင်မူ စောစန္ဒာနွယ် ငိုင်ရရှာသည်။ ပင့်ထားသော မျက်တောင်ကော့များကိုချကာ ခေါင်းငုံ့၍ မလှုပ်မယှက် ရှိနေသည်။

စောစန္ဒာနွယ် ပြန်လည်ခေါင်းထူလာသောအခါ မျက်လုံးများ၌ မျက်ရည်တို့ သိသိသာသာ ဝဲနေ၏။ သို့ရာတွင် အပြုံးလေးမူ ပြန်လည် ပေါ်သစ်နေ၏။

"ခွဲခွာခြင်းတို့မည်သည် ဝမ်းနည်းစရာချည်းပါပဲ ကိုစောနိုင်၊ ဝမ်းနည်းစရာအချိန်မှာ အစောတို့ လွမ်းစရာ စကားလေးတွေ မပြောကြပါစို့နဲ့လား"

စောစန္ဒာနွယ်က ထပ်ဆင့်ပြုံးလေး ပေါင်းသော မျက်နှာကြည်ကြည်နှင့် ဖန်ကလပ်ကို မြှောက်ကာ သူ့ဆီလှမ်းပေးသဖြင့် ကိုစောနိုင်ကလည်း သူ့ဖန်ကလပ်နှင့် ဆီးကြိုတွေ့ထိ လက်ခံယူရသည်။

အပြင်မှ လေယာဉ်ကြီးများ၏ တက်သံဆင်းသံများသည် ယမကာဆောင်၏ ပြတင်းတံခါးများနှင့် နံရံများကို ပဲ့တင်ထပ်စေလျက် ပေါ်ထွက်လာနေ၏။

စောစန္ဒာနွယ်က တွေးခေါ်မြော်မြင်သော စိတ္တဇနှင့် ဆိုသည်။

"တက်တဲ့ လေယာဉ်က တက်ပြီး ဆင်းတဲ့ လေယာဉ်က ဆင်းနေတယ် ကိုစောနိုင်၊ ကိုစောနိုင်နဲ့ ပေါင်းမိလို့ အစောတောင် တွေးတွေးခေါ်ခေါ် ခံစား

www.foreverspace.com.mm

ကြည့်တတ်လာပြီ၊ သိလား…ကိုစောနိုင်"

"ဘာယ်လိုပါလဲ အစော"

"သြော်…ခရီးဆက်တဲ့လူက ဆက်ပြီး ခရီးဆုံးလူက ဆုံးကြရပြီး ခရီးဆက်နေဆဲတော့ ရေမှာပဲဖြစ်ဖြစ် လေမှာပဲဖြစ်ဖြစ် ဂယက်လှိုင်းသဘော ကြုံကြိုက်ရမှာပဲ၊ ဒါပေမဲ့ ဂယက်ဆိုတာဟာ ရေပွက်ပမာ ခဏတာပါပဲလေ၊ ကိုစောနိုင်ပဲ ပြောခဲ့တာပဲနော်"

ကိုစောနိုင်က ကြေကွဲစွာပြုံးမိသည်။

"ဒါပေမဲ့…လူရဲ့ရင်ဟာ အဝိဇ္ဇာဏက ပင်လယ်ပြင်နဲ့…အခု အစော ထပ်ဖြည့်တဲ့ လေပြင်လောကနဲ့ မတူကြောင်းကို ကိုစောနိုင် ပြောခဲ့ပါသေးတယ် အစော"

စောစန္ဒာနွယ်၏မျက်နှာလေး၌ အပြုံးရိပ် ငြိမ်သွားသည်။ မျက်နှာထား မတင်းသည့်တိုင်အောင် တည်ကြည်မှုဘက် ကဲလျက် ပြောသည်။

"ကိုစောနိုင် ဆိုလိုတာကို အစော သဘောပေါက်ပါတယ်၊ ခက်တာက ကိုစောနိုင်၊ လူဟာ ရင်က ဂယက်လှိုင်း ပုတ်ခတ်မှုကြောင့် လှုပ်ရှားနေတဲ့ ဗေဒါပန်းမျိုး မဟုတ်ပါဘူး၊ ရင် သို့မဟုတ် နှလုံးသား သို့မဟုတ် ခံစားမှု ဆိုတာဟာ တစ်စုံတစ်ခုသော အတိုင်းအတာအထိတော့ စကားပြော အမိန့်ပေး နိုင်ခွင့် ရှိပါတယ်၊ ဒါပေမဲ့ လူကို တကယ်ပိုင်တဲ့ အချုပ်အခြာအာဏာဟာ ဦးနှောက်မှာသာ တည်ပါတယ် ကိုစောနိုင်၊ ရှင်…အစောကို ငြင်းချင်သေး သလား"

ကိုစောနိုင်၏ မျက်နှာသည်လည်း မော့လာ၏။ အေးဆေးတည်ငြိမ်စွာပင် သူက အဖြေပေးသည်။

"အစောကို ကိုစောနိုင် မငြင်းတော့ပါဘူး၊ ငြင်းလို့လဲ ဆုံးမှာ မဟုတ် ပါဘူး၊ အစောနဲ့ ကိုစောနိုင်ဟာ ဘဝအခြေခံခြင်းမှ မတူဘဲဟာကိုး"

စောစန္ဒာနွယ်က ပြုံးသည်။ ဤအပြုံး၌ ကြေကွဲခြင်းနှင့် မခံချင်မှုတို့ ရောစပ်နေ၏။

"ကိုစောနိုင်ဟာ အစော တွေ့ဖူးသမျှ ယောကျ်ားတွေထဲမှာ မာနအကြီးဆုံး လူတစ်ယောက်ပါပဲ ကိုစောနိုင်"

"အစော ကိုစောနိုင်ကို အထင်လွဲနေပြီ ထင်တယ်"

စောစန္ဒာနွယ်က ခေါင်းခါ၏။

www.foreverspace.com.mm

"အစော အထင်လွဲနေတာမဟုတ်ပါဘူး၊ အစော မှန်တာတွေကို ပြောနေတာပါ၊ ကိုစောနိုင်ကို မာနကြီးသူတစ်ယောက်လို့ အစောပြောလို့ အစောက ကိုစောနိုင်ကို စော်ကားနေတယ်လို့ မထင်ပါနဲ့၊ အမှန်ပြောရရင် အစောဟာ မာနကြီးတဲ့ ယောကျ်ားတစ်ဦးကိုမှ အထင်ကြီးတတ်ပါတယ်၊ ကိုစောနိုင်ဟာ အစောအထင်ကြီးတဲ့ ယောကျ်ားတစ်ဦးပဲဆိုတာ အစော ဝန်ခံပါရစေ"

ကိုစောနိုင်သည် သူ့ရင်တွင်းမှ ပေါက်ကွဲမှုဒဏ်ကို သူ မခံနိုင်တော့။ စားပွဲကို လက်ဝါးနှစ်ဖက်နှင့် ပုတ်မိကာ ဆိုသည်။

"အစောက ကိုစောနိုင်ကို ပြောစရာရှိတယ်ဆိုလို့ ဒီနေရာကို ကိုစောနိုင် လိုက်လာခဲ့တယ်၊ ဒါပေမဲ့ အစော ပြောချင်တာတွေဟာ အခု ပြောနေတာတွေဆိုရင်တော့ ရပ်လိုက်ပါတော့ အစော၊ ကျေးဇူးပြု၍ရပ်လိုက်ပါတော့၊ ကိုစောနိုင် ဆက်မကြားပါရစေနဲ့တော့"

ကိုစောနိုင်၏ဒေါသကို စောစန္ဒာနွယ်က ပြုံးပြုံးလေးပင် ရင်ဆိုင်လက်ခံသည်။ ပြောသော စကားသံမှာလည်း အေးချမ်း၍ ချော့ချော့မော့မော့နိုင်သည်။

"အစောက ကိုစောနိုင်ကို မာနကြီးတယ်လို့ ပြောတော့လဲ ကိုစောနိုင် မခံချင်ဘူး၊ အခုတော့လဲ ဒေါသကြီးနေပြန်ပြီ၊ ရှင်ရယ် ဒီအတိုင်းဆိုတော့ အစောပြောချင်တဲ့ စကားတွေကို အစောဘယ်လိုလုပ် ပြောဝံ့ရဲပါတော့မလဲ ကိုစောနိုင်"

ကိုစောနိုင် ခေါင်းကျိုးကျသွားသည်။ စောစန္ဒာနွယ်ကိုတော့ သူ အရှုံးပေးရမည်။ ပေးလည်းပေးခဲ့ရပြီးလေပြီ။

"ဆောရီး၊ အစော၊ ကိုစောနိုင် မှားပါတယ်၊ အစောပြောချင်တာတွေ ပြောပါလေ၊ ကိုစောနိုင် နားထောင်ပါ့မယ်"

ဤသို့ဆိုပြန်သော် စောစန္ဒာနွယ်က ရယ်သည်။ ကရုဏာနှင့် ကျေနပ်မှု ရောသော ရယ်သံဖြစ်၏။

"သြော်…ကိုစောနိုင်၊ အစောကို ဘာကြောင့် ဒီလောက် သည်းခံနေရတာလဲ စတွေ့ကြကတည်းက အစောဟာ ကိုစောနိုင်အပေါ် မကောင်းခဲ့ဘူး၊ အမှန်က ကိုစောနိုင်ဟာ အစောကို ခွင့်လွှတ်နိုင်တာထက် မုန်းနိုင် မေ့နိုင်ရင် ပိုကောင်းမှာ"

ကိုစောနိုင်က အသာအယာ ရယ်မောသည်။

"ဟော…အစောပဲ လွမ်းစရာ စကားတွေ မပြောကြစို့နဲ့ ဆို"

www.foreverspace.com.mm

စောစန္ဒာနွယ်က သက်ပြင်းလေး မသိမသာ ချလိုက်၏။

"ဟုတ်ပါတယ်လေ၊အစောတို့ လွမ်းစရာစကားတွေ မပြောကြပါစို့ လက်တွေ့ဆန်တာတွေပဲ ပြောကြရအောင်၊ စပြောရမယ်ဆိုရင်တော့ ကိုစောနိုင် မကြားချင်ဆုံး စကားကိုပဲ အစော ပြောရတော့မယ် ထင်တယ်"

ကိုစောနိုင်က နားမလည်ဟန် စောစန္ဒာနွယ်ကို မော့ကြည့်သည်။

"ဘာ စကားမို့ပါလဲ အစောရယ်"

စောစန္ဒာနွယ်သည် မဖြေ၊ သူ့ကိုသာ ပင်ပင်ပန်းပန်း ပြန်ကြည့်နေ၏။ သူကသာ ထပ်တိုက်တွန်းရ၏။

"ပြောပါလေအစော၊ အစော ဘာပြောပြော နားထောင်နိုင်ဖို့ ကိုစောနိုင် အဆင်သင့် ပြင်ထားပါတယ်"

စောစန္ဒာနွယ်သည် စိတ်ကိုဆုံးဖြတ်လိုက်ဟန် အံလေး မသိမသာ ကြိတ်ပြီး ကိုယ်ကို အနည်းငယ် မတ်လိုက်၏။

"အစော မပြောရက်ပေမဲ့ ပြောပါတော့မယ်လေ၊ အခု အစောနဲ့ ကိုစောနိုင် စကားပြောကြတာကို နောက်ဆုံးအဖြစ်နဲ့ပဲ ကိုစောနိုင် မှတ်ယူစေချင်ပါတယ်၊ အခု ခွဲသွားကြပြီးတဲ့နောက် အစော ဘယ်မှာရှိနေမယ်ဆိုတာကို မမေးပါနဲ့တော့၊ စုံစမ်းလဲ မစုံစမ်းပါနဲ့တော့၊ လိုက်လဲ ရှာမနေစေချင်ဘူး၊ ကိုစောနိုင်"

ကိုစောနိုင် ငိုင်ကျသွားသည်။ ရုတ်တရက်မူ မည်သို့ စကားပြန်ပြောရမှန်း မသိ။ အတန်ကြာမှ အားခဲပြီး အနိုင်နိုင်မေးရ၏။

"အစောက ယတိပြတ် ပြောခဲ့နှင့်ပြီဟာ၊ ကိုစောနိုင် ဘာမှ ဆင်ခြေ မတက်ချင်တော့ပါဘူး၊ ဒါပေမဲ့ တစ်ခုပဲ မေးချင်တယ်၊ ဘာကြောင့် အစောဟာ ကိုစောနိုင်ကို ဒီလို တားမြစ်ရတာလဲ"

စောစန္ဒာနွယ်ကလည်း ဝမ်းနည်းပမ်းနည်း ပြုံးရှာ၏။

"ဘာကြောင့် ဆိုတာကို တွေ့စကတည်းက အစော အတိတ်စိမ်းပေးပြီး အရိပ်အမြွက် ပြောပြခဲ့ဖူးပါတယ် ကိုစောနိုင်၊ ကိုစောနိုင် မှတ်မိသေးသလား၊ တချို့ လူတွေဟာ အနာဂတ်ကို ကြိုတင်သိနေတယ်၊အဲဒီ အနာဂတ်ကို နှစ်လည်း မနှစ်သက်ဘူး၊ ဒါပေမဲ့ ရှောင်လွှဲလို့လည်း မရဘူး ဆိုတာလေ၊ အစော ဘဝက ဒီလိုဘဝမျိုးပဲ၊ တစ်နည်းအားဖြင့် အနာဂတ် ဆိုတာဟာ တောင့်တအပ်တဲ့ မျှော်လင့်ခြင်းလို့ ခေါ်ရင် အစောမှာ အနာဂတ် မရှိတော့ပါဘူး၊ မရှိတော့တဲ့

အစောရဲ့ အနာဂတ်ဆီ ကိုစောနိုင်ကို လိုက်မလာစေချင်ဘူး၊ ဒါဟာ အစောရဲ့ စေတနာပါ"

ရှည်လျားသော စကားအဆုံး၌ စောစန္ဒာနွယ်က နုလုံးသားမှ သစ္စာကို မဖုံးလွှမ်းနိုင်သော မျက်လုံးများနှင့် သူ့ကို ငေးငေးကြည့်နေရှာ၏။

"အစော စေတနာကို ကိုစောနိုင် မဟုတ်ပါဘူးလို့ မငြင်းလိုပါဘူး အစော၊ ဒါပေမဲ့…ကိုစောနိုင် တစ်ခု ထပ်မေးပါရစေဦး။ လူ့ဘဝရဲ့အနှစ်သာရဟာ လွတ်လပ်ခြင်းပါပဲအစော၊ လွတ်လပ်တဲ့ လူသားတစ်ဦး အနေနဲ့ ဘာကြောင့် ကိုယ် မနှစ်သက်တဲ့ အနာဂတ်ကို မရှောင်လွှဲနိုင်ရမှာလဲ၊ ဒီလိုဆိုရင် ကိုယ့်ကြမ္မာ ကိုယ် ဖန်တီးခွင့်ဆိုတဲ့ လူ့ယဉ်ကျေးမှု မင်္ဂလာတရားဟာ ပျက်ရရောပေါ့"

စောစန္ဒာနွယ်က ခေါင်းလေးကို လေးပင်စွာ ခါ၏။

"ကိုစောနိုင် အစော ပြောခဲ့တဲ့ စကားတွေ မေ့ပြီထင်တယ်၊ အစောဟာ လွတ်လပ်တဲ့ လူသားတစ်ဦးမှ မဟုတ်ဘဲ၊ အစောဟာ ပဒေသရာဇ်စနစ် ပင့်ကူအိမ်မှာ မလှုပ်သာ မယှက်သာ မိနေတဲ့ သတ္တဝါတစ်ဦးပါလို့ဆို၊ ဒါပေမဲ့ ဒီ ပင့်ကူအိမ်မှာ အစောအဓိပ္ပာယ်မဲ့ အမိခံနေတာ မဟုတ်ပါဘူး၊ အစောမှာ ရည်ရွယ်ချက်တစ်ခုရှိတယ်၊ ဒီရည်ရွယ်ချက်ဟာ ဘာလဲလို့ ပြောဖို့ စောလွန်းပါ သေးတယ်၊ အစော ခဏခဏပြောခဲ့တဲ့ အတိတ်စိမ်းဆိုတဲ့ စကားကို ကိုစောနိုင် မှတ်ထားစေချင်တယ်၊ အစောဟာ…အစောရဲ့ရည်ရွယ်ချက်အောင်မြင်ဖို့ အစော ကိုယ် အစော စတေးမလို့ပါပဲ၊ အစော ဒီလောက်ပဲပြောပါရစေ ကိုစောနိုင်"

ကိုစောနိုင် ခေါင်းငိုက်စိုက်ကျသွား၏။

စကတည်းက ဖြစ်သမျှကို လှပသော အိပ်မက်တစ်ခုပမာ မိမိ အမှတ် ထားခဲ့၏။ တစ်ချိန်တွင် အိပ်မက်မှ လန့်နိုးရမည်ကိုလည်း နားလည်ပြီး ဖြစ်သည်။ သို့ရာတွင် အိပ်ချင်ယောင်ဆောင်နေခဲ့သော နုလုံးသားသည် အမှန် တရားက လှုပ်နှိုးလေသောအခါ နိုးပါလျက် အထရ ခက်လေပါသည်တကား။

စောစန္ဒာနွယ်၏ ဖြူဝင်းနူးညံ့သော လက်ကလေးများက သူ့လက်များ ကို အုပ်လျက် ဆုပ်ကိုင်လာသည်။

"ကိုစောနိုင်…ရှင် သိပ်စိတ်ထိခိုက်သွားသလား ဟင်"

"ကိုစောနိုင် စိတ်မထိခိုက်ပါဘူးလို့ မညာချင်ပါဘူး အစော၊ ဒါပေမဲ့ ကိုစောနိုင် ဝမ်းမနည်းပါဘူး"

"ရှင် တကယ်ပြောတာလား ကိုစောနိုင်"

"အစောကို ကိုစောနိုင် ဘယ်တုန်းကများ ညာခဲ့ဖူးလို့လဲ အစောရယ်၊ ကိုစောနိုင် စိတ်ထိခိုက်ပါတယ်၊ ဒါပေမယ့် စိတ်ထိခိုက်မှုတိုင်းဟာ ဝမ်းနည်းခြင်း မဟုတ်ပါဘူး အစော"

"ဒါဖြင့် ကိုစောနိုင် အစောကိုစိတ်နာသွားပြီလား၊ ဒါမှမဟုတ် ကျေးဇူး ကန်းလေတယ်လို့ ထင်သွားပြီလား ဟင်"

"အစောအပေါ်မှာ စိတ်နာစရာ တစ်ကွက်မှ ကိုစောနိုင် မမြင်ခဲ့ပါဘူး၊ ဒါကိုတော့ ယုံပါ အစော၊ ကျေးဇူးကန်းတယ်လို့ ထင်ရအောင်လဲ ဘာကျေးဇူး ဆပ်ခြင်းကိုမှ အစောဆီက ကိုစောနိုင်မမျှော်လင့်ခဲ့ရိုး အမှန်ပါ၊ အခုမှတော့ မထူးတော့ပါဘူး အစောရယ်၊ ကိုစောနိုင် အမှန်ကိုဝန်ခံပါရစေတော့၊ အစောကို အဝေးက မြင်ရုံနဲ့ စပြီး အစောနာမည်ကို ကြားရကတည်းက ကိုစောနိုင်ရဲ့ရင်ဟာ လှုပ်ရှားခဲ့ရတယ်၊ အစောနဲ့ အနီးကပ်တွေ့ရပြန်တော့ ကိုစောနိုင် မေတ္တာမိုးတွေ ဇွေခဲ့ရပြန်ပါတယ် အစော"

စောစန္ဒာနွယ်က သူ့တစ်သက်တွင် ဘယ်ခါမျှ မေ့၍ ရလိမ့်မည် မဟုတ်သော ကရုဏာမျက်လုံးများနှင့် သူ့ကို ကြည့်ပြန်ချေသည်။

"အစောလည်း ဒါကို သိပါတယ် ကိုစောနိုင်"

"အစော သိတယ် ဆိုတာကိုလည်း ကိုစောနိုင် သိပါတယ် အစော၊ ဒါပေမဲ့ ကိုစောနိုင် မသိတာက အဲ့ဒီမေတ္တာရဲ့ အတိုင်းအဆနဲ့ ဖြူစင်မှုရဲ့စ,ရာ ဗီဇပါပဲ၊ ဘာပဲဖြစ်ဖြစ်လေ ကိုစောနိုင်ဟာ ကျေးကျွန်ဖြစ်ခဲ့ရတယ်၊ သာမန် ကျေးကျွန်တစ်ဦးအနေနဲ့တော့ အဖိုးအခကို မျှော်လင့်ပေလိမ့်မယ်၊ ဒါပေမယ့် ကိုစောနိုင်အနေနဲ့တော့ ဘာကိုမျှမမျှော်လင့်တော့ပါဘူး၊ အကြောင်းကတော့ ကိုစောနိုင် ဟာ မေတ္တာရဲ့ ကျေးကျွန်တစ်ဦးဖြစ်နေလို့ပဲ၊ တစ်နည်းအားဖြင့် ကိုစောနိုင်ဟာ အစောရဲ့ မေတ္တာစေကျွန်ပါ အစော၊ ဒါကြောင့်မို့ အစောဆီက ကိုစောနိုင် ဘာကိုမျှမမျှော်လင့်တော့ပါဘူး၊ ဘာကိုမှလဲ ခွင့်လွှတ်စရာအပြစ် မမြင်လို့ ခွင့်လွှတ် တယ်လို့လဲ မပြောပါရစေနဲ့တော့၊ အစောနဲ့ ကိုစောနိုင်သာ ခွဲကြပါစို့၊ အစစ အရာရာ အစောအောင်မြင်ပါစေလို့ ကိုစောနိုင် ဆုတောင်းလိုက်တယ်"

စောစန္ဒာနွယ်က စီးကျလု မျက်ရည်တို့နှင့် ပြည့်ဝန်းသော မျက်လုံးအစုံဖြင့် သူ့ကို ရွှန်းရွှန်းစားစား ကြည့်သည်။ စောစန္ဒာနွယ်၏ လက်ကလေးကို ဆုပ်ကိုင်ရင်း ငေးမိလေသည့် သူ့မျက်လုံးများ၌လည်း မျက်ရည်များ ဝိုင်းနေ၏။

နောက်ပါးမှ ခြေသံကြားရပြီး စောခိုင်ဖသည် တစ်ဦးတည်း ချည်းကပ်

www.foreverspace.com.mm

လာ၏။ သူငယ်သည် ပျော့ပျောင်းစွာ ဆိုသည်။

"အားလုံး အဆင်သင့် ဖြစ်ပြီ အစ်မတော် သွားကြပါစို့"

စောစန္ဒာနွယ်သည် ကုလားထိုင်မှ ဖြေးညှင်းစွာ ထကာ ကြမ်းပြင်၌ ဒူးထောက် ထိုင်လိုက်သည်။

ဖြူဝင်းသော လက်ဖဝါးနှစ်စုံကို ကြာမုံအသွင် ဖူးငုံလိုက်ပြီး မျက်ရည်လည်ရွဲနှင့် ဆိုသည်။

"ကိုစောနိုင်ကို နှမတစ်ဦး အနေနဲ့ အစော ကန်တော့ခဲ့တယ်"

စောစန္ဒာနွယ်သည် ကိုစောနိုင်အား ကန်တော့ပြီး နေရာမှထကာ နောက်သို့ လှည့်မကြည့်တော့ဘဲ အခန်းအတွင်းမှ မပြေးရုံတမယ် ထွက်ခွာသွားသည်။

စောခိုင်ဖက ကိုစောနိုင်၏ လက်ကို ဆုပ်ယမ်း နှုတ်ဆက်သည်။ သို့ရာတွင် သူသည် ကျောက်ရုပ်တစ်ခု၏ လက်များကို ဆုပ်ယမ်း နှုတ်ဆက်နေမိခြင်းသာ ဖြစ်လေသည်။

အတန်ကြာစွာမလှုပ်ရှားဘဲ ကိုစောနိုင်သည် စားပွဲ၌ငိုင်လျက် ကျန်ရစ်သည်။ သူ သတိပြန်ဝင်လာသောအခါ သူ့ဘေး၌ ငွေလင်ပန်းကို ကိုင်လျက် စားပွဲထိုး ကုလားက ရပ်နေ၏။ ငွေလင်ပန်းတွင်း၌ ဘောက်ချာစာရွက်တစ်ရွက်နှင့်အတူ ကျပ်တန်နှင့် အကြွေများ ရှိနေ၏။

ကိုစောနိုင်သည် စားပွဲထိုးကို လက်ကာပြပြီး နေရာမှ ထထွက်ခဲ့၏။

အခန်းဝ၌ ဦးစိုးမောင်နှင့် ဒေါ်ငြိမ်းမယ်တို့က ရပ်နေကြ၏။

ကိုစောနိုင်က အားယူပြုံးပြီး ဆိုသည်။

"ကဲ…ဘဘနဲ့မေမေငြိမ်း၊ ကျွန်တော်တို့ သွားကြရအောင်၊ အားလုံးပြီးသွားပါပြီ၊ အားလုံးပဲ ပြီးသွားပါပြီ"

ဒေါ်ငြိမ်းမယ်က ဦးစိုးမောင်အား လှမ်းကြည့်သည်။ ဦးစိုးမောင်က အသာပင် ခေါင်းညိတ်၏။

သူတို့ သုံးဦးသည် လေယာဉ်အဆောက်အအုံအောက်ထပ်၌ ဆိုက်ထားသော ကြက်ဥနှစ်ရောင် ကောင်ဆယ်လ် အမျိုးအစားကားကြီးဆီသို့ ရောက်လာကြ၏။

လှမ်းမျှော်ကြည့်လိုက်သော ကိုစောနိုင်သည် အဝေး၌ အရှိန်ပြင်းစွာနှင့် မောင်းနှင်ထွက်ခွာသွားသော မာစီးဒီစ် အမျိုးအစားကားကြီးတစ်စီးကိုတွေ့ရ၏။ ချစ်လှစွာသေအစောကို မနှစ်သက် မရှောင်လွှဲသာသော အနာဂတ်ဆီ သယ်ယူ

www.foreverspace.com.mm

သွားသော ကားကြီးများ ဖြစ်နေမည်လော မပြောတတ်။

ဦးစိုးမောင်၊ ဒေါ်ငြိမ်းမယ်နှင့် ကိုစောနိုင်တို့သည် ကား၏နောက်ခန်း၌ ဝင်ထိုင်လိုက်ကြသည်။ ရှေ့ခန်းတွင် ဒရိုင်ဘာဘေး၌ အိမ်ဖော်လုလင်တစ်ဦးက နေရာယူပြီးလေပြီ။

ကိုစောနိုင်တို့ကားသည် အရှိန်မှန်မှန်ဖြင့် မင်္ဂလာဒုံ လေယာဉ်ကွင်းမှ ထွက်ခွာလာခဲ့သည်။

ရန်ကုန်မြို့တွင်းဆီ ဦးတည်မောင်းနှင်လာခဲ့စဉ် လုပသမျှ လွမ်းဆွတ်ဖွယ် မြန်မာ့မြေ၏ ရှုခင်းကို ကိုစောနိုင် သတိပြုမိ၏။

လမ်းတစ်ဖက်တစ်ချက်ရှိ ပင်အို ပင်ပျိုတို့ထက် ရွက်နုတို့ လွင့်စပြုဆဲ၊ ရွက်ဝါတို့လည်း မကုန်စင်တတ်သေး။

တန်ခူးလေ၌ နွေဦးကျန် ရော်ရွက်ဝါတို့ လျှောကြွေမြေခ နေကြလေသည် တကား။

❒

ဦးစိုးမောင်၊ ဒေါ်ငြိမ်းမယ်တို့၏ သပ်ရပ်လှပခေတ်မီသော တစ်ထပ်တိုက် ပြားလေးသည် ရန်ကုန်တက္ကသိုလ်အလွန် ပြည်လမ်းမ၏ အနောက်ဘက်၌ တည်ရှိသည်။ ကိုစောနိုင် အမေရိကန်ပြည်သို့ ထွက်ခွာသွားစဉ်က ဤတိုက် ကလေး မဆောက်ရသေး။ ထိုစဉ်ကမူ မြို့တွင်း ဘုန်ကြီးလမ်းတိုက်၌ နေခဲ့ ရသည်။ စည်ကား ရှုပ်ထွေးသမျှ ဆူညံသော ဘုန်ကြီးလမ်းထက် ယခုနေရာ ပတ်ဝန်းကျင်ကို ကိုစောနိုင် ပိုမို နှစ်ခြိုက်လှသည်။

ကိုစောနိုင်တို့ အိမ်ပြန်ရောက်ချိန်၌ ညစာစားရန်အတန်စောသေးသည်၊ ပစ္စည်းများကို နေရာချပြီး ကိုစောနိုင်သည် သူ၏ဘဘ၊ မေမေငြိမ်းတို့နှင့်အတူ ခွဲခွာခဲ့ရသမျှ အတိုးချ၍ စကားတွေဝေအောင် တစ်နာရီကျော် ပြောခဲ့သည်။ ထူးဆန်းသည်မှာ သူ၏ ဘဘရော မေမေငြိမ်းကပါ စောစန္ဒာနွယ်၏ အကြောင်း ကို ဂရုစိုက်၍ မမေးမြန်းခြင်းပင် ဖြစ်သည်။ ဤသို့ မမေးမြန်းခြင်းကိုပင် ကိုစောနိုင် ကျေးဇူးတင်မိသေး၏။

စကားဆုံးသောအခါ ကိုစောနိုင်သည် ရေမိုးချိုးပြီး မဝတ်ရသည်မှာ ကြာပြီဖြစ်သော မြန်မာအင်္ကျီနှင့်ပုဆိုးကိုဝတ်လျက် ခြံတွင်းသို့ဆင်း လမ်းလျှောက်

www.foreverspace.com.mm

သည်။

ကိုယ့်ရိုးရာ အဝတ်အစားကို ဝတ်ရသည်မှာ ပေါ့ပါးလျက် စိတ်လွတ်လပ်သည်။ ကိုယ်မြေကို ကိုယ်နင်း၍ ကိုယ့်အိမ်ကိုယ့်ခြံတွင်း၌ ရပ်တည်နေသဖြင့်လည်း ရင်၌ လှုံခြုံနွေးထွေးသော အရသာတစ်မျိုးကို ခံစားနေရ၏။

ကိုစောနိုင်သည် ခြံဝတွင်ရပ်ကာ စိန်ပန်းပြာပင် တစ်ပင်မှ ညွှတ်ကျနေသော အကိုင်းတစ်ကိုင်းကို လက်တစ်ဖက်ဖြင့် လှမ်းဆုပ်အားမှီကိုင်ရင်း အိမ်နှင့် ခြံဝင်းကို ကြည့်မိသည်။

အင်္ဂတေလမ်း ညီညီသည် အိမ်ရှေ့ဆင်ဝင်ကိုဖြတ်ကာ လခြမ်း ပုံသဏ္ဌာန်နှင့် တံခါးဖြူတပ်ခြံ၏အဝင်အထွက် ဂိတ်များကို ဆက်သွယ်ထား၏။ လမ်း၏ တစ်ဘက်တွင် ပုဏ္ဏရိပ်တန်းနိမ့်နိမ့်ရှိ၍ အခြားတစ်ဖက်တွင် ဗုဒ္ဓံသရဏံပင်များ၊ စံပယ်ရုံများ အုန်းပင်ပျိုများကို သီးသန့်ကန့်၍ စိုက်ထားသည်။ လခြမ်း၏ အတွင်းပိုင်း အိမ်ရှေ့ မျက်နှာစာမှာ ညီညာစိမ်းလန်းသော မြက်ခင်းဖြစ်သည်။ မြက်ခင်း၏အဆုံး ခြံစပ်၌ ပုံသွင်းပြုပြင်ထားသော ထင်းရှူးပင်ပုကလေးများ ရှိ၏။ အိမ်၏ခေါင်းရင်းပိုင်း၌ လှိုင်လှိုင်ကြီး မဟုတ်သည်တိုင်စေ ရှခင်းမြိုင်အောင် ရောင်စုံဖူးပွင့်နေသော နှင်းဆီပင်များကို တွေ့ရ၏။

ဤသို့ သာယာ တင့်တယ်သော ခြံ၏ အလယ်တွင် ဝင်းပသစ်လွင်သော အိမ်သည် အေးချမ်း ငြိမ်သက်စွာ တည်ရှိနေ၏။

အိမ်···ဟူသော အသိတရားသည် ကိုစောနိုင်၏ နှလုံးသားကို ဝေဒနာ မျိုးစုံနှင့် လှုပ်ရှားစေသည်။

နယူးယောက်၌ နေစဉ်ကမူ သူ့၌ အိမ်မရှိ။ ပုဂ္ဂလိက အရည်အသွေး မရှိသောမိုးထိခေါ် ပျားအုံအတွင်း၌ အပူအအေးလုံရုံ၊ နားနေ ထားသိုစရာ ရရုံ၊ အခန်းကျဉ်းဝယ် နေခဲ့ရ၏။ ယခု ဝိညာဉ်ရှိသော မွေ့လျော် ပျော်ဖွယ်ရာ အိမ်သည် ယုယကြင်နာသော မိခင်ပမာ သူ့အတွက် ရှိနေပေပြီ။

အစစစိတ်ချမ်းမြေ့ဖွယ်ရှိသော အိမ်သည် သာမန်အခါဆိုလျှင် သူ့အား ယခုထက် ပိုမိုရွှင်လန်း တက်ကြွစေနိုင်ပေလိမ့်မည်။ ယခုမူ သူ့ရင်မှာ သိသိ သာသာ ဟာနေ၏။ အိပ်မက်မှ နိုးလာသူ တစ်ဦးပမာလည်း ဝေဝေရီရီ ဖြစ်နေ၏။

မည်မျှ တင့်တယ်လှပသည်ဖြစ်စေ၊ အစစ်အမှန် လောကသည် ဆန်းပြား ထွေလာ လွမ်းဖွယ်ရာသော အိပ်မက်ကမ္ဘာကိုမူ မမီနိုင်ပေ မယှဉ်နိုင်ပေ။

ဤသို့ အတွေးဖြင့်ငိုင်နေသော ကိုစောနိုင်သည် နောက်ပါးမှ ရုတ်တရက် တီးလိုက်သော ကားဟွန်းသံတစ်ချက်ကို အာရုံပျက်စွာ ကြားလိုက်ရ၏။

ဖီးယက်ကားလေးတစ်စီးသည် ခြံတွင်းသို့ ဝင်လာ၍ သူ့ကို ကျော်ပြီးမှ ဘာရိတ်ဆောင့်အုပ်ကာ ငြိမ့်ခနဲ ရပ်သွားသည်။

ကားပြတင်းမှ မျက်နှာကလေးတစ်ခု ပေါ်လာပြီး သူ့ကို လှည့်ကြည့်၏။ ခဏတွင်မူ ကားစက်သည် ရပ်သွားပြီး တံခါးဖွင့်သံ ပေါ်လာ၏။

ကားပေါ်မှ ဆင်းကာ သူ့ထံ လျှောက်လာသူကား မိန်းမပျိုတစ်ဦးတည်း။

မိန်းမပျိုတစ်ဦး ဆိုသည်ထက် မိန်းမငယ်ဟုဆိုလျှင် ပိုမှန်ပေလိမ့်မည်။

ခုံမြင့်ဖိနပ်အဖြူတို့ကို ဝတ်ထားသည်။ အနက်ပွင့်ရိုက်ထဘီဝါက တိုသည်။ နက်ပြာရောင် ပိတ်ထူ အင်္ကျီကလေးက လက်ပြတ်ဖြစ်၏။ ခေါင်းမှ ခွေခွေနွယ်နွယ်သော ဆံပင်တို့မှာကြည့်ကောင်းသော်လည်း သဘာဝ ခွေနွယ်ခြင်းမူ မဟုတ်။ မည်သို့ဖြစ်စေ ထဘီအဆင်၊ အင်္ကျီအရောင်တို့သည် ဝင်းဝါသော အသားလေးများနှင့် လိုက်ဖက်တော့ လိုက်ဖက်သည်။ လမ်းလျှောက်ဟန်မှာ လေ့ကျင့်ထားသောဟန် ဖြစ်လင့်ကစား နွဲ့နွဲ့ငြင်ငြင် ဖြစ်သဖြင့် တင့်တယ်သည်ဟု ဆိုနိုင်၏။

ကလေးမက ကိုစောနိုင်၏ ရှေ့၌ အသာအယာရပ်လိုက်သည်။ ခေါင်းလေးကို တစ်ဖက်ငဲ့လိုက်ကာ ကြည်လင်ရဲရင့်သော မျက်လုံးများဖြင့် ကိုစောနိုင်ကို ခြေဆုံးခေါင်းဆုံး လှေ့လာကြည့်နေ၏။ အနည်းငယ် မနေတတ် မထိုင်တတ် ဖြစ်သွားသော ကိုစောနိုင်က ကလေးမကို ပြန်၍ မျက်မှောင်ကြုတ်ကြည့်သည်။ ဤသည်ကိုပင် မိန်းမချောလေးက သဘောကျဟန် တုံ့ပြန် မျက်မှောင်ကြုတ်ကြည့်လိုက်ပြီးမှ ပြုံးလှဲ့လှဲ့နှင့် မေးသည်။

"ဘယ်တုန်းက ပြန်ရောက်သလဲ"

"အလို…အမိက ကျုပ်ကို သိနေလို့လား"

ကလေးမက ဟက်ခနဲ တစ်ချက် ရယ်လိုက်သည်။

"သိတာပေါ့…ကိုစောနိုင် မဟုတ်လား၊ ဟုတ်ပါတယ်၊ ကိုစောနိုင်မှ ကိုစောနိုင် အစစ်ပါ"

ကိုစောနိုင် မျက်လုံးပြူးသွား၏။ မည်သို့သော သူငယ်မပါနည်း။

"အမိက ကျုပ်နာမည်ကို ဘယ်လိုလုပ် သိနေရတာလဲ"

မချောလေးသည် မထူးဆန်းသော အမေးကို ဖြေဟန် မျက်ခုံးတစ်ဖက်

www.foreverspace.com.mm

www.foreverspace.com.mm

ပင့်လိုက်ပြီး လက်တစ်ဖပ်၌ ကိုင်ထားသော ကြိုးတပ်အိတ်ဖြူကလေးကို လှုပ်ရမ်းလိုက်ပြီး ပြုံးလဲ့လဲ့နှင့်ပင် ဖြေသည်။

"သိတာပေါ့…၊ ဓာတ်ပုံတောင် မြင်ဖူးနေတာကိုး…၊ ဒါပေမဲ့ ဓာတ်ပုံထဲကနဲ့ နည်းနည်းကွာတယ်၊ အပြင်မှာ ပိုနုပြီး ပိုချောတယ်"

"ဘုရားရေ…ဒုက္ခပါပဲ"

"ဘာဖြစ်လို့ ဘုရားကို ခေါ်ပြီး ဒုက္ခလို့ ညည်းရတာလဲ၊ ရှယ်လီက အဟုတ်ပြောတာ၊ ရှင်က အပြင်မှာ ပိုချောတယ်၊ ဒက်ဒီသာမြင်ရင် သဘောကျပြီး၊ တစ်ခါတည်း ဇာတ်လိုက်အဖြစ် ခန့်လိုက်မှာပဲ"

ကိုဇောနိုင်သည် မချောလေးပြောသည့်အတိုင်း နောက်တစ်ချီ ဘုရားကို ခေါ်မိမည် ဖြစ်သွားသည်။ သို့ရာတွင် မခေါ်တော့ဘဲ ခပ်မာမာ ပြန်ပြော၏။

"ကျုပ်က ဇာတ်လိုက် မဖြစ်ချင်ပါဘူး၊ အဓိက ဇာတ်လိုက်မင်းသမီး လုပ်ဖို့ကောင်းတယ်၊ သိလား"

မချောလေး မျက်လုံးပြူးသွား၏။ တစ်ခဏတွင်မူ စိတ်ဝင်စားလှဟန် မေးသည်။

"ရှင်တကယ်ပြောတာလား၊ ဒါဖြင့်ရင် အဲဒီအတိုင်း ဒက်ဒီ့ကို ထောက်ခံ ပေးမလား ဟင်"

ခက်ချေပြီ။ ဘယ်က ပေါ်လာ၍ ဘာတွေ လာပြောနေသော ကလေးမ ပါနည်း။

ကိုဇောနိုင်သည် သူ့ရှေ့မှ နတ်မိမယ် အသေစားလေးကို သေချာ စူးစမ်းကြည့်မိ၏။

မျက်နှာလေးက နုနယ်လှသေး၏။ မျက်နှာ နုနယ်သကဲ့သို့ အသက်လည်း ဆယ့်ခြောက်နှစ်စွန်းစသာ ရှိဦးမည် ထင်သည်။ မျက်လုံး မျက်ဖန်ကောင်း၍ နှာတံကျပုံ လှသည်။ ကိုယ်လုံးကိုယ်ထည်မှာ ကြော့စ…ရှင်းစ…ပွင့်စ… ဖူးစ…ရွှန်းသစ်စပေတည်း။

ပြောဟန်ဆိုဟန်က သွက်လက် ရဲရင့်၍ အနောက်တိုင်း ဆန်သည်။ အမူအရာကလွတ်လပ်၏။ ဤလောကမှ လိုရာကိုရနေ၍ ဤလောက တစ်ခုလုံး ကိုလည်း ဘဇာကိုမျှ ဂရုစိုက်ပုံ မရသော အသွင်ကိုလည်း ဆောင်ထားသည်။

ကိုဇောနိုင်၏ ရင်တွင် ထူးဆန်းသော သာယာမှုနှင့် ကရုဏာရောသော ဝေဒနာတစ်ရပ် ပေါ်လာ၏။ ထို့ကြောင့်လည်း ဤနေ့အတွက် ပထမဆုံးသော

www.foreverspace.com.mm

အပြိုးစင်စစ်တစ်ရပ်ကို ပြိုးမိသွား၏။ ကိုစောနိုင် ပြုံးသည်ကို မြင်သောအခါ သူကလေးကလည်း ပြုံးသည်။ ဤတစ်ကြိမ် ပြုံးဟန်မှာ ကလေးငယ်တစ်ဦး၏ ဖြူစင်သန့်ရှင်းသော အပြုံးသာလျှင်ဖြစ်၏။

ကလေးမသည် သူ၏ မွေးညင်းလေးများ လွှမ်းနေသောသွယ်ပြော ဖြူဝင်သည့် လက်ကလေးတစ်ဖက်ကို လှမ်းပေးရင်း ဆိုသည်။

"ရှယ်လီနာမည်က…အဲ…ရှယ်လီပါ"

ကိုစောနိုင်က ရှယ်လီ၏လက်ကလေးကို လှမ်းဆုပ်လက်ခံ နှုတ်ဆက်ရင်း စကားပြန်ရ၏။

"အင်း…ကိုစောနိုင် နာမည်ကလဲ ကိုစောနိုင်…တဲ့"

နှစ်ဦးသားသည် ပြိုင်တူ အားရပါးရ ရယ်မောလိုက်ကြ၏။

ရှယ်လီသည် အရယ်ကိုရပ်ပြီး မပြုံးတပြုံး မျက်နှာနှင့် စူးစိုက်ကြည့်ပြီး မေးသည်။

"အစ်ကို စောနိုင်နဲ့ ရှယ်လီ သူငယ်ချင်း ဖြစ်သွားပြီလား"

"ဗျာရေ…ရှယ်လီ ဘာပြောတယ်"

"ဒီလိုလေ…ရှယ်လီက ရှယ်လီစိတ်ဝင်စားတဲ့ လူကို သူများကတစ်ဆင့် မိတ်ဖွဲ့ပေးတာ မကြိုက်ဘူး၊ ရှယ်လီဘာသာရှယ်လီ မိတ်ဖွဲ့ယူတာပဲ၊ အဲ့ဒီလို ကိုယ့်ဘာသာကိုယ် ရိုးသားစွာမိတ်ဖွဲ့ယူတာဟာ မြန်မာ့ယဉ်ကျေးမှုတဲ့၊ ဒက်ဒီ ပြောတယ်၊ ဟုတ်တယ် မဟုတ်လား"

"သြော်…သြော်…ဟုတ်ပါတယ်…ခင်ဗျာ၊ ဟုတ်ပါတယ်"

ရှယ်လီက သူ့အား စုံစမ်းသယောင် စူးစိုက် ကြည့်ပြန်သဖြင့် ကိုစောနိုင်သည် မျက်နှာကို အလွန် တည်ကြည်စွာ လုပ်ထားလိုက်ရ၏။

ရှယ်လီသည် စိတ်ကျေနပ်သွားဟန် ပြုံးလိုက်ပြီး ဖိတ်ခေါ်သည်။

"ဒါဖြင့်ရင်…ရှယ်လီတို့ အိမ်ထဲသွား စကားပြောကြမလား"

"သဘောပါပဲ ခင်ဗျာ…ကောင်းပါတယ်"

ရှယ်လီသည် လမ်းခုလပ်တွင် ရပ်ထားသော ကားထပ်တက်၍ ဆင်ဝင် အောက်အထိ မောင်းယူသွားသည်။ ဆင်ဝင်အောက်ရောက်သော် ကားပေါ်မှ ဆင်းပြီး စောင့်နေ၏။

ကိုစောနိုင်သည် ခေါင်းကို မသိမသာခါယမ်းပြီး ကလေးမထံ လျှောက် လာခဲ့၏။

www.foreverspace.com.mm

အိမ်ဝင်းမှ ဦးစိုးမောင်လည်း ထွက်လာ၏။

"ဟဲ့···ရှယ်လီပါလား၊ ဘယ်တုန်းက ရောက်သလဲ"

ရှယ်လီက နှုတ်ခမ်းလေး မသိမသာစူ၍ ဦးစိုးမောင်ကို မျက်စောင်းထိုးပြီး ဆိုသည်။

"အန်ကယ်ကလဲ ကားသံ မကြားဘူးလား။ ရှယ်လီ စောစောက ဟွန်းတောင် တီးသေးတယ်၊ ဘယ်သူမှ ထွက်မလာဘူး"

"ဩော်···အန်ကယ်က ရေချိုးနေလို့ပါ။ မင့်အန်တီငြိမ်းကလည်း မီးဖိုထဲမှာ အလုပ်များနေတယ်"

"ကိစ္စမရှိပါဘူးလေ၊ ရှယ်လီက ဟောဒီ အစ်ကိုစောနိုင်နဲ့ မိတ်ဖွဲ့ပြီး စကားပြောနေလိုက်တာပေါ့"

ရှယ်လီသည် ကိုစောနိုင်ဘက်သို့ လှည့်၍ ရယ်သည်။

"အေး···ဒါဖြင့်လည်း ကိစ္စပြီးတာပေါ့၊ လာ···လာ···အိမ်ထဲဝင်ကြ"

ဧည့်ခန်းတွင်းသို့ဝင်ခဲ့ကြသည်။ ထိုင်မိလျှင် ထိုင်မိခြင်း ဦးစိုးမောင်က ရှယ်လီအကြောင်း ပြောပြသည်။

"လူကလေးက ရှယ့်လီကို သိမှာ မဟုတ်ဘူး၊ ရှယ်လီ ဒက်ဒီက ဦးကြီးငွေ၊ ဦးကြီးငွေဆိုတာက ရတီမှန် ရုပ်ရှင်ကုမ္ပဏီ ပိုင်ရှင်ပဲ၊ ဘဘရဲ့ မိတ်ဆွေကြီး တစ်ဦးပဲ၊ လူကလေး မှတ်မိမှာပေါ့"

"ဘယ်သူလဲ၊ အရင်တုန်းက မိုးကုတ်က သူဌေးကြီး ဦးကြီးငွေလား ဘဘ"

"ဟုတ်တယ်၊ သားက မှတ်မိသားပဲ၊ အဲဒီ ဦးကြီးငွေပဲပေါ့"

"သူက အခု ရုပ်ရှင်ကုမ္ပဏီ ထောင်ထားတယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ ဘဘတောင် သူ့ကုမ္ပဏီမှာ ရှယ်ယာ ထည့်ထားတယ်"

ကိုစောနိုင်က အသာ ခေါင်းညိတ်နေလိုက်၏။ စောစောက ဇာတ်လိုက် မင်းသား မင်းသမီး ကိစ္စများပြောသော ရှယ်လီ့ကိုလည်း သဘောပေါက် နားလည်သွား၏။

ထိုစဉ် ဒေါ်ငြိမ်းမယ်လည်း အခန်းအတွင်းသို့ ဝင်လာ၏။ ရှယ်လီ့ကို မြင်သောအခါ ဒေါ်ငြိမ်းမယ်သည် မျက်လုံးပြူးသွား၏။

"ကြည့်စမ်း···ရှယ်လီ တစ်ယောက်တည်း ကားမောင်းလာပြန်ပြီလား"

"အန်တီကလည်း ဒါကိုပဲ အမြဲ ပြောနေတယ်၊ တစ်ယောက်တည်း

www.foreverspace.com.mm

ကားမောင်းတာ ဆန်းသလား၊ မဟုတ်ဘူးလား အစ်ကိုစောနိုင်"

ကိုစောနိုင်က မဖြေဘဲ ပြုံး၍သာ နေရ၏။

ဒေါ်ငြိမ်းမယ်သည် ရှယ်လီအနီး ဝင်ထိုင်လျက် ပုခုံးလေးကို ပွေ့ကား ကြင်နာစွာ ဆိုသည်။

"အန်တီက စိုးရိမ်လို့ပြောတာပါ သမီးရဲ့၊ ခု သမီး ဘာလာလုပ်တာလဲ"

ရှယ်လီက ပြုံးစုစုဖြင့် ဖြေ၏။

"ကြည့်…မေးပြီ၊ နို့…အန်တီတို့ပဲ ဒီနေ့အစ်ကိုစောနိုင် ပြန်ရောက်မယ်လို့ ပြောတယ် မဟုတ်လား၊ ပြီးတော့ ဘာကတိပေးထားသလဲ၊ ပြောလေ"

ဒေါ်ငြိမ်းမယ်က ပြုံး၍ ကိုစောနိုင်ကို လှမ်းကြည့်နေဆဲ ဦးစိုးမောင်ကပင် ရှင်းပြသည်။

"ဒီလို သားရေ၊ ရှယ်လီက မင်းပြန်လာရင် သူ့ကို ပီယာနို သင်ပေးပါတဲ့၊ ဘဘတို့ကလည်း သင်ပေးခိုင်းပါမယ်လို့ ကတိပေးထားတယ်"

ဤသည်ကိုမူ ကိုစောနိုင် သဘောကျမိသည်။ မိမိ၏ရည်ရွယ်ချက် တစ်ရပ်မှာ တပည့်ကောင်းမွေး၍ ဂီတကို စနစ်တကျ သင်ပေးရခြင်းဖြစ်သည်။

"ရှယ်လီကို အစ်ကိုစောနိုင် သင်ပေးပါမယ်လေ၊ ဒါထက်…ရှယ်လီ ပီယာနို လုံးဝ မသင်ဖူးဘူးလား"

"အို…ရှယ်လီ ကျောင်းမှာ သင်ဖူးတာပေါ့၊ ရှယ်လီ ကို့စ်ကုန်ပါပြီ၊ ဒါပေမဲ့ သီချင်းတွေ အများကြီး တီးတတ်ချင်တယ်"

ဘယ်လို သီချင်းတွေ တီးတတ်ချင်သလဲ"

"အင်္ဂလိပ် သီချင်းတွေပေါ့၊ မြန်မာသီချင်းတွေတော့ မသင်ချင်ဘူး၊ အားကြီး ပျင်းစရာ ကောင်းတယ်"

ရှယ်လီ၏ နောက်ဆုံးစကားကြောင့် ဒေါ်ငြိမ်းမယ် မသိမသာ မျက်နှာ ပျက်သွားသည်။ အလိုက်မသိသော ရှယ်လီက ဧည့်ခန်းအတွင်းရှိ ပီယာနိုကို လှမ်းကြည့်ပြီး တိုက်တွန်းသည်။

"အစ်ကိုစောနိုင် ရှယ်လီကို သီချင်းတစ်ပုဒ် တီးပြပါလား"

ရှယ်လီ၏ တိုက်တွန်းချက်ကို ဦးစိုးမောင်ကလည်း ထောက်ခံသည်။

"ဟုတ်သားပဲ လူကလေး၊ ရှယ်လီ အင်မတန် ဝါသနာပါရှာတယ်၊ မင်း ရောက်လာမှာကိုလဲ သူ့ခဗျာ မျှော်လင့်နေရှာတာ"

အမှန်မှာ ကိုစောနိုင်၌ တီးချင်မှုတ်ချင်စိတ်မရှိ၊ စိတ်မပါဘဲလည်း

www.foreverspace.com.mm

ဘယ်သောအခါမှ တီးမှုတ်လေ့မရှိ။ ပထမသော် ရှယ်လီနှင့် ဦးစိုးမောင်တို့၏ တိုက်တွန်းချက်ကို ငြင်းမည်ကြံသည်။ သို့ရာတွင် စိတ်ကူးတစ်မျိုး ရသဖြင့် ပီယာနိုခုံဆီ ထ,သွားသည်။

ကိုစောနိုင်သည် လက်ဆယ်ချောင်းစလုံးနှင့် ပီယာနိုခလုတ်ကို အတန်ကြာ မွေ့စမ်းသည်။ ရှယ်လီက အနီးတွင် လာရပ်ကာ အဟုန်ပြင်းစွာ လူးလာဝဲပျံ လှုပ်ရှားနေသော ကိုစောနိုင်၏ လက်ချောင်းများကို အံ့သြစွာနှင့် ကြည့်နေ၏။

လိုရာ အသံစဉ်ကို တီးမိသောအခါ ကိုစောနိုင်က တေးတစ်ပုဒ်ကို တီးသည်။ သူတီးသောတေးမှာ ရစ်ချဒ်ဝဂ္ဂနာ၏ ကမ္ဘာကျော် နှင်းမြူလောကသား လက်စွပ် (        ) ခေါ် တေးဂီတ ဇာတ်လမ်း၏ အပိုင်းတစ်ပိုင်း ဖြစ်သော ဇီးဖရိုးဒ် ( ) အခန်းမှ ကောက်နှုတ်ချက် ဖြစ်သည်။ ဇာတ်လမ်း၌ သူရဲကောင်း ဇီးဖရိုးဒ်သည် သိုက်ဝင်ဓားကြီးကို ဝှေ့ယမ်းကြုံးဝါး၍ သံမဏိ ပေခုံကြီးအား နှစ်ပိုင်းပြတ်အောင် ခုတ်ထစ်ပစ် လိုက်သည်။ တေးဂီတမှာလည်း ခက်ထန်ပြင်းပြ ပေါက်ကွဲစူးရှသည်။

တီး၍ ဆုံးသောအခါ ကိုစောနိုင်က ရှယ်လီအား လှည့်ကြည့်သည်။ ကလေးမ၏ မျက်လုံးလေးများမှာ ပြူး၍ ပါးစပ်ကလေးမှာဟ,ကာ သူ့အား ထိတ်လန့်စွာ ကြည့်နေရှာ၏။ ထို့နောက် မယုံနိုင်လောက်စွာသော အသံနှင့် မေး၏။

"ခုနင်က အစ်ကိုစောနိုင် တီးသွားတာ သီ…သီချင်း၊ ဟုတ်… ဟုတ်လားဟင်"

"အဲဒါ…ဂီတတစ်ပုဒ်ပဲ ရှယ်လီ"

ရှယ်လီက ခေါင်းလေး တုန်တုန်ရင်ရင် ခါသည်။

"မဟုတ်ဘူးလေ၊ ရှယ်လီ နားထောင်ချင်တာ ဒါမျိုးမဟုတ်ဘူး၊ ဟို အဲလ်ဗစ်ပရက်စလေတို့ ပတ်ဘွန်းတို့ ဆိုတာမျိုးပေါ့"

"ခုနင်က ဟာမျိုးတော့ နားမထောင်ချင်ဘူးပေါ့"

"ဟင့်အင်း…ရှယ်လီ နားထောင်လို့ မရဘူး"

"နားထောင်လို့ မရတာဟာ အရသာမခံစားတတ်လို့ပဲရှယ်လီ၊ အရသာ မခံစားတတ်တာဟာလဲ…နားမလည်လို့ပဲ၊ စောစောက မြန်မာသီချင်းကြီးတွေကို ပျင်းစရာကောင်းတယ်လို့ ရှယ်လီ ပြောခဲ့တယ်၊ အဖိုးတန် ဂီတစစ်စစ်တွေကို အရသာ ခံနိုင်တတ်ဖို့က စနစ်တကျ လေ့လာဆည်းပူးဖို့ လိုတယ်။ အဲဒီ

www.foreverspace.com.mm

ဂီတမျိုးတော့ အစ်ကိုစောနိုင် သင်ပေးနိုင်တယ်၊ ရှယ်လီခုနင်က နားထောင်ချင်တယ်ဆိုတဲ့ ကလေးကြိုက် သီချင်းမျိုးတွေကိုတော့ အစ်ကိုစောနိုင် တီးလဲ မတီးတတ်ဘူး၊ အဲ…ကြိုက်လဲ မကြိုက်ဘူးကွယ်"

ရှယ်လီသည် နေရာသို့ပြန်၍ ယို့ယို့လေး ထိုင်သည်။

ကိုစောနိုင်ကလည်း ပီယာနို အဖုံးကို ပိတ်ကာ ကုလားထိုင်ဆီ ပြန်လာ၏။

ဦးစိုးမောင်နှင့် ဒေါ်ငြိမ်းမယ်တို့ကလည်း ကိုစောနိုင်ကို နားမလည်ဟန် ကြည့်၏။ ဒေါ်ငြိမ်းမယ်က ကြည့်ရုံမက မကျေမနပ်ဝင်ပြော၏။

"ဟုတ်ပါရဲ့…သား တီးလိုက်တာက ရှယ်လီတော့ မသိဘူး… မေမေငြိမ်း နားထဲကို အီသွားတာပဲ၊ တကယ့်ကြောက်စရာ လန့်စရာကြီး"

ကိုစောနိုင်က ရယ်မောနေပြီးနောက် ရှယ်လီအား လှမ်းမေးသည်။

"ရှယ်လီ…အစ်ကိုစောနိုင်ဆီမှာ သင်ချင်စိတ် ရှိသေးရဲ့လား"

ရှယ်လီက သူ့ကို ပြန်ကြည့်သည်။ ဤအကြည့်၌ လေးစားခြင်း၊ ကြောက်ရွံ့ခြင်းတို့ရောနေပြီး မျက်ရည်လည်း မသိမသာ ဝဲနေ၏။ ပြန်ဖြေသော စကားသံမှာ နူးညံ့ တိုးညှင်းသည်။

"ရှယ်လီ သင်ပါ့မယ်"

ကိုစောနိုင်သည် ကလေးမကို သနားသွားသည်။ ဦးကျိုးအောင် ဆုံးမ လိုက်သည်မှာ အနည်းငယ် လွန်သွားသည်လည်းထင်၏။ ထို့ကြောင့် ချိုသာစွာ ပြုံးပြီး လေသံအေးအေးနှင့် ပြန်လည်နှစ်သိမ့်ရ၏။

"ရှယ်လီ သင်ချင်ရင် အစ်ကိုစောနိုင် သင်ပေးပါ့မယ်လေ၊ ခုနင်က တီးပြတာက ရှယ်လီသဘောပေါက်ရုံပါ၊ ရှယ်လီတို့ အဆင့်နဲ့တွင် အလွယ်တကူ နားလည် အရသာခံနိုင်တဲ့တေးတွေ…ဂီတတွေအများကြီးရှိပါသေးတယ်၊ ဟုတ်လား"

ရှယ်လီသည် စိတ်ချမ်းသာသွားဟန် ပြန်လည် ပြုံးလာနိုင်၏။

ထွေရာလေးပါး စကားခေတ္တဆက်ပြောကြပြီးသောအခါ ရှယ်လီသည် ပြန်ရန် ပြင်သည်။

"ရှယ်လီက ပြန်တော့မလား၊ တစ်ခုခု စားသောက်သွားပါဦးလား"

"တော်ပါပြီ အန်တီ၊ ရှယ်လီ ထမင်းစားခါနီးပါပြီ၊ ဩော်…အစ်ကိုစောနိုင် ရှယ်လီတို့အိမ် လာလည်ဦးနော်၊ အန်ကယ်က ခေါ်ခဲ့ပါလား၊ ဒါမှမဟုတ်

www.foreverspace.com.mm

ရှယ်လီ လာခေါ်ရမလား"

"ကိစ္စ မရှိပါဘူးကွယ်၊ အန်ကယ် လိုက်ပို့ပေးပါမယ်"

ရှယ်လီသည် ပြုံးလဲ့လဲ့ကလေး ကိုစောနိုင်အား တစ်ချက်ကြည့် နှုတ်ဆက်ပြီး ပြန်သွား၏။

"သားက...ကလေးမကို ဘယ်လိုလုပ်လွှတ်လိုက်တာလဲ"

ရှယ်လီ၏ ကားထွက်သွားလျှင် ထွက်သွားချင်း ဒေါ်ငြိမ်းမယ်က အပြစ်တင်သည်။

"ဩော်...မေမေငြိမ်းရယ်...ကျွန်တော်က ကျီစားတာပါ၊ ပြီးတော့ တပည့်ဖြစ်မဲ့သူကို စကတည်းက အလိုလိုက်မထားရဘူး"

ကိုစောနိုင်၏အဖြေကို သဘောကျလှဟန် ရယ်မောပြီး ဦးစိုးမောင်က မှတ်ချက်ချသည်။

"ကြိုက်ပြီလူလေးရေ၊ ရှယ်လီကို အလို မလိုက်မှာဟာ...ဒီကမ္ဘာမှာ ငါ့သား ပထမဦးဆုံး ထင်တယ် ဟား ဟား"

"ဒါပေမဲ့ ကိုစိုးမောင်ရယ်၊ ရှယ်လီလေးဟာ အလိုလိုက်ခံထားရပေမယ့် မဆိုးပါဘူး၊ ကလေးစိတ် မကုန်သေးတာပဲ ရှိပါတယ်"

"အေးပါလေ...ငါကလဲ ရှယ်လီကို ဆိုးတယ်လို့မပြောပါဘူး၊ လူကလေး ပြောပုံကို သဘောကျလို့ပါ"

ကိုစောနိုင်က အဘိုးကြီးနှင့်အဘွားကြီး အချီအချ ပြောနေသည်ကို ငြိမ်နားထောင်နေစဉ် အိမ်ဖော် အမျိုးသမီးတစ်ဦးက ထမင်းစားချိန် ရောက်သဖြင့် အားလုံး ခူးခတ်ပြင်ဆင်ပြီးပါကြောင်း အကြောင်းအကြားလာသည်။

ထိုနေ့ ညစာတွင် ရောမမြို့ကတည်းက ကိုစောနိုင် ကြိုတင်စာရေးမှာထားသည့်အတိုင်း အမေရိကန်နိုင်ငံတွင် မစားရသော ချဉ်ပေါင်ဟင်းနှင့် ငါးခူကြော်ပါသည်။ ငါးပိထောင်းနှင့် တို့စရာ သခွားသီး ထိကရုန်း စသည်များလည်းပါ၏။ မစားရသည်မှာ ကြာပြီဖြစ်သော မြန်မာစစ်စစ် အိမ်ဟင်း အိမ်ထမင်းတို့ကို ကိုစောနိုင်သည် မြိန်ယှက်စွာ စားသည်။

စားသောက်ပြီးစီးသောအခါ ကိုစောနိုင်နှင့် ဦးစိုးမောင်တို့သည် ဧည့်ခန်းတွင် ထိုင်ကြ၍ ကော်ဖီနက်သောက်ရင်း လုပ်ငန်းဆိုင်ရာ စကားစကြ၏။

"လူကလေး ဘာက စ,လုပ်ရမယ်လို့ ကြံစည်ထားသလဲ"

"ကျွန်တော့်အနေနဲ့ ဒီမှာ ဘာကစ,လုပ်ရမယ်ဆိုတာ မဆုံးဖြတ်ရသေး

www.foreverspace.com.mm

ပါဘူး ဘဘ ဒါပေမယ့် ဟိုမှာ လုပ်လက်စဟာတစ်ခုကို မြန်မာပြည်မှာ ဆက်လုပ်စရာတော့ ရှိနေတယ်"

"ဘယ်လိုဟာမျိုးလဲ သား"

"ကျွန်တော့် သူငယ်ချင်း တွမ်နဲ့ကျွန်တော် အော်ပရာတစ်ခု ရေးနေကြတယ်၊ ဇာတ်လမ်း ဇာတ်ကွက်ကတော့ မြန်မာပါ၊ အခြေခံ တွေးခေါ်မြော်မြင်မှုကို ဟိနယာန ဗုဒ္ဓဝါဒပါ၊ ကကြိုးကကွက်ကိုတော့ မြန်မာ့ဟန်မှာ အခြေခံပြီး ကမ္ဘာ့တေးဂီတစနစ်နဲ့ အံဝင်အောင် တီထွင်စရာ လိုနေတယ်၊ နာမည်ကိုတော့ ညောင်ရွက်တေးသံ ( ) လို့ ပေးထားတယ်"

ဦးစိုးမောင်က ကိုစောနိုင်၏စကားကို စိတ်ဝင်စားစွာ နားထောင်နေသည်။ ထို့နောက် ကျေနပ်ဟန် ခေါင်းကို အကြိမ်ကြိမ် ညိတ်လိုက်၏။

"လူကလေးရဲ့ ရည်ရွယ်ချက်က သိပ်မြင့်မားနေတယ်၊ ဒါကို ဘဘ မကန့်ကွက်ပါဘူး၊ ဆက်သာကြိုးစားပါ၊ ဒါပေမဲ့ လူကလေးကို ဘဘ ဒီလောက် ငွေကုန်ကြေးကျခံပြီး ကမ္ဘာ့ဂီတကို သင်ယူစေတာမှာ ရည်ရွယ်ချက် နှစ်မျိုးရှိတယ်။ တစ်မျိုးက မြန်မာ့ဂီတကို ကမ္ဘာကသိစေဖို့၊ တစ်မျိုးက ကမ္ဘာ့ဂီတကို မြန်မာသိစေဖို့၊ ဒီတော့ လူကလေးရဲ့ အလုပ်ကိုလဲ လူလေး ဆက်လုပ်ပေါ့၊ ပြီးတော့ ဘဘ လူကလေးကို လုပ်စေချင်တာလဲ ရှိသေးတယ်"

"ပြောပါ ဘဘ"

"ဘဘရဲ့ လက်ဖက်ခြောက်နဲ့ ရှမ်းဖက် လုပ်ငန်းဟာ ရေးတုန်းကလိုပဲ ဝင်ငွေကောင်းနေတုန်းပဲ၊ လူကလေးကို ဘာမှ မလုပ်ခိုင်းဘဲ ဘဘ တင်ကျွေးထားနိုင်တယ်၊ ဒါပေမဲ့ လူကလေးကို လူကလေး ပညာနဲ့ အသက်မွေးဝမ်းကျောင်းနိုင်တာ ဘဘမြင်ချင်တယ်၊ ကမ္ဘာကျော်တာ မကျော်တာက နောက်ထားလေ၊ ပထမ မြန်မာပြည်မှာ ထင်ရှားတဲ့ ဂီတပညာရှင်ကြီးအဖြစ် လူကလေးကို ဘဘ မြင်ချင်တယ်၊ ဒါလောက်မြင်ရရင်ပဲ ဘဘသေပျော်ပါပြီ"

"ဘဘပြောတာကို ကျွန်တော် နားလည်ပါတယ်၊ ဒီတော့ ကျွန်တော်ကို ဘဘ ဘာလုပ်စေချင်ပါသလဲ"

"လူကလေးကို မြန်မာပြည်တွင် မြန်မာပြည်သူတွေအတွက် ဂီတတွေ ဖန်ဆင်းပေးစေချင်တယ်၊ အခု လုပ်နေကြတဲ့ ဟိုမရောက် ဒီမရောက် ဂီတမျိုးလဲ မဟုတ်ဘူး၊ အမျိုးသားဟန်လဲ မပျောက်ရဘူး၊ တိုးတက်မှုလဲ ရှိရမယ်၊ ဒါမျိုး လုပ်နိုင်ဖို့ လူကလေးမှာ နေရာတစ်နေရာ ရှိရမယ်၊ တီးဝိုင်းဖွဲ့ပြီး အလှူတို့

www.foreverspace.com.mm

မဂ်လာဆောင်တို့လိုက်တီးတာမျိုးကိုတော့ လူကလေး လုပ်ချင်မှာ မဟုတ်ဘူး၊ ဘဘလဲ မကြိုက်ဘူး၊ ဘဘကြိုက်တဲ့ နေရာတစ်ခုက မြန်မာ့အသံပဲ၊ မြန်မာ့အသံကနေ လူကလေး အသံလွှင့်တဲ့အခါလဲ လွှင့်ပါ၊ ဒါပေမဲ့ မြန်မာအသံဆိုတာက အများပိုင်တယ်၊ ဘဘက လူကလေးအတွက် အခြားကိုယ်ပိုင်နေရာတစ်ခုလဲ စီစဉ်ထားတယ်''

ကိုစောနိုင်သည် ဦးစိုးမောင်အား မော်ကြည့်သည်။ သူ့အတွက် သူ့ဘဘသည် တစ်သက်လုံး ကြိုးစားပေးခဲ့သည်ကို သူ သိပြီးဖြစ်သည်။ ယခုအထိ ဆက်လက်၍ တာဝန်ကို အဆုံးအစ ယူနေသော သူ့ ဘဘကို ကျေးဇူးတင်မိ၏။

''ဘယ်လို စီစဉ်ထားပါသလဲ ဘဘ''

''အဲဒါကို ဘဘ ပြောချင်လို့ပါပဲ လူကလေး၊ ကိုကြီးငွေရဲ့ ရုပ်ရှင်ကုမ္ပဏီမှာ ဘဘရှယ်ယာထည့်ထားတာ၊ လူကလေးကို ပြောပြပြီးပြီ၊ ကိုကြီးငွေတို့နဲ့ လူကလေးကို ဘဘ တွဲလုပ်စေချင်လို့ပဲ''

ကိုစောနိုင် ငိုင်သွားသည်။ မမျှော်လင့်သော စကားဖြစ်သောကြောင့် ဘာပြန်ဖြေရမှန်းမသိ။

''ဘဘပြောတာကို လူကလေး သဘောမတူဘူးလား''

''သဘောမတူလို့ မဟုတ်ပါဘူး ဘဘ၊ ကမ္ဘာမှာ ရုပ်ရှင်ကုမ္ပဏီတွေနဲ့ တွဲအလုပ်လုပ်တဲ့ ဂီတပညာရှင်တွေ အများကြီး ရှိပါတယ်၊ ဒါပေမဲ့...သူတို့အားလုံးဟာ မပျော်ရွှင်ကြပါဘူး၊ ကိုယ်လိုရာ ကိုယ် ဖန်ဆင်းရတာထက် သူတို့အလိုကို လိုက်ပြီး သူတို့ကြိုက်ရာကို လုပ်ပေးနေကြတယ်၊ ခက်တာက ဂီတပညာရှင်စစ်ဟာ အမြစ်နက်သလို အပြောကျယ်လှပါတယ်၊ ရုပ်ရှင်ဆိုတာက အခုအထိ ဒုတိယတန်းစား အနုပညာသာ ဖြစ်သေးတယ်''

ကိုစောနိုင်၏စကားကြောင့် ဦးစိုးမောင်သည် စိတ်မဆိုးဘဲ သဘောကျစွာ ရယ်သည်။

''လူကလေးက ကမ္ဘာ့အဆင့်အတန်းနဲ့ ချိန်ပြီး ပြောနေတာကို...ဘဘတို့ မြန်မာပြည်မှာက ပြောင်းပြန်ကွယ့်၊ တကယ့်သဘင်ပညာရှင်ကြီးတွေက ရိုင်းရိုင်းပြောရရင် အရူးထပြီး ရုပ်ရှင်ထဲဝင်၊ အိုက်တင်တွေ ဖိုက်တင်တွေ လုပ်နေကြတယ်၊ မာနအကြီးဆုံးဆိုတဲ့ စာရေးဆရာတွေ အနက်က တစ်ချို့တောင် ဝတ္ထုရေးပြီး စာပေပြုစုရမဲ့အစား ဇာတ်ညွှန်းရေးပြီး တံလျှပ်ကို ရေထင်သူတွေက ထင်နေကြတာ၊ သူတို့ကို အရမ်း အပြစ်တင်လို့လဲ မတရားဘူး၊ စာရေးခြင်း သက်သက်နဲ့

www.foreverspace.com.mm

မြန်မာပြည်မှာက ထမင်းမဝနိုင်သေးဘူး၊ ဂီတပညာရှင် သဘင်ပညာရှင်တွေ အတွက်လဲ အမျိုးသားဂီတခန်းမကြီးတွေ၊ အမျိုးသား ကပွဲရုံကြီးတွေ မရှိသေးဘူး၊ တို့ပြည်သူ တော်တော်များများကလဲ စာပေတို့ ဂီတတို့ သဘင်ပညာတို့ကို အနုပညာအဖြစ် မြတ်နိုးတာထက် အပျင်းပြေ ပျော်တော်ဆက်အဖြစ်ပဲ လက်ခံထားကြတာ၊ အပျင်းဖြေနိုင်တဲ့နေရာ ပျော်တော်ဆက်နိုင်တဲ့ နေရာမှာ ရုပ်ရှင်ကို ဘယ်သူကမှ မမီဘူး၊ ဒီတော့ သူက တန်ခိုးကြီးနေတာပေါ့"

"ဒါတွေကို သိလျက်နဲ့ ဘဘက ဘာဖြစ်လို့ ကျွန်တော့်ကို ဦးကြီးငွေတို့နဲ့ တွဲလုပ်စေချင်ရတာလဲ"

ဦးစိုးမောင်၏ မျက်နှာမှာ တည်ကြည် လေးနက်သွား၏။

"ဒါကရှင်းပါတယ် လူကလေး၊ လူကလေးဟာ ဘဘဘဝကို ဘယ်လို စခဲ့ရတယ်ဆိုတာ မသိဘူး၊ ဘဘဟာ ရှိလျက်နဲ့ မရှိချင်ယောင် ဆောင်ခဲ့ရတယ်၊ ရှိတယ်လို့ ထင်ရှားနေတဲ့ မရှိသူတွေကို အောက်ကျို့ပေါင်းပြီး ကိုယ့်ကိုကိုယ် ရှိမှန်းသိအောင် တက်ယူခဲ့ရတယ်၊ လောကမှာ ဖြစ်ချင်တာကတစ်ခု၊ ဖြစ်နေတာက တစ်ခု၊ ဖြစ်နေတာကနေ ဖြစ်ချင်တာဖြစ်လာအောင် စွမ်းဆောင်နိုင်ရေးဟာ ယောက်ျားတစ်ဦးမှာ လိုအပ်တဲ့သတ္တိဘဲ၊ လူကလေးကို ဒီသတ္တိရှိစေချင်တယ်၊ အနည်းဆုံး ဘဘ စကားကို နားထောင်ပြီး စမ်းကြည့်စေချင်တယ်၊ ဘယ်နှယ့်လဲ"

ကိုစောနိုင်သည် ဒုတိယမွိ ငိုင်သွားရပြန်၏။

အမှန်မှာ…မိမိ၌ လူငယ်စိတ်၏ တွန်းတင်နေသော စေ့ဆော်ဟုန်သာ ရှိသည်။ လောကအတွက် ကျွန်းကျင်သော အတွေ့အကြုံမရှိ။ ဤအသိကြောင့် သူ့ဘဘ၏ အေးချမ်း တည်ငြိမ်သောအကြံပေးချက်ကို အငြင်းမပွားလို။

"ဘဘရဲ့ ကျေးဇူးဟာ ကျွန်တော့်အပေါ်မှာ ဆပ်မကုန်အောင် ကြီးခဲ့ပါတယ်၊ ဘဘရဲ့ လမ်းပြသွန်သင် ခေါင်းဆောင်မှုကြောင့်လဲ ကျွန်တော် ဒီအခြေအနေ ရောက်လာခဲ့ရပါပြီ၊ ဒါကြောင့် ဒီတစ်ကြိမ်လဲ ဘဘရဲ့စကားကို ကျွန်တော် နားထောင်ပါမယ့်"

ဦးစိုးမောင်သည် ကိုစောနိုင်၏စကားကြောင့် ဝမ်းသာကျေနပ်သွားဟန် သူ့ထုံးစံအတိုင်း ခေါင်းတဆတ်ဆတ်ညိတ်၏။

စကားတို့ ဤတွင် ရပ်သွားပြီဟု ကိုစောနိုင်ထင်သည်။ သို့ရာတွင် ပြုံးပြုံးကြီး ခေါင်းတဆတ်ဆတ် ညိတ်နေလေရာမှ ဦးစိုးမောင်သည် ရုတ်တရက် မျက်နှာထား တည်သွားပြီး ကိုစောနိုင် လုံးဝမမျှော်လင့်သော မေးခွန်းကို

www.foreverspace.com.mm

မေး၏။

"အဲ့ဒါတွေ ထားတော့လေ၊ ဘဘသိချင်တာတစ်ခု ရှိနေသေးတယ်၊ နေ့လယ်က လေယာဉ်ပျံကွင်းမှာ တွေ့ခဲ့ကြရတဲ့ စောစန္ဒာနွယ်နဲ့ လူကလေးဟာ ဘယ်လောက် ရင်းနှီးကြသလဲ"

ကိုစောနိုင်သည် ဦးစိုးမောင်ကို တစ်ချက် ပြန်ကြည့်၏။

"ဘဘ…ဘာလို့ ဒီမေးခွန်းကို မေးရတာလဲ"

"လူကလေး ဘဘကို ပြန်မမေးပါနဲ့၊ ဘဘ မေးတာကို အရင်ဖြေပါဦး"

ဦးစိုးမောင်၏အသံမှာ မမာသော်လည်း တိကျပြတ်သားနေ၏။

ကိုစောနိုင်ကလည်း ခေါင်းကိုမော့ကာ ရင်ကို မသိမသာ ကော့လိုက်ပြီး ဖြေသည်။

"စောစန္ဒာနွယ်ဟာ…ဒီလောကမှာ ကျွန်တော် အခင်မင် အလေးစားဆုံး မိန်းကလေးတစ်ဦးပါ ဘဘ၊ ဘယ်လောက် ရင်းနှီးသလဲဆိုတဲ့ မေးခွန်းကို ဖြေရရင်တော့ သူနဲ့ ကျွန်တော်ဟာ ဘုရင်မမေရီ သင်္ဘောကြီးပေါ်ကျမှ သိကြပါတယ်၊ သူတို့မှာ ဘေးအန္တရာယ်တစ်ခု ရောက်နေတယ်ဆိုလို့ ကျွန်တော်ဝင်ပြီး အကူအညီပေးခဲ့တယ်၊ ဒီအတွက် အပြန်အလှန် ခင်မင်ရင်းနှီးခဲ့တယ်၊ ဒါလောက်ပါပဲဘဘ"

"သူတို့ အန္တရာယ် ဆိုတာက ဘယ်လိုလဲ"

"ဒါကို ကျွန်တော် မသိဘူး၊ မသိလည်း မသိလိုဘူး၊ သိခွင့်လည်း မရှိခဲ့ပါဘူး ဘဘ"

ဦးစိုးမောင်သည် ကိုစောနိုင်၏ မျက်လုံးများကို စာဖတ်ဟန် စူးစိုက်ကြည့်နေ၏။ ထို့နောက် လေသံကို လျှော့၍ ဆိုသည်။

"အင်းလေ ဘဘမှာဝတ္တရားရှိလို့ စကားကုန်ပြောရမယ်ကွယ်၊ ဒီမိန်းကလေးနဲ့ လူကလေး သိပ်မရင်းနှီးသေးဘူးဆိုရင် ဆက်ဆံရေးကို ရပ်တန်းက ရပ်ပစ်လိုက်ရင် ကောင်းမယ်လို့ ဘဘ ထင်တယ်"

"ဘာဖြစ်လို့လဲ ဘဘ"

"ဘာဖြစ်လို့လဲဆိုတော့ ဘဘမှာ အစွဲတစ်ခုရှိနေတယ်။ မင်းဆွေစိုးမျိုး ပဒေသရာဇ် ကေရာဇ်တွေနဲ့ ဘဘတို့အမျိုးဟာ ကံမတည့်ဘူးကွယ်။ လူကလေးက နှုတ်ကျိုးပြီး ဘဘကို ဘဘလို့ ခေါ်နေပေမဲ့ လူကလေးရဲ့ မေမေဟာ ဘဘရဲ့

www.foreverspace.com.mm

အစ်မတော်ပဲ၊ အစ်မတော်ဟာ မြဝတီမင်းကြီးရဲ့မြစ်တော်ပဲ၊ ဒီအမျိုးကိုမမေ့ဖို့ လူကလေး ငယ်ငယ်ကတည်းက ဘဘခဏခဏပြောခဲ့တာ လူကလေး မှတ်မိသေးရဲ့လား"

ဦးစိုးမောင်၏ အသံ၌ မသိမသာ ကြေကွဲသံ လွှမ်းလာ၏။ ဤသည်ကို သတိပြုမိသော ကိုစောနိုင်ကလည်း ရိုကျိုးစွာ ပြန်ဖြေ၏။

"ကျွန်တော် မှတ်မိပါတယ် ဘဘ"

"ဘိုးတော် မြဝတီမင်းကြီးဟာ စာပေ၊ ဂီတ၊ ကဗျာ စတဲ့ ယဉ်ကျေးမှုရေးရာမှာ သူ့မတူအောင် စွမ်းဆောင်ခဲ့တဲ့နှလုံးရည် ပညာရှင်ကြီးပဲ၊ လက်ရုံးရည်ဘက်က ဆိုရင်လည်း သေနာပတိ သတိုးဝန်ကြီး မဟာဗန္ဓုလရဲ့ ကိုယ်ပွား တပ်မှူးကြီးအဖြစ် ပန်းဝါတိုက်ပွဲမှာ ကုလားဖြူတွေကို နှိမ်နင်းအောင်မြင်ခဲ့တယ်၊ နောက် သာယာဝတီမင်း ဆိုတဲ့ဘုရင်ဇကရာဇ် အရှူးနန်းတက်တော့ ဒီကျေးဇူးတွေကို ဘယ်လိုတုံ့ပြန်ခဲ့သလဲ"

ကြေကွဲသံမှသည် ဦးစိုးမောင်၏အသံမှာ ဒေါသဘက်သို့ ယိုင်လာသည်။ သူ၏ကျယ်ဝန်းသော မဟာနဖူးအလယ်တည့်တည့်တွင် ကန့်လန့်ဖြတ် အကြောတစ်ခုက ထောင်တက်လာ၏။

ကိုစောနိုင်သည် ဦးစိုးမောင်အား အံ့သြစွာ ကြည့်နေမိသည်။ အမူအရာ ရုတ်ချည်း ပြောင်းသွားသောကြောင့်သာ အံ့သြသည်မဟုတ်၊ သူ့ဘဘ၏လေယူလေသိမ်းမှာတစ်မျိုး ထူးခြားနေ၏။

သူ့နားတွင် သူ့ဘဘ၏ စကားသံသည် မသိမသာ ဝဲလာသည်ဟု ထင်၏။ ဤဝဲပုံ ဝဲနည်းကိုလည်း ကြားဖူးသည်ဟုထင်၏။ နိုင်ငံခြားမရောက်မီက အင်္ဂလိပ်စကားပြောသံတိုင်းကို အတူတူဟု ထင်ခဲ့ဖူးသည်၊ ဟိုကျခါမှ ပြင်သစအဲ၊ စပိန်အဲ၊ အီတလီအဲ၊ ဂျာမန်အဲ၊ ရုရှအဲတို့ကို ခွဲခြား သိနိုင်လာရုံမက အင်္ဂလိပ်အစစ်နှင့် အမေရိကန်တို့ အသံထွက် ကွဲပြားပုံ၊ မြောက်ပိုင်း အမေရိကန်တို့နှင့် တောင်ပိုင်း အနောက်ပိုင်း အမေရိကန်တို့ အသံထွက် ကွဲပြားပုံ၊ ဤသည်တို့ကို တူရိယာကြိုး ညီမညီ သိသကဲ့သို့ ခွဲခြားသိနိုင်လာခဲ့သည်။ ယခုလည်း သောတအာရုံသိ ထက်မြက်လှသော ကိုစောနိုင်၏နားတွင် ဦးစိုးမောင်၏ အသံဝဲနေကြောင်း ရိပ်ရိပ် ထင်နေ၏။

ဦးစိုးမောင်က ဆက်ပြောနေသည်။

"ဘယ်လို ကျေးဇူးတုံ့ပြန်ခဲ့သလဲ၊ ဒင်းစိတ် အခန့်မသင့်ရုံနဲ့မြဝတီမင်းကြီး

www.foreverspace.com.mm

ကို ထောင်သွင်း အကျဉ်းချထားခဲ့တယ်၊ ဦးပုညကို မြို့ဝန် ဦးသာအိုးက သတ်တော့ မင်းတုန်းဘုရင်က လူကို ခွေးသတ်တယ်လို့ ဆိုခဲ့တယ်၊ မြဝတီမင်းကြီး အချုပ်ခံရတာဟာလဲ လူကို ခွေးချုပ်တဲ့ သဘောပဲ၊ မြဝတီမင်းကြီးဟာ အိုကြီးအိုမ သက်ကြီးရွယ်ရင့် တုန်ချိတုန်ရင်မှ သာမာန် ရာဇဝတ်ကောင်တွေနဲ့ အတူကျောက်သယ်ရတယ်၊ မြေဖို့ရတယ်၊ လမ်းခင်းရတယ်၊ တခြား ဘာဒုက္ခ တွေလဲ ခံစားရတယ် မသိဘူး''

''ကျွန်တော့်ကို ဒီစကားတွေဘာကြောင့် ပြောနေရတာလဲ ဘဘရယ်''

''အကြောင်းရှိလို့ပေါ့ လူကလေးရယ်၊ မင်းဆိုသမျှ ကွင်းရှောင်မယ် ထမင်းတောင် စားချင်ဘူးလေး…ဆိုတဲ့ ဦးပုညရဲ့ စာလိုပဲ မင်းတို့ ဇကရာဇ်တို့ ပဒေသရာဇ်တို့ဆိုတာတွေနဲ့ ဘဘမဆက်ဆံချင်ဘူး၊ လူကလေးကိုလည်း မဆက် ဆံစေချင်ဘူး၊ သူတို့မှာက သူတို့မာန် သူတို့အမျက် သူတို့အရှုပ်တွေနဲ့၊ လူကလေးမသိပေမဲ့ ရှမ်းပြည်နဲ့ အဆက်မသွယ်မကင်းတဲ့ ဘဘက စောဆေးဟုန်တို့ရဲ့ ဟော်နန်းအရှုပ်ကို ကောင်းကောင်းသိတယ်၊ ဒီအရှုပ်ထဲမှာ လူကလေး ဝင်မပါရဘူး၊ ဝင်ပါရင် သီပေါခေတ်နန်းတွင်း အရှုပ်တော်ပုံထဲ ဘုမသိ ဘမသိ ဝင်ပါမိလို့ စေတနာ ကောင်းလျက်နဲ့ အသက် စတေးသွားရတဲ့ တောင်သမန်လယ်စား မောင်ဖေငယ်လို လူကလေး ဖြစ်သွားလိမ့်မယ်''

ဦးစိုးမောင်၏ နောက်ဆုံးစကားသည် ကိုစောနိုင်၏ အသည်းကို နင့်အောင် ဝင်သွားသည်။

သူသည် မောင်ဖေငယ် မဖြစ်လို။ ချစ်လှစွာသော အစောကိုလည်း ဒိုင်းခင်ခင်၏ ကြမ္မာမျိုးနှင့် မဆုံတွေ့စေလို။

''လူကလေး ဘဘပြောတာကို သဘောပေါက်ရဲ့လား''

''သဘောတော့ ပေါက်လှတယ်လို့ မဟုတ်ဘူး ဘဘ၊ ဒါပေမဲ့ ဘဘရဲ့ စေတနာနဲ့ ခံစားမှုကို ကျွန်တော် နားလည်ပါတယ်၊ ဘဘ စိတ်ချမ်းသာမဲ့ အဖြေတစ်ခုကိုလည်း ကျွန်တော် ပေးနိုင်ပါတယ်''

''ဘယ်လိုလဲ လူကလေး''

ကိုစောနိုင်က သက်ပြင်း ရှိုက်လိုက်၏။ ပြောရသော စကားအတွက် ရင်နာမိသည်။

''ဘဘက မိုးပြိုမှာစိုးလို့ သတိပေးနေပေမဲ့ ကျွန်တော့်အတွက်တော့ မလိုတော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဘဘမုန်းတဲ့ ပဒေသရာဇ်မျိုး စောစန္ဒာ

နွယ်နဲ့ ကျွန်တော်ရဲ့ဇာတ်လမ်းဟာ နေ့လယ်က မင်္ဂလာဒုံ လေဆိပ်မှာတွင် ဆုံးခဲ့ပါပြီ"

ကိုစောနိုင်သည် ဆက်လက်ပြောလျှင် မိမိ၏ရင်မှာ ပေါက်ကွဲလာမည် ဖြစ်သောကြောင့် နေရာမှထ၏။

"ကဲ…ဘဘ၊ ကျွန်တော် သွားအိပ်ပါရစေတော့"

ဦးစိုးမောင်၏ အဖြေကို မစောင့်ဘဲ ကိုစောနိုင်သည် ဧည့်ခန်းအတွင်းမှ ထွက်လာခဲ့သည်။

"ဟဲ့…လူကလေး အိပ်တော့မလို့လား၊ အစောကြီး ရှိသေးတယ်"

"ဟုတ်တယ် မေမေငြိမ်း၊ ကျွန်တော် သိပ် ခရီးပန်းလာတယ်၊ ရာသီ ကလည်း အပြောင်းအလဲမို့ သိပ်လည်းနွမ်းနေတယ်၊ ကျွန်တော်ကို ခွင့်ပြုပါ"

"အေး…အေး…သား၊ ညနေကတည်းက မေမေ သားအိပ်ရာကို ကိုယ်တိုင်ပြင်ထားပြီးပြီ၊ သွားအိပ်ချေတော့၊ ဩော် ဒါထက် မနက်ကျ သား ဘာစားချင်လဲ"

ဆက်ထွက်တော့မည့် ကိုစောနိုင်၏ ခြေလှမ်းများ တုံ့သွားသည်။

သူသည် သူ့မေမေငြိမ်း၏လက်များကို ဆွဲယူ ဆုပ်ကိုင်လိုက်ပြီးဆို၏။

"မေမေငြိမ်း ကျွေးချင်တာကျွေးပါ၊ မေမေငြိမ်း ကျွေးသမျှ ကျွန်တော့် ပါးစပ်ထဲမှာ အရသာ ရှိနေမှာပဲ၊ ဟုတ်လား"

ဒေါ်ငြိမ်းမယ် ပြုံးပြုံးကြီး ကျန်ရစ်သည်။ ကိုစောနိုင်က မိမိ၏အခန်းဆီသို့ ထွက်လာခဲ့၏။

ကိုစောနိုင် ထွက်သွားလျှင်သွားခြင်း ဒေါ်ငြိမ်းမယ်၏မျက်နှာမှ အပြုံး ပျောက်ကွယ်သွားသည်။ ညင်သာ သိမ်မွေ့သော ခြေလှမ်းများဖြင့် ဧည့်ခန်းအတွင်းသို့ ဝင်လိုက်သောအခါ ကုလားထိုင်တစ်လုံးထက် မလှုပ်မရှက် ထိုင်နေသော ဦးစိုးမောင်ကို တွေ့ရ၏။

ဒေါ်ငြိမ်းမယ်သည် ဦးစိုးမောင်အနား ကပ်သွားပြီး လေသံတိုးတိုးနှင့် မေးသည်။

"စု…သားတော်ကို ခရီးရောက်မဆိုက် ဘာတွေ သွားပြောသလဲဟင်"

ဦးစိုးမောင်က ခေါင်းကြီးကို သွက်လက်စွာ ခါသည်။

"ဘာမှမပြောရပါဘူး သီတာရယ်…၊ သတိပေးသင့်သမျှတော့ သတိပေး ရတာပေါ့"

www.foreverspace.com.mm

"လူလေး ရိပ်မိသွားသလား"

"ဘာလို့ ရိပ်မိရမလဲ...၊ သူ ဘာမှ မသိပါဘူး သီတာ"

ဒေါ်ငြိမ်းမယ်သည် ပြတင်းပေါက်ဆီသို့ ဖြည်းညင်းစွာ ထွက်ခွာသွားသဖြင့် ဦးစိုးမောင်က နောက်မှ ကပ်လိုက်သွား၏။

"မင်း ဘာဖြစ်နေသလဲ သီတာ၊ မျက်နှာ မကောင်းပါလား"

ဒေါ်ငြိမ်းမယ်က သူ့ကို ပြန်ကြည့်သည်။ မျက်လုံးများ၌ မျက်ရည်တို့က ဝဲလျှံနေ၏။

"အဟောင်းတွေဟာ...အားလုံးအသစ်ပြန်ဖြစ်ကုန်တယ်စုရယ်၊ စောစန္ဒာနွယ်နဲ့ လူလေး တွဲလျှောက်သွားတာ မြင်တော့ အားလုံးကို မြင်ယောင်မိတယ်၊ ဘယ်သူတွေကို မြင်ယောင်သလဲ သိလား"

ဦးစိုးမောင် မဖြေနိုင်။

ဒေါ်ငြိမ်းမယ်က ပြတင်းမှနေ၍ အပြင်သို့ လှမ်းကြည့်သည်။

အပြင်၌ ငွေလရောင် သာနေသည်။ ရွက်ကြွင်း ရွှေဝါတို့လည်း မြေခသက်ဆင်းနေ၏။

ဤသို့ ငွေလသာဆဲ ရွက်ကြွင်းရွှေဝါတို့ မြေခသက်ဆင်းနေသည့် တစ်ရံရောအခါက ညတစ်ညကို သူတို့နှစ်ဦးသာ သိရှိ အမှတ်ရနိုင်ပေသည်။

ဦးစိုးမောင်က သက်ပြင်းကို ရှိုက်လိုက်ပြီးမှ ဒေါ်ငြိမ်းမယ်၏ လက်ကို ဆုပ်ကိုင် အားပေးကာ ဆို၏။ ထိုစကားကိုလည်း သူတို့နှစ်ဦးသာ နားလည်နိုင်ပေမည်။

"ဘာပဲဖြစ်ဖြစ် တို့တာဝန်တော့ ကျေပါပြီ သီတာ၊ တို့ မျှော်မှန်းခဲ့တဲ့ ရက်ဟာ ရောက်ခဲ့ပါပြီ"

❒ ❒ ❒

www.foreverspace.com.mm

## ၈။ သစ္စာဝန်ထမ်း

ကုက္ကိုင်းလမ်းမကြီး၏ ဘေးတစ်နေရာတွင် ရတီမှန်ရပ်ရှင်ခြံ ဟု ရေးထားသော ခံညားသော ဆိုင်းဘုတ်ကြီးတစ်ခု တပ်ထားသော ခြံကြီးတစ်ခု ရှိသည်။

ခြံကြီး၏ဂိတ်မှ မြေနီလမ်းလေးအတိုင်း လိုက်သွားလျှင် ပန်းမန်စုံသော ဥယျာဉ်တစ်ခု၏ အလယ်၌ ခေတ်မီသမျှ ကြွားရွားမြင့်မားသည့် နှစ်ထပ်တိုက်ကြီး တစ်လုံးရှိ၏။

ဤတိုက်ကြီးဘက်သို့ မချိုးဘဲ ဆက်၍ ကိုက်၅၀ ကျော် ကျော်သွားလျှင်မူ လက်ဝဲရစ်၌ ရေဒီယိုပုံစံ တိုက်ဝါတစ်လုံးကို ထပ်တွေ့ရမည်။ ထိုတိုက်၏ အဝင် တံခါးဝတွင် အသံဖမ်းစတူဒီယိုဟု ဆိုင်းဘုတ်ရေးထားသည်။ အသံဖမ်း စတူဒီယို တိုက်နှင့်မျက်နှာချင်းဆိုင် လက်ယာဘက်၌ ရှည်လျားသော အဆောက်အဦးကြီးတစ်ခုက ရှိနေသေးသည်။ ဤအဆောက်အအုံကြီးမှာမူ ဝါးကြောထူ ထရံကာ အဆောက်အအုံကြီး ဖြစ်သည်။ ထရံများက ရေနံဝ၍ညိုရင့်ရင့် အရောင်ဆောင်နေ၏။ သွပ်မိုးအုပ်သော ဤအဆောက်အအုံကြီးကား ဆက်တင် အတွင်းခန်းများရိုက်သော စတူဒီယိုကြီးဖြစ်မှန်း သိသာနိုင်ပေသည်။

အသံဖမ်း စတူဒီယိုနှင့်ဆက်တင် စတူဒီယိုကြီး၏ကြားတွင် ပင်စည်လုံးပတ်ကြီးသမျှ စိမ်းမြသော ရွက်ပြားများ ထူထပ် သိပ်သည်းလျက် ရှိသည့် အရိပ်အာဝါသ ကောင်းလှသော ညောင်ပိန္နဲပင်ကြီးတစ်ပင် ရှိ၏။

ညောင်ပိန္နဲပင်ပင်ကြီး၏ အခြေကို ပတ်လည်ဝိုင်း၍ ဆေးစိမ်းသုတ် သစ်သားထိုင်ခုံကို အသေရိုက် တပ်ဆင်ထား၏။

ညောင်ပိန္နဲပင်အောက် မြေသလင်းကို အမှိုက်တစ်စမျှ မမြင်ရအောင် ပြောင်စင်စွာ လှည်းကျင်းထားသည်။

www.foreverspace.com.mm

အချိန်မှာ နံနက် (၁၀) နာရီခန့် ရှိ၏။

ညောင်ပိန္နဲပင်ခြေရှိ ထိုင်ခုံပေါ်တွင် အသက် ၂၀ ခန့် လူငယ်တစ်ဦးသည် ထိုင်နေ၏။

သူ့အသားက ညိုသည်။ ဆံပင်က ခေါင်းတုံးဆံတောက် ဖြစ်၏။ အဝတ်အစားကား နွမ်းသော်လည်း ပုဆိုးကွက်ကျဲ၊ စတစ်ကော်လာအင်္ကျီဖြူ၊ ပင်နီဖျင်ကြမ်းတိုက်ပုံတို့ ဖြစ်သဖြင့် သိက္ခာမူ ရှိ၏။ သူ့ခန္ဓာကိုယ် တစ်ခုလုံး၌ ဝင်းဝင်းပပ တောက်တောက်ပြောင်ပြောင်ဟုဆို၍ မျက်နှာမှ ရွှေကိုင်း မျက်မှန်လေးတစ်ခုသာ ရှိသည်။ သူ့လက်များကမူ မယ်ဒလင် တစ်လုံးကို ပွေ့ပိုက်ထား၏။

လူငယ်သည် တစ်စုံတစ်ဦးကို မျှော်လင့် စောင့်စားနေဟန် မကြာခဏ ပတ်ဝန်းကျင်ကို ဟိုဟိုသည်သည် လှမ်းကြည့်၏။

မည်သူမျှ ပေါ်မလာ။

အသံဖမ်းစတူဒီယိုမှ တဘော်ဘော် တဂွီဂွီနှင့် တီးသံ မှုတ်သံတို့ ပေါ်ချည် ပျောက်ချည်နှင့် ထွက်လာနေ၏။

ဝါးထရံကာ စတူဒီယိုမှလည်း တူထုရိုက်သံ၊ လွှဖြတ်သံတို့ လွင့်လာ နေသည်။

လူငယ်သည် ဘယ်ကိုမျှမကြည့်တော့ဘဲ သူ့မယ်ဒလင်လေးကို သူသာ ကြားရုံဖွဖွတီးခတ်၍ တေးတစ်ပုဒ်ကို တိုးတိုးတီးဆိုကြည့်နေ၏။

သူ့သဏ္ဌာန်မှာ အတန်ငယ် တုန်တုန်ယင်ယင် ရှိ၍ စာမေးပွဲဝင်ခါနီး ကလေးငယ်တစ်ဦး၏ စိတ်လှုပ်ရှားမှုမျိုး ပေါ်နေ၏။

လူငယ်သည် မယ်ဒလင် တီးသည်ကို ရပ်လိုက်ပြီး ဟိုဟိုသည်သည် ကြည့်ပြန်၏။ မည်သူမျှ ပေါ်မလာ။ စောစောက အသံများသာလျှင် မှန်မှန် ထွက်ပေါ်မြဲ ထွက်ပေါ်နေ၏။

လူငယ်သည် နေရာမှ ထလိုက်သည်။ ဝါးထရံကာ စတူဒီယိုကြီးဆီသို့ သုံးလေးလှမ်း လျှောက်သွားသည်။

အတွင်းမှ တူထုသံ လွှတိုက်သံတို့ကို လွှမ်း၍ ဆဲဆို အော်ငေါက်သံ တစ်ရပ်က ပေါ်လာသည်။

လူငယ်၏ ခြေလှမ်းများ တုံ့သွားသည်။ သူသည် နောက်ပြန်လှည့်၍ နေရာတွင် ပြန်ထိုင်ကာ ညောင်ပိန္နဲပင်ကြီးကို မှီရင်း ငြိမ်နေရှာ၏။

နာရီဝက်ခန့် ကြာသွားသောအခါ ခေါင်းကြီး၍ ဗိုက်ရွဲသော်လည်း

ခြေတံ လက်တံသေးလျက် အချိုးမကျလှသော လူတစ်ယောက် ထွက်လာ၏။ သူသည် ညောင်ပိန္နဲပင်ကြီးကို ဖြတ်လာစဉ် အမှတ်မထင် တွေ့ဟန် လူငယ်အား တစ်ချက်ကြည့်သည်။ လူငယ်က နေရာမှထလိုက်ရန်ပြင်ခိုက် သူက မျက်နှာလွှဲသွားပြီး အသံဖမ်းစတူဒီယိုဆီသို့ ဆက်လျှောက်ဝင်သွားသည်။

လူငယ်သည် နေရာ၌ လေးတွဲ့စွာ ပြန်ထိုင်၏။

စောစောက လူပြိတ္တာထွက်လာသော စတူဒီယို အပေါက်မှပင် အရပ်ရှည်ရှည်ကိုင်းကိုင်းနှင့် အခြားလူတစ်ယောက်သည် ဗျိုင်းခြေလှမ်းလှမ်း၍ ထွက်ပေါ်လာပြန်၏။ သူ့ချိုင်းကြားတွင် ဖိုင်တစ်ခု ပိုက်ထား၏။

ဤတစ်ကြိမ်တွင် လူငယ်သည် နေရာမှ ထရုံမက အသံ ထွက်လာ၏။

"ကိုဘသာ ကျွန်တော် ဘယ်တော့ စရမလဲ"

ဗျိုင်းခြေတံနှင့် ကိုဘသာသည် ငေါက်ခနဲရပ်လိုက်ပြီး အလွန်အလုပ်များသူ တစ်ဦး၏ စိတ်ညစ်ဟန်မျိုးနှင့် ခေါင်းခါလိုက်သည်။

"နေပါဦးကွာ၊ မင်းကလည်း တမှောင့်၊ အချိန်ကျတော့ ငါ ခေါ်လိုက်မှာပေါ့"

"ခင်ဗျား ခေါ်တာကို ကျွန်တော် စောင့်နေတာ မနက် ရှစ်နာရီကတည်းကပဲ၊ အခု ဆယ့်တစ်နာရီ ထိုးတော့မယ်"

ကိုဘသာသည် လူငယ်ကို မျက်မှောင်ကြုတ် ကြည့်၏။

"ဆယ့်တစ်နာရီကျော်တော့ ဘာဖြစ်သလဲ မင်းအဘတဲ့၊ တို့ ရုပ်ရှင်လုပ်ငန်းမှာ အချိန်ကို သင်္ဘောကြီး ထွက်တာလို စာရင်းအတိအကျ ဆွဲထားလို့ ရတာမဟုတ်ဘူး"

"ဒါတော့ ဒါပေါ့ဗျာ၊ ကျွန်တော်ကလဲ အခု စပါရစေ...ပြောတာ မဟုတ်ဘဲ၊ ဘယ်အထိ စောင့်ရမလဲ...၊ အဲ့ဒါကို သိချင်လို့ပါ"

"အဲ့ဒါ...ဘယ်လိုပြောနိုင်မလဲ၊ ငါခေါ်တော့ မင်းလာပေါ့၊ ဒီမှာ...မိုးလှိုင်၊ ငါက မင်းကို နာမည်ရအောင် လုပ်ပေးမလို့၊ သိပ်မလောနဲ့ကွာ၊ ရှီးတဲ့မှပဲ၊ ဒါရိုက်တာက စိတ်ဆိုးနေတယ်၊ သူဌေးကလည်း ဒေါပွနေတယ်၊ ဒီကြားထဲ မင်းက ဆီမီးခွက် ဝင်မတောက်စမ်းပါနဲ့"

ကိုဘသာသည် ဗျိုင်းခြေလှမ်းများနှင့် ဆက်လက်ထွက်ခွာသွားလေ၏။

မိုးလှိုင်ခေါ် လူငယ်က သက်ပြင်းရှိုက်လိုက်ပြီး ပြန်ထိုင်နေရပြန်၏။

သူသည် ခြေတစ်ဖက်ကို တွဲလောင်းချ၍ တစ်ဖက်ကိုခုံပေါ်၌ ဒူးထောင်

www.foreverspace.com.mm

www.foreverspace.com.mm

တင်ထားသည်။ သူ့ မယ်ဒလင်ကလေးက သူ့ဘေး၌ ထောင်လျက်ရှိနေ၏။

ဤသို့လျှင် သူက စိတ်ပျက်လက်ပျက် ထိုင်ရင်းက အိပ်ငိုက်လာသည်။

နေက မြင့်မြင့်တက်လာသည်။ ညောင်ပိန္နဲပင်၏အရိပ်သည် ဝိုင်းလည်စောင်း၍ လှည့်ပြောင်းနေ၏။

မိုးလှိုင် မည်မျှကြာအောင် ငိုက်မျဉ်းမိသွားသည် မသိ။ ကားစက်သံတစ်ခုကြောင့် လန့်နိုးလာသည်။

ကားဝါ တစ်စင်းသည် ခြံဝရှိ တိုက်ကြီး၏ ဂိတ်၌ ရပ်နေ၏။ ကားရှေ့ခန်း၌ တစ်ဦးတည်း မောင်းလာသော လူရွယ်တစ်ဦးက ပြတင်းမှ ခေါင်းပြူ၍ ဟိုဟိုသည်သည် ကြည့်၏။

သူသည် ညောင်ပိန္နဲပင်အောင်မှ မိုးလှိုင်ကို မြင်သွားသည်။ စတူဒီယိုကြီးကိုပါ သတိပြုမိသွားဟန်တူ၏။

ကားသည် ရှေ့ဆက်လာ၍ မိုးလှိုင်ရှေ့၌ ရပ်လိုက်သည်။ ကားရှေ့ခန်းမှ မွန်ရည်သော ရုပ်ရည်၊ ရှည်သွယ်သော အရပ်အမောင်း၊ သေသပ် ပုံကျသော ဥရောပဝတ်စုံ မီးခိုးရောင် အပေါ်စားနှင့် လူရွယ်တစ်ဦး ဆင်းလာ၏။

မရေးမနှောင်းတွင်ပင် ခြံဝတိုက်ကြီး၏ ဂိတ်မှ ကြော့ရှင်းချောမောသည့် မိန်းမပျိုလေးတစ်ဦး ပြေးထွက်လာသည်။

"အစ်ကိုစောနိုင်…ရှယ်လီတို့အိမ်က ဒီမှာ"

မိန်းမပျိုကလေး၏ အော်ခေါ်သံကြောင့် မိုးလှိုင်ကို စကားပြောတော့မည့် ဆဲဆဲ လူရွယ်သည် နောက်သို့ လှည့်ကြည့်ပြီး နေရာတွင်ပင် ရပ်နေ၏။

ရှယ်လီက အပြေးကလေးနှင့် ရောက်လာ၏။

"ကြည့်စမ်း…အစ်ကိုစောနိုင်ကြီး၊ သိပ်ဆိုးတာပဲ၊ မနေ့ကတည်းက လာမယ်ထင်တာ၊ အခုမှ ပေါ်လာတယ်၊ တစ်ယောက်တည်းလား၊ အန်ကယ်ကော"

ရှယ်လီက ပြုံးစူစူနှင့်ရင်းနှီးစွာ ပြောသော်လည်း ကိုစောနိုင်က အေးချမ်းတည်ငြိမ်စွာပင် စကားပြန်၏။

"ဘဘကို တမင် ထားခဲ့တယ်၊ အခု အစ်ကိုစောနိုင် အလည်လာတာ မဟုတ်ဘူး၊ ရှယ်လီ့ဒယ်ဒီကို အလုပ်ကိစ္စနဲ့ တွေ့ချင်လို့"

ရှယ်လီမျက်နှာကလေးသည် မသိမသာ ပျက်သွား၏။ သို့ရာတွင် ချက်ချင်း ပြန်ပြုံးပြီး ချိုသာစွာဆိုသည်။

www.foreverspace.com.mm

ဩော်…ဒက်ဒီနဲ့ တွေ့ချင်လို့လား၊ ဒက်ဒီက စတူဒီယိုထဲမှာ…၊ လာလေ အစ်ကိုစောနိုင်၊ ရှယ်လီနဲ့ လိုက်ခဲ့”

ကိုစောနိုင်က ညောင်ပိန္နဲပင်အောက်မှ မိုးလှိုင်ကို တစ်ချက်လှည့်ကြည့်သည်။ သူ့မျက်လုံးများက မိုးလှိုင်၏ ဘေးမှ မယ်ဒလင်ဆီ၌ ခေတ္တရပ်နေ၏။ ဒူးတစ်ဖက်ထောင်၍ ကိုးရိုးကားရားထိုင်နေသော မိုးလှိုင်ကလည်း ထောင်ထားသော ဒူးကို အောက်ပြန်ချ၍ အနေအထိုင် ပြင်လိုက်သည်။

ရှယ်လီက မိုးလှိုင်ကို အမှတ်မပြုဘဲ ရှေ့မှထွက်သွားသောကြောင့် ကိုစောနိုင်လည်း နောက်မှ လိုက်ပါသွား၏။

သူတို့နှစ်ဦး၏ နောက်ကျောများကို အတန်ကြာ စိုက်ကြည့် ကျန်ရစ်ပြီးမှ မိုးလှိုင်သည် ညောင်ပိန္နဲပင်ကြီးကို မှီလျက် ပြန်ငိုက်သည်။

ကိုစောနိုင်နှင့် ရှယ်လီသည် အခန်းကျယ် တစ်ခုကို ရှေးဦးစွာ ဖြတ်ဝင်ကြသည်။ အခန်းကျယ် အတွင်း၌ အသံဖမ်း၊ အသံထိန်း၊ အသံသွင်း စက်ကရိယာကြီးများ စုံလင်စွာ ရှိနေ၏။ နံရံဆောက်ကာ ထားပုံကို ထောက်ရှု၍လည်း အသံလုံ အခန်းတစ်ခုမှန်း သိရှိနိုင်၏။

အခန်းအတွင်း၌ လူ ဆယ့်ငါးဦးခန့်ရှိနေ၏။ တီးဝိုင်းတစ်ဝိုင်း၏ အဖွဲ့သားများ ဖြစ်ကြသည်။ သူတို့သည် ရှေ့ရှိ ဂီတသင်္ကေတစာအုပ်များ ကြည့်ရင်း ထရန်းပတ် မှုတ်သူက မှုတ်နေသည်။ ဆက်ဆိုဖုန်း မှုတ်သူကလည်း မှုတ်နေသည်။ ကလာရီနက် မှုတ်သူကလည်း မှုတ်နေ၏။

ပီယာနိုရှေ့ ခုံထက်တွင်ထိုင်ရင်း အဖွဲ့ခေါင်းဆောင် ဖြစ်ဟန်တူသူက မျက်နှာထားမှုန်မှုန်နှင့် ပီယာနိုခလုတ်များကို လက်နှပ်စက် ရိုက်သည့်ဟန် တွန်ဆောင့်နေ၏။

ရှယ်လီသည် သူတို့အားလုံးကို မမှုဘဲ မြူခိုးရောင် မှန်တပ်တံခါးမကြီး တစ်ခုကို တွန်းဖွင့်လျက် အခြားအခန်းတစ်ခုအတွင်းသို့ ဦးဆောင်ဝင်လိုက်၏။

ထိုအခန်းအတွင်းရှိ စားပွဲကြီး တစ်ဖက်၌ ထိပ်ပြောင်နေသော်လည်း မျက်နှာ ပြည့်ဖြိုးသည့် လူကြီးတစ်ဦး ထိုင်နေသည်။ လူကြီးသည် ဆူဖြိုးလှသော သူ၏ ကိုယ်ခန္ဓာအထက်ပိုင်းကို နံ့သာရောင် ဟာဝေယံရှပ်နှင့် ဆင်ထားသည်။

သူနှင့် မျက်နှာချင်းဆိုင် ထိုင်နေသူကား ခေါင်းကြီးကြီး ဗိုက်ရွှဲရွှဲနှင့် ခြေလက်သေးသေး လူတစ်ဦးတည်း။

အနီးရှိ ကုလားထိုင်များတွင် ခပ်ယို့ယို့ ထိုင်နေသူ နှစ်ဦးအနက်

www.foreverspace.com.mm

တစ်ဦးက ဘိုထိုင်ထားသော ကုလားကပြားတစ်ယောက်ဖြစ်၏။ တစ်ယောက်ကား ပေါင်းစင်းစင်း၊ ပိန်ရှည်ရှည် လူတစ်ဦးတည်း။

ရှယ်လီနှင့် ကိုစောနိုင် ဝင်လာသောအခါ ထပ်ပြောင်နှင့် လူကြီးက မျက်မှောင်ကြုတ်ကြည့်သည်။

"သမီး ဘာလာလုပ်တာလဲ၊ ဒက်ဒီ အလုပ် လုပ်နေတယ်"

ရှယ်လီက လူကြီး၏ မျက်မှောင်ကို လုံးဝ အရေးမလုပ်။ ကုလားထိုင်တစ်ခုကို ညွှန်ပြရင်း ကိုစောနိုင်ကိုသာ ဆိုသည်။

"ထိုင်…ကိုစောနိုင်၊ ရှယ်လီ သူတို့နဲ့ မိတ်ဖွဲ့ပေးပါမယ်"

ကိုစောနိုင်က လူကြီးကို တစ်ချက်ကြည့်လိုက်ပြီး ရှယ်လီ ညွှန်ပြသော ကုလားထိုင်၌ သက်တောင့်သက်သာ ဝင်ထိုင်လိုက်၏။

ရှယ်လီက စားပွဲစွန်းထက် တင်ပါးလွှဲထိုင်လိုက်ပြီး လူကြီးကို ပြုံးစစနှင့် ကြည့်၍ဆို၏။

"ဒက်ဒီကလဲ…ရှယ်လီကို ခပ်တည်တည် ဟောက်မနေစမ်းပါနဲ့၊ ရှယ်လီက အကောင်းလာတာ၊ ဒက်ဒီပဲ အစ်ကိုစောနိုင်ကို တွေ့ချင်တယ်ဆို ဟွန်း၊ အစ်ကိုစောနိုင်…၊ ဟောဒါ ရှယ်လီ့ဒက်ဒီ၊ ကိုစောနိုင် အလုပ်ကိစ္စနဲ့ တွေ့ချင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးပဲ"

ရှယ်လီ၏ဒက်ဒီ ပုဂ္ဂိုလ်ကြီးသည် ပထမသော် ပါးစပ်ကြီး ပြဲသွား၏။ ထို့နောက် ပျာပျာသလဲ နေရာမှထကာ ကိုစောနိုင်ကို လက်ကမ်းပေးသည်။

"အို…မောင်စောနိုင်ကိုး၊ ဦးက ရုတ်တရက် မမှတ်မိဘူး၊ ကိုစိုးမောင်ကတော့ ပြောထားသား၊ ဟဲဟဲ တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့…တွေ့ရတာ ဝမ်းသာပါတယ် ဦး"

ဦးကြီးငွေသည် ကိုစောနိုင်နှင့် ယှဉ်ထိုင်လျက် ရှိနေသော ခေါင်းကြီးဗိုက်ရွှဲပုဂ္ဂိုလ်နှင့် မိတ်ဆက်ပေးပြန်၏။

"မောင်စောနိုင်…ဟောဒါ ဒါရိုက်တာ ဦးယဉ်န၊ ဦးရဲ့သား… အဲ သမက်ပေါ့ကွာ၊ မောင်ယဉ်န…၊ ငါ ပြောပြောနေတဲ့ မောင်စောနိုင်လေကွာ"

ကိုစောနိုင်သည် မယဉ်သော…မနသော ဒါရိုက်တာ ဦးယဉ်နနှင့် လက်တွဲ နှုတ်ဆက်ရပြန်ပါ၏။

ဘေးမှ ထိုင်နေသူ နှစ်ဦးနှင့်မူ ကိုစောနိုင်ကို ဦးကြီးငွေသည် မိတ်ဖွဲ့မပေး။ ရှယ်လီကသာ ဝင်ဖြည့်စွက်ပေး၏။

www.foreverspace.com.mm

“အစ်ကိုစောနိုင်…ဟိုဟာက မစ္စတာဆော်လမွန်၊ အသံဖမ်း အင်ဂျင်နီယာ၊ ဟိုဘက်က ဦးလေးပိန်ပိန်က ဦးကြက်ခေါင်း ခေါ်ဦးဘသာ၊ အစ်ကိုယဉ်နုရဲ့ လက်ထောက်လေ”

မစ္စတာ ဆော်လမွန်နှင့် ကိုဘသာတို့က ခေါင်းညွှတ်ရင်း ကိုစောနိုင်ကို သွားဖြဲပြသဖြင့် ကိုစောနိုင်ကလည်း ပြန်လည်ခေါင်းညွှတ် အသိအမှတ်ပြုလိုက်ရသည်။

မလွဲမရှောင်သာသော ဤယဉ်ကျေးမှုလုပ်ငန်းကလေးများကို လုပ်လိုက်ကြရပြီးသည့်နောက် အားလုံးမှာ စကားမည်သို့ ဆက်ရမည် မသိ၊ ခေတ္တ တိတ်ဆိတ်သွားကြ၏။

ဒါရိုက်တာ ဦးယဉ်နုက ရှေးဦးစွာ စကား စဆိုသည်။

“ဘယ်ကစ လုပ်ကြမလဲ ဖေဖေ၊ ဟောဒီ…ဘသာ အသုံးမကျလို့ ဆက်တင်တွေကလည်း မပြီးသေးဘူး၊ တော်သေးတာပေါ့၊ မင်းသမီးက ရက်အားမရလို့၊ နောက် သုံးရက်ကြာမှ ကြွတော်မူမတဲ့၊ ဘာကစ,လုပ်ရမှန်းကို ကျွန်တော် မသိဘူး၊ ဒါထက်…ဖေဖေ့သီချင်းတွေကော ဘယ်နှယ့်လဲ”

ဦးကြီးငွေသည် သူ့ခေါင်းပြောင်ကို လက်တစ်ဖက်နှင့်ပွတ်၏။ ထို့နောက် လက်နှစ်ဖက်စလုံးနှင့် စားပွဲကို ဖြန်းခနဲပုတ်ကာ ညည်းညူ၏။

“ဒီကောင်တွေက အသုံးကို မကျပါဘူးကွာ၊ ဓာတ်ပြားအကြိမ်ကြိမ် ဖွင့်ပေးထားတာတောင် ဟုတ္တိပတ္တိ မပြီးကြသေးဘူး၊ မြန်မာသံလေး နည်းနည်းပဲ ထည့်ရမှာ၊ ကျန်တာက ဓာတ်ပြားထဲကအတိုင်းချည်းပဲ၊ အဲ…မြန်မာစာသားတော့ ထည့်ပေးရမှာပေါ့၊ အဲဒါ…မပြီးနိုင်ကြသေးဘူး၊ ဒီကားမှာ အားလုံးသီချင်း ဆယ်ပုဒ်ရှိမယ်၊ အခုမှ သုံးပုဒ်ပြီးသေးတယ်၊ အထူးသဖြင့် မင်းသမီး ဆိုရမယ့် သီချင်းမပြီးသေးဘူး၊ ပြီးမှ ဟိုဆေးလိပ်ခုံက ကောင်မလေးနဲ့ အသံသွင်းရဦးမယ်၊ မင်းသမီးကို ဆိုဟန်ပေါက်အောင် ချပေးရဦးမယ်၊ ရက်ကလည်း ကပ်နေပြီ”

ညည်းညည်းညူညူပြောရာမှ ဦးကြီးငွေသည် ကိုစောနိုင်ကို လှမ်းကြည့်သည်။ ထို့နောက်မှ ဝမ်းသာအားရ အော်သည်။

“ဟာ…အတော်ပဲ လာလာချင်းဆောက်နဲ့ထွင်း ဆိုသလိုပဲဟေ့၊မောင်စောနိုင်ဆီကအကူအညီ တောင်းရမယ်၊ ဘယ်နှယ့်လဲ မောင်စောနိုင်”

“ကျွန်တော်က ဘာကူညီရမလဲ ဦး”

ဦးကြီးငွေသည် ကိုစောနိုင်ကို မဖြေဘဲ ကိုဘသာလက် လှည့်၍ပြော၏။

www.foreverspace.com.mm

"သွားစမ်း ဘသာ၊ ဓာတ်စက်နဲ့ ဓာတ်ပြား ယူလာခဲ့"

ကိုဘာသာသည် ရိုးကျိုး လျင်မြန်စွာဖြင့် အခန်းအတွင်းမှ ထွက်သွားသည်။ ပြန်ဝင်လာသောအခါ ဓာတ်စက်တစ်လုံးနှင့် ဓာတ်ပြားတစ်ချပ် ပါလာ၏။

ကိုစောနိုင်က သူတို့အား နားမလည်စွာ ကြည့်နေမိသည်။

"ကဲ…ဖွင့်ပြလိုက်ကွာ ဖွင့်ပြလိုက်"

ဦးကြီးငွေက အမိန့်ပေးသဖြင့် ကိုဘာသာ ဓာတ်စက်ဖွင့်ပြသည်။

သီချင်းမှာ ခေတ်စားထင်ရှားသော ဟောလီဝုဒ်ရုပ်ရှင်တစ်ခုမှ တေးတစ်ပုဒ် ဖြစ်ကြောင်း ကိုစောနိုင် ချက်ချင်း သိသည်။

သီချင်းပြီးဆုံးသွားသောအခါ ဦးကြီးငွေက လက်ဖဝါးနှစ်ဖက်ကို ပွတ်၍ ဆို၏။

"ဒီလိုကွယ့် မောင်စောနိုင်ရဲ့ ဦးလေးက အစစခေတ်မီအောင် ထွက်ချင်တယ်၊ ခုနင်က သီချင်းကို နားထောင်ကြည့်စမ်း၊ တော်တော့်ကို မြူးကြွပြီး ကောင်းတဲ့ သီချင်း၊ ဦးက အခန်းတစ်ခန်းမှာ အဲ့ဒါကို ထည့်သုံးချင်တယ်၊ မောင်ယဉ်နုရေ သီချင်းဇာတ်ဝင်ပုံ ပြောပြလိုက်စမ်းပါ"

ဒါရိုက်တာ ဦးယဉ်နုသည် မျက်နှာကို တည်ကြည်စွာထားပြီး လေးနက်စွာ ရှင်းပြ၏။

"ဒီလိုပါ၊ အခန်းက မြို့ကောင်ပေါက် ကောင်မလေးတစ်ဦးရဲ့အခန်း၊ ဒီကောင်မလေးက ယောက်ျားလေးတစ်ဦးကို တစ်ဖက်သက် ကြိတ်ကြိုက်နေတယ်၊ ဣန္ဒြေတော့ ဆောင်ထားရသပေါ့ဗျာ၊ ဒါပေမဲ့ မိန်းကလေးတို့ရဲ့ သဘာဝအတိုင်းပေါ့၊ သူ့အခန်းထဲရောက်တော့ သူ့ချစ်သူရဲ့ ဓာတ်ပုံကိုကြည့်ပြီး စိတ်ကူးယဉ်တယ်၊ စိတ်ကူးယဉ်ပုံကို ဓာတ်ပုံကြည့်ပြီး သီချင်းဆိုပုံအဖြစ် ကျွန်တော်က ရိုက်မယ်"

"ဒီတော့"

"ဒီတော့ ခုနင်က ဖေဖေပြောသလိုပဲ၊ အဲဒီ သီချင်းလေးကို သုံးချင်တယ်၊ ဒါပေမဲ့ စည်းဝါးတော့ နည်းနည်းပြင်ရမှာပေါ့၊ ပြီးတော့ ကြားမှာ မြန်မာသံစစ်စစ် တစ်ခုထည့်ချင်တယ်၊ အဓိကကတော့ မူလ သီချင်းရဲ့အရသာကို မဖျက်စေချင်ဘူး၊ မြန်မာ့နားနဲ့လဲ ကိုက်စေချင်တယ်၊ တီထွင် ဆန်းသစ်မှုလဲ ဖြစ်ချင်တယ်"

ကိုစောနိုင်၏ ခေါင်းသည် ငိုက်ကျသွားသည်။ အမှန်မှာ သူ့မျက်နှာမှာ စိတ်ပျက်ရွံရှာမှုကို သူတို့အား မမြင်နိုင်စေရန် ကာကွယ်လိုက်ခြင်းသာ ဖြစ်၏။

www.foreverspace.com.mm

အလိုက်မသိသော ဦးကြီးငွေက တိုက်တွန်းသည်။

"ကဲ…မောင်စောနိုင် သဘောပေါက်ရောပေ့ါ၊ အဲဒါကို ဟိုဒင်း…အဲ… လက်စွမ်းလေး ပြလိုက်စမ်းပါ"

ကိုစောနိုင်၏ ခေါင်းသည် ပြန်မော့လာ၏။ ဦးကြီးငွေ၏ မျက်လုံးများကို စေ့စေ့ကြည့်ပြီး တည်ကြည်ပြတ်သားစွာ ဆိုသည်။

"မလုပ်ပါရစေနဲ့ ဦး၊ ကျွန်တော် လုပ်လဲ မလုပ်နိုင်ဘူး"

ဦးကြီးငွေသည် မျက်လုံးပြူး၍ ဆို၏။

"ဘယ်လို…မောင်စောနိုင်၊ မလုပ်နိုင်ဘူး ဟုတ်လား၊ ဒီသီချင်းဟာ သိပ်ခက်နေလို့လား"

ကြိုးစား ထိန်းသိမ်းရင်းကကိုစောနိုင်သည် မထေ့တထေ့ ပြုံးဖြစ်အောင် ပြုံးမိသွားသည်။

"မလုပ်နိုင်ဘူးဆိုတာ ခက်လို့ မဟုတ်ပါဘူး၊ မလုပ်ထိုက် မလုပ်အပ် လို့ပါ"

ဤတစ်ကြိမ်တွင်မူ ဦးကြီးငွေ မျက်လုံးကြီးများသည် ပြူးသည်ထက် ပြူးကျယ်လာသည်။

"ဘယ်လို မလုပ်ထိုက် မလုပ်အပ်တာလဲ မောင်စောနိုင်"

"ကျွန်တော် ပြောခဲ့တာဟာ ရှင်းပါတယ်"

ကိုစောနိုင်က နေရာမှ ထ၏။ တစ်ချက် ပြုံးပြီး နှုတ်ဆက်၏။

"ကျွန်တော် ပြန်ပါဦးမယ် ဦး၊ ဦးတို့အားလုံးနဲ့ တွေ့ပြီး စိတ်ဝင်စား စရာတွေ မြင်ရတာမို့ ကျေးဇူးတင်ပါတယ်"

သူတို့ပြောနေသည်ကို ဘာမျှ နားလည်ဟန်မတူဘဲ မျက်လုံးဝန်းဝန်း ကလေးများဖြင့် ဟိုကြည့်သည်ကြည့်နှင့် ငြိမ်ဆိတ်စွာ နားထောင်နေရှာသော ရှယ်လီက ဝင်ရောက် တားမြစ်သည်။

"အို…အစ်ကိုစောနိုင်က ပြန်တော့မလို့လား၊ ရှယ်လီတို့ အိမ်လိုက်ပြီး တစ်ခုခု စားဦးပေ့ါ"

ကိုစောနိုင်ကို ပြောရာမှ ရှယ်လီသည် ဦးကြီးငွေဘက်သို့ လှည့်၍ တစ်ဆက်တည်းဆို၏။

"ဒက်ဒီရော လိုက်ခဲ့လေ၊ နေ့လယ်စာ စားချိန်ကျပြီ၊ တော်တော်ကြာ ဒက်ဒီ အစာအိမ် ပြန်ထနေဦးမယ်"

www.foreverspace.com.mm

ကိုစောနိုင်သည် ရှယ်လီကို ကြည့်သည်။

ကလေးမ၏ မျက်နှာကလေးမှာ ပြုံးနေသည်။ သို့ရာတွင် အပြုံးကလေးကား အားနာသောအပြုံး၊ အားငယ်သောအပြုံး ကြေကွဲစွာ တောင်းပန်သော အပြုံးဖြစ်နေ၏။

ကိုစောနိုင်သည် တစ်ချက်ငိုင်သွားသည်။

ထိုအခါကျမှ သတိရဟန် ဦးကြီးငွေကလည်း နေရာမှ ထသည်။

"ဟုတ်ပါရဲ့၊ နေ့လယ်စာ စားချိန်တောင် ရောက်နေပြီ၊ ဒါထက် မောင်စောနိုင်…၊ ဦးလည်း အလုပ်များပြီး စိတ်ထွေနေတာနဲ့ မောင်စောနိုင်နဲ့ အေးအေးဆေးဆေး စကားမပြောနိုင်ဘူး၊ ဒီတော့ ဦးတို့နဲ့ နေ့လယ်စာ လိုက်စားပါလား"

ကိုစောနိုင်သည် ဦးကြီးငွေ၏ ဖိတ်ခေါ်ချက်ကို ငြင်းပယ်မည် ကြံစည်သည်။ သို့ရာတွင် မျက်ရည်မဝဲတဝဲနှင့် ရှယ်လီသည် သူ့အား မျှော်လင့်ကြီးစွာဖြင့် ကြည့်နေရှာ၏။

ကိုစောနိုင်သည် သက်ပြင်း ရှိုက်လိုက်ပြီး သဘောတူရ၏။

"ကျေးဇူးတင်ပါတယ်ဦး…၊ ဦးနဲ့ရှယ်လီရဲ့ ဖိတ်ခေါ်ချက်ကို ကျွန်တော် လက်ခံပါတယ်"

အားလုံး နေရာမှ ထ၍ လိုက်လာကြသည်။

သူတို့ ထွက်လာကြသောအခါ အခန်းကျယ်အတွင်းမှ တီးမှုတ်နေသူ အားလုံး ရပ်သွားသဖြင့် ငြိမ်သက် တိတ်ဆိတ်သွားသည်။

ထို တိတ်ဆိတ်နေသော ငြိမ်သက်ခြင်းကို မမျှော်လင့်သော အသံတစ်ခုက ဖျက်ဆီးပစ်လိုက်သည်။

စတူဒီယို၏တံခါးသည် ရုတ်တရက် ပွင့်လာပြီး၊ ဝုန်းခနဲ ပြန်ပိတ်သွား၏။ ပြန်ပတ်သွားသော တံခါးရွက်ကို နောက်ခံထားပြီး မယ်ဒလင် တစ်လုံးကို ပိုက်လျက်နှင့် လူငယ်တစ်ဦးက ရပ်နေ၏။

သူဌေး၏နောက်ပါး၌ ယို့ယို့လိုက်လာသော ကိုဘသာသည် မျက်လုံးပြူး သွား၏။ သူသည် ရှေ့သို့ တိုးထွက်လိုက်ပြီး လူငယ်အား ရင်ဆိုင်သည်။

"ဟေ့ကောင် မိုးလှိုင်၊ မင်း ဘာလာ လုပ်တာလဲ"

မိုးလှိုင်က ခပ်မဲ့မဲ့ ပြုံးပြီး ဖြေသည်။

"ခင်ဗျားရဲ့ သူဌေးနဲ့ တွေ့ချင်လို့ဗျ"

"ဘာ…သူဌေးနဲ့ တွေ့ချင်လို့"

www.foreverspace.com.mm

"ဟုတ်တယ်၊ အခု ခင်ဗျားတို့အထဲမှာ သူဌေးက ဘယ်သူလဲ"

မိုးလှိုင်၏ စကားသံသည် တင်းမာနေ၏။ မျက်မှန်အောက်မှာ သူ့မျက်လုံးများကလည်း မီးဝင်းဝင်းတောက်နေသည်။ သူ့အမူအရာမှာ မယ်ဒလင်ကိုင်ဝင်လာသည်ထက် သေနတ်ကိုင်လျက် ဝင်လာပုံ ပေါ်နေသည်။

ကိုဘသာသည် ပြူးတိပြူးကြောင်နှင့် မိုးလှိုင်ကို ကြည့်သည်၊ ဦးကြီးငွေကို ကြည့်လိုက်နှင့် အတူတူ ယောင်ချာချာ ဖြစ်နေ၏။

ဦးကြီးငွေက မိုးလှိုင်ကို မျက်နှာထားတင်းတင်းဖြင့် မျက်စိများကို မှေးကြည့်လိုက်ပြီး ဆိုသည်။

"မင်းက သူဌေးနဲ့ တွေ့ချင်လို့ ဟုတ်လား၊ အေး…ငါ သူဌေးပဲ၊ မင်း ဘာပြောချင်လို့လဲ"

"မိုးလှိုင်ကလည်း မထီတထီဖြင့် ပြန်ကြည့်ပြီး ဖြေသည်။"

"သြော်…ဦးက သူဌေးမင်းကို…ဒါဖြင့် မေးပါရစေ၊ ဦးတို့ဟာ ဦးတို့ ခြံထဲကို ခေါ်ခေါ်ပြီး အနုပညာသမားတွေကို စော်ကားနေတာ ဘယ်လောက်ကြာပြီလဲ ခင်ဗျာ"

ဦးကြီးငွေ၏ ခန္ဓာကိုယ်ကြီး တစ်ခုလုံးသည် မိုးကြိုးပစ် ခံရသည့်ဟန် တုန်ယင် လှုပ်ရှားသွားသည်။ သူသည် ဒေါသတကြီးဖြင့် ကိုဘသာဘက်သို့ လှည့်ကြည့်၏။

"ဟေ့…မောင်ဘသာ၊ ဒီကောင်ဟာ မင်းအသိလား၊ မိုက်ရိုင်းလှချည်လား၊ ဆွဲထုတ်ပစ်လိုက်စမ်း"

ကိုဘသာသည် မလှုပ်။ သူဌေးကို တစ်လှည့်၊ မိုးလှိုင်ကိုတစ်လှည့် ကြံရာမရဟန် ကြည့်နေ၏။

မိုးလှိုင်သည် သူ့မယ်ဒလင်ကို လက်နက်တစ်ခုပမာ ထိပ်ဖျားမှ လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ကြိမ်းဝါးသည်။

"လာဝံ့ လာစမ်း ကိုကြက်ခေါင်းကြီး၊ ခင်ဗျား ခေါင်းကို ရိုက်ခွဲပစ်မယ်၊ ကျုပ်နာမည် မိုးလှိုင်တဲ့၊ မဟုတ်တာကို ဘယ်တော့မှ မခံဘူး"

ကိုဘသာမှာ နေရာမှ မရွေ့။ ဒါရိုက်တာ ဦးယဉ်နကသာ ဒေါသတကြီး ရှေ့သို့ ထွက်သွား၏။

"အောင်မယ်…လူပါးဝလိုက်တဲ့ ခွေးမသားလေး၊ မင်းက ဘာလုပ်ချင်သလဲ"

www.foreverspace.com.mm

မိုးလှိုင်သည် သူ့မယ်ဒလင်ကို လွှဲရိုက်ရန် အဆင်သင့် ပြင်ထားသည်။ ထိုအခါ ဒါရိုက်တာကြီးမှာ ခြေလှမ်း တုံ့သွား၏။

အားလုံး မှင်တက်မိစွာ ငြိမ်နေခိုက် ကိုစောနိုင်သည် ရှေ့သို့ ထွက်လာသည်။ သူသည် မိုးလှိုင်နှင့် ဦးယဉ်နုကြားတွင် ရပ်လိုက်ပြီး မိုးလှိုင်အား သဘောကျစွာ ပြုံးကြည့်သည်။

မိုးလှိုင်သည် သူ့အား တစ်ချက် ပြန်စိုက်ကြည့်သည်။ ထို့နောက် ပခုံးထက်မ,ကာ ရွယ်ထားသော မယ်ဒလင်ကို ဖြည်းညှင်းစွာ ပြန်ချသည်။

ကိုစောနိုင်သည် ဦးကြီးငွေအား လှမ်းလှည့်ကြည့်ပြီး ဆို၏။

"ဒီသူငယ်ဟာ တစ်ခုခုကို မခံချင်ဖြစ်ပြီး ပြောချင်တာနဲ့ တူတယ်၊ သူ့ကို ပြောပါစေ ဦး"

ဦးကြီးငွေသည် ကိုစောနိုင်အား ဆက်ခနဲမော့ကြည့်လိုက်သည်။ ဤအကြိမ်တွင်မူ သူ့မျက်နှာကြီးသည် ရဲရဲနီ၍ တင်းမာနေ၏။

"မောင်စောနိုင်ဟာ ဦးတို့ဆီ လာလည်တဲ့ လူကြီးလူကောင်း တစ်ယောက်လို့ ဦးမှတ်ယူထားတယ်၊ ဟောဒီ…အကောင်က ဦးရဲ့ ပိုင်နက်ထဲ ဝင်လာပြီး စော်ကားမော်ကား လုပ်နေတဲ့ အကောင်ပဲ၊ ပြီးတော့ မောင်စောနိုင်နဲ့ ဦးတို့ အရှည်သဖြင့် ဆက်လက်မိတ်ဆွေ ဖြစ်နေချင်သေးရင် မောင်စောနိုင် ဒီသူငယ် ဘက်ကဘာမှ ဝင်ရှေ့နေမလိုက်ပါနဲ့ ဦး မေတ္တာရပ်ခံချင်တယ်"

ကိုစောနိုင်၏ ကိုယ်သည် မတ်သွား၏။ သူသည် ဦးကြီးငွေအား စူးရှစွာ အတန်ကြာ စိုက်ကြည့်နေပြီးနောက် ရယ်သည်။

အစသော်… သရော်၍ ရယ်သံဖြစ်၏။ ထို့နောက် ဟက်ဟက် ပက်ပက် အတောမသတ်အောင် ရယ်သည်။ ရယ်၍ ဆုံးသောအခါ သူ့မျက်နှာသည် ခက်ထန်လာ၏။

"ဒီမှာ ဦးကြီးငွေ…ခင်ဗျားတို့နဲ့ ကျွန်တော်နဲ့ ဆက်လက်ပြီး အရှည်သဖြင့် မိတ်ဆွေဖြစ်ဖို့ ကျွန်တော် မမျှော်မှန်းတော့ဘူး၊ ဟောဒီ သူငယ်ဘက်ကလည်း ကျွန်တော် ဘာမှ ရှေ့နေလိုက်ဖို့ မလိုဘူး၊ ဘာဖြစ်လို့လဲဆိုတော့…ဒီသူငယ် ဘာအစော်ကားခံထားရတယ်ဆိုတာကို ကျွန်တော် မသိဘူး၊ ကျွန်တော် သိတာကတော့ ခင်ဗျားတို့ ကျွန်တော့်ကို ကောင်းကောင်းစော်ကားခဲ့ပြီးပြီ ဆိုတာပဲ။ ဒီတော့ ကျွန်တော် သွားမယ်၊ ဩော်…ရှယ်လီရေ အစ်ကိုစောနိုင် ပြန်ပါဦးမယ်"

ကိုစောနိုင်က ချာခနဲလှည့်၍ တံခါးကို ဖွင့်ထွက်လိုက်၏။ သူ့နောက်ပါးမှ ကပ်၍ မိုးလှိုင်ပါလာသည်။

နှစ်ဦးသားသည် ကားဆီသို့ ရောက်ခဲ့၏။

"အဲ…ဒီက ညီ နာမည်က မိုးလှိုင် ထင်တယ်၊ ဟုတ်လား"

"ဟုတ်တယ်ဗျ၊ ကျွန်တော့်နာမည် မိုးလှိုင်တဲ့"

"ကဲ…မိုးလှိုင်ရေ၊ ကျွန်တော့်ကားပေါ် တက်လိုက်ခဲ့၊ ခင်ဗျားကို ကျွန်တော် သဘောကျသွားပြီ၊ ဒီ မဟုတ်တယုတ်ခြံကြီးထဲက မြန်မြန်ထွက်သွားကြရအောင်"

ကားတံခါးကိုဖွင့်၍ ကိုစောနိုင်က ဒရိုင်ဘာ ထိုင်ခုံတွင် ဝင်ထိုင်သည်။ မိုးလှိုင်ကလည်း ဘာစကားမျှ ဆက်မရှည်တော့ဘဲ ကား၏ အခြားဘက်တံခါးကို ဖွင့်၍ သူ့ဘေး၌ ဝင်ထိုင်သည်။

ကားသည် အရှိန်ပြင်းပြင်းနှင့် ရတီမှန် ခြံကြီးအတွင်းမှ ထွက်လာခဲ့သည်။

သူတို့ကား ထွက်သွားရာကို ငေးမျှော်ကြည့်ရင်း သနားဖွယ်ရာ ကျန်ရစ်သော ရတီမှန် ခြံကြီးရှင် သမီးအလှကိုမူ သူတို့နှစ်ဦးလုံးသတိပြုနိုင်ခဲ့သည် မဟုတ်။

ခြံကြီး၏အပြင်သို့ရောက်မှ ကိုစောနိုင်က မိုးလှိုင်ကို မေးသည်။

"ခင်ဗျားကို ကျွန်တော် ဘယ်လိုက်ပို့ပေးရမလဲ"

"ဒီလမ်းပေါ်မှာ ပထမဆုံးတွေ့တဲ့ ထမင်းဆိုင် တစ်ဆိုင်မှာ ရပ်ပေးပါဗျာ"

ကိုစောနိုင်သည် ကားစတီယာရင်ကို ထိန်းရင်း မိုးလှိုင်ကို လှည့်ကြည့်၏။

"ထမင်းဆိုင်…ဟုတ်လား၊ ဒီလမ်းပေါ်မှာ ဘယ်ထမင်းဆိုင် ရှိမလဲဗျ"

"ဒါဖြင့်ရင် ခင်ဗျား ဘယ်ပြန်မလို့လဲ"

"ကျွန်တော် အိမ်က ပြည်လမ်းမှာ"

"ဒီလိုဆိုရင် မရမ်းကုန်းဘက်ကည လှည့်မောင်းဗျာ၊ အဲဒီနေရာမှာ ထမင်းဆိုင်လေး ဘာလေးရှိတတ်ပါတယ်၊ အဲဒီမှာ ကျွန်တော့်ကို ချထားခဲ့ပေါ့"

ကိုစောနိုင်သည် ခေါင်းညိတ်လိုက်ပြီး မရမ်းကုန်းဆီသို့ ရှေ့ရှုမောင်းသည်။

ခရီး အတန်ပေါက်မှ ကိုစောနိုင်က မေးပြန်၏။

"ခင်ဗျား သိပ်ဆာနေတယ် ထင်တယ်၊ ထမင်းမစားရသေးဘူးလား"

မိုးလှိုင်က မဲ့ပြုံးပြုံး၍ ဆိုသည်။

"ထမင်း မပြောနဲ့၊ ရေတောင် မသောက်ရသေးဘူး၊ ကျွန်တော်က

www.foreverspace.com.mm

ဟောဒီ ခြံကြီးထဲ မနက်ရှစ်နာရီကတည်းက ရောက်နေတာ”

“ခင်ဗျား ဒီခြံထဲ ဘာလာလုပ်တာလဲ”

“ဟို ခွေးမသား ဘသာကြီးက ခေါ်လို့ အဟုတ်မှတ်ပြီး လိုက်လာခဲ့တာ၊ တော်ပါဗျာ…မပြောချင်ပါဘူး”

ကိုစောနိုင်သည် မိုးလှိုင်ကို ကြည့်မိပြန်၏။ မိုးလှိုင်၏ မျက်နှာက မှုန်မှိုင်းနေ၏။ ဒေါသလည်း ပြေပြန် မတူသေး။ ထမင်းဆာခြင်းနှင့် ဒေါသ ပေါင်းမိသော် မည်သို့ခံစားရမှန်း ကိုစောနိုင် နားလည်သည်။

“ဒါဖြင့် ဒီလိုလုပ်ဗျာ၊ ကျွန်တော့်အိမ် လိုက်ခဲ့၊ ကျွန်တော်အိမ်မှာတော့ ခင်ဗျားကို ထမင်းဆိုင်မှာထက် ပိုပြီး ကောင်းကောင်း ကျွေးနိုင်လိမ့်မယ်ထင်တယ်”

မိုးလှိုင်သည် ကိုစောနိုင်အား အကဲခတ်ဟန် တစ်ချက် စူးစိုက်ကြည့်၏။ ထို့နောက် ပထမဦးစွာ ရယ်လိုက်ပြီးဆို၏။

“သဘောပဲဗျာ၊ အခုနေတော့ ကျွန်တော်က ထမင်း ကောင်းကောင်း စားရရင် ကျေနပ်ပြီပဲ”

ကိုစောနိုင်ကလည်း ကျေနပ်ဝမ်းသာစွာ ပြုံးလိုက်ပြီး ကားကို ဆက်မောင်းသည်။ မရမ်းကုန်း၌ မရပ်ဘဲ ပြည်လမ်းအတိုင်း ဆက်လာခဲ့၏။

အိမ်သို့ ရောက်သောအခါ ကိုစောနိုင်သည် မိုးလှိုင်အား ဧည့်ခန်း၌ ထိုင်ခိုင်းသည်။ သူကမူ မီးဖိုချောင်ဘက် သွားသည်။ အဆင်သင့် တွေ့ရသော အိမ်ဖော် မိန်းကလေးအား မေး၏။

“ဟဲ့ ခင်လှ၊ မမေငြိမ်းရော”

“မမကြီး မြို့ထဲ ထွက်သွားတယ်၊ ဘုန်းကြီးလမ်း ကုန်တိုက်ကို သွားတယ် ထင်တယ် အစ်ကိုလေး”

“အေး…ဒါဖြင့် ထမင်းခူးစမ်းဟာ၊ တစ်ယောက်စာပဲနော်၊ မြန်မြန်၊ အစ်ကိုလေးအတွက်တော့ ကော်ဖီခါးခါး နို့မထည့်ဘဲ ဖျော်ခဲ့”

“ဟုတ်ကဲ့ အစ်ကိုလေး”

ကိုစောနိုင်သည် ဧည့်ခန်းဆီသို့ ပြန်ထွက်လာသည်။

မိုးလှိုင်ကို မူလကထိုင်နေသော ကုလားထိုင်ထက်တွင်မတွေ့။ သူသည် ပီယာနိုကြီးဘေး၌ရပ်လျက်ရှိ၏။ သူ့မျက်လုံးများက ပီယာနို ထပ်ဦးပေါ်၌ တင်ထားသော မှန်စီရွှေချ ဓာတ်ပုံဘောင်တစ်လက်ကို ငေးကြည့်နေသည်။

ကိုစောနိုင်၏ ခြေသံကို ကြားသောအခါ မိုးလှိုင်သည် လှည့်ကြည့်ပြီး

www.foreverspace.com.mm

မေး၏။

"ဒီစောင်း ဘယ်သူ တီးသလဲ"

"ကျွန်တော် တီးပါတယ် ကိုမိုးလှိုင်"

"ပီယာနိုကော"

"ကျွန်တော်ပဲ တီးပါတယ်"

မိုးလှိုင်၏မျက်နှာသည် ကြည်ရွှင်သွားသည်။ မေးသော အသံမှာလည်း ပျော့ပျောင်းနေ၏။

"ခင်ဗျားဟာ ဂီတသမားတစ်ဦးလား၊ ကို…အဲ…ကိုစောနိုင်၊ ခင်ဗျား နာမည် ကိုစောနိုင် ဟုတ်တယ် မဟုတ်လား"

ကိုစောနိုင်သည် ပြုံးလျက် ခေါင်းညိတ်ပြီး ဝန်ခံ၏။

"ဟုတ်တယ် ကျွန်တော့်နာမည် စောနိုင်ပဲ၊ ခင်ဗျား ဘယ်လိုလုပ် သိသလဲ"

မိုးလှိုင်သည် အားရပါးရပြုံးသည်။ ဤသို့ ပြုံးသောအခါ သူ့မျက်နှာလေးသည် နုနယ် ဝင်းပသွားသည်။

"မဆန်းပါဘူး၊ ကိုစောနိုင်ရာ…ခင်ဗျားနာမည်ကို ကိုစောနိုင်လို့ ဟို ကောင်မလေးခေါ်တာ၊ ညောင်ပိန္နဲပင်ကြီးအောက်မှာ ကျွန်တော် ကြားမိပြီးပြီပဲ ဟဲဟဲ"

ကိုစောနိုင်သည် မိုးလှိုင်၏ မှတ်သားဉာဏ်ကို ချီးမွမ်းမိ၏။ ထို့ထက် သူ၏ လွတ်လပ်ရဲရင့်သော အမူအရာ၊ ပြောဟန်ဆိုဟန်များကို နှစ်သက်မိသည်။

မိုးလှိုင်က ဆက်မေးပြန်၏။

"ခင်ဗျားဟာ အပျော်တမ်း ဂီတသမားတစ်ဦးထင်တယ်…၊ ဟုတ် သလား"

ကိုစောနိုင်၏ မျက်နှာသည် ရုတ်တရက် တည်ကြည် တင်းမာသွားသည်။

"ဂီတနဲ့ အနုပညာ နယ်ပယ်မှာ အပျော်တမ်းဆိုတဲ့ စကားလောက် အဓိပ္ပာယ်မဲ့တာ မရှိဘူး၊ ဂီတနဲ့ အနုပညာဆိုတာဟာ အပျင်းဖြေ အပျော်တမ်း လုပ်စရာ ပညာမျိုး မဟုတ်ဘူး၊ သတ္တိရှိတဲ့ လူတွေမှ၊ အသက်မွေးဝမ်းကျောင်း အဖြစ် လိုက်စားရဲတဲ့ ပညာပါ ကိုမိုးလှိုင်"

မိုးလှိုင်သည် ပါးစပ်ကလေးဟကာ ကိုစောနိုင်အား တအံ့တသြကြည့်ရှာ သည်။ ဘာမျှတော့ ဆက်မပြောနိုင်။

www.foreverspace.com.mm

ထိုစဉ် ခင်လှ ထွက်ပေါ်လာ၍ ထမင်းရှုပြီးကြောင်း သတင်းပို့၏။

"လာ…ကိုမိုးလှိုင် ခင်ဗျား ဆာရော့မယ်"

ကိုစောနိုင်က မိုးလှိုင်ကို ထမင်းစားခန်းဆီသို့ ခေါ်ဆောင်သွား၏။ ထမင်းစားပွဲ၌ ထိုင်မိလျှင်ထိုင်မိချင်း မိုးလှိုင်သည် ရှက်ကြောက်အားနာခြင်း မရှိဘဲ အားရပါးရ ထိုင်လွေးတော့၏။

မိုးလှိုင် စားသောက်နေသည်ကို ကိုစောနိုင်သည် ကော်ဖီသောက်ရင်း ကြည့်နေမိသည်။

"ဒါထက် ကိုမိုးလှိုင်၊ ဟိုခြံထဲကို မနက် ရှစ်နာရီကတည်းက ခင်ဗျား ဘာလာလုပ်နေတာလဲ"

မိုးလှိုင်သည် ပါးစပ်တွင်းသို့ သွတ်တော့မည့် ထမင်းလုတ်ကို ပြန်ချကာ ရှင်းပြ၏။

"ကိုဘာသာ ဆိုတဲ့လူ နှိပ်စက်တာပေါ့ ကိုစောနိုင်ရာ၊ ကျွန်တော်က မန္တလေးကဗျ သိလား"

"ဆိုပါဦး"

"ကျွန်တော့်အလုပ်က အလယ်တန်း ကျောင်းဆရာတစ်ဦးပဲ၊ ကျောင်းပိတ်ရက်အတွင်း ရန်ကုန်ဆင်းလာတော့ ကိုဘသာကြီးနဲ့တွေ့တယ်၊ ကျွန်တော် ဂီတပညာကို လိုက်စားကြောင်း၊ အထူးသဖြင့်…အဆို ဝါသနာပါကြောင်းကို ကိုဘသာကြီးသိတယ်၊ ဘာကြောင့်လဲဆိုတော့ ဘသာကြီးက မန္တလေးသားဗျ၊ မန္တလေးမှာ မဟာဂီတအဖွဲ့ ဆိုတာရှိတယ်၊ ကျွန်တော်က အဖွဲ့ဝင် တစ်ဦးပဲ၊ ဒီတုန်းက ဘသာကြီးကို ကျွန်တော် တတ်သရွေ့ မှတ်သရွေ့ သင်ပေးလိုက်ရသေးတယ်၊ အခုတော့ သူက လက်ထောက် ဒါရိုက်တာဆိုလား ဘာလား မသိပါဘူးဗျာ၊ အဲ…သူတို့ အခု ရိုက်နေတဲ့ကားမှာ ကျွန်တော့်ကို သီချင်းဝင်ဆို ပေးဖို့ တောင်းပန်တယ်၊ ကျွန်တော်ကလည်း လမ်းသွားရင်းဟန်လွှဲ ဝင်လုပ်မယ် စိတ်ကူးတာပေါ့၊ ရှင်းရှင်းပြောရရင် နာမည်လေးရလဲ မနည်းဘူးပေါ့၊ အဲဒါ ဘသာကြီးက ခြံထဲ မနက်ရှစ်နာရီအရောက်လာရမယ် ဆိုလို့ ကျွန်တော် လာခဲ့ရတယ်၊ ကျွန်တော်အကျင့်က သီချင်းဆိုတော့မယ်ကြံရင် ဘာမှ စားသွားလေ့ မရှိဘူး၊ ဗိုက်ရှပ်မှ အော်လို့ကောင်းတယ်ဗျ၊ ဘသားကြီးက ပြောတော့ ချက်ချင်းပဲ အသံသွင်းတော့မလိုနဲ့၊ ကျွန်တော် စောင့်လိုက်ရတာ၊ ကျန်တာတွေကတော့

www.foreverspace.com.mm

ခင်ဖျားမြင်တဲ့အတိုင်းပဲ”

မိုးလှိုင်သည် စကားအဆုံးသတ်ပြီး ထမင်းဆက်စားသည်။

ကိုစောနိုင်က ရင်ထုမနာဖြင့် သူ့ကို ကြည့်သည်။ သူက ထမင်းကို အားရပါးရ ဆက်စားပြီး လက်စသတ်လိုက်၏။ ရေတစ်ခွက်သောက် လက်သုတ်ပြီးမှ မေးသည်။

“ကျွန်တော်အကြောင်းတော့ ပြောပြီးပြီ၊ ခင်ဖျားအကြောင်းလည်း ပြောဦးဗျာ၊ ခင်ဖျားနာမည်က ကိုစောနိုင် ဆိုတာကတော့ သိပြီ၊ ဒါပေမဲ့ ခင်ဖျား ဘယ်သူလဲ”

ကိုစောနိုင် အတန်ကြာစွာ စဉ်းစားသည်။ နောက်ဆုံးတွင်မူ သူ့ကိုယ်သူ မည်သူဖြစ်ကြောင်း ပြောပြသည်။

“ခင်ဖျားလိုပဲ ကျွန်တော်ဟာ ဂီတကို မြတ်နိုးသူ တစ်ဦးပါ ကိုမိုးလှိုင် ဂီတကိုမြတ်နိုးလွန်းလို့ ငယ်ငယ်ကတည်းက မြန်မာသီချင်းကြီး သီချင်းခန့်တွေကို ကျွတ်အောင် သင်ခဲ့ရတယ်၊ ပြီးတော့ အနောက်နိုင်ငံမှာ သွားပြီး ဂီတဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့ကို ယူခဲ့တယ်၊ ကျွန်တော် ပြန်ရောက်လာတာ မကြာသေးဘူး၊ ရက်ပိုင်းပဲ ရှိသေးတယ်၊ ကျွန်တော့်ဦးလေးက ရတီမှန်၊ ရုပ်ရှင်ကုမ္ပဏီမှာ အစုရှယ်ယာဝင် တစ်ဦးပေါ့၊ ဦးလေးက ညွှန်ကြားလို့ သူတို့နဲ့ ကျွန်တော် သွား တွေ့တာပဲ၊ ဒါပေမဲ့ ကျန်တာကတော့ ခင်ဖျား ပြောသလိုပဲ၊ ခင်ဖျားမြင်တဲ့ အတိုင်းပေါ့၊ သူတို့ဟာ ကျွန်တော်ဘဝမှာ တွေ့ခဲ့သမျှအနက် စိတ်ပျက်စရာ အကောင်းဆုံး လူတွေပဲ၊ ဘယ့်နှယ့်ဗျာ၊ အင်္ဂလိပ် ဓာတ်ပြားထဲက ခိုးချပြီး ကျွန်တော့်ကို သီချင်းစပ်ခိုင်းတယ်၊ ကျွန်တော်နဲ့ ဘုကျပြီး ထွက်အလာ ခင်ဖျားနဲ့ ဝင်တိုးတာပဲ”

မိုးလှိုင်သည် ကိုစောနိုင်ကို လေးစားစွာ ကြည့်သည်။

“ကိုစောနိုင် ဒီလောက် ပညာတွေတတ်ပြီး၊ ဒီအခြေအနေ ရှိလျက်သားနဲ့ ဒီလူတွေရဲ့ ခြံထဲ ဘာကြောင့် သွားရတာလဲ”

“ခက်တယ် ကိုမိုးလှိုင်၊ ပညာတစ်ခုကို တတ်ပြီးမှတော့ ထိုင်မနေချင်ဘူး၊ တစ်ခုခုလုပ်လို့ ဖြစ်မလားလို့ သူတို့နဲ့ သွားတွေ့တာပဲ ထားပါတော့လေ၊ ခင်ဖျားကရော သူတို့နဲ့ ဘာကြောင့် သွားတွေ့ရတာလဲ”

“ခင်ဖျား ပြောသလိုပဲပေါ့၊ ပညာတစ်ခုကို တတ်ပြီးမှတော့ ထိုင်မနေ ချင်လှဘူး၊ တစ်ခုခု ဖြစ်မလားလို့ သူတို့နဲ့ ကျွန်တော် သွားတွေ့တာပဲ၊

www.foreverspace.com.mm

အပြီးသတ်ကျတော့ ဟုတ်တာတွေ တစ်ခုမှ ဖြစ်မလာဘူး၊ မဟုတ်တာတွေချည်းပဲ လျှောက်ဖြစ်ခဲ့တယ်၊ စင်စစ်တော့လဲ မြတ်စွာဘုရားသခင် ကယ်တော်မူတာပဲ ပေါ့ဗျာ၊ ခင်ဗျားနဲ့ တွေ့ရတာ အမြတ်ပေါ့၊ ခင်ဗျားတို့ ကျွန်တော်တို့ကတော့ သူတို့နဲ့ ပေါင်းလို့ရမှာ မဟုတ်ပါဘူး၊ သူတို့က ကားတစ်ကား ရိုက်မယ်ဆိုရင် အင်္ဂလိပ်ကား အမေရိကန်ကား နောက်ဆုံးဗျာ ကုလားကားကစပြီး ခိုးချတယ်၊ ဇာတ်လမ်းတွေ ခိုးချရုံမကဘူး၊ ဂီတတွေပါ ခိုးချတယ်၊ ဆီလျော်တာ မဆီလျော်တာ မတွေးကြဘူး၊ ဘာကြောင့်လဲဆိုတော့ သူတို့က အမြတ်ရဲ့ကျေးကျွန်တွေ၊ ငွေမြတ်ရင် ဘာမဆို လုပ်မယ့်လူတွေ၊ ဒီတော့ ကျွန်တော်တို့နဲ့ ဘယ်ပေါင်းလို့ရမလဲ၊ ကျွန်တော်တို့ကတော့ သစ္စာဝန်ထမ်းတွေ၊ ယုံကြည်မှုရဲ့ သစ္စာဝန်ထမ်းတွေပေမို့ဗျာ၊ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေကြတာပေါ့"

ကိုစောနိုင်သည် မိုးလှိုင်၏စကားကို သဘောကျစွာရယ်ပြီး နေရာမှ ထသဖြင့် မိုးလှိုင်လည်း ထိုနည်းအတူပြုသည်။

နှစ်ဦးသားသည် ဧည့်ခန်းဆီသို့ ပြန်လာကြသည်။

မိုးလှိုင်ကစ၍ စိန်ခေါ်သည်။

"ကျွန်တော် ဗိုက်ပြည့်နေရင် သီချင်းဆိုလေ့ မရှိဘူး၊ ဒါပေမဲ့ ဆိုကြရအောင်ဗျာ၊ ခင်ဗျား ပီယာနို တီးမလား"

"ကောင်းသားပဲ ကိုမိုးလှိုင်၊ ကျွန်တော်လည်း အခုထိ စိတ်တိုင်းကျ ဆိုသမားနဲ့ မတီးရသေးဘူး၊ ဒါထက် ကျွန်တော် ဘာတီးရမှာလဲ"

မိုးလှိုင်သည် ပီယာနို ခုံပေါ်မှ စည်းကို ကောက်ကိုင်လိုက်ပြီးဆို၏။

"ခင်ဗျား တီးချင်တာကို ကြိုက်သလို တီး၊ ကျွန်တော် ဆိုမယ်"

မိုးလှိုင်၏စကားကြောင့် ကိုစောနိုင် ကျေနပ်သွားသည်။

ကိုစောနိုင်သည် ပီယာနို ခလုတ်အံဖုံးကို ဖွင့်၍ ထိုင်ရင်း ဆိုသည်။

"ကျွန်တော် အထူးထူး တီးမယ်ဗျာ၊ ဘယ့်နှယ့်လဲ"

မိုးလှိုင်က ခေါင်းညိတ်၏။

ကိုစောနိုင်သည် အထူးထူး ပတ်ပျိုးကြီးကို တီးသည်။ အများ ပီယာနို တီးကြသော တီးရိုးတီးစဉ် မဟုတ်ဘဲ အောက်ပြန်သံစစ်အောင် ပီယာနို အနက်ခလုတ်များကို သုံး၍တီးသည်။ သူ့ညာလက်က မယ်လိုဒီခေါ် တေးကွက် မိအောင် တီးနေသကဲ့သို့ ဘယ်လက်က စည်းဝါး မိစေသည့်မှတစ်ပါး ဟာမိုနီ မိတ်သံများကို ကွန့်ထွင်၍ တီးသည်။

www.foreverspace.com.mm

မိုးလှိုင်သည် စည်းကို ကိုင်ရင်း ဣန္ဒြေမပျက်ဘဲ သီချင်းကို သက်သက် သာသာနှင့် ဆို၏။

မိုးလှိုင်၏အသံသည် ကြည်လင်သမျှ အသက်ဝင် ရွှန်းမြ၏။

တီးသူက ပညာကုန် လွှတ်တီးသမျှ ဆိုသူက ညက်ညောစွာ ခံစားမှု အပြည့်နှင့် ဆိုနိုင်၏။

သီချင်းဆုံးသောအခါ ကိုစောနိုင်နှင့်မိုးလှိုင်သည် တစ်ဦးလက်ကို တစ်ဦး ဆုပ်ပြီး အားရပါးရ လှုပ်ယမ်းလိုက်ကြသည်။

ညနေစောင်း၌ ကိုစောနိုင်သည် မိုးလှိုင်အား သူတည်းရာ ကျောက်မြောင်း သြဘာလမ်းသို့ လိုက်ပို့ပေးသည်။ ထိုအချိန်၌ သူတို့နှစ်ဦးသည် ရင်းနှီးသော မိတ်ဆွေများ ဖြစ်ခဲ့ပြီတည်း။

ခွဲခွာကာနီး၌ မိုးလှိုင်က ဆိုသည်။

"ကိုစောနိုင်နဲ့ ကျွန်တော် တွေ့ရတာ နောက်ကျသွားတယ်၊ ကျွန်တော်က နက်ဖြန် ပြန်တော့မှာ၊ ခင်ဗျား မန္တလေးရောက်တဲ့အခါ ကျွန်တော့်ဆီ လာပါ၊ ကျွန်တော် တမ္ပဝတီမှာနေတယ်၊ တမ္ပဝတီရောက်ရင် ကျောင်းဆရာ မိုးလှိုင်ကို တွေ့ချင်တယ်လို့ ပြောပါဗျာ၊ လူတိုင်း ကျွန်တော့်ကို သိပါတယ်"

ကိုစောနိုင်သည် မိုးလှိုင်၏ ဖိတ်ကြားချက်ကို ကြည်နူးဝမ်းသာစွာ လက်ခံပြီး ပြန်လာခဲ့သည်။

ကားကို မောင်း၍လာစဉ် မိုးလှိုင်၏ စကားတစ်လုံးက သူ့နား၌ပဲ့တင်ထပ် နေ၏။

"ကျွန်တော်တို့ကတော့ သစ္စာဝန်ထမ်းတွေ"

ကိုစောနိုင်သည် သူကိုယ်တိုင်ပင် အမျိုးအမည်မသိသော အပြုံးတစ်ရပ်ကို ပြုံးမိ၏။

"သစ္စာဝန်ထမ်း"

သစ္စာဝန်ထမ်းဘဝသည် မေတ္တာစေကျွန်အဖြစ်နှင့် စာလျှင်မူ စိတ်နှလုံး ချမ်းမြေ့ဖွယ်ရာ ရှိအံ့ဟု ထင်မိလေသည်တကား။

❐ ❐ ❐

www.foreverspace.com.mm

## ၉။ မြစိမ်းပင်တိုင်နန်းသူ

မေလသည် တစ်ဝက်ကျိုး၍ မုတ်သုန်ရာသီ မင်းမူစပြုနေ၏။ တိမ်မည်းဆင်လျက် မိုးလျှင် တစ်ပေါက် နှစ်ပေါက်ကျစ တစ်ညနေတွင် ဖီးယက်ကားလေးတစ်စီးသည် ပြည်လမ်း အိမ်ခြံအတွင်းသို့ မောင်းဝင်လာသည်။

ကားပေါ်မှ ရှယ်လီ ဆင်းလာသည်။

မဝံ့မရဲနှင့် ရှယ်လီ အိမ်တွင်းသို့ ဝင်လိုက်၏။

အိမ်တွင်း၌ လူသူတစ်စုံတစ်ယောက်ကိုမျှ မတွေ့။ ခပ်အုပ်အုပ်တိုးညင်ညင်တီးအပ်သော ပီယာနိုသံကိုမူ ကြားရ၏။

ရှယ်လီသည် ခြေဖျားကလေး ထောက်လျက် ဧည့်ခန်းဆီသို့ လျှောက်သွားသည်။

ဧည့်ခန်းဝမှ လှမ်းမျှော်ကြည့်လိုက်သောအခါ မိမိထံ ကျောပေးလျက် ပီယာနိုခုံထက် တေးတစ်ပုဒ်ကို တိုးတိုးညည်းနေသော ကိုစောနိုင်အား တွေ့ရသည်။

"ရေဆုံး…မြေဆုံး…တောတောင်ကန္တာ အလုံး…တောတောင်ကန္တာ အလုံး၊ ပတ်ကုံး ဝိုက်ခွေ…"

ဂီတ စည်းနရီမှာ လေး၏။ ဆိုသံကလည်း ဆွေးဆွေးမြေ့မြေ့ နိုင်နေသည်။

"မေတ္တာစေကျွန်… သစ္စာဝန်ထမ်း… စခန်းအဆင့်ဆင့် ကမ္ဘာကုန်စေ၊ ဆောင်းနွေမိုးဆက်… နှစ်ရက်လများသက်လျော ကြိမ်ရေ…၊ မုန်းသူတစ်ယောက်လို ပုန်းပိုင်မြောက်တဲ့ တစ်ယောက်သောသူ… ခင့်ကိုသာ… ရှာဖွေ"

ကိုစောနိုင် သူ့သီချင်း၌ သူ နစ်မြုပ်နေဟန်ရှိသည်။ သူ့နောက်ပါး၌ ရောက်ကာ နားထောင်နေသူတစ်ဦး ရှိမှန်း သတိပြုမိပုံ မပေါ်။

ပီယာနို ခုံပေါ်ရှိ စောင်းကို နောက်ခံထားလျက် ငွေရောင်ဘောင်ကွပ်ထားသော ခြောက်လက်မ ဓာတ်ပုံတစ်ပုံရှိသည်။ အဝေးက ကြည့်နေရသည်

www.foreverspace.com.mm

ဖြစ်သော်လည်း ဓာတ်ပုံရှင်မှာ မိန်းမပျိုတစ်ဦး ဖြစ်မှန်း ရှယ်လီ သဲကွဲစွာ မြင်ရ၏။

ပီယာနိုသံက ပေါက်ကွဲသည့် ဒေါသဟန် လွှမ်းလာသည်။ ဆိုဟန်သည်လည်း ညည်းညူခြင်းမှ အသည်းနင့်နင့် ရန်တွေ့ဟန်သို့ ပြောင်းသွားသည်။

"ဘယ်ဆီ ရှောင်ရှား…ပဲ့ပြားရွှေကြိုး၊ လေယူ…ယိမ်း တိမ်းတဲ့ … မြစိမ်း ပင်တိုင်နန်းသူ၊ တစ်မူခြားခဲ့ပြီ၊ ဟင်…ထားနှမ…မုသား ဇကရီဆွေ … မုသား ဇကရီဆွေ"

ပီယာနို၏ ဘယ်သံတို့သည် ဘရိတ်လွှတ်တီးသဖြင့် ဆူညံကြိုးဝါးလျက် မြည်ဟည်းနေ၏။ ခဏတွင်မူ ဆူညံသံများ ရပ်သွားပြီး ကြည်လင်သော ညာသံများ တစ်လုံးချင်း သိမ်မွေ့စွာ ပေါ်လာ၏။

"တွေ…ဝေ… ယောင်မှား…ကာ…လှည့်စားချက် အသုံး… စကားကို…အဆုံးတရားပေလားလေ…၊ ယုံစားကိုးကွယ်…၊ နှလုံးသား စိတ်အားငယ်သူပေ…၊ သိလျက်နှင့်လေ…ချစ်ဝိပါက် ဆိုများဆိုစေ…၊ ကြယ်ကြွေကို လိုက်ကာ ကောက်သလို…၊ တစ်ယောက်သောသူ… ခင့်ကိုသာ… ရှာဖွေ"

ပီယာနိုသံသည် ရုတ်ခြည်းရပ်သွားသည်။ တေးလည်း ဆုံးသွား၏။

ကိုစောနိုင်သည် မလှုပ်မယှက် ခေတ္တ ရှိနေသည်။ နောက်တစ်ခဏ၌မူ ပီယာနို ခလုတ်များထက် မျက်နှာမှောက်ကျသွား၏။

အခန်းဝ၌ ငေးကြည့်နေသူ ရှယ်လီမှာလည်း ရင်နှလုံး တစ်ခုန်ခုန်ဖြင့် ငြိမ်ကြည့်နေမိသည်။ နောက်ဆုံး၌မူ သက်ပြင်းလေး ရှိုက်လိုက်ပြီး သူ့ထံသို့ သိမ်မွေ့ညင်သာစွာ လျှောက်သွားသည်။

သူကမူ အနီးသို့ ကပ်ရောက်လာသော ရှယ်လီအား သတိထားမိပုံမပေါ်။

ရှယ်လီ၏ မျက်လုံးများသည် ပီယာနိုခုံထက်မှ ဓာတ်ပုံဆီသို့ ရောက်သွား၏။

ဓာတ်ပုံကား နောက်ခံမှာ ပြာလဲ့သောရေပြင်နှင့် စိမ်းမြသော ထင်းရှူးတောတို့ဖြစ်၏။ ဤသဘာဝပန်းချီကို နောက်ခံပြုလျက် ဝင်းပစွာ ပြုံးနေသူမိန်းမပျို၏ အလှကို မိန်းမချင်းတန်မဲ့ ရှယ်လီသည် ချီးမွမ်းအံ့သြမိသည်။

ရှယ်လီမျက်နှာလေးသည် ပြုံးမဲ့မဲ့ ဖြစ်သွားလေသည်။ ခေါင်းကလေးကို အသာအယာ ခါယမ်းလိုက်ပြီး နေရာမှ ခွာ၍ ထွက်လာခဲ့သည်။ သို့ရာတွင်

www.foreverspace.com.mm

သုံးလေးလှမ်းခန့် လျှောက်ပြီးသောအခါ သမင်လည်ပြန် ကြည့်မိပြန်၏။

သူကမူ မလှုပ်လာသေး။

ရှယ်လီသည် သူ့ထံသို့ ပြန်လျှောက်လာသည်။

သူ့လေး၌ အသာရပ်လိုက်ပြီး သိမ်မွေ့နူးညံ့သော အသံကလေးဖြင့် ခေါ်သည်။

"အစ်ကိုစောနိုင်"

ကိုစောနိုင်၏ ကိုယ်သည် တုန်လှုပ်သွား၏။ ခေါင်းသည် မော့လာ၍ ရှယ်လီအား အံ့သြလှစွာ စိုက်ကြည့်သည်။

ဤမျက်လုံးများကို ရင်ဆိုင်ရင်း ရှယ်လီက ကြိုးစား၍ တောင်းပန်အားငယ်သော အပြုံးလေးကို ပြုံးပြသည်။

ကိုစောနိုင်၏ မျက်နှာသည် သတိပြန်ဝင်လာသူ တစ်ဦးကဲ့သို့ တည်ငြိမ်သွားပြီး မပြုံးမရယ်ဘဲ ခြောက်ကပ်စွာ မေးသည်။

"သြော်…ရှယ်လီကိုး…ဘာလာလုပ်တာလဲ"

ခြောက်ကပ်သော သူ့အသံကြောင့် ကြိုးစား ပြုံးထားရသော အားငယ်ပြုံးသည် ရှယ်လီ၏ မျက်နှာမှ လျှောကျသွားသည်။

ညှိုးနွမ်းသော အသွင်ဖြင့် ရှယ်လီသည် ပျော့ပျောင်းရိုသေစွာမေး၏။

"အစ်ကိုစောနိုင်ကို ရှယ်လီ လာအနှောက်အယှက် ပေးမိပါသလား"

သူက သက်ပြင်းရှိုက်လိုက်သည်။ ရှယ်လီထံမှ မျက်လုံးလွှဲလိုက်ပြီး စိတ်အကျပ်အတည်း တွေ့နေဟန် လက်ဖဝါးနှစ်ဖက်ကို ကြိတ်ပွတ်သည်။

ငိုသံ သိသိသာသာ ပါနေပြီဖြစ်သော တုန်ယင်မှုနှင့် ရှယ်လီကပြော၏။

"ဟုတ်ပါတယ်…အစ်ကိုစောနိုင်ကို ရှယ်လီလာပြီး အနှောက်အယှက် ပြုနေမိပါတယ်၊ ရှယ်လီကို ခွင့်လွှတ်ပါ အစ်ကိုစောနိုင်…ရှယ်လီ ပြန်ပါဦးမယ်"

ကိုစောနိုင်သည် ရှယ်လီကို ဆတ်ခနဲ မော့ကြည့်သည်။ အပြစ်ကင်းစင်နုနယ်သောကလေးမ၏ မျက်နှာကလေးမှာ ကရုဏာသက်ဖွယ် ရှိနေ၏။ ကိုစောနိုင်သည် သက်ပြင်းကို တစ်ချီ မှုတ်ထုတ်လိုက်ပြီး ခေါင်းခါလိုက်၏။ ထို့နောက် ပြုံးသည်။ သူပြုံးသည်ကို မြင်သောအခါ ရှယ်လီ၏ မျက်နှာကလေးမှာလည်း အနည်းငယ် ကြည်လင်လာ၏။

"ဆောရီး…ရှယ်လီ…၊ မမျှော်လင့်ဘဲ ရှယ်လီက ရောက်လာတော့ အစ်ကို စောနိုင် ဘယ်လို လက်ခံရမှန်း မသိဘူး၊ ကဲ… ထိုင်… ထိုင်"

www.foreverspace.com.mm

ထိုအခါမှ ရှယ်လီသည် သူ့အား မဝံ့မရဲ ပြန်ပြုံးကြည့်ပြီး အနီးရှိ ကုလားထိုင်၌ ယို့ယို့ကလေး ထိုင်သည်။

"ရှယ်လီ…အစ်ကိုစောနိုင်ဆီ ဘာလာလုပ်တာလဲ"

"အစ်ကိုစောနိုင်ဆီ ရှယ်လီ လာခွင့် မရှိတော့ဘူးလား"

ရှယ်လီမေးခွန်းသည် ကိုစောနိုင်ကို တစ်ချက်ငိုင်ကျသွားစေသည်။ အတန်ကြာမှ ခပ်လေးလေးဖြေသည်။

"ဟိုတစ်နေ့က… ရှယ်လီရှေ့မှာပဲ ရှယ်လို့ဖေဖေနဲ့ အစ်ကိုစောနိုင် ဖြစ်ခဲ့တာ ရှယ်လီမြင်သားပဲ၊ ဒါကြောင့် ရှယ်လီ အစ်ကိုစောနိုင်ဆိုကိုလာတာ အံ့သြနေမိတယ်"

ရှယ်လီသည် သူ့ကို နားမလည်ဟန် တစ်ချက်ကြည့်သည်။

"ရှယ်လီ မြင်တော့ မြင်တာပေါ့၊ ဒါပေမဲ့…ရှယ်လီဘာမှ နားမလည်မိဘူး၊ အဲ့ဒီနေ့ ညနေက ရှယ်လီ လာဦးမလို့၊ ဒါပေမဲ့ အစ်ကိုစောနိုင်က စိတ်မဆိုးနေတော့ ရှယ်လီ လာရင် ရိုက်ထုတ်မှာ ကြောက်လို့ မလာဘဲ နေတာ"

ရှယ်လီစကားကြောင့် ကိုစောနိုင်သည် ရှယ်လိုက်မိသည်။ ရင်၌လည်း ကရုဏာဖြင့် နင့်တင့်တင့်ကလေး ဖြစ်သွားသည်။

"သြော် ရှယ်လီရယ်၊ ရှယ်လီကို အစ်ကိုစောနိုင် မရိုက်ရက်ပါဘူး၊ ရှယ်လို့မှာ ဘာအဖြစ်မှ ရှိတာမှ မဟုတ်ဘဲ"

ယို့ယို့ကျုံ့ကျုံ့ကလေးနေသော ရှယ်လီ၏ ကိုယ်လေးသည် လွတ်လပ် ပေါ့ပါးသွားဟန် ပြောင်းသွား၏။

"ရှယ်လီ ထင်သားပဲ၊ အစ်ကိုစောနိုင်ဟာ သဘောကောင်းပါတယ်လို့၊ စိတ်ဆိုးပြေရင် ရှယ်လီလာတာကို ခွင့်လွှတ်မှာပဲလို့၊ ရှယ်လီ အခု လာတာဟာ ဘာကြောင့်လဲဆိုတော့ အစ်ကိုစောနိုင်ပဲကတိပေးထားတာပဲလေ…၊ ရှယ်လီကို ဂီတသင်ပေးမယ်… ဆို"

ကိုစောနိုင်သည် ရှယ်လို့ကို တစ်ချက် စူးစိုက်ကြည့်သည်။

"ရှယ်လီ တကယ်သင်ချင်တာလား"

ရှယ်လီသည် သူ့ကို ဝမ်းနည်းပမ်းနည်း ကြည့်ရှာ၏။

"အစ်ကိုစောနိုင်…၊ အစ်ကိုစောနိုင်ဟာ ဘာလို့ ဒီလို မေးရတာလဲ၊ အစ်ကို စောနိုင်ကို ရှယ်လီ လိမ်နေတယ်လို့ ထင်နေလို့လား"

"သြ…ရှယ်လီရယ်၊ ရှယ်လို့ကို လိမ်နေတယ်လို့ အစ်ကိုစောနိုင်

အစွပ်စွဲပါဘူး၊ ကောင်းပြီ…ရှယ်လီ့ကို အစ်ကိုစောနိုင် သင်ပေးပါ့မယ်၊ တစ်ခုတော့ ရှိတယ် ရှယ်လီ၊ အစ်ကိုစောနိုင်ကို ဟိုဟာ သင်ပေးပါ၊ ဒီဟာ သင်ပေးပါလို့ မပူဆာရဘူး၊ အစ်ကိုစောနိုင် သင်ပေးတာကို သင်ရမယ်၊ အစ်ကိုစောနိုင် ခိုင်းတာကို လုပ်ရမယ်၊ ကြားလား ရှယ်လီ”

“ဟုတ်ကဲ့…အစ်ကိုစောနိုင်”

“အဲ…အဲဒီ အစ်ကိုစောနိုင်လို့ ခေါ်တာကိုလဲ ရပ်ပစ်လိုက်တော့”

“ရှင်”

“အစ်ကိုစောနိုင်လို့ မခေါ်နဲ့တော့၊ ဒီအချိန်ကစပြီး ရှယ်လီဟာ ကိုယ့်တပည့် ဖြစ်သွားပြီ၊ ဒီတော့ အစ်ကိုစောနိုင်ကို ဆရာလို့ပဲ ခေါ်ရမယ်၊ ခေါ်စမ်း ရှယ်လီ”

ရှယ်လီသည် ကြားရသည်အား မယုံနိုင်ဟန် သူ့ကို ပြူးလဲ့လဲ့ကလေး ကြည့်သည်။ သို့ရာတွင် သူ့မျက်နှာက တည်ကြည်နေသောကြောင့် ရှယ်လီသည် မျက်နှာပိုးသတ်လိုက်ပြီး နှုတ်ခမ်းကလေးကို လှုပ်ကာ လှုပ်ကာနှင့် ပြင်နေ၏။ အတန်ကြာမှ မပွင့်တပွင့်နှင့် အသံကလေး ထွက်လာ၏။

“ဆရာ”

ကိုစောနိုင်သည် ကျေနပ်စွာ ခေါင်းညိတ်၏။

“ကောင်းပြီ ရှယ်လီ…၊ ရှယ်လီ တတ်သမျှ ဆရာ့ကို ပီယာနို တီးပြပါ”

ရှယ်လီသည် သူ့ကို တစ်ချက်မော့ကြည့်သေး၏။ သို့ရာတွင် ဘာမျှ မပြောဘဲ ပီယာနိုခုံ၌ ဝင်ထိုင်လိုက်ပြီး တေးတစ်ပုဒ် တီးပြသည်။

ရှယ်လီ၏ တီးနေဟန်ကို ကိုစောနိုင်သည် သေချာစွာ အကဲခတ်ကြည့်သည်။

လက်ချောင်းများ ရွေ့လျားပုံမှန်ကန်သည်။ သင့်လျော်ရာ၌ လက်ကောက်ဝတ်အားကို သုံးပုံသည်လည်းကောင်း၊ တံတောင်ဆစ်အားကို သုံးပုံသည်လည်းကောင်း၊ လက်မောင်းအားကို သုံးပုံသည်လည်းကောင်း စနစ်ကျ၏။

သီချင်းအဆုံး၌ ကိုစောနိုင်က မှတ်ချက်ချ၏။

“ရှယ်လီ စနစ်တကျ သင်ထားသားပဲ၊ ကောင်းပြီ…ရှယ်လီကို ရှေ့ဆက်ပြီး ဆရာ သင်ပေးမယ်၊ သီချင်းတွေတော့ မဟုတ်သေးဘူး၊ ရှယ်လီ စာဖတ်ရမယ်၊ ဒါထက်…ရှယ်လီ ဘယ်အတန်းရောက်ပြီလဲ”

"ရှယ်လီ မက်ထရစ် ဖြေထားပါတယ် အစ်ကို အဲ…ဆရာ"

"ရှယ်လီ ဘယ်ကျောင်းက ထွက်သလဲ"

"အင်္ဂလိပ် မက်ဒသစ် ကျောင်းကပါ"

ကိုစောနိုင်သည် ဘာမျှမပြောဘဲ ပီယာနိုနှင့် မလှမ်းမကမ်းတွင်ရှိသော ဗီရိုတစ်ခုအတွင်းမှ စာအုပ်ကြီးတစ်အုပ်ကို ဆွဲယူလာသည်။ စာအုပ်ကြီးမှာ သုံးလက်မခန့်ထူသည်။ အဖုံးမှာစိမ်းဝါရောင်ဖြစ်၏။ ကိုစောနိုင်သည် စာအုပ်ကြီးကို ရှယ်လီအား လှမ်းပေးလိုက်သဖြင့် ရှယ်လီသည် စာအုပ်ကြီးကို ကြည့်မိသည်။ အမည်က ဂီတလောက ( ) ဖြစ်သည်။ အတွဲနှစ်ဟုလည်း ရေးထား။

အတွင်းရှိ စာရွက်များကား တောက်ပြောင်သော ကြွေရောင်စာရွက်များ ဖြစ်သည်။ ပန်းချီများ၊ ဓာတ်ပုံများလည်းပါ၏။ အကြောင်းအရာစုံကို အက္ခရာစဉ် ဖော်ပြထား၏။ စာမျက်နှာ (၁၁၁၈)ကစ၍ (၂၂၃၉)၌ ဆုံးနေ၏။ ရှယ်လီသည် ကိုစောနိုင်အား ထိတ်လန့်တကြား မော့ကြည့်ပြီး မေးသည်။

"ရှယ်လီ အဲဒါတွေ အကုန်ဖတ်ရမှာလား ဆရာ"

"မဟုတ်ပါဘူး ရှယ်လီ၊ စာမျက်နှာ ၁၄၁၇ ကဂီတသမိုင်းဆိုတဲ့ အခန်းကိုပဲ ဖတ်နှင့်ရမယ်… ကြားလား"

"ဟုတ်ကဲ့… ဆရာ"

"အဲဒီ…ကမ္ဘာ့ဂီတ သမိုင်းနဲ့ သမိုင်းအဆက်ဆက် ဂီတရေးရာ တွေးခေါ် မြော်မြင်မှုတွေ၊ တိုးတက်ပြောင်းလဲမှုတွေ၊ ဂီတ စတဲ့ အနုပညာတွေနဲ့ လူမှု အဆောက်အအုံရဲ့ ဆက်သွယ်မှုတွေကို ရှယ်လီအရင် သင်ရမယ်၊ အဲဒါတွေ ကျေမှ ရှယ်လီကို သီချင်းသင်ပေးမယ်"

ရှယ်လီသည် မရဲတရဲလေး ပြန်မေးသည်။

"အဲဒါတွေ မဖတ်ဘဲ… ရှယ်လီကို ဂီသင်လို့ မရဘူးလား"

"မရဘူး…ရှယ်လီ၊ အဲ…အတီးအမှုတ်တော့ တတ်ချင်တတ်သွားမယ်၊ ဂီတဆိုတဲ့ ပညာကိုတော့ တစ်သက်တတ်မှာ မဟုတ်ဘူး၊ ဂီတပဲဖြစ်ဖြစ် ဘယ်ပညာပဲဖြစ်ဖြစ် တကယ် တတ်ချင်ရင် စာဖတ်ရတယ်"

ရှယ်လီကခေါင်းညိတ် ပြသည်။

"ကဲ… ဒါဖြင့် ရှယ်လီပြန်တော့၊ အိမ်မှာ သွား စာဖတ်ချည်"

"ဟင်… ရှယ်လီ ပြန်ရတော့မယ်၊ အစောကြီး ရှိသေးတယ်၊ ဆရာ

www.foreverspace.com.mm

ရှယ်လီ့ကို သီချင်းတစ်ပုဒ် တီးပြပါလား၊ ဟိုဒင်းလေ… အခုန…ဆရာ တီးနေတဲ့ သီချင်း”

ကိုစောနိုင်သည် ရှယ်လီ့အား စူးစူးစိုက်စိုက် တစ်ချက်ကြည့်သည်။ ရှယ်လီက အမာန်ခံရတော့မည်မှန်းသိသော ကျောင်းသူကလေး တစ်ဦးပမာ မျက်နှာ ငယ်သွားရှာသည်။ သို့ရာတွင် ကိုစောနိုင်သည်မမာန်၊ ထူးဆန်းစွာ ပြုံးလိုက်ပြီး မေးသည်။

“အဲဒီ သီချင်းကို ရှယ်လီ ကြိုက်သလား”

ရှယ်လီက သွက်လက်စွာ ခေါင်းကလေး ညိတ်ပြသည်။

“ကြိုက်တယ် ဆရာ… ရှယ်လီ သိပ်ကြိုက်ပါတယ်”

ကိုစောနိုင်သည် ဘာမျှ မပြောဘဲ ပီယာနိုကို ဆီတီး တီးပြသည်။

ရှယ်လီက သူ့သီချင်းကို နားထောင်ရင်း စာသားများကိုလည်း စိတ်မှ လိုက်ကျက်မှတ်နေ၏။

“ဘယ်ဆီ ရှောင်ရှား… ပဲ့ပြားရွှေကြို… လေယူ…ယိမ်း… တိမ်းတဲ့…မြစိမ်း ပင်တိုင်နန်းသူ၊ တစ်မူခြားခဲ့ပြီ၊ ဟင်…ထားနှမ… မှသားဧကရီဆွေ…မှသား ဧကရီဆွေ”

ဤအပိုဒ်ကို ရှယ်လီသည် ကောင်းကောင်း ရသွားသည်။

သီချင်း ဆုံးသောအခါ၌ ရှယ်လီသည် ကိုစောနိုင်အား ကရုဏာသက်စွာ ကြည့်ရင်း မေးသည်။

“ဆရာ မိန်းမတွေကို သိပ် စိတ်နာတာပဲလား”

ကိုစောနိုင်သည် ထိတ်လန့်တကြား ရှယ်လီ့ကို ကြည့်သည်။

“ဘာပြောတာလဲ ရှယ်လီ”

“ဆရာ ရှယ်လီ့ကို စိတ်မဆိုးပါနဲ့နော်၊ ရှယ်လီ သိချင်လို့မေးရတာပါ၊ ဆရာ သီချင်းစာသားထဲမှာ ပဲ့ပြားရွှေကြိုဆိုတာလည်း ပါတယ်၊ မှသားဧကရီဆွေ ဆိုတာလဲပါတယ်၊ ဒီစကားတွေကိုထောက်တော့ ဆရာဟာ မိန်းမတွေကို စိတ်နာ နေတာဖြစ်ရမှာပေါ့၊ ဆရာ့ကို မိန်းမတစ်ယောက်ကများ စိမ်းကားဖူးလို့ များလားဟင်… ”

မေးရင်း ရှယ်လီသည် ပီယာနို ခုံအထက်မှ ဓာတ်ပုံကို လှမ်းကြည့်သည်။

ကိုစောနိုင် ရုတ်တရက် မဖြေနိုင်။ သူ့မျက်နှာသည် မတင်းမာသော်လည်း မှုန်မှိုင်း ရီဝေသွားသည်။ သို့ရာတွင် ခဏချင်းပင် မျက်နှာကို ပြင်ပစ်လိုက်ပြီး

www.foreverspace.com.mm

တည်ကြည်စွာ ဆိုသည်။

"ရှယ်လီ…ဆရာ့ဆီမှာ ဂီတပညာသင်ချင်ရင် စည်းကမ်းတစ်ခု ထပ်တိုးရဦးမယ်၊ အဲဒီ စည်းကမ်းက ဆရာသီချင်းတစ်ပုဒ်စပ်ရင် ဘာကြောင့်စပ်တယ်ဆိုတာ မမေးရဘူး၊ ဆရာ့ ကိုယ်ရေးကိုယ်တာ အကြောင်းတွေကိုလဲ ရှယ်လီစိတ်မဝင်စားရဘူး၊ ရှယ်လီ စိတ်ဝင်စားရမှာက ရှယ်လီ့ကို ဆရာသင်ပေးတဲ့အကြောင်းအရာတွေပဲ၊ နားလည်သလား"

"ဟုတ်ကဲ့…နားလည်ပါတယ်"

"နားလည်ရင် ဆရာ အခုန ပြောတာတွေ ပြန်ဖြေစမ်း"

ရှယ်လီသည် သူ့ကို မော့ကြည့်ပြန်သည်။ သူ့မျက်နှာက အထူးတည်ကြည်နေ၏။

ရှယ်လီက မျက်နှာလေးကို တည်ကြည်လိုက်ပြီး ပြော၏။

"ဆရာက စည်းကမ်းတစ်ခု ထပ်တိုးမယ်တဲ့၊ အဲဒီ စည်းကမ်းက ဆရာ သီချင်းစပ်ရင် ဘာကြောင့် စပ်ရတာလဲလို့ မမေးရဘူးတဲ့၊ ပြီးတော့ ဆရာ့ ကိုယ်ရေးကိုယ်တာ အကြောင်းတွေကိုလဲ မမေးရဘူးတဲ့၊ နောက်…အဲ… ရှယ်လီ့ကို ဆရာ သင်ပေးတာတွေကိုသာ စိတ်ဝင်စားရမယ်တဲ့၊ ဟုတ်တယ် မဟုတ်လား ဆရာ"

ကိုစောနိုင်က ခေါင်းညိတ်သည်။

"ဟုတ်တယ်…အဲဒီအတိုင်း မှတ်ထားနော် ရှယ်လီ"

"ဟုတ်ကဲ့ ဆရာ"

"ကဲ…ဒါဖြင့် ရှယ်လီ ပြန်ပေတော့"

ရှယ်လီသည် နေရာမှ ထသည်။

ထိုအခိုက်တွင်ပင် အိမ်ရှေ့၌ ကားတစ်စီး ဆိုက်သံကြားရသည်။

မရှေးမနှောင်းပင် ဧည့်ခန်းဝ၌ လူသုံးဦး ပေါ်လာသည်။ တစ်ဦးမှာ ဦးစိုးမောင်ဖြစ်လေသည်။ တစ်ဦးကား ဒေါ်ငြိမ်းမယ် ဖြစ်သည်။ အခြားတစ်ဦးကား အသက် နှစ်ဆယ်ခန့် လူငယ်တစ်ဦး ဖြစ်သည်။ သူ့ တစ်ကိုယ်လုံး၌ ထင်ရှားသည်မှာ ခေါင်းထက်၌ ကြော့မော့ဝဲပုံအောင် ပြင်ဆင်ထားသော ဆံပင်အမောက်ဖြစ်သည်။

အင်္ကျီက ပွင့်ခတ်ပွင့်နွယ် ရှုပ်ထွေးသော ဟာဝေယံ ရှပ်လက်တိုဖြစ်သည်။ ဘောင်းဘီမှာ သက္ကလတ်အကောင်းစား ဖြစ်သော်လည်း ပုံစံမှာ ကျပ်ကျပ်

တင်းတင်း နိုင်လှ၏။ ဖိနပ်မှာ အီတာလျံစတိုင် အချွန်းဖြစ်သည်။

သူသည် ရှယ်လီ့အား တွေ့လျှင်တွေ့ချင်း မျက်နှာသည် ဝင်းပတောက်ပြောင်သွားသည်။

"ဟေး…ရှယ်လီ၊ ကိုယ်က မောမောပန်းပန်း ပြန်လာပြီး ရှာလိုက်ရတာ၊ ယူ ဒီရောက်နေတယ်ဆိုလို့ ဟောဒီက အန်ကယ်တို့နဲ့ လိုက်လာခဲ့ရတာ"

သူသည် ပြောပြောဆိုဆိုနှင့် ရဲရဲတင်းတင်းပင် အနီးသို့ ကပ်ကာ ရှယ်လီ၏ လက်ကလေးကို ဆုပ်ကိုင်သည်။

ရှယ်လီသည် ခေတ္တ ငြိမ်ခံနေပြီးမှ သူ့လက်ကလေးများကို ရုန်းထွက်ယူသည်။

လူငယ်၏မျက်လုံးများက ကိုစောနိုင်ဆီသို့ ရောက်သွားသည်။ ကိုစောနိုင်၏ ရင့်ကျက်သော ဣန္ဒြေကို မြင်သော် သူ့အမူအရာသည် တွန့်ဆုတ် တန်ငြိမ်သွား၏။

လူငယ်သည် ကုလားထိုင်တစ်လုံး၌ ဝင်ထိုင်သည်။ ရှယ်လီကလည်း စောစောကထိုင်ခဲ့သော ကိုစောနိုင်အနီးရှိ ကုလားထိုင်၌ ပြန်ထိုင်၏။ ဦးစိုးမောင်နှင့် ဒေါ်ငြိမ်းမယ်တို့ကလည်း လူငယ်၏ဘေးရှိ ကုလားထိုင်များတွင် ဝင်ထိုင်ကြသည်။ ဦးစိုးမောင်က စ,စကားပြောသည်။

"လူကလေးရေ… ဟောဒီသူငယ်က မောင်သင်းမြတ်လို့ ခေါ်တယ် သူ့အဖေက ဘဘလိုပဲ ရတီမှန်ကုမ္ပဏီရဲ့ ရှယ်ယာဝင်တစ်ဦးပဲ၊ အဲ…မောင်သင်းမြတ်ကတော့ ကုမ္ပဏီရဲ့ ဇာတ်လိုက်မင်းသား တစ်ဦးလည်း ဖြစ်တယ်ကွယ့်"

သင်းမြတ်သည် ဟန်ပါပါဖြင့် ဦးညွှတ်ပြီး ကိုစောနိုင်အား နှုတ်ဆက်သည်။ ကိုစောနိုင်က အလိုက်သင့် တုံ့ပြန်ရင်း သူ့ကို အကဲခတ် ကြည့်နေမိသည်။ သူ့မျက်နှာက ချောသည်လည်း မဟုတ်၊ မချောသည်လည်း မဟုတ်။ ယောကျ်ားလည်း မပီ၊ မိန်းမလည်း မမည်။ စာရိတ္တအင်းအားကို ပြတ်သားစွာ ပြနိုင်သော သဘာဝပန်းပုပညာလက်ရာ ကင်းမဲ့နေ၏။

သင်းမြတ်က ရှယ်လီ့ဘက် လှည့်၍ ပြောသည်။

"ဒါနဲ့ ရှယ်လီ…ဒီညမှာ ပါတီကောင်းကောင်း ရှိတယ်၊ ကိုယ်…အဲဒါ ရောက်ရောက်ခြင်း ရှယ်လီ့ကို ဝင်ခေါ်တာ၊ လာ…သွားကြစို့၊ ရှယ်လီ အဝတ်အစားလဲဖို့ ရှိသေးတယ်၊ ကိုယ့်ကားတော့ ခြံထဲမှာ ထားခဲ့ပြီး အန်ကယ်တို့ ကားနဲ့ လိုက်လာတာ၊ ရှယ်လီရဲ့ ကားနဲ့ ကိုယ် ပြန်လိုက်ရမှာလဲ"

ရှယ်လီသည် တွေတွေလေး ဖြစ်သွား၏။ ခေါင်းလေး ငုံ့သွားပြီး မျက်တောင်များ ကော့လှန်၍ ကိုစောနိုင်အား ကြည့်သည်။

ရှယ်လီ၏အခက်အခဲကို ကိုစောနိုင် ရိပ်မိသည်။ ထို့ကြောင့် တည်ကြည်စွာပင် ဆို၏။

“ရှယ်လီ ပြန်ချင်ရင် ပြန်နိုင်ပါပြီလေ”

ရှယ်လီသည် ဖြည်းညင်းစွာ နေရာမှထသဖြင့် သင်းမြတ်လည်း လိုက်၍ ထသည်။

ရှယ်လီသည် ကိုစောနိုင် ပေးထားသော စာအုပ်ကြီးကိုကောက်ယူလိုက်ပြီး ဆိုသည်။

“ဆရာ ပေးထားတဲ့ သင်ခန်းစာကို ရှယ်လီ ကောင်းကောင်းကျက်ပါ့မယ်၊ တစ်ခုပဲ သိပါရစေဆရာ၊ ရှယ်လီ ဘယ်နေ့အပြီးကျက်ရမှာလဲ”

“ဘယ်နေ့ရယ်လို့ မဟုတ်ဘူး ရှယ်လီ၊ ရှယ်လီ ကျကျနန နားလည်တဲ့ အချိန်မှာ ဆရာဆီလာပါ၊ အေး…နားမလည်သေးရင် မလာနဲ့ဦးကြားလား”

ရှယ်လီနှင့် သင်းမြတ်တို့ ထွက်သွားကြ၏။

ထိုအခါကျမှ ဒေါ်ငြိမ်းမယ်သည် တစ်စုံတစ်ခုကို စိတ်သက်သာဟန် ပင့်သက်ချလိုက်သည်။

ဦးစိုးမောင်က မေးသည်။

“ရှယ်လီ ဒီကို ဘာလာလုပ်တာလဲ လူကလေး”

“ဂီတ သင်ချင်လို့တဲ့ ဘဘ”

“ဒီတော့ လူကလေးက ဘာပြန်ပြောလိုက်သလဲ”

“စကတည်းက ကျွန်တော် သင်ပေးပါ့မယ်လို့ ကတိပေးပြီးပြီပဲ ဘဘ၊ ဒီတော့ သင်ပေးရမှာပေါ့”

ဒေါ်ငြိမ်းမယ်က စူးစမ်းစွာ ဝင်မေး၏။

“ဒါဖြင့်…လူကလေး သူတို့တစ်တွေကို တကယ် စိတ်မဆိုးဘူးပေါ့”

“မေမေငြိမ်း ဘာကိုဆိုလိုတာလဲ”

“ဒီလိုလေ…ဟိုတစ်နေ့က လူကလေး ကိုကြီးငွေတို့နဲ့ စိတ်ဆိုးလာခဲ့တယ်လို့ ပြောတယ် မဟုတ်လား၊ ဒါပေမယ့် အခုတော့ ရှယ်လီ့ကို ဂီတသင်ပေးမလို့၊ မေမေငြိမ်းက အဲဒါ မေးနေတာပါ”

“ဦးကြီးငွေတို့က တစ်ကဏ္ဍ၊ ရှယ်လီက တစ်ကဏ္ဍပါ မေမေငြိမ်း၊

www.foreverspace.com.mm

တပည့်အဖြစ်ခံယူပြီး ပညာလိုချင်ရင် ပေးရဖို့က ကျွန်တော်ရဲ့ ဝတ္တရားပဲ''

ဦးစိုးမောင်သည် ဒေါ်ငြိမ်းမယ်ထံသို့ လှည့်လိုက်ပြီး အမိန့်ပေးသည်။

''သြော်…မငြိမ်းမယ်ရေ၊ ငါ ဆာလှပြီ၊ လူကလေးလည်း ဆာလှရောပေါ့၊ သွား…ထမင်းခူးချည်ကွာ''

ဒေါ်ငြိမ်းမယ်သည် ဘာမှ ဆင်ခြေ မကန့်ကွက်တော့ဘဲ ထွက်သွား၏။ ဦးစိုးမောင်က လေးနက်သော မျက်နှာဖြင့် ဆိုသည်။

''ရှယ်လို့အပေါ် လူကလေး ဒီလို စေတနာထားတာ ဘဘဝမ်းသာတယ်၊ ပြီးတော့ ဒီအကြောင်းကြားရင် ကိုကြီးငွေလည်း ဝမ်းသာရှာမှာပဲ''

''ဦးကြီးငွေ ဝမ်းသာတာ မသာတာ ကျွန်တော် ဂရုစိုက်ဖို့ မလိုတော့ဘူး ထင်ပါတယ် ဘဘ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလူကြီးနဲ့ ကျွန်တော်က အပြတ်ပြောခဲ့ကြပြီးပြီပဲ''

ဦးစိုးမောင်က ခေါင်းကို လေးပင်စွာခါ၏။

''ဒီလို အလွယ်တကူ မပြောနဲ့ လူကလေး၊ လူကလေးက ဦးကြီးငွေကို ပြတ်နိုင်ပေမဲ့ ဘဘအနေနဲ့ ဦးကြီးငွေကို မပြတ်နိုင်သေးဘူး၊ လူကလေးက ဒါကို နားလည်ထားပါ''

ကိုစောနိုင်သည် မျက်မှောင်ကြုတ်၍ ဦးစိုးမောင်အား ကြည့်သည်။ သူ့မျက်လုံးများသည် မီးဝင်းဝင်း တောက်နေမည်လား မပြောတတ်။ သို့ရာတွင် ချက်ချင်း သတိရလာ၍ မျက်နှာထားကို ပြင်လိုက်ပြီး တင်းမာတော့မည့် လေသံကို လျှော့၍ဆိုသည်။

''ဦးကြီးငွေနဲ့ ဘဘဟာ စီးပွားဘက်မို့ မပြတ်နိုင်ဘူး ဆိုရင် ကျွန်တော် ဘာမှ ကန့်ကွက်စရာ မရှိပါဘူး ဘဘ၊ ဒါပေမဲ့ သူနဲ့ကျွန်တော် မဆက်ဆံပါရစေနဲ့တော့''

ဦးစိုးမောင်က ခေါင်းကို တွင်တွင်ခါပြန်၏။

''လူကလေးရယ်…လူကလေး မာနကို ဘဘ သိပါတယ်၊ ဒါပေမဲ့ လူကလေးသိစေချင်တာက ကြီးငွေကို ဘဘ မပြတ်နိုင်ဘူးဆိုတာက စီးပွားဘက်မို့ မဟုတ်ပါဘူး၊ ကြီးငွေဟာ လူကလေးနဲ့တကွ ဘဘတို့ရဲ့ တစ်ချိန်က ကျေးဇူးရှင် ဖြစ်ခဲ့ဖူးတယ်''

ကိုစောနိုင်သည် မယုံကြည်နိုင်စွာ သူ့ဘဘကို မော့ကြည့်မိသည်။

ဦးစိုးမောင်၏အသွင်မှာ တစ်စုံတစ်ရာကို စိတ်ထိခိုက်ဟန် လှုပ်ရှား

www.foreverspace.com.mm

နေသည်။

"ဘယ်လို ဘဘ… ဦးကြီးငွေဟာ ကျွန်တော်နဲ့တကွ ဘဘတို့ရဲ့ ကျေးဇူးရှင် ဟုတ်လား"

ဦးစိုးမောင်သည် နေရာမှထသည်။ ကိုစောနိုင်၏ အမေးကို မဖြေသေးဘဲ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ ထို့နောက် ကိုစောနိုင်၏ အနီးတွင် ရပ်လိုက်ပြီးဆို၏။

"ဟုတ်တယ် လူကလေး၊ ကြီးငွေဟာ ဘဘတို့ရဲ့ ကျေးဇူးရှင်၊ တစ်နေ့မှာ လူကလေးကို ဘဘစကားကုန် ပြောပြချင်တာတွေရှိတယ်၊ အခုတော့ ပြောလို့ မဖြစ်ဘူး၊ တစ်နည်းအားဖြင့်တော့ ပြောဖို့လဲ မလိုတော့ပါဘူးလေ၊ တစ်ခုပဲ ဘဘ အတိုချုပ်ပြောပြချင်တယ်၊ လူကလေးရဲ့ မေမေဆုံးသွားပြီးစ လူကလေးက အခါလည်အရွယ် ဘဘနဲ့ မင်းမေမေငြိမ်းတို့ဟာ လူကလေးကို ရင်ခွင်မှာ ပိုက်ပြီး ခိုကိုးရာမဲ့ ဖြစ်နေတုန်းပေါ့၊ ကြီးငွေဟာ သူငယ်ချင်းကောင်းပီသစွာ ဘဘကို အကူအညီ ပေးခဲ့တယ်၊ သူ့အကူအညီသာ မပါရင် ဘဘ ဒီအခြေအနေအထိ ရောက်လာနိုင်စရာအကြောင်းမရှိဘူး၊ ဘဘ ဒီလောက်ပဲ ပြောပြပါရစေ၊ လူကလေး စဉ်းစားပါ"

ကိုစောနိုင်သည် မမျှော်လင့်သော သူ့ဘဘ၏စကားကြောင့် ဘာပြောရမှန်း မသိ၊ အတန်ကြာ ငိုင်နေပြီးမှ ဖြည်းညှင်းစွာ ဆိုသည်။

"ကျွန်တော် ဒါကို မသိဘူး ဘဘ၊ သိရင်လဲ ကျွန်တော် ဟိုနေ့က ဖြစ်ပုံမျိုး မလုပ်ခဲ့ပါဘူး၊ ကောင်းပါပြီ၊ ဘဘပြောပါ၊ ကျွန်တော် ဘာလုပ်ရမလဲ"

ဦးစိုးမောင် မျက်နှာကြီးသည် တဖြည်းဖြည်း ပြုံးလာ၏။ သူသည်။ စိတ်ကျေနပ်သွားဟန် ကိုစောနိုင်၏ ပခုံးကို အခါခါပုတ်ပြီး ဆိုသည်။

"သာဓုကွယ်…လူကလေး၊ ဘဘစကားကို လူကလေး နားထောင်မယ် ဆိုလို့ ဘဘ သိပ်ဝမ်းသာမိတယ်၊ လူကလေး ဘာမှ အထူးအထွေ လုပ်စရာ မလိုပါဘူး၊ လူကလေး တတ်တဲ့ပညာနဲ့ ဦးကြီးငွေကို ကူညီပါ၊ ဒီလိုဆိုလို့ သူ ခိုင်းသမျှ လုပ်ရမယ်လို့ ဘဘ မဆိုလိုဘူး၊ ဒီညနေ ဘဘ သူနဲ့ အကျေအလည် ဆွေးနွေးခဲ့ပြီးပြီ၊ သူကလည်း လူကလေးကို တောင်းပန်လိုက်တယ်၊ ဖြစ်ခဲ့သမျှဟာ သူ့မှာ စိတ်ညစ်နေတုန်းမို့ပါတဲ့၊ လူကလေးရဲ့ ပညာကို အများကြီး လေးစားပါတယ်တဲ့၊ ဒီတော့ တွဲဖက် လုပ်ကိုင်နိုင်ဖို့ လူကလေးကြိုက်တဲ့ စည်းကမ်းတွေ ဆွဲပါ။ လူ လက်ခံပါ့မယ်တဲ့။ ဘဘ သဘော ပြောရရင်တော့ နှစ်ရှည်လများ

www.foreverspace.com.mm

ကြာညောင်းခဲ့တဲ့ မိတ်ကို မပျက်ချင်ဘူး လူကလေး"

ကိုစောနိုင်သည် ဦးစိုးမောင်ကို မော့ကြည့်သည်။ ဦးစိုးမောင်ကလည်း သူ့ကို ပြန်စိုက်ကြည့်နေသည်။ ဦးစိုးမောင်၏ မျက်လုံးတွင် ဘာကြောင့် မသိ၊ မျက်ရည်များ ဝန်းပြည့်နေသည်ကို ကိုစောနိုင် သတိပြုမိသည်။

"ကောင်းပါပြီ…ဘဘရယ်၊ တစ်သက်လုံးမှာ ဘဘရဲ့စကားကို ကျွန်တော် မငြင်းခဲ့ပါဘူး၊ ဘဘရဲ့ ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ အများကြီးရှိပါတယ်၊ ဦးကြီးငွေဟာ ဘဘရဲ့ ကျေးဇူးရှင်ဆိုရင်တော့ ကျွန်တော့် ကျေးဇူးရှင်လဲ ဖြစ်ပါတယ်၊ သူနဲ့ ကျွန်တော် တွဲဖက်လုပ်ကိုင်ပါ့မယ်"

ဦးစိုးမောင်သည် ကျေနပ်ဝမ်းသာစွာဖြင့် နေရာ၌ ပြန်ထိုင်ရန် ကိုယ်ကို လှည့်လိုက်သည်။ ထိုအခိုက်တွင်ပင် သူ့မျက်လုံးများက ပီယာနို ခုံထက်မှ ဓာတ်ပုံဆီသို့ ရောက်သွားသည်။

ဦးစိုးမောင်၏အပြုံးသည် ရပ်သွား၏။ မျက်နှာကြီးမှာလည်း ရုတ်ခြည်းပင် ခက်ထန် တင်းမာသွားသည်။

"ဒါ ဘယ်သူ့ ဓာတ်ပုံလည်း လူကလေး"

ကိုစောနိုင်သည် အေးချမ်းစွာ ဖြေသည်။

"အစောရဲ့ ပုံပါ ဘဘ၊ ဘာဖြစ်လို့လဲ"

"ဟင်…စောစန္ဒာနွယ်ရဲ့ ပုံ…၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ၊ ကျွန်တော်တို့ ဂျီနီဗားတုန်းက ရိုက်ထားတဲ့ပုံပါ"

ဦးစိုးမောင်သည် အတန်ကြာ ငိုင်ကျသွားပြီးမှ ကိုစောနိုင်ဘက်သို့ လှည့်၍ တုန်ယင်သော အသံကြီးဖြင့် မေး၏။

"လူကလေး ဒီမိန်းကလေးကို ချစ်နေသလား၊ ဟုတ်လား"

ကိုစောနိုင်သည် ကြေကွဲဝမ်းနည်းစွာ ပြုံးလိုက်သည်။

"ဒီမိန်းကလေးဟာ ကျွန်တော့်ရဲ့အသက်တာမှာ အချစ်ဆုံး မိန်းကလေး တစ်ယောက်ပါ ဘဘ၊ ဒါပေမဲ့ ဘဘ မပူပါနဲ့၊ သူနဲ့ ကျွန်တော်နဲ့ မတွေ့နိုင်တော့ပါဘူး…၊ ဘဘ နားလည်ပါ့မလား မသိဘူး၊ သူဟာ ကျွန်တော့်အတွက်တော့ မြစိမ်း ပင်တိုင်နန်းသူ တစ်ဦးပဲ"

"ဘယ်လို…မြစိမ်း ပင်တိုင်နန်းသူ… ဟုတ်လား"

ဟုတ်ပါတယ် ဘဘ၊ တစ်ပင်တိုင် မြနန်းက ထိပ်ထား တစ်ဦးကို လမ်းပေါ်က အညတြတစ်ဦးက မမှန်းနိုင်သလို သူ့ကိုလဲ ကျွန်တော်က မလှမ်း

www.foreverspace.com.mm

နိုင်ပါဘူး၊ ဟိုတစ်ညက ဘဘကို ကျွန်တော်ပြောခဲ့တဲ့အတိုင်းပဲ၊ သူနဲ့ကျွန်တော်ရဲ့ ဇာတ်လမ်းက ဆုံးခဲ့ပါပြီ၊ ဒီတော့ ဘဘကို တစ်ခုပဲ ကျွန်တော် တောင်းပန်ချင်တယ်"

"ဘာလဲ လူကလေး"

"ဦးကြီးငွေနဲ့ ဘဘရဲ့ ကျေးဇူးခံ ကျေးဇူးစား ဘ၀ကို ကျွန်တော် ဘာမှ မသိခဲ့ပါဘူး၊ ဒါပေမဲ့ အစစ ဘဘအလိုအတိုင်း ဖြစ်ရပါစေမယ်လို့ ကျွန်တော် ကတိပေးခဲ့ပြီးပြီ၊ ဒီလိုပဲ အစောနဲ့ ကျွန်တော်တို့အကြောင်းကို ဘဘ ဘာမှ မသိဘူး၊ ဒီတော့ အစောနဲ့ ပတ်သက်လာရင်တော့ အစစ ကျွန်တော့်အလိုအတိုင်း ဖြစ်ပါရစေ"

ဦးစိုးမောင်သည် သူ့ကို တစ်ချက်ကြည့်၏။ ဘာမျှ မပြောတော့ဘဲ ချာခနဲ လှည့်ထွက်သွားသည်။

ကိုစောနိုင်သည် စောစန္ဒာနွယ်၏ဓာတ်ပုံကို စူးစိုက်ကြည့်ပြီး မတုန်မလှုပ် ကျန်ရစ်သည်။

အဘယ်မျှ ကြာသွားသည်မသိ၊ အခန်း၀၌ ဒေါ်ငြိမ်းမယ် ပေါ်လာပြီး ခေါ်သံကြားရသည်။

"လူကလေးရေ ထမင်းချူးပြီးပြီလေ၊ ထမင်း စားကြရအောင်"

ကိုစောနိုင်သည် လှည့်မကြည့်ဘဲ ဖြေသည်။

"ကျွန်တော် ထမင်းစားပြီးပါပြီ မေမေငြိမ်း၊ မေမေငြိမ်းတို့ပဲ စားကြပါတော့"

ကိုစောနိုင်သည် ဆက်လက်၍ မတုန်မလှုပ် ရပ်နေ၏။ ဒေါ်ငြိမ်းမယ်၏ ခြေသံကို ကြားရသည်။ ဤခြေသံမှာ သူ့ထံသို့ မလာ၊ လေးပင်စွာ ထွက်ခွာသွားသော ခြေသံသာ ဖြစ်၏။

ကိုစောနိုင်သည် စောစန္ဒာနွယ်၏ ဓာတ်ပုံကို လှမ်းယူလိုက်သည်။ ဓာတ်ပုံကို ကိုင်ရင်း လူတစ်ဦးနှင့် စကားပြောသည့်ပမာ ဆိုမိ၏။

"အစောရယ်၊ အစောကို မြစိမ်း ပင်တိုင်နန်းသူလို့ ခေါ်လို့ ကိုစောနိုင်ကို ခွင့်လွှတ်ပါ၊ အမှန်က အစောကို မြစိမ်း ပင်တိုင်နန်းသူ အဖြစ်ပဲ စိတ်လှည့်စားပြီး ကိုစောနိုင် မှတ်ယူထားရတယ်၊ အစောကို စိမ်းသူအဖြစ် မမြင်ချင်ဘူး ချစ်သူ ရယ်လို့ တမ်းတနေရလေသမျှ ကိုစောနိုင်အတွက် သောကတွေဟာ ဆုံးနိုင်လေမှာ မဟုတ်ဘူး အစော..."

❒ ❒ ❒

www.foreverspace.com.mm

## ၁၀။ လမ်းခွဲရသည်

သူ ခြေမချတော့ပါဟု ဆုံးဖြတ်ထားသော ရတီမှန်ခြံကြီးအတွင်းသို့ ကိုစောနိုင်သည် ခြေပြန်ချရုံမက အသံဖမ်း စတူဒီယိုကြီး၏သားနား သပ်ရပ်သော အခန်းတစ်ခုတွင် ရုံးထိုင်ခဲ့ရသည်။

ကိုစောနိုင်ကြီးမှူးရသည်မှာ ဂီတရေးရာသာမက ဂီတရေးရာနှင့် တိုက်ရိုက် ပတ်သက်နေသော အသံဖမ်း အသံသွင်း လုပ်ငန်းလည်းပါ၏။

ကိုစောနိုင်၏ လက်ထောက်မှာ မစ္စတာ ဆော်လမွန်ဖြစ်သည်။ မစ္စတာ ဆော်လမွန်သည် ဦးကြီးငွေ၏ တူမဝမ်းကွဲ၏ ယောကျ်ားဖြစ်မှန်း သိရသောအခါ ကိုစောနိုင် အံ့သြမိခဲ့သည်။ သို့ရာတွင် အကြောင်းဇာတ်ရည် လည်သောအခါ ကိုစောနိုင်မှာ ငိုအားထက် ရယ်အား သန်မိသည်။

ကိုစောနိုင်၏ တောက်တိုမယ်ရ ခိုင်းရာကို လုပ်ပေးရသော သူငယ်တစ်ဦး၏ နာမည်မှာ ထွန်းငွေဟု ခေါ်သည်။ အသက် ၁၉ နှစ် ခန့်သာ ရှိသေးသည်။

ထွန်းငွေသည် ကိုစောနိုင်၏ တောက်တိုမယ်ရ ခိုင်းသူသာမက မစ္စတာ ဆော်လမွန်၏ လက်ထောက်အသံဖမ်း အင်ဂျင်နီယာလည်း ဖြစ်သည်။ ပညာ အနေဖြင့် ၇ တန်းသာ အောင်လင့်ကစား စက်ကြီးများကို ကိုင်နိုင်ရုံတွင်မက ပြင်လည်း ပြင်နိုင်သေးသည်။ အရပ်မှာပုရှ် မျက်နှာသည် အရပ်နှင့် မလိုက်အောင် ရှည်သည်။ ဤမျက်နှာ ရှည်ရှည်သည် အစဉ်အမြဲပင် ပြုံးရွှင်နေတတ်၏။

သူ့မျက်နှာသည် သူ ဖမ်းယူသော ဇာတ်ဝင် စကားများနှင့် သီချင်းများ ကြည်လင်ပြတ်သားလျှင် မည်မျှပင်ပန်းသည်ဖြစ်စေ၊ ပိုမို ပြုံးရွှင်နေတတ်၏။

ထွန်းငွေ၌ ရောဂါတစ်ခု ရှိသည်။ ဤရောဂါကား ဇာတ်ကားတစ်ကား ရိုက်လျှင် ပိတ်ကားပေါ်၌ တစ်မိနစ်မျှ ပေါ်ရသည်ဖြစ်စေ၊ ဝင်၍ သရုပ်ဆောင်ရမှ ကျေနပ်ခြင်း ဖြစ်၏။

www.foreverspace.com.mm

ကျေးကျွန်အခန်းမှဖြစ်စေ၊ လူကြမ်းနောက်လိုက်ဖြစ်စေ၊ ကုန်ကုန်ပြော ရလျှင် ရောဖဝင်ကားရိုက်လျှင် မင်းသမီးကို ရှိခိုးရသော ကိုယ်ရံတော် မိုလ်မှူး ဘဂကာဖြစ်စေ လုပ်၏။

ဤသည်တို့ကို လုပ်ရသဖြင့်လည်း ရုပ်ရှင်နယ်၌ မညည်းမညူသူ နေနိုင်ဟန် ရှိသည်။

မီးထိုးသမားမရှိလျှင် ဝင်၍ မီးထိုးပေးသည်။ ကားရိုက်ရာ၌ ထမင်းကျွေးလျှင် ပန်းကန်ဆေး တာဝန်ကိုယူရန် ဝန်မလေး။ သူ့လခမှာ တစ်လတစ်ရာမျှသာ တည်း။

ကုလားကပြားဖြစ်သော မစ္စတာ ဆော်လမွန်သည် ရတီမှန် ကုမ္ပဏီ သူဌေး၏တူမ ယောက်ျားဖြစ်ကြောင်း သိသောအခါ၌ အံ့သြမိသူ ကိုစောနိုင်ကို ထွန်းငွေက ရယ်သည်။

"မစ္စတာဆော်လမွန်က သူဌေးရဲ့ တူမယောက်ျားဖြစ်တာများ အံ့သြစရာ လိုက်လို့ဆရာရယ်၊ ဒီခြံထဲမှာ ရာထူးကောင်းကောင်းနဲ့နေသူတိုင်းဟာ သူဌေးရဲ့ အမျိုးချည်းပဲ၊ မင်းသမီးလည်း အမျိုး၊ မင်းသားလည်း အမျိုး၊ ဒါရိုက်တာလည်း အမျိုး၊ အားလုံးအမျိုးချည်းပဲ၊ အဲ…အမျိုး မဖြစ်သေးဘဲ ရောက်လာတဲ့သူတွေ လည်း မကြာခင် အမျိုးဖြစ်သွားရတာပဲ"

ထွန်းငွေ၏ စကားကြောင့် ကိုစောနိုင် မျက်လုံးပြူးသွားသည်။

"ဘယ်လိုကွ ထွန်းငွေ၊ အမျိုးမဖြစ်သေးတဲ့ သူတွေလည်း မကြာမီ အမျိုးဖြစ်သွားကြရတယ်၊ ဟုတ်လား"

"ဟုတ်တယ် ဆရာ၊ တစ်ခုတော့ရှိတယ်၊ အခု ဒီခြံထဲမှာ သဌေးနဲ့ အမျိုးမဟုတ်တဲ့ ကြီးကြီးမာစတာဆိုလို့ ဆရာနဲ့ကိုမြတ်သင်းပဲရှိတယ်၊ ဟဲ… ဟဲ… ဒါပေမဲ့ တစ်နေ့တော့ ဆရာတို့ တစ်ယောက်ယောက် သူဌေးရဲ့ ဆွေမျိုး ဖြစ်သွားမှာပဲ၊ အဟင်း…အဟင်း…၊ ဒီတစ်ခါတော့ နောက်ဆုံးပိတ် အိတ်နဲ့ လွယ်မှာပဲ၊ ဆရာရေ့…အဟီးဟီး"

ကိုစောနိုင်သည် တည်ကြည်သောမျက်နှာနှင့် ထွန်းငွေကို ကြည့်ပြီးမေး၏။

"မင်းဘာပြောတာလဲ ထွန်းငွေ၊ ငါ…ဘာကြောင့် သူဌေးရဲ့ အမျိုးဖြစ်ရ မှာလဲ"

ထွန်းငွေသည် ပြုံးစစနှင့် ကိုစောနိုင်အား လှမ်းကြည့်သည်။ ကိုစောနိုင်၏ မျက်နှာထားကို မြင်သော သူ့မျက်နှာသည်လည်း ပြန်လည် တည်ကြည်သွား၏။

"ကျွန်တော် အကောင်းပြောတာ ဆရာ၊ ကျွန်တော့်သူဌေးက ဒီလိုပဲ လုပ်တတ်တယ်၊ ဆရာ သိထိုက်တယ် ထင်လို့ ကျွန်တော်က ရိုးရိုးသားသား ပြောမိတာပါ"

"မင်းတို့ သူဌေးက ဘာကြောင့် အဲဒီလို လုပ်တတ်ရတာလဲ"

ထွန်းငွေသည် အဖြေရှာမရမဟန် ခေါင်းကုတ်သည်။ သူ့အသွင်သည် ဆိုလိုသော စကားကို ခက်ခက်ခဲခဲ ရှာနေဟန် တူ၏။ ခဏ၌မူ သူ့မျက်နှာသည် ပြုံးရွှင်လာပြီး ကြီးကျယ်စွာဆိုသည်။

"ဒီလို ဆရာ...ကျွန်တော်တို့ သူဌေးက ဒေဝဒဟ ကောလိယလုပ်နေတာ"

"ဘယ်လိုကွ ထွန်းငွေ"

ထွန်းငွေသည် ရုပ်ရှင်ဟန် အပြည့်ဖြင့် ပခုံးကို တွန့်လိုက်သည်။

"ကျွန်တော် ပြောတာ ရှင်းပါတယ်ဆရာ၊ ကျွန်တော်တို့ သူဌေးက ဆွေမျိုးချည်း တိုင်းပြည်တည်နေတဲ့လူ၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲချည်း ဖိတ်တာပဲ၊ သူများအိတ်ထဲ ဘယ်တော့မှ မဖိတ်ဘူး၊ အင်းလေ...ဒါလဲ သူ မှန်တာပဲ၊ ကိုယ့်အိတ်ထဲ ကိုယ် ဖိတ်တော့ ကိုယ်ကြိုက်သလို သုံးလို့ ရတာပဲ မဟုတ်လား"

ထိုစဉ်ကမူ ကိုစောနိုင်သည် ထွန်းငွေ၏ စကားကို ပေါ့ပေါ့ဆဆမှတ်ယူပြီး ရယ်မောလိုက်၏။

အမှန်မှာ သူကျင်လည်နေခဲ့ရပြီးဖြစ်သော ရတီမှန် ခြံကြီး၏ ပတ်ဝန်းကျင်မှာ ရယ်မော ပျော်ရွှင်စရာ ခြံကြီးမဟုတ်။

အစစကို ဝင်ငွေရသော အလုပ်သဘောအဖြစ် ကြည့်နိုင်ဘိမူ ဆိုးနိုင်မည် မထင်။

ရတီမှန်ရုပ်ရှင်မှ ထုတ်လုပ်သမျှ ကားတို့သည် ရန်ကုန်တစ်မြို့တည်း နှင့်ပင် သိန်းကျော်ရသော ကားမျိုးများဖြစ်၏။ ဤသို့ ငွေသိန်းကျော်ရအောင် ဖန်တီးရသည်မှာလည်း ဦးကြီးငွေနှင့် ကိုယဉ်နုတို့အတွက်မူ ခက်လွန်းလှသည် မဟုတ်။

နိုင်ငံခြား ဇာတ်ကား ကောင်းကောင်းဆိုလျှင် ရတီမှန်ခြံကြီး၏ စတူ ဒီယိုထဲတွင် အထပ်ထပ်အခါခါ ပြန်လည်ပြသပြီး ဇာတ်ညွှန်းပြုပြင် ရေးယူသည်။ ကင်မရာ ရိုက်ကွင်းမှစ၍ ခိုးချသည်။

www.foreverspace.com.mm

နာမည်ကြီးမင်းသား မင်းသမီးများကိုလည်း သုံးနိုင်သည်။ ငွေကြေးလည်း တတ်နိုင်၏။ ကိရိယာ တန်ဆာပလာလည်း ပြည့်စုံလှ၏။ ခိုးချ ဇာတ်ကားချင်း ယှဉ်လျှင် ရတီမှန်က ရုံတင်ဦးသည်ချည်း ဖြစ်၏။

ကိုစောနိုင် အသည်းနာရသည်မှာ အတုအယောင် ရုပ်ရှင်ကားများအတွက် စစ်မှန်သော သူ၏ဂီတပညာကို သုံးပေးနေရခြင်းပေတည်း။

သရက်ချိုပင် ဖြစ်သော်လည်း တမာ ခွေးတောက်တို့နှင့် အမြစ်ချင်းရောသော် မျိုးပျက်တတ်သည်ကို ကိုစောနိုင် ကောင်းစွာ သိရှိ၏။

မည်သို့ဖြစ်စေ၊ ရတီမှန် ခြံကြီးအတွင်း၌ နေခဲ့ရသော ကာလများသည် ကိုစောနိုင်အတွက် ပညာရသော ကာလများသာ ဖြစ်ခဲ့ရသည်။ စိတ်ချမ်းသာစရာ တစ်ကွက်တလေမျှ မရှိဟုမူ မဆိုလို။

ကိုစောနိုင်သည် ရတီမှန်ကုမ္ပဏီ၏ တာဝန်မှအပဖြစ်သော ကိုယ်ပိုင်တေးများကို ဖွဲ့သီနိုင်ခဲ့သည်။ ဖွဲ့သီ ဖန်တီးမှုကို အထောက်အကူပြုသည့် တူရိယာပစ္စည်းများလည်း စုံလှ၏။ တီးဝိုင်းအဖွဲ့သားများကိုလည်း အထူးရှာရန်မလို။

သူ၏ကိုယ်ပိုင်ခေတ်စမ်း တေးသစ်များကို သူက မြန်မာ့အသံမှလွှင့်သည်။ ဤနည်းသည်သာ သူနှင့် ပြည်သူတို့ ရိုးသားစွာ တိုက်ရိုက်ဆက်ဆံနိုင်သော နည်းဖြစ်၏။ သူ့အတွက်အောင်မြင်သော နည်းလမ်းဖြစ်လာခဲ့သည်။ ဤသည်ကား သူ့အတွက်ရရှိသော စိတ်ချမ်းသာဖွယ် တစ်ကွက်ပေတည်း။

သူ့တီးဝိုင်း၌ အဖွဲ့ဝင်တစ်ဦးကား သူကိုယ်တိုင် လက်ပွန်းတတီး သင်ပြခဲ့ရသည့် တပည့်မ တစ်ဦးဖြစ်သူ ရှယ်လီပေတည်း။

ရှယ်လီသည် ကိုစောနိုင် စိတ်ကြိုက် လက်ကျသေသပ်စွာ ပီယာနိုတီးနိုင်ခဲ့သည်။ ပင်ကို အသံကလေးကလည်း ရှိသဖြင့် စနစ်တကျ ညွှန်ပြသောအခါ ညာသံလွင်လွင်ကို ရှိုက်ငင်၍တစ်မျိုး၊ ရယ်မော၍တစ်ဖုံ၊ ချော့မြူ၍တစ်သွင်၊ သံစဉ်ကုန်အောင် ဆိုနိုင်လာခဲ့သည်။

တွေ့စက ရှယ်လီသည် သူ့ကို ရုပ်ရှင်မင်းသားဖြစ်နိုင်သည်ဟု မှတ်ချက်ချခဲ့၏။ သူကလည်း ရှယ်လီအား ရုပ်ရှင်မင်းသမီး လုပ်သင့်သည်ဟု သရော်ခဲ့သည်။ အဆုံးတော့မူ သူတို့နှစ်ဦးစလုံး ပြည်သူလက်ခံသော တေးဂီတပညာရှင်များ ဖြစ်လာခဲ့ကြသည်။

အထူးသဖြင့် မက်ထရစ်အောင်၍ ကျော်ကြားမှုကို ကိုးကွယ်သော တက္ကသိုလ်ရောက်စ ရှယ်လီ့အတွက်မူ အအောင်မြင်ဆုံးသော ရက်များဟု

www.foreverspace.com.mm

ဆိုနိုင်သည်။

ရှယ်လီနှင့် ကိုစောနိုင်တို့ အောင်မြင်လာသမျှ သင်းမြတ်လည်း ကျဆုံးလာ၏။ သင်းမြတ်ခေါင်းဆောင်ပါသမျှ ကားတိုင်းသည် ငွေအားဖြင့် ရှုံးလာသည်။ ရတီမှန်ကုမ္ပဏီသည် အရှုံးကိုမမှုဘဲ သင်းမြတ်ကိုသာ ထိပ်တန်းတင်၍ ဇွတ်ပို့သည်။

မည်သို့ရှိစေ၊ သူ ခြေမချလိုခဲ့သော ရတီမှန် ခြံကြီးအတွင်း၌ ကိုစောနိုင်သည် ထိုနှစ် တစ်ဆောင်းကုန်သည်အထိ နေခဲ့ရသည်။

❒

ဆောင်း၏ နောက်ပိုင်း ညတစ်ည၌ ကိုစောနိုင်သည် ပီယာနိုခုံထက် ထိုင်ရင်း စာတစ်စောင်ကို ဖတ်နေသည်။

နိုင်ငံခြားမှလာသော လေယာဉ်စာတစ်စောင် ဖြစ်၏။ လိပ်စာရှင်၏ အမည်ကိုမြင်သော် ကိုစောနိုင်သည် ကြည်နူးကြေကွဲပြုံးမိသည်။

သောမက်(စ်)ဝဂ္ဂနာ၊
အထပ် ငါး၊ အဆောင် စီ၊ အခန်း လေး၊
ယော့ရှိုင်းယား ဟိုတယ်၊
နံပါတ် ၁၃၆ ၊ အနောက် ၁၁၃ လမ်း၊
နယူးယောက်မြို့ ၊ အမေရိကန်ပြည်ထောင်စု။

သူ၏ ချစ်လှစွာသော သူငယ်ချင်း "တွမ်" ထံမှ စာတည်း။

## သူငယ်ချင်းနိုင်

မင်းဆီက စာနှစ်စောင်ပဲ ငါ ရသေးတယ်၊အေး ငါကလည်း မင်းဆီ စာနှစ်စောင်ပဲ ရေးရသေးတယ်။ မင်း စာရေးပျင်းတာ ငါသိတယ်ကွာ၊ ငါကလဲ စာရေးပျင်းတာပဲ။ ဒါပေမဲ့၊ မင်းကိုတော့ တို့အားလုံး သတိရနေပါတယ်။ တို့ အားလုံး ဆိုတာက တို့ရဲ့ အရင်

အုပ်စုကလေးပေါ့။ အာသာရယ်၊ ဂျက်နက်ရယ်၊ ဝိမ်းရယ်၊ ပြီးတော့ ငါ ရယ်ပေါ့။

www.foreverspace.com.mm

တစ်နေ့က ငါ ကိုလံဗီယာ တက္ကသိုလ်မှာ ဆရာမ သင်တန်း တက်နေတဲ့ ဘာဘရာဆိုတဲ့ ကောင်မလေးနဲ့တွေ့တယ်။ သူနဲ့မင်းနဲ့ တစ်သင်္ဘောထဲ ကြုံခဲ့ကြတယ်လို့ သူက ပြောတယ်။ အဲ့ဒီတုန်းက မင်းဟာ အင်မတန် ကံကောင်းခဲ့တယ် ဆို။ မင်းတို့ တိုင်းပြည်က မဟာရာဇဝင်အနွယ် မင်းသမီးတစ်ဦးနဲ့ မင်းနဲ့ချစ်ကျွမ်းဝင်ပြီး ရှားဘူးဝါး ကနေ ဂျီနီဗာတို့၊ ရောမတို့ ရောက်အောင် တတွဲတွဲနဲ့ခဲ့ကြတယ်ဆို၊ အဲဒီ မင်းသမီးကလည်း သိပ်လှတာပဲလို့ ဘာဘရာက ဆိုတယ်။

ငါ့အတွက်တော့ ယုံရခက်ကြီးပါ သူငယ်ချင်း၊ မင်းနဲ့ငါနဲ့က ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားခဲ့ကြတာမှ မဟုတ်ဘဲ။ တစ်ခုတော့ ရှိတယ်လေ။ မင်းတို့အရှေ့တိုင်းသူတွေက သိပ်လှတယ်။ မင်းပြောပြတဲ့ ပတ္တမြားမြေတို့၊ ရွှေတိဂုံဘုရားတို့၊ ဧရာဝတီမြစ်တို့ ရှိလေတဲ့ မင်းတို့ရဲ့ မြန်မာပြည်ကြီးဟာလဲ သိပ်လှမှာပဲ။ လှတဲ့အချစ်နဲ့ လှတဲ့တိုင်းပြည် ပြန်ရောက်သွားလို့ နွေမှာအိုက်ပြီး ဆောင်းမှာ ညိုမှိုင်းတဲ့ နယူး ယောက်မြို့ကြီးကိုများ မေ့သွားလေမလား။ ဒါပေမဲ့ မင်းလည်း မှန်းပြီး ငါလည်း ငြီးငွေ့တဲ့ နယူးယောက်မှာ တို့အားလုံးအတွက် ပျော်ရွှင်နိုင်စရာ အချိန်ကလေးတွေ ရှိခဲ့ဖူးတယ် ဆိုတာကိုတော့ မင်း မမေ့ဘူးဆိုတာ ယုံကြည်မိတယ်။

ထားပါတော့လေ…၊ မင်းနဲ့ ငါနဲ့ တွဲစပ်ခဲ့တဲ့ "ပဲစေ့နှာခေါင်းနှင့် မိန်းမပျို" သီချင်းကို ဓာတ်ပြားသွင်းပြီးပြီ။ အောင်မြင်တယ်လို့ ဆိုရမယ်ပေါ့ သူငယ်ချင်းရေ…။

ဝိမ်းကလဲ ပရိဂျူဆာအဖြစ်နဲ့ အောင်မြင်နေပြီ။ သူ ထုတ်တဲ့ ပြဇာတ်တစ်ခုဟာ ဘရော့ဝေးပေါ်မှာ ရေပန်းစားခဲ့တယ်။

ငါသီချင်တာက မင်းနဲ့ငါရဲ့ 'ညောင်ရွက်တေးသံ' ကို ဘယ်တော့ ထုတ်လုပ်ကြမလဲ။

မင်းနဲ့ငါ တွဲစပ်ထားတဲ့ ကကွက်တေးတွေတော့ ပြီးသင့်သမျှ ပြီးပြီ။ အဆို စာသားတွေကိုလည်း အာသာက အချောကိုင်နေတယ်။ မင်းထံက ကကြိုးသင်္ကေတ (Choriography) တွေကိုသာ တို့ မျှော်နေကြတယ်။

မြန်မြန်ပြီးအောင် ကြိုးစားပါသူငယ်ချင်း၊ တို့တစ်တွေ အားလုံး

www.foreverspace.com.mm

ပြန်ဆုံတွေ့ရအောင်။ ပြီးတော့ တို့တွေ အားလုံး မယုံကြည်ကြသလို ကို့အောင်မြင်ရင် ကမ္ဘာလှည့်ပြီး မေတ္တာတေးသံတွေ ဖြန့်ဖြူးကြရအောင်။

တို့တစ်တွေ အားလုံး မင်းကို သတိရနေကြတယ်။ စနေနေ့တိုင်း မင်း သင်ပြပေးခဲ့တဲ့ ကြက်သားဆီပြန်ဟင်း၊ ချက်ပြီး တို့ ထမင်းစားကြတယ်။

အစဉ် အောက်မေ့ သတိရလျက်
မင်းသူငယ်ချင်း တွမ်

စာကိုဆုံးအောင် ဖတ်ပြီးသောအခါ ကိုစောနိုင် စိတ်ထိခိုက်သွားမိသည်။

တွမ်နှင့် အာသာတို့က သူ့ကို မျှော်လင့်နေကြသည်။ သူကသာ တာဝန်မကျေ။ မြန်မာပြည်တွင် ညောင်ရွက်တေးသံနှင့် ပတ်သက်၍ သူ့၌ လုပ်စရာတွေ များစွာရှိသည်။ သို့ရာတွင် သူက လုပ်ရမည့် အလုပ်များကို ထိထိရောက်ရောက် မလုပ်မိဘဲ ရတီမှုန် ခြံအတွင်း၌ အချိန်ဖြုန်းနေရသကဲ့သို့ ရှိ၏။

ဤအတိုင်းဆိုလျှင် သူ့ဘဝမှာ ဟိုမရောက် ဒီမရောက်ပေတည်း။

မြန်မာပြည်သို့ ပြန်ရောက်ကတည်းက ကိုစောနိုင်သည် မိမိကိုယ်ကို မိမိ မကျေနပ်ခဲ့။ ဤမကျေနပ်ခြင်းသည် ရင်တွင်း၌ တနုံ့နုံ့ ဖြစ်နေသည်။

ချစ်သောသူနှင့်မပေါင်းရသည့် ဒုက္ခထက်… တတ်သောပညာကို အစွမ်းကုန် မသုံးရသော ဘဝ၏ဒုက္ခသည် ပိုမိုကြီးမားလှပေသည်တကား။

ကိုစောနိုင်သည် ပြတင်းဝသို့ထွက်ကာ အပြင်လောကသို့ ငေးမျှော်ကြည့်မိသည်။

ညဥ့် လရောင် မရှိ။ ကောင်းကင်၌မူ ကြယ်တို့ တလက်လက်တောက်ပနေသည်။

ဆောင်းရွက်နှောင်း၏ မြောက်ပြန်လေလည်း နှုတ်ဆက်တေးကို ညည်းနေ၏။

ပြတင်းဝ၌ ကိုစောနိုင်သည် ငိုင်နေမိသည်။

မည်မျှကြာသွားသည်မသိ၊ အရှိန်ပြင်းစွာဖြင့် ဝင်လာသော ကားတစ်စီးကြောင့် ကိုစောနိုင် လှုပ်ရှားသွားသည်။

ကားသည် ရှယ်လီ၏ ကားပင်တည်း။

ကားတံခါးကိုဖွင့်၍ ရှယ်လီသည် အပြေးကလေး အိမ်တွင်းသို့ ဝင်လာခိုက်

www.foreverspace.com.mm

နောက်မှ အငြိုးကားတစ်စီးကလည်း အရှိန်ပြင်းစွာဖြင့် ဝင်လိုက်လာသည်။

ရှယ်လီသည် အံအားသင့်ကြည့်နေသော ကိုစောနိုင်၏ ရင်ခွင်အတွင်း ကလေးငယ်တစ်ဦးကဲ့သို့ ပြေးဝင်လာပြီး သူ၏ခါးကို ဖက်ထား၏။

ကိုစောနိုင် မည်သို့မျှ စကားမဆိုနိုင်သေးမီ အခန်းဝ၌ သင်းမြတ်သည် မားမားကြီး ရပ်ပေါ်လာသည်။

သင်းမြတ်သည် ရှယ်လီနှင့် ကိုစောနိုင်တို့အား မေးစင်းနေသော မျက်လုံးများဖြင့် ခေတ္တ စူးစိုက်ကြည့်နေ၏။ ထို့နောက် သူ့နှုတ်ခမ်းများသည် တွန့်၍ ပြုံးလာရာမှ တဟားဟား ရယ်ချလိုက်သည်။

"ဟား ဟား ဟား ထင်သားပဲ၊ ဒီအတိုင်း ဖြစ်လာရမယ်ဆိုတာ ထင်ပြီးသားပဲ၊ ဟား ဟား ဟား"

သင်းမြတ်၏ အမူအရာမှာ အရက်အတန်မူးနေမှန်း သိသာသည်။ ကြက်သေ သေနေရာမှ သတိရပြီး ကိုစောနိုင်သည် ရှယ်လီအား ကုလားထိုင် တစ်လုံး၌ ထိုင်စေလျက် သင်းမြတ်ဘက်သို့ လှည့်ပြောသည်။

"မောင်သင်းမြတ်ကလည်း ထိုင်လေ၊ မင်းတို့ ဘာဖြစ်လာကြတာလဲ"

သင်းမြတ်က လက်ကာပြသည်။

"ကျုပ် ထိုင်ဖို့ မလိုပါဘူး၊ ရှယ်လီ့ကိုသာ ကျုပ်နဲ့ ပြန်ထည့်လိုက်"

အမူအရာမှာ မခန့်လေးစား နိုင်သမျှ စကားသံကလည်း မောနေ၏။ ကိုစောနိုင်၏ မျက်နှာသည် တည်ကြည်နေရာမှ မသိမသာ တင်းမာသွားသည်။

ကိုစောနိုင်သည် စိတ်ကိုထိန်းပြီး ရှယ်လီ့ကိုမေး၏။

"သင်းမြတ်က မူးနေတယ် ထင်တယ်၊ ဒီတော့ ရှယ်လီက ဆရာ့ကို ပြောစမ်း၊ အခု ရှယ်လီတို့ ဘာဖြစ်လာကြတာလဲ"

ရှယ်လီသည် တုန်တုန်ယင်ယင် ဖြစ်နေပြီးမှ အံကလေး ကြိတ်ကာ မျက်နှာကလေးကို မော့ပြီး ဖြေသည်။

"ဆရာ… သူနဲ့ ရှယ်လီ ပြန်မလိုက်နိုင်ဘူး၊ သူဟာ လူယုတ်မာ၊ သူ ရှယ်လီ့ကို…ရှယ်လီ့ကို…"

ရှယ်လီသည် စကားရပ်သွားပြီး မျက်နှာကလေးကို လက်ဝါးနှင့် အုပ်ကာ ရှိုက်ငိုနေတော့၏။

ကိုစောနိုင်၏ မျက်လုံးသည် သင်းမြတ်ထံသို့ စူးစမ်းစွာ ရောက်ရှိ

www.foreverspace.com.mm

သွား၏။

သင်းမြတ်က မခိုးမခန့် တစ်ချက် ရယ်လိုက်သည်။

"ဘာဖြစ်ရမှာလဲ၊ ပါတီမှာ စိတ်ကောက်ပြီး ကားနဲ့မောင်းပြေးလာလို့ ကျုပ်က လိုက်ခေါ်တာ"

ဤမျှသာဆိုပြီး သင်းမြတ်သည် ကိုစောနိုင် ရှိနေသည်ကို ပမာမပြုဘဲ ရှယ်လီ့အနီးသို့ ချဉ်းကပ်သွား၏။

သူသည် ရှယ်လီ၏ လက်မောင်းကလေးကို ဆွဲပြီး ဆိုသည်။

"ထပါ ရှယ်လီရယ်၊ ကိုယ်က အကျီစား နည်းနည်းသန်သွားတာပါ၊ လာကွာ နော်"

ရှယ်လီသည် ဆတ်ခနဲ နေရာမှ ထလိုက်သည်။ အလစ်မိ၍ သင်းမြတ် မတိမ်းရှောင်နိုင်မီ ရှယ်လီ၏ လက်ဖဝါးသည် သင်းမြတ်၏ပါးပေါ်သို့ ဘယ်ပြန် ညာပြန် ဆက်တိုက်ကျရောက်သွား၏။

"အို…ရှယ်လီ ဘယ်လိုလုပ်လိုက်တာလဲ"

ပြောပြောဆိုဆိုနှင့် ကိုစောနိုင်သည် သူတို့နှစ်ဦးကြား၌ ဝင်ရပ်လျက် လူချင်း ခွဲပစ်လိုက်သည်။

ပါးထက်အုပ်လျက်ရှိသော သူ့လက်ကိုခွာ၍ သင်းမြတ်သည် ကြည့်သည် လက်ဖဝါး၌ သွေးစွန်းနေ၏။

သင်းမြတ်သည် ရှယ်လီကို နာကြည်း ခက်ထန်စွာကြည့်၍ ဆိုသည်။

"မင်းက ဒီထိအောင် ဖြစ်နေပြီလား ရှယ်လီ၊ မင်း အားကိုသူရှေ့ ဆိုပြီး ငါ့ကို စော်ကားပြလိုက်တာပေါ့လေ… ဟုတ်လား"

ဤအကြိမ်တွင် ဒေါသထွက်ရသူမှာ ကိုစောနိုင် ဖြစ်၏။

"သင်းမြတ်…မင်း လွန်လာပြီထင်တယ်၊ မင်းတို့ ဘာဖြစ်ကြတယ်ဆိုတာ ငါ မသိဘူး၊ ဒါပေမဲ့ မင်းစကားက အနှောင့်မလွတ် အသွားမလွတ်နဲ့၊ ဒီတော့ ငါ မေးမယ်၊ ကြိုက်တာကိုဖြေ၊ ဟောဟို ကုလားထိုင်မှာ သွားထိုင်ပြီး ကောင်းကောင်း စကားပြောမလား၊ ဒီအခန်းထဲက ထွက်သွားမလား"

သင်းမြတ်သည် ကိုစောနိုင်၏စကားကို ဟာသပမာ ရယ်လိုက်၏။

"ခင်ဗျားက ကျုပ်ကို အိမ်ထဲက မောင်းထုတ်နေတာလား၊ ဟုတ်လား ကိုစောနိုင်၊ ဒီမှာ…ကျုပ်ဟာ ခင်ဗျားကိုရော…ခင်ဗျားမပြောနဲ့၊ ကုမ္ပဏီပိုင်ရှင် သူဌေးဆိုတဲ့ ဦးကြီးငွေကိုပါ ရတီမှန် ခြံထဲက မောင်းထုတ်နိုင်တဲ့ လူဗျ၊

www.foreverspace.com.mm

အဲဒါကို ခင်ဗျား သိရဲ့လား"

ကိုစောနိုင်သည် သင်းမြတ်၏ အင်္ကျီကို ကုတ်မှဆုပ်၍ အခန်းပြင်သို့ ဆွဲထုတ်သွား၏။

ရှယ်လီ၏ ကားအနောက်၌ ရပ်နေသော အခြားကားတစ်စီး ဘေးတွင် သင်းမြတ်၏ အဖော်များဖြစ်သော လူငယ်နှစ်ဦး ရပ်နေကြ၏။

ကိုစောနိုင်သည် သင်းမြတ်အား သူတို့ထံသို့ တွန်းဆောင့်ပို့လိုက်သည်။

"မင်းတို့လူ အတော်မူးနေတယ် ထင်တယ်၊ ဒီတော့ ခေါ်ပြီး မြန်မြန် ထွက်သွားကြ"

လူငယ်နှစ်ဦးသည် သင်းမြတ်ကို ကားထဲသို့ တွန်းထိုးသွင်းကြ၏။ ထို့နောက် ကိုစောနိုင်ကို တောင်းပန်ပြီး ကားကို မောင်းထွက်သွားကြသည်။

ထိုအချိန်၌ ဦးစိုးမောင်နှင့် ဒေါ်ငြိမ်းမယ်တို့ပါ အနီးတွင် ရောက်ရှိနေကြပြီ ဖြစ်၏။

"ဘာဖြစ်လို့လဲ လူကလေး" ဟု ဒေါ်ငြိမ်းမယ်က မေးသည်။

"သင်းမြတ် မူးလာပြီး စော်ကား မော်ကား ပြောလို့ မောင်းထုတ်လိုက်တယ် မေမေ"

သူတို့ သုံးဦးစလုံး ဧည့်ခန်းအတွင်းသို့ ရောက်လာသောအခါ မျက်နှာကို လက်ဝါးကလေးကို အုပ်ကာ ငိုလျက်ရှိသော ရှယ်လီ့ကို တွေ့ရသည်။

ဒေါ်ငြိမ်းမယ်သည် ရှယ်လီ့အပါး ဝင်ထိုင်လျက် ပခုံးကလေးကို ပွတ်ကာ ချော့မော့သည်။

"ရှယ်လီ…သမီး…ဘာဖြစ်လာလို့လဲ ဟင်…မေမေငြိမ်းကို ပြောပြစမ်း"

ရှယ်လီသည် မဖြေဘဲ ရှိုက်ခါသာ ငိုနေ၏။

ကိုစောနိုင်သည် ဦးစိုးမောင်အား အဓိပ္ပာယ်ပါစွာ တစ်ချက် စိုက်ကြည့် လိုက်ပြီးဧည့်ခန်းအတွင်းမှ ထွက်လာခဲ့သောကြောင့် ဦးစိုးမောင်ကလည်း လိုက်လာ ခဲ့လေသည်။

အပြင်သို့ရောက်သောအခါ ကိုစောနိုင်သည် မှောင်နေသောညကို ငေးကြည့်နေသည်။ ဦးစိုမောင်က သူ့အနီးသို့ ကပ်မေးသည်။

"ဘယ်လိုဖြစ်တာလဲ လူကလေးရဲ့ ပြောပါဦး"

"ကျွန်တော် ပြောပြီးရောပါလား ဘဘ"

"မဟုတ်ဘူးလေ၊ ရှယ်လီနဲ့ သင်းမြတ် ဘာဖြစ်ခဲ့ကြလို့လဲ"

www.foreverspace.com.mm

"အဲ့ဒါတော့ ကျွန်တော် မသိဘူး ဘဘ၊ သိလဲ ကျွန်တော် မသိချင်ဘူး"

ဦးစိုးမောင်သည် သက်ပြင်းရှိုက်ပြီး ခေါင်းခါသည်။ ဘာမျှတော့ထပ်မမေး။

အတန်ကြာသောအခါ ရှယ်လီနှင့်အတူ ဒေါ်ငြိမ်းမယ် ထွက်လာပြီး ကိုစောနိုင်အား လှမ်းပြောသည်။

"လူကလေး ရှယ်လီကို လိုက်ပို့လိုက်ကြရအောင်၊ အိမ်က ကားသွားထုတ်ချေ၊ ရှယ်လီ့ကားကတော့ ဒီမှာပဲ ထားခဲ့ပေါ့၊ မနက်မှ ပို့ပေးမယ်"

ကိုစောနိုင်သည် ဒေါ်ငြိမ်းမယ်၏ အမိန့်အတိုင်း ကားသွားထုတ်ခဲ့သည်။

ရတီမုန်ခြံသို့ မောင်းနှင်လာစဉ် ရှယ်လီသည် စကားတစ်လုံးမျှ မပြောဘဲ ငြိမ်ငြိမ်လေး လိုက်လာ၏။

ရှယ်လီ့ကို သူ့ အိမ်အတွင်းသို့ ဦးစိုးမောင်နှင့် ဒေါ်ငြိမ်းမယ်တို့က လိုက်ပို့ကြ၏။ ကိုစောနိုင်မှာမူ အပြင်ဘက်တွင် နေရစ်ခဲ့၏။

နာရီဝက်ခန့်ကြာမှ ဦးစိုးမောင်နှင့် ဒေါ်ငြိမ်းမယ်တို့ ပြန်ထွက်လာကြသည် ဦးစိုးမောင်ရော ဒေါ်ငြိမ်းမယ်ပါ မျက်နှာမကောင်းကြ။

အိမ်သို့ ပြန်ရောက်၍ ဧည့်ခန်း၌ ထိုင်မိလျှင် ထိုင်မိခြင်း ကိုစောနိုင်က မေးသည်။

"ရှယ်လီ ဘာဖြစ်ခဲ့သတဲ့လဲ… မေမေငြိမ်း"

ဒေါ်ငြိမ်းမယ်သည် ခေါင်းအထပ်ထပ်ခါသည်။

"မပြောချင်ပါဘူး သားရယ်၊ မင်းတို့ခေတ်ကလဲ ဘယ်လိုခေတ်မှန်း မသိဘူး"

ဒေါ်ငြိမ်းမယ်သည် ဤသို့ ညည်းညူပြီး ဆက်ပြော၏။

"ရှယ်လီကို သင်းမြတ်က ဖွတ်ခေါ်လို့ ကပွဲလိုက်သွားသတဲ့၊ အဲ ကပွဲမှာ စကားများကြသတဲ့"

"ဘာကြောင့် စကားများကြသလဲ မေမေငြိမ်း"

"ဒီလိုကွယ်…အရင်တုန်းက ရှယ်လီက ဒီကောင်လေးနဲ့က အမြဲသွားနေကျ၊ ဒါပေမဲ့ အခုတလော ရှယ်လီက ဒါမျိုးတွေ မလုပ်ဘဲ သူ့ကို ရှောင်နေခဲ့သတဲ့၊ ဒါကို သူက မကျေနပ်ဘဲ ဒီညမှာ ပြောပြရာက စရန်ဖြစ်သတဲ့၊ ကျန်တာတွေကိုတော့ မေမေ ဆက်မပြောချင်တော့ပါဘူး"

"ကောင်းပါပြီ မေမေ…၊ ဆက်မပြောပါနဲ့တော့၊ ဒါပေမဲ့ ဘဘကို ကျွန်တော် တစ်ခုမေးချင်တယ်"

"ဘာလဲ လူကလေး"

"ဒီည သင်းမြတ်ပြောသွားတဲ့ စကားတစ်လုံးကို ကျွန်တော်နားမလည်ဘူး၊ သူက ကျွန်တော့်ကို ရတီမှန် ခြံထဲက မောင်းထုတ်နိုင်ရုံမကဘူး၊ ဦးကြီးငွေကိုပါ မောင်းထုတ်နိုင်သတဲ့၊ ဒီစကားရဲ့ အဓိပ္ပာယ်ဟာ ဘာပါလဲ ဘဘ"

ဦးစိုးမောင်မှာ ငိုင်ကျသွားသည်။ သူ့မျက်နှာကား အကြီးအကျယ် စိတ်ပျက်နေဟန် ပေါ်သည်။ သက်ပြင်းရှည်ကြီး တစ်ချက်ကို မှုတ်ထုတ်လိုက်ပြီးမှ ဖြည်းလေးစွာ စကားပြန်သည်။

"အစကတော့ ဘဘမပြောတော့ဘူးလို့ပဲကွယ်၊ အခုတော့ မထူးပါတော့ပါဘူး၊ ဒီလိုကွယ်...ကြီးငွေဟာ နိုင်ငံရေးအဆက်အသွယ်ကောင်းလို့ ဒီလောက်ကြီးကျယ်တဲ့ ရုပ်ရှင်ကုမ္ပဏီကြီး တည်ထောင်ဖို့ လိုင်စင်ရပြီး ခေတ်မီစက်ကရိယာကြီးတွေ ဝယ်နိုင်အောင် စွမ်းဆောင်ခဲ့တာဟာ အမှန်ပဲ၊ ဒါပေမဲ့ သူ့မှာက ငွေလုံး ငွေရင်း ဒီလောက်ရှိတာမဟုတ်ဘူး၊ ဒါကြောင့် အစုရှယ်ယာ လုပ်ထားကြရတာပဲ၊ အစုရှယ်ယာရှင်တွေအနက် သင်းမြတ်ရဲ့ အဖေဟာ ငွေလုံးငွေရင်း အများဆုံး ထည့်ထားသူတွေပေါ့၊ ဒီလို အဓိကရှယ်ယာရှင် တစ်ဦးဖြစ်ပေမဲ့ သင်းမြတ်အဖေဟာ ကုမ္ပဏီရဲ့ လုပ်ငန်းတွေမှာ ဘာမှ ဝင်မရှုပ်ဘူး၊ အစစ ကြီးငွေ သဘောအတိုင်း လုပ်ခွင့်ပြုထားတယ်၊ အဲ...တစ်ခုတော့ရှိတယ်၊ သူ့သားကိုတော့ နာမည်ကြီး ဇာတ်လိုက်မင်းသားဖြစ်အောင် လုပ်ပေးခိုင်းတယ်၊ ပြီးတော့...ရှယ်လီနဲ့ပဲ ပေးစားဖို့ ချိန်ထားတယ်ကွယ်"

ကိုစောနိုင်သည် သူ့ဘဘ ရှင်းပြသည်ကို ငြိမ်သက်စွာ နားထောင်ရင်းက လူမကြိုက်သဖြင့် အရှုံးပေါ်လင့်ကစား ရတီမှန် ကုမ္ပဏီသည် ဘာကြောင့် သင်းမြတ်ကို ဇွတ်တွန်းပွဲထုတ်တင်ပြနေမှန်း သဘောပေါက်သွား၏။

ဦးစိုးမောင်က ဆက်လက်ရှင်းပြသည်။

"ခက်တာက အခြေအနေတွေဟာ မျှော်လင့်သလို ဖြစ်မလာကြဘူး၊ ဘယ်လောက် ဇွတ်တင်ပို့ပို့၊ သင်းမြတ်ဟာ မင်းသားတစ်လက်အနေနဲ့ စွံ့မလာခဲ့ဘူး၊ ဒီတော့ ရှယ်လီနဲ့ ပေးစားဖို့ကိုသာ အဓိကထားပြီး စိုင်းပြင်းလာကြတယ်၊ ရှယ်လီဟာ ပထမတော့ သင်းမြတ်နဲ့ တပူးပူးတတွဲတွဲသွားနေတော့ ဟန်ကျမလိုလိုပဲ၊ ဒါပေမဲ့...အခု ရှယ်လီက သင်းမြတ်ကို ငြင်းပယ်လာခဲ့တယ်၊ အဲဒီလို ပြောင်းလဲလာရတာလဲ လူကလေး ရောက်လာပြီးမှ ဆိုတော့ သူတို့ သိပ်မခံချင်ဖြစ်နေကြတယ်"

www.foreverspace.com.mm

www.foreverspace.com.mm

ကိုစောနိုင်သည် စိတ်ပျက်စွာ ခေါင်းခါသည်။

"ဒါတွေကို သိလျက်သားနဲ့ ဘာကြောင့် ဘဘ သူတို့တစ်တွေထဲ ရှယ်ယာဝင်ခဲ့ရတာလဲ၊ ပြီးတော့ ကျွန်တော့်ကိုရော ဘာကြောင့် ဒီလောကထဲ ခင်ခိုင်းရတာလဲ"

ကိုစောနိုင်၏မေးခွန်းကြောင့် ဦးစိုးမောင်သည် မျက်နှာကြီး ညှိုးနွမ်းသွားပြီး လေးပင်စွာပင် ဖြေ၏။

"ဒီအကြောင်းကို ဘဘ တစ်ခါက ဖြေပြီးပြီပဲ၊ လူကလေးအတွက် အနုပညာလောကမှာ နေရာတစ်နေရာ ရစေချင်တယ်၊ နောက်တစ်ချက်ကလည်း ဘဘပြောခဲ့တဲ့ အတိုင်းပဲ၊ ကြီးငွေရဲ့ ကျေးဇူးဟာ ဘဘတို့အပေါ်မှာ ရှိနေတယ်၊ ပြီးတော့ ဘဘမှာလဲ ဘဘရဲ့ တခြားရည်ရွယ်ချက်တစ်ခု ရှိနေတယ်၊ ဒါကိုတော့ မင်း မေမေငြိမ်းလဲ သိတယ်"

ကိုစောနိုင်က ဒေါ်ငြိမ်းမယ်ဘက်သို့ လှည့်ကြည့်၏။ ဒေါ်ငြိမ်းမယ်က ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြသည်။

"ဘဘရဲ့ ရည်ရွယ်ချက်က ဘာပါလဲ"

"ဘဘရဲ့ ရည်ရွယ်ချက်က လူကလေးကို ရှယ်လီနဲ့ ပေးစားဖို့ပဲ ဖြစ်တယ်"

ကိုစောနိုင်သည် သူ့နားကို သူ မယုံမိ။

"ခင်ဗျား ဘဘတို့ကလည်း ကျွန်တော့်ကို ရှယ်လီနဲ့ ပေးစားချင်ကြတယ် ဟုတ်လား"

"ဟုတ်တယ် လူကလေး၊ မူလကတော့ ဘဘမှာ ဒီရည်ရွယ်ချက် မရှိပါဘူး၊ ဒါပေမဲ့ လူကလေး ပြန်လာပြီးတဲ့ နောက်ပိုင်းမှာ ရှယ်လီဟာ လူကလေးကို စိတ်ဝင်စားတာ၊ လေးစားတာ ခင်မင်တာတွေ တွေ့ရလို့ ဘဘ စိတ်ကူးရလာတာပဲ"

ကိုစောနိုင်သည် ဦးစိုးမောင်၏ အကြောင်းပြချက်ကို စိတ်တွင်းမှ ပြုံးမိသည်။ ဤအကြောင်းပြချက်တို့သည် ဟုတ်သင့်သမျှ ဟုတ်သော်လည်း ရာခိုင်နှုန်းပြည့်တော့ မဟုတ်လှသေး။

တခြားအကြောင်းကိုမူ ဦးစိုးမောင်က ပြောလိမ့်မည်မဟုတ်။ မပြောသော်လည်း ကိုစောနိုင် သိပြီး ဖြစ်နေပါ၏။

"ဘာကြောင့် ဒီလို စိတ်ကူးဥရတာလည်း ဘဘရယ်၊ ထားပါတော့လေ၊

ဘဘအကြံအတိုင်း ဖြစ်သွားတယ်ဆိုပါစို့၊ သင်းမြတ်တို့ဘက်က မခံချင်တော့ ဒီကုမ္ပဏီကြီး ပျက်မသွားပေဘူးလား"

ဤသည်ကိုမူ ဦးစိုးမောင်က ဝင့်ကြွားသော အပြုံးကြီးနှင့် ဖြေသည်။

"မပျက်ပါဘူး လူကလေး၊ ဘာဖြစ်လို့လဲဆိုတော့··· သင်းမြတ်အဖေလောက်တော့ ဘဘမှာလည်း ငွေရှိပါတယ်၊ အဓိကတော့ လူကလေးရဲ့ သဘောထားပဲ"

ကိုစောနိုင်သည် နေရာမှထရပ်လိုက်၏။ ဦးစိုးမောင် နှင့် ဒေါ်ငြိမ်းမယ်တို့အား ကျောခိုင်းပြီး ပြတင်းဝ၌ သွားရပ်သည်။

သူ့ရင်မှာ နာနေသည်။ ရင်နာနာနှင့်စကားတို့ကို သူ့ဘဘနှင့် မေမေငြိမ်းတို့ကို သူ မပြောရက်။ မပြောရက်သော်လည်း ယခုမူ ပြောရချေတော့မည်။

ကိုစောနိုင်သည် စိတ်ဆုံးဖြတ်လိုက်ပြီး မျက်နှာကို တည်ငြိမ်စွာထား၍ ဦးစိုးမောင်နှင့် ဒေါ်ငြိမ်းမယ်တို့ဘက်သို့ လှည့်လိုက်ကာ အေးချမ်းစွာဆိုသည်။

"ဘဘ ပြောတာ မှန်ပါတယ်၊ အဓိကတော့ ကျွန်တော့် သဘောထားပါပဲ၊ ဒီတော့ ကျွန်တော့် သဘောထားကို ရိုသေစွာနဲ့ တင်ပြချင်ပါတယ်"

"ပြောပါ လူကလေး··· ပြောပါ"

"ကျွန်တော်ရဲ့ ကျေးဇူးရှင် ဘဘတို့ရဲ့ စေတနာ ဘယ်လောက်ရှိတယ်ဆိုတာ ကျွန်တော်သိပါတယ်၊ ဒီစေတနာကို ကျွန်တော် လေးစားပေမဲ့ အခုကိစ္စက ယုံကြည်ချက်နဲ့ ပတ်သက်တဲ့ မူကိစ္စ ဖြစ်နေတယ်၊ ကျွန်တော် ပြတ်ပြတ်သားသားပဲ ပြောပါ့မယ်။ စအခြေတည်ကတည်းက ဦးကြီးငွေရော···သင်းမြတ်တို့အဖေရော···ဘဘရော အားလုံး မှားခဲ့ကြတယ်"

ဦးစိုးမောင်သည် မျက်လုံးကြီး ပြူးသွား၏။

"ဘယ်လို လူကလေး···၊ ဘဘတို့ အားလုံးမှားကြတယ် ဟုတ်လား"

ဟုတ်ပါတယ်···ဘဘ၊ မှားတာမှ ကြောက်မက်ဖွယ်ကောင်းလောက်အောင် မှားကြတာပဲ၊ ရုပ်ရှင်လုပ်ငန်းဟာ စီးပွားရေးလုပ်ငန်းကြီးတစ်ခု ဖြစ်တယ်ဆိုတာ၊ ကျွန်တော် မငြင်းပါဘူး၊ ဒါပေမဲ့ တခြားစီးပွားရေးလုပ်ငန်းတွေနဲ့ ကွာခြားတာ ကတော့ ရုပ်ရှင်လုပ်ငန်းမှာ အနုပညာဟာ အရေးကြီးဆုံးအပိုင်းက ပါနေတယ်၊ အနုပညာဆိုတာ ပါလာတာနဲ့ တစ်ပြိုင်နက်ထဲမှာ ယုံကြည်ချက်ဆိုတာ ရှိကြရမယ်၊ ဦးတည်ချက်ဆိုတာကလည်း ရှိရမယ်၊ အဲ့ဒီ ယုံကြည်ချက်တွေ ဦးတည်ချက်တွေဟာလဲ အနုပညာတကာတို့ရဲ့ ရေသောက်မြစ်ဖြစ်တဲ့ သစ္စာတရား

www.foreverspace.com.mm

ပေါ်မှာသာ အခြေခံကြရမယ်၊ ဒါဟာ နိယာမတရားတစ်ခုပဲ ဘဘ၊ ဒါပေမဲ့ ဘဘတို့အားလုံးဟာ ကိုယ်ကျိုးစီးပွားဆိုတဲ့ မှားယွင်းတဲ့ မြေမှာ အခြေချထားကြတယ်၊ ကံမခိုင် သံတိုင် အိမ်ဆောက်တော့ ကံမှောက်လျှင်ကျိုးဆိုတဲ့ စကားကို ဘဘကြားဖူးမှာပေါ့၊ ကံဆိုတာဟာ စေတနာပါပဲ ဘဘ၊ ဘဘတို့ရဲ့ စေတနာကက အစကတည်းက မှောက်ခဲ့ကြတော့ ဘဘတို့ရဲ့ စီးပွားရေးအင်အားဆိုတဲ့ သံတိုင်ကြီးတွေဟာ ကျိုးရပဲ့ရ ပျက်စီးရမှာပဲ''

ဦးစိုးမောင်သည် ပါးစပ်ကြီး အဟောင်းသားနှင့် ကိုစောနိုင်အား ပြန်ကြည့်နေသည်။ ကန့်ကွက်စကားတစ်လုံးမှ ထွက်မလာ။

''အခု လောလောဆယ်ပဲ ဒီကံရဲ့ အကျိုးကို ဘဘတို့အားလုံး ခံစားနေကြရပြီ၊ ဘဘတို့တွင် မကဘူး၊ ဘဘတို့ရဲ့ ရင်သွေးတွေလဲ ပါလာကြပြီ။ ဘဘတို့အားလုံး သတိထားမိကြမှာ မဟုတ်ဘူး၊ ဒါပေမဲ့ ဘဘတို့ရဲ့ စီးပွားရေးလောင်းကစားပွဲကြီးမှာ အပြစ်မဲ့တဲ့ လူသုံးဦးကတော့ အပေါင်ခံပစ္စည်းတွေ ဖြစ်ကုန်ကြရပြီ၊ အဲဒီ အပေါင်ခံလူသုံးဦးဟာ ဘယ်သူတွေလဲဆိုတော့ သင်းမြတ်ရယ်၊ ရှယ်လီရယ် ပြီးတော့... ကျွန်တော်ပဲ ဘဘ''

ကိုစောနိုင်၏ စကားတို့ကို ဦးစိုးမောင်သည် ငြိမ်သက်စွာ နားထောင်နေရာမှ မျက်နှာကြီးသည် တဖြည်းဖြည်း နီလာ၏။ ကိုစောနိုင်၏ နောက်ဆုံးစကားရပ်များကို ကြားလိုက်ရသောအခါတွင်မူ သူသည် မာန်ဖီသော ကျားကြီးကဲ့သို့ ဝုန်းခနဲနေရာမှ ထလိုက်၏။ သူ့ကိုယ်သူ ဘာလုပ်မိသည် မသိမီ သူ့လက်ဝါးကြီး တစ်ဖက်သည် ကိုစောနိုင်၏ ပါးပြင်ထက်သို့ ပြင်းထန်စွာ ကျသွား၏။

လက်ဝါးဒဏ်ကြောင့် ကိုစောနိုင်မှာ မျက်လုံးအတွင်း၌ မီးဝင်းဝင်း တောက်သွားသည်။ ပါးစပ်ကို စိတ်မှတ်မဲ့ အုပ်မိသွားသော လက်ဖဝါးဆီသို့လည်း သွေးများစီးကျလာသည်။

''အိုး...ကိုစိုးမောင်... ရှင် သားကို ဘာလုပ်လိုက်တာလဲ၊ ကျွန်မ သားကို ဘာလုပ်လိုက်တာလဲ''

ဒေါ်ငြိမ်းမယ်သည် ကိုစောနိုင်အား ပွေ့ပိုက်ရင်း... ရန်တွေ့သည်။

ကိုစောနိုင်ကမူ သူ့ဘဘအား ဝမ်းနည်းစွာဖြင့် ပြန်ကြည့်နေမိသည်။ ဘာမျှတော့ ပြန်မပြော။

ဦးစိုးမောင်၏ ခက်ထန်သောမျက်နှာကြီးသည် ရုတ်ခြည်း ညှိုးကျသွားသည်။

တုန်တုန်ယင်ယင်နှင့် ကိုစောနိုင်ကို ခေတ္တမျှ ပြန်ကြည့်သည်။ နောက်တစ်ခဏ၌မူ စိတ်ကိုအစိုးမရသော သူတစ်ဦးကဲ့သို့ အခန်းအတွင်းမှ တစ်ဟုန်ထိုး ထွက်ခွာသွား၏။

ကိုစောနိုင်သည်လည်း မလှုပ်မရှား ကျန်ရစ်၏။ ဒေါ်ငြိမ်းမယ်ကသာ ကိုစောနိုင်၏ အိတ်အတွင်းမှ လက်ကိုင်ပဝါအဖြူဖြင့် ပါးစပ်မှ ကျဆင်းလာသော သွေးများကို သုတ်ပေးနေသည်။

ဒေါ်ငြိမ်းမယ်၏ မျက်လုံးတို့၌ မျက်ရည်များ ပြည့်နေ၏။ သို့ရာတွင် မျက်နှာကို ဖွတ်ပြုံးရင်း ချော့မော့သည်။

"သားရယ်...မင်း ဘဘကို စိတ်မဆိုးနဲ့နော်....လူကလေး၊ ဘဘက လူကလေးကို သိပ်ချစ်ပါတယ်၊ သိပ်လည်း စေတနာထားတယ်၊ အဲဒါကို မေမေငြိမ်း ကောင်းကောင်းသိပါတယ် လူကလေး"

ကိုစောနိုင်သည် အသာပြုံးလိုက်ပြီး ဆိုသည်။

"ဘဘရဲ့စေတနာကို ကျွန်တော်သိပါတယ် မေမေငြိမ်း၊ ဒါပေမဲ့ နေရာတကာမှာ စေတနာက စကားမပြောဘူး"

ဒေါ်ငြိမ်းမယ်သည် သူ့ကို ကြေကွဲစွာ ပြန်ကြည့်၍ မေးသည်။

"ဘယ်လို ပြောလိုက်တာလဲ လူကလေးရယ်၊ လူကလေး မင်းဘဘကို စိတ်နာသွားပြီလား ဟင်"

ကိုစောနိုင်သည် ခေါင်းခါသည်။

"ဘဘကို ကျွန်တော် စိတ်မနာပါဘူး၊ ဒါပေမဲ့ ဘဘဖြစ်စေချင်တာတွေကိုတော့ ကျွန်တော်တစ်ခုမှ မဖြစ်နိုင်ပါဘူး မေမေငြိမ်း"

"ဘာဖြစ်လို့လဲ လူကလေးရယ်"

ကိုစောနိုင်သည် ဒေါ်ငြိမ်းမယ်၏ မျက်နှာကို ကြည့်မိသည်။

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် စကားကုန်အောင် ပြောခဲ့ပြီးပါပြီ မေမေငြိမ်း၊ ဖြစ်ခဲ့သမျှ ကျွန်တော်စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ကျွန်တော့်ကို ခွင့်လွှတ်ပါတော့ မေမေငြိမ်း"

ကိုစောနိုင်သည် ဒေါ်ငြိမ်းမယ်ကို ဝမ်းနည်းစွာ ကြည့်ရင်း နှုတ်ဆက်၍ သူ့အခန်းဆီသို့ ပြန်လာခဲ့သည်။ ခုတင်ထက်ထိုင်၍ မျက်နှာကို လက်ဝါးနှင့် အုပ်ရင်း အတန်ကြာ စဉ်းစားနေမိ၏။

နောက်ဆုံးတွင်မူ ကိုစောနိုင်သည် နေရာမှထ၍ ချွတ်ထားသော ကုတ်အင်္ကျီအတွင်းမှ သားရေပိုက်ဆံအိတ်ကို ဖွင့်ကြည့်သည်။

ငွေ ပေးရာခန့်ရှိနေ၏။

ကိုစောနိုင်သည် ခြေသံကို ဖော့နင်း၍ ဧည့်ခန်းသို့ ထွက်လာသည်။ ဧည့်ခန်း၌ မီးမရှိတော့သော်လည်း မှောင်းမည်းလှသည်မဟုတ်။

ကိုစောနိုင်သည် ပီယာနိုခုံပေါ်မှ စောစန္ဒာနွယ်၏ ဓာတ်ပုံကလေးကို ယူပြီး အိပ်ခန်းဆီသို့ ပြန်လာသည်။

အိပ်ခန်း၏ ခေါင်းရင်းဘက် ပြတင်းကို ဖွင့်ထားသည်ဖြစ်သောကြောင့် အပြင်ဘက်မှ ဆောင်ရက်နှောင်းလေ၏ ညည်းညူသံကို ကြားနေရသည်။

မြောက်ပြန်လေ၏ နှုတ်ဆက်တေးပင် ဖြစ်သည်။

❐ ❐ ❐

www.foreverspace.com.mm

# ၁၁။ ခရီးကြမ်းကန္တာလယ်

မန္တလေးတက္ကသိုလ် နယ်မြေအတွင်း ကျောင်းသူများ၏ ရွှေမန်းဆောင်နှင့် လမ်းတစ်ခုခြားသော ကထကနေအိမ် ခြံတစ်ခြံအတွင်းသို့ တစ်ညနေတွင် မြင်းလှည်းတစ်စီး ဝင်ရောက်ဆိုက်လာ၏။

မြင်းလှည်းပေါ်မှ ကိုစောနိုင်ဆင်းလာပြီး ခြံအလယ်မှ တိုက်ကြီးကို စူးစမ်းကြည့်သည်။

တိုက်ကြီး၏ တံခါးမှန်သမျှက ပိတ်လျှက်ရှိသည်။

စိတ်ပျက် အားလျော့သော မျက်လုံးများနှင့် ကိုစောနိုင်က ဟိုဟိုသည်သည် မျှော်ကြည့်မိ၏။

အိမ်ကြီး၏ နောက်ပိုင်းတွင် ဆီးတော်ပင်ကြီးတစ်ပင် အောက်၌ အိမ်ဖော် အလုပ်သမားနေရာ နှစ်ခန်းတွဲ တိုက်ငယ်တစ်ခုရှိ၏။

ထိုတိုက်ငယ်အတွင်းမှလည်း လူငယ်တစ်ဦး ပြေးထွက်လာသည်။

"ဘယ်သူ့ကို တွေ့ချင်ပါသလဲခင်ဗျား"

"ဩော်... ရူပဗေဒကထိက ဦးခင်လှိုင်ကို တွေ့ချင်လို့ပါ။ ဒါ ဦးခင်လှိုင်ရဲ့ အိမ် မဟုတ်လား"

"ဟုတ်ပါတယ် ဦးခင်လှိုင်ရဲ့ အိမ်ပါ၊ ဒါပေမဲ့ အခု ဆရာ မရှိဘူးခင်ဗျ"

"ဟင်... မရှိဘူး၊ ဘယ်သွားသလဲ"

"ကျွန်တော့် ဆရာက သူ ဘယ်သွားတယ်ဆိုတာ ကျွန်တော့်ကို ဘယ်တော့မှ တိုင်တန်းသွားလေ့ မရှိဘူး၊ အဲဒါ တော်တော်ခက်တယ်ဗျ"

ကိုစောနိုင်သည် လူငယ်၏အဖြေကို သဘောကျသွား၏။

"အေးလေ ဘာပဲဖြစ်ဖြစ်၊ ဦးခင်လှိုင်ရဲ့ အိမ်ပဲမဟုတ်လား၊ ငါ သူ့သူငယ်ချင်း တစ်ဦးပါ၊ သူ့ဆီမှာ တည်းမလို့ လာတာ"

www.foreverspace.com.mm

လူငယ်သည် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ဪ…ဒီလိုလား၊ ဒါဖြင့် ပစ္စည်းတွေ ချကြတာပေါ့၊ လောလောဆယ် ကျွန်တော့်အခန်းမှာ နေနိုင်ပါတယ်"

"ဟေ… မင်းအခန်းမှာ"

"ဟုတ်ကဲ့ ခင်ဗျ၊ အထဲမှာ ဘာပစ္စည်းမှ မရှိဘဲနဲ့ ဆရာက သူ့အိမ်ကို သော့ခတ်… သော့ခတ်ထွက်သွားတော့ ဧည့်သည်လာရင် အဖြေရှင်းရ အတော်ကျပ်တယ်၊ ကိစ္စမရှိပါဘူး၊ ကျွန်တော့်ဆရာက ညနက်အောင် လည်တတ်တဲ့ လူစားမျိုး မဟုတ်ပါဘူး၊ နောက်အကျဆုံး သန်းခေါင်ပါပဲ"

လူငယ်၏ စကားကြောင့် ကိုစောနိုင် အတော်အားရှိသွားသည်။ သို့ရာတွင် အခြားနည်းလမ်း မရှိသဖြင့် လူငယ်နှင့် အတူမြင်းလှည်းပေါ်မှ ပစ္စည်းများကို ချရသည်။

အားလုံးပြီးစီး၍ မြင်းလှည်း ထွက်ခွာသွားသောအခါ လူငယ်က ဖိတ်ခေါ်သည်။

"ကဲ…ဆရာ… ကျွန်တော့်အခန်းကို ကြွနိုင်ပါပြီ"

ကိုစောနိုင်က ပြုံးသည်။

"နေပါစေတော့ကွာ၊ ဆရာ ဟောဒီခြံထဲ လျှောက်ကြည့်လိုက်ဦးမယ်၊ မင်း ဆရာ… အချိန်မီ မလာမှပဲ မင်းအခန်းမှာ ငါတည်းပါ့မယ်"

လူငယ်သည် ခေါင်းကုတ်၍ တစ်ချက်စဉ်းစားသည်။

"ကျွန်တော့်ဆရာ သွားတတ်တဲ့နေရာ သုံးနေရာရှိပါတယ်၊ တစ်နေရာကတော့ မန္တလေးတစ်မြို့လုံးပဲဗျ၊ တစ်နေရာကတော့ လယ်ကွင်းတွေဘက်ပဲ၊ တခြားတစ်နေရာကတော့ ချန်မာရီ (ဆရာများ လူပျိုဆောင်)ပဲ ခင်ဗျ၊ ဒါပေမဲ့ ကားယူသွားပုံထောက်တော့ မြို့ထဲ ထွက်သွားတယ်နဲ့ တူတယ်၊ ဪ ဒါထက် ကျွန်တော် ထမင်းချက်လိုက်ရမလား"

"ကောင်းသားပဲကွ၊ ဒါထက် ဟင်းရော အဆင့်သင့် ရှိရဲ့လား"

လူငယ်က ပြုံးသည်။

"ဖြစ်သလို ချက်ထားတာတော့ ရှိပါတယ်၊ ဧည့်သည်လာရင်တော့ ထပ်ချက်ရမှာပေါ့"

ကိုစောနိုင်က အိတ်အတွင်းမှ ဆယ်တန်တစ်ရွက် ထုတ်ပေးသည်။

လူငယ်က လက်ကာ၍ ငြင်းသည်။

www.foreverspace.com.mm

"အို-အို မလိုပါဘူး၊ ကျွန်တော့်ဆရာက သူ့ကို ကျွန်တော်ထားချင်သလို ထားလို့ရတယ်၊ ညွှန့်သည်လာရင်တော့ ညွှန့်ဝတ်ကျေမှ ကြိုက်တယ်"

လူငယ်သည် သူ့အိမ်လေးဆီသို့ ပြန်ထွက်သွားသည်။

ကိုစောနိုင်က ခြံအတွင်းသို့ လှည့်လည် ကြည့်ရှုသည်။

ခြံအတွင်း၌ ထနောင်း၊ တမာ၊ သီး၊ ဇာဒံ စသော အပင်များ ပေါက် ရောက်နေသည်။ စနစ်တကျ စိုက်ထားဟန်ထက် သူ့ဘာသာသူ အလေ့ကျ ပေါက်နေမှန်း သိသာနိုင်၏။

အိမ်ကိုဝိုက်၍ရှိသော ကားလမ်းမှလွဲ၍ ခြံအတွင်းတွင် မြုံပုတ်နှင့် မြက်များ ရှိသည်။ မြုံပုတ်နှင့် မြက်များသည် နွေပေါက်တော့မည် ဖြစ်သဖြင့် ညိုဝါစပြုသည်။

တမာပင်များကမူ ပင်တိုင်းထက်စော၍ ရွက်ဝါတို့ကို ခြွေနေသည်။

တမာရွက်တို့၏ ရွှေရောင်သည် မှည့်၍ ဝင်း၏။ မြေပြင်၌ မှည့်ဝင်းသော ရွှေရောင် တမာရွက်ရော်တို့ ဖုံးလွှမ်းနေသည်။

ညနေစောင်းသဖြင့် နှင်းနှင့်မြူတို့က ရောရောထွေးထွေး ပေဝေ ဝါးဝါး ရှိနေ၏။

မန်းမြေ၌ နွေသည် စောစွာ ရောက်နေပြီတည်း။

ရွှေမန်းကျောင်းဆောင် ဝင်းထောင့်ရှိ မြန်မာကုက္ကိုလ်ပင်ကြီးထက်မှ ဥဩ ငှက်သည် နွေ၏အဖွင့်တေးကို မှန်မှန်သာသာ ရင့်ငှလျက်ရှိသည်။

ကိုစောနိုင်သည် သက်ပြင်းငွေ့ငွေ့ရှိုက်ပြီး နေဝင်စပြုသော အနောက် မိုးကောင်းကင် ငေးကြည့်နေမိ၏။

ထိုစဉ် ခြံအတွင်းသို့ စိမ်းပြာရောင် စကိုဒါ အမျိုးအစား ကားတစ်စီး ဝင်လာသည်။

ကားပေါ်မှ လူဝဝ၊ နဖူးကျယ်ကျယ်၊ ဆံပင်ပါးပါး၊ မျက်မှန်ဝင်းဝင်းနှင့် လပြည့်ဝန်းမျက်နှာ ရှိအပ်သော လူတစ်ဦး ဆင်းလာသည်။

ကိုစောနိုင်ကို မြင်သော် မျက်မှန်အောက်မှ သူ့မျက်လုံးများ ပြူးသွား၏။

"ဟော့လူ…ကိုစောနိုင်၊ ခင်ဗျား ဘယ်က အိမ်မက်,မက်ပြီး ကျွန်တော့်ဆီ ရောက်လာတာလဲ"

သူက အံ့သြရင်းနှီးစွာ ဆိုသဖြင့် ကိုစောနိုင်ကလည်း အလားတူတုံ့ပြန် သည်။

"ခင်ဗျားရဲ့ စံပယ်နဲ့ ပွင့်ဦးသီချင်းသံတွေကို လွမ်းလို့ပေါ့ ကိုခင်ဦးလှိုင်"

www.foreverspace.com.mm

မိတ်ဆွေနှစ်ဦးသည် တစ်ဦးလက် တစ်ဦးဆုပ်ကိုင် နှုတ်ဆက်ကြ၏။

"ခင်ဗျား ပြန်ရောက်လာပြီဆိုတာ ကျွန်တော်ကြားတယ်၊ နောက် ခင်ဗျား အသံလွှင့်တဲ့ သီချင်းတွေကိုလည်း ကြားသပေါ့ ဗျာ၊ ရုပ်ရှင်ကုမ္ပဏီ သူဌေးရဲ့ သမက်တောင် ဖြစ်တော့မလိုလိုပဲ ကြားမိပါရဲ့၊ ဒါထက်…ခင်ဗျား အခု မိန်းမရပြီး ဟန်းနီးမွန်း ထွက်လာတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူးဗျာ၊ ခင်ဗျားတောင် ကထိကရာထူးကြီး ရှိရက်နဲ့ တက္ကသိုလ်အလယ်မှာ လွတ်လပ်ရေးကျောက်တိုင်ကြီး ဖြစ်နေသေးတာ၊ ကျွန်တော် ဘယ် ဟန်းနီးမွန်း ထွက်နိုင်ဦးမှာလဲ"

ကိုစောနိုင်၏စကားကြောင့် ကိုခင်ဦးလှိုင်သည် အားရပါးရ အော်ရယ် သည်။

"ဘယ်လိုဗျ…လွတ်လပ်ရေးကျောက်တိုင် ဟုတ်လား၊ ဟား…ဟား၊ ကြိုက်ပြီဗျို့၊ ခင်ဗျားပေးတဲ့ ဘွဲ့ကို…ကျွန်တော် မဟာဝိဇ္ဇာဘွဲ့ထက်တောင် ကြိုက်သေးတယ်၊ ကဲ…ဒီတော့ လွတ်လပ်ရေးကျောက်တိုင်အောက်ကို အဘယ် မည်သောအကြောင်းကြောင့် ရောက်လာခဲ့ပါသနည်း ငါ့ရှင့်"

"သံသရာကြွေး… အိုခြင်းဘေးကို ကြောက်လွန်းလို့ပေါ့ဗျာ"

"အင်း…အိုခြင်းဘေးကို ကြောက်ရင်တော့ ကျွန်တော့်လိုပဲ လူပျိုကြီး လုပ်နေပေါ့၊ ဟား…ဟား…ဟေ့လူ၊ ဒါထက် ခင်ဗျား အိပ်ရာလိပ်ပါရဲ့လား"

"ပါ…ပါ တယ်ဗျ၊ ဘာဖြစ်လို့လဲ"

"တော်သေးတာပေါ့၊ နို့မို့ဖြစ်ရင် ကျွန်တော့်ကို မန်းတက္ကသိုလ်က သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်ထက် ပိုခြင်ကိုက်တယ်ဗျ၊ ဟား…ဟား၊ ကျွန်တော့်မှာလည်း အိပ်ရာ အပိုမရှိဘူး"

သူတို့နှစ်ဦးသည် ကိုစောနိုင်၏ ပစ္စည်းများကို အိပ်ကြီးပေါ် သယ်တင်ကြ သည်။

နှစ်ထပ်တိုက်ကြီးမှာ ကျယ်ဝန်းသည်။ ဘာပစ္စည်းမှ မရှိသောကြောင့်လည်း ပိုမို ကျယ်ဝန်းသည်ထင်ရ၏။

ကိုခင်ဦးလှိုင်က ကိုစောနိုင်ကို အပေါ်ထပ်ရှိ အိမ်ကြီး၏ အနောက်ဆောင် ခန်းမကြီး၌ နေရာချပေးသည်။ ထို့နောက် တစ်အိမ်လုံး၌ သိအပ်သော နေရာများ ကို လိုက်ပြ၏။

အိမ်သာ၊ ရေချိုးခန်း၊ မီးဖိုချောင် စသည်တို့ဖြစ်၏။

www.foreverspace.com.mm

အိမ်မကြီးနှင့် မီးဖိုချောင်အကူး စင်္ကြံအဝ၌ အခန်းငယ်တစ်ခုရှိသည်။ ထိုအခန်းတွင်းဝယ် ရေတိုင်နှစ်ခု တပ်အပ်သော ကြွေကန်တစ်ခု ရှိသည်။

"ခင်ဗျားတို့ ကျွန်တော်တို့ ငယ်ငယ်က သီချင်းတစ်ပုဒ် မှတ်မိလား၊ ကိုပန်ချာ စားတော့ ထမင်းဆိုင်၊ အိပ်တော့ ဇရပ်မှာ၊ ချမ်းသာတယ်…ဆိုတာလေ၊ အဲ…ကျွန်တော်ကတော့ ထမင်းဆိုင်မှာ မစားဘူး၊ ဇရပ်မှာလည်း မအိပ်ဘူး။ ဒါပေမဲ့ သောက်တော့ ဘုံဘိုင်မှာပဲခင်ဗျ၊ ကျွန်တော့်အိမ်မှာ သောက်ရေအိုးမရှိဘူး၊ ဟောဒီ သောက်ရေတိုင်နှစ်ခုဟာ သောက်ရေအိုးပဲ၊ ခင်ဗျား ရေသောက်ချင်ရင် ဖန်ခွက်နဲ့ ခံသောက်"

အမှန်ပင် ကိုခင်ဦးလှိုင်၏အိမ်၌ လူပျိုကြီးတစ်ဦး၏ အိမ်ပီပီ ဘာမျှ ပြည့်စုံခြင်း မရှိ။ သို့ရာတွင် လွတ်လပ်ခြင်းမှု ရှိနေ၏။

ဤသည်ကိုပင် ကိုစောနိုင် သဘောကျသည်။

သူသည် လွတ်လတ်ခြင်းကို ရှာဖွေရန် ထွက်လာခဲ့ခြင်း မဟုတ်ပါလော။

သူငယ်ချင်းနှစ်ဦးသည် ကိုခင်ဦးလှိုင်၏တပည့် ချက်ကျွေးသော ဝက်သား ဆီပြန် နန္နွင်းတဝင်းဝင်းနှင့် နွမ်းနေအောင်ကြော်ထားသော ပန်းမုန်လာကြော်တို့ တန်ဆာဆင်အပ်သော ညစာကို လက်ဖက်ရည်ကြမ်းနှင့် မျှော၍ မြိန်ယှက်စွာ စားကြသည်။

ထမင်းစားသောက်ပြီးနောက် ကော်ဖီခါးခါးတစ်ခွက်စီသောက်ကြရင်း အေးအေးဆေးဆေး စကားဆိုကြသည်။

ကိုစောနိုင်က သူဖြစ်ပျက်လာခဲ့သမျှအား အတိုချုပ်၍ ကိုခင်ဦးလှိုင်အား ပြောပြသည်။

ကိုခင်ဦးလှိုင်သည် အပြင်ပန်းကကြည့်လျှင် လောကကို ပမာမပြုဘဲ ပျော်ပျော်ရွှင်ရွှင် နေတတ်သူတစ်ဦး၏ ဟန်ပေါ်သော်လည်း စင်စစ်မူ လေးလေး နက်နက် စဉ်းစားတွေးတောတတ်သူ ဖြစ်၏။

သူသည် ကိုစောနိုင် ပြောပြသမျှတို့ကို စိတ်ရှည်စွာ နားထောင်ပြီးနောက် မှတ်ချက်ချသည်။

"ခင်ဗျား အခုလို ထွက်လာခဲ့တာ မှန်တယ်လို့ ကျွန်တော် ထင်တယ်၊ ကျွန်တော့်အိမ်မှာ ခင်ဗျားပျော်သလောက်နေပေါ့ဗျာ၊ ဒါမှမဟုတ်လည်း ကျောင်းက

ပိန်ခါနီးနေပြီ၊ ကျောင်းပိတ်ရင် ကျွန်တော့်တို့နှစ်ယောက် ကားတစ်စီးနဲ့ လျှောက်လည်ကြရအောင်၊ ဘယ်နှယ့်လဲ"

www.foreverspace.com.mm

"ခင်ဗျား အကြံ မဆိုးဘူး၊ ကျွန်တော့်တို့ ဘယ်ဘက်သွားကြမလဲ"

"ကချင်ပြည်နယ်ဘက်ဖြစ်ဖြစ်၊ ရှမ်းပြည်နယ်ဘက်ဖြစ်ဖြစ် ပေါ့ဗျာ"

ရှမ်းပြည်ဟူသော စကားသည် ကိုစောနိုင်၏ရင်ကို ခုန်သွားစေသည်။ ကိုစောနိုင် ငိုင်နေခိုက် ကိုခင်ဦးလှိုင်က မေးသည်။

"ခင်ဗျား ခုန ပြောသွားတဲ့ စကားထဲမှာ ဖြစ်ပြီးခဲ့သမျှတွေသာ ပြောသွားတယ်၊ ရှေ့ ဘာဆက်လုပ်မယ်ဆိုတာ မပြောဘူး၊ နေဦး၊ ကျွန်တော် မြန်မာပြည် ပြန်ဖို့အလာ၊ ခင်ဗျားဆီ ဝင်တည်းတုန်းက ခင်ဗျားပြောဖူးတာ ကျွန်တော်မှတ်မိတယ်၊ ခင်ဗျား အော်ပရာ တစ်ခု ရေးနေတယ်ဆို၊ အဲဒါရော ပြီးပြီလား"

"ခင်ဗျား အတော် မှတ်ဉာဏ်ကောင်းတဲ့လူပဲ ကိုခင်ဦးလှိုင်၊ ဟုတ်တယ်၊ အဲဒီ အော်ပရာက မပြီးသေးဘူး"

"ခင်ဗျား အော်ပရာ နာမည်က ဘယ်လိုလဲ"

"ညောင်ရွက် တေးသံတဲ့"

"နာမည်တော့ သိပ်ကြိုက်တယ်ဗျို့၊ ဇာတ်လမ်း သဘောကိုကော"

"ခင်ဗျားလည်း သိထားပဲ၊ ကမ္ဘာ့အော်ပရာကြီးတွေဟာ ရေးဟောင်းပုံပြင်ကြီးတွေ၊ ရာဇဝင်တွေကို အခြေခံရေးလေ့ရှိတာပဲ၊ ခေါ်မ ရောမပုံပြင်တွေ ရာဇဝင်တွေတင်မကပဲ နှောင်းခေတ်ဥရောပရဲ့ ဒဏ္ဍာရီတွေတောင် သူတို့ ဖော်ထုတ်ပြီးကြပြီ၊ သူတို့ မမွှေနှောက်ရသေးတာက ကျွန်တော်တို့ အရှေ့တိုင်းရဲ့ ရာဇဝင်တွေ၊ ပုံပြင်တွေဒဏ္ဍာရီတွေပဲ၊ ဒီဟာတွေထဲမှာ ကမ္ဘာ့စံချိန်မီ အော်ပရာကြီးတွေဖြစ်ဖို့ ဇာတ်လမ်းတွေ အများကြီး ရှိပါတယ်၊ ကျွန်တော်က ဥရောပကို စမ်းကြည့်တဲ့အနေနဲ့ ညောင်ရွက်တေးသံကို ဖန်တီးမိတာပါပဲ"

"ခင်ဗျား အော်ပရာနာမည်ကိုက ဗုဒ္ဓ ယဉ်ကျေးမှု သရုပ်ပေါ်နေတယ်၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ် ကိုခင်ဦးလှိုင် ခင်ဗျား ဝိဋ္ဋူဍဘနဲ့ သာကီဝင်မင်းမျိုးတွေ အကြောင်း ဖတ်ဖူးတယ် မဟုတ်လား"

"ဖတ်ဖူးပါတယ်၊ ဝိဋ္ဋူဍဘကြောင့် သာကီဝင်မျိုးတွေကို ပျက်သွားတဲ့ဟာ လေ"

"ဟုတ်ပါတယ်…အဲဒါပဲ၊ ဝိဋ္ဋူဍဘက သာကီဝင်မျိုးတွေကို ဖျက်ဖို့အလာမှာ မြတ်စွာဘုရားသခင်က ကြားကဝင်ပြီး သုံးကြိမ်တိုတိုဟန့်တားခဲ့တယ်၊ ဒါပေမဲ့

www.foreverspace.com.mm

ဉာဏ်တော်နဲ့ ရှုကြည့်တဲ့အခါမှာ ဒီသာကီဝင် မင်းမျိုးတွေဟာ တစ်ကြိမ်တုန်းက တံငါမျိုးဖြစ်စဉ်…ငါးမျိုးတွေတုံးအောင် အဆိပ်ခတ် သတ်ဖြတ် ဖမ်းဆီးဖူးတဲ့ ကြတယ်၊ ဒီအကုသိုလ်ကံကြောင့် သူတို့ဘည်း ပျက်စီးချိန် ရောက်လာပြီဆိုတာကို မြတ်စွာဘုရား သိတဲ့အခါမှာ မကယ်နိုင်ဘဲ ရှောင်ထွက်သွားခဲ့ရတယ်”

“ခင်ဗျား အော်ပရာက အဲဒီ ဇာတ်လမ်းလား”

“ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်တော်တင်ပြချင်တဲ့ တရားသဘောက ဒီလို၊ အခုခေတ် နိုင်ငံကြီးတွေမှာ တီထွင်နေကြတဲ့ အဏုမြူတွေကို ဝိဋူဋ္ဌပနဲ့ နှိုင်းချင်တယ်၊ ဒီခေတ် လူသားတွေကို သာကီဝင်မျိုးတွေအဖြစ် ထားချင်တယ်၊ ဝိဋူဋ္ဌပဆိုတာ သာကီဝင်မျိုးတွေရဲ့ မိုက်မဲမှုကြောင့် ပေါ်လာတဲ့ လူတစ်ဦးပဲ၊ ဝိဋူဋ္ဌပကို ကျေးကျွန်ပမာ သဘောထားခဲ့ကြတယ်၊ အပြီးသတ်ကျတော့ သူတို့ ကျေးကျွန်လို့ထင်တဲ့ ဝိဋူဋ္ဌပက သူတို့ကို ပြန်ဖျက်ဆီးသွားတယ်၊ အခုလဲ အဏုမြူဗုံးတွေကို တီထွင်သူတွေက ဒီဗုံးကို ကျေးကျွန်အဖြစ် ထင်နေကြတယ်၊ ဒါပေမဲ့ တစ်နေ့မှာ အဏုမြူဗုံး ဝိဋူဋ္ဌပဟာ လူသား သာကီဝင် တစ်မျိုးလုံး ပြုတ်အောင် လုပ်လိမ့်မယ်ဆိုတာ သူတို့ သတိမပြုမိဘူး၊ ကျွန်တော်တို့ခေတ် လူသားအားလုံးဟာ သာကီဝင်တွေလို တစ်ကြိမ်က ငါးမျိုးတုံးအောင် ဖျက်ဆီးခဲ့တဲ့ အကုသိုလ်ကံ ပါနေကြသလား မသိဘူး”

ကိုခင်ဦးလှိုင်သည် စဉ်းစားစွာဖြင့် ခေါင်းတညိတ်ညိတ်ပြုပြီး မေး၏။

“ခင်ဗျား ဆိုလိုတာကို ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါပေမဲ့ အကုသလ်ကံ ဆိုက်လာရင် ဘုရားတောင် တားမရ၊ ဒီနေ့ ကျွန်တော်တို့ ကမ္ဘာသူ ကမ္ဘာသားတွေ ကြုံတွေ့နေရတဲ့ အကုသိုလ်ကံကို ဘယ်သူက တားနိုင်မှာမို့လို့လဲ”

“ဘယ်သူကမှတော့ မတားနိုင်ပါဘူး၊ ကိုခင်ဦးလှိုင်၊ တစ်ခုတော့ရှိတယ်၊ ဒီနေ့ ကမ္ဘာသူ ကမ္ဘာသားတိုင်းဟာ ငါးသတ္တဝါတွေကို အဆိပ်ခတ်ခဲ့တဲ့ တံငါဟောင်းတွေ ဖြစ်ချင်မှဖြစ်မယ်၊ ဒါကတော့ ကျွန်တော့်မျှော်လင့်ချက်ပေါ့၊ ကျွန်တော် ညောင်ရွက်တေးသံဟာ အဲဒီလို လူတွေကို သတိပေးတဲ့ တေးသံပါပဲ”

“ခင်ဗျားမှာ ဒီလောက်ကြီးကျယ် မြင့်မြတ်တဲ့ ရည်ရွယ်ချက်ကြီး ရှိရက်နဲ့ ဘာကြောင့် အချိန်တွေဖြုန်းနေခဲ့တာလဲ ကိုစောနိုင်”

“ကျွန်တော် အခု အချိန်မဖြုန်းတော့ပါဘူး၊ မန္တလေးကို တက်တာမှာ ဒီကိစ္စ ဖြစ်မြောက်ရေးအတွက် ရည်ရွယ်ချက်တွေလည်း ပါခဲ့တယ်”

www.foreverspace.com.mm

ကိုခင်ဦးလှိုင်သည် လပြည့်ဝန်းမျက်နှာကြီးကို ရွှန်းအောင်ပြုံးလိုက်သည်။

"ဒါဖြင့် ခင်ဗျား ကျွန်တော့်ဆီကိုလာတာဟာ ကောင်းသောလာခြင်းပဲ၊ မြတ်သောလာခြင်းပဲ၊ အပြစ်ကင်းသောလာခြင်းပဲ၊ ဟား ဟား ဟား"

ကိုခင်ဦးလှိုင်သည် အားရပါးရ ရယ်မောလိုက်ပြီး ရက်ကော်ဒါဆီသို့ လျှောက်သွား၍ တိပ်ခွေများ ရွေးသည်။

"ခင်ဗျားရဲ့ ညောင်ရွက်တေးသံကို တစ်နေ့မှာ ကျွန်တော်ကြားရမှာပေါ့၊ ဒီညတော့ ကျွန်တော် မြတ်မြတ်နိုးနိုး အသံသွင်းယူထားတဲ့ သီချင်းတွေကို နားထောင်ဦးပေါ့ဗျာ၊ ခင်ဗျား ကြိုက်လိမ့်မယ်လို့ ထင်ပါတယ်၊ ဂီတနက်သန်ကိုစောငြိမ်းရဲ့ သီချင်းတွေချည်းပဲ"

ကိုခင်ဦးလှိုင်သည် ရက်ကော်ဒါကို စဖွင့်သည်။

နွေဦး၊ သစ္စာ၊ ပွင့်ဦး၊ စံပယ်၊ ဆည်းဆာ၊ အရဏ်၊ လွမ်းတယ်လေ့၊ သည်ဆောင်းဟေမာန်၊ စိန်စသော ကိုစောငြိမ်း၏ လက်ရွေးစင် သီချင်းများသည် တစ်ပုဒ်ပြီးတစ်ပုဒ် အသက်ရှင် ပြန်ဝင်လာ၏။

ဂီတနက်သန်ကိုစောငြိမ်း၏ သီချင်းများသည် အကြောင်းအရာနှင့်စာသား၊ ခံစားမှုနှင့် တေးသွားတို့ အတိမ်းအညွှတ်မရှိ၊ ဟပ်စပ်ထိမိအောင် ဖွဲ့ချီထားသော သီချင်းများသာ ဖြစ်၏။ တီးကွက်များမှာ သိမ်မွေ့သကဲ့သို့ အဆိုက ခက်ခဲသည်။ လူတိုင်း မတီးနိုင်သကဲ့သို့ လူတိုင်း မဆိုနိုင်။

ဤရှားပါးသောကိုစောငြိမ်း၏ သီချင်းများကို အသံသွင်း စုဆောင်းထားနိုင်သည့် ကိုခင်ဦးလှိုင်ကို ကိုစောနိုင် ချီးမွမ်းမိသည်။ ထိုထက် သီဆိုထားသူ အသံရှင်အား ပိုမိုချီးမွမ်းမိသည်။ အသံက ကြည်လင်ပြတ်သားသည်။ ကြည်လင်ပြတ်သားရုံမက ခံစားမှုကိုလည်း ဖော်နိုင်၏။

ကရုဏာသံဟု ခေါ်သော အေးချမ်းသိမ်မွေ့သည့် အသံမျိုးဖြစ်သည်။

ဤအသံကို ကြားဖူးသည်ဟု ကိုစောနိုင်၏စိတ်မှာ ထင်နေ၏။

သီချင်းများဆုံးသွားသောအခါ ကိုစောနိုင်က မေးသည်။

"ဒီသီချင်းတွေ ဘယ်သူ ဆိုထားသလဲ"

"အေးဗျာ...ကျွန်တော် အဲ့ဒါကို မပြောရသေးဘူး၊ ဒီလူက တော်တော်ထူးဆန်းတဲ့ လူပဲ၊ ဂီတပညာမှာ ကျွန်တော်တွေ့ဖူးသမျှထဲမှာ အကျွမ်းကျင်ဆုံးပဲ၊ ဒါပေမဲ့ မာနကတော့ တယ်ကြီးတယ်၊ နေရာတကာလည်း လိုက်မဆိုဘူး၊

www.foreverspace.com.mm

ပိုက်ဆံပေးခိုင်းလို့လည်း မလုပ်ဘူး၊ သူစေတနာရှိရင်တော့ ဆိုရ ဆိုရ၊ တီးရ တီးရ သင်ပြပေးရ ပေးရ၊ မညည်းမညူဘဲ လုပ်ပေးတတ်တယ်၊ အလုပ်ကတော့ အလယ်တန်းပြ ကျောင်းဆရာတစ်ဦးပဲ၊ နာမည်က ကိုမိုးလှိုင်လို့ ခေါ်တယ်"

"ဗျာ…ကိုမိုးလှိုင်လို့ ခေါ်တယ် မဟုတ်လား၊ နေပါဦး…သူ တမွဝတီမှာ နေတယ် မဟုတ်လား"

"အလို…ခင်ဗျား ဘယ့်နှယ့်လုပ် သိသလဲ၊ ဟုတ်တယ် တမွဝတီမှာနေတဲ့ ကိုမိုးလှိုင်ပဲ"

ကိုစောနိုင်က ကိုမိုးလှိုင်နှင့် သူတို့တွေ့ခဲ့ပုံများ ကိုခင်ဦးလှိုင်အား ပြောပြသည်။ စကားအဆုံး၌ ကိုခင်ဦးလှိုင်က မှတ်ချက်ချသည်။

"ဒီအတိုင်းဆိုရင်တော့ ကိုမိုးလှိုင်ဟာ တကယ့်လူပဲ၊ ခင်ဗျားသူနဲ့ တွေ့ချင်သလား။ ကျွန်တော် လိုက်ပို့ပေးမယ်"

"တွေ့ချင်တာပေါ့ဗျာ…။ သိပ်တွေ့ချင်တယ်၊ ကျွန်တော် သီးသန့်စပ်ထားတဲ့ သီချင်းလေးတွေရှိတယ်၊ ရန်ကုန်မှာတုန်းက စိတ်ကြိုက်အဆိုတော် မတွေ့လို့ အသံမလွှင့်ဖြစ်ခဲ့ဘူး၊ ကျွန်တော့်သီချင်းတွေဟာ ကိုမိုးလှိုင်နဲ့ ကိုက်မှာပဲ"

ကိုခင်ဦးလှိုင်သည် စိတ်ဝင်စားဟန်နှင့် ပြန်မေး၏။

"ခင်ဗျား သီချင်းတွေ ဟုတ်လား…လုပ်သွားစမ်းပါဦးဗျာ၊ ဒီလိုဆိုရင် ကျွန်တော် အရင် အသံသွင်းယူထားရအောင်၊ နာမည်တွေရော ပေးပြီးပြီလား"

"ပေးပြီးပါပြီ၊ အဲဒီအထဲက တစ်ပုဒ်ကိုတော့ ခင်ဗျား စိတ်ဝင်စားလိမ့်မယ် ထင်တယ်၊ ကျွန်တော်'ဘုရင်မ မေရီ' ပေါ်မှာစပ်ခဲ့တဲ့ သီချင်းပဲ၊ နာမည်ကတော့ 'ထားသခင်' တဲ့"

ကိုခင်ဦးလှိုင်သည် သီချင်းနာမည်ကို ရွတ်ကြည့်သည်။

"ထားသခင်….၊ ထားသခင်ဆိုတော့ ကိုယ်ဘဝရဲ့သခင်ပမာ မှတ်ယူထားရတဲ့ မေတ္တာနိုင်ငံရဲ့ ထိပ်ထားတစ်ဦးလို့ အဓိပ္ပာယ်ရတယ်၊ ကျွန်တော်တစ်ခု မေးမယ်၊ ခင်ဗျား အမှန်အတိုင်း ဖြေမလား"

"မေးပါလေ"

"ခင်ဗျားတို့ဂီတသမားတွေဟာ သီချင်းတစ်ပုဒ်ကို စပ်ရင် ခံစားချက်ရှိမှ စပ်တယ်လို့ ကြားဖူးတယ်၊ ခံစားမှုဆိုတာဟာလဲ အတွေ့အကြုံပေါ် မှီဖြစ်လာရတာပဲ၊ ဟုတ်တယ်…မဟုတ်လား"

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့ ခင်ဗျား ဒီမေးခွန်းကို မေးရတာလဲ"

ကိုခင်ဦးလှိုင်သည် ပြုံး၍ သူ့ကို စူးစမ်းဟန် ကြည့်ပြီး ဆိုသည်။

"ဘာဖြစ်လို့ မေးရသလဲဆိုတော့ ခင်ဗျား သီချင်းနာမည်က ထားသခင်တဲ့၊ ခုနင်က ခင်ဗျားဝန်ခံခဲ့တဲ့အတိုင်း ဆိုရင်တော့ ခင်ဗျား ထားသခင်တစ်ဦးဦးကို တွေ့ခဲ့ပြီးပြီနဲ့တူတယ်၊ မဟုတ်လား"

ကိုစောနိုင်သည် နေရာမှ ထသည်။

"ဒီအမှုပေါ်အောင် ခင်ဗျားက ဘာကြောင့် စစ်ချင်ရတာလဲ ကိုခင်ဦးလှိုင်၊ အပြင်ဘက်မှာ နွေညကသိပ်လှပနေတယ်၊ ဒီလို လှပတဲ့ညမျိုးမှာ သစ်ရွက်ကြွေသံတွေ နားခံပြီး အိပ်ပစ်လိုက်မယ်ဆိုရင်တော့ ခင်ဗျားလို လူပျိုကြီးတစ်ဦးအတွက် သာယာတဲ့ စိတ်ကူးယဉ် အိပ်မက်ကလေးတွေ မက်နိုင်ပါတယ်၊ ကျွန်တော့်ရဲ့ ထားသခင် ဇာတ်လမ်းကိုကြားရင် ခင်ဗျားရဲ့ စိတ်ကူးယဉ်အိပ်မက်ကလေးတွေအားလုံး ပျက်သွားနိုင်တယ်၊ ဒီတော့ ကျွန်တော်တို့ စကားဆက်မပြောဘဲ အိပ်ကြရင် ကောင်းလိမ့်မယ် ထင်တယ်"

ကိုစောနိုင်၏စကားကြောင့် ကိုခင်ဦးလှိုင်သည် သဘောကျစွာ အော်ရယ်လိုက်သည်။

"ဒီလိုဆိုရင်တော့လည်း ဆက်မပြောကြစို့နဲ့ဗျာ၊ ခင်ဗျားပြောတဲ့အတိုင်းပဲ နွေရွက်ကြွေသံကို နားခံရင်း စိတ်ကူယဉ်အိပ်မက်ကလေးတွေ မွေးဖွားလာဖို့ အိပ်ပစ်လိုက်ကြစို့လား ဟား... ဟား..."

❒

ကိုမိုးလှိုင်၏တမွဲဝတီသည် စိတ်ဝင်စားဖွယ်ကောင်းသော အနုပညာ ရပ်ကွက်တစ်ခုဖြစ်သည်။ ရပ်ကွက်အတွင်းသို့ ဝင်မိလျှင်ပင် မြန်မာမှုစစ်စစ်ဖြစ်သည့် ကျောက်ဆစ်လုပ်ငန်း၊ ပန်းပုလုပ်ငန်း၊ ပန်းတဉ်းလုပ်ငန်း စသည့်တို့ကို တွေ့မြင်ရသည်။

ကျောက်ဆစ်သံ၊ ပန်းပုထုသံ၊ ပန်းတဉ်းကိုင်သံတို့ကို နားခံရင်း၊ ကိုစောနိုင်နှင့် ကိုခင်ဦးလှိုင်တို့သည် လမ်းကျဉ်းများအတိုင်း စကိုဒါကားကလေးကို ဟိုကွေ့ဒီကောက်မောင်းလျက် ခြံဝင်းတစ်ခု၏ထိပ်၌ ဆိုက်လိုက်သည်။ ခြံဝင်းအတွင်းရှိ အိမ်တစ်ဆောင်မှ ဆိုင်းသံဗုံသံများ ပေါ်ထွက်လာနေ၏။

www.foreverspace.com.mm

အိမ်အတွင်း၌ ကိုမိုးလှိုင်ကို ကိုစောနိုင်တို့သည် မမျှော်လင့်သောအသွင်နှင့် တွေ့ရ၏။

အိမ်အောက်ထပ်တွင် မြန်မာဆိုင်းဝိုင်းကြီး တစ်ဝိုင်းသည်တီးသူမှုတ်သူ အပြည့်အစုံနှင့် ရှိနေသည်။ ဝါးကြောဖျာ ခင်းထားသော ကြမ်းပြင်တွင်မူ အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးတို့သည် မြိုင်ထနစ်ပါးသွားကို ကနေကြသည်။ သူတို့နှစ်ဦး ဝတ်ထားကြသည်မှာ သာမာန်အရပ်ဝတ်အရပ်စားဖြစ်သော်လည်း ကကွက်က,ဟန်ကို ထောက်ရှုခြင်းအားဖြင့် သဘင်သည် စစ်စစ် မင်းသား မင်းသမီးတို့ ဖြစ်ကြကြောင်း ထင်ရှားသည်။

ကိုစောနိုင်ကို သဘောအကျစေဆုံးကား မှန်စီရွှေချ ဝိုင်းအတွင်းမှ ရှာစားဖြစ်သည်။

ခေါင်းလေးငဲ့ကာ၊ ငဲ့ကာ၊ မျက်မှန်လေး ဝင့်ကာဝင့်ကာဖြင့် လက်သံပြောင်စွာ စိတ်ပါလက်ပါ တီးနေ၏။ ရှာစားကား အခြားသူမဟုတ်၊ မိုးလှိုင်ကိုယ်တိုင်ပင်တည်း။

ကကြိုးအဆုံး··· ဆိုင်းအရပ်၌ မော့ကြည့်လိုက်သော မိုးလှိုင်သည် ကိုစောနိုင်တို့အား မြင်သွားသည်။

သူသည် ဆိုင်းဝိုင်းအတွင်းမှ ထွက်လာပြီး ဝမ်းသာ လှိုက်လှဲစွာနှုတ်ဆက်သည်။

"ဟာ··· ဆရာ ဦးခင်ဦးလှိုင်ပါလား၊ နေဦး···ခင်ဗျား···ကိုစောနိုင် မဟုတ်လား၊ ဘယ်ကဘယ်လို ပေါ်လာကြတာလဲ"

ကိုခင်ဦးလှိုင်က ကိုစောနိုင်ဘက်သို့ မေးငေါ့ပြပြီး ဖြေသည်။

"ဟောဒီက ကိုစောနိုင် ခင်ဗျားနဲ့တွေ့ချင်လို့တဲ့ဗျာ၊ ဒါနဲ့ လိုက်ပို့တာ"

မိုးလှိုင်သည် ကိုစောနိုင်အား ပြုံးကြည့်ပြီး မေးသည်။

"ဘာလဲ ကိုစောနိုင်၊ ခင်ဗျား ရုပ်ရှင်ကုမ္ပဏီအတွက် အသံသွင်းဖို့ဆိုပြီး နိပ်စက်ဖို့ ကျွန်တော့်ကို လာခေါ်တာလား၊ ဟား···ဟား ရတီမှန် ကုမ္ပဏီဆိုရင်တော့ ဒိုးဆလံ တင်းဆလံပါပဲ ဆရာရေ့၊ ဩောင်းနမောနဲ့ မ,ပါရစေ"

မိုးလှိုင်သည် ရယ်မောရင်း ပြောနေသည် ဖြစ်သောကြောင့် ကိုစောနိုင်က ဘာမျှ ပြန်မပြောဘဲ သူနှင့်အတူ လိုက်ရယ်သည်။

မိုးလှိုင်သည် သူတို့နှစ်ဦးအား ကွပ်ပျစ်တစ်ခုဆီသို့ ခေါ်သွား၏။ ကွပ်ပျစ်ပေါ်၌ မှိုင်းအပြည့်နှင့် ထူထပ်မည်းမှောင်နေသော မြေလက်ဖက်ရည်အိုး

www.foreverspace.com.mm

တစ်လုံး ရှိသည်။

မိုးလှိုင်သည် ကွပ်ပျစ်ပေါ်၌ ကျကျနနတင်ပျဉ်ခွေထိုင်လိုက်ပြီး မြေအိုးတွင်းမှ လက်ဖက်ရည်ကြမ်းများကို ပန်းကန်လုံးများအတွင်းသို့ ငှဲ့ထည့်၍ ကိုစောနိုင်နှင့် ကိုခင်ဦးလှိုင်တို့အား တည်သည်။ သူကိုယ်တိုင်လည်း လက်ဖက်ရည်ကြမ်းကို ရှူးခနဲ နေအောင် အားရပါးရ စုပ်သောက်လိုက်သည်။

လက်ဖက်ရည်ကြမ်းသောက်ပြီး ရေငတ်ပြေသွားဟန်နှင့် မျက်မှန်အောက်မှ မျက်လုံးများကို ပုတ်ခတ် ပုတ်ခတ် လုပ်ပြီး မေးသည်။

"ကိုစောနိုင် မန္တလေးကို ဘာလာလုပ်တာလဲ…၊ အလည်လာတာလား"

"အလည်လာတာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော် ထွက်ပြေးလာတာ"

"ဗျာ…ထွက်ပြေးလာတာ၊ ဘယ်ကလဲ"

"ရတီမှန် ခြံဆီကရော တစ်လောကလုံးဆီကရော ဆိုပါစို့ ကိုမိုးလှိုင်"

ကိုမိုးလှိုင်သည် မျက်တောင်ပုတ်ခတ်ပုတ်ခတ်နှင့် ကိုစောနိုင်အား ကြည့်ပြန်သည်။ ဤအကြည့်မှာ မယုံနိုင်သောအကြည့် ဖြစ်၏။

"ခင်ဗျား ဘာလို့ ဒီလို ကြည့်ရတာလဲ ကိုမိုးလှိုင်"

မိုးလှိုင်သည် လျင်မြန်စွာ ပြုံးလိုက်ပြီး ဝန်ခံ၏။

"ကျွန်တော်နားကို ကျွန်တော် မယုံလို့ပါ၊ စိတ်မဆိုးနဲ့နော် ကိုစောနိုင်၊ ကျွန်တော် ဖြောင့်ဖြောင့်ပြောတတ်တယ်။ ရှင်းရှင်းပဲဗျ၊ ဟိုတစ်ခါတွေ့တုန်းက ခင်ဗျားကို သိပ်ကြည်ညိုသွားတယ်၊ အခုတော့ ခင်ဗျား ရတီမှန်ခြံထဲမှာပဲ ဝင်လုပ်နေတယ်လို့ ကြားရတော့ စိတ်ပျက်သွားပြန်တယ်၊ အခုတော့ ခင်ဗျား တကယ် ဒီခြံထဲက ထွက်ပြေးလာပြီလား"

"တကယ်ပါပဲ ကိုမိုးလှိုင်၊ ဟိုတုန်းက ဝင်လုပ်ရတာကတော့ ကျွန်တော် မိဘရဲ့ ကိုယ်ရေးကိုယ်တာတစ်ခုကြောင့်ပဲ၊ ဒါပေမဲ့ ခင်ဗျား တစ်ကြိမ်မက ပြောခဲ့သလိုပဲ၊ ခင်ဗျားတို့လို ကျွန်တော်တို့လို သစ္စာဝန်ထမ်းတွေဟာ သူတို့နဲ့ ရေရှည်ပေါင်းလို့ မရနိုင်ပါဘူး"

မိုးလှိုင်သည် ခေါင်းလေးတ်ညိတ်ညိတ်ဖြင့် နားထောင်နေသည်။ ခေါင်းညိတ်နေသကဲ့သို့ တင်ပျဉ်ချိတ်ထားသော ဒူးတစ်ဖက်ကလည်း လှုပ်နေ၏။ အတန်ကြာမှ စဉ်းစဉ်းစားစား ဆိုသည်။

"ကိုစောနိုင်က ကျွန်တော့်ရဲ့ သစ္စာဝန်ထမ်းဆိုတဲ့ စကားကို မမေ့လို့ ကျေးဇူးတင်ပါတယ်၊ ခက်တာက သစ္စာဝန်ထမ်းဆိုတာဟာ သစ္စာဝန်ကိုထမ်းမိ

www.foreverspace.com.mm

တာနဲ့ တစ်ပြိုင်နက် ခရီးကန္တာကို လျှောက်ရတာ၊ ခင်ဗျားတော့ မပြောတတ်ဘူး၊ ကျွန်တော်ကတော့ ခရီးကြမ်း ကန္တာလယ်က လွတ်ကို မလွတ်နိုင်သေးဘူး''

ကိုစောနိုင်သည် ဘေးပတ်ဝန်းကျင်ကို တစ်ချက်မျက်လုံးဝေ့၍ ကြည့်မိသည်။ ထို့နောက် ကိုမိုးလှိုင်ကို ပြန်ကြည့်၍ မေးသည်။

''ခင်ဗျား အခု ဘာလုပ်နေတာလဲ ကိုမိုးလှိုင်၊ ဇာတ်ထောင်နေတာလား''

ကိုမိုးလှိုင်သည် သဘောကျစွာ တဟဲဟဲ ရယ်လိုက်၏။

''အေးဗျာ…ဇာတ်ထောင်ထားတယ်ပဲ ဆိုကြပါစို့၊ ဒီလိုရှိတယ်ဗျာ၊ ကျွန်တော်က ဂီတနဲ့ကင်းပြီးတော့လည်း မနေတတ်ဘူး၊ ရင်ထဲမှာ တင်ပြချင်တာတွေ ထွင်ကြည့်ချင်တာတွေလည်း အများကြီးပဲ၊ ရုပ်ရှင်ကုမ္ပဏီတွေ ဇာတ်သဘင် အဖွဲ့ကြီးတွေနဲ့ အဆင်မပြေလှဘူး၊ ကျွန်တော့်တို့ ကိုးကွယ်တာက ပညာရှိပေမဲ့ နာမည်မရသေးတဲ့ သဘင်လောက လူတွေပဲ၊ ဒါနဲ့ သူတို့အားလုံးကို စုစည်းပြီး ဇာတ်ထောင်ထားတယ်ပေါ့ဗျာ၊ ဝိုင်းလုပ် ဝိုင်းစားပဲ၊ ကျွန်တော်က နေ့ခင်းဆိုရင် ကျောင်းမှာ အလုပ်လုပ်တယ်၊ ညနဲ့ ကျောင်းပိတ်ရက်တွေဆိုရင် ဇာတ်ရေးတယ်၊ သီချင်း စပ်တယ်၊ အကတိုက်တယ်''

ယခုအချိန်အထိ ငြိမ်နေသော ကိုခင်လှိုင်ဦးက ဝင်မေးသည်။

''ဒါနဲ့ ခင်ဗျားဇာတ်အဖွဲ့ကြီးရဲ့ အခြေအနေက ဘယ်လိုရှိသလဲ''

မိုးလှိုင်သည် ဒူးကလေး နဲ့ကာနဲ့ကာ၊ မျက်မှန်အောက်မှ မျက်လုံးလေး ပုတ်ကာပုတ်ကာနှင့် ခေတ္တစဉ်းစားသည်။

''အခြေအနေက မဆိုးလှဘူးလို့ ပြောရမယ် ခင်ဗျ၊ ဒီနွေမှာတွင် ပွဲငှား ခုနစ်ခုလောက်ရှိတယ်၊ အခုလည်း ရှမ်းပြည်နယ်လွယ်လင်က ဘုရားပွဲအတွက် အငှားလာလို့ ဇာတ်တိုက်နေကြတာ''

ကိုစောနိုင်သည် ကိုခင်ဦးလှိုင်အား လှည့်ကြည့်သည်။ ကိုခင်ဦးလှိုင်က ခေါင်းညိတ်ပြသည်။

ကိုစောနိုင်က ကိုမိုးလှိုင်ကို မေးသည်။

''ဒါဖြင့်ရင် ခင်ဗျားလည်း ဒီဇာတ်အဖွဲ့ကြီးနဲ့ လွယ်လင်ကို လိုက်သွားမယ်ပေါ့ ဟုတ်လား''

မိုးလှိုင်က ခေါင်းခါသည်။

''ကျွန်တော် ခုနင်က ပြောပြီးပါရောလား၊ ကျွန်တော့်ဇာတ်အဖွဲ့က ဝိုင်းလုပ်ဝိုင်းစားပါလို့၊ ကျွန်တော်တို့က ငွေကြေးသိပ်တောင့်တာ မဟုတ်ဘူး၊

www.foreverspace.com.mm

သုံးညပွဲမှ ကုန်ကျစရိတ်နှုတ်ပြီး တစ်ဦးစီအတွက်ကြိတ်နှုန်း နှစ်ဆယ်စီလောက် ကျန်တာဗျ၊ ဒီတော့ တတ်နိုင်သလောက် ချွေတာရတယ်၊ လွယ်လင်ကို ကျွန်တော် လိုက်သွားဖို့ မလိုပါဘူး၊ သူတို့ကို အားလုံး သင်ပြပြီးပြီဘဲ၊ အဲ လိုက်သွားရင် ကျွန်တော့်တစ်ယောက်စာ စရိတ်စက ထပ်တက်လာဦးမယ်၊ ဒါကြောင့် မလိုက်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်"

ကိုစောနိုင်က မိုးလှိုင်ကို ရင်ထုမနာဖြင့် ကြည့်မိသည်။ ကိုခင်ဦးလှိုင်က အလိုက်သိစွာ ဝင်ပြောသည်။

"ဒီလို လုပ်ကြတာပေါ့ ကိုမိုးလှိုင်၊ ဒီနွေမှာ ကျွန်တော် ကားတစ်စီးနဲ့ လျှောက်လည်မယ်လို့ မှန်းထားတယ်၊ အစကတော့ ဘယ်ဘက် သွားရမယ်လို့ မသိဘူး၊ အခုတော့ ရှမ်းပြည်နယ်ဘက်ပဲတက်မယ်လို့ ဆုံးဖြတ်လိုက်ပြီ၊ ဒီတော့ ခင်ဗျားတို့နှစ်ဦးလုံးကို ကျွန်တော် ဖိတ်ပါတယ်၊ ကျွန်တော့်ကားနဲ့ သွားကြတာ ပေါ့ဗျာ၊ လွယ်လင်တွင် မကဘူး၊ ရှမ်းပြည်နယ်တစ်ပြည်နယ်လုံး လည်ကြရအောင်၊ ကိုစောနိုင်ကလည်း ပြောတယ်၊ ခင်ဗျားကို ဆိုခိုင်းမယ်လို့ မှန်းထားတဲ့ သီချင်းတွေ သူ့ဆီမှာ ပါလာတယ်တဲ့၊ ပြီးတော့ သူက ကကြိုး ကကွက် လိုက်ရှာနေတဲ့လူ၊ ခင်ဗျားတို့ နှစ်ယောက်တော့ ကိုက်နေတာပဲ၊ ရှမ်းပြည်နယ်ဘက် တက်ကြရအောင်ဗျာ၊ ခင်ဗျားတို့ နှစ်ယောက်က တီးမှုတ်ကြ စပ်ကြဆိုကြပေါ့ဗျာ၊ အဲ…ကျွန်တော်လည်း ကျွန်တော်တတ်တဲ့ ပညာနဲ့ ကူညီမယ်"

ကိုစောနိုင်က ကိုခင်ဦးလှိုင်ကို မေးသည်။

"ခင်ဗျားက ဘယ်လို ကူညီမှာပဲ"

"ကျွန်တော်တတ်တဲ့ ပညာက နားထောင်တဲ့ ပညာလေ၊ ဒီတော့ ခင်ဗျားတို့ သီချင်းတွေကို နားထောင်ခြင်းနဲ့ ကူညီပါ့မယ်၊ ဟား…ဟား…"

ကိုခင်ဦးလှိုင် စကားကြောင့် ကိုစောနိုင်ရော မိုးလှိုင်ပါ ရယ်ကြသည်။

ရှမ်းပြည်နယ်သို့ တက်ရေးကိုလည်း သဘောတူသွားကြသည်။

ကိုစောနိုင်နှင့် ကိုခင်ဦးလှိုင်တို့ တမွဲဝတီမှ ပြန်လာ၍ ရန်ကုန်၊ မန္တလေး၊ လမ်းမကြီးများပေါ်သို့ ရောက်သောအခါ အရှေ့ဘက်၌ ရှမ်းတောင်တန်းကြီးများကို လှမ်းမြင်ရသည်။

ရူပဗေဒ ကထိက ဖြစ်သော်လည်း အနုပညာကို ဝါသနာပါလွန်းလှသူ ကိုခင်ဦးလှိုင်ကို သီချင်းတစ်ပုဒ်ကို ဆိုသည်။

“ရှမ်းတို့ဌာန မုခ်ဝလှည့်ကာ ခတ်တော်ဌာပနာ ပေါက္ကံရာဇာ တမန်တော် ဆိုက်ရောက်လာ”

ကိုခင်ဦးလှိုင်သည် သီချင်းအဆုံး၌ သူ့ထုံးစံအတိုင်း ရယ်ရယ်ပြုံးပြုံးနှင့် ဆိုသည်။

“ရွှေစာရံ စေတီဟာ တစ်ချိန်တုန်းက ရှမ်းတို့ဌာန မုခ်ဝလှည့်ခဲ့တယ်ဆိုတဲ့ အတိုင်းပဲ၊ အခုလည်း ကျွန်တော်တို့ကားဦးကို ရှမ်းပြည်နယ်ဘက် လှည့်လိုက်တော့ မယ်”

ကိုစောနိုင်ကမူ ဘာမျှ ပြန်မဖြေ၊ ပြုံးရုံသာ ပြုံးသည်။ ရင်တွင်း၌မူ တေးတစ်ပုဒ်ကို တိုးတိုးတိတ်တိတ် ကြိတ်ပေါ်နေသည်။

“အစောတို့တိုင်း...တောညိုမှိုင်းလို့...မောမြေခံ့လှိုင်း...နှင်းမြူ ဆိုင်းတဲ့...တောရိုင်းဗွေတစ်ခွင်...”

❐ ❐ ❐

www.foreverspace.com.mm

www.foreverspace.com.mm

## အပိုင်း (၃)

# လွှမ်းတေးမဆုံးစေနှင့် စောသခင်

၁၂။ အစောတို့တိုင်းဆီ
၁၃။ မြစ်မင်းသံလွင် ပမာပုံ့ခိုင်းသည်
၁၄။ မုန်းသူတို့ပွဲ
၁၅။ သံသာလေကမ်းတိုင်

www.foreverspace.com.mm

## ၁၂။ အစောတို့တိုင်းဆီ

ရှမ်းပြည်ဘက် ခရီးထွက်ရခြင်းကို ဘဝနှင့် အိမ်မက်၊ မြေကြီးနှင့် ကောင်းကင် တို့ကြား လူးလာစုန်ဆန် ဝဲကာပျံရသကဲ့သို့ ကိုစောနိုင် ခံစားရသည်။

မိတ္ထီလာသည် ရှမ်းတို့ဌာနသို့ လှည့်အပ်သော မုခ်ဝပင် ဖြစ်သည်။

မိတ္ထီလာ၏ ပတ်ဝန်းကျင်ကား ဘဝဆန်သည်။ ခက်ထန်သော ကန္တာရ ဟုမူ မဆိုနိုင်။ လယ်ကွင်းနှင့် ဖုံးဆိုး၊ ရွာစုနှင့် လွင်တီးခေါင်၊ ချောင်းတိမ်နှင့် ကုန်းမို့မို့တို့ တန်ဆာဆင်အပ်သော မိုးခေါင်ရေရှားသည့် အညာမြေ ရှုကွင်းတည်း။

မြေသားက ရွှေဝါရောင်ဘက် လုသည်။ နွေတွင်ဖြစ်သဖြင့် ရွှေဝါရောင် သည် ပို၍ ဝင်းနေသည်။ ဤ ရွှေဝါမြေဝယ် ရွက်ကြွေလဲပြီးစဖြစ်သော ထနောင်း၊ ဆူးဖြူ၊ တမာတို့သည် မစိမ်းမြမြ စိမ်းမြမြ ရှိနေကြ၏။

မန္တလေးမှ နံနက်ခြောက်နာရီ၌ ထွက်ခွာလာကြသည်ဖြစ်ရာ ဆယ်နာရီ ခန့်၌ စကိုဒါ ကားငယ်သည် လှိုင်းကြပ်ခွပ်တည်ညင်နှင့် စိမ်းလဲ့ ပြာလွင်သော မိတ္ထီလာကန်၏ ဘေးလမ်းခွဲအတိုင်း အရှေ့စူးစူးသို့ ဦးတည်ခဲ့ပြီ။

"အခုမှ···ကျွန်တော်တို့ ရှမ်းတို့ဌာနကို တကယ် မုခ်ဝလှည့်မိတာဗျ"

ကားစတီယာကို ထိန်းမောင်းရင်း ကိုခင်ဦးလှိုင်က မှတ်ချက်ချသည်။

"ဟုတ်မှလဲလုပ်နော်၊ တော်တော်ကြာ ရှမ်းတို့ဌာနမရောက်ဘဲ လမ်းမှားပြီး ပေါက္ကံပြည် ရောက်သွားဦးမယ်"

ကိုခင်ဦးလှိုင် ဤလမ်း၌ တစ်ကြိမ်မျှ ခရီးမသွားဖူးသေးကြောင်း သိသောကြောင့် ကိုစောနိုင်က နောက်သည်။ ကိုခင်ဦးလှိုင်က တစ်ချက်ရယ်ပြီးမှ မျက်နှာထားကို တည်၍ ဝန်ခံသည်။

"အေးဗျ···မိတ္ထီလာကနေ လမ်းခွဲပြီး အရှေ့စူးစူးမောင်းရင် ရှမ်းပြည်နယ် ရောက်တယ်လို့သာ သိတာ၊ ဒီလမ်းမှာ တစ်ခါမှတော့ မမောင်းဖူးသေးဘူး၊

www.foreverspace.com.mm

လမ်းခွဲတွေ ဘာတွေတွေ့လို့ မှားလိုက်သွားရင်တော့ ကိစ္စပဲ”

ငြိမ်လိုက်လာသော မိုးလှိုင်သည် မမျှော်လင့်ဘဲ ဝင်အားပေးသည်။

“ကိစ္စမရှိဘူး၊ တည့်တည့်သာမောင်းပါ၊ ဒီတစ်လမ်းတည်းပဲ ရှိတယ်၊ လမ်းခွဲဆိုလို့ ကလောရောက်မှ တွေ့မှာ”

“ဩော်…ခင်ဗျား ဒီလမ်းမှာ ခရီးသွားဖူးလား”

”ဟုတ်တယ် ဆရာ၊ သွားဖူးရုံတင်မကဘူး၊ ကျွန်တော်ရှမ်းပြည်နယ်မှာ သုံးနှစ်လောက်နေဖူးတယ်”

“ဟင်…ဟုတ်လား၊ ဒီလိုဆို ဟန်ကျတာပေါ့၊ ဒါနဲ့…နေပါဦး ကိုမိုးလှိုင် ရဲ့၊ ဘယ်တုန်းက ခင်ဗျား ရှမ်းပြည်မှာ နေဖူးတာလဲ”

“မန္တလေး မရောက်ခင်ကပေါ့ ဆရာ၊ ဟို…လေလွင့်နေသော သတို့သား ဘဝက”

မိုးလှိုင်၏အဖြေကြောင့် ကိုခင်ဦးလှိုင်နှင့် ကိုစောနိုင်တို့သည် ရယ်မောလိုက်ကြ၏။

ကိုခင်ဦးလှိုင်က ပွဲတောင်းသည်။

“ကျွန်တော်လည်း လေလွင့်နေတဲ့သတို့သားတွေနဲ့ပဲ တွေ့နေရတယ်၊ ဟောဒီလူကလည်း လေလွင့်လာရတာပဲ၊ သူ လေလွင့်လာရတဲ့ အကြောင်းတော့ ကျွန်တော် သိပြီးပြီ၊ ခင်ဗျား လေလွင့်ခဲ့ရပုံ လေလွင့်ခဲ့ရ နည်းလေးလည်း လုပ်စမ်းပါဦး၊ အတုခိုးတန် ခိုးထားရအောင်”

“အတုမခိုးချင်ပါနဲ့ ဆရာရယ်၊ ဒီကိစ္စမျိုးဆိုတာ အသည်းနှလုံးနဲ့ ရင်းနှီးရတာပါ”

ကားမောင်းရင်း ကိုခင်ဦးလှိုင်၏ မျက်မှန်အောက်မှ မျက်လုံးကြီးများ ပြူးသွားသည်။

“ဘယ်လို…ဘယ်လို၊ အသည်းနှလုံးနဲ့ ရင်းရတယ်၊ ဟုတ်လား၊

ရခိုင်တွေပြောသလို ကိုက်စကိုက်စ ခြိုက်ကိုက်စဆိုတဲ့ သံသရာကျင်လည်သော ယောကျ်ားတကာတို့ ခံရစမြဲဖြစ်တဲ့ ချစ်ကိစ္စပဲထင်တယ်”

မိုးလှိုင်က မဖြေဘဲ ငြိမ်နေသည်။ မျက်နှာက အသာအယာပြုံးနေသော်လည်း သူ့မျက်လုံးများကား မြူခိုးဝေသည့် နွေရှုခင်းကို ဆွေးဆွေးမှုန်မှုန် ငေးကြည့်နေ၏။

ကိုခင်ဦးလှိုင်ကသာ ထပ်မံ တိုက်တွန်းပြန်သည်။

www.foreverspace.com.mm

"ခင်ဗျားကလည်းဗျာ၊ အစကလေးဖော်ပြီးမှ တန်းလန်းတော့ လုပ်မထားပါနဲ့တော့ဗျာ၊ ရင်ဖွင့်မယ့် ဖွင့်ရင်လည်း အကုန် ဖွင့်ပြပါ"

ကိုခင်ဦးလှိုင်ကို ကိုစောနိုင်ကလည်း ထောက်ခံသည်။

"ဟုတ်တယ်ဗျာ ကိုမိုးလှိုင်၊ ခရီးရှည်သွားရတာ ငြီးငွေ့စရာ ကောင်းတယ်၊ ဇာတ်လမ်းကောင်းလေး ဘာလေး နားထောင်သွားရအောင်ပါ"

မိုးလှိုင်က မဲ့မဲ့ပြုံးသည်။

"မပေါင်းရတဲ့ ဇာတ်လမ်းမို့လို့ ဇာတ်လမ်းကောင်းရယ်လို့ မခေါ်နိုင်ပါဘူးဗျာ၊ သိပ်ပြီးထူးဆန်းလှတာလဲ မဟုတ်ပါဘူး၊ ကျွန်တော့်မှာချစ်သူတစ်ယောက် ရှိခဲ့ဖူးတယ်၊ သူတို့က အရာရှိမျိုးရိုး၊ ကျွန်တော်ကတော့ သာမာန် သူလို ငါလိုလူပါ၊ အင်း…ကိုးတန်းအအောင်မှာ ချစ်သူအလိုလိုက်ပြီး အရာရှိဖြစ်အောင် ဘွဲ့ရဖို့ရန်ကုန်သွားပြီး တက္ကသိုလ်ဝင်တန်း တက်တယ်၊ ဒါပေမဲ့ ဟိုကျတော့ ဆရာကိုစောငြိမ်းတို့နဲ့တွေ့ပြီး၊ ဂီတလောကထဲ ခြေစုံပစ်ဝင်မိတော့ တာပဲ။ တက္ကသိုလ်ဝင်တန်းလဲ မအောင်၊ ချစ်သူနဲ့လည်းကွဲရ၊ ဒီကြားထဲ ဆရာကိုစောငြိမ်းကလည်း ကွယ်လွန်သွားတော့ ရှမ်းပြည်နယ်ဘက် လွင့်သွားရတာပါပဲ"

ကားသည် ဆူးဖြူပင်ပျိုများ ရေစပ်တွင် ခပ်ကျဲကျဲ စီရရီပေါက်လျက်ရှိအပ်သည့် မင်းလှကန်ကြီးဘေးမှ ဖြတ်မောင်းလျက် ရှိနေသည်။ နွေဖြစ်သဖြင့် ကန်တွင်းဝယ်၊ ရေကျ၍ သောင်းများပေါ်ထွန်းနေသည်။ သို့ရာတွင် ကျန်ရှိသမျှရေပြင်သည်ပင် မြစ်ပြင်တမျှ ကျယ်ဝန်းရှည်လျားနေ၏။ ကန်ကြီး၏ ဟိုမှာတစ်ဖက်စွန်း တောင်ဘက်အဝေးရှိ မြူရိပ်လွှမ်းသည့် တောင်တန်းပြာရီရီကိုနောက်ခံပြုလျက် တံငါလှေငယ်နှစ်စီးသည် ခရီးနှင်လျက် ရှိ၏။

ကိုခင်ဦးလှိုင်သည် ဘာမျှ ထပ်မမေးတော့ဘဲ သူ့အသည်းစွဲ စံပွယ်သီချင်းကိုဆိုရင်း ကားဆက်မောင်းနေ၏။ မကြာမီ သာစည်မြို့ကို ဖြတ်သည်။

သာစည်မြို့ လွန်သောအခါ တစ်စနှင့်တစ်စ လမ်းသည်ဖြောင့်တန်းလာသည်။ မြေကလည်း ပြန့်ပြောညီညွတ်နေသောကြောင့် လမ်းသည် မငုတ်မလျှိုး တည့်တည့်သာလျှင် ပြေး၍ အဝေးရှိ တောင်တန်းများ အခြေဆီသို့ ချွန်ထိုးဝင်သွားသည်။

တစ်နာရီလျှင် မိုင် ၅၀ ကျော်အောင် မောင်းနိုင်သောကြောင့် မြေပြန့်အညာနွေ၏ ရှုခင်းတို့သည် တရေးရေး တရိပ်ရိပ်ဖြင့် နောက်၌ပြတ်ကျန်ရစ်ခဲ့

www.foreverspace.com.mm

သည်။

ပေါင်တန်းကို ဘွားခနဲတိုးမိသည်နှင့် တစ်ပြိုင်နက် လမ်းသည်ဝိုက်ခွေကောက်ကွေ့စ ပြုတော့၏။

မြင့်မားလွန်းသော တောင်တို့မူ မဟုတ်ပေ။ ရှမ်းတောင်မင်းတို့နှင့် မြန်မာမြေပြန့်ကြားရှိ တောင်စွယ်တောင်ခက် တောင်လက်တက်ကလေးများသာ ဖြစ်လေသည်။

ကွေ့ကာဝိုက်ကာ သွားနေရာမှ လမ်းသည် တစ်ဆစ်ချိုး၍ အမြင့်သို့ တက်သည်။ တစ်ဖက်၌မူ ကျောက်နံရံရှိ၍ တစ်ဖက်၌ကား ချောက်ကမ်းပါးတည်း။ ချောက်ကမ်းပါးစပ်၌ ဆေးဖြူသုတ် သံဆန်ခါ ကာထားသည်။ တစ်ဆစ်ချိုး လမ်းသည် ကျဉ်းရသည့်အထဲ စောင်းလိမ်၍ လည်းနေ၏။

"အဲဒါ နာမည်ကြီး သံဆန်ခါကွေ့ ဆိုတာပဲ၊ ခဏခဏ ကားမှောက်တဲ့ နေရာ၊ သတိထားမောင်းဆရာ"

မိုးလှိုင်သတိပေးလိုက်သဖြင့် ကိုခင်ဦးလှိုင်သည် ကားအရှိန်ကိုလျှော့ပြီး ဂီယာပြောင်း၍ ခပ်ဖြည်းဖြည်းတက်သည်။

သံဆန်ခါကွေ့ကို လွန်သောအခါ မြေသည် ပြန့်လာပြန်၍ လမ်းမှာလည်း ဖြောင့်လာသည်။

"အခုတော့ လမ်းကပြန်ဖြောင့်လာပါလား၊ နောက်ထပ် အကွေ့တွေ အတက်တွေ ရှိသေးလား"

ကိုစောနိုင်က မေးသဖြင့် မိုးလှိုင်က ဖြေသည်။

"မရှိသေးပါဘူးလေ၊ ယင်းမာပင် ရောက်တော့မှပဲ"

မိုးလှိုင်ပြောသည့်အတိုင်းပင် ယင်းမာပင် ရောက်သည်အထိ လမ်းမှာ ဖြောင့်ဖြူးနေ၏။

ယင်းမာပင်သည် မီးရထားလမ်းနှင့်ကားလမ်းဆုံသော ရွာမက မြို့ မမည်။သော စခန်းလေးတစ်ခုဖြစ်၏။ အတက်အဆင်း ကားတို့ဆုံရာ ဖြစ်သဖြင့် စျေးဆိုင်တန်းများ ရှိသည်။

မိုးလှိုင်ခေါင်းဆောင် ခေါ်သဖြင့် သူတို့သည် ချော်လဲ၏။ ချစ်တီးဆိုင်တွင် ရပ်နားကြသည်။

နံနက် ဆယ့်တစ်နာရီ ရှိပြီဖြစ်သဖြင့် သုံးဦးလုံးဆာနေကြရာ ပူပူစပ်စပ် မွှေးမွှေးကြိုင်ကြိုင် ချစ်တီးချက် ချေသားဟင်းနှင့် ထမင်းကို အထူးမြိန်ယှက်စွာ

www.foreverspace.com.mm

စားကြသည်။

ထမင်းစားသောက်ပြီးစီးသောအခါ ကားကို ဆီစစ်ရေဖြည့်၍ ခရီးဆက်ကြသည်။ ဤတစ်ကြိမ်တွင်မူ ကိုခင်ဦးလှိုင်နား၍ ကိုစောနိုင် မောင်းသည်။

ယင်းမာပင်မှ ထွက်လာပြီး၍ အတန်ကြာသည့်တိုင်အောင် လမ်းသည် အထူးအကွေ့ အကောက်မရှိ၊ ဖြောင့်လွန်းလှသည်လည်း မဟုတ်။

"လမ်းက ဘယ်ဆိုးလို့လဲဗျ၊ ကျွန်တော်က သံဆန်ခါကွေ့မျိုးချည်း တွေ့လိမ့်မယ် ထင်ထာ"

ကိုခင်ဦးလှိုင်က မှတ်ချက်ချသဖြင့် မိုးလှိုင်က "စောင့်ကြည့်ပါဦးလေ" ဟု ဆိုသည်။

လမ်း၌ နောက်ထပ် ရွာလေးနှစ်ရွာ ဖြတ်ရသည်။ လမ်းဘေးတွင် စုပုံထားသော ထင်းပေါက်ခြမ်းများကို မြင်ရသောကြောင့် ထင်းလုပ်ငန်းဖြင့် အသက်မွေးသော ရွာကလေးတွေမှန်း သိသာနိုင်သည်။

ခရီးရှေ့၌ အကြိမ်ကြိမ် တောင်တန်းတို့သည် ကာဆီးပေါ်လာ၏။ သို့ရာတွင် လမ်းသည် တောင်တန်းတို့ကို မဖြတ်။ လျှိုမြောင်များအလိုက် ကွေ့ဝိုက်သွားနေသည်။

မကြာမီ ကြီးမာကျယ်ဝန်းသော ချောင်းကြီးတစ်ခုကို တွေ့ရသည်။ နွေဖြစ်သောကြောင့် ကြည်လင်သောရေတို့ အနည်းငယ်သာရှိသည်။ ရေကောရာ ချောင်းမြေမှာ ပြောင်နက်သော ကျောက်စိုင်ကျောက်စွန်းကြီးများ အထစ်ထစ် အစီစီ ထွက်ပေါ်နေ၏။

လမ်းသည် ဤချောင်းကြီးအတိုင်း လိုက်၍ တောင်နံရံများတစ်လျှောက် ကွေ့ပတ်ကာ တစ်စစဖြင့် တက်လာသည်။ တောမှာလည်း တစစနက်၍ ရာသီမှာလည်း အေးမြစ ပြုလာ၏။

လမ်းကျဉ်းသောကြောင့် ကားချင်းဆုံလျှင် အဆင်းကားက ဘေးကပ် ရပ်ပေးပြီး အတက်ကားကို ဦးစားပေးရမည်။

တစ်နာရီခန့် မောင်းခဲ့ပြီးသောအခါ၌ ချောင်းကြီးပျောက်သွားသည်။ လမ်းသည်၊ လျှိုမြောင်ကြီးတစ်ခုအတွင်းသို့ ဝင်၏။

ရှေ့၌ ဘွားခနဲပေါ်လာသော တောင်တန်းမြင့်ကြီးကို ကြည့်၍ ကိုခင်ဦးလှိုင်က 'အလို' ဟုအော်သည်။

"ဘာလဲဗျ၊ ခင်ဗျားက အလန့်တကြား၊ ဘာတွေ့လို့လဲ"

www.foreverspace.com.mm

ထိုအခါမှ ခင်ဦးလှိုင်သည် အသာအယာ ရယ်မောသည်။

"ဘာမှ မဖြစ်ပါဘူးဗျ၊ အလို မိုးကားမှောက်ရက်၊ မြေကားပက်လက်၊ တောင်ကား ကန့်လန့်ပါတကားလို့ ဥဒါန်းကျူးတာပါပဲ"

သူ့စကားကြောင့် ကျန်နှစ်ဦးမှာ လိုက်ရယ်ကြသည်။

လမ်းဘေးရှိ မိုင်တိုင်က ကလောသို့ ရောက်ရန် (၁၆)မိုင် သာလိုတော့သည်ဟု ပြနေ၏။ ထိုနေရာမှစ၍ တောင်တက်လမ်းစစ်စစ်သည် စတော့သည်။ တောင်နံရံကိုကပ်၍ လှီးဖောက်ထားသော လမ်းသည် မြွေလိမ်မြွေကောက် အဆစ်ဆစ်ချိုးလျက်ရှိသည်။

လမ်းတစ်ဖက် လျှိုချောက်ကြီးများထဲတွင်မူ မြင့်မား ဝေသီစွာ ပေါက်လျက်ရှိသော ကျွန်းပင်ကြီးများကို တွေ့ရသည်။

အချို့ ကွေ့တို့၌ နေရောင်မကျသဖြင့် ညက ကျလာသော နှင်းရည်တို့သည် လမ်းကို ရွှဲရွှဲစိုအောင် ဖုံးလျက် ရှိသေးသည်။

ကားကို တစ်နာရီ ၁၅ မိုင် နှုန်းထက် ပို၍ မမောင်းနိုင်၊ တစ်ကွေ့လွန်သော် တစ်ကွေ့တွေ့ရ၏။ ထိုတစ်ကွေ့လွန်သော် နောက်တစ်ကွေ့က စောင့်နေပြန်၏။ ရှေ့သို့ ဆီးကြို မမြင်နိုင်သောကြောင့် ကွေ့တစ်ခုရောက်တိုင်း ရောက်တိုင်း ဟွန်းရှည်ရှည် တီးနေရသည်။

ဤတောင်တက်ခရီး၌ ပထမဆုံးတွေ့ရသည် စခန်း၏အမည်မှာ "ဝက်ဖြူရေ"ဖြစ်၏။ သာယာသော တောင်ထိပ် မြေပြန့်ကျဉ်းကျဉ်းမှ ရွာလေး တစ်ရွာပေတည်း။

လမ်းဘေး၌ လက်ဖက်ရည်ဆိုင်နှင့် ဈေးဆိုင်ကလေးများ ရှိသည်။ ဈေးဆိုင်ကလေးများမှာ တောင်တန်းထွက် ငှက်ပျော၊ သဘော်စသည့် သစ်သီးသစ်ဖုများနှင့် သစ်ခွပန်းမျိုးစုံ ရောင်းသော ဆိုင်ကလေးများ ဖြစ်ကြသည်။

လမ်းဘေး ကုန်းအမြင့်ပေါ်မှ ကြည်လင်သော ရေစင်သည် ဝါးပြွန်မှ တသွင်သွင် ဆင်းကျနေ၏။ ဤရေပြွန်အနီးဆိုက်၍ ကုန်တင်ကားကြီးတို့သည် ရေဖြည့်နေကြ၏။

ဦးခင်ဦးလှိုင်၏ စကိုဒါကားသည် အင်ဂျင်ကောင်းသဖြင့် ရေဖြည့်ရန် မလို။ သို့ရာတွင် ကားကို ရပ်နားပြီး သုံးဦးသား စခန်းကို ကြည့်ကြသည်။

သစ်သီးသစ်ဖုကြိုက်တတ်သော ကိုစောနိုင်က ငှက်ပျောသီးတစ်ဖီးနှင့် သဘော်သီးတစ်လုံးကို ဝယ်သည်။

www.foreverspace.com.mm

ကိုခင်ဦးလှိုင်ကမူ တခြားဈေးဆိုင်တစ်ခု၌ သစ်ခွပန်းများကို ကြည့်ရှုနေသည့် မဏကြာသော် ကားဆီသို့ ပြန်လာပြီး စိတ်ပျက်စွာခေါင်းခါသည်။

မိုးလှိုင်က မေးသည်။

"ဘာလဲ ဆရာ၊ သစ်ခွပန်း ဈေးမတည့်ခဲ့လို့လား"

"မဟုတ်ပါဘူး၊ နတ်သျှင်နောင်သီချင်း သွားသတိရလို့ပါ"

"ဘာဆိုင်လို့လဲဗျ"

"ဆိုင်ပါသကောဗျာ…၊ သစ်ခွပန်းကလေးတွေ ဘယ်လောက်လှသလဲ၊ ဒါပေမဲ့…လှရာရာ ရွေးလို့ ဆင်ပေးရ၊ ဆံမြည္ဍာကေဆိုတာလို ဖြစ်နေတယ်၊ နတ်သျှင်နောင် ဆင်မပေးရတာက ချစ်သူက အဝေးမှာ ရှိနေလို့ တော်သေးတယ်၊ ကျွန်တော် ဆင်မပေးရတာက ကျွန်တော့်ချစ်သူက အဝေးမှာလည်း မရှိဘူး၊ အနီးမှာလည်း မရှိဘူး၊ အိမ်မက်ထဲမှာသာ ရှိတာကိုးဗျ"

အကောင်းမှတ်၍ နားထောင်နေသည်ကို ကိုခင်ဦးလှိုင်က ဖောက်သဖြင့် ကိုစောနိုင်က ဝင်နောက်သည်။

"ဒါဖြင့်ရင် စာတိုက်ကနေ ပို့လိုက်ပေါ့ဗျာ၊ ခင်ဗျား အိမ်မက်မှာတော့ လိပ်စာရှိပါလိမ့်မယ် ထင်ပါတယ်"

ကိုခင်ဦးလှိုင်သည် ဘာမျှပြန်မပြောဘဲ တဟဲဟဲဖြင့် ရယ်နေသည်။

ကွေ့ကောက်သော တောင်တက်ခရီးကို တအီအီ ဆက်ကြပြန်သည်။

တစ်ဆင့်တက်သော် တစ်တောင်ကျော်၊ တမော့်ငုတ်လျှိုး တစ်ခြိုတိုး ဟူသောစာသည် ဤခရီးမျိုးကို ဖွဲ့ထားဟန် တူသည်။

တစ်တောင်ကို မြင့်လှသည်ဟု ထင်သည်။ နောက်တစ်တောင်ရောက်ပြီးမှ စောစောက တောင်သည် အောက်၌ ဝပ်ပြားကျန်ရစ်ခဲ့သည်ကို တွေ့ကြရ၏။

နောက်တောင်မြင့်၌ တွေ့ရသောစခန်းတွင်မူ မရပ်နားကြဘဲ ဆက်သွားကြ၏။

ဆိုင်းဘုတ်ရှိသဖြင့် စခန်း၏အမည်ကိုမူ သိကြရသည်။ "ရေယောင်းမ" ဟူသတည်း။

ပါးစပ် အငြိမ်မနေနိုင်သော ကိုခင်ဦးလှိုင်က မှတ်ချက်ချသည်။

"ကြိကြိဖန်ဖန်ဗျာ…ရေပဲယောင်းမ ရှိရသတဲ့"

ဤသည်ကို ကိုစောနိုင်က အလစ်ဝင်ခွပ်သည်။

"အေးဗျာ…အသက်မရှိတဲ့ ရေကမှ ယောင်းမရှိသေးတယ်၊ လူစင်စင်ဖြစ်

www.foreverspace.com.mm

တဲ့ ခင်ဗျားမှာ ယောက်ဖ မရှိသေးတာတော့ အတော်ဝမ်းနည်းဖို့ ကောင်းတယ်"

ထုံးစံအတိုင်းပင် ကိုခင်ဦးလှိုင်သည် တဟဲဟဲ ရယ်လိုက်၏။

ရေယောင်းမ လွန်၍တက်ရသော တောင်သည်ကား အမြင့်ဆုံး ဖြစ်၏။

တစ်ဆစ်ချိုး တောင်ကွေ့လမ်း၏နူတ်ခမ်းများမှာ ရှင်းနေ၏။ အထက်၌ မိုးကောင်းကင်၊ အောက်၌ချောက်၊ မည်သည့်အဆီးအတားမျှ မရှိ။

တစ်လောကလုံးကို အထက်မှစီး၍ ကြည့်သကဲ့သို့ မြင်နေရသည်။

အထက်မိုးကောင်းကင်မှာ ဟင်းလင်းပွင့်သယောင်ရှိနေ၏။ အောက်ခြေ ချောက်အတွင်း၌ ပြာရီသော တောင်တန်းတို့သည် အလှိုင်းလှိုင်း အထပ်ထပ် အဆုံးမပြတ် ပြန့်ပြောသွယ်တန်းနေ၏။ ဤတောင်တန်းတို့ထက်၌ တိမ်ဖြူဖြူတို့ ဖုံးလွှမ်းနေပုံမှာ အမြင့်မှ ကြည့်သော် ရေပြင်ကျယ်နှင့် တူနေ၏။

ကိုစောနိုင်၏ရင်၌ ကားမောင်းနေရသည်ထက် လေယာဉ်စီးနေရသကဲ့သို့ ခံစားမိ၏။

ကလောသို့ မရောက်မီ နောက်ဆုံးတွေ့ရသော စခန်းရွာ၏အမည်မှာ "ရေယား" ဟု ခေါ်သတည်း။

ကိုခင်ဦးလှိုင်က မှတ်ချက် ချပြန်သည်။

"ကားဆိုက်ပြီး ရေမှ ဆင်းမသောက်ဝံ့တဲ့ နေရာပဲဗျို့၊ ဒီတော့ ကျုပ် ဒီစခန်းနာမည်ကို ပြင်လိုက်တော့မယ် ကိုစောနိုင်"

"ဘယ်လိုတဲ့လဲ"

"လူယောက်ဖ လို့"

သူငယ်ချင်း သုံးယောက်စလုံး ရယ်ကြပြန်သည်။

ရေယားကို လွန်ကတည်းက လမ်းဘေး တောင်ထွတ်တို့၏ ရှုခင်းသည် တစ်စစ ပြောင်းလဲလာသည်။ ထင်းရှူးပင်တို့ကို ကြိုကြားကြိုကြား တွေ့ရလေပြီတည်း။

မသိမသာ နိမ့်ဆင်းလာသော လမ်းအတိုင်း မောင်း၍ ကလောမြို့သို့ ဝင်စပြုသည်နှင့် တစ်ပြိုင်နက် ရှိလေရာဝယ် တောင်ထိပ်တိုင်း၌ မြမြမှိုင်းသော ထင်းရှူးတောတို့သာ လွှမ်းမိုးနေတော့၏။

ကိုစောနိုင်တို့သည် လမ်းမကြီးဘေးပေါ်ရှိ ဓာတ်ဆီဆိုင်၌ ရပ်နား၍ ကားကို ဓာတ်ဆီဖြည့်ကြပြန်သည်။ ဓာတ်ဆီဈေးနှုန်းသည် မြေပြန့်မှာထက် ကြီးမြင့်၏။

www.foreverspace.com.mm

ကားကို ဓာတ်ဆီဖြည့်ပြီးနောက် ဈေးဘက်သို့ လှည့်မောင်းကာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ ဝမ်းဖြည့်ကြသည်။

ညနေ နှစ်ချက်ခွဲရှိပေပြီ။ ယင်းမာပင်မှ ထွက်လာစက ၁၂ နာရီထိုးပြီးစသာ ရှိသေး၏။ တောင်တက်ခရီး ၁၆ မိုင်ကပင် တစ်နာရီကျော်ကျော် အချိန်ယူခဲ့သည်။

ကလောမှ ရှေ့ခရီး၌မူ ကိုခင်ဦးလှိုင် ကားမောင်းပြန်သည်။

ထင်းရှူးတောတို့နှင့် လွမ်း၍ လှပသော ကလောမြို့သည် နောက်၌ ကျန်ရစ်ပြန်၏။ သို့ရာတွင် သူတို့၏နှာခေါင်းများ၌ ထင်းရှူးနံ့များက သင်းလျက် ပါလာသည်။ ရာသီမှာ ချမ်းစိမ့်စိမ့်ရှိနေ၏။

ကလောမှ အောင်ပန်းမြို့သို့ ခရီးသည် အဆင်းလမ်းဖြစ်၏။ ရှုမြင်ကွင်း သည်လည်း တစ်မျိုးတစ်မည်ပြောင်းသွားသည် လှပသော ပြောင်းလဲခြင်းဟုမူ ဆိုရပေမည်။

လမ်းဘေးဝဲယာ၌ မို့မို့ခုံးခုံးနှင့် လုံးသော မြေကမူတောင်ကုန်းနိမ့်နိမ့် လေးများကိုသာ တွေ့ရသည်။ တောင်ကုန်းမြေကမူတို့ထက် အဝါဘက်လှသော အစိမ်းရောင်မြက်များ ဖုံးလွှမ်းနေ၏။ သစ်ပင်တောအုပ်ဟူ၍မရှိလှ။ အဝေးဝယ် ရှိသမျှမှာလည်း ဟိုတစ်စု သည်တစ်စု အဆက်မပြတ်အုပ်ဖွဲ့နေသည့် ထင်းရှူး တော ငယ်များသာတည်း။

အနုပညာမျက်စိတွင်မူ လှပသော ရှုခင်းဖြစ်သည်။ ဤလှပသော ရှုခင်း ကြောင့် ကိုစောနိုင်နှင့် မိုးလှိုင်တို့က ငေးမောရင်း ငြိမ်စွာလိုက်ပါလာသော် လည်း ရူပဗေဒကထိက ကိုခင်ဦးလှိုင်က သိပ္ပံအမြင်ဖြင့် သုံးသပ်ပြ၏။

"တောင်ကုန်းကလေးတွေလှတော့ လှသား၊ ဒါပေမဲ့ ဒီအလှဟာ တောပြုန်းတီးမှုကြောင့် ပေါ်လာတဲ့ အလှပဲ၊ တောတွေကို ခုတ်ပြီး တောင်ထိပ် မှာ ယာလုပ်ခဲ့တဲ့ အကျိုးပဲပေါ့၊ တောမရှိတော့ ရေမနေဘူး၊ ရေမနေတော့ ဘယ်အပင်မှ ထပ်မပေါက်ဘူး၊ ဒီသဘောပါပဲ"

ကိုခင်ဦးလှိုင်၏ သုံးသပ်ချက်သည် မှန်သည်ထင်၏။ အချို့ တောင်ကုန်း စောင်းတွင် ရေတိုက်စားထားသောကြောင့် တောင်နံရံ အတွင်းသားတို့ ဟင်းလင်း ပေါ်နေကြသည်။ အတွင်းသား ထုထည်မှာ ထုံးကျောက်များဖြစ်၏။ ဤထုံး ကျောက်သားအထက် ဖုံးလွှမ်းထားသော နီကျန်သည့်မြေသားအထုမှာ ပါးပါး လွှာလွှာသာ ရှိသည်။

ဤသို့ ပါးလွှာသော မြေသား အုပ်ဆိုင်းထားသည့် တောင်ကမူများ

ပေါ်တွင် စိုက်ပျိုးရန် ထွန်ယက် လှန်ထားသဖြင့် ရဲရဲနီသော အကွက်များကို ကြိုကြားကြား တွေ့ရသည်။

အောင်ပန်းမြို့ကို ဖြတ်ရသောအခါ ကိုစောနိုင်သည် တစ်မျိုးတမည် အံ့သြရပြန်သည်။

လမ်း၌ တွေ့ခဲ့ရသော ကလောမြို့က အနောက်တိုင်းဆန်လှသည်။ အောင်ပန်းမြို့မှာမူ မြန်မာပြည် အရပ်ရပ်၌ တွေ့နိုင်သော မြို့ငယ်တစ်မြို့နှင့် မည်သို့မျှ မကွာခြား။

အောင်ပန်းမြို့၏ အဓိကရ ထူးခြားချက်မှာ ဂျပန်တော်လှန်ရေး သမိုင်း၌ ထင်ရှားသော ဗိုလ်မှူးကြီးဗထူး၏ ကျောက်တိုင်ရှိခြင်းပေတည်း။

ကိုစောနိုင်တို့ သုံးဦးသည် ဗိုလ်မှူးဗထူးကျောက်တိုင်သို့ဝင်၍ ခေတ္တအလေးပြုကြသည်။ ထို့နောက် ကျောက်တိုင်ဘေးရှိ လမ်းအတိုင်း ဟဲဟိုးမြို့ဆီသို့ ရှေးရှုကြပြန်သည်။

အောင်ပန်းမြို့သည်မှာဘက်၌ ထင်ရှူးတောမမြင်ရတော့။ လမ်းဘေးတစ်ဖက်တစ်ချက်၌ ကန္တာရပင်တစ်မျိုးဖြစ်သည့် နာနတ်ရိုင်းပင်ကြီးများ ကိုတွေ့ရ၏။ အချို့သော နာနတ်ရိုင်းပင်တို့၏ အလယ်တည့်တည့်မှ သွယ်သွယ် မားမားမြင့်တက်နေသော ရိုးတံကို တွေ့ရသည်။ ဤရိုးတံထိပ်၌ အဆုပ်ဆုပ်သော အပွင့်အဖူးများကို မြင်နိုင်၏။ အင်္ဂလိပ်ဘာသာနှင့် နာနတ်ရိုင်းပင်ကို နှစ်တစ်ရာပင် ဟုခေါ်သည်။ အနှစ်တစ်ရာနေမှ ဖူးပွင့်သော အပင်ဟု ဆိုလိုခြင်းဖြစ်သည်။ အမှန်မှာ အနှစ်တစ်ရာမဟုတ်သည့်တိုင်အောင် နာနတ်ရိုင်းပင်သည် နှစ်‚လ အလွန်ရှည်ကြာမှ ပွင့်ဖူးတတ်သော အပင်မျိုးဖြစ်၏။ ကန္တာရ၏ အနက်အဓိပ္ပာယ် ကို ဖွင့်ဆိုလေသော အပင်ဟုဆိုရပေမည်။ ဂျပန်ခေတ်က အမျိုးသမီးတို့ မြတ်မြတ်နိုးနိုး ဝတ်ဆင်ကြသော နာနတ်လျော် ပိုးဖျင်သည် ဤကန္တာရစောင့် နာနတ်ရိုင်းပင်တို့မှ ထုတ်လုပ်ကြောင်း ကိုစောနိုင် သိသည်။

သို့ရာတွင် ဤနယ်…ဤမြေသည် ကန္တာရမဟုတ်သေး။ အကြောင်းမှာ ညောင်ပိန္နဲပင်ကြီးများကို ကြိုကြားကြိုကြား…တွေ့မြင်ရသောကြောင့်တည်း။ ဤညောင်ပိန္နဲပင်ကြီးများကား မြန်မာပြည်မှ ညောင်ပိန္နဲပင်ကြီးများထက် များစွာ ပိုမိုကြီးမား ထွားကျိုင်းသည်။ မြေမှ လူတစ်ယောက်သာသာတွင်ပင် ပင်စည်ကြီးမှ အရပ်လေးမျက်နှာသို့ ဖြာထွက်နေသော ပြောင်ချောတုတ်ခိုင်သည့် အကိုင်းကြီး များရှိ၏။ ဤအကိုင်းမကြီးတို့သည် မိုးဆီသို့လည်း ထောင်နေတတ်သည်။

www.foreverspace.com.mm

မြေပြင်ဆီသို့လည်း ကိုင်းညွတ်ကျနေ၏။ စိမ်းမြထူထပ်သော အရွက်တို့ကြောင့်လည်း ကြီးမားသောထီးဝိုင်းကြီးပမာ ကျယ်ဝန်းသော အရိပ်ကိုလည်း ပေး၏။

လမ်းသည် ဖြောင့်တန်းစွာသွားနေရာမှ စားပွဲခုံနှင့်တူသော ကုန်းမြေမြင့်အစွန်းသို့ ရောက်လာ၏။ အန္တရာယ်ကွေ့ဟု ရေးထားသော ဆိုင်းဘုတ်ကို တွေ့ရသည်။

မတ်စောက်သော ကုန်းမြေမြင့်မှဆင်းရန် အခြားနည်းလမ်းမရှိသဖြင့် လမ်းသည် အင်္ဂလိပ်အက္ခရာ 'ဇက်' ပုံသဏ္ဍာန် ထောင့်ချွန်းတစ်ဆစ်ချိုးဖြစ်နေ၏။

အန္တရယ်ကွေ့မှ ဆင်းလာသောအခါ ဟဲဟိုးလွင်ပြင်ကို တောင်ပတ်လည်ဝိုင်းလျက် တွေ့ရပြန်သည်။

ဟဲဟိုးလွင်ပြင်သည် လွင်ပြင်စင်စစ်မူမဟုတ်၊ ကုန်းမြေမြင့် စားပွဲတစ်ဆင့်သာဖြစ်သည်။ ပတ်ပတ်လည်ကို တောင်များဝိုင်းရံထားသည် ဖြစ်ရာ ပန်းကန်စောက်သဏ္ဍာန်ရှိသည်။ ပန်းကန်စောက်အခြေသည် ပြန့်ပြူးနေ၏။ ဤပြန့်ပြူးခြင်းကြောင့် လေယာဉ်ကွင်း ရှိနေသည်။

လမ်းဘေး ဝဲယာ၌ လယ်ကွင်း၊ စိုက်ကွင်းတို့ကို တွေ့ရသည်။ မြူဝန်းသော တောင်တန်းတို့ကို နောက်ခံပြု၍ ထိုမှာ သည်မှာ၌ တငွေ့ငွေ့ တွန့်လိမ်တက်နေသော လယ်မီးခိုးတို့ကို တွေ့ရသည်။

ကိုစောနိုင်သည် လယ်မီးခိုးတို့ကို ငေးကြည့်ရင်း ဆိုသည်။

"လယ်မီးခိုးတွေကိုမြင်တော့ အင်္ဂလိပ်ကဗျာဆရာကြီး သောမက်(စ်)ဟာဒီရဲ့ မျိုးဖျက်ချိန်ဆိုတဲ့ ကဗျာကို သွားသတိရမိတယ်။ ခင်ဗျား မှတ်မိသေးရဲ့လား ကိုခင်ဦးလှိုင်၊ ခင်ဗျားတို့ ကျွန်တော်တို့ ဥပစာ(ခ)တန်းမှာ သင်ရတဲ့ကဗျာလေ"

ကားမောင်းရင်းမှ ကိုခင်ဦးလှိုင်က ခေါင်းညိတ်ပြသည်။ မိုးလှိုင်ကသာ ဝင်မေး၏။

ဘယ်လိုတဲ့လဲဆရာ…ကျွန်တော်က မဖတ်ဖူးတော့ ရှင်းပြပါဦး"

"ဒီလို ကိုမိုးလှိုင်ရေ…ဒီကဗျာကို သောမက်စ်ဟာဒီ စပ်တဲ့အချိန်မှာ ဥရောပတိုက်မှာက ပထမကမ္ဘာစစ်ကြီးကို အပြင်းအထန် တိုက်ခိုက်နေဆဲပေါ့၊ ကဗျာဆရာတို့၊ အနုပညာဆရာတို့ဆိုတာဟာ စစ်ကို မုန်းတီးကြတယ်၊ ငြိမ်းချမ်းခြင်းကို မြတ်နိုးကြတယ်၊ စစ်ဆိုတာဟာ မတည်မြဲခြင်းပဲ၊ ငြိမ်းချမ်းခြင်းဆိုတာက တည်မြဲခြင်း၊ လူမျိုးတွေအချင်းချင်း ဖျက်ဆီးနေကြတဲ့ ကမ္ဘာစစ်ကာလဆိုတဲ့ မျိုးဖျက်ချိန်မှာ သောမက်(စ်)ဟာဒီဟာ ငြိမ်းချမ်းခြင်းနဲ့ ငြိမ်းချမ်းခြင်းကို

www.foreverspace.com.mm

မြတ်နိုးတဲ့ လူတို့ရဲ့ သဘာဝကို ရိုးရိုးလေး စပ်သွားတယ်"

"ဘယ်လို စပ်သွားလဲဆရာ"

"စပ်သွားပုံက ဒီလို၊ ပြတင်းပေါက်က မျှော်ကြည့်လိုက်ရင် တောတန်းနောက်ခံနဲ့ လယ်မီးခိုးက တဝေဝေ တက်နေသတဲ့၊ လယ်ကွင်းပြင်ဆီမှာလည်း ဖြည်းဖြည်းညှင်းညှင်း ပျင်းပျင်းရိရိ ရုန်းဆွဲနေတဲ့ မြင်းနှစ်ကောင်ကို နှင်ရင်း လယ်သမားတစ်ဦးကလည်း လယ်ထွန်နေသတဲ့၊ အဝေးတောစပ်ဆီမှာတော့ ကျေးရွာလုလင်တစ်ဦးနဲ့ လုံမပျိုတစ်ဦးတို့ဟာ တစ်ဦးလက်တစ်ဦးချိတ်ပြီး ချစ်သူတို့ဘာဝ တွဲလျှောက်သွားနေသတဲ့၊ ဒါကိုကြည့်ပြီး သောမက်စ်ဟာဒီက ဆိုတယ်၊ စစ်တို့လာပြီး စစ်တို့သွားလိမ့်မယ်၊ အစစဟာ ဒီမြေပြင်မှာ မလွဲမသွေပြောင်းလွဲကြရမှာပဲ၊ ဒါပေမဲ့ လယ်မီးခိုးကတော့ အမြဲရှိလိမ့်မယ်၊ လယ်ထွန်ယောကျ်ားဟာလည်း ဆက်လက်ထွန်နေဦးမှာပဲ၊ ချစ်ခြင်းမေတ္တာဟာလည်း ဘယ်သောအခါမှ ပျောက်လွင့်နိုင်တာမျိုး မဟုတ်တော တစ်ဦးလက် တစ်ဦးတွဲပြီး သွားနေကြတဲ့ ချစ်သူတွေဟာလည်း ကမ္ဘာကုန်သည်အထိ ရှိနေကြမှာပဲတဲ့၊ အဲဒီ ကဗျာကို ငြိမ်းချမ်းရေးနဲ့ လူ့ဘာဝအင်အားကိုပြတဲ့ ကဗျာဆိုပြီး တစ်ကမ္ဘာလုံးက ချီးမွမ်းကြတယ်၊ ဟောဒီ လယ်မီးခိုးတွေ မြင်တော့ ဒီကဗျာကို ကျွန်တော် သွားသတိရလို့ပါ"

ကိုစောနိုင်၏ အေးချမ်းသောအသံ၌ ဆွေးမြေ့မှု ငွေ့ငွေ့ လွှမ်းနေသည်။

ကားသည် ဟဲပိုးမှတစ်ဖန် တောနှင့်တောင်တို့ကိုဖြတ်၍ ရွှေညောင်ဆီသို့ ဆင်းလာခဲ့သည်။

ရှမ်းပြည်၌ နွေအရောက်နောက်ကျဟန် တူသည်။

တောင်တန်းထက် ပင်အိုပင်ပျိုတို့သည် ရော်ရွက်တို့ ဆင်ထားဆဲဖြစ်သဖြင့် တောတိုင်းသည် ညာသောင်းရွှေလွှာတို့ကြောင့် ဝါကျင် နီမောင်းနေ၏။ အရိုးကျဲကျဲသာရှိသော စွယ်တော်ပင်တို့သည်လည်း ဖြူဖြူဖွေးအောင် ပွင့်နေကြသည်။ နှင်းနှင့် မြူတို့ကလည်း သိုင်းဖွဲ့ဆိုင်းဆင်နေသည်။

ညောင်ရွှေလွင်ပြင်၌မူ သဘာဝ ပြက္ခဒိန်ကြီးများဟု တင်စားဆိုရသည့် နွေဦး၏ အထိမ်းအမှတ် လက်ပံပင်ကြီးများသည် ပတ္တမြားပွင့်လွှာတို့ကို ဆင်ထားဆဲပင် ဖြစ်သည်။

ရွှေညောင်မှနေ တောင်ကြီးသို့တက်သော လမ်းသည် ကျယ်ဝန်း၍ လှပ သပ်ရပ်သည်။

www.foreverspace.com.mm

တောင်ကြီး တစ်တောင်လုံးသည်လည်း စွယ်တော်ပွင့်တို့နှင့် ဖြူဖြူဖွေး နေ၏။ ရော်ရွက်တို့လည်း ဝါရွှေနီကြန့်ရှိနေသည်။

ထင်းရှူးကို မတွေ့ရတော့။ ချယ်ရီသည် ဘယ်ဆီရှိမှန်း မသိသေး။

"စိတ်ကူးယဉ် စာရေးဆရာတွေက ရှယ်ပြည်ဆိုရင် ထင်းရှူးပင်နဲ့ ချယ်ရီပွင့်တွေ သင်းနေဝင်းနေတဲ့ အိမ်မက်ဘုံအဖြစ် ရေးနေကြတယ်။ အမှန်က ရှမ်းပြည်နယ် နေရာတိုင်းမှာ ထင်းရှူးနဲ့ ချယ်ရီမပေါက်ပါဘူး၊ ဒီလိုပဲ ရှမ်းပြည်နယ်ကြီးဟာ သာယာလှတဲ့ အိမ်မက်ဘုံကြီးလည်း မဟုတ်ပါဘူး"

ဤသို့ တစ်ကြိမ်က စောစန္ဒာနွယ် ပြောခဲ့သော စကားလေးများကို ကိုစောနိုင်သည် နားတွင် ပြန်လည် ကြားယောင်လာ၏။

ညနေ လေးနာရီတိတိတွင် တောင်ကြီးမြို့ပေါ်သို့ ရောက်ခဲ့ကြ၏။

သူငယ်ချင်း သုံးဦးသည် ဈေးခင်းတာင်ဘက်ရှိ ကမ္ဘောဇဟိုတယ်၌ တည်းခိုကြသည်။

ရေမိုးချိုးအပြီး ထမင်းမစားမီ အနွေးထည် ကိုယ်စီဝတ်၍ မြို့အရှေ့ဘက် တောင်တန်းဆီ လမ်းလျှောက်ထွက်လာခဲ့ကြသည်။

ရှမ်းကောင်စီခန်းမ၊ ပြည်နယ်အစိုးရ အတွင်းဝန်များရုံး၊ ရှေးယခင်က အင်္ဂလိပ် ဝန်ရှင်တော်မင်းကြီးစံရာ ယခု အစိုးရဧည့်ဂေဟာတို့ ရှိအပ်သည့် ဆိတ်ငြိမ်ရပ်ကွက်တစ်ဝိုက် တောင်ခြေတွင်မူ ချယ်ရီနှင့် ထင်းရှူးတောများကို တွေ့ကြရ၏။

အမြင့်မှနေ ကြည့်နေကြသည်ဖြစ်သောကြောင့် အလွန်ဝေးရာရှိ နေဝင်စ အနောက်ဘက်၌ တောင်လှိုင်း တောင်တံတိုင်းတို့ကို ဆွတ်ပျံ့ လွမ်းမောဖွယ် လှမ်းမြင်နေကြရသည်။

ငြိမ်နေသော ကိုစောနိုင်ကို ကိုခင်းဦးလှိုင်က မေးသည်။

"ခင်ဗျား ဘာတွေ ငိုင်နေတာလဲ ကိုစောနိုင်"

"သြော်…လာခဲ့ကြတဲ့ ခရီးကို ပြန်တွေးနေမိလို့ပါ"

"ခင်ဗျား ဘယ်လို တွေးနေမိသလဲ"

"ခရီးအစ ပတ်ဝန်းကျင်က ဘဝနဲ့ တူတယ်၊ ဒီ ရှမ်းမြို့တော်ကတော့ အိမ်မက်ဆန်နေတယ်၊ ကျွန်တော်တို့ဟာ ဘဝနဲ့ အိမ်မက်အကြား ခရီးသွားလာခဲ့ရ သူတွေပဲ"

ကိုစောနိုင်၏စကားကို မိုးလှိုင်က ခေါင်းညိတ်ထောက်ခံသော်လည်း

www.foreverspace.com.mm

ခင်ဦးလှိုင်က ရယ်သည်။

"ကျွန်တော်ကတော့…အဲဒီ အတွေးမျိုး မတွေးမိဘူးဗျ၊ တစ်မျိုးတော့ တွေးမိတယ်"

"ဆိုပါဦးလေ"

"ဆိုပါမယ်…အဟမ်း…ကျွန်တော်ကတော့ ရှမ်းပြည်နယ်ဘက် လာရတာ၊ စစ်မြေပြင်ထွက် စွန့်စားခန်း ဖွင့်ရသလိုပဲ၊ ဘယ်နှယ့်ဗျာ ဒီလောက် ကွေ့ကွေ့ကောက်ကောက် တွန့်တွန့်တက်တက်နဲ့ ခက်ခဲတဲ့ လမ်းမျိုး မတွေ့ဖူးသေးဘူး၊ လမ်း…ကားမှောက်မသေခဲ့ကြတာ ကံကောင်းတယ်မှတ်ရမယ်၊ ဒီတော့…ကျွန်တော်တို့ရဲ့ စွန့်စားခြင်းကို ဂုဏ်ပြုတဲ့အနေနဲ့ မောဇကေရီ သို့မဟုတ် ကမ္ဘောဇ စောသခင် တစ်ဦးဦးကပန်းကုံးစွပ် ကြိုဆိုဖို့ ကောင်းတယ်၊ ကျန်တဲ့ ပန်းနဲ့ မစွပ်တောင် လမ်းမှာတွေ့ခဲ့ရတဲ့ လက်ပံပွင့်တွေနဲ့ သီစွပ်ဗျာ၊ ကျွန်တော် ကျေနပ်ပါပြီ"

သူ့ဝသီအတိုင်း ကိုခင်ဦးလှိုင်က အတည်ပြောသလိုလိုနှင့် အရွှန်းဖောက်သဖြင့် မိုးလှိုင်နှင့်အတူ ကိုစောနိုင်သည် ရယ်လိုက်ရသည်။

ရယ်လိုက်ရသော်လည်း ရင်တွင်း၌မူ ဆို့နင့်နင့် ဖြစ်မိ၏။

သူ၏ ချစ်လှစွာသော မောဇကေရီ၊ သို့မဟုတ် ကမ္ဘောဇစောသခင်သည် ဤရှမ်းတို့ပြည်နယ်တွင် ရှိသည်။ သို့ရာတွင် သူသည် ချစ်လှစွာသော အစောထံမှ

ကိုခင်ဦးလှိုင်ပြောသော ကြိုဆိုမှုမျိုးကို မမျှော်လင့်နိုင်။

အမှန်မှာ…အစောထံမှ သူသည် ဘာကိုမျှ မျှော်လင့်နိုင်သူတစ်ဦး မဟုတ်ပါလေတကား။

❐

နောက်တစ်နေ့နံနက် ၈ နာရီတွင် သူငယ်ချင်း သုံးဦးသည် လွယ်လင်ဘက်သို့ ခရီးဆက်ကြသည်။ အမှန်မှာ ဤထက်စော၍ ထွက်ကြရန် ဖြစ်သည်။ သို့ရာတွင် မန္တလေးမှထွက်ခွာလာစဉ်က ကိုခင်ဦးလှိုင်သည် ကင်မရာ ယူခဲ့သော်လည်း ဖလင်မေ့ကျန်ရစ်လေသဖြင့် တောင်ကြီးမြို့တွင် ဖလင်ဝယ်ရန် ဆိုင်များဖွင့်သည်အထိ စောင့်ရသောကြောင့် ဖြစ်၏။

တောင်ကြီးမှ ဟိုပုန်းသို့ အရင်သွားရသည်။ တောင်ကြီးဟိုပုန်း လမ်း

www.foreverspace.com.mm

ခရီးတွင် ကလော အောင်ပန်းကြား၌ တွေ့ခဲ့ရသော တောင်ကတုံး မြေကမူများကို တွေ့ကြရပြန်သည်။

တောင်ယာများတွင် အဝတ်နက်သင်တိုင်း ဆင်သည့် အမျိုးသမီးများ ကကုန်းကုန်း အလုပ်ခွင် ဆင်းနေကြ၏။ မြို့တက်မြို့ပြန် ခရီးသွား ယောက်ျား မိန်းမအားလုံး၏ အဝတ်ရောင်သည်လည်း အနက်သာ ဖြစ်၏။

"သူတို့တွေက ဘာလူမျိုးတွေလည်း ကိုမိုးလှိုင်"

"ပအို့ဝ် လူမျိုးတွေပါ၊ ယောက်ျားတွေအဝတ်က ရှမ်းအဝတ်နဲ့ တူတယ်၊ ဒါပေမဲ့ ရှမ်းက ပင်နီရောင် ဝတ်ပြီး ပအို့ဝ်က အနက်ရောင် ဝတ်တယ်"

"ကျွန်တော် မြင်ရတာ များတာတော့ အနက်ရောင်ဝတ်တာတွေပဲ"

"ရှမ်းပြည်တောင်ပိုင်းနဲ့ ဒီတောင်ကြီး တစ်ဝိုက်မှာက ရှမ်းနည်းပါတယ်၊ ပအို့ဝ်တွေ များတယ်၊ ကလောတစ်ဝိုက်မှာက ခနုတွေများပြီး လွယ်လင်ဘက် ကျရင်တော့ ယင်းကြားတို့၊ ယင်းနက်တို့ဆိုတဲ့ လူမျိုးတွေ များလာပြန်တယ်၊ ရှမ်းပြည်နယ် ရှမ်းပြည်နယ်လို့သာခေါ်တာ၊ ရှမ်းချည်းပဲမဟုတ်ဘူး၊ ကျွန်တော်တို့ မြေပြန့်က သွေးသားတွေ မသိသေးတဲ့ တိုင်းရင်းသားပေါင်းစုံ နေကြတာ"

မိုးလှိုင်၏စကားကြောင့် ကားမောင်းနေသော ကိုခင်ဦးလှိုင်သည် မျက်လုံး ပြူးသွားပြီး မေး၏။

"ဒီနေရာမှာ သူပုန်တွေလည်း ထနေတယ် ဆိုတော့ ကျွန်တော်တို့ သွားရမှာ ဘေးကင်းပါ့မလား"

ကိုခင်ဦးလှိုင် သတိပေးမှ ကိုစောနိုင်လည်း စိုးရိမ်စိတ် ဝင်လာသည်။

မိုးလှိုင်က အရေးမကြီးဟန် ရယ်သည်။

"မပူကြပါနဲ့ဗျာ၊ ဒီလိုပဲ လူတကာ သွားနေကြတာပါ"

"ပအို့ဝ်လူမျိုးတွေဟာ စင်စစ်တော့ စိတ်ရင်း အင်မတန် ဖြူစင်ရိုးသားပြီး ဖော်ရွေပွင့်လင်းသူတွေပဲ၊ လုံ့လဝီရိယနဲ့လည်း ပြည့်စုံတယ်၊ စည်းလုံးညီညွတ် ခြင်းလည်းရှိတယ်၊ သတ္တိလည်း ကောင်းတယ်၊ ခင်ဗျား မယုံရင် လမ်းမှာ နောက်တစ်ခါ သူတို့ကိုတွေ့ရင် ဆင်းဓာတ်ပုံရိုက်ကြည့်ပါလား"

မိုးလှိုင် ရှင်းပြသဖြင့် စိတ်အနည်းငယ်သက်သာပြီး ဆက်လာခဲ့ကြ၏။

မကြာမီပင် ပအို့ဝ်တစ်သိုက်ကို လမ်းဘေး၌ တွေ့သည်။

ပအို့ဝ်အမျိုးသမီးသုံးယောက်က အသီးနှံများထည့်ထားသော ကြီးမားသည့် တောင်းများကို နဖူးမှ ကြိုးနှင့်သိုင်းလျက် ကျောတွင် ပိုးထား၏။ အမျိုးသားကြီး

www.foreverspace.com.mm

တစ်ဦးကမူ ကုတ်တစ်ချောင်းကိုင်လျက် ဆေးတံခဲထား၏။

ကားရပ်ပြီး ကိုခင်ဦးလှိုင်က ဓာတ်ပုံ အရိုက်ခံရန် တောင်းပန်သည်။ သို့ရာတွင် သူတို့က မြန်မာစကား နားမလည်ကြ၊ အတန်ကြာလက်ဟန်ခြေဟန်နှင့် ရှင်းပြမှ သဘောပေါက်သွားကြပြီး ရယ်ကြ၏။

သူတို့ ရယ်ဟန်များသည် လွတ်လပ် ပွင့်လင်းသည်။ ရက်ကြောက်သော ရှိုးတိုးရှန့်တန့် အမူအယာများလည်း မရှိကြ၊ ရိုးရိုးငြိမ်ငြိမ်နှင့် ကင်မရာ ပြည့်သကြသည်။

ကိုခင်ဦးလှိုင် ဓာတ်ပုံရိုက်ယူသည်ကို သူတို့အားလုံးက ပြုံးပြုံးရွှင်ရွှင်နှင့် ခံယူကြသည်။

ကားပြန်ထွက်လာစဉ် ကိုခင်ဦးလှိုင်က ဝန်ခံသည်။

"ခင်ဗျားပြောတာ ယုံသွားပြီ ကိုမိုးလှိုင်၊ ပြီးတော့ ပအို့ဝ်တွေကိုလည်း ကျွန်တော် ချစ်သွားပြီ"

မြန်မာပြည်မှ တောမြို့ကလေးတစ်မြို့နှင့်ပင် သဏ္ဍာန်တူသော ဟိုပုန်းမြို့ကို ကျော်လွန်သောအခါ အရှေ့ဘက်ဆီ၌ တိမ်ဖြူတို့လွှမ်းသော အထွဋ်တို့ဖြင့် ပြာမှိုင်းမှုန်ရီကာ မိုးသို့ စွင့်စွင့် မြင့်မားလှသည့် တောင်တန်းကြီး တစ်ခုကို လှမ်းမြင်ကြရ၏။

"ဟယ်...ဒီတောင်ကြီးကို ကျော်ရဦးမယ်"

ကိုခင်ဦးလှိုင်က အာမေဍိတ်သံ ပြုသဖြင့် မိုးလှိုင်က အားပေးသည်။

"မပူပါနဲ့လေ၊ ဟိုဘက်မှာ တခြားတစ်တောင် ကျန်ပါသေးတယ်"

ကိုခင်ဦးလှိုင်သည် သက်ပြင်းချဟန် လုပ်ပြ၏။

ဟိုပုန်း၊ မိုင်းပွန်၊ နယ်စပ် တောင်တန်းကြီးသည် ပေငါးထောင်ကျော်ရကား မနေ့ကတက်ခဲ့ရသော ကလောတောင်တန်းသည် စာမဖွဲ့သာအောင် ရှိ၏။ တောင်က မြင့်သဖြင့် ချောက်ကြီးများက ပိုနက်လေသည်။ ဤချောက်ကြီးများအတွင်းမှ တောင်နံရံကို ပြိုင်လျက်နေရောင်လုတက်သော သစ်ပင်ကြီးများလည်း အံ့မခန်းပင်၊ တောသည် နက်ရှိုမက ရိုင်းလည်းရိုင်းသည်။ တစ်နေရာတွင် ကားရှေ့မှ ဖြတ်ပြေး၍ ချောက်တွင်း ဆင်းသွားသည့် သစ်တစ်ကောင် တွေ့ရသေးသည်။

လမ်းသည် အထပ်ထပ်ဝိုက်၍ အရစ်ရစ်ကွေ့ကာ အဆစ်ဆစ်ချိုးသည်။

အဓိကရ တောင်နှစ်တောင်ကို ကျော်ဖြတ်ကြရသည်။ ခေါင်းနွဲ့နှင့် တောင်နီတောင်တို့ဖြစ်ကြောင်း မိုးလှိုင်က ပြောပြသည်။ ခေါင်းနွဲ့တောင်၏အမည်

www.foreverspace.com.mm

မှာ အကွေ့အကောက်များသောကြောင့် ကားစီးသူ လူတို့၏ ဦးခေါင်းဘယ်ညာ ယိမ်းနွဲ့ရသည်ကို အစွဲပြု၍ မှည့်ခေါ်ထားခြင်းဖြစ်သည် ဆို၏။

ကာဆီးထားသော တောင်တန်းက ခက်ထက်သမျှ ဆီးကြိုဆိုသော မိုင်းပွန်နယ်ကား လှပပေသည်။

စိမ်းလန်းစိုပြည်သော လွင့်ပြင်ကိုဖြတ်ကာ စီးနေသည့် ပြာလဲ့သော ရေယဉ်နှင့် နမ်းပွန်ချောင်းသည် ခရီးပန်းလာသူတို့၏ ရင်ကို အေးမြစေသည်။

ကိုစောနိုင်တို့သည် မိုင်းပွန်မြို့တွင် ခေတ္တနားပြီး နောက်ဆုံးခရီးဆက်၍ နောက်ဆုံးတောင်တန်းကို ကျော်ကြသည်။

မိုင်းပွန်နှင့်လွယ်လင်နယ်စပ်ရှိ ပေငါးထောင်ကျော်ပင်ရှိသော တောင်တန်းမှ နွားလပို့တောင်သည် အတက်အကြမ်းဆုံးဖြစ်၏။ အကွေ့အကောက်များ၍ မဟုတ်၊ စောက်မတ်သောကြောင့်ဖြစ်သည်။ ဘာပင်မှ မပေါက်ဘဲ ကျောက်သား ပကတိနှင့်ပြည့်သော တောင်ထွတ်လမ်းကြားသည် ကျဉ်းလည်းကျဉ်း၏။

မည်မျှခက်ခဲသည်ဖြစ်စေ၊ နောက်ဆုံးတောင်တန်းကို ကျော်နေရမှန်း သိသဖြင့် သူငယ်ချင်းသုံးဦးလုံး၏ စိတ်ဓာတ်တို့သည် တက်ကြွနေ၏။

ကိုခင်ဦးလှိုင်၏ ဟာသများကလည်း ပြန်ပေါ်လာ၏။

"ဟောဒီတောင် ကျော်ပြီးတဲ့နောက်တော့ လွယ်လင်က တစ်ယောက် ယောက်များ ဆီးကြိုပန်းကုံးစွပ်ရင် လက်ပံပွင့်နဲ့တော့ မကျေနပ်နိုင်ဘူးဗျို့"

"ဘယ်ပန်းနဲ့မှလဲ"

"အနည်းဆုံးတော့ ခေါင်ရန်းပန်းပေါ့ဗျ"

"တော်စမ်းပါ၊ နိမိတ်မရှိ နမာမရှိ၊ ပါးစပ်ပုတ်ကြီးနဲ့"

တောတို့ ပြန်ပေါ်လာသည်။ နက်ရှိုင်းသော ချိုင့်ဝှမ်းများအခြေခံ၌သနပ်ဖက်ပင် စိုက်ခင်းများကိုတွေ့ရသည်။ လူနေအိမ်ခြေနည်းသော ရွာ၏ပမာဏသည် ငယ်သည်။ သို့ရာတွင် ဘုန်းကြီးကျောင်းကြီးများကား ဟိန်းနေ၏။

လွယ်လင်ဘက် နီးချိန်တွင် ကားလမ်းတစ်ဖက်ဘေး၌ ကြီးမားသော ဂူကြီးတစ်ဂူကို တွေ့ရသည်။

"ဟာ…နည်းတဲ့ဂူကြီးလား။ မြို့တော်ခန်းမလောက် ကြီးတယ်"

ကိုခင်ဦးလှိုင်က အံ့သြလိုက်သဖြင့် မိုးလှိုင်က ၎င်းဂူ၏ အမည်ကို ပြောပြသည်။

"အဲဒါ…ထမ်ဆန့်ဂူလို့ ခေါ်တယ်၊ ထမ်ဆိုတာက ဆင်၊ ဆန့်ဆိုတာက

ဂူ၊ မြန်မာလိုတော့ ဆင်ဂူပေါ့လေ''

''ဗျာ ဆင်ဂူ…ဒီဂူထဲ ဆင်တွေ နေလို့လား''

''ဟာ… တောက်တီးတောက်တဲ့ ဆရာကလည်း၊ ဆင်က ဘယ်ဂူထဲမှာနေမှာလဲ၊ ကြီးကျယ်လွန်းလို့ ဆင်ဂူခေါ်တာ''

ကိုစောနိုင် ဝင်ထောက်၏။

''ဟုတ်သားပဲဗျ၊ နာမည်မှည့်ပုံ မှန်သားပဲ၊ မြန်မာလို ချောအောင် ဘာသာပြန်ရရင် ဂူကြီးကြီး မာစတာလို့ ခေါ်ရလိမ့်မယ် ထင်တယ်''

လွယ်လင်နယ်အတွင်းသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် ကလောနယ်တွင်းသို့ ဝင်မိစဉ်ကကဲ့သို့ပင် ထင်းရှူးတောများကို မြင်ကြရပြန်သည်။

ကိုခင်ဦးလှိုင်က မှတ်ချက်ချသည်။

''ကိုစောနိုင်…ထင်းရှူးတောတွေ ပေါ်လာပြန်ပြီ၊ ခင်ဗျား မနေ့က ညနေက ပြောသလိုပဲ၊ ကျွန်တော်တို့ အိပ်မက်မြို့တော် တစ်ခုဆီရောက်လာကြပြန်ပြီ''

ကိုခင်ဦးလှိုင် ပြောသကဲ့သို့ပင် လွယ်လင်မြို့သည် အိပ်မက်မြို့တော် ဖြစ်နေ၏။ မြို့လမ်းမဘေး တစ်ဖက်တစ်ချက်၌ ချယ်ရီပင်ပျိုများ ပေါက်နေ၏။ ရှုလေတိုင်း မြင်သမျှ တောတို့သည် ထင်းရှူးတောများသာတည်း။

တည်းခိုရန် ဟိုတယ် မရှိသောကြောင့် သူငယ်ချင်း သုံးဦးတို့သည် မြို့၏အခြားဘက်အစွန်၊ ပြည်ထောင်စုလမ်းပေါ်ရှိ ဗိုလ်တဲခေါ် အစိုးရဇည့်ရိပ်သာ၌ စခန်းချကြ၏။

ဧည့်ရိပ်သာ ရှေ့မှ ပြည်ထောင်စုလမ်းသည် အရှေ့ဘက်ရှိ တောင်နံရံမှ ကပ်လျက် တောင်ဘက်ဆီ ကွေ့ဝိုက်ထွက်သွားသော နမ့်ဆိုင်းကျိုင်းတုံ လမ်းမကြီးနှင့် သွားဆက်၏။

ဧည့်ရိပ်သာ မျက်နှာမူထားရာ၌ စိမ်းမြသော မြက်ခင်းကမ္ဘလာ လွှမ်းအပ်သည့် ခုံးခုံးမို့မို့ ကုန်းစို့စို့တစ်ခု ရှိသည်။ ၎င်း ကုန်းမို့မို့ထက် ပင်စည်ဖြူဖြူ ရွက်သွယ်စိမ်းစိမ်းနှင့် ထီးထီးမားမား ရပ်နေသော ယူကလစ်တစ်ပင်ကြီးတစ်ပင် ရှိသည်။

လျှောလျှောပြေပြေကျသွားသော ကုန်းမို့မို့၏ အခြေ၌ကား စိမ်းမြပြာလွင်သော ရေကန်ကြီး တစ်ခုကို တွေ့ရသည်။

ယူကလစ်တက်စ်နံ့ ထင်းရှူးနံ့တို့သည် လန်းဆန်းအေးမြသော တောင်မြင့်

www.foreverspace.com.mm

လေ၌ သင်းပျံ့မွှေးကြိုင်နေသည်။

ခရီးရောက်မဆိုက် ဧည့်ရိပ်သာ ရှေ့တွင် ရပ်လျက် လှပသော ရှုခင်းတို့ကို အံ့ဩ ငေးမောကြည့်မိသည်။

မိုးလှိုင်သည် အရှေ့ဘက် တောင်ရိုးအထက်မှ ချွန်မြနေသော တောင်ထွတ် တစ်ခုကို ညွှန်ပြပြီး ဆိုသည်။

"အဲဒီတောင်ထွတ် ချွန်ချွန်ကိုအစွဲပြုပြီး ဒီမြို့ကို လွယ်လင်လို့ ခေါ်တာပဲ၊ လွယ်…ဆိုတာက တောင်လို့ အဓိပ္ပာယ်ရတယ်။ မြန်မာတွေ အသံထွက်နေတာတဲ့ လင်ဆိုတာ မမှန်ဘူး၊ လီယမ်…လို့ နီးနီးစပ်စပ် အသံထွက်ရမယ် ထင်တယ်၊ လီယမ်ဆိုတာက ချွန်မြခြင်းလို့အဓိပ္ပာယ်ရတယ်၊ ဒီတော့ လွယ်လင် သို့မဟုတ် လွယ်လီယမ်မြို့ဆိုတာက တောင်ချွန်းမြို့လို့ အဓိပ္ပာယ်ရှိတယ်"

ဤသို့ ထွေရာလေးပါး ပြောနေကြပြီးနောက် နေ့လယ် ၁၁ နာရီ ကျော်ပြီ ဖြစ်သောကြောင့် သူငယ်ချင်း သုံးဦးတို့သည် ဗိုလ်တဲစောင့် အဘိုးကြီး ဝယ်ယူကျွေးမွေးသည့် ခေါက်ဆွဲ၊ ထမင်းကြော်တို့ကို စားကြ၏။

စားသောက်ကြပြီးသောအခါ ကိုစောနိုင်နှင့် ကိုခင်ဦးလှိုင်တို့က အပန်းပြေ တစ်ရေးတမော အိပ်ကြသည်။ မိုးလှိုင်မှုကား မအိပ်နိုင်။ သူ့ထက် တစ်ရက် စော၍ ရောက်နှင့်နေသော သူ့ဇာတ်အဖွဲ့များရှိရာ ဇာတ်စင်ဆီသို့ထွက်ခွာသွား၏။

❐

ညနေစောင်း မိုးလှိုင် ပြန်ရောက်လာမှ သူငယ်ချင်းသုံးဦးသည် ပွဲခင်း ဆီသို့ ထွက်လာခဲ့သည်။

ပွဲခင်းကို ပွဲခင်းထက် ကစားဝိုင်း ကွင်းကြီးဟု ပိုမိုခေါ်ထိုက်သည်ဟု ထင်၏။

ပွဲခင်းနယ်နမိတ်တစ်လျှောက် ထိုးထားသော တဲတန်းရှည်ကြီးများတွင် လေးကောင်ဂျင်ဝိုင်းများ စည်ပင်နေ၏။

ပွဲခင်းအလယ် တဲငယ်များ၌လည်း ခြောက်ကောင်ထီ၊ (၁၂) ကောင်ထီ စသော ကစားဝိုင်းများက မြိုင်ထနေသည်။

ကစားခန်းတကာအနက် လူအစည်ကားဆုံး ကစားဝိုင်းကား (၃၆) ကောင် ထီရုံးဖြစ်၏။

www.foreverspace.com.mm

ထီရုံးရှေ့၌ တိုင်တစ်တိုင် ထူထားသည်။ တိုင်၏ထိပ်၌ အထုပ်တစ်ထုပ် ဆွဲထား၏။ ဤအထုပ် အတွင်း၌ (၃၆) ကောင်အနက်မှ တစ်ကောင်ကောင်၏ အရုပ်ရှိသည်။ ဤအကောင်ကို အတိတ်ပေးထားသည့်အတိုင်း မှန်း၍ မှန်အောင် ထိုးကြရသည်။ လက်မှတ်တစ်စောင် တစ်ကျပ်ဖြစ်၍ ပေါက်သော် ၂၇ ကျပ် လျော်သည်။

(၃၆)ကောင်ထီ နားမလည်သဖြင့် စိတ်မဝင်စားလှသော ကိုစောနိုင်နှင့် ကိုခင်ဦးလှိုင်တို့သည် မိုးလှိုင်နှင့်အတူ ပွဲခင်းအလယ်မှ ကစားဝိုင်းငယ်များသို့ ခြေဦးလှည့်ကြသည်။

(၁၂) ကောင်ထီဝိုင်း တစ်ခုရှေ့၌ ရပ်ကြည့်မိ၏။

ဒိုင်သည် အံစာတုံး ထည့်ထားသောအုပ်တစ်အုပ်ကို လှုပ်လျက်ရှိ၏။ သူ့ရှေ့မှ ကျား၊ မြွေ၊ နွား၊ ဒေါင်း၊ ယုန်၊ လိပ်၊ ငါး၊ ဝက်၊ ကျီးကန်း စသော တိရစ္ဆာန်များသာမက ကျုံ့ကျုံ့ကလေးထိုင်လျက်ရှိသော မယ်သီလရှင် အရုပ်ပါ ရေးဆွဲထားသော အခင်းတစ်ခု ရှိသည်။

ကိုစောနိုင်နှင့် ကိုခင်ဦးလှိုင်တို့၏ အာရုံကို ဆွဲဆောင်လိုက်သည်မှာ အံစာတုံးခေါက်အပြီး အဖုံးကို အသာမကြည့်၍ ရေရွတ်လိုက်သော ဒိုင်၏ အသံပင်တည်း။

"စခန်းမြေပြင်…ရှမ်းတွေထင် ပြီးတော့…ခရမ်းရှည်ပင်စိုက်လေသည်"

ကိုခင်ဦးလှိုင်က ကိုစောနိုင်ကို လှမ်းကြည့်သည်။ ကိုစောနိုင်ကလည်း သူ့ကို ပြန်ကြည့်၏။

ကိုခင်ဦးလှိုင်၏ မျက်မှန်ကြီးသည် မိုးလှိုင်ဘက်သို့ လှည့်သွားပြီး အဖြေ တောင်းသည်။

"ဒီလူကြီးတွေ ဘာတွေ ရွတ်ဖတ် သရဇ္ဈာယ်နေတာလဲ၊ ကိုမိုးလှိုင်"

"အတိတ်ပေးတာလေ၊ အဲဒီအတိတ်ကို ကောက်ပြီး ထိုးရတယ်"

"ဘယ်လို အတိတ်ကောက်ရသလဲ"

"စောင့်ကြည့်လေ…ခင်ဗျား သဘောပေါက်သွားပါလိမ့်မယ်"

ကိုခင်ဦးလှိုင်နှင့် ကိုစောနိုင်တို့က စောင့်ကြည့်နေကြသည်။

ထိုးသားများက အတိတ်ကို တစ်ယောက်တစ်ပေါက် အဓိပ္ပာယ်ကောက် ကြသည်။

"မြေပြင်ကို ထွင်တယ်ဆိုတာ နွားနဲ့ထွင်လို့မှ ရတာယ်၊ ဒီတော့ နွားပဲ"

www.foreverspace.com.mm

တစ်ဦးက ဤသို့ ဆိုသည်ကို တစ်ဦးက ငြင်း၏။

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ ခရမ်းရှည်လို့ ဆိုထားတယ်၊ ရှည်တယ် ဆိုတာ မြွေ… မြွေကွ"

ဤသို့ တစ်ယောက်တစ်ပေါက်ဆို၍ကိုယ့်အတိတ်ကိုယ် ကောက်ကာ ကိုယ့်အကောင်းကို ကိုယ်ထိုးကြသည်။ ထိုးသားစုံ၍ ငွေပုံလေမှ ဒိုင်က အုပ်ကို ဖွင့်သည်။ အုပ်အောက်၌ ငုတ်တုတ်ကလေး ပေါ်လာသော အံစာထက်မှ အကောင်ကား ကျီးကန်းဖြစ်လေသတည်း။

ထိုးသားတို့ ဆူဆူညံ့ညံ့ ကန့်ကွက်ခိုက် ဒိုင်သည် ငွေများကို သိမ်းကြုံး ယူပြီး သူ့အတိတ်ကို သူ ရှင်း၏။

"ခရမ်းရှည်ပင်ကို ရှမ်းကြီး စိုက်တယ်၊ ကြီး…ဆိုတော့ ကျီးကန်းပေါ့"

စာတတ်ပေတတ် ပရိသတ်သည် ငြိမ်ကျသွားသည်။

ဖောင်းပြည့်နေသော ကိုခင်ဦးလှိုင်၏မျက်နှာကြီးသည် အပြုံးနှင့် ဝင်းပ သွားသည်။ မျက်မှန်အောက်မှ မျက်လုံးများသည်လည်း ဝင်းလဲ့ လာ၏။

သူက အဖော်ညှိသည်။

"ပညာစမ်းတဲ့ ကစားနည်းပဲဗျ၊ ကျုပ်တို့ ဝင်အစွမ်းပြကြရအောင်"

သူ့ကို သဘောတူ၍ ကိုစောနိုင်က ငွေတစ်ဆယ် ထုတ်ပေးသည်။ မိုးလှိုင်သည် ပထမ၌ ရယ်နေသေးသော်လည်း နောက်ဆုံး၌ ငွေတစ်ဆယ်ပင် ထုတ်ပေးသည်။ ကိုခင်ဦးလှိုင်ကလည်း သူ့အိတ်ထဲမှ ငွေတစ်ဆယ် ထုတ်ပြီး ဆို၏။

"ကျုပ်တို့ သုံးယောက်ထဲမှာ ခင်ဗျားတို့ နှစ်ယောက်က ကံဆိုးသူတွေ၊ ကျုပ်တစ်ယောက်ပဲ ကံမဆိုးသေးတာ၊ ဒီတော့ ကျုပ်ထိုးမယ်"

ဒိုင်သည် အံစာကို ခလောက်လိုက်ပြီး အတိတ်ပေးပြန်၏။

"ခေသီဗ္ဗတ နှစ်ထပ်ရံ တောနတ်ဖန် ဘုံပျံမြင့် ထူးလှလေတယ်"

ကိုခင်ဦးလှိုင်သည် စီးကရက်ကို ပါးစောင်တွင်ခဲရင်း သူ့ ခေါင်းကို ဘယ်ငဲ့လိုက် ညာငဲ့လိုက်နှင့် အတန်ကြာ စဉ်းစားနေ၏။ ထို့နောက်မှ ကိုစောနိုင်နှင့် မိုးလှိုင်ဘက်လှည့်ပြီး သုံးကိုယ်ကြား တိုးတိုးဆိုသည်။

"ပဗ္ဗဆိုတာ တောင်ဗျ၊ ပြီးတော့ တောလည်းပါတယ်၊ နတ်လဲပါတယ်၊ တောင်ရယ်…တောရယ်…နတ်ရယ် ပေါင်းလိုက်တော့ ဘယ်အကောင် ထွက်မလဲ၊ စီးတော်ကျားပဲ ထွက်မှာပေါ့ဗျ၊ ဒေါင်းတော့ မဖြစ်နိုင်ဘူး ဘယ်နှယ့်လဲ"

www.foreverspace.com.mm

သူ့ဗွေးခေါ် မြော်မြင်မှုမှာ ဆီလျော်နေသဖြင့် ကိုစောနိုင်နှင့် မိုးလှိုင်တို့က သဘောတူလိုက်ကြသည်။

ကိုခင်ဦးလှိုင်သည် ဆယ်တန်တစ်ရွက်ကို ကျားရုပ်ပေါ်၌ ကျကျနန ထောင်လိုက်သည်။ ထို့နောက် ခါးကြီးထောက်၍ ပြုံးပြုံးကြီး စောင့်နေ၏။

ထိုးသားစုံ၍ ငွေပုံလာပြန်လေသောအခါ ဒိုင်က အုပ်ကို ဖွင့်ပြန်သည်။

ငုတ်တုတ် ပေါ်လာသော သတ္တဝါမှာ ကျားမဟုတ်၊ ကျားမဟုတ်သည်က တော်သေးသည်။ ကျားနှင့်မည်သို့မျှ မဆိုင်သော ဆန့်ကျင်ဘက် နွားတစ်ကောင်တည်း။

ကိုခင်ဦးလှိုင်သည် သူ့မျက်လုံးကို သူမယုံနိုင်ဟန် အံစာတုံးပေါ်မှအရုပ်ကို ခါးကိုင်း၍ သေချာစွာ စူးစိုက်ကြည့်သည်။

နွားမှ နွား အစစ်ပေတည်း။

ငွေတို့ကို ကြုံးယူရင်း ဒိုင်က ရှင်းလင်းပြသည်။

"ပဗ္ဗဆိုတာ ခုံးခုံးလုံးလုံး၊ နွားပခုံးထက်မှာလည်း ခုံးခုံးလုံးလုံး လဘို့ ရှိတယ်၊ နွားလဘို့တောင်တဲ့၊ မကြားဖူးကြဘူးလား"

ကိုခင်ဦးလှိုင်၏ ပါးစပ်ကြီးသည် ပြဲသွားသည်။ ခေါင်းခါရင်း ပြုံးပြီး ဆိုသည်။

"တစ်ချီတော့ ခံလိုက်ရပြန်ပြီ၊ နောက်တစ်ချီပေါ့ဗျာ"

ဒိုင်သည် အံစာ ခလောက်၍ အတိတ်ပေးပြန်သည်။

"ရွှေလီမဲဇ မတ်မောင်လှ၊ ရေးစပ်ကဗျာ ဆက်လေသည်"

ဤတစ်ကြိမ်တွင် ကိုခင်ဦးလှိုင်သည် အတန်ကြာအောင် စဉ်းစားသည်။ အတိတ်ကိုယ်၌က မစင်းလှသဖြင့် တွေးယူရသည်မှာ မလွယ်။

ကိုခင်ဦးလှိုင်သည်သာမက ကိုစောနိုင်ရော မိုးလှိုင်ပါ မစဉ်းစားတတ်။

သို့ရာတွင် ခဏချင်းပင် ကိုခင်ဦးလှိုင်၏ မျက်နှာကြီးသည် ဝင်းလာ၏။ သူသည် မည်သူ့မျှ မတိုင်ပင်တော့ပဲ ငွေတစ်ဆယ်ကို မြွေရုပ်ပေါ်သို့ ပစ်တင်လိုက်သည်။

ကိုစောနိုင်က သူ့ကို မေးသည်။

"ဘာဖြစ်လို့ ခင်ဗျား မြွေထိုးရတာလဲ"

ကိုခင်ဦးလှိုင်သည် သူ အတိတ်ကောက်ပုံကို လူသိမည် စိုးသည့်အလား အင်္ဂလိပ်ဘာသာဖြင့် ရှင်းပြ၏။ အဓိပ္ပာယ်မှာ...

www.foreverspace.com.mm

"ရွှေဘိဆိုတာ မြစ်ပဲဗျ၊ မြစ်ဆိုတာ ရှည်ရှည်လျားလျားနဲ့ ကွေ့ကွေ့ကောက်ကောက်စီးတယ်၊ ဒီတော့ မြွေပဲ ဖြစ်ရမှာပေါ့"

ဒိုင်က အုပ်ဖွင့်ပြန်၏။ ပေါက်ကောင်ကား ခိုငှက်ဖြစ်၏။

"ကဗျာဆက်တယ်ဆိုတာ ကြက်တူရွေးတို့ ခိုတို့နဲ့ ရှေးက လွှတ်ပြီး ဆက်ရတယ်၊ ဒါကြောင့် ခိုဖွင့်သဗျ"

ဒိုင်၏ရှင်းလင်းချက်ကို အံကြိတ်ရင်း ကိုခင်ဦးလှိုင်က ကြည့်နေသည်။ သူ့အသွင်မှာ ဒိုင်ကိုနားရင်း အုပ်ချင်ဟန် ပေါ်နေ၏။

ကိုခင်ဦးလှိုင်သည် ခေါင်းခါ၍ မျက်စပစ်ပြပြီး နေရာမှ ခွာ၏။

သူတို့သုံးဦး ထွက်လာခဲ့စဉ် နောက်ပါးမှ ဒိုင်၏ အတိတ်ပေးသံသည် လွင့်လိုက်လာသည်။

"နောင်မပူသပ တောင်သူမ မောင်အယူရ ခက်လေသည်"

ကိုခင်ဦးလှိုင်သည် ဒိုင်ဘက် သမင်လည်ပြန် လှည့်ကြည့်ရင်း ဆိုသည်။

"အေး…နင်အယူရခက်ပေလို့ပဲ၊ မခက်များ အခက်ရင် ငါ့မျက်မှန်တောင် ဖြုတ်ယူမဲ့ ကောင်ပဲ"

သူတို့သုံးဦးက ကစားဝိုင်းကို စိတ်ပျက် ထွက်လာသည်။ စိတ်ဝင်စားစွာ ထိုးမြဲ ထိုးသူတို့က ဝိုင်းတိုင်းတွင် ပြည့်ကျပ်နေသည်။

သူတို့ကိုကြည့်၍ ကိုစောနိုင်မှာ ကရုဏာ သက်မိသည်။ နွေဦးဖြစ်သော်လည်း လွယ်လင်း၏ ရာသီသည် မြေပြန့်ဆောင်းပမာအေးနေသည်။ သက္ကလပ် ဝတ်စုံကို ဝတ်ထားကြသော သူတို့အတွက်မူ မထောင်းတာလှ။

ကစားဝိုင်းများမှ ရှမ်းပအို့စ်သူတို့သည် ပါးလွှာသော အဝတ်အစားများကိုသာ ဝတ်ဆင်ထားကြ၏။ မချမ်းမပြု ရှိနေကြပါမည်လော။

စိတ်ဇောအဟုန်ကြောင့် ချမ်းချင်မှ ချမ်းကြမည်။

ထိုးသားများသည် ယောကျ်ားချည်း မဟုတ်၊ မိန်းမများလည်း ပါသည်။

မိန်းမတစ်ဦးသည် ကျောထက်၌ ကလေးတစ်ဦးကို အဝတ်နှင့် သိုင်းပိုးချည်ထား၏။ ကလေးငယ်သည် မိခင်၏ကျောထက် အိပ်မောကျလျက် ရှိသည်။ မိန်းမ၏ ခါးကို လက်ကလေးတစ်ဖက်နှင့် ဆုပ်ကိုင်ရင်း လေးနှစ်ရွယ် ကလေးတစ်ဦးက တစာစာ ငိုကြွေးနေ၏။ ထမင်းဆာ၍လော…ချမ်း၍လော အဘယ်ကြောင့်လော ဟုမူ ကိုစောနိုင်မသိ၊ ထိုမိန်းမက ကစားဝိုင်း၌ သဲသဲမဲမဲ လောင်းနေ၏။

www.foreverspace.com.mm

သူတို့သည် ပွဲခင်းပတ်ပတ်လည် နှံ့အောင် လျှောက်ကြည့်ကြသည်။

ကစားဝိုင်း ဒိုင်များကား တရုတ်များဖြစ်၏။ တရုတ်များ ကစားဝိုင်းထောင်သည်ကား မဆန်း၊ တရုတ်နှင့် ကစားဝိုင်းသည် ဘယ်သောအခါကမှ ခွဲမရခဲ့။ ဆန်းသည်မှာ ကစားဝိုင်းအချို့၏ဒိုင်များသည် ကုလားများ ဖြစ်နေခြင်းပေတည်း။

ကိုစောနိုင်က မေးသည်။

"ဘယ်နှယ့်လဲ ရှမ်းပြည်နယ်မှာ ကုလားတွေလည်း ကစားဝိုင်းဒိုင်လုပ်သလား"

မိုးလှိုင်က မဲ့ပြုံးပြုံးသည်။

"ဒါ ဆန်းသလား ကိုစောနိုင်၊ ဒီကုလားတွေ တရုတ်တွေ ဆိုတာက လပြည့်နေ့တောင် ခွေးတင်တဲ့ ကောင်တွေ"

(၁၂) ကောင်ဒိုင်ကို မကျေနပ်သဖြင့် မျက်နှာကြီး မှုန်တေတေဖြင့် လိုက်လာသော ကိုခင်ဦးလှိုင်သည် မိုးလှိုင်၏စကားဆန်းကြောင့် ဆတ်ခနဲ ခေါင်းမော့လိုက်ပြီး မေး၏။

"ဘယ်လိုဗျ…လပြည့်နေ့တောင် ခွေးတင်တယ်၊ အဲဒီစကား အဓိပ္ပာယ်က ဘာလဲ"

ဒီစကားက (၃၆) ကောင်ထီစကားပဲ၊ နောက်တော့ ကျွန်တော်ရှင်းပြပါ့မယ်၊ ဩ…နေဦး"

မိုးလှိုင်သည် (၆) ကောင် ထီရုံးသို့သွား၍ စာရွက် သုံးရွက်ယူလာခဲ့ပြီး နှစ်ရွက်ကို သူတို့အား ပေးသည်။

"အဲဒါ ဘာ စာရွက်တွေလဲ"

"သိမ်းထားပါ ဆရာ၊ နောက်တော့ ကျွန်တော် ရှင်းပြပါ့မယ်"

သူတို့ဆက်လျှောက်လာကြသည်။

ပွဲခင်းအစွန်းတစ်ထောင့်၌ တဲတန်းလျား အရှည်တစ်မျိုး တွေ့ကြရပြန်သည်။

ဤ တဲတန်းလျားတွင်း၌မူ တုံးလုံးပက်လက်နှင့် ဘိန်းရှုရင်း လောကကို မေ့နေကြသူများကို မြင်နိုင်ရသည်။ မလှမ်းမကမ်း၌မူ အရက်ဆိုင်တစ်ဆိုင်သည် မူးယစ်သူများနှင့် ဆူညံနေသည်။

"ဒါထက် ဒီပွဲဟာ ဘာပွဲလဲဗျ"

"ဘုရားပွဲပါဆရာ"

www.foreverspace.com.mm

ကိုခင်ဦးလှိုင်သည် ပတ်ပတ်လည်ကို လှမ်းမျှော်ကြည့်သည်။ ဘုရားဟူ၍ တစ်ဆူမှ မတွေ့ရပေ။

"ဘယ်မှာလဲဗျ…ခင်ဗျား ဘုရားက"

"ဘာလဲ…ဆရာက ဘုရားဖူးချင်လို့လား"

"ဟုတ်တယ်လေ၊ ရှမ်းပြည်ရောက်တဲ့အခါ ရှမ်းဘုရားဖူးကြည့်ရအောင်ပါ"

"ဒါဖြင့် သွားကြရအောင်"

ပွဲခင်းမှ ဘုရားရှိရာသို့ တစ်မိုင်နီးပါး လျှောက်ကြရသည်။

ဘုရားသည် ထုံးဖြူ သုတ်ထားသော မကြီးမငယ် စေတီတော် တစ်ဆူဖြစ်၏။ ဘုရားကို အထူးမီးမပူဇော်ထား။ သဒ္ဒါကြည်ညိုသူအချို့ ထွန်းထားဟန်ရှိသော ဖယောင်းတိုင် လေးငါးတိုင်နှင့် ဆီမီးခွက် ဆယ့်လေးငါးခွက်သာရှိသည်။

အခြားမွှမ်းမံခြယ်လှယ် ပူဇော်ထားမှု မရှိ။

ဘုရားဖူးပြီး ပြန်လာသောအခါ ကိုခင်ဦးလှိုင်က စိတ်ပျက်စွာ ခေါင်းခါနေ၏။ ကိုစောနိုင်မှာလည်း သက်ပြင်းရှိုက်မိသည်။

ဤ ပွဲသည် ဘုရားကို ဗန်းပြ၍ ပြုလုပ်ထားသော လောင်းကစားပွဲကြီး တစ်ခုဖြစ်မှန်း သဘောပေါက်မိကြသောကြောင့်ပေတည်း။

သူတို့သည် ညစာကို ပွဲခင်းအတွင်း၌ပင် စားကြသည်။

စားသောက်ပြီး ဇာတ်စင်ရှိရာသို့ သွား၍ ပွဲထွက်သည်အထိ စောင့်ကြည့်ကြသည်။

ပွဲက စောစောထွက်သည်။ ဇာတ်စင်ရှေ့ပွဲခင်း၌ ရှမ်း၊ ပအို့ဝ်၊ ယင်းကြား၊ ယင်းနက် စသော တောင်ပေါ်သူ တောင်ပေါ်သားများဖြင့် ပြည့်နှက်နေ၏။

ထုံးစံအတိုင်း မင်းသား၊ မင်းသမီးတို့က သီချင်းဆို၍ လူပြက်တို့က ပြက်ကြ၏။ မြန်မာလို သီကြဆိုကြ၊ ပြက်ကြသည်။ ပွဲကြည့်ပရိသတ် ဘယ်နှစ်ဦးသည် နားလည်ကြမည်နည်း။

သို့ရာတွင် ပွဲကြည့်ပရိသတ်ကမူ တုတ်တုတ်သံ မလှုပ်ဘဲ စိတ်ဝင်စားစွာ ကြည့်နေကြသည်။

လူပြက်…ပြက်သော် ချက်ချင်းမရယ်ကြ။ တစ်စုံတစ်ယောက်၏ ရယ်သံ ကြားမှ အများက ဝိုင်းလိုက်၍ ရယ်ကြသည်။

မိုးလှိုင်က မှတ်ချက်ချသည်။

www.foreverspace.com.mm

"သူတို့ခမျာတွေဟာ ဘာတွေဆို ဘာတွေပြောပြီး ဘာတွေ ပြက်ကြတယ် ဆိုတာ နားမလည်ကြရှာဘူး၊ ဒါပေမဲ့ ပွဲကိုတော့ အလွန် ကြိုက်ကြတယ်၊ အခုလို ရာသီမျိုး မပြောနဲ့၊ ခိုက်ခိုက်တုန်အောင် ချမ်းတဲ့ ဆောင်းမှာတောင်မှ ပွဲရှိပြီဆိုရင် မီးလှုံပြီး ကြည့်ကြရှာတယ်"

ကိုခင်ဦးလှိုင်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။ ဘာမျှတော့ မဆို ကိုစောနိုင်မှာမူ ရင်ထုမနာ ဖြစ်မိ၏။

သူတို့က စောစောစီးစီး အိပ်ရာဝင်သော်လည်း လူသူများကို တင်ဆောင် လျက် ကားအိုကြီးများသည် ကျိုင်းတုံလမ်းဘက်မှ တအီအီ တရွေ့ရွေ့နှင့် တက်လာနေကြဆဲ ဖြစ်၏။

ဘုရားဆီသို့လော...ပွဲဆီသို့လော...ကစားဝိုင်းများဆီသို့လော။

ညကိန်းထပ်တင်သော (၃၆)ကောင် ထီရုံးမှ ဗျောက်ဖောက်သံများမှ ပေါ်လာနေ၏။

❐

နောက်တစ်နေ့နံနက်တွင် ပွဲခင်းအမည်ခံ ကစားဝိုင်းတို့ကို မကြည့်ချင် တော့သော ကိုစောနိုင်နှင့် မိုးလှိုင်တို့က အပြင်မထွက်တော့။

နှင်းငွေရီရီနှင့် လွယ်လင်၏ နွေရက်ရှုခင်းတို့သည် လှပတင့်မောသည်။

ဤကဲ့သို့ လှပတင့်မောသော ပတ်ဝန်းကျင်၌ ကိုစောနိုင်နှင့် မိုးလှိုင်တို့က ဂီတနှင့်သာ ပျော်မွေ့ လိုချင်ကြသည်။

ကိုခင်ဦးလှိုင်မှာမူ သူ့ ဝါသနာနှင့်သူ တွေ့ရခဲသော တောင်တန်းပျော် တိုင်းရင်းသားများနှင့် ကစားဝိုင်း ရှုခင်းတို့ကို ဓာတ်ပုံရိုက်ယူလိုသည် ဆိုကာ ကင်မရာတစ်လုံး လွယ်၍ ထွက်သွား၏။

ကိုစောနိုင်က သူသွားလေရာပါသော စောင်းကို တီးရင်း သူ စပ်ဆိုခဲ့သည့် "ထားသခင်" သီချင်းကို မိုးလှိုင်အား ချပေးနေ၏။

မိုးလှိုင်သည် သီချင်းကို ခဏတွင်းမှာပင် ပိုင်ပိုင်နိုင်နိုင်ဆိုတတ်ရုံမက တီးကွက်များကို သူ့မယ်ဒလင်လေးဖြင့် လိုက်မှတ်ယူ၏။

သူတော်ချင်းချင်း သတင်းလွှေ့သည်ဟု ဆိုရိုးရှိသည်။ ဂီတသမားချင်း

www.foreverspace.com.mm

တွေ့သော် မွေ့လျော်ရာ၌ ကျင်လည်၍ လောကကို မေ့တတ်ကြ၏။

ညနေစောင်းတွင် ကိုခင်ဦးလှိုင် ပြန်လာ၏။ လူကို မမြင်ရခင် ရွှင်ရွှင်မြူးမြူးဆိုသော သီချင်းသံကို အရင်ကြားရ၏။

"စံပယ်…စံပယ်…စံပယ်ပန်းနှယ်…သင်းရနံ့ကြူ…ဖြူဖြူဖွေးတယ် မွှေးမွှေးလေးပေးချင်အောင်ကွယ်…မာယာစုံကြွယ်၊ညာဘယ်သွဲ့သွဲ့ နွဲ့ကာသာ ယိမ်းဖယ်၊ စိမ်းစိမ်းလန်း ပင်နန်းသူရယ်၊ မြေမြင့်သူရယ်၊ မိရှမ်းပျိုရယ် အဲဟယ်"

နောက်ဆုံး စကားနှစ်လုံးမှာ စံပယ်သီချင်းတွင် မပါသော စကားနှစ်လုံး ဖြစ်၏။

ကိုစောနိုင်နှင့် မိုးလှိုင်တို့က တံခါးဝမှ ပေါ်လာသော သူ့ခန္ဓာကိုယ်ကြီးကို လှမ်းကြည့်ကြသည်။ သူ့မျက်နှာကြီးက ပြုံးခြင်းကြီးမက ပြုံးရွှင်နေ၏။

သူသည် ခန္ဓာကိုယ်နှင့်မလိုက်အောင် ပေါ့ပါးစွာ လျှောက်လာပြီး ခုတင်ထက် ဆောင့်ထိုင်လိုက်၏။ ကိုစောနိုင်နှင့် မိုးလှိုင်တို့က နားမလည်စွာ သူ့အား ကြည့်နေမိကြသည်။ သူကမူ ပြုံးဖြီးဖြီးနှင့် သူတို့အား ပြန်ကြည့်ပြီး "စံပယ် စံပယ်" ဟု အော်နေပြန်သည်။

စိတ်မရှည်သော ကိုစောနိုင်က ဘုလှမ်းပြောသည်။

"ဟေ့လူ…ခေါင်ရန်းပန်းကနေ ဘယ်နှယ့် စံပယ်ဖြစ်သွားရတာလည်း၊ ကိုယ့်လူ ဘာရောဂါ ရခဲ့တာလဲ"

ကိုခင်ဦးလှိုင်သည် ခေတ္တမျှ သူ့အပြုံးကြီးကို ဘရိတ်အုပ်လိုက်သည်။ နောက်တစ်ခဏတွင်မူ တဟားဟား အော်ရယ်၏။

"ရော…ခက်ပါပြီ၊ ဟေ့လူ…ကိုခင်ဦးလှိုင် ခင်ဗျား၊ ဘာဖြစ်လာတာလဲ"

အရယ်ရပ်၍ ဖြေလိုက်သော ကိုခင်ဦးလှိုင်၏ စကားအား၊ သူတို့လုံးဝ မမျှော်လင့်သော စကားဖြစ်၏။

"ဗျာ…ကျွန်တော်တို့ကို သနားလို့"

ကိုခင်ဦးလှိုင်သည် တစ်ချီထပ်ရယ်လိုက်ပြီးမှ စကားအတည်ပြော၏။

"အလကားနောက်တာပါဗျာ၊ ဒီနေ့ခင်ဗျားတို့ အပြင်မထွက်တာဟာ အင်မတန် တွေ့မြင်ရခဲတာကို လွဲချင်လို့ပဲ"

"စာလိုက်တဲ့ ဆိုနှယ်ဗျာ၊ ဘာတွေများတွေ့ခဲ့ရလို့လဲ"

www.foreverspace.com.mm

"ဒီလိုဗျာ၊ ကျွန်တော်က ဒီနေ့တစ်နေ့လုံး ဓာတ်ပုံလိုက်ရိုက်တာ ရိုက်စရာတွေကလည်း မကုန်နိုင်ဘူးဗျာ၊ နောက် မောမောရှိတာနဲ့ ရှမ်းထမင်းချဉ် ဆိုင်မှာ ဝင်ထိုင်တယ်၊ ဆာကလည်းဆာ၊ စားဖူးတယ်လည်းရှိအောင်ဆိုပြီး အမဲထမင်းချဉ်ကို ဂျူးမြစ်နဲ့ မြည်းပြီးစားလိုက်၊ လက်ဖက်ရည်ကြမ်းလေး သောက်လိုက်နဲ့ ဇိမ်ကျနေတုန်း ဖြုန်းဆို သူတို့ ရောက်လာကြတာပဲ"

"သူတို့ဆိုတာ ဘယ်သူတွေလဲ"

"ဆုံးအောင် နားထောင်ပါဦးဗျာ၊ သူတို့ဆိုတာက စော်ဘွားတစ်ဦးရယ်၊ သူ့မဟာဒေဝီရယ်၊ ပြီးတော့ အဲ…သူ့ဆွေမျိုးတော်နဲ့ ကိုယ်ရံတော်တွေပေါ့"

"ဒီတော့"

"ဒီတော့ ဘေးလူတွေဆီက စော်ဘွားနဲ့မဟာဒေဝီမှန်းသိတော့ ကျွန်တော့်ကလည်း ရခဲတဲ့ ပုံတစ်ပုံ ရပြန်ပြီပဟဆို ထွက်ဓာတ်ပုံ ရိုက်တာပေါ့၊ အဲ့ဒါကို ကိုယ်ရံတော်တွေက မရိုက်ရဘူးဆို ဖွတ်တားထားတော့ ကျွန်တော်နဲ့ ဘုကျကြတာပေါ့"

"အဲ့ဒါနဲ့ အခု ခင်ဗျား မြူးလာတာက ဘာဆိုင်လို့လဲ"

"သြော်… ဒေသနာ ဆုံးအောင်လဲ နာဦးမှပေါ့ ငါ့ရှင်ရာ"

သူ့စကားကြောင့် ကိုစောနိုင်မှာ ရယ်မိပြီး "ဆောရီးဗျာ…ဆက်ပါ"ဟု တောင်းပန်ရသည်။

"ကိုယ့်လူတွေက…ကျွန်တော့်ကို ဖမ်းတောင် ချုပ်ချင်ကြသလား မသိဘူး၊ ဒါပေမဲ့ စော်ဘွားက တော်တယ်ဗျ၊ အဲ…စော်ဘွားသာ ဆိုတယ် စော်ဘွား ချွတ်လေးဗျ၊ ငတိလေးက တော်တော်ယဉ်ကျေးတယ်၊ ကျွန်တော့် ကို ဓာတ်ပုံရိုက်ခွင့် ပေးတယ်ဗျ"

"အဲ့ဒါနဲ့ ခင်ဗျား သိပ်ဝမ်းသာလာတာလား"

"မဆုံးသေးဘူးလေ…ဒါနဲ့ ကျွန်တော် ဓာတ်ပုံရိုက်ယူတာပေါ့၊ သူ့မဟာ ဒေဝီလေးကလည်း ငယ်ငယ်နုနုချောချော ကလေးဗျ၊ တောက်…လူများ သားသမီးတွေများ သိပ်ကံကောင်းကြရှာတယ်"

စကားလမ်းခုလတ်တွင် ကိုခင်ဦးလှိုင်က ဖောက်၍ ညည်းလိုက်ပြီးမှ ဇာတ်လမ်းကို ဆက်သည်။

မဟာဒေဝီတွင် မကဘူး၊ အခြား နုနုချောချောလေး တစ်ယောက်လည်း ပါသေးတယ်၊ မဟာဒေဝီ ညီမဆိုလား မသိဘူး၊နောက်တစ်ယောက်ကတော့ ဒီက မြို့စားရဲ့သမီးပဲ၊ အင်း… သူကလည်း အဟဲ…ချောတာပဲဗျ၊

www.foreverspace.com.mm

အချောဆုံးကတော့ စော်ဘွားရဲ့ အစ်မတော်ဆိုတာပဲ၊ ကျွန်တော်က မိန်းမဆို သိပ်ဂရုစိုက်တတ်တဲ့လူ မဟုတ်ဘူး၊ ဒါပေမဲ့ ငေးကြည့်မိသဗျို့၊ ကျွန်တော့် မျက်စိထဲတော့ စံပယ်ပန်းတွေ ကြယ်လို လလိုပွင့်ကုန်တာပဲ"

"အဲ့ဒါနဲ့…"

"အဲ့ဒါနဲ့…စော်ဘွားလေးနဲ့ ကျွန်တော် စကားစပ်မိတော့ ကျွန်တော် ဘယ်သူဆိုတာ သိသွားတယ်၊ ကံအားလျော်စွာဗျာ သူကလည်း အမေရိကန် ပြည်မှာ စာသင်ခဲ့ဖူးသတဲ့၊ သူက ကျွန်တော့်ကို ဒီည သူတည်းတဲ့ မြို့စားအိမ်မှာ ကျင်းပမဲ့ ပါတီကို ဧည့်သည်တော် တစ်ဦးအဖြစ် တက်ဖို့ ဖိတ်လိုက်တယ်။ ကျွန်တော်က ကျွန်တော်မိတ်ဆွေနှစ်ဦး ပါသေးတယ်လို့ ပြောတော့ သူက ခင်ဗျားတို့ကိုပါ ဖိတ်လိုက်တယ်"

"ဒါထက်…အဲဒီ စော်ဘွားလေးရဲ့ နာမည်က ဘာတဲ့လဲ"

"အား…နေဦး၊ စောခိုင်ဖတဲ့၊ သူ့ကို ဟင်နရီလို့လဲ ခေါ်နိုင်ပါတယ်တဲ့"

ကိုစောနိုင်၏ အသည်းနှလုံးသည် ရပ်တန့်သွားသည် ထင်ရ၏။ ကြားလိုက်ရသည်ကို မယုံမိဘဲ ကိုခင်ဦးလှိုင်အား မျက်လုံးအကြောင်သားနှင့် ငေးကြည့်နေမိသည်။ အမှတ်မထင် သူ့ကို ပြည်ကြည့်နေသော ကိုခင်ဦးလှိုင်၏ မျက်လုံးများလည်း မျက်မှန်အောက်မှ ပြူးလာ၏။ ခဏတွင်မူ ကိုခင်ဦးလှိုင်သည် ထိတ်လန့်တကြား ဆို၏။

"ဟေ့လူ…ကိုစောနိုင်၊ အဲ့ဒီ စော်ဘွားလေးဟာ ခင်ဗျားနဲ့ သိပ်ရုပ်ချင်း ဆင်တာပဲ သိလား"

ကိုစောနိုင်သည် နေရာမှ ဖြည်းညှင်းစွာ ထ၏။ သူ့သေတ္တာတွင်းမှ စောစန္ဒာနွယ်၏ ဓာတ်ပုံလေးကို ကိုခင်ဦးလှိုင်အား ထုတ်ပြပြီး မေးသည်။

"ခင်ဗျားပြောတဲ့…စော်ဘွားလေးရဲ့ အစ်မတော် ဆိုတာဟာ သူလား"

ဤတစ်ကြိမ်တွင် တုန်လှုပ်ချောက်ချားသွားသူမှာ ကိုခင်ဦးလှိုင်ဖြစ်၏။ သူသည် ပါးစပ်ကြီး အဟောင်းသားနှင့် ဓာတ်ပုံကိုတစ်လှည့် ကိုစောနိုင်ကို တစ်လှည့် ကြည့်နေသည်။ အတန်ကြာမှ အံ့သြခြင်းကို မဖုံးလွှမ်းနိုင်သော လေသံနှင့်မေးသည်။

"ခင်ဗျား ဒါဖြင့် သူတို့ကို သိနေတယ်ပေါ့"

"သိနေပါတယ်၊ ကိုခင်ဦးလှိုင်၊ အထူးသဖြင့် ခင်ဗျား ငေးကြည့်ရလောက် အောင် လှပါတယ်ဆိုတဲ့ အစောကို ကျွန်တော် ပိုသိခဲ့ရပါတယ်"

www.foreverspace.com.mm

"ဘယ်လို…အစောတဲ့၊ ဟုတ်လား…ကိုစောနိုင်"

"ဟုတ်တယ်…အစောတဲ့၊ သူ့နာမည် အရှည်ကတော့ စောစန္ဒာနွယ်တဲ့ စောစန္ဒာနွယ်ကို မာလက်ဆိုတဲ့ သူငယ်ချင်းတစ်ယောက်ကြောင့် ကျွန်တော် ရင်းနှီး သိကျွမ်းခဲ့ရတယ်၊ အခုလဲ ခင်ဗျားကြောင့် ကျွန်တော် ပြန်တွေ့လေရ ဦးတော့မယ် ကိုခင်ဦးလှိုင်"

ကိုခင်ဦးလှိုင်၏ မျက်နှာသည် တဖြည်းဖြည်း ပြုံးလာသည်။ သူသည် ကိုစောနိုင်၏လက်ကို ဆုပ်ကိုင်လှုပ်ယမ်းရင်း လှိုက်လှဲစွာဆိုသည်။

"ခင်ဗျား အစောလို့ ခေါ်တဲ့ စောစန္ဒာနွယ်နဲ့ ခင်ဗျားဟာ ကျွန်တော့်ကြောင့် ပြန်လည်ဆုံတွေ့ကြရတယ်ဆိုရင် ဒီတော ဒီတောင်တွေကို စွန့်စား ဖြတ်ကျော် လာခဲ့ကြရတဲ့ ကျွန်တော်တို့ရဲ့ ပင်ပန်းခြင်းဟာ ကျေပါပြီ ကိုစောနိုင်"

ကိုခင်ဦးလှိုင်က ပြုံးပြုံးကြီးနှင့် ဝမ်းသာအားရ ဆိုနေသည်။

သူ့ကို ပြန်ပြုံးကြည့်ရင်း ကိုစောနိုင်သည်သာ ဝမ်းသာရမည်လော၊ ဝမ်းနည်းရမည်လော… မသိ… မသိ…။

❒ ❒ ❒

www.foreverspace.com.mm

## ၁၃။ မြစ်မင်းသံလွင် ပမာပုံနိုင်းသည်

ငွေလရောင်သည် ရှိမ်းရှိမ်းမြမြ ကျဆင်းနေ၏။

လွယ်လင်၏ တောနှင့်တောင်တို့သည် လရောင်၌ ရွှန်းသစ် သန့်စင်နေကြသည်။

လရောင်ကြယ်ရောင်တို့နှင့်ပြိုးပြိုးပြက်ပြက် ဝင်းလက်နေသော ကန်၏အနောက်မျက်နှာဝယ် ထင်းရှူးနှင့် ယူကလစ်တက်စ်ပင်များ ဝန်းရံအပ်သည့် ခြံလယ်၌ လွယ်လင်မြို့စား၏ အိမ်တော်ရှိသည်။

ကိုခင်ဦးလှိုင် ဦးဆောင်၍ ကိုစောနိုင်တို့သည် ခြံဝမြက်ခင်းစပ်၌ ရပ်လိုက်ကြသည်။

မြက်ခင်းအလယ်ရှိ စားပွဲတစ်လုံးမှ စောခိုင်ဖသည် ထလာ၍ ခရီးဦးကြိုပြုသည်။ သူသည် ကိုခင်ဦးလှိုင်နှင့် လက်ဆွဲနှုတ်ဆက်နေရာမှ ကိုစောနိုင်ကို သတိပြု မြင်တွေ့သွားသော်…ခေတ္တမျှ စကားမပြောနိုင်ဘဲ ပါးစပ်ဟလျက် ကြောင်ကြည့်နေ၏။ ခဏ၌မူ လက်နှစ်ဖက်ကို ဆန့်ကားလျက်ရှေ့ တက်လာပြီး ကိုစောနိုင်အား ပွေ့ဖက်ကာ လှိုက်လှဲစွာ ဆိုသည်။

"ဟာ…ကိုကြီးစောနိုင် ကြည့်စမ်း ကျွန်တော်က ဘယ်သူလဲလို့"

စောခိုင်ဖ၏ ကြိုဆိုဟန်သည် ကိုစောနိုင်၏ရင်ကို ထိခိုက်စေသည်။ ဤသူငယ်သည် မပြောင်းလဲပါတကား။ ပြောင်းလဲသည်ဟု ဆိုရမည်မှာ သူ့ကိုယ်ပေါ်မှ အဝတ်အစားဖြစ်၏။

စောခိုင်ဖက အညိုရောင် သက္ကလတ် ရှမ်းဝတ်စုံကို ဆင်ထားပြီတည်း။

ကိုစောနိုင်သည် စောခိုင်ဖ၏လက်ကို ဆုပ်ညှစ်၍သာ တုံ့ပြန်နိုင်၏။

စောနိုင်ဖသည် မိုးလှိုင်ကိုလည်း လေးလေးစားစား နှုတ်ဆက်ပြီးနောက် ကိုခင်ဦးလှိုင်ဘက် လှည့်ပြောသည်။

www.foreverspace.com.mm

"အစကာ ဆရာ့ကို ကျွန်တော် ဒီညပါတီအတွက်သာ ဂုဏ်ပြုဖိတ်တာ၊ အခုတော့ ကျွန်တော့်ဖိတ်ကြားချက်ကို တိုးချဲ့ရတော့မယ်၊ ဟောဒီရှမ်းပြည်နယ်မှာ နေသရွေ့ ဆရာ၊ ကိုကြီးစောနိုင်နဲ့ ကိုမိုးလှိုင်တို့ဟာ ကျွန်တော့်ဧည့်သည်တွေပဲ၊ ကျွန်တော် ကျေနပ်အောင် ပြုစုပြီးမှ ဒီက ပြန်ကြရမယ်၊ ဘယ့်နှယ့်လဲ"

ကိုခင်ဦးလှိုင်နှင့် ကိုမိုးလှိုင်တို့က ကျေးဇူးတင်စကားပြောစဉ် ကိုစောနိုင်က ပြုံး၍သာ နေသည်။

စောခိုင်ဖသည် သူတို့အား စားပွဲတစ်လုံးဆီ ခေါ်ယူ နေရာချထားပေးပြီး ခွင့်တောင်း၏။

"ကျွန်တော် မစ္စက် အဲ... မဟာဒေဝီကို သွားခေါ်လိုက်ပါဦးမယ်၊ ဒီမှာ ခေတ္တစောင့်ကြပါ။ ဪ...အစ်ကိုစောနိုင်၊ ကျွန်တော်နဲ့ ခဏ လိုက်ခဲ့ပါလား"

ကိုစောနိုင်သည် စောခိုင်ဖကို ကြည့်မိသည်။ စောခိုင်ဖ၏ မျက်နှာသည် တည်ကြည်လေးနက်သောကြောင့် မည်သို့မျှ မမေးဘဲ ထလိုက်ခဲ့၏။

အိမ်၏ တစ်ထောင့်ရောက်သော် စောခိုင်ဖ ရပ်လိုက်သဖြင့် ကိုစောနိုင်က လည်း ရပ်လိုက်ပြီး မေးသည်။

"ဘာကိစ္စလဲ ဟင်နရီ၊ ဘာပြောချင်လို့လဲ"

စောခိုင်ဖသည် ပြုံးသည်။ ဤအပြုံးသည် ပဒေသရာဇ် နယ်ရှင်ပယ်ရှင် စော်ဘွားတစ်ဦး၏အပြုံးမဟုတ် သူနှင့် စတွေ့စဉ်က လွတ်လပ်သော ကျောင်းသား လူငယ်တစ်ဦး၏ အပြုံးတည်း။

"ဪ...ကိုကြီးစောနိုင်ကလည်း၊ ကျွန်တော့် မဟာဒေဝီနဲ့ တွေ့ရင် ဘာဘာရာ့အကြောင်း မပြောပါနဲ့လို့ နှုတ်ပိတ်ချင်လို့ပေါ့ ဟား...ဟား၊ ကိုကြီးစောနိုင် ဒီနေရာမှာ ခဏ နေခဲ့ဦးနော်၊ ခဏကလေး"

စောခိုင်ဖက ထွက်ခွာပျောက်ကွယ်သွားရာ ကိုစောနိုင်မှာ ဝေခွဲမရ ဖြစ်လျက် ကျန်ရစ်ခဲ့သည်။

အိမ်ကွယ်ထားသော ခြံ၏တစ်ဖက်မှ စောခိုင်ဖ ပြန်ထွက်ပေါ်လာသည်။ သူတစ်ဦးတည်းမဟုတ်၊ နုနယ် ချောမောသော ရှမ်းမိန်းမပျို သုံးဦးလည်း ပါလာသည်။

စောခိုင်ဖသည် ရှေ့ဆုံးမှ မိန်းမပျိုနှင့် ပထမမိတ်ဖွဲ့ပေး၏။

"ဟောဒါက ကျွန့်တော့် မဟာဒေဝီပဲ၊ စောဟေမာလို့ ခေါ်တယ်၊

www.foreverspace.com.mm

ဟေမာ…ဒါက မောင်တော် ပြောပြောနေတဲ့ ကိုကြီးစောနိုင်”

စောဟေမာသည် ပြုံးပြုံးကလေးနှင့် ဦးညွှတ်ပြီး ကိုစောနိုင်ကို အသိအမှတ်ပြုရာ၏။

“ဟောဒီ တစ်ယောက်ကတော့ ကျွန်တော့် ခယ်မတော်၊ သူကတော့ ဒီည အိမ်ရှင်မြို့စားရဲ့ သမီးတော် ကျွန်တော့်နှမ ဝမ်းကွဲ”

စောဟေမာကဲ့သို့ပင် မိန်းမပျိုလေး နှစ်ဦးက ကိုစောနိုင်အား ပြုံးပြုံးလေး ဦးညွှတ်ကြပြန်၏။

ကိစ္စမှာ ဤတွင် ပြီးသကဲ့သို့ ရှိနေသည်။ သို့ရာတွင် စောခိုင်ဖက မျက်ရိပ်ပြလိုက်သဖြင့် ကလေးမများက ခပ်လှမ်းလှမ်း၌ သွားရပ်စောင့်နှင့်ကြ၏။

စောခိုင်ဖ၏ မျက်နှာ၌ စောစောက ကျောင်းသားငယ် အပြုံးပေါ်လာပြီး ခပ်တိုးတိုးဆို၏။

“သွားတော့ အစ်ကိုစောနိုင် ဟိုဘက်မှာ အစ်မတော်ရှိတယ်၊ တစ်ခုတော့ သတိထားနော်၊ ကျွန်တော့်အစ်မတော်ကို တွေ့တဲ့လူဟာ ကံဆိုးတတ်တယ် ဟား…ဟား”

ပြောပြောဆိုဆိုနှင့် စောခိုင်ဖသည် နေရာမှ ထွက်ခွာသွားသည်။

ရုတ်တရက် ကိုစောနိုင် ဘာလုပ်ရမှန်းမသိ။ ပထမသော် သူသည် စောခိုင်ဖတို့ နောက်သို့ လိုက်သွားမည်ကြံသည်။ သို့ရာတွင် သူ့ခြေများ သူ့အလိုကို မလိုက်။

ကိုစောနိုင်သည် သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး အိမ်ကွယ်မှထွက်ကာ ခြံတစ်ဆက်ဆီသို့ လှမ်းလိုက်၏။

အဟောင်းတို့ အသစ်ပြန်ဖြစ်ရလေသည်။ အသစ်ဖြစ်ရလေပါသည်။

ကိုစောနိုင်သည် လှမ်းတော့မည့်ခြေကို တန့်ပြီး အသက်ရှူလည်းရပ်လျက် ရှေ့မှမြင်ရသူကို ငေးငေး ကြည့်မိသည်။

လရောင်ကြယ်ရောင်ကြောင့် မိုးကောင်းကင်က ပြာပြာလွင်နေ၏။ ခြံတွင်းရှိ ထင်းရှူးနှင့် ယူကလစ်တက်စ်ပင်များသည်လည်း ပြာလွင်သော မိုးကောင်းကင်ကြောင့် စိမ်းမြရည်တွင် ငွေခြည်ပတ်သဖြင့် ရွှန်းလက်လက် ရှိနေကြ၏။ ပင်ပျိုပင်ငယ်တို့ထက်လည်း လျှပ်စစ်မီးသီးငယ်တို့မှာ ကြယ်ပွင့်များ သဖွယ် ထွန်းလက်နေကြပြန်သည်။

ဤညပန်းချီနောက်ခံဝယ် ကိုစောနိုင်က သူ၏ တစ်သန်းငွေကြယ်စင်မှူး

www.foreverspace.com.mm

ကို ဖူးတွေ့ပြန်ရလေသည်။

မြက်ခင်းပြင်ထက်မှ နားနေ အပန်းဖြေရန် ချထားသော နောက်မှီကုလားထိုင်နိမ့်များအနက် တစ်လုံးထက်တွင် သူ့တံဘေးတိုက်ပေး၍စောစန္ဒာနွယ်က ထိုင်နေ၏။

တစ်ခါတုန်းကလိုပင် ပိုးထဘီက ပြာပြာလဲ့နေသည်။ တစ်ခါတုန်းကလိုပင် အင်္ကျီဖြူ ပခုံးထက်မှ မြရောင်ဘက်လုသော နီလာရင့်ဆွယ်တာလေးကို လွှမ်းချထား၏။

ကိုစောနိုင်သည် ဆိတ်ငြိမ်စွာလှမ်း၍ စောစန္ဒာနွယ်၏အပါး၌ အသာရပ်လိုက်၏။ နှုတ်မှလည်း လေသံမျှသာ တိုးတိုးညင်ညင် ခေါ်မိသည်။

"အစော…" ငွေငန်းဖြူ လည်တံဆန့်သည်သို့ အစော၏ လည်တိုင်လေးသည် ဖြည်းလေးစွာ ပင့်မလာလျက် မျက်နှာလေး မော့လာသည်။ မျက်နှာလေးနှင့်အတူကော့ရှန်းရှည်သွယ်သော မျက်တောင်ကြီးများကလည်း ပွင့်ပျံလာ၏။

ဤတစ်သက် ဤတစ်ခါတွင် ပြန်မတွေ့ဝံ့ပါလေသော အစော၏ ကရုဏာမျက်လုံးကြည်ကြီးများကို ကိုစောနိုင် ရင်ဆိုင်ရပြန်လေသည်။ ရင်ဆိုင်မိရပြန်လေသည်။

စိတ်စေစားသဖြင့် သတိမထားမိမိ ကိုစောနိုင်သည် စောစန္ဒာနွယ်၏ လက်ကလေးတစ်ဖက်ကို နူးညံ့ယုယစွာ ဆုပ်ကိုင်လိုက်မိသည်။

တစ်ဦးမျက်နှာကို တစ်ဦးကြည့်ရင်း မလှုပ်တမ်း ငိုင်နေမိကြ၏။

စောစန္ဒာနွယ်က အရင်လှုပ်ရှားလာသည်။ ကိုစောနိုင် လက်တွင်းမှ သူ့လက်ကလေးကို အသာအယာရုပ်သိမ်းပြီး လွမ်းလေခဲ့ရသော ငွေသံဝဲဝဲနှင့်ဆိုသည်။

"ထိုင်လေ…ကိုစောနိုင်၊ အစော ဘယ်မှ ထွက်မပြေးပါဘူး၊ ခုနင်က ဟင်နရီ ပြောလို့ ဒီခြံထဲ ကိုစောနိုင် ရောက်နေပြီဆိုတာ သိတာမို့ ကိုစောနိုင်ကို အစော စောင့်နေပါတယ်"

ကိုစောနိုင်က ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သော်လည်း သူ့မျက်လုံးများက စောစန္ဒာနွယ်၏ မျက်နှာလေးမှမလွှဲ၊ ဘယ်ကိုမှ မလွှဲ။

မဖူးသာမှန်းသိသဖြင့်…ဤဆင်းရွှေမျက်နှာ ငွေယုန်လွှာကို သူ မရှာခဲ့ပါ။ ကြမ္မာတစ်ကွေ့ ပြန်ဆုံတွေ့ရပြီဆိုတော့လည်း လွမ်းတာ များခဲ့ရသူမို့ ရှုစား၍ မက်မပြေပါ။

www.foreverspace.com.mm

"ဟော…အစောကိုပဲ စိုက်ကြည့်နေပြန်ပါပြီ၊ အစော မနေတတ်ပါဘူး ကိုစောနိုင် စကားလေး ဘာလေးလဲပြောဦးမှပေါ့"

သည်တော့မှ သူက သတိရပြီး၊ အဓိပ္ပာယ်မဲ့ ပြုံးလိုက်ရ၏။

"အစောကို ကိုစောနိုင် ဘာစကားတွေ ပြောရမှာလဲ ဟင်"

"အို…အစောအတွက်ပြောစရာ ကိုစောနိုင်မှာ စကားတွေ မရှိတော့လို့လား"

"ရှိတော့ ရှိတာပေါ့ အစောရယ်၊ ပြောတော့လည်း အစောက နားထောင်နိုင်မှာမို့လို့လား"

စောစန္ဒာနွယ်က သူ့ကို လေးလေးငေးငေး ကြည့်နေ၏။ အတန်ကြာမှ သက်ပြင်းလေး ရှိုက်လိုက်ပြီး ထူးဆန်းစွာ ပြုံးသည်။

"ပြောပါ ကိုစောနိုင်… ပြောပါ၊ အစော နားထောင်ပါ့မယ်၊ တစ်ခုတော့ ရှိတယ်။ အစော ဝမ်းနည်းစရာစကားတွေ နားမထောင်ပါရစေနဲ့တော့၊ ကံကြမ္မာက သဘောကောင်းပြီး ပြန်တွေ့ခွင့်ပေးတဲ့ အချိန်ကလေးမှာ အစောတို့ ပျော်ပျော်ရွှင်ရွှင်ပဲ နေလိုက်ကြရအောင်"

သူက နားမလည်စွာ စောစန္ဒာနွယ်ကို ပြန်ကြည့်မိသည်။ စောစန္ဒာနွယ်၏ မျက်နှာကလေးကား သိမ်မွေ့နူးညံ့နေသည်။ သိမ်မွေ့နူးညံ့သမျှ အသိရခက်ကာ နက်နဲလည်းနေ၏။

ကိုစောနိုင်သည် သက်ပြင်း ရှိုက်မိ၏။

"ဒီလိုဆိုရင်…အစောကို ကိုစောနိုင် စကားမပြောတော့ပါဘူး"

"အို…အစောကို စကားမပြောတော့ဘူး၊ ဘာဖြစ်လို့"

"ဘာဖြစ်လို့လဲဆိုတော့ အစောကို…တစ်ညလုံး ကိုစောနိုင် ထိုင်ကြည့်နေတော့မလို့"

"အစောကို တစ်ညလုံး ထိုင်ကြည့်နေတော့မလို့…ဟုတ်လား"

"ဟုတ်တယ်လေ၊ နို့ အစောကပဲ ပျော်ပျော်နေကြရအောင်ဆို၊ ကိုစောနိုင်အတွက် ဒီထက် ပျော်စရာ လောကမှာ စဉ်းစားကြည့်လို့ မရဘူး"

"နည်းနည်းတော့ မပိုလွန်းဘူးလား ကိုစောနိုင်ရယ်"

"မပိုပါဘူး အစောရယ်၊ အစောမျက်နှာလေးကို တစ်သက်လုံးမှ ကြည့်ခွင့်မရတော့ တစ်ညလုံးပဲကြည့်ပါရစေ၊ ဒီတစ်ညကို တစ်ကမ္ဘာလို့ ကိုစောနိုင် မှတ်ယူသွားပါ့မယ်"

www.foreverspace.com.mm

စောစန္ဒာနွယ်၏ခေါင်းလေးသည် ကျိုးကျသွား၏။ မျက်နှာလေးမှ အပြုံးရိပ် ကလေးလည်း ပျောက်လုလု ဖြစ်သွားသည်။ သို့ရာတွင် ခဏမှာပင် ခေါင်းလေး ပြန်မော့လာပြီး ကိုစောနိုင် မမျှော်လင့်စွာ ရယ်၏။

"အစော ဘာရယ်တာလဲ"

"ကိုစောနိုင် ပြောတာကို သဘောကျလို့ ရယ်တာပါ၊ တစ်ညကို တစ်ကမ္ဘာဆိုတဲ့ စကားလေ"

"အစော တကယ် သဘောကျသလား"

"တကယ် သဘောကျပါတယ်၊ ကိုစောနိုင် ဒီတော့ အခု အစောတို့ ကမ္ဘာတစ်ခုမှာ ရောက်နေကြတယ်လို့ မှတ်ယူလိုက်ကြရအောင်၊ တစ်ခုတော့ ရှိတယ်နော်၊ အစောတို့ ကမ္ဘာမှာ အတိတ်လဲမရှိဘူး၊ အနာဂတ်လဲ မရှိဘူး"

"နို့…ဘာတွေ ရှိမလဲအစော"

"ဘာတွေ ရှိမလဲဆိုတော့… အစောရယ် ကိုစောနိုင်ရယ်၊ ပြီးတော့ အစောနဲ့ ကိုစောနိုင်"

ကိုစောနိုင်မှာ ရင်၌ကြည်နူးခြင်းနှင့် ကြေကွဲမှုရောသော ဝေဒနာနှင့် စောစန္ဒာနွယ်ကို ငေးကြည့်မိသည်။ အမှန်က စောစန္ဒာနွယ်ကို သူ နားမလည်၊ ဘယ်တုန်းကမှလည်း နားမလည်ခဲ့။

ထိုစဉ် လေးနွဲ့သာယာသော ဂီတသံ တစ်မျိုး ပေါ်ထွက်လာ၏။

"ဟော ဧည့်သည်တွေ စုံပြီထင်တယ်၊ သူတို့ စကြတော့မယ်"

"ဘာပါလဲအစော"

"ယမုံးတေးသံလေ လာ ကိုစောနိုင်၊ အစောတို့ ဟိုဘက်သွားကြရအောင်"

စောစန္ဒာနွယ်ရှေ့ဆောင်လျက် ကိုစောနိုင်သည် ခြံတစ်ဖက်သို့ ပြန်ရောက် လာခဲ့သည်။

ခြံထောင့်တစ်နေရာ၌ ယမကာမျိုးစုံသော ဘားစားပွဲတစ်ခုရှိသည်။ ဘားစားပွဲနှင့် အတန်လှမ်းလှမ်း၌ တီးဝိုင်းတစ်ခုရှိနေ၏။ တီးဝိုင်းမှ ယမုံးတေးသည် နွဲ့နွဲ့ယဉ်ယဉ် ထွက်ပေါ်လာနေသည်။

အထူးလက်ရွေးစင် ခေါင်းကောက်ဖိတ်ထားဟန်တူသောကြောင့် ဧည့် ပရိသတ် အစိတ်ခန့်သာ ရှိလေသည်။

ကိုစောနိုင်တို့ ရောက်လာသောအချိန်၌ ယမုံးကပွဲသည် စနေပေပြီ။ ရှေ့ဆုံးက စောဟေမာက ခေါင်းဆောင်ကသည်။ စောဟေမာနောက်မှ စောခိုင်ဖ၊

www.foreverspace.com.mm

စောခိုင်ဖနောက်မှ သူ့ခယ်မတော်၊ သူ့ခယ်မတော်နောက်မှ ကိုခင်ဦးလှိုင်၊ ကိုခင်ဦးလှိုင်နောက်မှ မြို့စား၏သမီး၊ မြို့စား၏သမီးနောက်မှ မိုးလှိုင်…။ ဤသို့လျှင် မိန်းမတစ်လှည့်၊ ယောကျ်ား တစ်လှည့် တန်းစီဝေ့ဝိုက်လျက် ကနေကြသည်။

ယခင်က ကိုစောနိုင်သည် ယမုံးအကြောင်းကို စာ၌သာ တွေ့ဖူးသည်။ လက်တွေ့ မမြင်ဖူး။

ယမုံးကသည် ရှမ်းရိုးရာလူမျိုးစုအကပီပီ နွဲ့နှောင်းယဉ်ကျေးသိမ်မွေ့သည်။ အမျိုးသမီးက ရှေ့မှဦးဆောင်ကသည်။ နောက်မှ အမျိုးသားက ရှေ့မှ အမျိုးသမီး၏ ခေါင်းဆောင်မှုကို လိုက်၍ ညီညွတ်ပြေပြစ်အောင် ကရသည်။ တစ်ဦးနှင့်တစ်ဦးမှာလည်း ပုဝါတစ်ကမ်း လက်တစ်လှမ်းခြားသဖြင့် မောင်နှင့်နှမ သားနှင့်အမိ ကြည့်၍လည်း တင့်တယ်၊ က၍လည်း ဖွယ်ရာသော အကတစ်မျိုးပေတည်း။

ရှေ့မှ အမျိုးသမီးသည် တရွေ့ရွေ့ သွားရင်း လက်ကလေးများကို ကော့ကာညွတ်ကာ ဝေ့ကာလည်ကာ ကသည်။ လက်နှင့်အလိုက် ကိုယ်လေးများ နွဲ့၍ ခေါင်းလေးများလည်း ငဲ့ကာ စည်းဝါးနရီမိအောင် လှုပ်ရှားရသည်။ နောက်မှ လိုက်ကသူ အမျိုးသားကလည်း ထိုနည်းအတူပေတည်း။

ရှမ်းပြည်နယ်၌ နေခဲ့ဖူးသည့်ပြင် သဘင်သမားတစ်ဦးလည်း ဖြစ်သော မိုးလှိုင်က ကောင်းမွန်စွာ လိုက်ကနိုင်သည်။ ကိုခင်ဦးလှိုင်မှာမူကား လက်နှစ်ဘက်ကိုမူ မြှောက်ထား၏။ သူ့လက်ဝါးနှစ်ခုမှာကား လက်ယပ်ခေါ်သကဲ့သို့သာ ရှေ့မှောက်နောက်လှန် လှုပ်ရှားရသည်။ သူ့ခေါင်းကြီးကလည်း မငဲ့၊ မရှိသော ခါးသည်လည်း မနွဲ့နိုင်ပေတကား။

စောစန္ဒာနွယ်သည် ပြာလဲ့သော မျက်လုံးကြီးများဖြင့် ကိုစောနိုင်ကို လှမ်းကြည့်သည်။ ကိုစောနိုင်ကလည်း အလိုက်သိစွာ ဦးညွတ်ပြ၏။

စောစန္ဒာနွယ်နှင့် ကိုစောနိုင်တို့သည် လူတန်း၏နောက်ဆုံးမှ ဝင်လိုက်၍ ကပြသည်။

ပြည့်ဖြိုးလုံးဝန်းသော စောစန္ဒာနွယ်၏ လက်ကလေးများ လှုပ်ရှားဟန်မှာ ပြေပြစ်ပျောင်းနွဲ့ တင့်မောလှသည်။ သန့်စင်သော လည်တိုင်၏အငဲ့… ရှည်သွယ်သော ခါးလေး၏အနွဲ့တို့သည် သိမ်မွေ့ညင်သာလွန်းလှချေ၏။

ရှေ့ဆောင်ကရင်းက တစ်ချီချီတွင် နောက်သို့လှည့်ပြီး ကိုစောနိုင်အား

www.foreverspace.com.mm

ပြုံးပြရှာ၏။ ကိုစောနိုင်ကလည်း နှစ်သိမ့်ကျေနပ်စွာ ပြန်ပြုံးပြရသည်။

ကမ်းချီကပြီးကြသောအခါ ကိုစောနိုင်နှင့် စောစန္ဒာနွယ်တို့သည် စောခိုင်ဖတို့၏ဝိုင်း၌ ထိုင်ကြသည်။

ပျူငှာရွှင်ပျသော မျက်နှာနှင့် စောခိုင်ဖကမေး၏။

"ဘယ့်နှယ်လဲ ဆရာတို့ ကိုမိုးလှိုင်တို့ ကိုကြီးစောနိုင်တို့ ပျော်ကြရဲ့လား"

အေးမြသော လွယ်လင်ညဥ့်ပင် နဖူးတွင် ချွေးသီးသီးနေသော ကိုခင်ဦးလှိုင်က နှုတ်နှင့်မဖြေ၊ ပြုံးရုံသာ ပြုံးနေ၏။ မိုးလှိုင်ကမူ ခေါင်းညိတ်ပြရင်း ကိုစောနိုင်အား လှမ်းကြည့်၏။

ကိုစောနိုင်ကသာ ဖြေရ၏။

"ပျော်ပါတယ် ဟင်နရီ၊ဟင်နရီ့ကို ကိုကြီး ကျေးဇူးလည်းတင်ပါတယ်"

စောခိုင်ဖသည် အားရပါးရ အော်ရယ်သည်။

"ကိုကြီးစောနိုင်ကလဲ ကျွန်တော့်ကို ကျေးဇူးတင်တယ် ဘာတယ်နဲ့။ သူစိမ်းလို ပြောမနေစမ်းပါနဲ့။ ကျေးဇူးတင်ခြင်း တင်ရင် ကိုကြီးပေါ်မှာသာ ကျွန်တော်က အများကြီး တင်ရမှာပါ။ ဒါထက် ကိုကြီးတို့ လွယ်လင်ကနေ ဘယ်သွားဖို့ အစီအစဉ် ရှိသလဲ"

"အထူးအစီအစဉ် မရှိပါဘူး ဟင်နရီ။ နက်ဖြန်သဘက်ဆိုရင် ပြန်ကြမလို့ပဲ"

စောခိုင်ဖက ခေါင်းခါသည်။

"မပြန်ရသေးဘူး ကိုကြီးစောနိုင်။ ကျွန်တော် ပြောခဲ့ပြီးပါရောလား။ ကိုကြီးစောနိုင်တို့က ကျွန်တော့်ဧည့်သည်ဖြစ်သွားပြီလို့၊ ကျွန်တော်လည်း ရှမ်းကောင်စီ အစည်းအဝေးလာတက်တာ။ အခု နားတဲ့ရက်မို့ လျှောက်လည်မယ်လို့ စီစဉ်ထားတယ်။ အဲဒါ ကျွန်တော်သွားလေရာ ကိုကြီးစောနိုင် လိုက်ရမယ်"

ကိုစောနိုင်က သူ့မိတ်ဆွေနှစ်ဦးအား လှမ်းကြည့်သည်။ သူတို့နှစ်ဦး၏ မျက်နှာက ကန့်ကွက်မှုကို မပြ။

ကိုစောနိုင်၏ မျက်လုံးများသည် စောစန္ဒာနွယ်ဆီသို့ ရောက်သွား၏။

စောစန္ဒာနွယ်က သူ့အား နူးညွတ်စွာ တစ်ချက်ကြည့်လိုက်ပြီး မျက်လွှာချထား၏။

"အင်းလေ…အိပ်မက်ဆန်တဲ့ ဟင်နရီတို့ရဲ့ ရှမ်းပြည်နယ်ကြီးဟာ ကိုကြီးအတွက်တော့ ကမ္ဘာသစ်တစ်ခုလို ဖြစ်နေတယ်။ ဒီကမ္ဘာသစ်မှာ အိမ်ရှင်

www.foreverspace.com.mm

တွေ မောင်းမထုတ်မချင်း ကိုကြီးစောနိုင် နေပါ့မယ်”

စောစန္ဒာနွယ်၏ မသိမသာကလေး မျက်စောင်းလှဲ့လှဲ့ ထိုးခြင်းကို ကိုစောနိုင် ခံလိုက်ရသည်။

စောခိုင်ဖကမူ ဝမ်းသာအားရစွာ ဆိုသည်။

“ဒါမှ တို့ကိုကြီးစောနိုင်။ ဩော်…ဟေမာရေ အခုတင်က ကိုကြီးစောနိုင် ပြောလိုက်တဲ့စကားကို နားလည်ပါ့မလား မသိဘူး။ သူက ဂီတသမားဆိုတော့ အနုပညာဆန်ဆန် ပြောတတ်တယ်ကွ သိလား…ဟား…ဟား…”

စောဟေမာသည် သူ့မောင်တော်၏စကားကြောင့် ပြုံးပြုံးလေးနှင့် ကိုစောနိုင်တို့ကို ကြည့်ရှာသည်။ သို့ရာတွင် ထိုအကြည့်သည် ခဏ္ဍမှ အံ့ဩသော အကြည့်အဖြစ် ပြောင်းသွား၏။

စောဟေမာက ရှေးဦးစွာအဖြစ် စကားဆို၏။

“ကိုကြီးစောနိုင်က မြန်မာအစစ်ပဲနော်”

“ဟုတ်ပါတယ် စောဟေမာ။ ဘာဖြစ်လို့လဲ”

“အို..အို…ဘာဖြစ်လို့မှ မဟုတ်ပါဘူး။ ဟို…ဟိုဒင်း…ကိုကြီးစောနိုင်က မောင်တော်နဲ့ တူလို့ပါ”

ကိုစောနိုင်က မည်သို့ဖြေရမှန်း မသိသော်လည်း စောခိုင်ဖက သူ့ဝသီအတိုင်း တဟားဟား အော်ရယ်ပြီး ဆိုသည်။

“ဩော်…ဟေမာကလည်း တူမှာပေါ့။ ကိုကြီးစောနိုင်နဲ့ မောင်တော်တို့ဟာ ညီအစ်ကိုပဲဟာ။ ဟား…ဟား…”

ကိုစောနိုင်မှာ အနည်းငယ် အနေရအထိုင်ရကျပ်သွားသည်။ စောစန္ဒာနွယ်လည်း ဤနည်းအတူ ရှိပေလိမ့်မည်။

ထိုစဉ် အမှုထမ်းတစ်ဦးက ယမကာပွဲ ချလာ၏။ စောခိုင်ဖအတွက် ခွက်ကား ဝီစကီဖြစ်၏။ ကိုခင်ဦးလှိုင်နှင့် မိုးလှိုင်တို့အတွက်က ဘီယာဖြစ်၏။ မိန်းမသားများအတွက် ရှန်ပိန်ပါလာသည်။

“ဟော…ကိုကြီးစောနိုင်အတွက် မပါဘူး။ နေဦး ကိုကြီးကြိုက်တတ်တာ ကျွန်တော်သိပါတယ်။ ဘာတဲ့…ဟို…အစ်မတော် ကိုကြီးသောက်လေ့ရှိတာ ဘာပါလိမ့်”

စောခိုင်ဖသည် အတန်ထွေနှင့်ပြီ ထင်သည်။

စောစန္ဒာနွယ် မဖြေမီ ကိုစောနိုင်က လျင်မြန်စွာ ဝင်ဖြေလိုက်ရ၏။

www.foreverspace.com.mm

"မာလီးနီပါ။ ဟင်နရီ။ ကိစ္စမရှိပါဘူး။ ကိုကြီး ရှန်ပိန်ပဲ သောက်ပါ့မယ်"

အမှုထမ်းသည် ယမကာစားပွဲသို့ ပြန်သွားပြီး ရှန်ပိန်တစ်ခွက် ယူလာ၏။

ယမုံးက တစ်ချီကြပြီးသောအခါ ဘူဖေးဒင်နာ စားကြသည်။

ဒင်နာ စားသောက်အပြီး သစ်သီးချိုချဉ်၊ လက်ဖက်ရည် ကော်ဖီ စားသုံးနေကြခိုက် စောခိုင်ဖက ရုတ်တရက်ထကာ မမျှော်လင့်သော ကြေညာချက်ကို ပြုသည်။

"မိတ်ဆွေများခင်ဗျား… တောင်ပိုင်း ရှမ်းပြည်နယ်ကို ကျွန်တော်တို့ ရောက်လာခိုက် ကျွန်တော်နဲ့လက်ထပ်ပြီးစ ကျွန်တော်ရဲ့ မဟာဒေဝီကို ဂုဏ်ပြုပြီး ပါတီကျင်းပပေးတဲ့ ကျွန်တော့်ဦးလေးတော် မြို့စားမင်းကို အထူးကျေးဇူးတင်ပါတယ်၊ အထူးသဖြင့် …ကျွန်တော်တို့ အခု ဒီမှာ ထင်ရှားတဲ့ ဂီတပညာရှင်ကြီး နှစ်ဦးလည်း ရောက်နေကြပါတယ်၊ အဲဒီပုဂ္ဂိုလ်ကြီးနှစ်ဦးရဲ့ လက်သံနဲ့သီချင်းသံကို နားခံပါရစေလို့ ကျွန်တော်အဆိုပြု တောင်းပန်ပါတယ်"

စောခိုင်ဖ ထိုင်လိုက်သောအခါ ပရိသတ်များက လက်ခုပ်တီး၍ သူ့ကို ထောက်ခံကြ၏။

အငိုက်မိသွားသဖြင့် ကိုစောနိုင်မှာ ရုတ်တရက် ဘာပြောရမှန်းမသိ။

ထိုစဉ် အမှုထမ်းတစ်ဦးက အိမ်တွင်းမှ စောင်းတစ်လုံးကို ပွေ့မ ယူလာသည်။

စောခိုင်ဖက ကိုစောနိုင်ကို ပြုံးကြည့်ပြီးဆို၏။

"ကိုကြီးစောနိုင်၊ ကိုကြီးစောနိုင်ရဲ့ ဂီတကို ကျွန်တော်တို့ နားမထောင်ဖူးသေးဘူး၊ ဒီညတော့ မငြင်းပါနဲ့တော့၊ ကိုကြီးရာ၊ ကိုကြီးရဲ့ စောင်းကိုလည်း စောစောကတည်းက ကျွန်တော် ယူခိုင်းလိုက်ပြီးပြီ၊ ကိုကြီးစောနိုင်ရဲ့ တေးကို ကျွန်တော်တို့ နားဆင်ပါရစေ"

စောခိုင်ဖက အမှုထမ်း၏ လက်မှ စောင်းကို ယူ၍ ကိုစောနိုင်၏လက်တွင် ထည့်ပေးသည်။

စောင်းကို ပွေ့ယူပြီးသည့် တစ်ခဏ ကိုစောနိုင်၏ရင်သည် ခုန်လာ၏။ သူသည် သက်ပြင်းကို ပင့်သက်ရှိုက်ပြီး စောစန္ဒာနွယ်အား ငေးငေးတစ်ချက် ကြည့်မိသည်။ ထို့နောက်မှ လိုရာအသံစဉ် ရရန် ကြိုးပြင်ညှိလိုက်သည်။

အတောတစ်ခုကို ပျိုးခံပေးပြီး ကိုစောနိုင်က မိုးလှိုင်ကို လှမ်းကြည့်သည်။ မိုးလှိုင်ကလည်း နားလည်ဟန် ပြုံးပြီး ခေါင်းညိတ်ပြသည်။

www.foreverspace.com.mm

ကိုစောနိုင်၏ စောင်းသံလွင်လွင်နှင့် မိုးလှိုင်၏ကြည်လင်သော တေးသံတို့ တွဲဖက် ပေါ်လာ၏။

"မိုး…ယံလယ်၊ တိမ်ဖွေဦး… တာရာစုံ ရွှေညီဖူးပေါ့ သခင် ယုက်ကူး ရောင်မြွင့်၊ နီလာ မြအသွင်၊ ပြာရည်လျှမ်း၊ တစ်သန်း ငွေကြယ်စင်မှူး၊ ခရီးကျူးအစ သာလွန်ညတွင်၊ စက်ခန်းကို မမင်၊ နှောင်ဖွဲ့ မေတ္တာ…ကွန့်တုံငင်"

လွယ်လင်၏ နွေညနှင့် သင့်မြတ်လိုက်ဖက်သော တေးပင် ဖြစ်သည်။ ခံစားမှုအပြည့်နှင့် ဆိုလေ့ရှိသော မိုးလှိုင်၏အသံကလည်း ယနေ့ညဌ် ပိုမိုထူးခြား အသက်ဝင် ဂုဏ်မြောက်နေ၏။

"လွမ်းည သံသရာ ဘုံတစ်ခွင်၊ ကျင်လည် မောရ သောက ဒီဝ၌ရှင်၊ စံရာသခင်ရဲ့ ပင်တိုင်ရွှေနန်း ခေါင်မြင့်လွင်၊ မဝံ့သာ ဝံ့သာ ချည်းမိလေပေါ့…၊ လွမ်းတေး သံညင်း၊ တင်သွင်း ဆိုမြွက်ချင်"

ပရိသတ် အားလုံးက စောင်းနှင့်တေးသံတို့၏ ကွန်ရက် ညို့ကွင်းတွင် ရစ်နှောင်တွယ်မိကာ ငြိမ်သက် မိန်းမောနေကြ၏။

စောစန္ဒာနွယ်က မျက်နှာကလေးကို ညင်သာစွာ ပင့်မလျက် ကိုစောနိုင်အား နူးညံ့သိမ်မွေ့စွာ ကြည့်ရှုသည်။ စောင်းကိုတီးခတ်ရင်း သူကလည်း စောစန္ဒာ နွယ်အား ကြင်မက် လွမ်းမောစွာ ပြန်ငေးကြည့်နေ၏။

"အသက်ပေပင်လေလား…တင်စား…ယုံမှတ်…ဆင်းမြတ် တော်ဝင်…မောင်ရဲ့…ထား…သခင်၊ အသည်းပလ္လင်…ရွှေစင်နန်းဦး ဒေဝီမှူး…ညာနတ် ထွတ်တင်၊ နှံ့ပင်တိုင် ကြည်ရှောင်တိမ်း…စိမ်းရက် တို့ ရှည်လွန် ပြီထင်၊ မျက်ထားတော် သုန်မှုန်လှ…ယုန်ငွေ သော်တာ လ… တိမ်မှုန်ရိပ်သည့် ပုံသို့အသွင်…မုန်းပန်းနွယ် တစ်ခိုင်လုံး…၊ သူကုံးလို့ ရွေးဆင်…။ ဘယ်…ရက်တွင် ဘယ်ပုံမျိုးနဲ့…မာန်ငြိုး ကုန်မည်…တစ်ပါး…သခင်၊ သနားညှာစေချင်… မျှော်လင့်ချက် ဘဝကြယ်စင်…မြေမဟီထွင်…မကြွေသက်ပါရစေနဲ့…၊မေသက်ထား သခင်…၊ မောင်တစ်ပါးရဲ့…ဒေဝီ ကြော့မှူးသခင်"

သီချင်းသည် ဆုံးသွား၏။ စောင်းသံ လွင်လွင်သည် ငွေရောင်ည၌ ပွဲတင်ထပ် ကျန်ရစ်သည်။

ပရိသတ်သည် ခေတ္တမျှ မလှုပ်မယှက်ငြိမ်နေ၏။ သို့ရာတွင် နောက်

www.foreverspace.com.mm

တစ်ခဏ၌ မော်ပိုင်ပင်ဘဲ ဖြိုင်ဖြိုင်ညီညီ လက်ခုပ်တီးကြ၏။

စောခိုင်ဖက နေရာမှ ထပြီး မိုးလှိုင်၏လက်ကို ဆုပ်ယမ်း ချီးကျူးသည်။

ကိုစောနိုင်၏ ရှေ့၌ လာရပ်သောအချိန်၌မူ သူ့မျက်လုံးများတွင် မျက်ရည်များ ဝဲနေသည်။

စောခိုင်ဖသည် ကိုစောနိုင်၏လက်မောင်းကို ဆုပ်ကိုင်ရင်း ဆိုသည်။

"သိပ်ကောင်းတဲ့ သီချင်းပဲ ကိုကြီးစောနိုင်။ ကောင်းလွန်းလို့ ကတိတစ်ခု ကျွန်တော်ပေးမယ်။ ကိုကြီးစောနိုင်ရဲ့ မျှော်လင့်ချက်ဘဝကြယ်စင်ဟာ မြေတွင် ဘယ်တော့မှ မကြွေသက်စေရဘူး။ သိလား ကိုကြီးစောနိုင်"

ကိုစောနိုင်က စောခိုင်ဖကို အံ့သြစွာ မော့ကြည့်မိ၏။ စောခိုင်ဖ၏ မျက်နှာကား မယုံနိုင်ဖွယ်ပင် လေးနက်တည်ငြိမ်နေ၏။

ပါတီ ပြီးသွားသဖြင့် ဧည့်သည်အသီးသီးတို့ ပြန်ကုန်ကြ၏။

ရင်းနှီးသူတို့ချည်း ကျန်လေမှ စောခိုင်ဖက ဆို၏။

"(၃၆)ကောင်က ညကိန်းတင်တော့မယ်။ သွားကြည့်ရင်း ပွဲခင်းဘက် လျှောက်ကြရအောင်။ ကိုကြီးစောနိုင် လိုက်မယ် မဟုတ်လား"

ကိုစောနိုင်က ခေါင်းခါသည်။

"မလိုက်ချင်ပါဘူး ဟင်နရီ။ ကိုကြီးစောနိုင် အဲဒါတွေ ကြည့်လို့မရဘူး"

စောခိုင်ဖက ကျန်သူများဘက်သို့ လှည့်ကြည့်ပြီး ဖိတ်ခေါ်သည်။

"ခင်ဗျားတို့ အားလုံးတော့ လိုက်ခဲ့ကြဗျာ။ ကျွန်တော် အတိတ်စိမ်း ကောင်းကောင်းရထားတယ်။ အစ်မတော်ရော လိုက်မလား"

ကိုစောနိုင်က စောစန္ဒာနွယ်အား လှမ်းကြည့်သည်။

စောစန္ဒာနွယ်က သက်ပြင်းလေး မသိမသိ ရှိုက်ပြီးဖြေ၏။

"ဟင်နရီတို့ပဲ သွားကြပါ။ အစ်မတော် ကိုစောနိုင်နဲ့ စကားပြောရစ်ဦးမယ်"

စောခိုင်ဖနှင့်အဖွဲ့သည် ပွဲခင်းသို့ ထွက်သွားရာ ကိုခင်ဦးလှိုင်နှင့် မိုးလှိုင်တို့လည်း ပါသွားကြ၏။

ကိုစောနိုင်သည် ကြုံရသမျှကို မယုံနိုင်စွာနှင့် စောစန္ဒာနွယ်အား ကြည့်မိသည်။ တည်ငြိမ်သော အပြုံးလေးနှင့် စောစန္ဒာနွယ်က သူ့ကို ပြန်ကြည့်နေ၏။

"အစော ဘာပြုလို့ လိုက်မသွားသလဲ"

www.foreverspace.com.mm

"ကိုစောနိုင်ကော ဘာလို့ လိုက်မသွားသလဲ"

ကိုစောနိုင်က ကျေနပ်စွာ ပြုံးပြီး အမှန်ကို ဝန်ခံ၏။

"အစောနဲ့ စကားပြောနေချင်လို့ပေါ့ အစောရယ်"

စောစန္ဒာနွယ်ကလည်း သူနည်းအတူ ပြုံးသည်။

"အစောကလဲ ကိုစောနိုင်နဲ့ စကားပြောချင်လို့ပေါ့ ရှင်ရယ်"

ကိုစောနိုင်က မချင့်မရဲနှင့် စောစန္ဒာနွယ်၏ လက်ကလေးကို လှမ်းဆုပ်ကိုင်လိုက်၏။

"အို…ကိုစောနိုင်၊ ဟိုမှာ အမှုထမ်းတွေ ရှိနေသေးတယ်"

ကိုစောနိုင်သည် လက်ကို ရုပ်လိုက်ပြီး စောစန္ဒာနွယ်အား ရွှန်းရွှန်းစားစား ကြည့်၏။

"ကြည့်လှချည်လား ဆရာကြီးရယ်။ အစော ဒီနေရာက ပျောက်မပြေးပါဘူး"

"ကြည့်ရတာပေါ့ အစောရယ်။ ကိုစောနိုင် ပြောခဲ့ပြီးပါရောလား။ ဒီတစ်ညဟာ ကိုစောနိုင်အတွက် တစ်ကမ္ဘာပါလို့"

မျက်လုံးနှစ်စုံသည် သမုဒယအဟုန်နှင့် ဆုံမိကြသည်။

"အစော…"

"ကိုစောနိုင်"

"ကိုစောနိုင်တို့ လမ်းထွက်လျှောက်ကြရအောင်"

"အို…ဖြစ်ပါ့မလား ကိုစောနိုင်ရယ်။ ဒီမှာ ထိုင်ပြောကြရင်လည်း အတူတူပဲပေါ့"

"ဘာကြောင့် မဖြစ်မှာလည်း အစောရယ်။ အစောနဲ့ ကိုစောနိုင် ဥရောပတစ်ခွင်မှာတောင် အတူတူလျှောက်ခဲ့ပြီးကြပြီ မဟုတ်လား။ အချိန်ကလည်း ဒီအချိန်မျိုးပါပဲ အစော။ ရွက်နုတွေအားလုံး ဝေနေကြတယ်။ ခုလို ရွက်နုတွေ ဝေနေတဲ့ နွေမှာ အစောနဲ့အတူ လမ်းလျှောက်ခဲ့ရတဲ့ အဖြစ်ကို ကိုစောနိုင် ခဏခဏ အိပ်မက်ပြန်မက်နေခဲ့ရတယ်။ ဒီတော့ အစောနဲ့ကိုစောနိုင် လမ်းလျှောက်ခွင့်ရပါရစေ"

ပြောပြောဆိုဆိုနှင့် ကိုစောနိုင်က နေရာမှထသဖြင့် စောစန္ဒာနွယ်သည် မငြင်းတော့ဘဲ သက်ပြင်းလေးရှိုက်၍ သူနှင့်အတူ လိုက်ခဲ့သည်။

ခြံဝင်းအပြင် ရောက်လာသောအခါ ကိုစောနိုင်က စောစန္ဒာနွယ်အား

www.foreverspace.com.mm

သူ့လက်တစ်ဘက်ကို လှမ်းပေးသည်။ စောစန္ဒာနွယ်သည် သူ့ကို တွေတွေဝေဝေ တစ်ချက်ပြန်ကြည့်၏။ ဘာမျှတော့ မပြော။ ဖြူဝင်းနူးညံ့သော လက်ကလေး တစ်ဘက်ကိုသာ တုံ့ပြန်ပေး၍ သူ့လက်တွင်းသို့ ထည့်လိုက်သည်။

ကလေးငယ်များပမာ သူတို့နှစ်ဦးသည် တစ်ဦးလက် တစ်ဦးဆုပ်ကိုင်ရင်း ရွှင်မြူးသိမ့်သိမ့် ရင်ငြိမ့်ငြိမ့်ဖြင့် ဆက်လျှောက်လာကြသည်။

ဘာကိုမျှ မတွေး၊ ဘာကိုမျှ မပူကြတော့။ စောစန္ဒာနွယ် ပြောသကဲ့သို့ ဤလောက ချစ်ကမ္ဘာတွင် ဘာမျှမရှိ။ အစောနှင့်သူသာ အစောနှင့် သူရယ်သာ။ သြော်…လရောင် ကြယ်ရောင်နှင့် တောတောင်သစ်ပင်တို့မူ ရှိနေကြပါ၏။

ညသည် တိတ်ဆိတ်နေ၏။ လမ်း၌လည်း လူသူရှင်းနေသည်။ တိတ်ဆိတ်၍ လူသူရှင်းနေသောကြောင့် လရောင်ကြယ်ရောင်အောက်၌ မြရောင်ရွှန်းသော တောတောင်ရေမြေတို့သည် ကမ္ဘာဦးအစက သဘာဝပန်းချီများသဖွယ် ပတ်ဝန်းကျင်ကို ဝန်းရံလွှမ်းခြုံမြင်းမူ အုပ်စိုးနေကြ၏။

ကန်လယ်ရှိ မြက်ခင်းစိုစို ကုန်းမိုမိုထက် ယူကလစ်တက်စ်ပင်ကြီး အောက်တွင် နှစ်ယောက်သား ရပ်လိုက်ကြ၏။

ကိုစောနိုင်သည် စောစန္ဒာနွယ်၏ ပခုံးလေးနှစ်ဘက်ကို သူ့လက်များနှင့် ကိုင်ဆုပ်လိုက်သည်။ ရှုမရဲသော မျက်နှာလေးကို လမင်းသီတဂူပမာမို့ အချိန်အတန်ကြာစွာ အသက်မရှူမိဘဲ ငိုင်ငေးကြည့်မိ၏။ ခဏတွင်မူ ရင်ချင်းအပ်မိကြ၏။ နှုတ်ခမ်းချင်းထပ်ကာ အနမ်းချင်းလည်း ဖလှယ်မိကြသည်။

သမုဒယအိပ်မက်ရှည်မှ နိုးလာကြသောအခါ စောစန္ဒာနွယ်က ဖြူနုသော လက်ကလေးများနှင့် သူ့ရင်ကို တွန်းကာ ခွာသည်။ သူကမူ မလွှတ်။

"အစောကို လွှတ်ပါဦးမောင်ရယ်‥အစော အသက်ရှူလို့ မရတော့ဘူး"

သည်တော့မှ သူက အစော၏ကိုယ်လေးကို မလွှတ်ချင် လွှတ်ချင် လွှတ်လိုက်ရ၏။

စောစန္ဒာနွယ်က သူ့ကို မျက်စောင်းလဲ့လဲ့ထိုးရင်း အပြစ်တင်သည်။

"ဟွန်း အစကတော့ အစောကို တစ်ညလုံး ထိုင်ကြည့်နေချင်တယ်။ ဒီလိုကြည့်နေရရင် တစ်ကမ္ဘာပါဆို။ အခုတော့"

"အခုတော့ ဘာဖြစ်သလဲ အစော"

"အခုတော့ ကြည့်ရုံမှကြည့်တာမဟုတ်ဘဲ။ သူ လွန်လွန်းလို့ မုန်းတယ်"

စောစန္ဒာနွယ် သူ့ရင်ဘတ်ကို လက်သီးလေးများနှင့် ထုပြီး ပင်ခြေတွင်

www.foreverspace.com.mm

ထိုင်လိုက်သဖြင့် သူကလည်း ဘေးတွင် ယှဉ်တွဲထိုင်လိုက်၏။

"ကိုစောနိုင် ရှမ်းပြည်နယ်ကို ဘာလို့တက်လာတာလဲ။ အစောကို လိုက်ရှာတာလား"

"အစောက မရှာရဘူးလို့ ပြောထားတော့ ကိုစောနိုင် မရှာဝံ့ပါဘူး အစော။ အခု တက်လာတာကတော့ ကိုစောနိုင် စိတ်မချမ်းသာစရာတွေ ကြုံခဲ့ရတာမို့ စိတ်ပြေလက်ပျောက် ဆိုသလိုပါ"

"ဘယ်လို စိတ်မချမ်းသာစရာတွေ ကြုံခဲ့ရလို့လဲ ကိုစောနိုင်"

"အလုပ်ကိစ္စဆိုပါတော့ အစော။ အလုပ်ကိစ္စ အဆင်မပြေလို့ပဲ။ အဆင်မပြေဘူး ဆိုတာထက်...ယုံကြည်တာ မလုပ်ရလို့ စိတ်မချမ်းသာရတာပါ။ အခုတော့ စိတ်ဒုံးဒုံးချပြီး ကိုယ်ယုံတာ ကိုယ်လုပ်တော့မယ်ဆို မန္တလေး တက်လာတာကအစ ဒီရောက်လာတာပဲ"

"ဒီမှာရော ပျော်ရဲ့လား ကိုစောနိုင်"

"အစောနဲ့ ပြန်တွေ့ရတဲ့နောက်တော့ ကိုစောနိုင် မပျော်ရှိပါ့မလား။ ပျော်တာပေါ့ အစောရယ်။ ပျော်လွန်းလို့တောင် တွေးပြီး ကြောက်နေမိတယ်"

"အို..ပျော်လွန်းလို့ ကြောက်တယ်။ ဘာကိုကြောက်တာလဲ ကိုစောနိုင်"

"ဘာကို ကြောက်တာလဲဆိုတော့ ဟောဒီအိပ်မက်က လန့်နိုးလို့ မိုးလင်းရင် ကိုစောနိုင်နားမှာ အစော မရှိတော့မှာကိုပဲပေါ့"

စောစန္ဒာနွယ်က ကြင်နာယုယသော မျက်လုံးအစုံဖြင့် သူ့ကို အတန်ကြာ စိုက်ကြည့်နေသည်။ ခဏ၌မူ စိတ်ဒုံးဒုံးချလိုက်ဟန်နှင့် မျက်နှာလေးကို မော့ပြုံးပြီး သူ့လက်ကို အသာကိုင်၍ ဆိုသည်။

"အစောလည်း စိတ်ဆုံးဖြတ်လိုက်ပြီ။ စိတ်ချ ကိုစောနိုင်။ ကိုစောနိုင် အနားက အစော ဘယ်တော့မှ ပျောက်မပြေးတော့ဘူး"

ကိုစောနိုင်သည် ကြားရသည်ကို မယုံမိ။ စောစန္ဒာနွယ်၏ လက်ကလေး ကို ပြန်ဆုပ်ကိုင်ရင်း မေးမိသည်။

"အစော တကယ်ပြောတာလား"

"တကယ်ပြောတာပါ မောင်ရယ်...အစောလည်းလေ...သိပ်စိတ် မချမ်းမသာ ဖြစ်နေခဲ့ရတယ်။ ကိုစောနိုင်နဲ့ ပြန်တွေ့မှ အစော ပျော်ရတော့တယ်"

"အစောရော ဘာတွေ စိတ်မချမ်းမသာစရာတွေ တွေ့ခဲ့ရလို့လဲ"

"ပြောရရင်တော့ ရှည်မယ်ကိုစောနိုင်။ အတိုချုပ်ပဲ အစော ပြောပြမယ်။

www.foreverspace.com.mm

အစောဘဝမှာ သူတစ်ပါးအတွက် အသက်ရှင်နေခဲ့ရသလို ဖြစ်နေတယ်။ အခုတော့ မထူးပါဘူးလေ။ အစောနဲ့ အစောချစ်တဲ့ကိုစောနိုင်အတွက်ပဲ အစော အသက်ရှင်တော့မယ် ကျေနပ်ပြီလား မောင်"

ကိုစောနိုင်သည် ဘာမျှ မဖြေတော့ဘဲ စောစန္ဒာနွယ်ကို ပခုံးကလေးမှ ဆုပ်ကာ ရင်ခွင်တွင်းတို့ ပွေ့ယူလိုက်သည်။

တစ်ဦးနှင့်တစ်ဦး ပါးချင်းအပ်၍ လရောင်၌ တင့်မောသာယာသော တောတောင် ရေမြေတို့ကို ကြည်နူးစွာ ငေးကြည့်ရင်း ငြိမ်နေမိကြ၏။

စောစန္ဒာနွယ်က တိုးတိုးညင်သာ ပူဆာသည်။

"စောစောတုန်းက ကိုစောနိုင် တီးသွားတဲ့သီချင်းကို အစောကို ဆိုပြပါဦးလား"

"အဲဒီ သီချင်းကို အစော ကြိုက်သလား"

"ကြိုက်တာပေါ့ ကိုစောနိုင်ရယ်…ဒါထက် နာမည်က ဘာတဲ့လဲ။ အစတုန်းက ထားသခင်လို့ ပေးထားတယ်။ အခုတော့ ပြောင်းလိုက်တော့မယ်"

"ဘယ်လိုပြောင်းမလဲ ကိုစောနိုင်"

"စောသခင်လို့"

ကိုစောနိုင်က စောစန္ဒာနွယ်နှင့် ပါးချင်းအပ်ရင်း သီချင်းကို မတိုး မကျယ် ဆိုပြသည်။

"…အသက်ပေပင်လေလား…တင်စားယုံမှတ်…ဆင်းမြတ်တော်ဝင်…မောင့်ရဲ့စောသခင်။ အသည်းပလ္လင် ရွှေစင်နန်းဦး…ဒေဝီမှူး…ညာနတ်ထွတ်တင်၊ နွဲ့ပင်တိုင်ကြဉ်ရှောင်တိမ်း…စိမ်းရက်တို့ ရှည်လွန်ပြီထင်…ရှည်လွန်ပြီထင်…မျက်ထားတော် သုန်မှုန်လှ…ယုန်ငွေသော်တာလ…တိမ်မှုန်ရိပ်သည့် ပုံသို့အသွင်၊ မုန်းပန်းနွယ် တစ်ခိုင်လုံး သူကုံးလို့ရွေးဆင်၊ ဘယ်ရက်တွင် ဘယ်ပုံမျိုးနဲ့…မာန်ငြိုး ကုန်မည် တစ်ပါးအရှင် သနားညှာစေချင်…၊ မျှော်လင့်ချက် ဘဝ ကြယ်စင်…မြေမဟီတွင်…မကြွေသက်ပါရစေနဲ့…မေသက်စောသခင် မောင်တစ်ပါးရဲ့ ဒေဝီကြော့မှူး…သခင်"

သီချင်းအဆုံး၌ စောစန္ဒာနွယ်က ပြုံးပြုံးလေး မှတ်ချက်ချသည်။

"အစောကို…ကိုစောနိုင်ရဲ့ အသည်းပလ္လင် ရွှေစင်နန်းဦးက ဒေဝီမှူးလို့ ဆိုထားတဲ့အတွက်တော့ ကျေးဇူးတင်ပါရဲ့။ ဒါပေမဲ့ မဟုတ်တာတွေ စွပ်စွဲထား

www.foreverspace.com.mm

တာတော့ အစောမကြိုက်ဘူး''

''ဘယ်ဟာတွေပါလဲ အစော''

''မုန်းပန်းနွယ်တစ်ခိုင်လုံး သူကုံးလို့ ရွေးဆင် ဆိုတာလေ။ ကိုစောနိုင်အပေါ်မှာ အစော ဘယ်တုန်းကမှ မမုန်းခဲ့ဘူး။ မျက်ထားတော်လည်း တစ်ခါမှ မသုန်မှုန်ခဲ့ရပါလားရှင်''

''သြော်…ဒါကတော့ အစောရယ် ဒီသီချင်းကို ကိုစောနိုင်က သဘော်ကြီးပေါ်မှာတုန်းက စပ်ခဲ့တာ။ ဒီတုန်းကတော့ အစောက ကိုစောနိုင်ကို အပြတ်နှုတ်ဆက်ပြီး ရှောင်ထွက်သွားခဲ့သေးတယ် မဟုတ်လား''

စောစန္ဒာနွယ်က အဖြစ်ဟောင်းကို မှတ်မိဟန် ရယ်မောသည်။

''ဒီလောက်ကလေး ရှောင်ထွက်သွားရုံနဲ့ ဒီလို စပ်ရသလား။ တကယ်လို့များ နောက်တစ်ခါ အစော ထွက်ပြေးရင် ဘယ်လိုများ စပ်မလဲ မသိဘူး''

''ဟော…အစောပဲ ခုနင်က ကိုစောနိုင်အနားက ဘယ်တော့မှ ပျောက်မပြေးတော့ပါဘူးဆို''

စောစန္ဒာနွယ်က သူ့ရင်ခွင်မှ အသာရုန်းထွက်ပြီး ထိုင်ရာမှလည်း ထလိုက်၏။

''မပြေးတော့ပါဘူး ကိုစောနိုင်။ အစော မပြေးတော့ပါဘူး။ ဒါပေမဲ့ ဒီညတော့ ဒီလောက်ပဲပေါ့။ အစောတို့ ပြန်ကြရအောင်။ တော်တော်ကြာ လူတွေတစ်မျိုးထင်ကုန်ကြဦးမယ်''

ချစ်သူအလို လိုက်၍ ကိုစောနိုင်လည်း နေရာမှ ထသည်။

စောစန္ဒာနွယ်နှင့် လက်ချင်းတွဲ၍ ပြန်လျှောက်လာခဲ့စဉ် တောင်ကုန်းထက် ထင်းရှူးတောတို့၏ထိပ် ပြာလဲ့သောမိုးကောင်းကင်တွင် ရွှန်းမြသည့် ကြယ်စင်တစ်ပွင့်ကို လှမ်းမြင်ရ၏။

ကိုစောနိုင်သည် စောစန္ဒာနွယ်၏ လက်ကလေးကို တင်းတင်းဆုပ်ညှစ်လိုက်ပြီး တိုးတိုးဆိုရ၏။

''မျှော်လင့်ချက် ဘဝကြယ်စင်…၊ မြေမဟီတွင် မကြွေသက်ပါရစေနဲ့…မေသက်စော…သခင်''

❐

www.foreverspace.com.mm

နောက်ဆက်လိုက်လာသော ရက်များသည်ကား ကိုစောနိုင်အတွက် တစ်သက်တာဝယ် အပျော်ဆုံးရက်များဟု ဆိုရပေမည်။ စောစန္ဒာနွယ်အတွက်လည်း ထိုနည်းတူစွာ ရှိရှာပေလိမ့်မည်။

စောခိုင်ဖ၏ ကောင်းမှုကြောင့် နမ်းဆန်၊ ပင်လုံစသော လွယ်လင်အနီးအပါးရှိ မြို့များဆီသာမက အပြန်ခရီး၌ မိုင်းပွန်တစ်နယ်လုံးသို့လည်း ပျော်ပျော်ပါးပါး ခရီးသွား လည်ပတ်ကြရ၏။

မိုင်းပွန်၌ရှိစဉ် နမ်းပွန်ချောင်း နံဘေးသို့ ပျော်ပွဲစားထွက်ကြသည်။

မိုင်းပွန်နယ်မြေသည် မြေလတ်ဒေသနှင့် ဆင်သည်။ မြူခိုးဝေဝေဝယ် ရော်ရွက်ကြွေလေသော တောတို့၌ ပတ္တမြားပွင့် ဆင်လေသည့် လက်ပံပင်ကြီးများကို တွေ့နိုင်ပြန်သည်။ ဝိုင်းရံကာဆီးအပ်သော တောင်တန်းပြာပြာကြီးများကြောင့်မူ ရှမ်းတို့ဒေသ၏ သဘာဝအလှသည် မပျောက်မပြယ်။

နမ်းပွန်ချောင်း၏ ရေသည် ပြာလဲ့လဲ့ ကြည်လွင်နေ၏။ ချောင်းရိုးတစ်လျှောက်မှ သစ်ပင်တောပင်တို့သည် စိမ်းလန်းစိုပြေလျက် အကိုင်းအခက်အရွက်အနွယ်တို့က ရေပြင်သို့ ငိုက်ညွတ်ကျနေကြ၏။

နံနက်စာမစားကြမီ စောခိုင်ဖက သေနတ်တစ်လက်နှင့် ငှက်ပစ်ထွက်ရာ ခေတ်ဆန်သော စောပဟေမာသည် ဘောင်းဘီရှည် ဖိနပ်ဖြူလေးဝတ်၍ သူ့မောင်တော်သွားရာ တစ်ကောက်ကောက် လိုက်ပါလေ၏။

ကိုခင်ဦးလှိုင်က ခယ်မတော် စောသုနန္ဒာကို ရှုခင်းကောင်းရာ တစ်ဝိုက်အနေအထား အမျိုးမျိုးနှင့် ဓာတ်ပုံလှည့်ရိုက်နေ၏။ ရိုက်သူကလည်း မမောနိုင်မပန်းနိုင်၊ အရိုက်ခံသူကလည်း မငြီးမငွေ့၊ ကြည်ကြည်ဖြူဖြူ။

အစားအသောက် ချက်ပြုတ်ပြင်ဆင်သူက ပြင်ဆင်နေကြ၏။

လွယ်လင်မှလိုက်ပါလာခဲ့သော မြို့စားသမီးတော် စောမာလာကား အခြားအဖော်များနှင့်အတူ မယ်ဒလင်တစ်လုံးဖြင့် ဆိုတီး တီးပြနေသော မိုးလှိုင်၏သီချင်းကို နားထောင်နေရှာ၏။

ကိုစောနိုင်နှင့် စောစန္ဒာနွယ်တို့က ချောင်းတွင်း၌ နှစ်ဦးသဘောတူ ရေဆင်းချိုးကြသည်။

နွေဖြစ်သဖြင့် ချောင်းရေသည် နေရာအများ၌ တိမ်သည်။ အောက်ခံမြေမှ ကျောက်စရစ်ခဲ ဖြူဖြူလေးများကို အတိုင်းသား မြင်နေရ၏။ ရေစီးတွင် သဖန်းသီးလော ကတွတ်သီးလော မခွဲခြားနိုင်သည့် သစ်သီးနီနီရွဲရွဲကလေးများ

www.foreverspace.com.mm

မျှောပါလာနေ၏။

ရေနက်ရာ ကွေ့တစ်ကွေ့ကို အတန်လှမ်းသော ချောင်းအထက်ပိုင်း၌ တွေ့ကြရ၏။

ကိုစောနိုင်နှင့် စောစန္ဒာနွယ်သည် လွတ်လပ်သော ကိန္နရီမောင်နှံအသွင် ရေကူးဆော့ကစားကြ၏။

ကိုစောနိုင်က စိန်ခေါ်သူ စောစန္ဒာနွယ်ကို လိုက်ဖမ်းသည်။ နောက်ဆုတ် နောက်ဆုတ်နှင့် သူ့ကို ရှောင်ရင်း စောစန္ဒာနွယ်က နီရဲသော ဖဝါးနုနုကလေးများဖြင့် ရေတို့ခတ်ကာ သူ့မျက်နှာဆီ ပက်၏။ ပက်လာသော ရေတို့ကို မမှုဘဲ သူက ရှေ့ဆက်တိုးသည်။ အလှမ်းမိသော် အစောခမျာ ဘွာကူ၍မရ။ သူ့ရင်ခွင်ဝယ် ရုန်းရင်းကန်ရင်း ရယ်ရင်းမောရင်း သဲဖြူနုသောင်ခုံစပ်တွင် အနမ်းဒဏ်ခတ်သည်ကို ပေးဆပ်လိုက်ရ၏။

စောစန္ဒာနွယ်က သူ့ရင်ဘတ်ကြီးကို တွန်းပစ်လိုက်ပြီး ပြုံးမာန်မာန်သည်။

"တော်တော့ သူတော်တော်ကဲတယ်။ အကြွေးက တစ်ကျပ်။ ဒဏ်ခတ်တာက တစ်ဆယ်။ ဟွန်း…အားကြီး မုန်းတယ်"

သူက ရယ်နေခိုက် စောစန္ဒာနွယ်က သောင်စပ်မှ ထပြေး၏။ သူက နောက်မှလိုက်ရန် ပြင်သဖြင့် စောစန္ဒာနွယ်က မြစ်တားသည်။

"တော်ပြီကွယ်။ ချောင်းရေက စိမ့်ကစိမ့်သနဲ့။ အအေးမိကုန်ဦးမယ်။ သွား…ရေကြည်ချိုးတော့။ အစောလဲ ရေကြည်ချိုးဦးမယ်။ ဒါပဲနော်…မလိုက်ခဲ့ရဘူး"

စောစန္ဒာနွယ်က ချုံကြီးတစ်ခု ကွယ်နေသော အထက်ချောင်းကွေ့ဆီသို့ တက်သွား၏။

ကိုစောနိုင်က အောက်နားရှိ ရေကြည်သန့်ရာ၌ လျင်မြန်စွာ ဆပ်ပြာတိုက်ရေချိုးသည်။ ထိုနောက် ကမ်းပေါ်တက်ပြီး ခြေသံမကြားအောင် လျှောက်၍ စောစန္ဒာနွယ် ရှိရာသို့ သွား၏။

ချစ်သူကို ယုံကြည်သော စောစန္ဒာနွယ်ကား စိတ်ချလက်ချ အေးအေးဆေးဆေးဖြင့် သီချင်းလေးတစ်ပုဒ်ကို ညည်းရင်း လွတ်လပ်စွာ ရေစင်ချိုးနေရှာ၏။

ချုံကွယ်မှ လှမ်းမြင်ရသူ ကိုစောနိုင်၏ရင်မှာသာ မောမိသည်။

စောစန္ဒာနွယ်သည် ရေစိုထဘီကို နောက်သို့ လျှောလျှောထား၍ သူ့ဘက်

www.foreverspace.com.mm

ကို ကျောခိုင်းကာ ဆပ်ပြာတိုက်နေ၏။

ဖန်းမှသည် ကျော၏အခြေ ခါးစရာအထိ ဆင်စွယ်ရည်သွေး ဝါဝင်းဖွေးသော ကိုယ်လေး၏ရူပကလျာ ရှုဖွယ်သာကို အတန်ကြာအောင် ကိုစောနိုင် မိန်းမော ငေးကြည့်နေမိ၏။

နောက်တစ်ခဏ၌မူ ကိုစောနိုင်သည် စိတ်ထိန်းလွှတ်ပြီး သားကောင်ငယ်ကို အလစ်ဝင်အုပ်သော ကျားကဲ့သို့ စောစန္ဒာနွယ်၏ တစ်ကိုယ်လုံးကို နောက်မှနေ သိမ်းကျုံးပွေ့ဖက်လိုက်သည်။

"အိုး...အမေ့"

ထိတ်လန့်သော အော်သံနှင့်အတူ စောစန္ဒာနွယ်သည် ရင်စည်းကို ဆွဲမပြီး လက်နှစ်ဘက် ယှက်ဖြတ်ကာလျက် တုန်တုန်ယင်ယင် ဖြစ်နေ၏။

"ကိုစောနိုင်...ဘယ်လိုလုပ်လိုက်တာလဲ ဟင်...အစော စိတ်ဆိုးတယ်...သိပ်စိတ်ဆိုးတယ်"

စောစန္ဒာနွယ်၏ မျက်နှာလေးသည် နီရဲနေ၏။ နီရဲရုံမက ငိုမဲ့မဲ့ ဖြစ်လျက် အသံလေးများလည်း တုန်နေ၏။

အချစ်ဇော မွှန်၍ အကျီစားသန်မိသော မိမိ၏အမှားကို ကိုစောနိုင် ချက်ချင်းသတိရသွားသည်။

"ဆောရီး...အစောရယ်။ ကိုစောနိုင် မှားပါတယ်။ ကိုစောနိုင်က ကျီစားမိတာပါ။ ကဲ...အစော နေရစ်။ ကိုစောနိုင် သွားပါ့မယ်"

ကိုစောနိုင်က ခေါင်းငိုက်စိုက်နှင့် နေရာမှ ခွာခဲ့သည်။

ကမ်းပေါ်၌ ပုံထားသော အဝတ်အစားများကို ကောက်ယူဆင်ပြီး စောစန္ဒာနွယ်ကို စောင့်နေ၏။

အတန်ကြာမှ အဝတ်အစားလဲပြီးတော့ စောစန္ဒာနွယ်သည် သူ့ထံ လျှောက်လာ၏။

မျက်နှာလေးမှာ ပြုံးနေသော်လည်း ရှက်သွေးတို့ ပါး၌ ဖြန်းဆဲတည်း။

သူ့ကို မျက်စောင်းလေး နွဲ့နွဲ့ထိုးပြီး အနီး၌ ဝင်ထိုင်လျက် သူနှင့်အတူ နေပူစာလှုံသည်။

သူက ခေါင်းကြီးစိုက်ပြီး ငိုင်ငိုင်ကြီး ဖြစ်နေ၏။

"ကြည့်စမ်း။ မျက်နှာကြီးက ဘာဖြစ်သွားရပြန်တာလဲ။ တကတည်း ငါးဖယ်ကချည်းပဲ ပြောင်းပြန်လှန်နေတယ်"

www.foreverspace.com.mm

"အစောက ကိုစောနိုင်ကို စိတ်ဆိုးတယ် မဟုတ်လား။ ချစ်သူစိတ်ဆိုး ခံရတော့ ဘယ်မှာလာ စိတ်မှာ စိတ်ချမ်းသာပါ့မလဲ"

စောစန္ဒာနွယ်က လက်သိပ်ထိုးကာ သူ့ပေါင်ကို မနာအောင် ဆွဲဆိတ်၏။

"သူ တော်တော့်ကို ပိုတယ်။ ဘယ်သူက ဘယ်သူ့ကိုများ တကယ် စိတ်ဆိုးရက်မှာလဲလို့။ ဟွန်း...မုန်းစရာကောင်းလိုက်တာ"

ချစ်စခင်စ ကြင်နာစဖြစ်သဖြင့် ကြာရှည်ဟန်မဆောင်နိုင်ကြ။ ခဏမှာပင် ပြုံးပြုံးရွှင်ရွှင် ပြန်ဖြစ်သွားကြ၏။

စောစန္ဒာနွယ်က ချောင်းရေပြင်ကို စူးစိုက်ကြည့်နေရာမှ ရုတ်တရက် ဆိုသည်။

"နားထောင်ကြည့်စမ်း ကိုစောနိုင်။ ချောင်းလေးက စကားပြောနေတယ်"

အမှန်ပင်။ တသွင်သွင် စီးဆင်းလျက်ရှိသော ချောင်းရေသည် ပလုံစီစီ အသံကြည်ကြည်နှင့် စကားဆိုမြည်သကဲ့သို့ ရှိနေ၏။

စောစန္ဒာနွယ်က ထူးထူးဆန်းဆန်းပြုံး၍ စကားဆက်၏။

"အဲဒီချောင်းကလေး စကားမပြောအောင် အစောသစ္စာပြုလိုက်ရမလား"

နားမလည်သော ကိုစောနိုင်က စောစန္ဒာနွယ်ကို စူးစမ်းစွာ မော့ကြည့် သည်။

"အစော ဘာပြောတာလဲ"

စောစန္ဒာနွယ်က အသာ ရယ်မောလိုက်၏။

"ဩော်...အစောက အစောတို့ရဲ့ ရှမ်းပုံပြင်ကြီး တစ်ခုကို သွားသတိရ လို့ပါ"

"ဘယ်လိုလဲ အစော"

"အို...ပုံကတော့ အရှည်ကြီးပဲ။ လွမ်းစရာလည်း သိပ်ကောင်းတယ်။ အစော အတိုချုပ်ပဲ ပြောပြမယ်။ တစ်ခါတုန်းက ခွန်ဆန်လောနဲ့ နန်းဦးပြင်ဆိုတဲ့ ချစ်သူနှစ်ဦး ရှိကြသတဲ့။ တစ်ဦးကိုတစ်ဦး ချစ်လိုက်ကြတာဟာ ကိန္နရီမောင်နှံ ထုံးအတိုင်းပဲ။ ဒါပေမဲ့ နောက်ဆုံးတော့ သူတို့နှစ်ဦးဟာ ကွဲသွားပြီး ဒီဘဝမှာ မပေါင်းရဘဲ မိုးကောင်းကင်မှာ ကြယ်တွေအဖြစ် သွားပေါင်းရသတဲ့ သိလား"

"အို...ကြယ်တွေအဖြစ် သွားပေါင်းရတယ်"

"ဟုတ်တယ်...သူတို့ သေသွားတော့ တစ်ဂူနဲ့တစ်ဂူကြားမှာ ဝါးဆစ်သုံးဆစ်ရှိတဲ့ တံပိုးတစ်ခု အကွာထားပြီး မြှုပ်ကြသတဲ့။ အခုအထိလည်း

www.foreverspace.com.mm

ကောင်းကင်မှာ အကန့်သုံးကန့်ဖြစ်နေပြီး တန်းနေတဲ့ ကြယ်စုတစ်စုရှိတယ်။ တစ်ဘက်အစွန်းက ကြယ်ကို ခွန်ဆန်လောလို့ခေါ်တယ်။ တခြားအစွန်းက ကြယ်ကိုတော့ နန်းဦးပြင်လို့ ခေါ်ကြတယ်။ မြန်မာလိုတော့ မောင်ယဉ်ဆိုင်းထမ်းလို့ ခေါ်သလား မသိဘူး။ ရှမ်းလိုတော့ "ကန်းဆမ်တာ" လို့ခေါ်တယ်။ ကန်းဆိုတာက တံပိုး၊ ဆမ် ဆိုတာက သုံး၊ တာကတော့ ဝါးဆစ်လို့ အဓိပ္ပာယ်ရတယ်။ သုံးဆစ်ဝါးတံပိုးကြယ်လို့ ခေါ်ရမယ်ထင်တယ်"

"အဲဒီပုံနဲ့ အခုနင်က အစောပြောတာနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာကို အစော ပြောပြပါ့မယ်။ ချစ်တုန်းခင်တုန်း ပြုံးပြုံးရှိကြစဉ် တစ်ချိန်က ခွန်ဆန်လောနဲ့ နန်းဦးပြင်တို့ဟာ ချောင်းကလေးတစ်ခု ဘေးမှာ ချစ်သူတို့ဘာဝ စကားဆိုနေကြသတဲ့။ ဒါပေမဲ့ ချောင်းရေစီးသံက ဝင်ဝင်နှောင့်တော့ တစ်ယောက်စကားပြောသံကိုတစ်ယောက် ကောင်းကောင်းမကြားရဘူးတဲ့။ ကိုစောနိုင်တို့ မြန်မာတွေက ကြားလေသွေးရင် ဝေးတယ်လို့ ပြောတာမျိုးပေါ့။ ဒီမှာက ချောင်းရေစီးတာကိုတောင် နားငြီးတယ်လို့ ဆိုရမှာပေါ့။ ဒီတော့ နန်းဦးပြင်က သစ္စာဆို ဆုပန်လိုက်တာနဲ့ ဆူညံတဲ့ ချောင်းရေသံဟာ တိတ်သွားရသတဲ့။အခုထိအဲဒီချောင်းလေးဟာ မိုင်းကိုင်နယ်မှာရှိတယ်။ အဲဒီချောင်းလေးဟာ ရေစီးသန်ပေမယ့် ဘာသံမှ မထွက်ဘူး။ နာမည်က "နမ့်ယင်း"လို့ ခေါ်တယ်။ နမ့်ဆိုတဲ့စကားက ရေ၊ သို့မဟုတ် ချောင်းလို့ အဓိပ္ပာယ်ရတယ်။ ယင်းဆိုတာက တိတ်ဆိတ်ခြင်းလို့ အဓိပ္ပာယ်ရတယ်။ တစ်နည်းအားဖြင့်တော့ တိတ်ဆိတ်ငြိမ်သက်၍ စကားမပြောသော ချောင်းကလေးလို့ ခေါ်ရမယ်ထင်တယ်"

စောစန္ဒာနွယ် ပြောပြသော ပုံပြင်သည် လွမ်းဆွတ်ကြည်နူးဖွယ် ကောင်းသောကြောင့် ကိုစောနိုင်က ဆိတ်ငြိမ်စွာ နားထောင်နေ၏။ စကားဆုံးကာမှ တားရသည်။

"နမ့်ပွန်ချောင်းကလေးကိုတော့ စကားတိတ်သွားအောင် သစ္စာမပြုလိုက်ပါနဲ့ အစောရယ်"

"ဘာဖြစ်လို့လဲ ကိုစောနိုင်"

"ကိုစောနိုင် အနေနဲ့တော့ နမ့်ပွန်ချောင်းကလေးကို စကားပြောတတ်နေစေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်နေ့မှာ အစောအတွက် ကိုစောနိုင် ဖွဲ့သီထားတဲ့ မေတ္တာတေးတွေကို ဒီချောင်းကလေးကို သင်ပြပေးချင်လို့။

www.foreverspace.com.mm

အစောအတွက် ကိုစောနိုင်ရဲ့မေတ္တာကို ဟောဒီ နမ့်ပွန်ချောင်းကလေးဟာ ကမ္ဘာကုန်သည်အထိ ထာဝစဉ် သီဆိုပြနေစေချင်ပါတယ် အစော''

စောစန္ဒာနွယ်က သမုဒ္ဒယနှင့် ကရုဏာရောသော မျက်လုံးကြီးများဖြင့် သူ့ကို ငေးငေးစိုက်စိုက် ကြည့်၏။

''အစောကို ဒီလောက်တောင်မှပဲ ချစ်သလား···ဟုတ်လား ကိုစောနိုင်''

''ဒီလောက်တောင် မကပါဘူး အစော။ ကိုစောနိုင်ရဲ့ မေတ္တာကို နမ့်ပွန်ချောင်းက မမီပါဘူး။ မြစ်မင်းသံလွင်နဲ့ ပမာပုံခိုင်းပြီး နှိုင်းရင် ပိုတယ်လို့ အစော ပြောဦးမှာလား''

အစောက ပိုသည်ဟု မပြောပါ။ ဤသို့ ပြောရမည့်အစား သူ့ကို ငေးကြည့်နေသော မျက်လုံးပြာကြီးများ၌ မျက်ရည်တို့သာ ဝဲလာ၏။

''အစော ဘာဖြစ်လို့ မျက်ရည်ဝဲသလဲ''

မျက်ရည်ဝဲလျက် ပြုံးရင်း စောစန္ဒာနွယ်က ဆိုသည်။

''သြော်···ကိုစောနိုင်။ နှလုံးကြည်နူးရင်လည်း လူဆိုတာ ငိုတတ်တာမျိုးပါပဲ ရှင်ရယ်''

❐

ထိုနေ့ ညနေမစောင်းမီ သူတို့အားလုံး ဟိုပုန်းနှင့် တောင်ကြီးဘက်သို့ ပြန်ခဲ့သည်။

စောခိုင်ဖ၏ ကားရှေ့ခန်းတွင် စောခိုင်ဖကိုယ်တိုင် မောင်း၍ သူ့ဘေး၌ စောဟေမာ ထိုင်နေ၏။ နောက်ခန်း၌မူ စောစန္ဒာနွယ်နှင့် ကိုစောနိုင်တို့နှစ်ဦး တည်းသာ လိုက်ကြ၏။

ကားသည် နမ့်ပွန်ချောင်းပေါ်ရှိ တံတားကို ဖြတ်စဉ် စောစန္ဒာနွယ်ရော ကိုစောနိုင်ပါ ကားနောက်ပြတင်းမှနေ၍ နမ့်ပွန်ချောင်းကလေးကို သမင်လည်ပြန် ပြိုင်တူကြည့်မိကြ၏။ ပြိုင်တူပင် နှစ်ဦးလုံး ပြုံးမိကြသည်။

သူတို့၏ အပြုံးများကို မည်သူမျှ နားလည်နိုင်ကြမည် မဟုတ်။ သို့ရာတွင် နမ့်ပွန်ချောင်းကလေးသည်မူ သိနားလည်နိုင်ရှာပေမည်တကား။

❐ ❐ ❐

www.foreverspace.com.mm

## ၁၄။ မုန်းသူတို့ပွဲ

ရှမ်းတို့မြို့တော် တောင်ကြီးကို အိပ်မက်ဆန်သော ဘုံဟူ၍ ကိုစောနိုင် ပြောခဲ့ဖူး၏။

ထင်းရှူးနံ့၊ ယူကလစ်တက်စ်နံ့တို့ သင်း၍ မြက်ခင်းတိုင်း နွေဝယ် ပန်းမွှေ့ရာကျင်းသော ဤကမ္ဘောဇမြို့တော်၌ သူသည် အိပ်မက်ပမာ လွမ်းဖွယ်ရာတို့ကို ဆက်ကာ ကြုံတွေ့ရလေသည်။

စော်ဘွားတကာတို့နည်းတူ စောခိုင်ဖ၌ တောင်ကြီးတွင် နွေရာသီစံအိမ် ဟိုတယ်တစ်ခုရှိ၏။

မိုးလှိုင် ပြောပြချက်အရ တောင်ကြီးသည် ဘဝနှစ်လွှာကို ပိုင်းခြားလျက် နှစ်ရှာပေါင်း၍ တစ်မြို့ဖြစ်နေသော အမြွှာပူးမြို့တစ်ခု ဖြစ်၏။

မင်းလမ်း၏ အနောက်ဘက်သည် လက်လုပ်လက်စား ဆင်းရဲသား၊ စာရေးစာချီ၊ ကုန်သည် လယ်လုပ်တို့၏ မြို့ဖြစ်သည်။ မင်းလမ်း၏ အရှေ့ဘက် အပိုင်းကား ရာဇာမင်းစိုး၊ သူဌေးမျိုးတို့၏ စံရာဘုံမြင့် နန်းရွှေပြည်ဖြစ်၏။

ဤကမ္ဘောဇမြို့တော်၏ နန်းရွှေပြည်ပိုင်းဖြစ်သော တောင်ခြေရှိ ခေတ်မီ လုပသည့် စောခိုင်ဖ၏ ဟော်တွင် ကိုစောနိုင်တို့ တစ်ထောက်နားကြရသည်။

ရောက်စည၌ပင် ကိုစောနိုင်နှစ်ဦးချင်းဆုံကာ စောခိုင်ဖသည် သူ့စရိုက် အတိုင်း ပွင့်ပွင့်လင်းလင်း ပြောခဲ့၏။

"ကျွန်တော်တို့နယ်...ကျွန်တော်တို့ဟော်နဲ့ ကျွန်တော်တို့ အမျိုးအနွယ် တွေ အားလုံးထဲမှာ အသက်အငယ်ဆုံး ဖြစ်ပေမယ့် ကျွန်တော်ဟာ အကြီးအကဲပဲ ကိုကြီးစောနိုင်။ တစ်ဝမ်းကွဲပေမယ့် အစ်မတော်ဟာ ဒီလောကမှာ ကျွန်တော် အချစ်ခင် အမြတ်နိုးဆုံးသူ တစ်ဦးဖြစ်တယ်။ ကိုကြီးစောနိုင်ကိုလည်း မြင်စ ကတည်းက အစ်ကိုအရင်းတစ်ယောက်လို ကျွန်တော် ချစ်ခင်တယ်။ ရုပ်ချင်း

www.foreverspace.com.mm

ဆင်လို့ ကိုယ်ပွားအဖြစ် သံယောဇဉ် တွယ်မိတာကတော့ မပြောတတ်ဘူး။ ပြီးတော့…အစ်မတော်နဲ့ ကိုကြီးစောနိုင်တို့ရဲ့အကြောင်းကို ကျွန်တော် အသိဆုံးပါ။ ကိုကြီးစောနိုင်အနေနဲ့ ဘယ်လိုရှိမယ်လို့တော့ မသိဘူး။ အစ်မတော်ရဲ့ ရင်တွင်းမှာ ကြိတ်လောင်ကျွမ်းတော့ ခံစားမှု သောကကို ကျွန်တော် သိတယ်။ ဒါကြောင့် မရှုရက်ဘူး"

ကိုစောနိုင်သည် စောခိုင်ဖကို အံ့သြစွာ ကြည့်မိ၏။

သူနှင့် စတွေ့စဉ်က စောခိုင်ဖကား လောကကိုလည်း မမှု။ လောကကိုလည်းမသိသော တာဝန်မဲ့သူတစ်ဦးသာတည်း။ ယခုမူ တစ်နှစ်အတွင်း ပြောင်းလဲလာချက်သည် မယုံနိုင်ဖွယ်ပင် ရှိ၏။

စောခိုင်ဖကသာ ဆက်ပြော၏။

"ကျွန်တော်ဟာ ချစ်သူနဲ့လည်းကွဲဖူးခဲ့တယ်။ တစ်ခါ ကံကောင်းထောက်မလို့ ချစ်မက်ဖွယ်ကောင်းတဲ့ မဟာဒေဝီကိုလည်း ရခဲ့တယ်။ ဒီတော့ ချစ်သူနဲ့ ကွေကွင်းရတဲ့ ဒုက္ခကို ကျွန်တော် သိသလို ချစ်သူနဲ့ ပေါင်းရတဲ့ သုခကိုလဲ ကျွန်တော်သိတယ်။ ကိုကြီးစောနိုင်နဲ့ အစ်မတော်တို့ကို ကျွန်တော် ခံခဲ့ရတဲ့ ဒုက္ခမျိုး မခံရစေချင်ဘူး။ ကျွန်တော် စံနေရတဲ့ သုခမျိုး ရကြစေချင်တယ်"

ကိုစောနိုင်သည် စောခိုင်ဖ၏ စေတနာကို ရင်နှင့်ခံစားရသည်။ ထို့ကြောင့်လည်း တုံ့ပြန်သော စေတနာနှင့် ပြန်မေးမိ၏။

"ဟင်နရီ…မင်းရဲ့စေတနာကို ကိုကြီးစောနိုင်သိရလို့ ကိုကြီး သိပ်ကျေးဇူးတင်မိတယ်။ ဒါပေမဲ့ ကိုကြီးစောနိုင် တစ်ခုမေးချင်တယ်။ အစကတော့ အချစ်ကိုသာ ဦးစားပေးပြီး ကိုကြီးစောနိုင် စိတ်လိုက်မာန်ပါ ဆုံးဖြတ်တော့မလို့ အခုတော့ မေးထိုက် မေးအပ်တာမို့ မေးရတော့မယ်"

"မေးပါ ကိုကြီး"

"အစောနဲ့ ကိုကြီးလက်ထပ်ခြင်းဟာ မင်းတို့ ဟော်…မင်းတို့နယ်နဲ့ မင်းတို့ရဲ့ နိုင်ငံရေးမှာ မလိုလားအပ်တဲ့ ပြဿနာတွေ ပေါ်ပေါက်နိုင်ပါသလား"

စောခိုင်ဖသည် ငိုင်ကျသွား၏။ အတန်ကြာမှ ခြောက်ကပ်စွာရယ်လိုက်ပြီး ဖြေသည်။

"ပြဿနာတွေ…ဟုတ်လား…ကိုကြီး ပြဿနာတွေက အထူးမပေါ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စကတည်းက ရှိပြီးဖြစ်နေတာကိုး။ အစ်မတော်က သူ့ကိုယ်ကျိုးစွန့်ပြီး ဒီပြဿနာကို ရှင်းချင်ခဲ့တယ်။ ဒါပေမဲ့ မဖြစ်နိုင်ဘူး။

www.foreverspace.com.mm

ကမ္ဘာမီးလောင်တာကို အသက်စွန့်ပြီး ကိုယ်နဲ့လိုမ့် ငြိမ်းသတ်လို့ မရနိုင်ဘူး"

"ဘယ်လို ပြဿနာတွေပါလဲ ဟင်နရီ"

"မသိချင်ပါနဲ့ ကိုကြီးစောနိုင်ရာ။ သိလို့လဲ ကိုကြီးစောနိုင် ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ အတိတ်စိမ်းတစ်ခုတော့ ကျွန်တော်ပေးခဲ့မယ်"

ကိုစောနိုင်သည် စောခိုင်ဖကို မော့ကြည့်မိ၏။ ယခုအခါတွင် အတိတ်စိမ်း ဆိုသောစကားကို သူ နားလည်သယောင် ရှိလာ၏။

အရွယ်နှင့် မလိုက်အောင် တည်ငြိမ်သော လေသံဖြင့် စောခိုင်ဖက ဆက်လက်ဆို၏။

"ကိုကြီးစောနိုင် သိမလား မသိဘူး။ မြန်မာပြည်ကို အင်္ဂလိပ်သိမ်းစဉ်က ရှမ်းပြည်ဟာ သူ့ကျွန်မခံဘဲ ဖြိုင်ဖြိုင်ထခုခံခဲ့တယ်။ ဒါပေမဲ့ အင်္ဂလိပ်လူဖြစ်နေတဲ့ အဲဒီတုန်းက သီပေါစော်ဘွားက လှည့်စားသွေးဆောင်တာမို့ ရှမ်းပြည်စော်ဘွားအများဟာ အရှုံးပေး အညံ့ခံလိုက်ကြတယ်။ အဲဒါကို အသည်းနာလွန်းလို့ အာဇာနည် "ဝန်သိုစော်ဘွားကြီး"ရဲ့ အဆက်အနွယ်တစ်ဦးဖြစ်တဲ့ "သထုံစော်ဘွားကြီး" ဟာ စာတစ်အုပ် ရေးခဲ့တယ်။ အဲဒီစာအုပ်နာမည်က "စောဘွားအမှားတော်ပုံ"တဲ့။ ဒီစာအုပ်ကို လူတိုင်းမတွေ့ဖူးကြဘူး။ မတွေ့ဖူးအောင်လည်း ဖျောက်ဖျက်ပစ်ကြတာကိုး။ အင်း-အခုလည်း ရာဇဝင်သံသရာ တစ်ပတ်လည်ပြီး တချို့စော်ဘွားတွေဟာ ကြောက်မက်ဖွယ်ကောင်းတဲ့ အမှားတော်ပုံကြီး တစ်ခုကို ကျူးလွန်ဖို့ စိုင်းပြင်းနေကြတယ်။ ကျွန်တော်နဲ့ အပေါင်းပါတွေက လက်တွဲပြီး ဒီရန်ကို ကာကွယ်ကြမလို့။ ခက်တာက ကိုကြီးတို့ရဲ့ ပြည်မ ဖဆပလအစိုးရက ရေမှုတ်တစ်ဘက် မီးစတစ်ဘက် လုပ်နေတယ်"

ကိုစောနိုင်သည် စောခိုင်ဖကို ဆက်လက်မေးဦးမည် ကြံ၏။ သို့ရာတွင် သူက သူ့အကြောင်းနှင့်သူ အတိတ်စိမ်းသာ ပေးပါသည်ဟုဆိုထားသောကြောင့် မမေးသာ။

စောခိုင်ဖ၏ မျက်နှာမှာ ပြန်လည်လျှော့ကျ ပြုံးလာပြီး စုံစမ်းသည်။

"ထားပါတော့ဗျာ... အစ်မတော်နဲ့ ကိုကြီးတို့ ဘယ်လို ဆုံးဖြတ်ထားကြသလဲ"

"ကိုကြီးတို့ကတော့ အမြန်ဆုံးလက်ထပ်ကြမယ်လို့ ဆုံးဖြတ်ထားတယ်"

စောခိုင်ဖက ကျေနပ်ဟန် ခေါင်းတဆတ်ဆတ်ညိတ်သည်။

"ဒါပဲကောင်းပါတယ်။ ကိုကြီးနဲ့ အစ်မတော်ရဲ့ လက်ထပ်ပွဲကို ရှမ်းပြည်

www.foreverspace.com.mm

နယ်မှာ အကြီးကျယ်ဆုံးဖြစ်အောင် ကျွန်တော် စီစဉ်ပေးမယ်။ ဒီအတောအတွင်းတော့ ကျွန်တော့်ဟော်မှာ လွတ်လွတ်လပ်လပ် နေကြပါ''

စောခိုင်ဖက ခွင့်ပေးသည့်အတိုင်း သူတို့က လွတ်လွတ်လပ်လပ် ပင်နေကြသည်။

ဟိုပုန်းရေထွက်၊ အင်းလေးကန်၊ မှန်နန်ဝဂူ၊ ပင်းဒယဂူ၊ ဗထူးရေတံခွန်စသော တောင်ကြီးတစ်ဝိုက်ရှိ လှပသာယာသော နေရာများသို့ လည်ပတ်မဆုံး တပြုံးပြုံးရှိ၏။

ထင်းရှူးနှင့် ယူကလစ်တက်စ်ရွက်များအကြား တိုးဝင်၍ ညှိုးညှိုးညင်ညင် တေးဆိုသော လေတိုက်ခတ်သည့် နွေ၏ ညများသည်ကား ပျော်ရွှင်ချမ်းမြေ့ဖွယ် အကောင်းဆုံးတည်း။

ဤညမျိုးများတွင် ကိုစောနိုင်က စောင်းတီး၍လည်းကောင်း၊ စောစန္ဒာနွယ်က ပီယာနိုတီး၍လည်းကောင်း၊ မိုးလှိုင်က သီဆို၍လည်းကောင်း အိမ်မက်ဘုံတွင် တေးဗိမာန် ဆောက်ကြသည်။

စောသုနန္ဒာနှင့်အတူ ကိုခင်ဦးလှိုင်ကလည်း သူ့ကတိအတိုင်း သူတတ်သော ပညာဖြစ်သည့် နားထောင်ခြင်းဖြင့် အင်တိုက်အားတိုက် ကူညီရှာသည်။

ကိုစောနိုင်အတွက် မေ့ရက်စရာမရှိသော အချိန်များကား ချစ်လှစွာသော အစောအား ခက်ရာခက်ဆစ် သီချင်းကြီးများကို နှစ်ဦးချင်း တီးဆိုရှင်းလင်းပြရသော အခါများဖြစ်သည်။

နှစ်ဦးချင်းသာရှိခိုက် ကိုစောနိုင်က ပခန်းမင်းသားကြီး၏ ပန်းကြာဝတ်မှုံ သီချင်းခန့်ကြီးကို ဆိုတီးပြ၏။

> ''ပန်းကြာဝတ်မှုံ ရွှေဘုံနန်းကလေး…၊ညွှတ်ရုံးဝန်းလည်၊ သုံးမည်ခ ရုံရွှေလယ်၊ ကြော့နတ်နွယ်နွဲ့လမ်း ခြူးဆင် ပန်းဝတ်ယုက်သန်း သလွန်မြင့်မှန်း သိမ်းမြန်း၊ မြနန်းယုန်နှယ်၊ မှုန်တယ် တိမ်ပုံ့ထက်ပိုင်း၊ ရွှေလရိပ်သည်တိုင်း၊ ခိုင်းဖွယ် နိုင်းဖွယ်သာ၊ ရွှေရင်မှာ ငွေသော်တာ၊ တစ်ခြမ်း ဖြူလွှာပိတုန်းတောင်စာ၊ ပန်းလွှာရွှေရည် ဆန်းသို့လေး''

စောစန္ဒာနွယ်သည် သူ့သီချင်းကို ငြိမ်ငြိမ်လေးနားထောင်နေရာမှ မေးသည်။

''မယ်ဘွဲ့ သီချင်းခံဆိုတော့ မိန်းမသားတစ်ယောက်ကို ဖွဲ့ထားမှန်း

www.foreverspace.com.mm

သိပါတယ်၊ ဒါပေမဲ့ ပပဝင်းတို့လို အဓိပ္ပာယ်က လွယ်လွယ်ကူကူ လိုက်ကောက်လို့ မရဘူးနော်၊ ဒီ သီချင်းဟာ ဘာဖွဲ့ထားတာလဲဟင်…ကိုစောနိုင်''

ကိုစောနိုင်သည် မြတ်မြတ်နိုးနိုး ပြုံးရင်း၊ စောစန္ဒာနွယ်၏ လက်ကလေးများကို ဆုပ်ပြီးဆိုသည်။

''အဓိပ္ပာယ်ကတော့ နည်းနည်းခက်တယ် အစော၊ ဒါပေမဲ့ နန့်ပွန်ချောင်းကလေးကတော့ သူကိုသာ ဆိုပြရင် ချက်ချင်း သိသွားမှာပ''

စောစန္ဒာနွယ်သည် ပဟေဠိ ဝှက်ခံရသော ကလေးငယ်ပမာ သူ့ကို မျက်လုံးဝန်းဝန်းများဖြင့် ကြည့်၏။

''ဘာဆိုင်လို့လဲ ကိုစောနိုင်''

ကိုစောနိုင်က အသာအယာ ရယ်သည်။

''ဆိုင်ပါသကော အစောရယ်…။ ဒီသီချင်းဟာ ချစ်သူချင်းမှ ရှင်းပြလို့ရတဲ့သီချင်း…''

''အို… ဘာပြုလို့''

''ဘာပြုလို့ ဆိုတာ အစော နားထောင်ကြည့်လေ၊ မှုန်တယ်တိမ်ပုံ့ထက်ပိုင်း၊ ရွှေလရိပ်သည်တိုင်း၊ ခိုင်းဖွယ် နှိုင်းဖွယ်သာဆိုတဲ့စကားကို အစောဘယ်လို နားလည်ထားသလဲ''

စောစန္ဒာနွယ်က ခေတ္တ စဉ်းစားပြီး ဖြေ၏။

''တိမ်တိုက်တွေက မှုန်ပြီးအုပ်နေတယ်၊ အဲဒီအုပ်ဆိုင်းထားတဲ့ တိမ်ဘုံထက်ကနေ လမင်းဟာ ရိပ်ခနဲခဏပေါ်လာပြီး ပြန်ငုတ်လျှိုးသွားတဲ့ သဘောပေါ့၊ ဟုတ်တယ် မဟုတ်လား ကိုစောနိုင်''

ကိုစောနိုင်က ခေါင်းညိတ်သည်။

''ဟုတ်ပါတယ် အစော၊ ကောင်းပြီး ပိတုန်းတောင်ကကော ဘယ်လိုနေသလဲ''

''နေဦး…၊ အစော စဉ်းစားပြီး ဖြေ၏။ သြော်…သိပြီ…သိပြီ၊ ပိတုန်းတောင်ဆိုတာ စိမ်းစိမ်းမြမြလေး၊ အကြောလေးတွေကလည်း ယှက်သန်းနေတယ်၊ ဟုတ်တယ်နော်''

''ဟုတ်ပါတယ် အစော၊ အဲဒီလို စိမ်းမြတဲ့ ကွန်ယက်တွေ ဖြာနေတဲ့ တစ်ခြမ်းဖြူလွှာကို တိမ်ရိပ်က လမင်းခဏ ပြက်ခနဲ ထွက်သလို ပိတုန်းတစ်တောင်စာပဲ လက်ခနဲ မြင်လိုက်ရတယ်တဲ့၊ ဒါကြောင့်လဲ ဒီသီချင်းကို နန့်ပွန်ချောင်း

www.foreverspace.com.mm

ကလေးက သီပါတယ်လို့ ကိုစောနိုင် ပြေခဲ့တာ"

ယခုတိုင် စောစန္ဒာနွယ်သည် အဖြေ မရသေးဟန် တွေတွေလေး စဉ်းစား၍ စာသားကို ရွတ်ကြည့်သည်။

"မှုန်တယ် တိမ်ပုံ့ထက်ပိုင်း၊ ရွှေလရိပ်သည်တိုင်း၊ ခိုင်းဖွယ်နှိုင်းဖွယ်သာ၊ ရွှေရင်မှာ ငွေသော်တာ"

စောစန္ဒာနွယ်သည် သဘောပေါက်သွား၏။ ပါးလေးများ၌ ရှက်သွေးရဲ၍ သူ့ရင်ကို လက်သီးကလေးများနှင့် ထထုသည်။

"တတ်တယ်…ဒါမျိုးတော့၊ သူသိပ်တတ်တယ်…ဟွန်း…မုန်းတယ်… သိပ်မုန်းတယ်၊ ကိုစောနိုင်ကို အစော သိပ်မုန်းတယ် သိလား"

"ဩော်… အစောရယ်… မမုန်းပါနဲ့၊ အစကတည်းက ကိုစောနိုင်စကား ခံထားသားပဲ၊ ဒီသီချင်းဟာ ချစ်သူချင်းမှ ရှင်းပြလို့ရတဲ့ သီချင်းပါလို့"

စောစန္ဒာနွယ်က သူ့ကို ဆက်တိုက်သာ ထုသည်၊ သူက တဟဲဟဲနှင့် ရယ်၍ ငြိမ်ခံနေရ၏။

စောစန္ဒာနွယ် အားရအောင် ထုပြီးမှ သူက ဆိုသည်။

"တော်ပါတော့ အစောရယ်…အစော လက်ကလေးတွေ နာကုန်ပါဦးမယ်၊ ကဲ…နားထောင်နော် ကိုစောနိုင် ကောင်းကောင်းသီချင်း တစ်ပုဒ် တီးပြမယ်"

စောစန္ဒာနွယ်က မျက်စောင်းလေး ထိုးရင်း မှုန်မှုန်မူမူ ဆိုသည်။

"တော်ပါ…သူ့ သီချင်းဆို ကြောက်လွန်းလို့"

"တကယ်ပြောတာပါ အစောရယ်၊ တောင်ငူ နတ်သျှင်နောင် စပ်သွားတဲ့ အစော နာမည်ပါတဲ့ သီချင်းကို ကိုစောနိုင် တီးပြမယ်၊ နားထောင်နော်"

ကိုစောနိုင်သည် ကျွန်းလုံးသိမ်းကျုံး အစချီ သီချင်းခံ့ကြီးကို ဆိုတီးပြ၏။

"ယဉ်ရာယဉ်ဆုံး၊ နန်းလှိုင်ပွင့်လင်း၊ ဖြူပြာရောင်ခြင်း၊ ထွေထွေပင်သာ၊ မူယာပျောင်းပျ၊ နုတယ် နုတယ်…နုတယ်နှင့်သာ၊ များထောင်ပေါင်းစု၊ သိန်းသောင်းထောင်ရာ၊ ရွှေနန်းသာခေါင် ဆောင်ဆောင်ရာခြားနား၊ ဒေဝီစန္ဒာ သူဇာနှင့် တူယှိုးမှား၊ တူယှိုးမှား"

ကိုစောနိုင်သည် ပီယာနိုကို ရပ်လိုက်ပြီး စောစန္ဒာနွယ် ပုခုံးလေးကို ယုယစွာ ဆုပ်ကိုင်လိုက်၏။ မျက်နှာချင်းဆိုင်၍ သီချင်းကို ထပ်ရွတ်သည်။

www.foreverspace.com.mm

"ဒေဗီစန္ဒာ သူဇာနှင့် တူယိုးမှား... တူယိုးမှား"

ဤသို့ဆိုပြန်သော်...စောစန္ဒာနွယ်သည် သူ့လည်ပင်းကို သိုင်းဖက်၍ ပြုံးလို့ ရယ်လိုက်ရသည်။

မျက်နှာနှင့်လည်း ပြုံးလိုက်ရသည်။ မျက်လုံးနှင့်လည်း ပြုံးလိုက်ရသည်။ သြော်...အသည်းနှလုံးနှင့်လည်း ပြုံးလို့သာ ရယ်လိုက်ရပါ၏။

❒

ကိုစောနိုင်နှင့် စောစန္ဒာနွယ်တို့က လက်ထက်ခြင်းကို အကျဉ်းချုံး၍ ရုံး၌ လက်မှတ်ထိုးလျက် ပြီးလိုသည်။ စောခိုင်ဖကမူ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားလုပ်လို၏။ စောခိုင်ဖ၏စေတနာကို သိသဖြင့် ကိုစောနိုင်နှင့် စောစန္ဒာနွယ်တို့က အရှုံးပေးလိုက်သည်။

စိတ်အခန့်မသင့်သောကြောင့် အိမ်မှ ထွက်လာခဲ့မိသည်ဖြစ်သော်လည်း ဝတ္တရားရှိသည် ထင်သဖြင့် ကိုစောနိုင်သည် စောစန္ဒာနှင့် လက်ထက်တော့မည် အကြောင်းကို ဦးစိုးမောင်နှင့် ဒေါ်ငြိမ်းမယ်တို့ထံ စာရေးအကြောင်း ကြားလိုက်သည်။

စောစန္ဒာနွယ်နှင့် မနီးစပ်စေရန် ကန့်ကွက်ခဲ့သော သူ့ဘဘ၏ စကားများကို ကိုစောနိုင်သည် မေ့၍မဟုတ်။ သို့ရာတွင် စောစန္ဒာနွယ် ပြောခဲ့သကဲ့သို့ သူတစ်ပါးအတွက်တော့ အသက်မရှင်လို။ ကိုယ်နှင့်ကိုယ့်ချစ်သူ အတွက်သာ အသက်ရှင်တော့မည်။ ဤသည်ပင်လျှင် ဘဝ၏အဓိပ္ပာယ်ဖြစ်၍ ဤသည်ပင်လျှင် ဘဝ၏ အနှစ်သာရဟု ကိုစောနိုင် ထင်ခဲ့မိသည်။

နွေဝယ်မိုးရွာတတ်သော တောင်ကြီးမြို့၌ တိမ်ရိပ်တို့ဆင်ကာ မှိုင်းနေသော တစ်ညနေ၌ ကိုစောနိုင်၊ စောစန္ဒာနွယ်၊ စောခိုင်ဖနှင့် ကိုခင်ဦးလှိုင်တို့သည် ရှေ့ရေး နောက်ရေးတို့ကို ဆွေးနွေး တိုင်ပင်လျက် ရှိကြသည်။

ထိုစဉ် ခြံဝင်းအတွင်းသို့ ကားတစ်စီး အပြင်းမောင်းနှင် ဝင်လာ၏။

ကားပေါ်မှဆင်း၍ အိမ်တွင်းသို့ ဝင်လာသူ နှစ်ဦးကို တွေ့လိုက်ရချိန်၌ ကိုစောနိုင်နှင့် စောစန္ဒာနွယ်တို့မှာ ကြက်သေသေငေးမော ကြည့်မိကြသည်။

အိမ်တွင်းသို့ ဝင်လာသူများကား ဤအချိန် ဤအခါ ဤနေရာတွင် သူတို့ မည်သို့မျှမမျှော်လင့်သော ဦးစိုးမောင်နှင့် မြို့စားကြီး စောဆေးဟုန်တို့

www.foreverspace.com.mm

ပေတည်း။

ကိုစောနိုင်နှင့် စောစန္ဒာနွယ်တို့က ဘာပြောရမည်မသိ၊ ကြောင်ကြည့် နေကြသည်။ အကြောင်းကား ရင်ဘောင်တန်း ဝင်လာသော သူတို့နှစ်ယောက်၏ မျက်နှာကြီးများက ခက်ထန်နေကြသည်။ ခြေလှမ်းများက ပြင်း၍ ခန္ဓာကိုယ် များကလည်း တောင့်တင်း ခိုင်မာနေကြရကား သူတို့၏ အမူအယာသည် အိမ်တစ်အိမ်ကို အလည်ရောက်သူ ဆွေမျိုးညာတိများထက် စစ်သူကြီးများဟန် ပေါက်နေကြသည်။

စောခိုင်ဖက ရှေးဦးစွာ သတိဝင်၍ ယဉ်ကျေး တည်ငြိမ်စွာ ဖိတ်ခေါ်သည်။

"သြော်…ဦးရီးတော်၊ ဘယ်နှယ့် ဆင်းလာခဲ့သလဲ၊ ဟို…ဦးကတော့ …ကိုကြီးစောနိုင်ရဲ့ ဘဘနဲ့တူပါတယ်…၊ ထိုင်ကြပါ၊ အရေးတကြီး ဘာကိစ္စနဲ့ ရောက်လာကြတာလဲ"

အဘိုးကြီး နှစ်ဦးက မထိုင်။

စောဆေးဟုန်က စောခိုင်ဖအား စေ့စေ့ကြည့်၍ ဆိုသည်။

"တို့ ထိုင်ဖို့…မလိုပါဘူး၊ တို့ လာခဲ့တာ စာရင်းရှင်းဖို့လာခဲ့တာ"

အားလုံးသည် သူတို့နှစ်ဦးအား နားမလည်စွာ ကြည့်ကြ၏။ စောဆေးဟုန်က ဦးစိုးမောင်ဘက် လှည့်၍ဆိုသည်။

"ခွန်မှိုင်း…မင်း ရှင်းမလား… ငါ ရှင်းရမလား"

ခွန်မှိုင်းဟု အခေါ်ခံရသူ ဦးစိုးမောင်က မထို့တထိ ပြုံးလိုက်သည်။

"မလိုပါဘူး…၊ ဆေးဟုန်ရာ၊ မင်းကိစ္စ… မင်း ရှင်းပါ၊ ငါ့ကိစ္စ ငါ ရှင်းပါမယ်"

စောဆေးဟုန်ကလည်း "အေး ကြိုက်ပြီ၊ ငါ့ကိစ္စ ငါရှင်းမယ်" ဟုဆိုပြီး စောခိုင်ဖနှင့် စောစန္ဒာဘက်သို့ လှည့်ကြည့်ကာဆို၏။

"ခိုင်ဖရော…စန္ဒာရော…ငါ့ကို ဘေးချိတ်ပြီး ထင်တာလုပ်ကြမလို့ ပေါ့လေ၊ ဟောဒီ ခွန်မှိုင်းဆီက စာရလို့… ငါသိတာနဲ့ ရန်ကုန်ဆင်း သူနဲ့ တွေ့ပြီး အတူတက်လာခဲ့တာ၊ အေး…ငါပြောချင်တာကတော့ ရှင်းရှင်းလေး"

စောဆေးဟုန်သည် ကိုစောနိုင်ကို အလွန် မုန်းတီး ရွံရှာစွာကြည့်ပြီး လက်ညှိုးငေါက်ငေါက် ထိုး၍ ဆို၏။

"ဟို…ဒီ စောနိုင်ဆိုတဲ့ ငါ့သခင်ကို သတ်သွားတဲ့…ရန်သူရဲ့သားနဲ့ ငါ့တူမတော်ကို မပေးစားနိုင်ဘူး၊ ငါပြောချင်တာက ဒါပဲ"

သူ့စကားများသည် နွေရာသီ မိုးကောင်းကင်ထက်မှ ရုတ်တရက် ကျလာသော မိုးကြိုးသွားပမာ ဖြစ်သောကြောင့် ကျန်လူများမှာ ဘာပြန်ပြောရမှန်း မသိကြ၊ တစ်ခန်းလုံး ခေတ္တမှ ဆိတ်ငြိမ်သွား၏။ ဤဆိတ်ငြိမ်ခြင်းကို အက်ကွဲသော ရယ်သံကြီးတစ်ခုက ဖြိုဖျက်လိုက်၏။ ရယ်သူကား ဦးစိုးမောင် အမည်ခံ ခွန်မှိုင်းတည်း။

"ဟား… ဟား… ဟား… ဟား သူခိုးက လူလူ ဟစ်တယ် စောဆေးဟုန်ရာ၊ ဒီမှာဟေ့…ကလေးမ"

ဦးစိုးမောင်ခေါ် ခွန်မှိုင်းသည်လည်း စောစန္ဒာနွယ်ကို လက်ညှိုးထိုး၍ ဆို၏။

"စောစန္ဒာနွယ်…ဟုတ်လား…ကလေးမ၊ အေး ငါဟာ ရှမ်းစာဆိုတော်ကြီး စောနော်ခန်းရဲ့အနွယ်တော်ပဲ၊ မင်းအမေဟာ ငါ့နှမတစ်ဝမ်းကွဲမို့ မင်းဟာ ငါ့တူမပဲ၊ အေး…ဒါပေမဲ့ ငါ့နှမယောက်ျား မင်းအဖေစောမွန်ဖဟာ ကုလားဖြူ အင်္ဂလိပ်တွေ ကျွန်ခံပြီး အစ်ကိုရင်းဖြစ်တဲ့ ငါ့သခင် ဟောဒီ စောနိုင်ရဲ့ အဖေ တော်ဘုရား နော်မောင်ကို သတ်ခဲ့တယ်"

စောဆေးဟုန်၏ သဏ္ဌာန်သည် ကျားနှင့်တူ၏။ သူ့ကိုယ်သူ ခွန်မှိုင်းပါဟု ဝန်ခံနေသော ဦးစိုးမောင်ကား ခြင်္သေ့တစ်ကောင်ကဲ့သို့ ပိမိ ခက်ထန်နေ၏။

သူ့ဒေါသသည် စောစန္ဒာနွယ်ထံမှ ဦးလှည့်၍ စောဆေးဟုန်ထံ ပြောင်းပြီး အော်၏။

"ဟေ့ကောင်…ဆေးဟုန်၊ အင်္ဂလိပ် ကျွန်၊ မင်းသခင်ကို ငါ့သခင်က သတ်တာ သက်ထိုက်လို့သတ်တာ၊ ငါ့သခင်ကတော့ လူကို ချွေးသတ်ခံရတာ၊ သတ္တိမရှိဘဲ ကုလားစစ်ဘာရီတွေ အကူအညီယူတယ်။ ပြီးတော့ တော်ကြီးဖုရား ကိုတွင်မက ဟောဒီ စောနိုင် မအေ ငါ့အစ်မအရင်းလို ချစ်တဲ့ မဟာဒေဝီ စောမြတ်မွန်ကိုပါ ရက်ရက်စက်စက် ပစ်သက်သွားကြတယ်၊ ကျေမတဲ့လား ဆေးဟုန်ရာ…၊ ကမ္ဘာသာ ကျေမယ်ဟေ့၊ မင်းတို့ကိုတော့ ငါတစ်သက်မကျေဘူး၊ အေး…မင်း တူမကို ငါ့သခင်သားတော်က ယူရင် ငါရင်သော်လည်းကောင်း သူတို့ ရင်သော်လည်းကောင်း အသက်နဲ့ခန္ဓာ အိုးစားကွဲကြရမှာပဲ"

စောဆေးဟုန်၏ မျက်နှာကြီးသည် ပိမိ တင်းမာ ခက်ထန်သွား၏။

"ခွန်မှိုင်းရာ…မင်းသခင်သားဆိုတဲ့ စောနိုင်နဲ့ ငါ့တူမတော် ယူကြရင် မင်းတားကမှ နေးဦးမယ်၊ ငါ့တားက အရင် သွေးသောက်မယ်၊ မင်းက ဘာမှ

www.foreverspace.com.mm

ဝင်ပူနေစရာ မရှိဘူး”

စောစန္ဒာနွယ်က ကိုစောနိုင်အား ဝန်းဝန်းလည်နေသော မျက်လုံးလေးများဖြင့် ကြည့်ရှာသည်။ ကိုစောနိုင်ကလည်း စောစန္ဒာနွယ်ကို ပြန်၍သာကြည့်မိ၏။ ဘာမျှတော့ မဆိုနိုင်။

စောခိုင်ဖသည် လှုပ်ရှားလာပြီး အတန်ငယ် တုန်ယင်သော အသံဖြင့် ဆို၏။

“ဒီရာဇဝင်ကို ကျုပ် သိသင့်သမျှ သိပြီးပြီ၊ ဘာမှ ဆက်မပြောကြနဲ့တော့၊ ကျုပ်ပြောတာကိုသာ နားထောင်၊ ဦးစိုးမောင်ကိုတော့ ကျုပ် မပြောလိုဘူး၊ ဦးရီးတော်ကိုတော့ ကျွန်တော်ပြောချင်တယ်၊ တစ်ခုတော့ရှိတယ်…၊ တူတစ်ယောက်က ဦးရီးတော်ကို ပြောနေတာမဟုတ်ဘူး၊ စော်ဘွား တစ်ဦးအနေနဲ့ မြို့စားတစ်ဦးကို အမိန့်ပေးနေတာ၊ ဒီမှာ ဦးရီးတော်နားထောင်စမ်း၊ ဆွေးမြေ့ပုတ်သိုးနေတဲ့ ခင်ဗျားတို့ရာဇဝင်ကို ကျုပ် စိတ်မဝင်စားဘူး၊ ခင်ဗျား စိတ်ဝင်စားရမှာက ကျုပ် အခုပေးတဲ့အမိန့်ပဲ၊ အဲဒီအမိန့်က ရှင်းရှင်းပဲ၊ ကျုပ် အစ်မတော်ဟာ သူ့ချစ်သူကို သူ ယူရမယ်၊ ဘယ်သူမှ မနှောက်ယှက်ရဘူး၊ နားလည်လား ဦးရီးတော်”

စောဆေးဟုန်သည် ပါးစပ်ကြီးပြဲသွား၏။ သို့ရာတွင် ခဏ္ဍမှု မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ဆို၏။

“ခိုင်ဖ…မင်းက ငါ့ကို ဒီစကားဆိုသလား၊ ငါသာ မရှိရင် မင်းဟာ ဒီဟော်နန်းပေါ် တက်ဖို့မပြောနဲ့…စောခွန်ကြာတို့ လက်ချက်နဲ့ ငယ်ငယ်ကတည်းက အသက်ထွက်ပြီးပြီ၊ စင်စစ် မင်းဟာ စောစန္ဒာရဲ့အဖေ…ငါ့သခင်ရဲ့ မြောက်နန်းက မွေးလာတဲ့ သားရဲ့သား၊ မင်းက အခုစော်ဘွားဖြစ်စရှိသေးတယ်၊ ငါ့ကို တော်လှန်မလို့ပေါ့လေ ဟုတ်လား၊ အေး…တို့အခု ရင်ဆိုင်နေရတဲ့ အရေးတော်ပုံကို မင်းအသိဆုံးပဲ၊ စော်ဘွားတစ်ယောက်အနေနဲ့ အာဏာရှိတယ်ဆိုပြီး မင်းလုပ်ချင်တာလုပ်နိုင်တယ်၊ ဒါပေမယ့် ဒီအရေးတော်ပုံမှာ မင်းနဲ့ငါနဲ့ လမ်းခွဲကြရမယ်၊ တို့နယ်မှာလည်း သွေးချောင်းစီးစေရမယ်၊ ရှမ်းပြည်နယ်ကြီးမှာလည်း သွေးချောင်းစီးစေရမယ်”

စောခိုင်ဖ၏ တစ်ကိုယ်လုံးသည် တုန်လှုပ်သွားသည်။ သူသည် အံကြိတ်လိုက်ပြီး လက်ခုပ်တီးလိုက်၏။

အခြေအနေကို ကြားသိပြီး၍ အဆင်သင့် ဖြစ်နေဟန်တူသူ ကိုယ်ရံတော်

www.foreverspace.com.mm

အမှုထမ်းလေးဦးက လက်နက်အစုံအညီနှင့် ပေါ်ထွက်လာသည်။

စောဆေးဟုန်သည် သူ့ခါးကြားမှ ဓားမြှောင်ကြီးကို ဆွဲထုတ်လိုက်ပြီး နံရံကို ကျောပေးကပ်လိုက်သည်။ သူ့နည်းတူစွာ ခွန်မှိုင်းခေါ် ဦးစိုးမောင်ကလည်း ခါးကြားမှ ခြောက်လုံးပြူးတစ်လက်ကို ဆွဲထုတ်လိုက်၏။

အခြေအနေသည် ရုတ်ခြည်း မမျှော်လင့်စွာ တင်းမာကုန်ကြ၏။

ယခုအချိန်အထိ ကုလားထိုင်တစ်လုံးထက်မှ ဖြစ်သမျှကို ရုပ်ရှင်ဇာတ်လမ်းကောင်းတစ်ခုပမာ အေးအေးဆေးဆေးထိုင်ကြည့်နေသော ကိုခင်ဦးလှိုင်သည် နေရာမှ ထလိုက်၏။

သူ့ဟန်အမူအရာက အထူးအေးဆေး တည်ငြိမ်နေ၏။ သူ့လေသံကလည်း ကထိကတစ်ဦးပီပီ ပြတ်သား ရှင်းလင်းနေသည်။

"ခင်ဗျားတို့အားလုံး ဘာဖြစ်နေကြတယ်ဆိုတာ ကျွန်တော် မသိဘူး၊ ကျွန်တော်သိတာက ခင်ဗျားတို့အားလုံး ဒေါသသိပ်ကြီးနေတယ်၊ အေးအေးဆေးဆေး ပြောရမယ့်စကားကို အေးအေးဆေးဆေး ပြောကြရင် ကောင်းမယ်လို့ ထင်တယ်၊ ဒီနေရာမှာ ခင်ဗျားတို့ရဲ့ လက်နက်တွေ စကားမပြောကြပါနဲ့ဦး၊ ကာယကံရှင် ကိုစောနိုင်နဲ့ စောစန္ဒာနွယ်တို့ကိုလဲ စကားပြောခွင့် ပြုကြဦးမှပေါ့၊ ဒီမှာ ဟင်နရီ···မင်းရဲ့ ကိုယ်ရံတော်တွေကို ပြန်ထွက်သွားပါစေ၊ ဦးတို့ကလဲ ဦးတို့ လက်နက်တွေ ပြန်သိမ်းလိုက်ပါ"

ကိုခင်ဦးလှိုင်၏ စကားသည် စောခိုင်ကို သတိဝင်စေဟန်တူသည်။

စောခိုင်ဖသည် ခေါင်းငဲ့အချက်ပြလိုက်သောကြောင့် ကိုယ်ရံတော်များ ထွက်သွားကြသည်။

ခွန်မှိုင်းခေါ် ဦးစိုးမောင်နှင့် စောဆေးဟုန်တို့ကလည်း သူတို့လက်နက်များကို သိမ်းလိုက်ကြ၏။

ကိုခင်ဦးလှိုင်သည် အလွန်သဘောကျဟန် ဟက်ဟက်ပက်ပက် ရယ်သည်။

"အဲဒီလိုလဲ ဖြစ်ကြဦးမှာပေါ့ဗျာ၊ နို့မို့ဖြစ်ရင် ဘယ်ကစ စကားပြောကြရမှာလဲ၊ ကိုင်း···ကိုစောနိုင်၊ ဘာဖြစ်လို့ ငိုင်နေရတာလဲ၊ ယောကျ်ားပဲဗျ၊ သေတစ်နေ့ မွေးတစ်နေ့ပေါ့၊ ခံစရာရှိ ခံမယ်···စံစရာရှိ စံမယ်၊ အရမ်းတော့ မခံနဲ့ မစံနဲ့၊ ပညာတွေ ဒီလောက်အထိ သင်ထားတဲ့ ခင်ဗျားတို့ ကျုပ်တို့ ဘဝက အရမ်းခံ အရမ်းစံဖို့ မဟုတ်ဘူး"

ကိုခင်ဦးလှိုင်၏ သတိပေးသံကြားမှ ကိုစောနိုင်သည် လှုပ်ရှားလာ၏။ သူသည် ဦးစိုးမောင်အား လှမ်းကြည့်၍ သူ့ပင်ကိုသဘာဝ အေးချမ်းသောအသံဖြင့် မေး၏။

"ဘဘရယ်…ကျွန်တော့်အတွက်တော့ ကြားရတာတွေဟာ ယုံစရာ တစ်ခုမှမရှိဘူး၊ ကျွန်တော့်ကို တစ်ခွန်းတည်းပဲဖြေပါ ဘဘ၊ ကျွန်တော်ဟာ ဘယ်သူလဲ"

ဦးစိုးမောင်၏ မျက်နှာကြီးသည် မှုန်မှိုင်း ညိုမည်းသွားသည်။ ပြောသော သူ့အသံမှာလည်း တုန်ရင် အက်ကွဲနေ၏။

"လူကလေး…၊လူကလေးကို လက်ပေါ်မှာ မွေးခဲ့ရတာမို့ လူကလေး လူကလေးနဲ့ ဘဘခေါ်နေရပေမဲ့ စင်စစ်ကတော့ လူကလေးဟာ ဘဘအရှင်သခင်ရဲ့ သားတော်ပဲ၊ လူကလေးတို့ မျိုးရိုးဟာ အင်္ဂလိပ်ကို ဘယ်တုန်းကမှ သူ့ကျွန် မခံခဲ့ပါဘူး၊ ဒါကြောင့်လည်း ဟော်နန်းကို လက်လွှတ်ဆုံးရှုံးခဲ့ရတာပဲ၊ လူကလေး အခါလည်အရွယ် ဆရာစံသူပုန်ထတုန်းက မင်း ခမည်းတော်က ကုလားဖြူတွေကို ခံတိုက်ခဲ့တယ်၊ ကုလားဖြူ ဩဇာခံ စောမွန်ဖတို့ရဲ့ တပ်တွေ လက်ချက်နဲ့ ကျည်သင့်ပြီး ဆုံးသွားခဲ့ရတယ်ကွယ်၊ လူကလေး ခမည်းတော်တွင် မကဘူး မယ်တော်ကိုပါ ကျည်သင့်ခဲ့တယ်၊ မင်း မေမြင့်မိမ်းလို့ခေါ်တဲ့ နန်းသီတာနဲ့ ဘဘဟာ လူကလေးနဲ့ လူကလေးရဲ့ မယ်တော်ကိုပွေ့ပြီး တောလမ်းခရီးကြမ်းမှာ ခြေဦးတည့်ရာ အရမ်းထွက်ပြေးခဲ့ရတယ်၊ လွယ်မွေတောင်တန်း တစ်နေရာမှာ မင်း မယ်တော်ဟာ မင်းကို နောက်ဆုံးနမ်းပြီး အသက်ကုန်သွားခဲ့ရတယ်၊ ဘဘနဲ့ မင်းမေမြင့်မိမ်းဟာ လူကလေး ငယ်ငယ်ကို ရင်မှာပွေ့ပြီးသောင်ပြင် လွှတ်တဲ့ခွေးတွေလို တစ်တောဝင်တစ်တောင်ထွက်နဲ့ ပြေးခဲ့ကြရတယ်၊ မိုးကုတ် ရောက်တော့ မင်းရဲ့မယ်တော် ခမည်းတော်တို့ရဲ့ ကျေးဇူးမကင်းတဲ့ ကြီးငွေ တို့ဆီမှာ သုံးနှစ်ကျော် ခိုလှုံခဲ့ရတယ်၊ မင်းမယ်တော် နောက်ဆုံးမှာသွားတဲ့ စကားက ဒီအမျိုး ပျောက်ပါစေ…တဲ့၊ မင်းကို ဂီတဆရာကြီး တစ်ဦးသာ ဖြစ်ပါစေတဲ့၊ အဲ့ဒီအမိန့်ကို ဦးထက်ပန်ဆင်ပြီး ဘဘ ဆောင်ရွက်ခဲ့တယ်၊ ဒီတော့ ဒီအမျိုးထဲတော့ ပြန်မဝင်ပါနဲ့ သားရယ်၊ သားပြန်ဝင်မယ်ဆိုရင်တော့ သားတို့ လက်ထက်ပွဲမှာ ရေစင်နဲ့ ဘိသိတ်မသွန်းပါနဲ့၊ ဘဘရဲ့ နှလုံးသွေးနဲ့ပဲ မင်းတို့ရဲ့ လက်တွေကို ဖျန်းကြပါ"

ကိုစောနိုင်သည် ခေါင်းငိုက်ကျသွားသည်။ အတန်ကြီး ကြာမှ ရင်ကိုကော့၊

www.foreverspace.com.mm

ခေါင်းကိုမော့၍ အားတင်းဆိုသည်။

"ကောင်းပါပြီ ဘဘရယ်…။ ဘဘတို့ စိတ်ချမ်းသောအောင် ဖြစ်စေရပါမယ်၊ ဒါပေမဲ့ အစောနဲ့ ကျွန်တော်ကို တိုင်ပင်ခွင့်ပေးပါ၊ ကျွန်တော်တို့ တိုင်ပင်ကြပြီးတဲ့ နောက် ဘဘတို့ မကျေနပ်ရင် ဘဘတို့ထင်တာ လုပ်နိုင်ပါတယ်"

ကိုစောနိုင်သည် မျက်နှာကို လက်ဝါးလေးဖြင့် အုပ်လျက် ရှိုက်ငိုနေသော စောစန္ဒာနွယ် ပုခုံလေးထက် သူ့လက်တစ်ဖက်ကို ယုယစွာတင်ပြီး ခေါ်သည်။

"လာပါ၊ အစောရယ်…ငိုမနေပါနဲ့တော့၊ ဒီကိစ္စကြီးကို အဆုံးအဖြတ်ပေးနိုင်တာက အစောနဲ့ကိုစောနိုင်ပါ၊ ဒီတော့ အစော ကိုစောနိုင်နဲ့ လိုက်ခဲ့ပါ"

စောစန္ဒာနွယ်သည် မငြင်းမဆန်ဘဲ သူဆွဲခေါ်ရာသို့လိုက်ပါလာခဲ့၏။

ခြံတွင်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် သူ့ခါးကိုဖက်ကာ သူ့ရင်တွင် မျက်နှာအပ်၍ စောစန္ဒာနွယ်သည် ချုံးပွဲချ ငိုရှာတော့၏။

သူကလည်း ဘာမျှမဆိုနိုင်၊ စောစန္ဒာနွယ်၏ ဦးခေါင်းကလေးကို ပွတ်သပ်ရင်း ငြိမ်နေမိ၏။

အတန်ကြာမှ သူက နာကြည်းကြေကွဲစွာဆိုသည်။

"အပြီးသတ်ကျတော့ အစောရဲ့ ဖေဖေကို …ကိုစောနိုင်ရဲ့ ဖေဖေက သတ်ခဲ့တယ်၊ ကိုစောနိုင်ရဲ့ ဖေဖေနဲ့ မေမေကိုလည်း အစောတို့ ဖေ့ဖေ့လူတွေက သတ်ခဲ့ကြတယ်၊ ဒါတွေ မသိရင် ကောင်းမှာပဲ အစောရယ်၊ ဒါပေမဲ့…အခုတော့ သိကုန်ကြရပြီ၊ အစော ကိုစောနိုင်ကို ချစ်နိုင်သေးရဲ့လား"

စောစန္ဒာနွယ်က မဖြေ၊ သူ့ရင်ခွင်တွင် ခေါင်းအပ်၍သာ တရှုံ့ရှုံ့ငိုနေ၏။

"မငိုပါနဲ့ အစောရယ်၊ ငိုနေလို့လဲ ကိစ္စကပြီးမှာ မဟုတ်ပါဘူး၊ ဒီ ရာဇဝင်ကြီးကို အစောကကိုစောနိုင်ထက် ပိုသိမယ်ထင်တယ်၊ အစော သဘောကိုသာ ပြောပါ၊ အစော ပြောရာကိုသာ ကိုစောနိုင် လိုက်လျောပါ့မယ်"

စောစန္ဒာနွယ်သည် သူ့ရင်ခွင်မှ မျက်နှာကို ခွာကာ သူ့ကို မျက်ရည်လည်ရွဲနှင့် မော့ကြည့်သည်။

"အစော…"

"ကိုစောနိုင်…"

"အစောရယ်… ကိုစောနိုင်ကို ဒီလိုတော့ ကြည့်မနေပါနဲ့၊ ကိုစောနိုင် ဘာလုပ်ရမလဲ၊ အစောရော ဘာလုပ်မလဲ၊ ပြောပါ အစောရဲ့…၊ ကိုစောနိုင်ကို

အစော ပြောစမ်းပါ”

စောစန္ဒာနွယ်သည် အံကိုကြိတ်၍ အားတင်းပြီးဆို၏။

“အစော ဖေဖေ့ကို သတ်သွားတဲ့ လူကို အစော တစ်သက် မကျေခဲ့ဘူး၊ ဒါပေမဲ့ ဒီလူဟာ ကိုစောနိုင်ရဲ့ ခမည်းတော် ဖြစ်နေတော့ အစော ဘာပြောရတော့မလဲ…ဟင်၊ ပြီးတော့ အစော ဘာလုပ်ရမလဲ”

“ကိုစောနိုင် မဖြေနိုင်၊ သူ့ရင်မှာ ပူလောင်၍ ဆို့နင့်နေသည်။ အသက်နှင့်ထပ်တူချစ်သောချစ်သူသည် အသက်သွေးနှင့်စတေးကာ ရာဇဝင်ကြွေး ဆပ်ရတော့မည့် ရန်သူပမာ ဖြစ်နေတော့၏။

သူသည် ရှိသမျှ အားတို့ကို ယူကျုံး၍ စောစန္ဒာနွယ်၏ ကိုယ်လေးကို မချင့်မရဲ ပွေ့ဖက်ကာ ကိုင်လှုပ်ဆိုသည်။

“ကိုစောနိုင်ကို မေးမနေနဲ့တော့ အစောရယ်၊ အစောက ဖြေရမယ့်သူပါ၊ ကိုစောနိုင်ကို ဖြေစမ်းပါဦး”

စောစန္ဒာနွယ်သည် ရှိုက်ငိုခြင်းကို တင်းဆည်၍ သူ့ကို မော့ကြည့်သည်။

“အစော ဘာကို ဖြေရမှာလဲ”

“အစော ဖြေရမှာက ရှင်းပါတယ်၊ ကိုစောနိုင်ကို အစောခွင့်လွှတ်နိုင်သလား”

“ဘာဖြစ်လို့ ဒီမေးခွန်းကို မေးရတာလဲကိုစောနိုင်၊ ဒါဖြင့် အစော ပြန်မေးမယ်၊ ကိုစောနိုင်ကရော အစောကို ခွင့်လွှတ်နိုင်လို့လား”

“အစောရယ်…ချစ်မိပြီဆိုတဲ့နောက် ကိုစောနိုင် ဘာကိုမှလဲ မမြင်ပါဘူး၊ ဘာကိုမှလဲ မတွက်ပါဘူး၊ ကိုစောနိုင် မြင်တာကတော့ အစောကိုပဲ၊ ကိုစောနိုင် တွက်တာကတော့ အစောရဲ့ စိတ်ချမ်းသာမှုပဲ”

“ဒါပေမဲ့ ခုအတိုင်းဆိုတော့ ကိုစောနိုင်ရော အစောရော စိတ်ချမ်းသာနိုင်ကြပါမလား၊ ကိုစောနိုင်တို့ အစောတို့က ထင်တာကို စွတ်လုပ်တယ်ထား၊ ကိုစောနိုင်ရဲ့ဘဘနဲ့ အစောရဲ့ဦးရီးတော်တို့ ဘာဖြစ်ကုန်ကြမလဲ၊ ဒါကိုလည်း ထည့်တွက်ရလိမ့်မယ်ထင်တယ် ကိုစောနိုင်”

စောစန္ဒာနွယ်၏ စကားသည် ပူလောင်သောသူ့ရင်ကိုလွှန်၍အသိဉာဏ်ကို သတိပေး နှိုးဆော်၏။

သူသည် စောစန္ဒာနွယ်၏ လက်ကလေးကို ရင်ဆီ ဆွဲယူပွေ့ပိုက်လိုက်ပြီး မေး၏။

www.foreverspace.com.mm

"အစောက ကိုစောနိုင်ကို အတိတ်စိမ်း ပေးတယ်၊ အတိတ်စိမ်း ပေးတယ်နဲ့ ပြောခဲ့တဲ့ စကားတွေ ရှိတယ်၊ အဲဒီ စကားတွေရဲ့ အဓိပ္ပာယ်ဟာ ဘာပါလဲအစော၊ ပြီးတော့ စောစောတုန်းက အစောရဲ့ဦးရီးတော်က ရှမ်းပြည်မှာ အေးချမ်းသာယာခြင်းသွားမယ်လို့ ကြိမ်းခဲ့တယ်၊ ဒီစကားရဲ့ အဓိပ္ပာယ်ကလည်း ဘာပါလဲအစော"

စောစန္ဒာနွယ်သည် ငိုင်ကျသွား၏။ အံလေးကို ကြိတ်ပြီး စိတ်မာန်ကို တင်းယူနေရရှာပုံ ရ၏။

စကားပြောနိုင်သောအခါ၌ မျက်နှာလေးက အထူး တည်ကြည်နေသည်။ အသံလေး၌ ကြေကွဲမှုပါသော်လည်း တုန်ယင်ခြင်း မရှိတော့။

"ကောင်းပါပြီ ကိုစောနိုင်ရယ်၊ အစောမှန်တာကို တည့်တည့်ပဲ ပြောပြပါ တော့မယ်၊ အစောတို့ ရှမ်းပြည်ရဲ့ နိုင်ငံရေးက သိပ်ရှုပ်နေတယ်၊ အိန္ဒိယပြည်က မဟာရာဇာတွေတောင် အာဏာစွန့်ခဲ့ရတာမို့ ရှမ်းပြည်စော်ဘွားတွေလည်း အာဏာ စွန့်ရဖို့ နီးကပ်လာပြီ၊ ဒါကိုသိတဲ့ စော်ဘွား တစ်ချို့က နိုင်ငံခြား တိုင်းပြည်ကြီး တစ်ပြည် အားကိုးနဲ့ ရှမ်းပြည်ကို မြန်မာပြည်ထောင်စုကြီးထဲက ခွဲထွက်ဖို့ ကြံနေကြတယ်၊ အဲဒီစီမံကိန်းကို ဆန့်ကျင်တဲ့ သူတွေကလည်း ဆန့်ကျင်နေကြတယ်၊ ဆန့်ကျင်နေတဲ့ သူတွေထဲမှာ ဦးရီးတော်နဲ့ အစောတို့က ထိပ်ကပါတယ်၊ စောခွန်ကြာဆိုတဲ့ လူကတော့ လက်ရှိ ရှမ်းပြည်နယ်အစိုးရရဲ့ အရာရှိကြီးတစ်ဦးပဲ အစောတို့နယ်ရဲ့ ရင်ခွင်ပိုက် အာဏာပိုင်လည်း ဖြစ်ခဲ့တယ်၊ သူက ရှမ်းပြည်နယ်ကြီးကို ပြည်ထောင်စုက ခွဲထုတ်ဖို့ ကြံနေတဲ့ ဂိုဏ်းက အရေးပါ အရာရောက်ဆုံး ခေါင်းဆောင်တစ်ဦးပဲ၊ ဦးရီးတော်နဲ့ အစောတို့ရဲ့ အကြံအစည်မှာ ပထမအဆင့်က အစောတို့နယ်ကို စောခွန်ကြာလက်ထဲ မအပ်ဘဲ ဟင်နရီကို တရားဝင် စော်ဘွားအဖြစ် တင်မြှောက်ရေးပဲ၊ အဲဒီအဆင့်ကတော့ အစောတို့ အောင်မြင်ခဲ့တယ်၊ နောက်တစ်ဆင့်က ဟင်နရီကတစ်ဆင့် တိုးတက်တဲ့ စော်ဘွားတွေနဲ့ အတူပြည်သူတွေကို စည်းရုံးပြီး ပြည်ထောင်စု ခိုင်မြဲရေးကို ဦးတည် ဆောင်ရွက်ကြဖို့ပဲ၊ အဲဒီ ရည်ရွယ်ချက်ကြီး အောင်မြင်အောင် အစောဟာ အစောကိုယ်ကို စောခွန်ကြာရဲ့ ရင်ခွင်မှာ စတေးတော့မယ်လို့ ဆုံးဖြတ်မိခဲ့တယ်၊ ဒါပေမဲ့ ခက်တာက စောခွန်ကြာဟာ အစောတို့ကို မယုံတော့ဘူး၊ ဟင်နရီကလည်း သူမှန်တယ် ထင်တာကို စွတ်လုပ်နေတယ်၊ ဒါပေမဲ့ ဟင်နရီတို့စောတို့နဲ့အတူ ဦးရီးတော်ရှိနေသမျှ သိပ်ပြီး ပူပန်စရာမရှိဘူး၊

www.foreverspace.com.mm

အခုတော့ဦးရှီးတော်ကလည်း အစောတို့နဲ့ခွဲပြီး စောခွန်ကြာတို့နဲ့ ပေါင်းမယ်လို့ ခြိမ်းခြောက်ခဲ့ပြီ၊ ရှမ်းပြည်နယ်မှာ သွေးချောင်းစီးရမယ်ဆိုတဲ့ ဦးရှီးတော်ရဲ့ ကြုံးဝါးချက်ရဲ့ အဓိပ္ပာယ်က ဒါပါပဲ ကိုစောနိုင်”

ရှည်လျားသော စောစန္ဒာနွယ်၏စကားအဆုံး၌ ကိုစောနိုင်သည် အကြောင်းခြင်းရာ အလုံးစုံကို ကုန်ကုန်နားလည် သိမြင်သွား၏။

သူသည် ထင်းရှူးပင်ပျိုတစ်ပင်၏ပင်စည်ကို လက်ထောက်ပြီး အားတင်းလျက် စဉ်းစားသည်။

သူ့ခေါင်းတွင်း၌ ချစ်ခြင်းမေတ္တာ၊ မာနတရား၊ ဒေါသမုန်တိုင်းတို့ စုပြုံတိုက်ခိုက် ရုန်းကန်နေကြသည်။

အဖြေကို ရှာသည်။ ဤအဖြေသည် သွေးအသက်လည်း မည်၏။ သို့မဟုတ် အသည်းနှလုံးလည်း မည်၏။

နောက်ဆုံး၌မူ သူက ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ပြီး စောစန္ဒာနွယ်၏မျက်နှာကလေးကို သူ့ လက်ဝါးနှစ်ဖက်ဖြင့် ပွေ့ယူပင့်မပြီး တည်ငြိမ်စွာ ဆို၏။

“ကိုစောနိုင် ဘာလုပ်ရမယ်ဆိုတာကို သိပါပြီ အစောရယ်၊ အစောကို မငိုပါနဲ့လို့ ကိုစောနိုင် မပြောတော့ပါဘူး၊ ငိုပါ အစောရယ် ငိုပါ၊ ကိုစောနိုင်လည်း ငိုရပါတော့မယ်၊ ဒါပေမဲ့ ဘယ်သူ့အသက်သွေးမှ မြေမကျကြပါစေနဲ့၊ ဘယ်သူ့ သွေးတွေမှလည်း ချောင်းမစီးကြပါစေနဲ့တော့၊ အစောနဲ့ ကိုစောနိုင်ရဲ့ မျက်ရည်တွေသာ ချောင်းစီးပါစေ၊ အစောနဲ့ ကိုစောနိုင်ရဲ့ မျက်ရည်တွေ ချောင်းစီးရသမျှ သူတို့တစ်တွေ ချမ်းသာကြပါစေ၊ ရွှင်လန်းကြပါစေ၊ အောင်မြင်ကြပါစေ၊ ဒီဆုကိုပဲတောင်းခဲ့တယ် အစောရေ”

ကိုစောနိုင်သည် ခြံတွင်း၌ စောစန္ဒာနွယ်ကို ထားရစ်ကာ ဟော်အတွင်း သူ့ကို စောင့်မျှော်နေသည့် ဦးစိုးမောင်၊ စောဆေးဟုန်နှင့် စောခိုင်ဖတို့ဆီ ထွက်သွားသည်။

အိပ်မက်ကား ဆုံးလေချေပြီ။

❐

နောက်တစ်နေ့ နံနက်၌ စကိုဒါကားငယ်သည် စက်နိုးလျက် ပြေးအံ့သော မြင်းကဲ့သို့ အဆင်သင့် ဖြစ်နေ၏။

www.foreverspace.com.mm

နှုတ်ဆက်လာသော စောသုနန္ဒာကို ဝတ်ကျေတန်းကျေ တုံ့ပြန်လေသော်လည်း စတီယာရင်ကို ကိုင်ရင်း မောင်းသူထိုင်ခုံ၌ရှိနေသူ ကိုခင်ဦးလှိုင်၏ မျက်နှာကား မှုန်မှုန်မှိုင်းမှိုင်း တင်းတင်းမာမာ ရှိနေ၏။

ကားနောက်ခန်း၌ ဦးစိုးမောင်က ကျောက်ရုပ်အသွင် မတုန်မလှုပ် ထိုင်နေ၏။ သူ့ဘေးရှိ မိုးလှိုင်ကလည်း စကားမဆို၊ မျက်နှာညိုညိုနှင့် ဘာကို အတွေးနက်နေသည်မသိ။

ဟော်အတွင်း၌မူ ကိုစောနိုင်က တည်ငြိမ်ခံ့ညားစွာရပ်နေသည်။

သူသည် စောခိုင်ဖနှင့်လည်းကောင်း၊ စောဆေးဟုန်နှင့်လည်းကောင်း၊ ဣန္ဒြေမပျက် လက်ဆွဲနှုတ်ဆက်နိုင်သည်။

စောစန္ဒာနွယ် ထွက်လာသောအခါ၌မူကား တင်းဆည်ထားသော သူ့ဣန္ဒြေတာရိုး ကျိုးခဲ့ရလေသည်။

တစ်ခါတုန်းကကဲ့သို့ပင် စောစန္ဒာနွယ်က သူ့ခြေရင်း ကြမ်းပြင်တွင် ပုဆစ်တုပ်ကာ ကန်တော့ရှာ၏။ တစ်ခါတုန်းကကဲ့သို့ပင် စောစန္ဒာနွယ်၏ မျက်လုံးများမှ မျက်ရည်များ အတောမသတ် စီးကျနေသည်။

မျက်ရည်လည်ရွဲနှင့်ပင် အစောက သူ့ကို နှုတ်ဆက်သည်။

"ကိုစောနိုင်ကို အစော ကန်တော့လိုက်တယ်၊ တစ်ချိန်တုန်းကတော့ ကိုစောနိုင်ကို အစ်ကိုပမာ သဘောထားပြီး၊ အစောကန်တော့ခဲ့ရတယ်၊ အခုတော့ အစော...အစောရဲ့ မောင်ဘုရားအစစ်ကို နောက်ဆုံးအနေနဲ့ ကန်တော့လိုက်ပါတယ်၊ အစောမှာရှိတဲ့ အပြစ်တွေကို ခွင့်လွှတ်ပါ"

သူက စောစန္ဒာနွယ်ကို တစ်ချက် ငေးစိုက်ကြည့်သည်။

ခွဲရတော့မည်။ ခွဲရတော့မည် ဆိုသော အသိက သူ့ရင်ကို ဆို့နင့်နာကျင်စေသည်။

သူ့မျက်လုံးများမှ မျက်ရည်ပေါက်များ ကျဆင်းလာသည်ကို ချစ်လှစွာသော အစောမမြင်မီ သူက ကျောခိုင်းလျက် ဟော်အတွင်းမှ ကားဆီသို့ ပြေးထွက်လာခဲ့ရပေသတည်း။

❐ ❐ ❐

www.foreverspace.com.mm

## ၁၅။ သံသာလေကမ်းတိုင်

လွမ်းတေးကို မဆုံးစေနဲ့တော့ ကမ္ဘောဇ…စောသခင်၊ မြစ်မင်း သံလွင် ပမာပုံခိုင်း၊ အစောတို့တိုင်း၊ တောညိုညိုမှိုင်းလို့၊ မောမြေခုံလှိုင်း၊ နှင်းမြူဆိုင်းတဲ့ တောင်ရိုင်းဖွေတစ်ခွင်၊ စီးယှဉ်ခွေပတ် နဒီမြတ် အဟုန် သွင်သွင်၊ သံသာလေ သောင်ငွေဦး၊ သမုဒ္ဒသနယ်စွန်…ကမ်းဟိုဆီ ကူးလေထိ၊ ပျံ့ပျူးကြိုင်လျှမ်း၊ မြရည်စမ်းသို့ပင်၊ ဇွေသွန်းလေမယ့်… မောင့်ရဲ့ မေတ္တာရေလျှဉ်၊ ဖျန်းပက် သန့်စင်၊ သစ္စာမြေနန်း၊ အသည်းမဟီ စခန်းက မြတ်ပန်းဂီတ တေးမုံလှုကို ယုယရစ်တော့ ထာဝစဉ် စော… သ…ခင်။

ချစ်ထီးပလ္လင်၊ ဘုံပျံဦး ဒေဝီမှူးလို့…မှတ်ယုံရှုယ်ထင်၊ မောင့် မေတ္တာ မကိုဋ်တော်ဝင်၊ ရွှေစင်မင်းကို၊ မြဆင်းသန်းမှောင်၊ ပိတုန်းတောင် ကေသျှောင်ဝင်း…ထက်၊ ရွက်ဆောင်ယူဆင်ရန် ခက်သည့် စောသက် မောင့်သခင်…မောင့်…အသက် စောသခင်၊ အိပ်မက်တစ်ည ဘဝထိုစဉ်၊ လွမ်းမကုန်ရုံသာ… ဆန်းစုံကြုံလာ၊ ဘုံမာယာဇာချဲ့၊ ကြမ္မာဇည့်သည် ယာယီထွင်၊ အပြစ်တော့ဖြင့်…စောအတွက် မောင်မတင်၊ အပြစ်တော့ဖြင့် စောအတွက် မောင်မတင်၊ စခန်းဝေးခဲ့သည်တွင် လွမ်းတေးကိုသာ မဆုံး…စေနဲ့တော့…၊လှကြေးမှုံင် စိန်မှုန်နှစ်…လို၊ ဘုန်း…ချစ်ရ နည်းတဲ့ ကမ္ဘောဇ…စော…သခင်”

မေတ္တာစေကျွန်အဖြစ်မှ အသည်းနင့်နင့် ရှောင်ခွာပြေးခဲ့ရသူ ကိုစောနိုင် သည် ကိုခင်ဦးလှိုင်၏ အိမ်တွင်နေရင်း မိုးလှိုင်နှင့်အတူ သစ္စာဝန်ကို ကျေပွန်စွာ ထမ်းသွားသည်။

ပြည်ထောင်စု၏ အနုပညာမြို့တော်ဖြစ်သော မန္တလေးတွင် သူက သူ၏ “ညောင်ရွက်တေးသံ”“အတွက် လိုအပ်သမျှ ကကြိုးကကွက်တို့ကို သင်္ကေတ

မှတ်ယူ ရေးသည်။

ရင်မှ ဆွေးသမျှတို့ကိုလည်း တေးဖွဲ့၍ သီသွားရှာ၏။ အထက်ပါ "လွမ်းတေးမဆုံးစေနှင့် စောသခင်" သီချင်းကား သူ နိုင်ငံခြားသို့ ထွက်ခွာမသွားမီ နောက်ဆုံး ချန်ထားခဲ့သည့် သီချင်းဖြစ်၏။

နှစ်၊ လ၊ ရက်တွေ ရှည်ကြာခဲ့ပြီ။

ဤရှည်ကြာသော နှစ်လရက်များအတွင်း ပြည်ထောင်စုကြီးနှင့်အတူ ကိုစောနိုင်၏ ချစ်လှစွာသော တောညိုညိုမြိုင်းသည့် အစောတို့တိုင်းသည် အမျိုးမျိုး အဖုံဖုံ ပြောင်းလဲခဲ့ရပြီးပြီ။

ဘုံပျံနေနန်း ပြင်လမ်းစံကွန့်သည်သို့ ရှမ်းပြည်နယ်တစ်ခွင်ဝယ် နေတစ်ဆူ လုတစ်ဆူ မင်းမူခဲ့သော ပဒေသရာဇ်စနစ်ကြီးသည်လည်း ပျောက်ကွယ်ပျက်သုဉ်း ပြီးခဲ့ရလေပြီ။ သို့ရာတွင် ရှမ်းတို့မြေ၌ ပဒေသရာဇ်စနစ်မှ ချွင်းချန်ခဲ့သော ဒဏ်ရာဒဏ်ချက်များကား မပျောက်တတ်သေး။ ထိုနည်းတူစွာ စနစ်ဟောင်း၊ အကြောင်းကံကြွေးကို စောစန္ဒာနွယ်နှင့် ကိုစောနိုင်တို့မှာလည်း တစ်ယောက် တစ်မြေ တစ်ပြည်စီဝေး၍ အလွမ်းနှင့်ပင် ပေးဆပ်နေရဆဲ ဖြစ်သည်။

ချစ်လျှင်မဝေး၊ မမုန်းလျှင် နီးကြသည်ဟု ဆိုရပါမူ မေတ္တာနိုင်ငံ၌ စောစန္ဒာနွယ်နှင့် ကိုစောနိုင်တို့ အတူတကွ ရှိနေကြသည်ဟု မိုးလှိုင်နှင့်ကိုခင်ဦးလှိုင် တို့က စပ်ကြားမှဝင်၍ မိမိတို့ရင်ကို မိမိတို့ ဖြေသိမ့်မှတ်ယူနေကြရသည်။

သူတို့၏မေတ္တာကား သံသာလေကမ်းတိုင် ဆုံးနိုင်လိမ့်မည် မဟုတ် သည်ကို ကိုခင်ဦးလှိုင်နှင့် မိုးလှိုင်တို့က ယုံကြည်ကြသည်။ ဤသဘောကိုပင် ရည်ညွှန်း၍ သမုဒယနယ်စွန်၊ သန္တိရိပ်မွန်၊ ကမ်းဟိုဆီ ကူးလေထိဟု ကိုစောနိုင် က စပ်သွားခဲ့သည်။

ဤ လွမ်းတေးတစ်ပုဒ်ကိုမူ ကိုခင်ဦးလှိုင်နှင့် မိုးလှိုင်တို့က အဖိုးတန် ရတနာတစ်ခုပမာ မြတ်မြတ်နိုးနိုး လျှို့လျှို့ဝှက်ဝှက် သိမ်းဆည်းထားကြရသည်။ အသံလည်း မလွှင့်၊ ဓာတ်ပြားလည်း မသွင်း၊ လူသိပင် မခံကြ။

တောညိုညိုမြိုင်းသည့် မောမြေခုံလိုင်း တစ်နေရာတွင် အသည်းနှလုံးမှ ဒဏ်ရာကို အချိန်နှင့် ကုစား၍ နေနားရှိရသူ စောစန္ဒာနွယ်အတွက် ဤတေး ကြောင့် တစ်မှောင့်ပူကာ အဟောင်းတို့ အသစ်ပြန်မဖြစ်စေလိုကြ။

သို့ရာတွင် ရွက်ဝါတွေ ကြွေသော နွေ၏ညများ ဆိုက်ရောက်လာတိုင်း၌ ကိုခင်ဦးလှိုင်နှင့် မိုးလှိုင်တို့သည် ဤသီချင်းကို နှစ်ဦးသား တိတ်တိတ်ခိုး၍

www.foreverspace.com.mm

တိုးတိုး ဆိုမိကြမြဲဖြစ်၏။


အယူးသဖြင့် ဖြစ်ခဲ့သမျှကို တရားပြ၍ သူချစ်လှသော အစောကို ခွင့်လွှတ်ထားသည့် သီချင်း၏နောက်ဆုံးအပိုဒ်များကိုသာ ထပ်ကာ အကြိမ်ကြိမ် ဆိုမိကြသည်။

"...အိပ်မက်တစ်ည ဘဝထိုစဉ်၊ လွှမ်းမကုန်ရှိသာ ဆန်း... စုံကြုံလာ၊ ဘုံမာယာ ဇာချဲ့၊ ကြမ္မာဧည့်သည် ယာယီထွင်၊ အပြစ်တော့ဖြင့် စောအတွက် မောင်မတင်၊ အပြစ်တော့ဖြင့် စောအတွက် မောင်မတင်၊ စခန်းဝေးခဲ့သည်တွင်... လွှမ်းတေးကိုသာ မဆုံး...စေနဲ့တော့"

အမှန်မှာ ကိုစောနိုင်နှင့် စောစန္ဒာနွယ်တို့၏ ရင်တွင် သမုဒယငွေ့သည် ရှမ်းတောင်တန်းကြီးတို့ထက် မြူငွေ့သကဲ့သို့ ဝေ့နေသမျှ ကာလပတ်လုံး လွှမ်းတေးသည် ဘယ်အခါမှ ဆုံးလိမ့်မည်မဟုတ်သည်ကို သူတို့နှစ်ဦးသာ အသိဆုံး ဖြစ်ပေသတည်း။ ။

ပြီးပါပြီ။

**တက္ကသိုလ်ဘုန်းနိုင်**
**(၉-၃-၆၅)**




www.foreverspace.com.mm